www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်ပထမတွဲ

## (ဂျမဒါကိုကိုကြီးဝတ္ထုများ)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ် ပထမတွဲ

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ် (ဝတ္ထုတိုပေါင်းချုပ်)

www.burmeseclassic.com

www.burmeseclassic.com

ရွှေဥဒေါင်း ဝတ္ထုတိုပေါင်းချုပ် ပထမတွဲ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၀၄၀၅၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၈၀၅၁၂ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ကျော်လင်း ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

BURMESE CLASSIC .com

# ရွှေဥဒေါင်းဝတ္ထုတိုပေါင်းချုပ်ပထမတွဲ
## (ဂျမဒါကိုကိုကြီးဝတ္ထုများ)
## မာတိကာ

### အပိုင်း(၁)
လုံးချင်းဝတ္ထုရှည်
နိဒါန်း-

၁။ မိုးကောင်းသွား ခရီးသည်ကြီး ၁
၂။ ဂိုဏ်းအုပ်ကြီး ဦးမိုးကြိုး ၁၄
၃။ ဂိုဏ်းသွင်းခြင်း အခမ်းအနား ၄၆
၄။ တရားခံ မောင်ပေါက်ထွန်း ၇၄
၅။ ခက်ဖို့ရယ်ကြုံ ၈၆
၆။ ဘေးအန္တရာယ်ကို မိုးရိပ်ခြင်း ၁၀၀
၇။ ဂျမဒါကိုကိုကြီးကို ထောင်ဖမ်းခြင်း ၁၁၂

### အပိုင်း(၂)
ဝတ္ထုတိုများ

၁။ ရိုဂျီမင့်တပ်ကြီးတစ်တပ်ကို ကယ်တင်ခဲ့ပုံ ၁၂၇
၂။ မာစကတ်မြို့ သိမ်းပိုက်ပုံ ၁၄၅
၃။ ဖွတ်မရ ဓားမအနိုင်နိုင် ၁၆၃
၄။ ရန်သူ့ရွာ မြာတွေ့ ၁၈၁
၅။ ရန်သူများနှင့် အမဲလိုက်ရပုံ ၂၀၁
၆။ တိတ်ဆိတ်သောညီအစ်ကိုများကိစ္စ၌ ဆောင်ရွက်ခဲ့ပုံ ၂၁၅
၇။ အန်ကယ်သော်လည်း ကံမကယ် ၂၃၁
၈။ ထောင်မှ ထွက်ပြေးခြင်း ၂၅၁
၉။ သူ့ရဲကောင်း တံဆိပ်ရပုံ ၂၇၁
၁၀။ စစ်ဗိုလ်ချုပ်ကြီးကို ကယ်ဆယ်ပုံ ၂၈၇

■

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

၁၉၁၄–၁၈ ခုနှစ်များအတွင်း ကမ္ဘာစစ်ကြီးဖြစ်စဉ်က မက်ဆိုပိုတေးမီးယား စစ်မျက်နှာသို့ သက်စွန့်ကြိုးပမ်းအမှုထမ်းခဲ့သူများအနက် မြန်မာပြည်သို့ ခေတ္တ ပြန်လာမိုက်၍ မော်တော်ဘုတ်နစ်မြုပ်ခြင်းအားဖြင့် အသက်ဆုံးရှုံးရှာသော ဂျမဒါ မောင်မောင်၏ အကြောင်းကို သတင်းစာဖတ်ရှုသူများ မှတ်သားမိကြပေလိမ့်မည်။ ကျွန်တော်၏မိတ်ဆွေ ဂျမဒါကိုကိုကြီးမှာ ဂျမဒါမောင်မောင်နှင့် တစ်နှစ်တည်း အတူ စစ်ထဲသို့ဝင်နှံ့၍ မက်ဆိုပိုတေးမီးယား စစ်မျက်နှာသို့ တစ်သုတ်တည်းအတူ လိုက်ပါသွားသူ တစ်ယောက်ဖြစ်လေသည်။ ကိုကိုကြီးမှာ မော်လမြိုင်သား တစ်ယောက်ဖြစ်၍ ပဲနူးဘုတကာရုံစားပွဲခန်းတွင် ကျွန်တော်နှင့် ပထမအကြိမ်တွေ့ဖူး သည့်နောက် တစ်ယောက်နှင့်တစ်ယောက် စာပေးစာယူပြုလုပ်၍ စစ်မြေပြင်အရပ် တွင် ယင်းကိုယ်တိုင်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များနှင့် ရှုနှံ့စားခန်းများကို ဝတ္ထုသွားအနေဖြင့် သူရိယမဂ္ဂဇင်းတွင် ရေးသားထည့်သွင်းခဲ့ဖူးလေပြီ။

ကိုကိုကြီးမှာ စစ်ပြေငြိမ်းသည့်နောက် 'သပြုသီး' မြို့အုပ်အလုပ် ကို ရရှိ၍ ဤနယ်ထိုနယ် စသည်တို့တွင် လေးငါးနှစ်ခန့်မျှ အမှုထမ်းခဲ့သေး၏။ သို့ရာတွင် မဟုတ်မခံတတ်သောသဘောနှင့် သတ်ချင်၊ ပုတ်ချင်၊ ရန်ဖြစ်ချင် သောသဘောသည် ယင်း၏အဇ္ဈတ္တတွင် ပင်ကိုသန္တေမှ မျိုးစေ့ပါခဲ့သည်အတွင်း စစ်မှုထမ်းခြင်းအားဖြင့် ပြုစုပျိုးထောင်ပေးသကဲ့သို့ ဖြစ်နေရကား အထက်အရာ ရှိများနှင့် သင့်မြတ်သည်မရှိပဲ မိမိအပေါ်၌ စီးပိုးမောက်မာသော ဝန်ထောက်များ၊ အရေးပိုင်များကို ထိုးမည်၊ ကြိတ်မည်ဟု တကဲကဲပြင်ဆင်နေခဲ့၏။

ကိုကိုကြီးသည် အစိုးရဘက်တွင် အမှုထမ်းခြင်းအားဖြင့် မိမိအဖို့ ကြီးပွားထွန်းကားရန် နည်းလမ်းမရှိနိုင်ကြောင်းကို သိမြင်၍ အမှုထမ်းသက် လေးနှစ်စေ့သောနေ့တွင် လခအပြည့်နှင့် ခွင့်လေးလ ယူပြီးနောက် အခြားသော အလုပ်အကိုင်အပေါက်အလမ်းများ စုံစမ်းရှာဖွေအံ့သောငှာ ရန်ကုန်မြို့သို့ ဆင်း လာခဲ့လေ၏။ ကိုကိုကြီးမှာ စုံထောက်ဦးစံရှား၏ စဉ်းစားဆင်ခြင်နည်းများကို မဂ္ဂဇင်းများတွင် ဖတ်ဖူးသဖြင့်၊ ဤသူကား စင်စစ် တွေ့ဆုံ နည်းခိုးထိုက်သော ပုဂ္ဂိုလ်တစ်ယောက်ပေတည်းဟု စိတ်ထဲ၌ မှတ်တမ်းတင်ထားသည့် အတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဦးစံရှား၏နေအိမ်သို့ သွားရောက်လည်ပတ်လေ၏။

ကိုကိုကြီးသည် ဦးစံရှားကိုယ်တိုင်ကို တွေ့မြင်ရသောအခါတွင် စိတ်ထဲ၌ဖတ်ရှုမှတ်သားရသည်ထက် ပို၍ကြည်ညိုသောစိတ်၊ တပည့်ခံလိုသော စိတ်များ ဖြစ်ပေါ်လာခဲ့လေ၏။ ဦးစံရှားကလည်း ကိုကိုကြီး၏ ထက်မြက်သော ဉာဏ်ကို အထူးတလည် ချီးမွမ်းလောက်အောင် မရှိငြားသော်လည်း သူ့ရသတ္တိကို ချီးမွမ်းတတ်သော ဝါသနာရှိသည်တစ်ကြောင်း၊ သူ့ရသတ္တိနှင့် ပြည့်စုံသူ တစ်ယောက်ကို မြင်လျှင် သိတတ်၊ အကဲခတ်တတ်သော ဉာဏ်ပါရမီရှိသည် တစ်ကြောင်းကြောင့် ကိုကိုကြီးကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဤသူငယ်ကား ဆရာကောင်းနှင့်တွေ့ရလျှင် ဧကန်မုချ တိုင်းပြည်တွင် ကျော်ကြားဦးမည့် လူတစ်ယောက်ဟူ၍ အကဲဖြတ်လိုက်လေ၏။ ယင်းသို့ဖြစ်ရကား ကျွန်တော်တို့၏ မိတ်ဆွေ ကိုကိုကြီးမှာ 'အချိုရှာ သကာနှင့်တွေ့' ဟူသော စကားပုံအလားကဲ့သို့ ဦးစံရှားထံ နည်းခံယူရင်း ယင်း၏လက်ထောက်အဖြစ်နှင့် အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်လေ၏။ အခွင့်စောကုန်သောအခါတွင်လည်း ကိုကိုကြီးသည် မြို့အုပ်အလုပ်ကို လက်မခံတော့ဘဲ ရာထူးမှတစ်ခါတည်း နုတ်ထွက်လိုက်လေ၏။

ဦးစံရှား၏လက်ထောက်အဖြစ်နှင့် အလုပ်လုပ်ရခြင်းသည် မြို့အုပ်အလုပ်ကဲ့သို့ ငွေပင်မှန်ပါ၏လောဟု အမှန်မပြောနိုင်ပေ။ သို့ရာတွင် ဆရာတပည့်နှစ်ယောက်တို့ နေထိုင်သွားလာပုံကို ကြည့်ရှုအကဲခတ်ရမည်ဆိုသော် ဝန်ထောက်တန်းစားလူများထက် အောက်ကျနောက်ကျ မရှိပါပေ။ မည်သို့ပင်ဖြစ်စေ၊ ကိုကိုကြီးကမူ ငွေဝင်များခြင်းသည် ပမာနမဟုတ် (ပဏ္ဍိတာ နဠသေဝနာ)၊ ပညာရှိသောလူကို မှီဝဲဆည်းကပ်ရခြင်းအားဖြင့် မင်္ဂလာတရားတော်နှင့် ညီညွတ်၍ မိမိ၌လည်း အသိအလိမ္မာ ပညာတိုးတက်သောကြောင့် ကျေနပ်လှသည်ဟူ၍ ပြောသံကြားရ၏။ ကျွန်တော်တို့သည် စုံထောက်ဦးစံရှားဝတ္ထုများကို ကြိမ်ဖန်များစွာ ရေးသားဖော်ပြခဲ့ပြီးဖြစ်ရာ များစွာသောအဖြစ်အပျက်တို့မှာ ဦးစံရှားကိုယ်တိုင် ကြံခဲ့ရသည်မှန်သော်လည်း ဂျမဒါကိုကိုကြီးမှာလည်း ဦးစံရှား၏နည်းနာနိသျှည်းအားဖြင့် မည်မျှလောက်စွမ်းဆောင်နိုင်သည်ကို အောက်ပါ အဖြစ်အပျက်များအားဖြင့် ထင်ရှားစေလိမ့်သတည်း။

ရွှေဥဒေါင်း

# အပိုင်း(၁)

# ဂျမဒါကိုကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



အချို့ဘူတာများ၌ ခရီးသည်များသည် မီးရထားဆိုက်သည်နှင့်တစ်ပြိုင်နက် သားနှင့်အဘ၊ မောင်နှင့်နမ လက်တွဲကာ ထိုမှဤမှ ဟစ်ခေါ်ပြေးလွှားလျက် မီးရထားထွက်သွားမည်စိုးသဖြင့် တံခါးကိုဖွင့်ရန် သတိမရနိုင်ဘဲ ပြတင်းပေါက်များမှ တိုးလျှိုးကျော်လွှားကာ ဝင်လာကြသည်များ တွေ့မြင်ရသည်မှာ ပြုံးရယ်ကြည့်ရှုဖွယ် ကောင်းလှပေသည်။

ထိုသို့သော ခရီးသည်မျိုးသည် မီးရထားပေါ်သို့ ရောက်သောအခါ၌လည်း ထလိုက်၊ ထိုင်လိုက်၊ ကုန်းလိုက်၊ ကွလိုက်၊ အပြင်သို့ကြည့်လိုက်၊ တန်းပေါ် တက်ထိုင်လိုက်နှင့် ဂနာမငြိမ်အောင် ဖြစ်နေကြပုံများကို ထောက်သဖြင့် မီးရထားဖြင့် ခရီးသွားဖူးခြင်းမှာ ထိုအကြိမ်သည် ပထမအကြိမ် ဖြစ်ဟန်တူပေ၏။

နတ်တော်လမှာ ဆောင်းရာသီဖြစ်သည့်ပြင် ၎င်းအရပ်ဒေသမှာ အေးချမ်းသော ဒေသဖြစ်၍ ပြတင်းပေါက်များမှ လေတဖြူးဖြူးတိုက်ဝင်လျက်ရှိရကား ခရီးရှည်စီးနင်းလိုက်ပါလာသော ခရီးသည်များသည် ရှမ်းခရီးသည်သစ် များ၏ ဆူညံသောအသံကြောင့် စိတ်ရှုပ်သောလက္ခဏာနှင့် ကွေးလျက်အိပ်နေ သောစောင်ခြုံများထဲမှ ဦးခေါင်း ထောင်၍ ကြည့်ကြ၏။

အချို့မှာ ခရီးဝေးသည့် လက္ခဏာနှင့် တစ်ဖက်သို့စောင်းကာ ဆက်လက်၍ အိပ်ကြပြန်ရာ တချို့မှာလည်း မြည်တွန်တောက်တီးလျက် အိပ်ပျော်မှုအရေးကို လက်လျှော့ပြီး မျက်စောင်းထိုးကာ မေးငေါ့ကာဖြင့် အိပ်ရာမှ ထထိုင်လိုက်ကြလေ၏။

ရှမ်းခရီးသည်များကမူ မည်သူ၏ ညည်းညူခြင်းကိုမျှ ဂရုစိုက်ဟန်လက္ခဏာမရှိဘဲ ဘူတာ၌ကျန်ရစ်ခဲ့သော မိမိတို့၏ မိတ်ဆွေများအား လှမ်းခေါ်ဟစ်အော်ကာ နှုတ်ဆက်လျက် ရှိကြလေ၏။

နဘားဘူတာသို့တိုင်အောင် မီးအိမ်များ၏ အလင်းရောင်ဖြင့် ခုတ်နှင်လာခဲ့ရသော မီးရထားမှာ နဘားဘူတာတွင် မီးအိမ်များသိမ်းယူပြီးနောက် ဆီးနှင်းများအတွက်ကြောင့် အုံ့မှိုင်းမှိုင်း ဝေ့ဆိုင်းဆိုင်း ရှိနေသည့် အလင်းရောင်တွင် 'ခမ်းတဝါးဝါး' တွား၍သွားရသည့်အဟန်နှင့် မရွံ့မရဲ ခုတ်နှင်လျက်ရှိ၏။

တစ်ခုသော တတိယတွဲတစ်တွဲ၌ ခရီးသည်တစ်စုတို့သည် မော်လူးဘူတာသို့ မီးရထားဆိုက်သည်နှင့်တစ်ပြိုင်နက် ကောက်ညှင်းပေါင်း၊ ငါးကြော် အစရှိသည့် လူကြမ်းများကြိုက်တတ်သော အစာအာဟာရများကို ဝယ်ယူစားသောက်ကြပြီးနောက် မိမိတို့၏ သေးငယ်ပေကျံသော အိပ်ရာလိပ်ကလေးများကို လိပ်သိမ်းချည်နှောင်စ ပြုကြလေရာ ၎င်းတို့၏ညံ့ဖျင်းသော အဝတ်အစားများကို ကြည့်ခြင်း

BURMESE CLASSIC .com



အားဖြင့် မိုးကောင်းမြို့တွင် အလုပ်လုပ်သည့် ကျောက်တွင်းတူးသမားများ ဖြစ်ကြောင်း သိရှိနိုင်ပေ၏။

တစ်ခုသောထောင့်၌ကား ပုလိပ်သားနှစ်ယောက်တို့သည် ဘူတာရုံမှ ပုလင်းဖြင့်ထည့်၍ဝယ်ခဲ့သော ကာကာလက်ဖက်ရည်နှင့် နံပြားမုန့်များကို မြိန်ရှက်စွာ စားသောက်လျက် ရှိကြ၏။

ကျောက်တွင်းတူးသမားများက ၎င်းတို့နှစ်ယောက်အား ရံဖန်ရံခါ စောင်းငဲ့ကြည့်ရှုပုံနှင့် အချင်းချင်း တီးတိုးစကား ပြောကြပုံများကိုထောက်သော် ကျောက်တွင်းတူးသမားများသည် ပုလိပ်များအပေါ်၌ မြွေသတ္တဝါလိုသဘောထားသည့်အလား ကဲ့ရဲ့ရွံရှာခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ ရောယှက်စပ်ဖက်လျက် ရှိနေဟန်တူပေ၏။

အခြားသော ထောင့်တစ်ထောင့်၌ကား မည်သူနှင့်မျှ အရောဝင်လိုသည့် လက္ခဏာမရှိဘဲ တစ်ကိုယ်တည်း ခွဲခြားလျက် လိုက်ပါလာသော ခရီးသည် တစ်ယောက် ရှိပေ၏။

အဆိုပါခရီးသည်မှာ အသက်အရွယ် သုံးဆယ်ခန့်ရှိ၍ ဖျတ်လတ်သွက်လက်သော အမူအရာနှင့်လည်းကောင်း၊ ကျစ်လျစ်သိပ်သည်းသော ကိုယ်လုံးကိုယ်ပေါက်တို့နှင့်လည်းကောင်း၊ မွန်ရည်သန့်စင်သော ရုပ်လက္ခဏာနှင့်လည်းကောင်း ပြည့်စုံပေ၏။

နဂိုအားဖြင့် ခပ်လတ်လတ်ရှိသော ၎င်း၏အသားအရေမှာ အရပ်လေးမျက်နှာ သွားဖန်များသဖြင့် နေအားသည့်အတွက်ကြောင့် ချိပ်ရောင်သမွယ် ညိုညိုမှိုင်းမှိုင်း ရှိနေလေ၏။

၎င်း၏မျက်လုံးများမှာ အလွန်တရာ ကြည်လင်တောက်ပစူးရှထက်မြက်လှ၍ မည်းနက်သော မျက်လုံးများ၏အောက်တွင် အရောင်တဖျပ်ဖျပ် ထွက်လျက်ရှိရာ နှစ်သိမ့်သောအခါတွင် ချစ်ခင်ဖွယ်ကောင်းသလောက်၊ မာန်တင်းသောအခါတွင် ကြောက်မက်ဖွယ်ကောင်းလှပေ၏။

သို့ရာတွင် ကျဲကော်ကိုင်းနက်နှင့် ပိုင်းစက်သော မျက်မှန်ကြီးသည် မျက်လုံးက စူးရှသောအရောင်ကို ကွယ်ဝှက်ဖုံးအုပ်ထားတတ်ရကား ရံဖန်ရံခါ ထိုသူ၏ ခက်ထန်တင်းမာသော စိတ်သဘောကို မြင်ရသူတို့မရိပ်မိနိုင်အောင် ဖုံးကွယ်၍ ထားတတ်ပေ၏။

ထိုသူ၏ ကြံ့ခိုင်သော မေးရိုးကြီးများသည်လည်းကောင်း၊ ပါးလွှာတင်းမာသော နှုတ်ခမ်းများသည်လည်းကောင်း အလွယ်တကူနှင့် ဖြားယောင်းသွေးဆောင်၍ မရနိုင်သော စိတ်သဘောကို ကြေငြာသကဲ့သို့ ထင်ရှားသည့်ပြင်

www.burmeseclassic.com

www.burmeseclassic.com



သူ၏အလိုနှင့် ဆန့်ကျင်ဘက်ပြုကျင့်ဝံ့သောသူတို့မှာလည်း မြွေဟောက်ကို ကျီစားသောသူကဲ့သို့ ဘေးရန်နှင့်တွေ့ဖို့ ပြင်ဆင်ထားရမည်ဖြစ်၏။

ခရီးသည်သည် 'သာမို'ဘူးနှင့်ထည့်၍ ဆောင်ခဲ့သော ကော်ဖီနှင့် ဘီစကွတ်မုန့်နှစ်ခုကို စားသောက်ပြီးနောက် ပြတင်းပေါက်ကိုဖွင့်၍ အပြင်သို့ မျှော်ကြည့်လေ၏။

ယမန်နေ့ကမူကား ပြတင်းပေါက်မှ မျှော်ကြည့်တိုင်း အသီးအနှံတို့ဖြင့် ဝင်းဝင်းထိန်လျက်ရှိသော လယ်ပြင်များကို မျက်စိတစ်ဆုံး တွေ့မြင်ရလေရာ၊ ယခုနေရာ၌မူ မြင့်မားသော တောင်ကြီးများသည် ရထားလမ်းနှင့် ကပ်ချည်တစ်ခါ ဖွာချည်တစ်လှည့်၊ နီးလိုက်ဝေးလိုက် ဖြစ်နေကြသည်ကို တွေ့မြင်ရလေ၏။

စမ်းချောင်းများမှာလည်း ကိုက်ဘတ်ရာခန့် ကျော်လွန်သည့်အခါတိုင်း မီးရထားလမ်းအောက်မှ ငုပ်လျှိုးစီးဆင်းကြလေရာ၊ ချောင်းကူးတံတားများကို ကူးကျော်သည့်အခါတိုင်း ဝေါခနဲဝေါခနဲ အသံများသည် ခရီးသည်များအား အိပ်ချင်အောင် သိပ်ပေးသကဲ့သို့ ငြိမ့်ငြိမ့်ဖွဖွ ပ်ကောင်းလှပေ၏။

ထူးခြားသော ထိုခရီးသည်သည် ပြတင်းပေါက်မှ ဝင်လာသော စူးရှအေးမြသောလေကို မခံလိုသည်နှင့် ပြတင်းတံခါးကိုချထားလိုက်ပြီးလျှင် အင်္ကျီအိတ်သို့လက်နှိုက်၍ ဆေးတံအမှတ်နှင့် ဆွဲထုတ်လိုက်ရာတွင် ဒန်ရောင်တလက်လက်ထွက်နေသော ခြောက်လုံးပြူးအငယ်စားကလေး ထွက်ပေါ်လာလေ၏။

ခရီးသည်သည် သေနတ်ကို ကပျာကယာပြန်ထည့်၍ အခြားအိတ်မှ ဆေးတံတစ်ချောင်းကိုထုတ်ယူကာ ဆေးထည့်ပြီးနောက် သောက်မှာလျက်ရှိနေစဉ်၊ ၎င်းနှင့်မျက်နှာချင်းဆိုင်ထိုင်လျက်ရှိသော ကျောက်တူးသမား ခပ်ရွယ်ရွယ်တစ်ယောက်သည် သေနတ်ကို မြင်လိုက်သည်နှင့် စကားစပ်၍ မေးလေ၏။

ကျောက်တွင်းသမား။ ။ဘယ့်နှယ်လဲ မိတ်ဆွေ၊ သေနတ်တွေ ဘာတွေနဲ့ပါလား။

ခရီးသည်။ ။(မမြင်စေလိုသည်ကို မြင်သွားသဖြင့် ခပ်ရှက်ရှက်အမူအရာနှင့်) ကျုပ်လာခဲ့တဲ့နေရာက ဆိုးတယ်ဗျ၊ ဒင်း မရှိမဖြစ်ဘူး။

ကျောက်။ ။ဘယ်ဆီကလဲ မိတ်ဆွေ။

ရီး။ ။တွင်းငယ်လေ နံလာထွက်တဲ့ တွင်းငယ်ဆိုကာ ကြားဖူးတယ် မဟုတ်လား။

ကျောက်။ ။ကြားဖူးပြီလေဗျာ၊ အနယ်နယ်က လူဆိုးတွေ စုနေတဲ့အရပ်ပေါ့၊ ဒါထက်... ဒီဘက်ဆီ အရင်က ရောက်ဖူးသလား။

ရီး။ ။မရောက်ဖူးဘူး။



ကျောက်။ ။ခင်ဗျား ဘယ်မှာဆင်းမလဲ။

ရီး။ ။မိုးကောင်းမှာ ဆင်းမယ်။

ကျောက်။ ။ကြာကြာနေဖို့လား။

ရီး။ ။ဟုတ်ကဲ့၊ အဆင်သင့်ရင်နေဖို့ပဲ၊ ဘာကြောင့်လဲ။

ကျောက်။ ။တွင်းငယ်မှာ ခြောက်လုံးပြူးရှိမှ ပြီးရင် မိုးကောင်းမှာ ဆယ့်နှစ်လုံးပြူးလိုလိမ့်မယ်၊ ခင်ဗျားရောက်တော့ သိပါလိမ့်မယ်ဗျာ၊ ဒါထက် ခင်ဗျားက အစိုးရဘက်ကလား။

ရီး။ ။ခြောက်လုံးပြူးကြောင့် မေးတာလား၊ စစ်စရိတ်တွက် ငွေချေးနိုင်ရင် ဘယ်သူမဆို သေနတ်ကိုင်နေရတဲ့ ခေတ်ပဲဗျ၊ ကျုပ်က အစိုးရဘက်က မဟုတ်ပါဘူး၊ တိုလီမိုလီ တွေ့ကရာအလုပ်လုပ်တဲ့လူဆိုပါတော့ဗျာ။

ကျောက်။ ။အခု ဘာကိစ္စနဲ့ လာခဲ့သလဲ။

ရီး။ ။လည်ရင်းပတ်ရင်း ဆိုပါတော့ဗျာ၊ ဒီဘက်ပိုင်းဆီမှာ အလုပ်အကိုင် ပေါတယ်ကြားလို့ စမ်းစမ်းမလားလို့ပါပဲ။

ကျောက်။ ။ဒီအရပ်အကြောင်း ခင်ဗျားတို့ဆီက ဘာမှမကြားခဲ့ဘူးလား။

ရီး။ ။ထူးထူးခြားခြား မကြားပါကလားဗျာ၊ ဘာကြောင့်လဲ။

ကျောက်။ ။မိုရောက်တော့ ကြားပါလိမ့်ဗျာ၊ မိတ်ဆွေများ ရှိသလား။

ရီး။ ။ခုတော့ မရှိသေးဘူးပေါ့၊ သို့သော် မိတ်ဖွဲ့ဖို့အဆက် ကျုပ်မှာ ပါပါတယ်။

ကျောက်။ ။ဘယ်လိုအဆက်လဲ။

ရီး။ ။ကျုပ်က ဆတ်ဆတ်ကြဲ ဂိုဏ်းသားတစ်ယောက်ကလားဗျ၊ ကျုပ်တို့ ဂိုဏ်းသားတွေ ရှိရာအရပ်မှာ မိတ်ဆွေဖွဲ့ဖို့ ဘာခက်သလဲ။

ထိုစကားကို ကြားသည်နှင့်တစ်ပြိုင်နက် ကျောက်တွင်းသမားသည် အနီးရှိ ခရီးသည်များဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

အခြားခရီးသည်များမှာ ၎င်းအချင်းချင်း စကားလက်ဆုံဝင်နေကြသည့် လက္ခဏာနှင့် ဆူညံစွာပြောဆိုလျက်ရှိကြရာ ပုလိပ်သားနှစ်ယောက်မှာလည်း ဝမ်းဗိုက်အောင့်သည်နှင့် အိပ်ချင်သည့်လက္ခဏာနှင့် ငိုက်မျဉ်းကာ လိုက်ပါလာကြသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျောက်တွင်းသမားသည် ခရီးသည်အနီးသို့ တိုးကပ်လာ၍ အခြားသူများဘက်သို့ ကျောခိုင်းလျက် လက်နှစ်ဘက်ကို ဆန့်ထုပ်ပြီးလျှင် မှန်းစမ်း...မှန်းစမ်း ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခြောက်လုံးပြူးနှင့်ခရီးသည်သည် မိမိ၏လက်နှစ်ဘက်ကို ထိုနည်းတူဆန့်ထုတ်ပြီးနောက် တစ်ယောက်၏လက်ဝဲလက်သည် တစ်ယောက်၏ လက်ယာလက်နှင့် ထိတွေ့ဆုပ်ကိုင်လျက် သုံးကြိမ်သုံးခါတိုင်အောင် ဆွဲယမ်းလှုပ်ခါကြလေ၏။

ငင်းနောက် ကျောက်တွင်းသမားသည် မိမိလက်ယာလက်ကို လက်ဝဲမျက်နှံးသို့ပြောင်း၍ လက်နှစ်ချောင်းဖြင့် ဖိနှိပ်ထားလေရာ ခရီးသည်ကလည်း မိမိ၏ လက်ဝဲလက်ကို လက်ယာမျက်ခုံးသို့မြှောက်၍ လက်နှစ်ချောင်းနှင့် ဖိနှိပ်ထားလေသည်။

ကျောက်။ ။ဆတ်ဆတ်ကြဲနဲ့ အာဇာနည်ဟေ့။

ရီး။ ။မြန်တိုင်းဌာနီ ရာမှုရှားဟေ့။

ကျောက်။ ။ဇော်ပြီ၊ စိတ်ချရပြီ၊ ကာလက လူညာတွေ ပေါလေတော့ ပြောတိုင်းယုံလို့မဖြစ်ဘူး၊ စုံစမ်းရသေးတယ် မိတ်ဆွေရဲ့၊ ကျုပ်နာမည် မောင်သီဟတဲ့။ ဂိုဏ်းနံပါတ် သုံးဆယ့်လေး၊ မှတ်ထားနော်။

ရီး။ ။ကျုပ်နာမည် မောင်တောက်ထွန်းပါတဲ့၊ ဂိုဏ်းနံပါတ် နှစ်ဆယ့်ကိုး၊ ဂိုဏ်းအုပ်မောင်ကျောက်တဲ့၊ ဂိုဏ်းသားတစ်ယောက်နဲ့ စောစောစီး တွေ့ရတာ ကံကောင်းလိုက်လေဗျာ။

ကိုသီဟ။ ။ကျုပ်တို့မှာ ဂိုဏ်းသားတွေ တော်တော်ပေါသားကပဲ၊ မြန်မာတစ်ပြည်လုံးမှာ ကျုပ်တို့မြို့လောက် ဒီဂိုဏ်းထွန်းတဲ့နေရာ ခပ်ရှားရှားနေလိမ့်မယ်၊ လူပုံက ဖျတ်ဖျတ်လတ်လတ်နဲ့ ဟိုဆီမှာ အလုပ်မရနိုင်တာ အံ့ဩပါရဲ့ဗျာ။

ကိုတောက်ထွန်း။ ။အလုပ်တော့ ပေါသားပေါ့ဗျာ။

ဟ။ ။ဒါဖြင့် ဘာကြောင့်ထွက်လာခဲ့သလဲ။

ထွန်း။ ။(ငိုက်မျဉ်းနေသော ပုလိပ်သားနှစ်ယောက်ကို မေးငေါ့လျက်)ဘာကြောင့် ကျုပ်ထွက်လာခဲ့တယ်ဆိုတာ ဟောဟိုကငနဲတွေတော့ သိပ်သိချင်မှာပဲ။

ဟ။ ။ရာဇဝတ်မှုနဲ့ ပတ်သက်လို့လား။

ထွန်း။ ။ဒါပေါ့။

ဟ။ ။နှစ်ကြီးမှုလား၊ နှစ်ကလေးမှုလား။

ထွန်း။ ။စုံလို့ပဲဗျ။

ဟ။ ။ဓိဝိန်ခြွေမှုးသလား။

ထွန်း။ ။တစ်ယောက်နဲ့တစ်ယောက် တွေ့ကာရှိသေး၊ ဒီလောက်လျှောက်



မေးနေတာ ဘယ့်နှယ်လူလဲဗျာ။

ကိုတောက်ထွန်းသည် ရုတ်တရက် မီးတလက်လက် ထွက်သကဲ့သို့ ပြောင်လက်စွာသော မျက်လုံးများဖြင့် ကိုသီဟကို လှမ်း၍ကြည့်လိုက်ရာ...

ဟ။ ။စိတ်မရှိပါနဲ့ မိတ်ဆွေ ကူညီစရာရှိ ကူညီလိုတဲ့သဘောမျိုးနဲ့ မေးမိခြင်းပါ၊ ကျုပ်တို့ဂိုဏ်းသားတွေက ရဲနဲ့ကြပ်ကြပ်မတဲ့လေလေ ကြည်ညိုတဲ့လူပေါ့လေလေပါမိတ်ဆွေရဲ့၊ ဒီအတွက် ဘာမှမပူပါနဲ့၊ ဒါထက် မိုးကောင်းရောက်တော့ ဘယ်သူ့အိမ်မှာတည်းမလဲ။

ထိုအခါ ကိုတောက်ထွန်းသည် အင်္ကျီအိတ်အတွင်းမှ စာတစ်အိတ်ကို ထုတ်ယူ၍ အတွင်းမှ စာရွက်ကိုကြည့်ပြီးနောက်..

ထွန်း။ ။ဦးပေါသစ်တဲ့၊ စာရေးစာချီ လုပ်တဲ့လူတွေ ထမင်းလခ ပေးစားကြတဲ့ အိမ်ဆိုပဲ၊ ကျုပ်မိတ်ဆွေတစ်ယောက်က ညွှန်လိုက်တာပဲ၊ ကျုပ်နဲ့တော့ ဘာစ်ခါမှ မတွေ့ဖူးပါဘူး၊ ခင်ဗျားကော သိသလား။

ဟ။ ။သိတော့မသိဘူးဗျာ၊ ကြားဖူးသလိုလိုတော့ ရှိတာပဲ၊ ကျုပ်က မိုးကောင်းမှာ နေတာမဟုတ်ဘူး၊ မိုးညှင်းဘူတာမှာ ဆင်းရမယ်၊ ဒါနဲ့ ဂိုဏ်းသားချင်းမို့ ခင်ဗျားကိုကျုပ်တစ်ခု လမ်းညွှန်လိုက်မယ်၊ မိုးကောင်းရောက်လို့ အရေးအကြောင်းရှိရင် ဆရာကြီးဦးမိုးကြိုးဆီ ဖြစ်အောင်သွားလေဗျို့၊ ဒီနယ်မှာ သူ့ဂိုဏ်းအုပ်ပဲ၊ မိုးကောင်းမြို့မှာတော့ အပ်ကျတာတောင် သိတဲ့လူတစ်ယောက်ပေါ့၊ ကိုင်း ကိုင်း ကျုပ်ဘူတာလည်း ရောက်လာပြီ၊ တစ်နေ့နေ့တော့ တွေ့ကြဦးမှာပေါ့၊ ကျုပ်ပြောတာ မမေ့နဲ့နော်၊ ဘာအရေးရှိရှိ ဦးမိုးကြိုးဆီ သွားဖြစ်အောင် သွားနော်။

ထွန်း။ ။ကောင်းလှပါပြီမိတ်ဆွေ၊ ကျေးဇူးတင်ပါတယ်။

ကိုသီဟသည် မိုးညှင်းဘူတာရုံသို့ မီးရထားဆိုက်ရောက်လာသည်နှင့် ကိုတောက်ထွန်းအား နှုတ်ဆက်၍ အထုပ်ကလေးကိုထမ်းကာ ရထားပေါ်မှ ဆင်းသွားလေ၏။

ရထားထွက်ပြီးသည့်နောက် ကိုတောက်ထွန်းသည် ပြတင်းပေါက်ကိုဖွင့်၍ အပြင်သို့ မျှော်ကြည့်ရင်း ပါလာစဉ် ‘ဟေ့ ဆရာ ဘာငိုင်နေသလဲ၊ ရပ်ရွာကို လွမ်းလို့ အတွင်းဆွေး ဆွေးနေမှတ်တယ်၊ ဘယ်ထိအောင် သွားမလို့လဲ’ ဟု နောက်နားမှကပ်၍မေးသံကြားသည်နှင့် လှည့်ကြည့်လိုက်သောအခါပုလိပ်သားနှစ်ယောက်အနက် တစ်ယောက်သည် ကိုတောက်ထွန်း၏ နောက်ရှိ ထိုင်ခုံပေါ်တွင် ခိုင်ယာယီမှတ်တမ်းများ လှန်လှောဖတ်ရှုနေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကိုတောက်ထွန်းက ခပ်သုန်သုန်မျက်နှာထားနှင့်...

www.burmeseclassic.com

www.burmeseclassic.com



'မိုးကောင်းမှာ ဆင်းမယ်လို့ ဘာကြောင့် မေးတာလဲ'

ပုလိပ်။ ။မျက်နှာစိမ်းလို့ မမြင်ဖူးလို့ မေးတာပါမိတ်ဆွေ။

ထွန်း။ ။လူတွေ့တိုင်း ခင်ဗျား မြင်ဖူးရမယ်လို့ချည်း အောက်မေ့ရအောင် ခင်ဗျားက ဘာမို့လဲ။

ပုလိပ်။ ။မိုးကောင်းသားမှန်ရင် ကျုပ်တို့ မမြင်ဖူးတဲ့လူ ခပ်ရှားရှားပါဗျား ဟုတ်ဘူးလား မွန်းသက်တင်။

အခြားပုလိပ်။ ။မှန်တာပေါ့ မွန်းသော်ဒါ။

ပထမပုလိပ်။ ။ကျုပ်တို့အလုပ်က တစ်ရပ်သားမျက်နှာစိမ်းတစ်ယောက်ကို မိုးကောင်းဆင်းတာမြင်ရင် သတိပေးဖို့ ဝတ္တရားရှိလို့ပါ မိတ်ဆွေ၊ မိုးကောင်းမှာ ဆင်းမှာဖြင့် ခုတင်က မောင်သီဟတို့လူစုကို ကြပ်ကြပ် သတိထားဗျနော်၊ ဒီအရပ်က ဒီပြင်အရပ်နဲ့ မတူဘူး၊ လူပေါင်းသူပေါင်းသိပ်ပြီး သတိထားရတယ်မိတ်ဆွေရဲ့။

ထွန်း။ ။လူမြင်ကာရှိသေး ငယ်သူငယ်ချင်းကျလို့ ဆုံးမဩဝါဒတွေပေးလိုက်ရတာနဲ့၊ သတိပေးလိုက်ရတာနဲ့။

ပထမပုလိပ်။ ။စိတ်မရှိပါနဲ့မိတ်ဆွေ။

ထွန်း။ ။ခုမှသိတဲ့လူချင်း မိတ်ဆွေမစမ်းပါနဲ့၊ ခင်ဗျားတို့လူစုတွေနဲ့ မိတ်ဖွဲ့ဖို့ ကျုပ် အလိုမရှိပါဘူး။

ဒုတိယပုလိပ်။ ။ခက်ရပလေကရို၊ လှော်တွင်းနှစ်ဆိုတာလို ဖြစ်နေပါပြီကော၊ ကျုပ်တို့က မိုးကောင်းမြို့အကြောင်း မသိရှာသေးတဲ့လူမို့လို့ ဝတ္တရားအတိုင်း သတိပေးမိတာပါဗျာ။

ထွန်း။ ။ကျုပ်က မိုးကောင်းမြို့အကြောင်း မသိပေမယ့် ခင်ဗျားတို့လူစုအကြောင်းတော့ ကောင်းကောင်းသိတယ် ဆရာတို့၊ ခင်ဗျားတို့လူစုဟာ အရပ်တိုင်းမှာ ဒီအစားမျိုးချည်းပဲ၊ ဘယ်နေရာမှ ကောင်းတယ်လို့မရှိဘူး၊ ဖာသာလဝါနေချင်တဲ့လူလည်း မနေရဘူး၊ သတိပေးရတာနဲ့ အကြံပေးရတာနဲ့ သိပ်ရှုပ်တဲ့လူစုတွေပဲ ခင်ဗျားတို့။

ပထမပုလိပ်။ ။ဘယ်သူက ရှုပ်တယ်ဆိုတာ မကြာခင်သိကြပါလိမ့်မယ် ထင်ပါရဲ့ဗျား ခင်ဗျားပုံပန်းကြည့်ရတာ လက်ရွေးစင်ထဲကနဲ့ တူပါရဲ့၊ မဟုတ်မှလွဲရော။

ဒုတိယပုလိပ်။ ။မလွဲပါဘူး မွန်းသော်ဒါ ကျုပ်လည်း ဒီလိုပဲအကဲခတ်မိပါတယ်၊ စောင့်ကြည့်ပါပဲ။



၎င်းနောက် ပုလိပ်သားနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ပြုံးစိစိလုပ်နေကြသည်။

'ဘယ့်နှယ်လုလဲ၊ ခင်ဗျားတို့ ကျုပ်ကို သူငယ်နှပ်စားအရွယ်ကလေး အောက်မေ့လို့ ဆုံးမသွန်သင်နေရတာလား၊ လာမရှုပ်စမ်းပါနဲ့ဗျာ၊ ကိုယ့်ကို ဩဝါဒ မပေးခင်းဘဲနဲ့ ဩဝါဒပေးခြင်းဟာ အင်မတန်ရိုင်းတယ်ဆိုတာ ဒီလူ နားမလည် ဘူး မှတ်တယ်၊ ဖယ်စမ်းဗျာ ဟိုနားသွား'

ဟု ခပ်ကျယ်ကျယ် ငေါက်ငန်းပြောဆိုလိုက်သောအခါ အခြားခရီးသည် များသည် အချင်းချင်းစကားပြောနေကြရာမှ ဦးခေါင်းထောင်ကာ ကိုတောက် ထွန်းကို လှမ်း၍ကြည့်နေကြလေ၏။

ပုလိပ်သားနှစ်ယောက်တို့မှာ ကောင်းစေလိုသော ရည်ရွယ်ချက်နှင့် အကြံ ဉာဏ်ပေးခြင်းကို ထိုမျှလောက် စိတ်တိုရလေသလောဟု အံ့ဩငေးမောလျက် ကြည့်နေကြလေ၏။

ထွန်း။ ။ဘာလက်ရွေးစင်လဲ၊ ဘာစကားလဲ ရိသဲ့သဲ့နဲ့၊ ခင်ဗျားတို့လူစုကို ကျုပ်က ကြောက်လိမ့်မယ်မှတ်သလား၊ မိုးကောင်းရောက်ရင် ဦး ပေါ်သစ်အိမ်မှာ ကျုပ်တည်းမယ်၊ တွေ့ချင်ရင် ဘယ်အခါမဆို လာခဲ့ကြ၊ ကျုပ် က ခင်ဗျားတို့လူစုကို ကြောက်လို့ ပုန်းလျှိုးကွယ်လျှိုးလုပ်နေမယ် မထင်ကြနဲ့၊ နေ့လာလာ၊ ညလာလာ ကျုပ်အမြဲရှိတယ် နားလည်ကြလား။

ကိုတောက်ထွန်းသည် အသံကျယ်စွာဖြင့် ငေါက်ငန်းပြောဆိုလိုက်သော အခါ အနီးရှိခရီးသည်များသည် ပုလိပ်သားများအား ထိုကဲ့သို့ ရဲရင့်စွာပြောဆို သည့်အတွက် နှစ်သက်အားရသော မျက်နှာထားများနှင့် ကြည့်နေကြလေရာ၊ ပုလိပ်သားနှစ်ယောက်တို့မှာမူ သဘောအတိုင်းပေါ့ဆရာဟု ဆိုလိုသောမျက်နှာ ထားများနှင့် ဦးခေါင်းညိတ်ကြပြီးနောက် အချင်းချင်း စကားပြောနေကြလေ၏။

အတန်ငယ်ကြာလတ်သော် မီးရထားသည် မိုးကောင်းဘူတာသို့ ဆိုက် ရောက်လာသဖြင့် ခရီးသည်များသည် အထုပ်အပိုးများ ကိုယ်စီကိုယ်ငှ ပြင်ဆင် ကြပြီးနောက် ထန်းခေါက်ဖာတန်းလန်း၊ အိပ်ရာလိပ်တန်းလန်းနှင့် ရထားပေါ်မှ ဆင်းသက်ကြလေ၏။

ကိုတောက်ထွန်းမှာ လက်ဆွဲသားရေအိတ်တစ်လုံးကို လက်တစ်ဘက် တွင်ဆွဲလျက် အခြားလက်တစ်ဘက်ဖြင့် အိပ်ရာလိပ်ကိုပွေ့၍ ရထားပေါ်မှ ဆင်း တော့မည်အပြုတွင် ကျောက်တွင်းတူးသမား ခရီးသည်တစ်ယောက်က ကို တောက်ထွန်း၏ လက်မောင်းကို ကိုင်ဆွဲလျက်...

www.burmeseclassic.com

www.burmeseclassic.com



'အားရလိုက်တာခင်ဗျာ ဒီလူစုတွေကို ခင်ဗျားပြောပုံကြားရတာ ကျွန်တော်တို့က သိပ်အားရတာပဲ၊ ကျွန်တော်တို့အထဲက ဒီလိုဘယ်သူမှ မပြောဝံ့ဘူး၊ ဝမ်းသာလိုက်တာခင်ဗျာ၊ ပေးပါ ခင်ဗျားအိပ်ရာလိပ်ကို ကျွန်တော်ထမ်းခဲ့ပါ့မယ်၊ ဦးပေါ်သစ်အိမ်ကို ကျွန်တော်သိပါတယ်၊ ကျွန်တော်လည်း အဲဒီလမ်းက သွားမှာပါပဲ၊ သွားပါ သွားပါ၊ ရှေ့ကသွားပါ၊ ကျွန်တော် နောက်က လိုက်ပါ့မယ်'

ဟု ပြော၍ ကိုတောက်ထွန်း အိပ်ရာလိပ်ကို လှမ်းယူထမ်းပိုးလေ၏။

ဘူတာရုံမှ ထွက်ကြမည်ပြုသောအခါ အခြားခရီးသည်များသည် မိတ်ဆွေဖွဲ့လိုဟန် မျက်နှာထားနှင့်ကိုတောက်ထွန်းအား နှစ်သက်အားရစွာ ကြည့်နေကြလေရာ ခရီးသည် ကိုတောက်ထွန်းမှာ မိုးကောင်းမြို့သို့ မဝင်ရသေးမီမှာပင် မဟုတ်မခံတတ်သည့် ထိတ်ထိတ်ကြဲ အာဇာနည်တစ်ယောက်အနေဖြင့် နာမည်ရစ ပြုခဲ့လေပြီ။

ကိုတောက်ထွန်းသည် ၎င်း၏မိတ်ဆွေသစ်နှင့်အတူ ဘူတာရုံမှ ထွက်လာကြသောအခါ မီးရထားပေါ်မှ ဆင်းသက်လာသော ခရီးသည်များသည် ဘူတာမှကြိုဆိုနေသော မိမိတို့မိတ်ဆွေများအား ကိုတောက်ထွန်း၏ ရှန်းရှန်းတောက် စိတ်သဘောအကြောင်းကို လက်လီချ၍ ပြောပြနေရစ်ကြလေ၏။

ကိုတောက်ထွန်းနှင့် ကျော်ကတွင်းသမားသည် မြို့တွင်းမှ ဖြတ်သွား၍ ဆင်ဝင်နှင့် တိုက်ခံအိမ်ကြီးတစ်ဆောင်ရှေ့သို့ ရောက်သောအခါ

ကျောက်။ ။ဟောဒါ အသင်းတိုက်ပဲခင်ဗျ၊ ဦးမိုးကြိုးက ဒီမှာလူကြီးပဲ။

ထွန်း။ ။ဦးမိုးကြိုးဆိုတာ ဘယ်လိုလူစားမျိုးလဲ။

ကျောက်။ ။ဘယ့်နှယ် ခင်ဗျား မကြားဖူးဘူးလား။

ထွန်း။ ။ကြံကြံစည်စည်ဗျာ၊ ခုမှရောက်တဲ့လူက ဘယ်မှာကြားဖူးနိုင်ပါမလဲခင်ဗျာ။

ကျောက်။ ။သူ့နာမည်က နိုင်ငံကျော်နေတဲ့နာမည်ပဲခင်ဗျ၊ သတင်းစာတွေထဲမှာ သူ့အကြောင်း ခဏခဏပါနေတာပေါ့။

ထွန်း။ ။ဘယ်အတွက် ပါရတာလဲ။

ကျောက်။ ။(တီးတိုးအသံနှင့်)ဟိုအမှု ဒီအမှုအကြောင်းနဲ့ပေါ့ခင်ဗျာ။

ထွန်း။ ။ဘာအမှုများလဲဗျာ။

ကျောက်။ ။ဒီနယ်မှာ ဘာအမှုမှမရှိဘူးခင်ဗျ၊ အာဇာနည်အသင်းမှု တစ်ခုပဲ ရှိတယ်၊ ဖြစ်လေသမျှ သူတို့လူစုချည်းပဲ။

ထွန်း။ ။သူတို့လူစုက လူတွေဘာတွေသတ်ဖို့ ဦးမလေးဘူးဆို ဟုတ်ရဲ့လား၊ သတင်းစာတွေထဲမှာတော့ တစ်ခါနှစ်ခါ ဖတ်လိုက်ရဖူးတယ်။



ကျောက်။ ။(ထိတ်လန့်အံ့သြသော မျက်နှာထားနှင့် လမ်းပေါ်တွင် ရပ်တန့်ကာ ငေးကြည့်လျက်)တိုးတိုး ဆရာရဲ့ တိုးတိုး၊ လမ်းမကြီးလယ်ခေါင်မှာ ဒီလိုအော်ကျယ်အော်ကျယ်စကားပြောရင် ဒီအရပ်မှာ ခင်ဗျားအသက်ရှည်ရှည်နေရပုံမပေါ်ဘူး၊ ဒီလောက်မဆိုးဘဲနဲ့တောင် အသက်ငွေ့ငွေ့ကျန်အောင် အရိုက်ခံရတဲ့လူ ဘယ်နှစ်ယောက်ရှိနေပြီမှတ်သလဲ။

ထွန်း။ ။ဒီလောက်တောင်ပဲလားဗျာ၊ ကျုပ်တော့ စာတွေ့ပဲရှိတယ်ဗျာ၊ ကိုယ်တွေ့တော့ မကြုံဖူးသေးဘူး။

ကျောက်။ ။ခင်ဗျား ကြားဖူးသလောက်ထက်တော့ လျော့မယ်မထင်ဘူး၊ ပိုရင်သာပိုလိမ့်မယ်။

ထိုသို့ပြောစဉ် ကျောက်တူးသမားသည် 'နေ့ပြောနောက်ကြည့်'ဟူသော စကားအရ လူကြားမည်စိုးသည့်လက္ခဏာနှင့် နောက်သို့မကြာခဏ လှည့်ကြည့်လေ၏။

၎င်းနောက် ထိုသူက ဆက်လက်၍...

'ဒါထက် ကျွန်တော် တစ်ခုသတိပေးလိုက်မယ်၊ ဒီအရပ်မှာဖြစ်တဲ့ လူသတ်မှုတွေအကြောင်း ပြောမိလို့ရှိရင် ဦးမိုးကြိုးနာမည်တော့ ဘယ်တော့မှ ထည့်ပြီး မပြောလေနဲ့ဗျနော်၊ ခင်ဗျားက တိုးတိုးကလေးပြောလို့များ သူ မကြားပေဘူး မထင်လိုက်နဲ့၊ ဘယ်သူပြောပြော သူ့နားပေါက်သွားပြီသာမှတ်ပေတော့၊ သူ ကြားသွားပြီဆိုမှဖြင့်လည်း ဘယ်သူ့မှ ချမ်းသာပေးတဲ့လူ မဟုတ်ဘူးခင်ဗျ၊ ကိုင်း ...ကိုင်း ...ဟောဟိုရှေ့က ဝရန်တာလေးနဲ့အိမ်ဟာ ဦးပေါ်သစ်အိမ်ပဲခင်ဗျ၊ လူကြီးကတော့ လူရိုးလူကောင်းကြီးပါပဲ'

ထွန်း။ ။ကျေးဇူးပါပဲမိတ်ဆွေ၊ နောက်တော့ တွေ့သေးတာပေါ့။

ကိုတောက်ထွန်းသည် ထိုသူ၏ ပခုံးပေါ်မှ အိပ်ရာလိပ်ကို လှမ်းယူ၍ သားရေသေတ္တာတစ်ဖက်၊ အိပ်ရာလိပ်တစ်ဖက် ပွေ့ချီလျက် ဝင်းကလေးထဲသို့ ဝင်သွားပြီးလျှင် ဦးပေါ်သစ်အိမ်တံခါးမှ လှမ်းခေါ်လေသည်။

'အို ခင်ဗျ၊ အိမ်ရှင်တို့ ရှိကြပါသလားခင်ဗျာ'

အတန်ငယ်ကြာလတ်သော် မိန်းကလေးတစ်ယောက်သည် ဝရန်တာမှ ထွက်ပြူလာ၍ ကိုတောက်ထွန်းအား အံ့သြသော မျက်နှာထားနှင့် ကြည့်လိုက်ရာ ကိုတောက်ထွန်းကလည်း ဤသို့သော မိန်းကလေးတစ်ယောက်ကို ဤအရပ်မျိုး၌ တွေ့ရလိမ့်မည်မထင်သဖြင့် အပြန်အလှန် အံ့သြစွာနှင့် ကြည့်နေမိလေ၏။

အကြောင်းကိုဆိုသော် မိန်းကလေးမှာ မော်လမြိုင်သူတစ်ယောက်ကဲ့သို့ သန့်ရှင်းမွန်ရည်သော ရုပ်လက္ခဏာရှိသည့်ပြင် ဆင်ပြင်ဝတ်စားပုံမှာ အကာလိပ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူ ခပ်ဆန်ဆန်ရှိ၍ အဆင်းအင်္ဂါမှာလည်း အလွန်တရာ ချောမောလှပ ချစ်ခင်ဖွယ်ကောင်းလှသောကြောင့်ပေတည်း။

မမျှော်လင့်သော ယောကျ်ားတစ်ယောက်ကို တွေ့မြင်ရခြင်းအားဖြင့် အံ့ဩသော အခြင်းအရာသည် ကြည်လင်တောက်ပသော မျက်လုံးများကို သာ၍ ကြည်လင်တောက်ပစေလျက် လူပျိုအရွယ်နှင့် မျက်နှာချင်းဆိုင်မိခြင်းအားဖြင့် ရှံ့ရှက်သော အခြင်းအရာသည် နီမြန်းသော ပါးပြင်ကို သာ၍နီမြန်းအောင် သွေးဖြန်းသကဲ့သို့ ရှိနေလေ၏။

မိန်းကလေးသည် ဝရန်တာအတွင်းဘက်ရှိ အပြာပုပ်ရောင်ရှိသော ခန်းဆီးကိုလက်ဖြင့် ဖယ်ရှားလျက် ရပ်နေစဉ် မှိုင်းညိုညစ်ပုပ်သော အဝတ်ရောင်သည် မိန်းမပျို၏ ဖြူစင်ညက်ညောသော အသားအရေကိုသာ၍ ဖြူစင်ညက်ညောစေရကား ခရီးသည်ကိုတောက်ထွန်းမှာ အလွန်ခေါင်လှသော အထက်မြစ်ညာအရပ်ကွင် ဤမိန်းမပျိုမျိုး ရှိနိုင်ပါမည်လားဟု မိမိမျက်လုံးများကိုပင် မယုံကြည်နိုင်သကဲ့သို့ ဖြစ်နေလေ၏။

အရပ်ဒေသအမျိုးမျိုး နှံ့စပ်အောင် ရောက်လာဖူးခဲ့သော ကိုတောက်ထွန်း၏စိတ်၌ မိမိတွေ့မြင်ခဲ့ဖူးသမျှသော မိန်းကလေးများအနက် အချောဆုံး အလှဆုံးသည် ဤမိန်းကလေးနှင့် တူလျှင်သာတူရမည် သာ၍လွန်ဖို့ကား မရှိနိုင်ဟူ၍ ဆုံးဖြတ်လိုက်လေ၏။

ကိုတောက်ထွန်းမှာ အလွန်တရာ အံ့ဩလှသောကြောင့် စကားပြောရန်မျှ သတိမရဘဲ ငေးမောကာ ကြည့်နေလေရာ မိန်းမပျိုကစတင်၍ စကားပြောသည်တွင် ထိတ်လန့်ဘိသကဲ့သို့ ဖျတ်ခနဲဖြစ်၍ သွားလေ၏။

မိန်းမပျို။ ။(နားထောင်၍ ကောင်းရုံမျှဝဲသောအသံဖြင့်)ကျွန်မက ခြေသံကြားတော့ အဖေမှတ်လို့။ ဟုတ်လည်းမဟုတ်ဘူး၊ အဖေ့ကို တွေ့ချင်လို့ပါလားရှင်၊ အဖေမြို့ထဲခဏ သွားပါသေးတယ်၊ ပြန်လာဖို့တော့ အချိန်နီးပါပြီရှင်။

ကိုတောက်ထွန်းမှာ မျက်လုံးရဲသော လူတစ်ယောက်ဖြစ်သည့်အလျောက် မိန်းမပျိုအား စိုက်၍ကြည့်နေသေးရာ မိန်းမပျိုမှာ ရှံ့ရှက်ဟန်အမူအရာနှင့် မျက်လွှာချထားလိုက်ရလေ၏။

ထွန်း။ ။တွေ့ဖို့ကိစ္စက အရင်မလိုပါဘူးဗျာ၊ ဖြည်းဖြည်းတွေ့နိုင်ပါတယ်၊ ဒါထက် မိတ်ဆွေတစ်ယောက် ဒီအိမ်မှာ ထမင်းလခပေးစားဖို့ လမ်းညွှန်လိုက်လို့ပါပဲ၊ ဟိုတုန်းကတော့ ကျုပ်စိတ်နဲ့ ကိုက်မှကိုက်ပါ့မလားလို့ တွေးဟောလာမိတာ အခုတော့ဖြင့် နေမယ့်လူက သဘောကျပြီ လက်ခံမယ့်လူကသာ ဘယ်လိုလဲလို့ မပြောတတ်သေးဘူး။



မိန်းမပျို။ ။(ပြုံးရယ်လျက်)ဆုံးဖြတ်ချက်ချပုံကလည်း မြန်လှချည်ကလားရှင်။

ထွန်း။ ။မျက်စိနှစ်လုံးနဲ့ လူမှန်ရင် ကျုပ်ဆုံးဖြတ်ချက်ချသလို ဆုံးဖြတ်မှာချည်း ထင်ပါရဲ့ဗျာ။

ထိုစကားသည် မိန်းမပျို၏ ချောလှသော ရုပ်လက္ခဏာကို ချီးကျူးသောအဓိပ္ပာယ်ရှိကြောင်း ထင်ရှားသော်လည်း မိန်းမပျိုမှာ ယောကျ်ားတို့၏ ချီးကျူးခြင်းကို ကြားရဖန်များသည့်လက္ခဏာနှင့် အလွန်အမင်း ရှံ့ရှက်ဟန်မရှိဘဲ ခပ်ပြုံးပြုံး မျက်နှာထားနှင့် မျက်နှာမလွှဲတလွှဲ ရှိနေလေ၏။

မိန်းမပျို။ ။ဒီလိုဆိုရင် အဖေနဲ့တွေ့ဦးမှ ဖြစ်မှာပေါ့၊ တက်ပါရှင် တက်ပါ၊ ကျွန်မက ဦးပေါ်သစ်ရဲ့သမီး မပြုံးကြည်ပါတဲ့၊ အမေဆုံးပြီးတဲ့နောက် ကျွန်မပဲ အိမ်ထောင်ကို ဦးစီးနေရပါတယ်၊ အဖေမလာခင် ဝရန်တာမှာ ထိုင်ပြီးစောင့်သေးတာပေါ့၊ ထိုင်ပါ ထိုင်ပါ ဟောဒီမှာ သူရိယသတင်းစာ ဖတ်ပါဦး၊ဟောပြောရင်းဆိုရင်း အဖေရောက်လာပြီ၊ ကိုင်း ကိုင်း အဖေနဲ့ စကားပြောကြပေဦးတော့။

ထိုခဏ၌ အသက်ငါးဆယ်ခန့်ရှိ၍ ခပ်ကုပ်ကုပ်လူကြီးတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာလေရာ ကိုတောက်ထွန်းသည် နှုတ်လျှာသွက်လက်သူ တစ်ယောက် ဖြစ်သည့်အတိုင်း မိမိ၏ကိစ္စကို အကျဉ်းရုန်း၍ ပြောပြလေ၏။

ကိုတောက်ထွန်းမှာ ကြေးငွေနှင့်ပတ်သက်၍ လက်ဖွာဟန်ရှိသည့်ပြင် ထိုအိမ်တွင် နေထိုင်ဖို့အကြောင်းကို စိတ်ထဲတွင် ဆုံးဖြတ်ထားဟန်တူရကား ဦးပေါ်သစ်က တောင်းသမျှလခကို ပေးရန်လည်းကောင်း၊ အိမ်စည်းကမ်းဟူသမျှကို လိုက်နာရန်လည်းကောင်း၊ အဆင်သင့်ဖြစ်နေသည်ဖြစ်၍ မကြာမီအတွင်း ဈေးတည့်ကြလေ၏။

ကိုတောက်ထွန်းသည် အိပ်ခန်းတစ်ခန်းနှင့် ထမင်းဖိုးအတွက် တစ်လလေးဆယ်ပေးရန် သဘောတူသည့်အပြင် တစ်လအတွက် ငွေကိုလည်း ချက်ချင်းပင် ထုတ်ပေးလိုက်လေ၏။

သို့ဖြစ်၍ မိမိကိုယ်ကို ရာဇဝတ်မှုအတွက်နှင့် ဝရမ်းပြေးဟူ၍ ဖွင့်ဟဝန်ခံသူ ကိုတောက်ထွန်းသည် ဦးပေါ်သစ်တို့နေအိမ်တွင် လခပေးအည့်သည်အဖြစ်နှင့် စတင်တည်းခိုနေထိုင်လေတော့သတည်း။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

### ကိုတာ်အာပ်ကြီး ဦးမိုးကြီး

ကိုတောက်ထွန်းမှာ မည်သည့်အရပ်ဒေသမျိုးတွင် နေထိုင်ရသည်ဖြစ်စေ လျင်မြန်စွာ ခြေရာလက်ရာ ထင်စေတတ်သော လူမျိုးစားဖြစ်၏။

မည်သည့်အလုပ်အကိုင်မျိုးတွင် ဝင်ရောက်လုပ်ကိုင်သည်ဖြစ်စေ ပတ်ဝန်းကျင်အရပ်မှ လူများသည် ၎င်းအား အသိအမှတ်မပြုဘဲ မနေနိုင်အောင် ဖြစ်တတ်၏။

သို့ဖြစ်ရကား ကိုတောက်ထွန်းသည် ဦးပေါ်သစ်၏ နေအိမ်သို့ရောက်၍ ရက်သတ္တပတ် တစ်ပတ်မျှ မကျော်လွန်သေးမီ ၎င်းနေအိမ်တွင် အရေးပါအရာ ရောက်သော လူတစ်ယောက်အဖြစ်သို့ ရောက်လာ၏။

ဦးပေါ်သစ်နေအိမ်တွင် ထမင်းလခပေးစားကြသော လူများမှာ ရုံးစာရေးများ၊ ကုန်တိုက်စာရေးများ၊ မြေတိုင်းစာရေးများ၊ ကြေးကိုင်ဘဏ်စာရေးများ ဖြစ်ကြလေရာ ၎င်းတို့မှာ သာမည စာရေးအတန်းအစား လူများဖြစ်ကြသောကြောင့်



ထိုဆယ်ယောက်ခန့်မျှသော လူများအနက်တွင် ကိုတောက်ထွန်းသည် အထင်ရှားဆုံးလူတစ်ယောက် ဖြစ်နေလေ၏။

၎င်းတို့မှာ မိမိတို့အလုပ်ကို ဦးခေါင်းငုံ့ကာ လုပ်တတ်ကြသောသူများ ဖြစ်ကြ၍ ကိုတောက်ထွန်းကဲ့သို့ ‘စပ်စပ်ဟပ်ဟပ်’ ခြေခြေငင်ငင် မရှိကြချေ။ ညနေခင်းအချိန်များ၌ စာရေးများသည် အိမ်ရှေ့ဝရန်တာတွင် စုရုံးဝိုင်းဖွဲ့ကာ တီးသူက တီး၊ ဆိုသူက ဆို၊ စကားပြောသူက ပြော၊ ရယ်မောပျော်ရွှင်စွာ ထိုင်နေကြစဉ်၊ အတီးအမှုတ် ကိရိယာမျိုးစုံအောင် အတတ်ဆုံးသောသူ၊ တေးသီချင်း အများဆုံးရသောသူ၊ အသံအကောင်းဆုံးသောသူ၊ အဆိုအပိုင်ဆုံးသောသူ၊ ရယ်ရအောင် ပြောနိုင်ဆုံးသောသူ၊ ပုံတိုပတ်စအများဆုံး မှတ်မိသောသူမှာ ကိုတောက်ထွန်းပင် ဖြစ်လေသည်။

ထိုသူမှာ နဂိုအားဖြင့် လူချစ်လူခင် အပေါင်းများဆုံးသော လူတစ်ယောက် ဖြစ်သည့်အပြင် မိမိနှင့် ပေါင်းသင်းဆက်ဆံရသူများအားလည်း ကြည်လင်ရွှင်လန်းအောင် ပြုလုပ်ပေးနိုင်သော သတ္တိထူးနှင့်လည်း ပြည့်စုံပေ၏။

သို့ရာတွင် မီးရထားပေါ်၌ ခရီးသွားစဉ်က ကြုံခဲ့ဖူးသည့်အတိုင်း ကိုတောက်ထွန်းမှာ တစ်ခါတစ်ရံ ရုတ်တရက်ချက်ချင်း အမျက်ပြင်းထန်စွာထွက်တတ်သော ဝါသနာတစ်ခုရှိရကား၊ ၎င်းနှင့်ပေါင်းသင်းကြရသူများသည် ၎င်းအား မထီလေးစားပြုရန် ဘယ်အခါမျှ စိတ်မကူးဝံ့ကြသည့်ပြင်၊ ထိုသူ အမျက်ထွက်မည်ကို ကြောက်ရွံ့စိုးရိမ်တတ်ကြသည်။

ထူးဆန်းသော ဝါသနာတစ်ခုမှာ ကိုတောက်ထွန်းသည် ရာဇဝတ်ဘက်နှင့် သက်ဆိုင်သော အစိုးရအမှုထမ်းများအပေါ်၌ မထီလေးစား သဘောထားမျိုးကို အခါအခွင့်ကြုံတိုင်း ထင်ရှားအောင် ပြတတ်လေရာ၊ ၎င်းနှင့်အတူနေ စာရေးအချို့ကမူ ထိုအပြုအမူကို နှစ်သက်အားရ ချီးမွမ်းကြ၍ အချို့ကလည်း ထိတ်လန့်တုန်လှုပ်ဟန် ရှိကြလေသည်။

ထိုအိမ်သို့ဆိုက်ရောက်လာသည့် ပထမနေ့မှစ၍ ကိုတောက်ထွန်းသည် အိမ်ရှင် ဦးပေါ်သစ်၏ သမီး မပြုံးကြည်အား ချစ်ကြိုက်စုံမက်သည့်အကြောင်းကို ထိန်ချန်ကွယ်ဝှက်ခြင်းမရှိဘဲ ခပ်ပြောင်ပြောင် ခပ်ဘွင်းဘွင်းနှင့် ရဲတင်း ထင်လင်းစွာ ဖော်ပြလေ့ရှိ၏။

ကိုတောက်ထွန်း၏ ဝါသနာမှာ မိန်းကလေးတစ်ယောက်ကို ပိုးပန်းရာ၌ ရှိုးတိုးရှန့်တန့်၊ ရှက်ကိုးရှက်ကန်းဟူ၍ အလျှင်းမရှိဘဲ ရဲဝံ့ပြောင်တင်းလှပေ၏။

ဤသို့ဆိုရာ၌ ကိုတောက်ထွန်းသည် မိန်းကလေး ရွံ့ရှက်သွားမည်ကို ထောက်ထားညှာတာခြင်း မရှိဟု ဆိုလိုခြင်းမဟုတ်။ မိမိက ချစ်ကြိုက်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို မည်သူသိသွားသည်ဖြစ်စေ၊ ပူပန်စိုးရိမ်ခြင်းမရှိကြောင်းကိုသာလျှင် ဖော်ပြလိုခြင်း ဖြစ်သည်။

အချို့သော ယောကျ်ားများမှာ မိန်းကလေးတစ်ယောက်အား သေလုအောင် ချစ်ကြိုက်နေစေကာမူ၊ မိမိ၏အချစ်ကို အခြားသူများ ရိပ်မိမသွားစေရန် အထူးကြိုးစား၍ ဖုံးဖိကွယ်ဝှက်တတ်ကြ၏။

တစ်ခါတစ်ရံ သူငယ်ချင်းနှစ်ယောက်လုံးသည် တစ်ဦးတည်းသော မိန်းကလေးကို ကျိတ်ပိုးပိုးနေ၍ တစ်ယောက်ကိုတစ်ယောက် အသိမပေးဘဲ ဖုံးဖိထားလေရာ၊ ရိပ်မိသော တစ်နေ့တွင်မူ အံ့အားသင့်စွာနှင့် ရန်မူတတ်ကြ၏။

ကိုတောက်ထွန်းမူကား ၎င်းဝါသနာမျိုး အလျှင်းမရှိချေ။ သို့ဖြစ်၍ ကိုတောက်ထွန်းနှင့် တုပြိုင်ကာပိုးပန်းဝံ့သော လူများသည် စောစောကပင် ရန်မူလိုက ရန်မူနိုင်ကြရန် ကြော်ငြာထားသကဲ့သို့ ဖြစ်နေ၏။

နောင်အခါမှ မသိသောကြောင့် ပြုမိပါသည်ဟူ၍ ဆင်ခြေတက်ရန် နည်းလမ်းမရှိတော့ချေ။

ကိုတောက်ထွန်းမှာ ပိုးပန်းခြင်းအရာ၌ မည်မျှလောက် ရှေ့လောကြီးပါသနည်းဆိုသော် ဦးပေါ်သစ်၏ နေအိမ်သို့ ဆိုက်ရောက်ပြီးသည့် နောက်တစ်နေ့၌ပင် မပြုံးကြည်အား ချစ်ကြိုက်စုံမက်ကြောင်းကို ဖွင့်ဟဖော်ထုတ်ပြောဆိုပြီး ဖြစ်နေလေ၏။

ထိုနေ့မှစ၍ မပြုံးကြည်က မည်မျှငြင်းဆန်သည်ဖြစ်စေ၊ မည်မျှရှောင်ကွင်းသည်ဖြစ်စေ ကိုတောက်ထွန်းမှာ အနည်းငယ်မျှ စိတ်ပျက်အားလျော့ခြင်း မရှိဘဲ ထပ်ခါတလဲလဲသာလျှင် အခွင့်သာတိုင်း နားပူသံချပ်၊ အထပ်ထပ်ပူဆာလျက်ရှိ၏။

ဤသို့သောအခါများ၌ ကိုတောက်ထွန်းက မပြုံးကြည်အား...

'ပြောစမ်းပါ မပြုံးကြည်ရဲ့၊ ဘာကြောင့်လဲ၊ ကျုပ်ထက်ဦးတဲ့လူ ရှိနေလို့လား၊ ဒီလိုဆိုရင်တော့ သူ့အသက် ဖက်နဲ့ထုပ်ထားပေတော့၊ ဘယ်သူကဦးသော ဘယ်သူက အရင်ကျသော နားမလည်ဘူး၊ ကျုပ်ကြိုက်တဲ့မိန်းမကို ကျုပ်ရမှ အေးမယ်၊ ဟိုလူဒီလူ ဦးနေတာနဲ့ ကျုပ်က အလျှော့ပေးရမှာတဲ့လား အကွာကြီး၊ ဘယ်တော့မှ ဝါသနာမပါဘူး၊ ငြင်းပါလေ ငြင်းပါ၊ ခေါင်းခါနိုင်လှ ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ် ခေါင်းခါနိုင်မတဲ့လဲ၊ တစ်နေ့တော့ မင်းခေါင်းညိတ်လာရမှာပေါ့၊ ပိုးပန်းတယ်ဆိုတာ အချိန်တွေအများကြီးပဲကွယ်၊ မသေမချင်း ပိုးနိုင်ကြတာပဲ၊ မင်းလည်း အငယ်ကလေး၊ ငါလည်း အသက်အငယ်ကလေး ရှိကြသေးတာ ဘာအားလျှော့လိမ့်မှာလဲကွယ်'



ဟု အေးအေးဆေးဆေး ပြောချေသေး၏။

ကိုတောက်ထွန်းမှာ နှုတ်လျှာသွက်လက်သည့်ပြင် မိန်းကလေးများ၏ အလိုက်ကို အလွန်သိတတ်သူတစ်ယောက် ဖြစ်လေရကား စင်စစ်အားဖြင့် သမီးရှင်များ ကြောက်လန့်စိုးရိမ်ဖွယ် ကောင်းလှသော ယောကျ်ားတစ်ယောက် ဖြစ်ချေ၏။

ထို့ပြင် သူ၏အမူအရာနှင့် ပြောပုံဆိုပုံမျက်နှာထားပုံမှာလည်း အတွေ့အကြုံများသူတို့၏ ထုံးစံအတိုင်း တစ်ဘက်သားကို လက်ဝါးကြီးအုပ်ကာ လွှမ်းမိုးသွေးဆောင်သကဲ့သို့ ရှိနေရကား ထိုသို့သော ယောကျ်ားမျိုး၏ ချော့မြှူခြင်းကို မခံမယူမူ၍ တွန်းလှန်ဖယ်ရှားနိုင်သော မိန်းမဟူ၍ ရှားပါးလှပေလိမ့်မည်။

ကိုတောက်ထွန်းသည် မြန်မာပြည်အတွင်းရှိ အမြို့မြို့အရွာရွာတို့ကို မရောက်ဖူးသည် မရှိသလောက် နှံ့စပ်စုံလင်လှသည့်ပြင် မြို့တစ်မြို့နှင့် ပတ်သက်သော ရယ်ရွှင်ဖွယ်ဖြစ်စေ၊ မှတ်သားဖွယ်ဖြစ်စေ၊ ထူးခြားသော အဖြစ်အပျက် တစ်စုံတစ်ခုကို ပြောနိုင်သည်ချည်းသာလျှင် ဖြစ်၏။

တစ်ခါတစ်ရံ နိုင်ငံခြားတိုင်းပြည်များအကြောင်းကိုပင် ဆိုလျှော်သော အခါ၌ ညှပ်ထည့်သွတ်သွင်းလေ့ရှိရာ ထိုသို့သောအခါများ၌မူ ကိုတောက်ထွန်းသည် တစ်စုံတစ်ခုကို သတိရသည့်လက္ခဏာနှင့် ရုတ်တရက် စကားစဖြတ်၍ ထိုင်ရာမှ ထသွားတတ်လေသည်။

များသောအားဖြင့်မူကား ကိုတောက်ထွန်းသည် ပြောမိသောစကားကို ဝိဘက်ဆိုက်သည့်တိုင်အောင် ခြေသိမ်းခေါင်းပိုက် လက်စသတ်၍ ရယ်ရွှင်ဖွယ်ဖြစ်လျှင်လည်း အူတက်မတတ် ရယ်ရလောက်အောင်ဖြစ်စေ၊ လွမ်းဆွတ်ဖွယ်ရာဖြစ်လျှင်လည်း မျက်ရည်ကျလောက်အောင်ဖြစ်စေ၊ ထိတ်လန့်စရာ တုန်လှုပ်ဖွယ်ဖြစ်လျှင်လည်း ကြက်သီးမွေးညင်း ထလောက်အောင်ဖြစ်စေ ပြောဆိုတတ်လေသည်။

အလွန်ခေါင်၍ ချောင်ကျလှသော မိုးကောင်းမြို့၌ နေထိုင်ရသည့် မပြုံးကြည်မှာ ဤမျှလောက် နားထောင်ချင်စဖွယ် အဖြစ်အပျက်များကို မိမိအား ဂရုတစိုက်ပြောပြနေကြောင်း တွေ့ရှိရသည့်အခါ အဘယ်မှာလျှင် စိတ်ပါလက်ပါ နားမထောင်နိုင်ဘဲ နေနိုင်တော့အံ့နည်း။

ကိုတောက်ထွန်းမှာ အင်္ဂလိပ်စာတတ်တစ်ယောက် ဖြစ်သည့်အလျောက် မကြာမီအတွင်း၌ပင် ဆင်းဂါးစက်ကိုယ်စားလှယ်အလုပ်ကို ရရှိလေ၏။

နေ့ခင်းအချိန်များ၌ ကိုတောက်ထွန်းသည် အလုပ်တိုက်သို့သွား၍ ညနေခင်းနှင့် ညချမ်းအချိန်များတွင် မပြုံးကြည်နှင့် စကားလက်ဆုံ ဝင်နေရသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် ဦးမိုးကြိုးထံ သွားရောက်မိတ်ဖွဲ့ရန် အချိန်မရနိုင်ဘဲ ဖြစ်နေလေ၏။

တစ်နေ့သ၌ မီးရထားပေါ်တွင် သိကျွမ်းခဲ့ဖူးသော ကိုသီဟသည် ကိုတောက်ထွန်း၏ နေအိမ်သို့ဝင်လာ၍ ထိုအကြောင်းကို သတိပေးစကား ပြောကြားလေ၏။

ကိုသီဟမှာ သေးသေးသွယ်သွယ် ဖျတ်ဖျတ်လတ်လတ်၊ နှာခေါင်းချွန်းချွန်း မေးချွန်းချွန်းနှင့် အသားခပ်လတ်လတ် ပါးစပ်ခပ်ပြဲပြဲရှိသော လူတစ်ယောက်ဖြစ်လေသည်။

.ကိုသီဟသည် ကိုတောက်ထွန်းကို တွေ့ရခြင်းအားဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ဟန်ရှိ၏။

အိမ်ရှေ့ဝရန်တာတွင် နှစ်ယောက်တည်း ထိုင်ကာ ဆေးပြင်းလိပ်ကိုယ်စီခဲရင်း သတိပေးစကား ပြောကြားလေ၏။

ဟ။ ။အံ့ဩပါရဲ့ ကိုတောက်ထွန်းရာ၊ ခုလောက်ကြာလို့တောင် ဦးမိုးကြိုးကို ခင်ဗျားသွားမတွေ့သေးတာ သိပ်ချီးမွမ်းဖို့ ကောင်းတာပဲ၊ ဘာကြောင့် ဒီလောက်နေနိုင်ရတာလဲ မိတ်ဆွေရဲ့။

ထွန်း။ ။အလုပ်အကိုင် ရှာရတာက တစ်ဖက်၊ ဘာကတစ်ဖက်နဲ့ အားလပ်တယ်လို့ကို မရှိနိုင်ပါဘူးဗျာ။

ဟ။ ။ဘာကတစ်ဖက်ဆိုတာက ဘာလဲဗျ။

ထိုခဏ၌ မပြုံးကြည်သည် ဧည့်သည်အဖို့ ကွမ်းအစ်နှင့် ဆေးလိပ်ပန်းကန်ပြားများ ယူလာခဲ့၍ စားပွဲကလေးပေါ်တွင် တင်ထားခဲ့ပြီးလျှင် အိမ်တွင်းသို့ ဝင်သွားလေ၏။

ဟ။ ။(ဆက်လက်၍)ဘာကတစ်ဖက်ဆိုတာ ဒီဟာကြောင့်လား။

ဟု ပြုံးစိစိမျက်နှာထားနှင့်မေးလိုက်ရာ ကိုတောက်ထွန်း၏ မျက်နှာ၌ ဖြစ်ပေါ်လာသော မျက်နှာထားကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် လန့်ဖျပ်သလိုဖြစ်သွား၍ ထပြေးချင်လောက်အောင်ကို ဖင်ကြွမိလေ၏။

သို့ရာတွင် ကိုတောက်ထွန်းကို အားနာဟန်နှင့် မျက်နှာချိုသာစွာ ပြင်လိုက်ပြန်ကာ ပြန်၍ထိုင်လေ၏။

သို့သော်လည်း ဖြီးတီးတီး နောက်တောက်တောက်စကားမျိုးမူကား မပြောဝံ့တော့ချေ။

ထွန်း။ ။တစ်နေ့တော့ သွားတွေ့ရဦးမယ်ဗျာ။



ဟ။ ။တွေ့ချည်ပါမိတ်ဆွေ၊ မြန်မြန်တွေ့ချည်ပါ၊ ဒီပြင်အလုပ် ဘယ်လောက်ရှုပ်ရှုပ် ခဏတဖြုတ်ဖယ်ထားပြီး သွားတွေ့လိုက်ပါ မိတ်ဆွေ၊ တကယ်ဆိုတော့ ကျွန်တော့်လိုသာဖြင့် ရောက်တဲ့နေ့ကတည်းက ချက်ချင်းသွားပြီး အကြောင်းကြားလိုက်မှာပဲဗျ၊ မတော်တဆ သူက ခင်ဗျားကို အထင်လွဲသွားရင်၊ ဟာ ကျုပ်တော့ မပြောချင်ပါဘူးလေ၊ မြန်မြန်သွားချည်ပါ မိတ်ဆွေနော်။

ထွန်း။ ။(အံ့ဩသောမျက်နှာထားနှင့်)ဘာကြောင့် ဒီလောက်တောင် အလောသုံးဆယ် အရေးကြီးရတာလဲဗျ၊ ကျုပ်ဖြင့် ဒီဂိုဏ်းထဲဝင်ခဲ့တာ နှစ်နှစ်လောက်ရှိတော့မယ်၊ ဒီလောက်တောင် ပြေးပြေးလွှားလွှား မဟားတရား လုပ်ရတယ်လို့ ကြားပဲ မကြားဖူးပါဘူး မိတ်ဆွေ။

ဟ။ ။ဟိုဟာက တွင်းငယ်၊ ဒီဟာက မိုးကောင်းဆရာရဲ့။

ထွန်း။ ။နို့ပေမယ့် ဟိုမှာလည်း ဂိုဏ်း၊ ဒီမှာလည်းဂိုဏ်းပဲ မဟုတ်လားဗျာ။

ဟ။ ။ဟုတ်ပ့ါမလား ဆရာကြီးရယ်။

ဟု ပြော၍ ကိုသီဟသည် လေးနက်သောအဓိပ္ပာယ်ရှိသည့် မျက်နှာထားမျိုးနှင့် ကိုတောက်ထွန်းအား စိုက်၍ကြည့်လိုက်၏။

ထွန်း။ ။မဟုတ်သေးဘူး၊ တစ်မျိုးစီလို့ ခင်ဗျားက ဆိုချင်သလား။

ဟ။ ။တော်တော်ကြာတော့ ခင်ဗျားသိပါလိမ့်မယ်ဗျာ၊ ဒါထက် မီးရထားပေါ်မှာ ရာဇဝတ်ဘက်ကလူစုတွေနဲ့ ခင်ဗျားနဲ့ စကားများကြသေးဆို။.

ထွန်း။ ။ခင်ဗျား ဘယ့်နှယ်သိသလဲ။

ဟ။ ။ဩော်...ဟိုကဒီက ကြားတာပါဗျာ၊ ဒီအရပ်က ကျင်ကလယ်လောက်မြို့ကလေးမို့လို့ ကောင်းသတင်းဖြစ်ဖြစ်၊ ဆိုးသတင်းဖြစ်ဖြစ် အင်မတန် လူသိလွယ်တယ်ဗျ။

ထွန်း။ ။ကတောက်ကဆ ဖြစ်ကြဆိုပါတော့ဗျာ၊ သူတို့က ကျုပ်ကို မနူးမနပ်ဂျူးသနပ်ဆိုတာမျိုးလို မှတ်နေမှာစိုးလို့ နည်းနည်း ကြဲလိုက်ရတယ်ဗျ။

ဟ။ ။ခင်ဗျားတော့ဗျာ ဦးမိုးကြိုးနဲ့တွေ့ရင်တော့ စွဲပြီးသား ဧကန်ပဲ။

ထွန်း။ ။သူကစွဲမှာလား၊ ကျုပ်ကစွဲမှာလား။

ဟ။ ။သူ ပြောပါတယ်ဗျ။

ထွန်း။ ။ဒီလူကကော ရာဇဝတ်ဘက်ကနဲ့ မတည့်ဘူးလား။

ထိုအခါ ကိုသီဟသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟ။ ။သွားကြည့်စမ်းပါဗျာ၊ မြန်မြန် သွားကြည့်စမ်းဗျာ၊ ပြောလိုက်ပါမယ့်နော်၊ ခင်ဗျားနောက်ကျနေရင်တော့ ဦးမိုးကြိုးက ပုလိပ်နဲ့မတည့်တာထက် ခင်ဗျားနဲ့ပါ မတည့်ဘဲဖြစ်နေလိမ့်မယ်၊ ကိုင်း...ကိုင်း...ကျုပ် စကားနားထောင်ပြီး မြန်မြန်သွားတွေ့လိုက်ဗျာ သွားဦးမယ်နော်၊ နောက်များတော့ တွေ့ကြသေးတာပေါ့။

ထိုနေ့ညနေ၌ ကိုတောက်ထွန်းမှာ ဦးမိုးကြိုးထံမသွားဘဲ မနေနိုင်လောက်အောင် ကိစ္စတစ်ခု ဖြစ်ပေါ်လာလေ၏။

ကိုတောက်ထွန်းသည် မပြုံးကြည်ကို ပိုးပန်းရာ၌ ပြောင်ပြောင်တင်းတင်း ရှိလွန်းလှရကား အမူမဲ့အမှတ်မဲ့နေတတ်သော ဖခင်ဦးပေါ်သစ်ပင်လျှင် ရိပ်မိသလို ဖြစ်သွားလေ၏။

သို့ဖြစ်၍ ဦးပေါ်သစ်သည် အခြားအိမ်သားများ လမ်းလျှောက်ထွက်သွားခိုက်တွင် ကိုတောက်ထွန်းကိုခေါ်၍ ဘွင်းဘွင်းကြီးပြောတတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း တစ်တစ်ခွခွ မေးမြန်းစစ်ဆေးလေ၏။

သစ်။ ။ဟေး... မောင်သူငယ်၊ မောင်က ကျုပ်သမီးကို ကြိုက်နေတယ်ဆိုဟုတ်စ။

ထွန်း။ ။မှန်ပါတယ် ဦးခင်ဗျာ။

သစ်။ ။ဒါဖြင့် ကျုပ်က စောစောစီးစီး ကြိုတင်ပြီး သတိပေးလိုက်မယ်၊ လက်လျှော့လိုက် မောင်သူငယ်၊ လက်လျှော့လိုက်၊ အလကားပဲ။

ထွန်း။ ။ဘာကြောင့်ပေလဲ ဦးခင်ဗျာ။

သစ်။ ။ဘာကြောင့်လဲဆိုတော့ အလာကောင်းသော်လည်းအခါနှောင်းဆိုတဲ့ စကားလို ဖြစ်နေပကော မောင်သူငယ်ရဲ့။

ထွန်း။ ။မပြုံးကြည်ကလည်း ဒီလိုတော့ ပြောသားပဲ။

သစ်။ ။ပြောပေမယ့် မောင်က မယုံဘူးဆိုပါတော့ ဟုတ်စ၊ ကျုပ်သမီးက ဘယ်တော့မှ လိမ်မပြောတတ်ဘူး၊ သူပြောရင် ယုံပေတော့ မမှားဘူး၊ ဒါထက် ဘယ်သူ ဘယ်ဝါဆိုတာကော ပြောပြသေးသလား။

ထွန်း။ ။ကျွန်တော်က မေးတော့မေးတယ်၊ သူက မပြောဘူး။

သစ်။ ။မိန်းကလေးက မောင်လန့်ပြီး ထွက်ပြေးသွားမှာစိုးလို့ မပြောရှာဘူး ထင်ပါရဲ့။

ထွန်း။ ။(မျက်လုံးများမှ မီးထွက်ဘိသကဲ့သို့ အရောင်တဖျတ်ဖျတ်တောက်လျက်)ကျွန်တော်ကလားခင်ဗျာ လန့်ရမှာ။



သစ်။ ။လန့်မယ်ဆိုလည်း လန့်လောက်တဲ့ လူတစ်ယောက်ပေပဲ မောင်သူငယ်ရဲ့၊ ဟိုဒင်းလေ မောင်ကျောက်ဘီလူးပေါ့။

ထွန်း။ ။ဘယ်ကကောင်လဲ၊ ဒီ မောင်ကျောက်ဘီလူးဆိုတာက...။

သစ်။ ။ဆတ်ဆတ်ကြဲဆိုလား အာဇာနည်ဆိုလား၊ အဲဒီဂိုဏ်းက လူ တစ်ယောက်ဆိုပါလား။

ထွန်း။ ။အာဇာနည်သော အာဇာနက်သော ဘာကြောင့် သူ့ကို လန့်ရမှာတဲ့တုံး ဦးရဲ့။

သစ်။ ။(ယင်းအကြောင်း ပြောသောသူ ဟူသမျှတို့၏ ထုံးစံအတိုင်း လေသံကလေးဖြင့်)အာဇာနည်ဂိုဏ်းဆိုတာ ဦးအောင်ဇေယျလက်ထက်ကတည်းက ဖွဲ့စည်းထားခဲ့တဲ့ သတ္တိခဲလူစွမ်းကောင်းတွေ ဆိုပါကလား မောင်ရဲ့။

ထွန်း။ ။ဦးတို့ လန့်ချင်လန့် ကျွန်တော်တော့ ဘာမှလန့်စရာမရှိဘူး၊ ကျွန်တော်လည်း အဲဒီဂိုဏ်းသားပဲ၊ မြွေကို မြွေချင်းကိုက်လို့ အဆိပ်တက်နိုင်တယ်လို့ မရှိဘူး ဦးရဲ့။

သစ်။ ။ကိုက်လို့ အဆိပ်မတက်နိုင်ပေမယ့် တစ်ကောင်ကိုတစ်ကောင် မျိုနိုင်တယ်မဟုတ်လား မောင်ရယ်။

ထွန်း။ ။ဟား ဟား ဟား ဦးကပေမယ့် စကားအချေအတင် ပြောတတ်သားပေပဲ၊ သို့သော် တစ်ကောင်းတစ်ကောင် မျိုနိုင်တယ်ဆိုတာက အင်မတန် အင်မတန် ကြီးမှဖြစ်နိုင်တာကိုးဦးရဲ့၊ သူက ကျွန်တော့်ထက် ဒီလောက် တန်ခိုးမကြီးနိုင်ပါဘူး ထင်ပါရဲ့ခင်ဗျာ။

သစ်။ ။ကိုင်းကိုင်းကိုင်း ဘာသောညာသော ပြောမနေနဲ့တော့ မောင့်ကို ကျုပ်လက်ခံလို့ မဖြစ်တော့ဘူး၊ ဒီဂိုဏ်းသားမှန်း မသိလို့ အစက လက်ခံမိတာ၊ ဒီလိုမှန်းသိရင် တစ်လတစ်ရာရတော့ ကျုပ်လက်မခံဘူး။

ထွန်း။ ။ဒီဂိုဏ်းက ဘာပြုလို့လဲဦးခင်ဗျာ၊ ကျွန်တော် သိသလောက်တော့ အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီဖို့ ဖွဲ့စည်းထားတဲ့ ဂိုဏ်းပဲဦးရဲ့။

သစ်။ ။ဒို့ပြင်အရပ်မှာ ဟုတ်ချင်ဟုတ်လိမ့်မယ်၊ ဒီအရပ်မှာ ဒီလိုမဟုတ်ဘူး မောင်။

ထွန်း။ ။ဒီအရပ်မှာတော့ ဘယ်လိုဂိုဏ်းမျိုး ဖြစ်နေလို့ပါလဲခင်ဗျာ။

သစ်။ ။ဒီအရပ်မှာတော့ သူတစ်ပါးအသက်ကို ပုရွက်ဆိတ်လောက်မှ အရေးမလုပ်တဲ့ဂိုဏ်း မောင်ရေ။

ကိုတောက်ထွန်းလည်း မယုံကြည်ဟန်နှင့် ရယ်မောသေးသည်။

ထွန်း။ ။ဦးမှာ ဘာများ သက်သေခံရှိလို့ပါလဲ ဦးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သစ်။ ။ဘာသက်သေခံ လိုသေးသလဲ မောင်ရယ်၊ ဟောတစ်ယောက်၊ ဟောတစ်ယောက် ကြက်ပျောက်ငှက်ပျောက် တပျောက်တည်း ပျောက်နေကြပါပြီကောမောင်ရဲ့၊ ဦးသာခင်တို့ အိမ်သားတစ်တွေ၊ ကိုပန်းအုံတို့ ညီအစ်ကို၊ မောင်မဲတို့သားအဖ၊ မောင်မြတို့သမီးယောက်ဖ၊ ကိုဘိုးကွန်းတို့ သမီး ခင်ပွန်း၊ ဒီဟာတွေ သေရှာကြတာဟာ ဒင်းတို့ဂိုဏ်းသားတွေရဲ့ လက်ချက်ဆို တာ ကလေးကအစ သိကြတာကလား မောင်ရဲ့၊ ဘယ်က သက်သေခံပြစရာ လိုဦးမှာလဲ။

ထွန်း။ ။(ဣန္ဒြေကြီးသော မျက်နှာထားနှင့်)ဒီမလေ ဦး၊ ဦးပြောတဲ့စကား တွေ အင်မတန်လွန်နေပြီ၊ ဒါကြောင့် ပြန်နုတ်ရင်လည်းနုတ်ပါ၊ မနုတ် ရင်လည်း ထင်ရှားလောက်အောင် တစ်နည်းနည်းနဲ့ သက်သေသာဓက တင်ပြပါ၊ သို့မဟုတ် ကျွန်တော် မခံနိုင်ဘူး၊ ဘယ့်နှယ်ခင်ဗျာ ကျွန်တော်က အင်မတန် မွန်မြတ်တဲ့ဂိုဏ်းရယ်လို့ ဝင်ထားပါတယ်၊ ဒီရောက်တော့မှ လူသတ်တဲ့ ဂိုဏ်းဆိုလို့ ကျွန်တော်ဘယ်မှာ ခံနိုင်ပါ့မလဲ၊ ဒီတော့ ဦးစကားဦး ပြန်နုတ်ရင် နုတ်၊ မနုတ်ရင် ဟုတ်မှန်ကြောင်းကို ထင်ရှားအောင် ပြရလိမ့်မယ်ဦးရေ၊ ကျွန်တော် မခံနိုင်ဘူး။

သစ်။ ။တစ်မြို့လုံး တစ်နယ်လုံး တစ်ပြည်ထောင်လုံးက သိနေတဲ့ဂိုဏ်းကို ကျုပ်က သက်သေပြရဦးမှာလား မောင်ရဲ့၊ သူတို့လုပ်ပုံက ဒီဂိုဏ်း ချုပ်နဲ့ မသင့်မြတ်ရင် သူကိုယ်တိုင်မလုပ်ဘူး၊ ဟိုနယ်က ဂိုဏ်းသားတွေက လာပြီး စီရင်ရတယ်၊ တော်တော်ပိပိပြားပြား စီမံတတ်တဲ့လူစုမောင်ရေ၊ ဥပမာ ဂိုဏ်းချုပ် မောင်ဖြူနဲ့ လူတစ်ယောက် ရန်ဖြစ်ရောဆိုပါတော့၊ မောင်ဖြူက ဘာမှ ပြန်မလုပ် တဲ့အပြင် ဟိုလူ့ကို သုတ်သင်မယ့်ညမှာ မောင်ဖြူက မြို့အုပ်အိမ်၊ မြို့သူကြီးအိမ်၊ အဲဒီလို လူကြီးလူကောင်းတွေရဲ့ အိမ်ကို သွားလည်နေလိုက်သေးတယ်၊ ဒီအချိန် အတောအတွင်းမှာ တစ်နယ်က ဂိုဏ်းချုပ်က သူ့တပည့်လူ စုလူဝေးနဲ့ မောင်ဖြူရဲ့ ရန်သူကို သုတ်သင်လိုက်ပါရောမောင်ရဲ့၊ မောင်ဖြူကို ဘယ့်နှယ်လုပ် ဖမ်းနိုင်မလဲ၊ ဟိုညက မြို့အုပ်အိမ်မှာရှိပါတယ်လို့ မြို့အုပ်ကိုယ်တိုင်က သက်သေခံနိုင်တယ် မဟုတ်လား၊ နောက်ပြီးတော့ ဟိုဂိုဏ်းချုပ်မှာ ရန်သူရှိပြန်တဲ့အခါမှာ မောင်ဖြူတို့ လူစုကသွားပြီး သုတ်သင်ပေးပြန်ရော၊ အချေးဆပ်တဲ့သဘောပေါ့ မောင်ရယ်။

ထွန်း။ ။သူတို့ ဒီလိုလုပ်တာ အစိုးရက မသိဘူးလား။

သစ်။ ။အစိုးရဆိုတာမျိုးဟာကလည်း သိတာကတခြား ဥပဒေကတခြား ကို မောင်ရဲ့၊ မောင်လဲ သိမှာပေါ့၊ သိတိုင်း လုပ်နိုင်တာမဟုတ်ဘူး၊ တကယ်ဆိုတော့လည်း ဒီကိစ္စမျိုးမှာ မင်းများဟာ ဆင်းရဲသားအချင်းချင်းလောက် သိတာမဟုတ်ပါဘူး မောင်ရယ်။



ထွန်း။ ။ရှေးကမင်းများတော့ အရပ်ထဲမှာ စနည်းနာရဆိုပါလား။

သစ်။ ။ဟုတ်တာပေါ့၊ ခုလက်ထက်တော့စနည်းနာတယ်လို့လည်း မရှိဘူး၊ ရှိစေဦးတော့ အရပ်ထဲမှာကြားသိတဲ့ သတင်းအတိုင်း စီရင်နိုင်တာ မဟုတ်ဘူး ဆိုပါကလား။

ထွန်း။ ။ကိုယ်တိုင်ကြားတာ ဖယ်ထားပြီး သက်သေထွက်ချက်အတိုင်း စီ ရင်ရတယ် ဦးရဲ့။

သစ်။ ။ဒါကြောင့်သာ ဒီအကောင်တွေ ဒါလောက်ကြာကြာ လွတ်လွတ် လပ်လပ် နေနိုင်တာပေါ့မောင်ရယ်၊ ကျုပ်သာ မင်းဖြစ်ရင် အကုန်လုံး မီးလောင်တိုက်သွင်းကုန်တာ ကြာလှပြီ။

ထွန်း။ ။ဒါထက် ဒီဂိုဏ်းကိစ္စမှာ လက်ဆုပ်လက်ကိုင် သက်သေခံများ ဦး ပြနိုင်လို့ဟာလား။

သစ်။ ။သက်သေပြနေဖို့ မလိုပါဘူးမောင်ရယ်၊ ဒီမြို့မှာ မောင်ကြာကြာ နေတော့ သိပါလိမ့်မယ်၊ ကိုင်း သိတာမသိတာ အသာထားပြီး အိမ် ပြောင်းဖို့ မောင်ရှာပေတော့၊ မောင့်ကို ကျုပ် လက်သင့်မခံနိုင်ဘူး၊ တစ်ယောက်ကို မလွှဲသာလို့ ကိုယ့်သမီးနဲ့ အကြိုက်ခံရတဲ့အထဲမှာ နောက်တစ်ယောက်ထပ်ပြီး အိမ်ပေါ်မှာ လက်သင့်မခံပါရစေနဲ့၊ သည်းညည်းခံပါ မောင်မင်းကြီးသား၊ ဒီကနေ့ ည ဒီအိမ်မှာ မောင် နောက်ဆုံးအိပ်ခြင်းပဲလို့ သဘောထားလိုက်ပါတော့။

ကိုတောက်ထွန်းမှာ နေအိမ်မှနှင်ထုတ်ခံရခြင်းထက် မိမိပိုးပန်းနေသော မပြုံးကြည်နှင့် ခွဲခွာနေရမည့်အရေးကို ပိုမို၍ ပူပန်မိလေ၏။

သို့ဖြစ်၍ ထိုနေ့ညဉ့် ကိုတောက်ထွန်းသည် မပြုံးကြည်နှင့် နှစ်ယောက် တည်းတွေ့ရအောင် အခွင့်ရှာ၍ မိမိ၏ဒုက္ခများကို ညည်းညူပြောပြတိုင်တန်း လေ၏။

ထွန်း။ ။မင့်ဘတော်ကြီးက ကျုပ်ကို အိမ်ပြောင်းနေဖို့ နို့တစ်ပေးထားပြီကော မပြုံးကြည်၊ အိမ်ပြောင်းဖို့က အရေးမကြီးပါဘူး နှမရယ်၊ နှမနဲ့ ကွဲရ မယ့်အရေးက သာဆိုးပြီး ဝမ်းထဲမှာ ဗလောင်ဆန်နေတော့တာပဲ၊ တွေ့ရတာက တော့ ခုနစ်ရက်တစ်ပတ်၊ ဒါပေမဲ့ စိတ်ထဲမှာ ခုနစ်နှစ်လောက် တွေ့ခဲ့ရသလိုစိတ် ထဲမှာ စွဲလည်းစွဲပါပေတယ် နှမရယ်၊ ဒီအိမ်က ထွက်ရမယ်ဆိုရင် ကျုပ်အသက် ငွေ့ငွေ့လောက် ပါသွားတော့မယ်ထင်တယ်။

ကြည်။ ။တော်ပါတော့ ကိုတောက်ထွန်းရယ်၊ ဒီစကားမျိုးတွေ မပြောချင်ပါ နဲ့တော့၊ ရှင်ရောက်တာ နောက်ကျနေတယ်လို့ ကျွန်မ ပြောပြီးပြီ မဟုတ်ဘူးလား၊ ဟိုလူကို ကျွန်မ ခုချက်ချင်း မယူနိုင်သေးစေကာမူ သူ့ပြင်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး ဘယ်သူ့မှ မယူပါဘူးလို့ ကတိသစ္စာထားပြီးကြောင်း ကျွန်မပြောမှုးပြ မဟုတ်လား။

ထွန်း။ ။ကျုပ်မေးမယ်၊ မင်း မှန်မှန်ပြောမလား။

ကြည်။ ။မေးပါတော်၊ မှန်မှန်ပြောပါ့မယ်။

ထွန်း။ ။တကယ်လို့ ကျုပ်ကများ အရင်ရောက်လို့ရှိတာဖြင့် နမ သဘော တူနိုင်ဖို့ ရှိပါသလား နမရယ်။

မပြုံးကြည်သည် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ဖုံးအုပ်ကာ ရှိုက်လျက် နေလေ၏။ ၎င်းနောက်...

ကြည်။ ။(မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် မော့်ကြည့်လျက်)ကိုတောက် ထွန်းက အရင်ရောက်တာများဖြင့် ကောင်းလေစွလို့ ကျွန်မ ဆု တောင်းဖူးပါတယ်ရှင်။

ထိုခဏ၌ ရဲရင့်သော ကိုတောက်ထွန်းသည် မပြုံးကြည်၏ လက်နှစ်ဖက် ကို မိမိ၏လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဖျစ်ညှစ်လေ၏။

ထွန်း။ ။စဉ်းစားပါနမရယ်၊ ကြပ်ကြပ်ကြီး စဉ်းစားပါ၊ နှုတ်ကတိလောက်က လေး လွန်မိတဲ့အတွက်နဲ့ နမရော ကျုပ်ရော တစ်သက်လုံး ငရဲပြည် ပို့ထားသလို အဆင်းရဲခံကြတော့မလား နမရယ်၊ အချစ်ဆိုတာ လောကမှာ အရေးကြီးဆုံး ဖြစ်ပါတယ်၊ ကိုယ်မချစ်တဲ့ လူတစ်ယောက်ကို ဘယ်လိုလုပ်ပြီး နမယူလို့ ဖြစ်နိုင်ပါ့မလဲ နမရယ်၊ စကားတစ်လုံး ပြန်နုတ်ရလို့ ဘာအတွက်ရှိ လဲ၊ မှောက်မှားလို့ ပြောမိခဲ့တဲ့ စကားတစ်လုံးကိုငဲ့ပြီး တစ်သက်လုံး စိတ်ဆင်းရဲ ခံလို့ တော်နိုင်ပါ့မလား နမရယ်။

မပြုံးကြည်သည် ဆုပ်ကိုင်ထားသော လက်ကိုရုန်းဖယ်ခြင်း မပြုသော် လည်း မည်သို့မျှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလေ၏။

ထွန်း။ ။(ဆက်လက်၍)နမက သဘောတူပါတယ်လို့သာ ကျုပ်ကို ပြော လိုက်စမ်းပါ၊ ကျုပ် ကြံစည်ပါ့မယ် နမရယ်။

ကြည်။ ။ဒီမှာတော့ ကြံစည်လို့ မဖြစ်ပေဘူး ကိုတောက်ထွန်း။

ထွန်း။ ။ဒီမှာကို ကျုပ်ဖြစ်အောင် ကြံစည်မယ်။

ကြည်။ ။မဖြစ်ပါဘူး ကိုကိုရယ်၊ ဒီမှာတော့ မဖြစ်နိုင်ပါဘူး၊ ကျွန်မကို ခိုး သွားနိုင်ရင်ဖြင့် ဖြစ်နိုင်စရာ ရှိပါလိမ့်မယ်။

ထိုစကားကို ကြားလိုက်ရသောအခါ ကိုတောက်ထွန်းမှာ တွေဝေငေးမှိုင် သော မျက်နှာထားဖြစ်ပေါ်လာပြီးနောက် အတန်ငယ်ကြာအောင် မဝေခွဲနိုင်၊ မဆုံးဖြတ်နိုင်သေးသည့် လက္ခဏာနှင့် စဉ်းစားနေလေ၏။



သို့ရာတွင် နောက်ဆုံး၌ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည့်အဟန်နှင့် တင်းမာကြံ့ခိုင်သော မျက်နှာထားမျိုးသည် ကိုတောက်ထွန်း၏ မျက်နှာ၌ ဖြစ်ပေါ် လာလေ၏။

ထွန်း။ ။ဒီမှာကိုပဲ ဖြစ်ရမယ် နမရေ၊ တစ်လောကလုံးက နမကို ဝိုင်းပြီး ကျုပ်လက်ထဲက နမကို လုကြစမ်းပစေ၊ ဒီမှာပဲ နမကို ကျုပ် ရအောင် ယူမယ် နားလည်လား။

ကြည်။ ။ဘာကြောင့် နှစ်ယောက်အတူတူ ထွက်မပြေးနိုင်သလဲ ကိုကို။

ထွန်း။ ။ပြေးလို့မဖြစ်ဘူးကြည်ကြည်၊ ကိုကို ဒီမြို့က ဘယ်မှသွားလို့မဖြစ် သေးဘူး။

ကြည်။ ။ဘာကြောင့်လဲကိုကို၊ ကြည်ကြည့်ကို ပြောပြစမ်းပါ။

ထွန်း။ ။သူများကို ကြောက်လို့ ရှုံ့လို့ ကိုကို ထွက်ပြေးသွားရတယ်ဆိုရင် ကိုယ့်မျက်နှာကို မှန်ထဲတောင် ဘယ်တော့မှ မကြည့်ဝံ့တော့ပေဘူး ကြည်ကြည်၊ ကိုကို့သဘောက အဲဒီလို သဘောမျိုး၊ တကယ့်တကယ်ဆိုတော့ လည်း ဒီမှာ ဘယ်သူ့ကြောက်စရာရှိလို့ဟာလဲ၊ မင်းနဲ့ချင်းနဲ့ အစိုးရနဲ့တိုင်းပြည် မဟုတ်ဘူးလား ကြည်ကြည်ရဲ့၊ ကြည်ကြည်က ကိုကို့ကို စုံမက်တယ်၊ ကိုကိုက လည်း ကြည်ကြည့်ကို စုံမက်တယ်ဆိုရင် ဒီနှစ်ယောက်ကြားမှာ ဘယ်သူက ဝင်ရှုပ်ဝံ့မှာလဲ ကြည်ကြည်ရဲ့။

ကြည်။ ။ကိုကိုမသိဘူးနော်၊ ကိုကိုက ဒီရောက်တာ အာမှမကြာသေးဘူး၊ ကိုကျောက်ဘိလူးအကြောင်းကို ကိုကို မသိသေးဘူး၊ ဦးမိုးကြိုး အကြောင်းလည်း ကိုကို မသိသေးဘူး၊ သူတို့ဂိုဏ်းသားတွေအကြောင်းလည်း ကိုကို ဘာမှမသိသေးဘူး ကိုကိုရဲ့။

ထွန်း။ ။သိလည်း မသိဘူး၊ ကြောက်လည်းမကြောက်ဘူး၊ ဘယ်သူ့မှ ကိုကို မကြောက်ဘူး၊ ကိုကိုက ဆိုးပေ့မိုက်ပေ့ဆိုတဲ့ လူတွေနဲ့ချည်း ပေါင်း သင်းလာခဲ့တာပါ ကြည်ကြည်ရယ်၊ နောက်ဆုံးတစ်နေ့ကျတော့ ကိုကိုက သူတို့ ကို ကြောက်ရဖူးတယ် မရှိပါဘူး၊ သူတို့က ကိုကို့ကို ကြောက်ကြရတာချည်းပါ ပဲ၊ ကြည်ကြည့်အဖေက ပြောသလို ဒီလူစုဟာ ရာဇဝတ်မှု တစ်ခုပြီးတစ်ခု ကျူး လွန်နေကြပါလျက်နဲ့ တစ်ယောက်မှ ထောင်တန်းမကျတာ ဘာပြုလို့ဟာလဲ ကြည်ကြည်ရယ် ပြောစမ်းပါဦး။

ကြည်။ ။ထောင်တန်းမကျဆို သူတို့အမှုကို ဘယ်သူကမှ သက်သေမလိုက် ဝံ့ကြဘူး ကိုကိုရဲ့၊ သက်သေလိုက်ဝံ့ရင်လည်း လိုက်တဲ့လူဟာတစ်လ ကြာအောင် အသက်ရှင်နေရတယ်လို့ မရှိဘူးကိုကိုရဲ့၊ ပြီးတော့လည်း သူတို့အထဲ

www.burmeseclassic.com

www.burmeseclassic.com



က တစ်ယောက်ယောက် အမှုဖြစ်ရင် ဂိုဏ်းသားတွေက ဝိုင်းပြီး သက်သေခံကြတာပဲ၊ အမှုဖြစ်ပွားတဲ့အချိန်က တရားခံဟာ ဒီအရပ်မှာ မရှိကြောင်း၊ ဘယ်နေရာ ဘယ်အရပ်မှာ ဘယ်သူဘယ်ဝါနဲ့ စကားပြောနေကြောင်း အားလုံးဝိုင်းပြီး ကျမ်းရွက်ပြောကြတာပဲ၊ ဒီအကြောင်းတွေ ကိုကိုလည်း သတင်းစာထဲမှာ တွေ့ဖူးမြင်ဖူးမှာပေါ့၊ အင်္ဂလိပ်သတင်းစာတွေရော၊ မြန်မာသတင်းစာတွေရော သူတို့ဂိုဏ်းအကြောင်းကို သူ့ထက်ငါ ရေးနေကြတယ်ဆိုကပဲ ကိုကိုရဲ့။

ထွန်း။ ။သတင်းစာတွေထဲမှာတော့ ဖတ်တော့ဖတ်ဖူးတာပဲ၊ နို့ပေမယ့် တစ်ဆိတ်ကို တစ်အိတ်လုပ် ရေးနေကြတယ်လို့ ထင်မိတယ် ကြည်ကြည်ရဲ့၊ ဒီ့ပြင်တစ်ကြောင်းကလည်း သူတို့လူစုဟာ အနှိပ်စက်ခံရလေတော့ တခြားနည်းနဲ့ ပြန်ချေစရာမရှိလို့ ဒီလိုဇွတ်အကြမ်းကိုင်ရတယ်လို့လည်း တွေးမိတယ် ကြည်ကြည်ရဲ့။

ကြည်။ ။တော်စမ်းပါကိုကိုရယ်၊ ဒီလိုကာကွယ်စကားမျိုး မပြောစမ်းပါနဲ့၊ ဟိုကလည်း ဒီနည်းမျိုးချည်းပဲ ပြောလွန်းလို့ပါ။

ထွန်း။ ။ဘယ်သူကလဲ ကြည်ကြည်ရဲ့။

ကြည်။ ။ကိုကျောက်ဘီလူး ပြောပါတယ်။

ထွန်း။ ။ဟိုငနဲကလည်း ဒီလိုပဲပြောတယ်...ဟုတ်စ။

ကြည်။ ။ဒီလိုပြောလွန်းလို့ သူ့ကို ကြည်က သာပြီးရွံ့၊ သာပြီးမုန်းတာပဲ၊ ကိုကို့ကို မုန်တဲ့အတိုင်း ဖွင့်ပြောတော့မယ်၊ ဟိုလူ့ကို ကြည်ကြည်က ရွံ့လည်းရွံ့၊ ကြောက်လည်းကြောက်၊ မြွေဟောက်လိုပဲစိတ်ထဲကအောက်မေ့မိတယ်။

ထွန်း။ ။ဘာကြောင့် ဒီလောက်ကြောက်ရသလဲ ကြည်ကြည်။

ကြည်။ ။ကြောက်တာကလေ ကြည်ကြည့်အတွက်ထက် ဟောဒီအဖေကြီးအတွက် သာပြီး ကြောက်မိတယ် ကိုကိုရဲ့၊ ကြည်ကြည်က စိတ်ထဲမှာ ရှိတဲ့အတိုင်း ဖွင့်ပြောလိုက်လို့ရှိရင် အဖေကြီးကို ဧကန် သူတို့ ဒုက္ခပေးကြမယ်ကိုကိုရဲ့၊ ဒါကြောင့် ကြည်ကြည်က မြွေမသေ တုတ်မကျိုးဆိုတာလို တစ်ပိုင်းတစ်စ ကတိထားပြီး ရက်ရှည်ဆွဲနေတာကိုးကိုကိုရဲ့၊ နို့မို့ရင်ဖြင့် သူတို့ဒုက္ခပေးတာ ကြာလှပြီ၊ ဒါထက်ကိုကိုရယ်...အဖေကြီးကိုခေါ်ပြီး ကြည်ကြည်တို့သားအဖသုံးယောက် ဒီမြို့က ထွက်ပြီး လူဆိုးတွေလက်က လွတ်ရာကျွတ်ရာ ပြေးကြရရင် မကောင်းဘူးလား ကိုကိုရယ်။

ထိုခဏ၌ စဉ်းစားဆင်ခြင်ဟန်ရှိသော မျက်နှာထားသည် ကိုတောက်ထွန်း၏ မျက်နှာ၌ ရေးနည်းတူ ဖြစ်ပေါ်လာပြန်၍ ရေးအတူပင် ကြံ့ခိုင်တင်းမာသော မျက်နှာထားဖြင့် အဆုံးသတ်ပြန်လေ၏။



ထွန်း။ ။ကြည်ကြည်ရော၊ ကြည်ကြည့်အဖေရော ဘယ်သူမှ ဘာမှမဖြစ်စေရပါဘူး ကြည်ကြည်ရယ်၊ လူဆိုးတွေဆိုတာမှာတော့ သူတို့ဆိုးတာလောက်တော့ ကိုကိုက ရယ်တာပေါ့လို့တောင် ပြောလိုက်ချင်သေးတယ်၊ နောက်ဆုံးတစ်နေ့မှာ သူတို့ဆိုးတာနဲ့ ကိုကိုဆိုးတာနဲ့ ဘယ်သူက အရေးသာလို့ ဘယ်သူက အရာရောက်တယ်ဆိုတာ ကြည်ကြည်သိလိမ့်မပေါ့ ကြည်ကြည်ရယ်။

ကြည်။ ။ဒီလို မပြောစမ်းပါနဲ့ကိုကိုရယ်၊ ကြည်ကြည်ကြောက်လွန်းလို့ပါ၊ ကိုကို့စကား ကြားရတာ အားတော့ရှိပါရဲ့၊ ဒါပေမဲ့ ကြောက်စရာကြီးကိုကိုရယ်။

ထွန်း။ ။ကိုကို့ကို ကြည်ကြည်က ယုံရဲ့လား။

ကြည်။ ။သိပ်ယုံပြီး သိပ်အားကိုးတာပဲကိုကို။

ထိုအခါ ကိုတောက်ထွန်းသည် ထူးဆန်းသောရယ်ခြင်းဖြင့် ရယ်မောလေ၏။

ထွန်း။ ။ဩော်...ကြည်ကြည်.. ကြည်ကြည်၊ တယ်ရိုးရှာတဲ့ သူငယ်မနော်၊ ငါ့အကြောင်း သူ ဘာမှမသိရှာဘူး၊ အလို ဘယ့်နှာလဲ၊ ဘယ်က မောင်လဲ။

ထိုခဏ၌ အိမ်တံခါးသည် ရုတ်တရက်ပွင့်လာ၍ လုလင်ပျိုတစ်ယောက်သည် ပိုင်ပိုင်နိုင်နိုင် အမူအရာမျိုးနှင့် အိမ်တွင်းသို့ ဝင်လာလေ၏။ ယခုဝင်လာသော လုလင်ပျိုမှာ ကိုတောက်ထွန်းနှင့် လုံးတူရပ်တူလောက်ရှိ၍ အသက်မှာမူ ကိုတောက်ထွန်းထက် သုံးလေးနှစ်ခန့် ငယ်ဟန်ရှိ၏။

ထိုသူသည် ရုပ်ရည်သနားကမားနှင့် ပမာမခန့်သော အမူအရာမျိုးရှိရာ တံခါးဝတွင် လက်ပိုက်ကာ တန့်ရပ်ပြီးနောက် မီးတောက်မတတ်သော မျက်လုံးများဖြင့် ထိုစုံတွဲကို စိုက်ငေးကာ ကြည့်နေလေ၏။

မပြုံးကြည်သည် ရှိုးတိုးရှန့်တန့် ရှက်ကိုးရှက်ကန်း ဖြစ်နေသော အမူအရာနှင့် ထိုင်ရာမှ ရုတ်တရက် ထလိုက်လေ၏။

သို့ရာတွင် မိန်းမတို့၏ သတိရလွယ်တတ်သော ထုံးစံအတိုင်း လျင်မြန်စွာ မျက်နှာပိုးသတ်၍ ယင်းကပင် စကားစတင်ပြောလေ၏။

ကြည်။ ။ကိုကျောက်ဘီလူး ဘယ်တုန်းက ပြန်ရောက်လာသလဲ၊ ကျွန်မက ဒီလောက်မြန်မြန် ပြန်မလာသေးပေဘူးမှတ်တယ်၊ လာရော့ရှင် မထိုင်တော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော့က်ဘီလူးသည် ရွှေမျက်မှန်ကိုဖြုတ်၍ လက်ကိုင်ပဝါဖြင့် ပွတ်သုတ်ပြီးလျှင် တစ်ဖန်ပြန်တပ်၍ လက်ပိုက်ကာရပ်လျက် ကိုတောက်ထွန်းအား စိန်းကြီး ကြည့်နေလေ၏။ ၎င်းနောက်...

၊ ။(မေးငေါ့လျက် ခပ်ဆတ်ဆတ်အသံနှင့်)ဒီလူဟာ ဘယ်သူလဲ။

၌။ ။ကျွန်မတို့အိမ်မှာ ထမင်းလခပေးစားတဲ့ လူသစ်ပါပဲ၊ ကိုတောက်ထွန်းတဲ့။

ထိုအခါ လုလင်ပျိုနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ချင်ါးစက္ကန့်မျှ ကြည့်နေကြသေး၏။ ထို့နောက်...

။မပြုံးကြည်နဲ့ ကျုပ်နဲ့ ဘယ်လိုဆိုတာ ခင်ဗျားကို မပြုံးကြည်က ပြောပြမထားနှင့်သေးဘူးလား။

။ ။ခင်ဗျားနဲ့သူနဲ့ ဘာတော်တယ်လို့ ကျုပ် မသိရသေးပါကလား။

။ဟုတ်လား၊ ဒါဖြင့် သူက မပြောရသေးရင် ကျုပ်က ပြောပြရမှာပေါ့၊ မပြုံးကြည်ဟာ ကျုပ်ရည်းစားဗျ၊ အိမ်ရှေ့မှာ လကသာသာနဲ့ပြီး လမ်းလျှောက်နေရင် ကောင်းလိမ့်မယ်ထင်တယ်။

။ ။အကြံပေးတာ ကျေးဇူးတင်ပါရဲ့၊ နို့ပေမယ့် အခုအခိုက်မှာ ကျုပ် လမ်းလျှောက်ချင်စိတ် မရှိသေးဘူး။

။(ထောင်းခနဲ အမျက်ထွက်လာသော မျက်နှာထားနှင့်)ဟုတ်လား၊ လမ်းလျှောက်ချင်စိတ် မရှိသေးရင် သတ်ချင်ပုတ်ချင်စိတ်များကော လား။

။ ။(ထိုင်ရာမှ ရုတ်တရက်ထ၍)အဆင်သင့်လိုက်လေမိတ်ဆွေ၊ အချိုရှာ သကာနဲ့တွေ့ဆိုတာလို ဖြစ်နေပြီကော၊ ပြောမှပြောတတ်ပလေ ဟာလေ။

။ ။ရှိကြီးခိုးပါရဲ့ ကိုကို၊ တောင်းပန်ပါရစေ ကိုကို၊ ကြည်ကြည့်စကား ကို နားထောင်ပါကိုကို။

။အောင်မယ် ကိုကိုတွေ ကြည်ကြည်တွေနဲ့ပါလား၊ ဒီအခြေတောင် ရောက်နေကြမင့်ကိုး။

။ ။သည်းခံပါကိုကျော့က်ဘီလူးရယ်၊ ကျွန်မကို ချစ်ရင် သည်းခံပါရှင်၊ ကျွန်မ ရှိခိုးပြီး တောင်းပန်ပါတယ်ရှင်။

၊ ။(တည်ငြိမ်သောအသံဖြင့်)ကြည်ကြည် ရှောင်ပေးရင် ကောင်းလိမ့်မယ်ထင်တယ် ကြည်ကြည်၊ ဒီက မိတ်ဆွေနဲ့ ကျုပ်နဲ့ တစ်ယောက် ၎င်းလင်းရရင် ကောင်းလိမ့်မယ်ထင်ပါတယ်၊ ဒါဖြင့်ရင်လည်း ဒီလိုလုပ်ကြဖို့



လား၊ လကလည်းသာသာ ဘုတာရုံနားမှာ ကွက်လပ်ကြီးကလည်း ကောင်း ခင်ဗျားနဲ့ကျုပ်နဲ့ သွားကြစို့လား။

လူး။ ။ခင်ဗျားလိုလူစားမျိုးကို ကျုပ်ကိုယ်တိုင် စီစဉ်နေဖို့ မလိုပါဘူး၊ ဒီ လာမိတာမှားပြီလို့ နောင်တရစေ့မယ်၊ ခင်ဗျားကြည့်နေ။

ထွန်း။ ။ကိစ္စလုပ်လတ်ပြီးစေအပ်၊ အားလပ်မှသာ မဟူရာဆိုတဲ့ စကား တယ်မိတ်ဆွေ၊ အချိန်ဆွဲနေလို့ ဘာလုပ်မလဲ၊ ပူပူနွေးနွေးကောင်း တယ်ဗျာ၊ လာပါ။

လူး။ ။ခင်ဗျားက လာဆိုတိုင်း ကျုပ်လာရမှာလား၊ ကျုပ် စီရင်ချင်တဲ့အခ ကျမှ စီရင်မှာပေါ့၊ တစ်နေ့တော့ ခင်ဗျားကို စီရင်ရမယ်၊ စိတ်သာ မစိုးရိမ်နဲ့၊ တွေ့ရစေ့မယ်၊ ခင်ဗျားက ကျုပ်ကို ဘယ်လိုကောင် မှတ်နေသ ကြည့်စမ်း၊ ဟောဒါဘာမှတ်သလဲ။

ဟု ပြောလျက် ကိုကျော့က်ဘီလူးသည် အင်္ကျီလက်ကို ပင့်တင်ပြီးလျှ လက်မောင်းကို လှန်ပြလိုက်လေ၏။

လက်မောင်း၌ကား စကြာနှင့်သင်္ကြာန်တူသည့် အမှတ်တံဆိပ်တ သံပူနှင့် ကပ်ထားသကဲ့သို့ ရဲရဲနီလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

လူး။ ။(ဆက်လက်၍)ဒီဟာဘာမှတ်လို့လဲ၊ ခင်ဗျားက...။

ထွန်း။ ။ဘာမှမမှတ်ဘူး၊ အရေးလည်းမလုပ်ဘူး၊ ဘာဖြစ်ရဦးမှာလဲ။

လူး။ ။အခု အရေးမလုပ်ပေမယ့် မကြာခင် အရေးလုပ်ရစေ့မယ်၊ ခင်ဗျ စောင့်သာနေ သိချင်ရင် ပြုံးကြည်ကိုမေးကြည့်၊ သူ ကောင်းကော သိတယ်။

ဟု ပြော၍ မပြုံးကြည်ဘက်သို့ လှည့်ပြီးလျှင်

ပြုံးကြည် နင်တော့လား၊ ငါ့ကို ရှိခိုးပြီး တောင်းပန်ဝန်ချမှ ငါကျေနပ် မယ် ကြားရဲ့လား၊ ဒူးတုပ်ပြီး ရှိခိုးတောင်းပန်ရမယ်၊ တောင်းပန်ပြီဆိုတော့မှ နင့် ဘယ်လိုအပြစ်မျိုးပေးရမယ်ဆိုတာ ငါစဉ်းစားမယ်၊ ဘယ်သူမပြု မိမိမှုတဲ့ ပြုံးကြ ကိုယ့်အပြစ်အတွက် ကိုယ့်ဟာကိုယ် ခါးစည်းပြီး ခံဖို့သာပြင်ထားပေတော့၊ သိ ရောပေါ့ကွယ်၊ မင်းတို့တော့...'

ဟု ပြောလျက် နှစ်ယောက်လုံးကို မျက်လုံးမျက်ဆံပြူးကာ စိုက်ကြ နေသေး၏။

ထို့နောက်မှ ကိုကျော့က်ဘီလူးသည် မတ်တတ်ရပ်နေရာမှ ချာခနဲလှ တည့်၍ တံခါးဆီသို့သွားပြီးလျှင် တံခါးကို ဂျောင်းခနဲမြည်အောင် ဆောင့်ပိ လိုက်ပြီးမှ ဆင်းသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုတောက်ထွန်းနှင့် မပြုံးကြည်တို့သည် အတန်ကြာအောင် စိုက်ငေးကာ ကြည့်နေကြပြီးမှ ကိုတောက်ထွန်းက မပြုံးကြည်၏ လက်ကလေးကို ယုယကြင်နာစွာ ဆုပ်ကိုင်ထားလေ၏။

ကြည်။ ။ကိုကိုက သိပ်ရဲတာပဲကိုကိုရယ်၊ ကြည်ကြည်အားရလိုက်တာ၊ ဒီလိုလူမှ ကြည်ကြည်က သဘောကျတယ်၊ နို့ပေမယ့် ဒီအရပ်မှာတော့ ကိုကို ဘယ်လောက်ရဲပေမယ့် အလကားပဲကိုကို၊ ပြေးမှဖြစ်မယ် ကိုကိုရဲ့၊ ဒီကနေ့ည ပြေးကြပါစို့ ကိုကိုရယ်၊ ကြည်ကြည် တောင်းပန်ပါတယ်နော်၊ ကိုကို မပြေးရင် ကိုကို့အသက်ကို သူ ရန်ရှာပါလိမ့်မယ်၊ သူ့မျက်နှာကြည့်တာနဲ့ ကျွန်မသိပါတယ်၊ ကိုကိုက တစ်ယောက်တည်းရယ်၊ သူတို့က အသင်းအပင်းနဲ့ ဝိုင်းလုပ်ကြရင် ကိုကိုခက်ပါလိမ့်မယ်ကိုကို၊ ကြည်ကြည့်စကား နားထောင်ပါ၊ ပြေးကြပါစို့ ကိုကိုရယ်၊ ရှိကြီးခိုးပါရဲ့။

ကိုတောက်ထွန်းသည် တွတ်တီးတွတ်တာပြောနေသော ပါးစပ်ကလေးကို လက်နှစ်ချောင်းဖြင့် ဖြည်းညင်းစွာပိတ်ထား၍ မပြုံးကြည်၏ ပခုံးကိုကိုင်ပြီး လျှင်ကုလားထိုင်ပေါ်သို့ ထိုင်စေလေ၏။

ထွန်း။ ။တော်ပါကြည်ကြည်ရယ်၊ ကိုကို့အတွက် ဒီလောက်စိုးရိမ်မနေပါနဲ့၊ ကိုကိုလည်း သူတို့ ဂိုဏ်းသားတစ်ယောက်ကပဲ၊ ဘာကြောက်စရာရှိသလဲ၊ ကြည်ကြည်တို့အဖေကိုတောင် ညနေက ဒီအကြောင်းပြောပြပြီးပြီ၊ ဒါထက် ကိုကိုလည်း ဒီဂိုဏ်းထဲပါနေတယ်ဆိုလို့ ကြည်ကြည်က ကိုကို့ကိုမုန်းသလား။

ကြည်။ ။မုန်းရမယ်၊ ဒီကိုယ်နဲ့ ဒီစိတ်နဲ့ မြဲနေသမျှကာလပတ်လုံး ကိုကို့ကို ဘယ်တော့မှ မမုန်းနိုင်ဘူး၊ မှတ်ထားလိုက်ပါ၊ သူတို့ဆိုးပေမယ့် ကြည်ကြည့်ကိုကိုတော့ ဘယ်တော့မှမဆိုးဘူး၊ ကြည်ကြည်သိပါတယ်၊ ဒါထက် ကိုကိုရေ၊ ကိုကိုလည်း ဒီဂိုဏ်းသားဖြစ်ရင် ဘာကြောင့် ဦးမိုးကြိုးကို သွားမတွေ့သလဲ ကိုကို၊ မြန်မြန်သွားတွေ့ပါ ကိုကိုရယ်၊ ကိုကိုက ဦးအောင်သွားတိုင်ထားနှင့်ပါ၊ နို့မဟုတ်ရင် သူတို့လူစုက ကိုကို့ကို ဝိုင်းလုပ်ကြလိမ့်မယ်ကိုကို။

ထွန်း။ ။ကိုကိုလည်း ဒီလိုပဲ စဉ်းစားနေတုန်းပဲ၊ ကိုင်း ဒါဖြင့် ပြောနေကြာရော့မယ်၊ ချက်ချင်းသွားတိုင်ချေဦးမယ်၊ ဒီကနေ့ ဒီအိမ်မှာ အိပ်ပြီး နက်ဖြန်ကျတော့ အိမ်ပြောင်းနေပါ့မယ်လို့ ကြည်ကြည့်အဖေကို ပြောထားနှင့်ပါနော် ကြည်ကြည်။

ငင်းနောက်...

ကိုတောက်ထွန်းသည် အဝတ်အစားများ လဲလှယ်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။



ဦးမိုးကြိုးမှာ ဆတ်ဆတ်ကြဲဂိုဏ်းကြီးတွင် ဂိုဏ်းချုပ်ဖြစ်၍ ၎င်း၏ အသက်မွေးဝမ်းကျောင်းမှာ ရာဇဝတ်မှုမကင်းလှချေ။

နိုင်ငံခြားအရက်များကို ရန်ကုန်မြို့မှ မှာယူ၍ ချက်အရက်များကို တောထဲ၌ ချက်လုပ်စေပြီးလျှင် ထန်းရေ၊ စိမ်ရေစသည်များကိုလည်း တပည့်တပန်းများအား ထန်းတက်စေခြင်းအားဖြင့် ရရှိနိုင်သည်ဖြစ်ရကား ဦးမိုးကြိုး၏ နေအိမ်မှာ ဟိုတယ်ကြီးများထက်ပင် အရက်မျိုး စုံလင်လှ၏။

ယစ်မျိုးဘက်အရာရှိများအားလည်းကောင်း၊ ပုလိပ်အရာရှိများအားလည်းကောင်း သင့်မြတ်အောင် ပေါင်းသင်းထားခြင်းအားဖြင့် ဦးမိုးကြိုးသည် အမိန့်လိုင်စင်ဆွဲရခြင်းမရှိဘဲ အရက်အမျိုးမျိုးတို့ကို ရောင်းချခွင့်ရလေ၏။

အချို့သော ထောင်ကဲများသည် မိုးကောင်းမြို့၏ ဓာတ်မသိကြသဖြင့် လေလံပွဲများတွင် အရက်ဆိုင်အတွက် လေလံဆွဲယူမိကြရာ ပထမအရစ်အတွက် ပေးဆောင်ပြီးသည့်နောက် ဒုတိယအရစ်အတွက် ထမ်းဆောင်နိုင်သော သူဟူ၍ မရှိခဲ့ဖူးချေ။

အဘယ့်ကြောင့်ဆိုသော်...

အရက်သောက်သုံးသူများသည် အထင်အရှား ရောင်းချသော အရက်ဆိုင်သို့ မဝင်လိုကြဘဲ ဦးမိုးကြိုး၏ နေအိမ်သို့ လျှို့ဝှက်စွာ ဝင်သောက်လေ့ရှိကြသောကြောင့်ပေတည်း။

အရက်ဆိုင်ရှင် ထောင်ကဲများက ထိုအကြောင်းကို ယစ်မျိုးအရာရှိကြီးများအား တိုင်တန်းကြပါသော်လည်း ထိုသူတို့သည် ဦးမိုးကြိုးက အစာခွံ့ထားပြီးဖြစ်သောကြောင့် ထိထိရောက်ရောက် အရေးယူကြသည် မရှိချေ။

တစ်ခါတစ်ရံ ယစ်မျိုးဘက်၌ဖြစ်စေ၊ ရာဇဝတ်ဘက်၌ဖြစ်စေ၊ နယ်ဘက်၌ဖြစ်စေ ခေါင်းမာသော အရာရှိတစ်ယောက်တလေ ရောက်လာတတ်၏။

ထိုအရာရှိမျိုးသည် ဦးမိုးကြိုး၏ မကောင်းသတင်းကို ကြားရဖူးသည်ဖြစ်၍ မိုးကောင်းမြို့သို့ ရောက်လာကတည်းက ဤသူအား ဆော်လိုက်အံ့ဟု ကြုံးဝါးတတ်၏။

ဦးမိုးကြိုးသည် စားနေကျကြောင်ပါးဟူသော စကားအတိုင်း ဤသို့သော အရာရှိမျိုးကို တွေ့ရသည်နှင့်တစ်ပြိုင်နက် တတ်နိုင်သမျှ မြှောက်၍ပေါင်း၏။

မိမိအဖို့ ငွေတစ်ရာခန့်မျှ ကျေးဇူးခံစားရမည့် ကိစ္စတစ်ခုအတွက် ယင်းအရာရှိအား ငွေနှစ်ရာမိုး ထုတ်၍ ဝတ်ပြု၏။

ယင်းအရာရှိ၏ ကိစ္စဟူသမျှတွင် ပျာပျာသလဲ ဆောင်ရွက်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှလောက် ဝတ်ကျေသော လူတစ်ယောက်အား ကြာရှည်စွာ တင်းမာနေရန် ခဲယဉ်းလှရကား အချို့အရာရှိများမှာ ခေါင်းမာသောအဖြစ်မှ ခေါင်းပျော့သောအဖြစ်သို့ ပြောင်းလဲသွားကြရကုန်၏။

ဤမျှလောက် ဝတ်ပြုပါလျက်နှင့် ဆက်လက်၍ ခေါင်းမာချင်သေးသော အရာရှိအနည်းငယ်တို့ကိုမူကား ဦးမိုးကြိုးက တစ်နည်းတစ်ဖုံ စီမံတတ်၏။

ထိုသို့သောအခါ၌ ဦးမိုးကြိုးသည် မိမိကိုယ်တိုင် အထူးကောင်းမွန်အောင် ပြင်ဆင်နေထိုင်ပြီးလျှင် ယင်းအရာရှိ၏ အပြုအမူများကို အထူးစောင့်ကြပ်၍ ကြည့်၏။

ငွေနှင့်ထောင်၍ ဖမ်းနိုင်လျှင်လည်း တစ်ဦးတစ်ယောက်အား လာဘ်ပေးခိုင်း၍ သက်သေလုံအောင် စီစဉ်ထား၏။

အလုပ်ဝတ္တရားပျက်ကွက်မှု တွေ့ရလျှင်လည်း အထက်သို့တိုင်တန်း၏။

ထိုမျှနှင့် မရနိုင်သည့်အခါ ဦးမိုးကြိုးသည် ယင်းအရာရှိ၏ အထက်အရာရှိကြီးများထံ တစ်နည်းနည်းနှင့် လမ်းပေါက်အောင် ကြံပြီးလျှင် ပုံးပုံးကပ်ကပ် နှုးနှပ်ကာဖြင့် ယင်းအရာရှိအပေါ်၌ အထင်အမြင်သေးစေလောက်အောင် တို့မီးရှို့မီး ပြုလုပ်လေ့ရှိ၏။

တစ်ခါက နယ်ဘက်အရာရှိတစ်ဦးဖြစ်သော အရေးပိုင်တစ်ယောက်နှင့် အတိုက်အခံဖြစ်ကြရာတွင် ဦးမိုးကြိုးသည် ခရိုင်ဝန်ရှင်တော်မင်းကြီးနှင့် ဘဏ္ဍာတော်မင်းကြီးများသို့တိုင်အောင် (ရုံးမဟုတ်၊ အိမ်သို့)လမ်းရှာ၍ ဝင်ပြီးလျှင် အရေးပိုင်အား ပျက်စီးရာပျက်စီးကြောင်း ကြံစည်၏။

ယင်းအရေးပိုင်မှာ နယ်ပြောင်းရွှေ့ခြင်း ခံရသည့်ပြင် အထက်လူများ၏ ငြိုငြင်ခြင်းလည်း ခံရ၏။

ယင်းအဖြစ်အပျက်မှာ မြို့သိနယ်သိ အဖြစ်အပျက်ဖြစ်လေရကား ဦးမိုးကြိုးမှာ အရာရှိပိုင်းတွင် ကြောက်စရာကောင်းသော လူတစ်ယောက်'ဟူ၍ မှတ်တမ်းတင်ခြင်း ခံရလေ၏။

ပါးရေနပ်ရေမရှိသော ပုလိပ်အင်စပက်တော်များ၊ ဌာနာအုပ်များ၊ ယစ်မျိုးအင်စပက်တော်များ အစရှိသည့် အရာရှိငယ်များအား ဦးမိုးကြိုးက 'ပညာရှိနှိပ်စက်'လိုက်သော အကြိမ်ပေါင်းမှာ များလှပေပြီ။

ယခုအချိန်အခါ၌မူ အရာရှိကြီးငယ် အချင်းချင်း မျက်စိမှိတ်ကာ လက်ဆင့်ကမ်း အချက်ပေးသွားကြရသော အခြေသို့ရောက်နေပြီဖြစ်သောကြောင့် ဦးမိုးကြိုးမှာ အစိုးရဘက်က အနှောင့်အယှက်ပေးကြတော့သည် မရှိချေ။



ထိုနေ့ည၌ ဦးမိုးကြိုး၏နေအိမ်မှာ ထုံးစံအတိုင်း သောက်စားသူများဖြင့် စည်ကားလျက်ရှိ၏။

စားရေးစာချီမှစ၍ ငွေဝင်မှန်သော အလုပ်သမားများသည် ဘရန်ဒီ၊ ဝီစကီ၊ ဘီယာစသော နိုင်ငံခြားအရက်များကို ကျောက်စားပွဲကြီးပေါ်တွင် တင်၍ ဝက်အူချောင်း၊ ဘဲကင်၊ ကြက်ပေါင်ကြော် အစရှိသော အမြည်းများနှင့်လည်းကောင်း၊ ကျောက်တွင်းတူးသမား လုပ်သားများက ချက်အရက်များကို ကြက်ရိုးဟင်း၊ ကလီစာဟင်း စသော အမြည်းများနှင့် ခုံရှည်များပေါ်တွင် ထိုင်လျက်လည်းကောင်း၊ အောက်တန်းစားကူလီများက ထန်းရည်၊ ဆေးရည်စသည်တို့ကို ပဲလှော်ကြော်၊ အမဲခြောက်မှုတ်စသော အမြည်းများနှင့် ဖျာကြမ်းပေါ်တွင် ဝိုင်းဖွဲ့ကာ ထိုင်ကြလျက်လည်းကောင်း ဆိုင်ရာဆိုင်ရာ နည်းအားဖြင့် သောက်စား မြူးထူးကာ ရှိနေကြလေသည်။

ဦးမိုးကြိုးကမူ ဤဝိုင်းမှ ထိုဝိုင်းသို့ ကူးလူးပြောင်းရွှေ့ကာ ရယ်စရာ မောစရာများကို မပြတ်အောင် ပြောဆိုရင်း တောအရက်၊ မြို့အရက်မရွေး လူပေးတိုင်း သောက်စားလျက်ရှိ၏။

ထိုသို့သောအခါမျိုး၌ ဦးမိုးကြိုးကို မြင်ရသူများသည် လူရွှင်ကြီးတစ်ယောက်ဖြစ်၍ ကောင်းကောင်းစားရခြင်းနှင့် ဝဝသောက်ရခြင်းမှတစ်ပါး မည်သည့်အရာကိုမျှ အရေးထားမည့်သူမဟုတ်ဟူ၍ အကဲခတ်မိကြပေလိမ့်မည်။

သို့ရာတွင်...

ယိုသူ၏ ကြီးမားသော ဦးခေါင်းကြီးအတွင်း၌ ဉာဏ်နီဉာဏ်နက် ဉာဏ်ကလက်နှင့် ကောက်သောအကြံ ကွေးသောအကြံ မဟုန်သောစိတ်ကူးများ ပြည့်နှက်လျက်ရှိရကား တစ်ရံဆန် တွေ့ရသူများသည် ဇကန်မှန်မျှ အကဲခတ် မှားကြရမည် ဖြစ်လေသည်။

ဦးမိုးကြိုးမှာ လူကြီးလူကောင်းများ ပြုလေ့မရှိသော နည်းအားဖြင့် စီးပွားရှာလျက်ရှိသော်လည်း မိုးကောင်းမြို့ပေါ်တွင် အကြွယ်ဝဆုံး လူတစ်ယောက်ဖြစ်နေ၍ ယင်းပိုင်အဆောက်အအုံများသည် မိုးကောင်းမြို့ပေါ်၌ လက်ညှိုးထိုးမလွဲအောင် ပေါများလှပေ၏။

ဦးမိုးကြိုး နေထိုင်သောအိမ်မှာ တိုက်ခံအိမ်ကြီးဖြစ်ရာ ကိုတောက်ထွန်းသည် အိမ်ရှေ့တံခါးမှဝင်၍ ဆေးလိပ်မီးခိုးများ ထောင်းထောင်းထလျက်ရှိသော အလယ်ခန်းမှ ဖြတ်သန်းပြီးလျှင် ဦးမိုးကြိုးရှိရာ အတွင်းခန်းသို့ ဝင်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အလယ်ခန်း၌ကား ချက်အရက်သမားများနှင့် ထန်းရည်သမားများ ရှိနေ၍ နိုင်ငံခြားအရက် သောက်စားနိုင်သူများမှာမူ အတွင်းခန်းတွင် ကျောက်စားပွဲနှင့် ကြိမ်ကုလားထိုင်များဖြင့် ထိုင်ကြရလေ၏။

အခန်းအားလုံးတို့မှာ 'စတွန်းကင်း'မီးအိမ်များဖြင့် ထိန်ထိန်လင်းလျက်ရှိ၏။

အတွင်းခန်း၏ ထောင့်တစ်ထောင့်တွင် ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်၌ စည်းစိမ်နှင့် မှီထိုင်လျက် လက်တစ်ဘက်တွင် ဝီစကီဖန်ခွက်နှင့် ပါးစပ်တွင် ဆေးပြင်းလိပ်တုတ်တုတ်ကြီးတစ်လိပ်ကိုခဲလျက် ပိတ်ဖြူလုံးချည်၊ ရှပ်အင်္ကျီ လက်ပင့်နှင့် ဝမ်းဗိုက်ရွဲရွဲ၊ ပါးစပ်ပြဲပြဲ၊ အသားမည်းမည်းရှိသောလူကြီးမှာ အခြားသူ မဟုတ်နိုင်။ ဦးမိုးကြိုးပင် ဖြစ်ရမည်ဟု ကိုတောက်ထွန်း သိရှိလေ၏။

ထလိုက်သည်ရှိသော် ခြောက်ပေနီးပါးရှိသည့် အရပ်အမောင်းအပြင် အရပ်နှင့်လိုက်အောင် တုတ်ခိုင်ကြမ်းတမ်းခြင်း၊ အမွေးအမှင်ထူထပ်ခြင်းစသော အခြင်းအရာတို့ဖြင့် ရောပြွမ်းလျက်ရှိရကား အတော်အတန် ယောကျ်ားများမှာ ဦးမိုးကြိုး၏ မျက်စောင်းထိုးခြင်းကို မတုန်မလှုပ်ဘဲ ခံရပ်နိုင်ဖို့ခဲယဉ်းလှပေသည်။

ထိုသူ၏ မျက်လုံးများမှာ ခက်ထန်ကြမ်းကြုတ်သောသဘောကို ဖော်ပြနေကြသကဲ့သို့ ရှိနေသည့်ပြင် ဇွေဇွေစောင်းစောင်း ရှိနေကြသောကြောင့်လည်း သာ၍ကြောက်မက်ဖွယ် ကောင်းလှပေသည်။

သို့ရာတွင် 'ဈေးရောင်းကောင်း'၍ အလိုပြည့်နေသော အခိုက်တွင်မူကား ဦးမိုးကြိုးမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူရွှင်ကြီးတစ်ယောက် ဟူ၍ မှတ်ထင်ဖွယ်ရာ ရှိနေပေ၏။

သို့ရာတွင်...

သူ၏အလိုနှင့် ဆန့်ကျင်ဘက်ပြုမှုချက်ကြောင့် အမျက်ထွက်လာသော အခါတွင်မူကား (ငရဲပြည်မှ ငရဲသားကြီးတစ်ယောက်သည်)ဤလူကြီးထက် ကြမ်းကြုတ်နိုင်ပါဦးမည်လောဟု ယုံမှားခြင်းဖြစ်မိလောက်အောင် ရှိနေပေ၏။

ဦးမိုးကြိုးအနီးတွင်မူကား. မြို့ပေါ်မှ သုံးနိုင်ဖြုန်းနိုင်သော ကာလသားတစ်စုသည် ဖန်ခွက်ကိုယ်စီနှင့် ဝန်းရံကာ ထိုင်နေကြ၍ ဦးမိုးကြိုး၏ စကားရွှန်းများကို ဟက်ဟက်ပက်ပက် နှစ်သက်ရွှင်မြူးစွာ ရယ်မောလျက်ရှိကြ၏။

ကိုတောက်ထွန်းသည် ယင်းအခန်းဝသို့ ရောက်သောအခါ တစ်ခဏမျှ တန့်ရပ်ကာ ဦးမိုးကြိုးအား လှမ်း၍စိုက်ကြည့်ပြီးနောက် ယင်း၏ထုံးစံအတိုင်း မထေတရီ ပမာမခန့်လုသည့်အမူအရာနှင့် ခြေလှမ်းမှန်မှန် ခပ်အေးအေး လျှောက်ဝင်လာပြီးလျှင် ဦးမိုးကြိုးအနီးသို့ ချဉ်းကပ်လာလေ၏။



ဦးမိုးကြိုးသည် မှီလျက်ထိုင်နေရာမှ တည့်မတ်စွာ ပြင်ထိုင်၍ အံ့ဩသော အမူအရာနှင့် ကိုတောက်ထွန်းအား ငေးကြည့်နေရာ ကိုတောက်ထွန်းကလည်း ရဲတင်းသောမျက်နှာထားနှင့် စိန်းစိန်းပြန်၍ကြည့်လေ၏။

ကြိုး။ ။ဘယ့်နှာလဲ မောင်၊ မောင့်မျက်နှာ ကျုပ် မမြင်ဖူးပါကလား။

ထွန်း။ ။မမြင်ဖူးဆို ကျွန်တော်က လူသစ်ကိုး ဦးမိုးကြိုးရဲ့။

ကြိုး။ ။(မခံနိုင်သော အမူအရာနှင့်)အောင်မာ...ဦးမိုးကြိုးတွေ ဘာတွေနဲ့ အာဂလူပါလား။

အသံတစ်သံ။ ။ဒီအရပ်မှာ သူ့ကိုအားလုံးက ဆရာကြီးလို့ခေါ်နေကြတယ်၊ ခင်ဗျားမသိဘူးလား။

ထွန်း။ ။(တုန်လှုပ်ဟန်မရှိဘဲ)မသိလို့ပ လူရယ်၊ ဆရာကြီးဆိုလည်း ဆရာကြီးပ။ ဆရာကြီးကို တွေ့သင့်တယ်ပြောလို့ လာတွေ့တာပါပဲ။

ကြိုး။ ။ဒါဖြင့် ခုတွေ့ရပြီ မဟုတ်လား၊ ဘယ်လိုများ မောင်က ကျုပ်ကို အကဲခတ်မိသလဲ။

ထွန်း။ ။အကဲခတ်ရမှာ စောစီးလွန်းလှပါတယ် ဆရာကြီးရယ်၊ သို့သော် ဆရာကြီး ကိုယ်ကြီးသလို စိတ်သဘောထားကြီးမယ်ဆိုရင်တော့ တွေ့ရကျိုးနပ်လိမ့်မယ်ထင်မိတာပဲ။

ကြိုး။ ။လူကတော့ လျှာသွက်အာသွက်ထဲကပဲဟေ့၊ ဒါဖြင့် ကျေနပ်သလောက် ကျေနပ်ပြီဆိုပါတော့၊ ဟုတ်စ။

ထွန်း။ ။ဒီလိုပဲ ထားလိုက်ကြပါစို့။

ကြိုး။ ။ကျုပ်ကို သွားတွေ့ဖို့ မှာလိုက်ကြတယ်၊ ဟုတ်ကဲ့လား။

ထွန်း။ ။မှန်ပါတယ်။

ကြိုး။ ။ဘယ်သူကများ မှာလိုက်သလဲမောင်ရယ်။

ထွန်း။ ။မိုးညွှင်းက ကိုသီဟက မှာလိုက်ပါတယ်ဆရာကြီး။

ကိုတောက်ထွန်းသည် မိမိရှေ့မှ စားပွဲပေါ်တွင် တည်ခင်းထားသော ဝီစကီနှင့် ဆိုဒါဖန်ခွက်ကိုလှမ်းယူ၍ သောက်မည်ပြုရင်း ဖန်ခွက်ကိုင်ထားသော လက်မှ လက်သန်းကလေးကိုလှုပ်၍ ပြလေ၏။ ယင်းအား သေချာစွာ စိုက်ကြည့်နေသော ဦးမိုးကြိုးသည် ထိုအခြင်းအရာကို မြင်လိုက်သည်တွင် အံ့အားသင့်သော အမူအရာနှင့် မျက်လုံးများပြူး၍သွားပြီးနောက်...

ကြိုး။ ။ဩော်...ဒီလိုလား၊ သို့သော် ဒီလိုနဲ့တော့ မပြီးနိုင်သေးဘူးဆရာ၊ သေသေချာချာ စစ်ဆေးမေးမြန်းရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်း။ ။မောင်တောက်ထွန်းပါတဲ့။

ကြီး။ ။ဟုတ်တယ် မောင်တောက်ထွန်းရဲ့၊ ဒီအရပ်က ဒို့ပြင်အရပ်နဲ့မတူဘူး၊ ပြောတိုင်းလည်း မယုံနဲ့၊ ယုံတိုင်းလည်း မလိုက်နာလေနဲ့တဲ့၊ သေချာနိုင်မှ တော်ကာကျတယ်မောင်ရေ့၊ လာ...လာ...လာစမ်းပါဦး၊ ဒီအခန်းထဲကို။

ကာလသားများ စုရုံးသောက်စားလျက်ရှိသော အခန်းမကြီး၏ အတွင်းဘက်၌ အရက်သေတ္တာများ သိုလှောင်ထားသည့် အခန်းကလေးတစ်ခန်းရှိရာ ဦးမိုးကြိုးသည် ထိုင်ရာမှထ၍ ယင်းအခန်းထဲသို့ ဝင်သွားသည်တွင် ကိုတောက်ထွန်းသည် ယင်း၏နောက်မှ လိုက်ပါသွားလေ၏။

အခန်းကလေးအတွင်း၌ စားပွဲတင် မီးအိမ်တစ်လုံးသည် ထင်းရှူးသေတ္တာတစ်လုံးပေါ်တွင် ထွန်းညှိလျက်ရှိရာ ဦးမိုးကြိုးသည် သေတ္တာတစ်လုံးပေါ်တွင် ထိုင်၍ ကိုတောက်ထွန်းအား အခြားသေတ္တာတစ်လုံးပေါ်၌ ထိုင်ရန် ညွှန်ပြလေ၏။

ဦးမိုးကြိုးသည် ဆေးပြင်းလိပ်ကြီးကိုခဲလျက် မျက်မှောင်ကုတ်ကာ စဉ်းစားစိတ်ကူးနေသော မျက်နှာထားနှင့် ကိုတောက်ထွန်းအား အတန်ကြာအောင် စိုက်ငေး၍ ကြည့်နေသေး၏။

နှစ်မိနစ်ခန့်ကြာသော် ဦးမိုးကြိုးသည် ခကားတစ်ခွန်းမှ မပြောသေးဘဲ စိုက်လျက်ပင် ကြည့်နေသေးရာ ကိုတောက်ထွန်းကမူ လက်ကို တစ်ဖက်အကျႌအိတ်တွင်နှိုက်လျက် အခြားတစ်ဖက်ဖြင့် မိမိ၏နက်မှောင်သန်စွမ်းသော နှုတ်ခမ်းမွေးကို ဆွဲလိမ်လျက် တည်ငြိမ်စွာ ထိုင်နေလေ၏။

ယင်းသို့ အကဲခတ်လျက်ရှိရာမှ ဦးမိုးကြိုးသည် မည်သည့်နေရာမှ ဆွဲထုတ်လိုက်သည်မသိ။

လက်ထဲတွင် ခြောက်လုံးပြူး သေနတ်တစ်လက် ထွက်ပေါ်လာလေ၏။

ကြီး။ ။ဟေ့လူ၊ ဒီမှာကြည့်စမ်း၊ ယီးတီးယားတားများတော့ မလုပ်နဲ့နော်၊ အသည်းနှလုံး ဆန်ခါဖြစ်သွားမယ် နားလည်လား၊ လူရှုပ်ဆိုရင် ကျုပ်တို့အရပ်မှာ ကြာကြာမထားဘူး၊ သိတယ်မဟုတ်လား။

ထွန်း။ ။(တုန်လှုပ်ခြင်းအလျှင်းမရှိဘဲ ခန့်ညားတည်ငြိမ်သော အမူအရာနှင့်) ဂိုဏ်းချုပ်တဲ့။ လူတစ်ယောက်က တင်ဂိုဏ်းတည်းသားတစ်ယောက်ကို ဧည့်ခံပုံက ဒီလိုပဲထုံးစံရှိလား ဆရာကြီးရယ်။

ကြီး။ ။တစ်ဂိုဏ်းတည်းသားဆိုတာတော့ ဟုတ်ပါပြီ၊ နို့ပေမယ့် ယုံကြည်လောက်အောင် သက်သေခံတင်ပြဖို့ လိုသေးတယ်မောင်ရေ့။ ကျုပ်



အောင် ပြနိုင်ရင်ပြ၊ မပြနိုင်ရင်တော့ ဘုရားတရားကိုသာ အောက်မေ့ပေတော့၊ ဘယ်အရပ်မှာ ဒီဂိုဏ်းထဲ ဝင်ခဲ့သလဲ။

ထွန်း။ ။တွင်းငယ်နံပါတ် နှစ်ဆယ့်ကိုးပါ။

ကြီး။ ။ဘယ်တုန်းကလဲ။

ထွန်း။ ။၁၂၈၂ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့ပါ။

ကြီး။ ။ဂိုဏ်းချုပ်နာမည် ဘယ်သူလဲ။

ထွန်း။ ။ဦးပန်းအုံပါတဲ့။

ကြီး။ ။ဒီနယ်က ဘယ်သူ့နယ်လဲ။

ထွန်း။ ။ဦးချမ်းအေးပါ။

ကြီး။ ။အဟမ်း...ဖြေပုံတော့ဖြင့် သွက်လက်ပါပေ့၊ ဒါထက် ဘာကိစ္စနဲ့ ဒီကိုရောက်လာသလဲ။

ထွန်း။ ။ဆရာကြီးတို့လိုပေါ့၊ လူငယ်ဆိုတော့ အလုပ်ငယ်ငယ်ပေါ့။

ကြီး။ ။ကျက်ထားတဲ့စာလိုပဲ၊ တယ်သွက်လက်ပါပေတယ်။

ထွန်း။ ။သွက်လက်တာကတော့ ကျွန်တော့်ထုံးစံပါပဲ။

ကြီး။ ။နှုတ်သွက်သလို အလုပ်သွက်ပ့ါမလား။

ထွန်း။ ။စမ်းကြည့်တာပေါ့ ဆရာကြီး။ ဟိုအရပ်မှာတော့ နာမည်ရခဲ့တဲ့ လူတစ်ယောက်ပါပဲ။

ကြီး။ ။တစ်နေ့တော့ စမ်းကြည့်ရမှာပေါ့လေ။ ဒါထက် ဒီအရပ်က ဂိုဏ်းအကြောင်းကို ကြားဖူးသလား။

ထွန်း။ ။ဒီအရပ်က ဂိုဏ်းသားတွေဟာ ယောကျ်ားပီသလှတယ်လို့ ကျွန်တော် ကြားဖူးပါတယ်။

ကြီး။ ။တွင်းငယ်က ဘာကြောင့်ထွက်လာသလဲ။

ထွန်း။ ။ဒီအကြောင်းကို ကျွန်တော်ဖြေအောင် မေးနိုင်ရင် အာဂလူပေါ့။

ဦးမိုးကြိုးမှာ မိမိမေးသမျှကို ဤနည်းအားဖြင့် ဖြေဆိုပုံသူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ဖူးဘဲ ပထမအကြိမ်တွေ့ရခြင်းဖြစ်လေရကား မျက်လုံးများကို ကျယ်စွာဖွင့်၍ ကြည့်ပြီးလျှင် အမျက်ထွက်လိုသော စိတ်ကိုပြုံးလိုသော စိတ်က လွှမ်းမိုးသွားလေ၏။

သို့ရာတွင် မလေးစားဘဲ နေမည်စိုးသဖြင့် မျက်နှာပိုးသတ်လျက် စေ့စေ့ကြည့်နေလေ၏။

ကြီး။ ။ဘာကြောင့် ဒီမေးခွန်းကို မဖြေနိုင်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



ထွန်း။ ။ဒီမေးခွန်းကို ကျွန်တော့်မှန်တဲ့အတိုင်းလည်း မဖြေနိုင်ဘူး၊ ဂိုဏ်းသားအချင်းချင်း လိမ်လို့လည်း မဖြေချင်ဘူး။

ကြီး။ ။မှန်တဲ့အတိုင်း ဖြေရရင် လူကြားမကောင်းမှာ စိုးလို့လား။

ထွန်း။ ။ဒီလိုတွေးချင်ရင်လည်း တွေးနိုင်တာပေါ့ ဆရာကြီးရယ်။

ကြီး။ ။ဟော့လူ၊ ဒီမှာကြည့်စမ်း၊ ဂိုဏ်းချုပ်တို့ ဝတ္တရားရှိတဲ့အတိုင်း အဖြစ်အပျက် အကျိုးအကြောင်း အစုံအလင် မသိရတဲ့ လူတစ်ယောက်ကို ဂိုဏ်းထဲမသွင်းနိုင်ဘူး၊ ဝတ္တရားအတိုင်း ကျုပ်မေးရခြင်း ဖြစ်တယ်။

ကိုတောက်ထွန်းမှာ အကျပ်ကျသော မျက်နှာထားနှင့် ဦးခေါင်းကိုကုတ်ကာ စဉ်းစားနေလေသည်။

ထိုနောက်မှ အကြံရသည့် လက္ခဏာနှင့် သတင်းစာဖြတ်ပိုင်းတစ်ခုကို အင်္ကျီအိတ်မှ ထုတ်လေ၏။

ထွန်း။ ။ဆရာကြီး နှုတ်လုံရဲ့နော်။

ကြီး။ ။မောင် မေးစရာမဟုတ်ပါဘူး၊ ဂိုဏ်းသားနဲ့ဂိုဏ်းချုပ်ပီပီ စကားပြောစမ်းပါ မောင်တောက်ထွန်းရယ်။

ထွန်း။ ။(အမှားကို ဝန်ခံလိုသော မျက်နှာထားနှင့်) သည်းခံပါဆရာကြီး၊ အယုံအကြည် နည်းမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်၊ ဆရာကြီးကို ယုံကြည်ထိုက်ကြောင်း ကျွန်တော် ဝန်ခံပါပြီ၊ ဟောဒီက သတင်းစာဖြတ်ပိုင်းကို ဖတ်ကြည့်ပါတော့။

ဦးမိုးကြိုးသည် သတင်းစာဖြတ်ပိုင်းကို ဖတ်ကြည့်ရာတွင် တွင်းငယ်နီလာကျောက်တွင်းတူးရာ အရပ်၌ မောင်ဘသောင်းအမည်ရှိ လူတစ်ယောက်အား ဓားနှင့်ထိုးသတ်သည့် လူသတ်မှုအကြောင်း ရေးသားချက်များကို တွေ့ရှိရလေ၏။

ကြီး။ ။(စာရွက်ကို ပြန်ပေးရင်း)ဒီဟာ မောင့်လက်ချက်လား။

ကိုတောက်ထွန်းက ခေါင်းညိတ်လိုက်လေ၏။

ကြီး။ ။ဘာ့ကြောင့် ဓားနဲ့ထိုးသတ်ရတာလဲ။

ထွန်း။ ။ကျွန်တော်က ဓာတုဗေဒဘက်က နည်းနည်းကျင်းကျင်း ခေါက်မိလေတော့ နှုတ်စက္ကူကလေးတစ်ခုတလေ လုပ်စမ်းကြည့်ရာ တစ်ခါထက်တစ်ခါ တော်တော်ဟန်ကျလာတော့ စက္ကူကောင်းများနဲ့ တစ်ချပ်တလေ ရောညှပ်ပြီး သုံးရတယ်ဆရာကြီးရဲ့၊ ကျွန်တော်က စက္ကူလုပ်၊ ဘသောင်းဆိုတဲ့ အကောင်က ချစ်တီးတွေဆီမှာ စွံအောင်ထုတ်၊ ဒီလိုနဲ့ စားလာခဲ့ကြတာ တော်တော်ကြာသွားပြီဆရာကြီးရဲ့၊ နောက်ဆုံး တစ်နေ့တော့ ဒီအကောင်ဟာ အစိုးရ



ထုတ်ထားတဲ့ ဆုငွေကိုမက်မောပြီး ကျွန်တော့်အပေါ်မှာ သစ္စာဖောက်မယ်လို့ ကြံစည်တာကိုး ဆရာကြီးရဲ့၊ သူ့လောက်ပါးလို့ ဘာရမလဲ၊ သူက ဖော်မယ်လို့ ကြံကာရှိသေး၊ ကျွန်တော်က သူ့ပါးစပ် မဖွင့်နိုင်အောင် တစ်ခါတည်း ပိတ်လိုက်တာကိုး ဆရာကြီးရဲ့။

ကြီး။ ။တော်ပါပေ့မောင်၊ ပြီးတော့ မောင်က ဒီထွက်ပြေးလာခဲ့ရောလား။

ထွန်း။ ။မှန်ပါတယ်ဆရာကြီး။

ကြီး။ ။ဒို့ပြင်အရပ်မပြေးဘဲနဲ့ ဒီအရပ်ပြေးလာခဲ့တာက ဘာစိတ်ကူးနဲ့လဲ။

ထွန်း။ ။ဒီအရပ်မှာ ဆတ်ဆတ်ကြဲဂိုဏ်းသားတွေရှိတယ်လို့ သတင်းစာထဲမှာ တွေ့ဖူးလို့ ဆရာကြီးရဲ့။

ဦးမိုးကြိုးလည်း မည်သို့မျှ ပြန်ပြောသေးဘဲ ဟက်ဟက်ပက်ပက် ရယ်မောနေသေး၏။ နောက်ဆုံး၌...

ကြီး။ ။မောင်က ငွေစက္ကူလည်းလုပ်တယ်၊ လူကိုလည်း သတ်ခဲ့တယ်၊ ဒါနဲ့တောင် မောင့်ကို ဂိုဏ်းသားတွေက ဝိုင်းကယ်ကြလိမ့်မယ် ထင်ပြီး ဒီအရပ် ပြေးလာခဲ့တယ်၊ ဟုတ်စ။

ထွန်း။ ။ဒီလိုပဲဆိုကြပါစို့ ဆရာကြီး။

ကြီး။ ။(ဦးခေါင်းသပ်လျက်)အင်း...တော်ပါရဲ့... တော်ပါရဲ့၊ နေရာတကျ သုံးတတ်ရင် တော်တော်အသုံးဝင်မယ့်လူနဲ့ တူပါရဲ့၊ ဟော့လူ၊ ဒါထက် ငွေစက္ကူလုပ်တတ်သေးရဲ့လား။

ကိုတောက်ထွန်းသည် မည်သို့မျှ ပြန်ပြောသေးဘဲ အင်္ကျီအိတ်ထဲမှ ငွေစက္ကူတစ်ဆယ်တန် ငါးချပ်ကို ထုတ်ယူ၍ ဦးမိုးကြိုးအား ပြလေ၏။

ထွန်း။ ။ဆရာကြီးကြည့်စမ်း၊ ဒီစက္ကူတွေ ကောင်းရဲ့လား။

ဦးမိုးကြိုးသည် ငွေစက္ကူများကို တစ်ချပ်စီလှန်လှော၍ သေချာစွာ ကြည့်ရှုလေ၏။

ယင်းနောက် မီးရောင်တွင် ထောင်၍ ကြည့်ရှုသေး၏။

ကြီး။ ။ကောင်းပါမောင်၊ ကျုပ်ဆီ လာဝယ်ရင်တော့ လက်ခံပြီး ယူထားလိုက်မှာပဲ။

ထွန်း။ ။အဲဒါတွေ တစ်ချပ်မှ အစိုးရလုပ်တာ မဟုတ်ဘူးဆရာကြီးရဲ့၊ ကျွန်တော့်လက်ရာချည်းပဲ။

ကြီး။ ။(မျက်လုံးများဝိုင်းလျက်)ဟုတ်ပါ့မလား မောင်ရယ်၊ တော်လိုက်တဲ့ လူကွယ်၊ ရေစာရောဘာရော အားလုံးတူတာပဲဟေ့၊ ဘာတစ်ခုမှ ဆိုစရာမရှိဘူး၊ စက္ကူတော့ နည်းနည်းကလေး အကြွတ်လိုသလိုတော့ ထင်မိပါ

www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ ဒါလည်း စိတ်ကထင်လို့နဲ့တူပါတယ်၊ ဖွင့်မပြောရင် ကျုပ်သိမှာလည်း မဟုတ်ပါဘူး၊ ဘယ်သူ့ဆီသွားလဲလဲ ယူကြမှာချည်းပါပဲ၊ နေရာကျလိုက်လေ မောင်ရယ်၊ ကျုပ်တို့ဂိုဏ်းထဲမှာ ဒီလိုလူတစ်ယောက် ရောက်လာတာ သိပ်နေရာကျတာပဲ၊ မောင်ဆိုးတာတော့ ဘာအတွက်ရှိသလဲ၊ ကျုပ်တို့လည်း တစ်ခါတလေ ကိုယ့်ထိတော့ တွယ်ကြရသေးတာမျိုးကပဲ။

ထွန်း။ ။တွယ်တဲ့ဘက်က အလိုရှိရင်တော့ ကျွန်တော့်နာမည်ကို ထိပ်ဆုံးကပဲ ထားလိုက်ပါ ဆရာကြီးရယ်။

ကြိုး။ ။ငါ့လူက သတ္တိကောင်းပုံလည်းရတယ်၊ ခုနင်က ခြောက်လုံးပြူးနဲ့ချိန်တာ တွန့်တောင်မှ မတွန့်ဘူး။

ထွန်း။ ။ဘာတွန့်ရမှာလဲ ဆရာကြီးရဲ့၊ ထိစရာရှိရင် ကျွန်တော့်ထိမှာမှ မဟုတ်ဘဲကပဲ။

ကြိုး။ ။မောင့်မထိလို့ ဘယ်သူ့ထိရဦးမှာလဲ။

ထွန်း။ ။ထိစရာရှိရင် ကျွန်တော့်ကိုမထိဘူး ဆရာကြီးကို ထိမှာ ဆရာကြီးရဲ့၊ ဆရာကြီးက ကျွန်တော့်ကို ချိန်ထားပေမယ့် ကျွန်တော်ကလည်း အင်္ကျီအဝတ်ထဲကနေပြီး ဆရာကြီးကို ချိန်ထားတယ်၊ ဆရာကြီးအကဲကို ကျွန်တော်ကြည့်နေတာပဲ၊ ဆရာကြီးက ခလုတ်မဖြုတ်ခင် ကျွန်တော်ဦးအောင် ဖြုတ်ချလိုက်မှာပေါ့။

ဟု ပြော၍ ကိုတောက်ထွန်းသည် အင်္ကျီအိတ်ထဲတွင် ဝှက်ထားသော ခြောက်လုံးပြူးကို အပြင်သို့ထုတ်၍ ပြလေ၏။

ဦးမိုးကြိုးသည် တစ်ခဏ၌ စိတ်ဆိုးဟန်လက္ခဏာနှင့် မျက်နှာများ နီမြန်းသွားသော်လည်း နောက်တစ်ခဏ၌ သတိရ၍ ဟက်ဟက်ပက်ပက် ရယ်မောကာ ကိုတောက်ထွန်း၏ ပခုံးကို ပုတ်လေ၏။

ကြိုး။ ။(အကယ် ကျေနပ်ဟန်ရှိသော အမူအရာနှင့်)တယ်တော်တဲ့လူပေါ့၊ နေရာတကာ သွက်လည်းသွက်၊ ဘွင်းဘွင်းကြီးလည်း ချတယ်၊ ကျုပ်တို့က ဒီလိုမှကြိုက်တယ်၊ အားကိုးရမယ့်လူတစ်ယောက်နဲ့ တူတယ်ဟေ့၊ ဘာလဲကွ ဟေ့ကောင်၊ ဧည့်သည်နဲ့စကားပြောနေမှန်း မသိဘူးလား၊ ဘာလာပြီးရှုပ်တာလဲ။

နောက်ဆုံးပြောလိုက်သော စကားအပိုဒ်မှာ အရက်ရောင်းသော အစေခံ ဖိုးထွေးအား ရည်ရွယ်ပြောဆိုခြင်းဖြစ်လေရာ ဖိုးထွေးသည် တံခါးကိုဖွင့်၍ ဦးခေါင်းကို ပြူကြည့်ပြီးနောက် ဦးမိုးကြိုးက ငေါက်လိုက်သည်နှင့် ပိတ်လိုက်ပြီးမှ တစ်ဖန် ဖွင့်ကြည့်ပြန်လေ၏။



ကြိုး။ ။ဘာလဲဟဲ့ ဖိုးထွေးရဲ့။

မောင်ထွေး။ ။စိတ်မရှိပါနဲ့ ဆရာကြီးခင်ဗျား၊ ကိုကျောက်ဘီလူး ဝင်လာပြီး ဆရာကြီးကို ခုချက်ချင်း တွေ့ချင်တယ်လို့ ပြောနေလို့ပါ ဆရာကြီးခင်ဗျာ။

ဖိုးထွေး၏ စကားအဆုံး၌ ကိုကျောက်ဘီလူးသည် စောင့်ဆိုင်းရန် မတတ်နိုင်သောကြောင့် ထက်ကြပ်လိုက်ပါလာသဖြင့် ယင်း၏မျက်နှာသည် ဖိုးထွေး၏ ဦးခေါင်းထက်မှကျော်၍ အခန်းတွင်းသို့ ပြူကြည့်နေလေ၏။

နောက်တစ်ခဏ၌ ကိုကျောက်ဘီလူးသည် ဖိုးထွေးကို တွန်းဖယ်ထုတ်ပစ်လိုက်ပြီးနောက် အခန်းတွင်းသို့ဝင်လာ၍ တံခါးကို သေချာစွာ ပိတ်ထားလိုက်လေ၏။

ယင်းနောက် ဦးမိုးကြိုးနှင့် ကိုတောက်ထွန်းတို့၏ ရှေ့တည့်တည့်တွင် ရပ်လျက်...

လူး။ ။(စားတော့မည့် မျက်နှာထားမျိုးနှင့် ကိုတောက်ထွန်းအား လှမ်းကြည့်၍)ခင်ဗျားက ရောက်နေပြီပေါ့လေ၊ ဟုတ်စ တယ်တော်တဲ့ လူ၊ ဒါထက် ဆရာကြီး၊ ဒီလူ့အကြောင်း ပြောပြချင်လို့ ဆရာကြီးနဲ့ တွေ့ချင်ပါတယ်။

ထွန်း။ ။ပြောစရာရှိရင် ကျုပ်ရှေ့မှာ ပွင့်ပွင့်လင်းလင်း ပြောပြပါတော့လားဗျာ၊ ဘာ ပုန်းလျှိုးကွယ်လျှို လုပ်နေစရာရှိသလဲ။

လူး။ ။ကိုယ်ပြောချင်တဲ့စကားကို ပြောချင်တဲ့နေရာမှာ ပြောချင်တဲ့နည်းနဲ့ ပြောမှာပေါ့ဗျ၊ ခင်ဗျား ပူစရာမရှိပါဘူး။

ကြိုး။ ။(သေတ္တာပေါ်တွင် ထိုင်နေရာမှ ထ၍)ဒီလို မလုပ်ကြနဲ့လေ၊ အေးအေးဆေးဆေး ပြောကြမှပေါ့၊ ဒါထက် မောင်ကျောက်ဘီလူးရေ၊ ကျုပ်တို့ဂိုဏ်းသားသစ်တစ်ယောက် ရောက်လာတယ်မောင်ရဲ့၊ မိတ်ဆွေသစ်တစ်ယောက်ကို ဒီလိုနည်းနဲ့ ဧည့်ခံလို့ တော်ပေရိုးလားလေ၊ ကိုင်း...ကိုင်း၊ ကျုပ်စကားနားထောင်ကြ၊ အနောက်တိုင်းသားများလို တစ်ယောက်နဲ့တစ်ယောက် လက်ဆွဲပြီး နှုတ်ဆက်လိုက်ကြစမ်း။

လူး။ ။(စိတ်မာန်ကြီးစွာနှင့်)ဘယ်တော့မှ မဆွဲဘူး။

ထွန်း။ ။သူ့အပေါ်မှာ ကျွန်တော်က ကျူးထားတယ်ထင်လို့ မကျေနိုင်ရင် သူ စိတ်ကျေနပ်အောင် သတ်ချင်သတ်ကြစို့လို့ ကျွန်တော်က ပြောပါတယ်ဆရာကြီးရယ်၊ လက်သီးချင်း ထိုးချင်ထိုး၊ ဒီလိုနဲ့မှ မကျေနပ်သေးလို့ ဗောက်နက်နဲ့မှ သတ်ချင်တယ်ဆိုရင်လဲ ဓားချင်းကြိုက်ကြိုက်၊ လုံချင်းကြိုက်ကြိုက်၊

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ချင်းကြိုက်ကြိုက် ကျွန်တော်က မငြင်းပါဘူးဆရာကြီးရယ်၊ အသင့်ရှိပါတယ်၊ ကျွန်တော်တို့ကိစ္စကလေးကို ဆရာကြီးပဲ ဆုံးဖြတ်ပါတော့၊ ဆုံးဖြတ်သလို ကျွန်တော် နာခံပါ့မယ်။

ကြိုး။ ။ဘယ်ကရန်စလဲ လူများရဲ့။

ထွန်း။ ။မိန်းမမှုပါ ဆရာကြီးရယ်၊ သူကြိုက်ရာ သူ ယူပါစေ၊ မိန်းကလေး သဘောအတိုင်းပေါ့။

လူး။ ။အောင်မယ် သူကြိုက်ရာ သူ ယူနိုင်တယ်လား၊ ဘယ်ကဥပဒေလဲ သိပါရစေ။

ကြိုး။ ။ဂိုဏ်းသားအချင်းချင်း ဖြစ်တဲ့အတွက် မိန်းကလေး သဘောကျ ယူစေဆိုတာ နည်းလမ်းကျပေတယ်။

လူး။ ။အောင်မယ်၊ ခင်ဗျားက ဒီလိုပဲ ဆုံးဖြတ်သလား၊ ဟုတ်စ။

ကြိုး။ ။(မျက်လုံးပြူးလျက်)ခင်ဗျားတွေဘာတွေနဲ့လား၊ ဒီကိစ္စမပြောခင် မင်း ခင်ဗျားကို မင်းပြန်ရုပ်သိမ်း။

လူး။ ။ဒီဟာ ဆရာကြီးရဲ့ အဆုံးအဖြတ်လား။

ကြိုး။ ။မှန်တယ်၊ ကျုပ်အဆုံးအဖြတ်ပဲ၊ မောင်က မကျေနပ်ဘူးလား၊ ဘာပြောချင်သေးသလဲ။

လူး။ ။တော်ပါပေ့ ဆရာကြီးရယ်၊ ငါးနှစ်ကျော်ကျော် ခြောက်နှစ်ပတ်လုံး ကျိုးနွံစွာ အမှုထမ်းလာခဲ့တဲ့ ဂိုဏ်းသားတစ်ယောက်ဘက် မလိုက်ပါဘဲနဲ့ ခုမှတွေ့ကြတဲ့ ဂိုဏ်းသားသစ်ဘက်ကို လိုက်တော့မယ်ပေါ့လေ၊ ဂိုဏ်းချုပ်အလုပ်ဟာ ရာသက်ပန်အလုပ်မဟုတ်ပါဘူး ဆရာကြီးရဲ့၊ ဒီတစ်ခါ နှစ်စေ့လို့ ဂိုဏ်းချုပ်ရွေးတဲ့အခါကျရင် ဆရာကြီး ဘယ်နှစ်မဲများ ရနိုင်ဦးမှာလဲလို့ ကြည့်စမ်းပါဆရာကြီးရယ်၊ နောက်တစ်ခါ...။

ကိုကျောက်ဘီလူး၏ စကားမဆုံးမီ ဦးမိုးကြိုးသည် လေးလံသော ကိုယ်ကာယကြီးနှင့်မလိုက်အောင် ဖျတ်လတ်စွာ ခုန်တဲ့၍ ကိုကျောက်ဘီလူး၏ လည်ကုပ်ကို စိစိပါအောင်ညှစ်ပြီးလျှင် ထင်းရှူးသေတ္တာများပေါ်သို့ လွှင့်ပစ်လိုက်ရာ ကိုကျောက်ဘီလူးမှာ ထင်းရှူးသေတ္တာကြီးနှစ်လုံးပေါ်မှ ကြောက်ကျော်၍ အခန်းကလေး၏ထောင့်တွင် ခွေခွေကလေး ပုံလျက်ကျသွားလေ၏။

ထိုမျှနှင့် အားမရသေးဘဲ ဦးမိုးကြိုးသည် ရေရွတ်မြည်တမ်းနေသော ကိုကျောက်ဘီလူးရှိရာသို့ သေတ္တာပေါ်မှ ခုန်လွှားကာ လိုက်သွားဦးမည်ပြုလေရာ ကိုတောက်ထွန်းက...

'သတိထားပါဆရာကြီး၊ လက်လွန်ကုန်ပါလိမ့်မယ်'



ဟု ပြောလျက် လက်မောင်းကို ဆွဲထားလိုက်သည်တွင်မှ တန့်ရပ်နေလေ၏။

ကိုကျောက်ဘီလူးမှာ ခွေးကြီးက အုပ်ထားရာမှ လွှတ်လိုက်သဖြင့် ပက်လက်လန် ဖုတ်ဖက်ခါ၍ထလာသော ခွေးကလေးပမာ လဲရာမှထ၍ မောဟိုက်သည့်လက္ခဏာနှင့် ပါးစပ်ကိုဟလျက် ထင်းရှူးသေတ္တာတစ်လုံးပေါ်တွင် အနိုင့်အနိုင် ထိုင်နေလေ၏။

ကြိုး။ ။(ရင်ဘတ်ကြီး မောက်ချည်နိမ့်ချည်လှိုင်းထလျက်)မင်းက ခေါင်းထနေတာ ကြာလှပြီကွယ့်၊ မောင်ကျောက်ဘီလူး၊ မင်းက ငါ့ကို ခွာရာတိုင်းတိုင်းနေဟန်တူတယ်၊ မင်းကိုငါဆုံးမချင်တာ ကြာလှပြီ၊ ဒီတစ်ခါ အမြည်းပေးလိုက်ချင်တာပဲ၊ နောက်ကို ဒီထက်ဆိုးပြီသာမှတ်ပေတော့၊ မင်းက ငါ့ကို ဂိုဏ်းချုပ်အလုပ်က ဖြုတ်ချနိုင်ရင် ဒီနေရာကို မင်းရလိမ့်မယ်လို့ မှတ်နေတယ် ဟုတ်စ၊ မင်းရတာ မရတာတော့ ဆရာကြီးများ သဘောအတိုင်းပဲ၊ သို့သော် ငါဂိုဏ်းချုပ်ဖြစ်နေခိုက် အတောအတွင်းမှာ ငါ့စကား ငါ့အမိန့်ကို ဘယ်သူတော်လှန်တာမှ ငါသည်းမခံနိုင်ဘူးဟေ့၊ နားလည်လား။

လူး။ ။(ဝမ်းဗိုက်ကိုနှိပ်လျက်) ဆရာကြီးကို ကျွန်တော် တော်လှန်တာမှ မဟုတ်ဘဲ ဆရာကြီးရယ်။

ကြိုး။ ။(အမျက်ပြေပျောက်ဟန်လက္ခဏာနှင့်)ကိုင်း ကိုင်း၊ ဒါဖြင့်လာကြ၊ တစ်ယောက်ကိုတစ်ယောက် ရန်ငြိုးမထားကြစို့နဲ့။

ယင်းနောက် ဦးမိုးကြိုးသည် ဝီစကီပုလင်းနှင့်ဆိုဒါများ ယူခဲ့စေ၍ ဖန်ခွက်သုံးခွက်ထဲသို့ ကိုယ်တိုင်လောင်းငှဲ့လေ၏။

ထို့နောက်

ကြိုး။ ။ကိုင်း၊ လာကြ၊ တစ်ယောက် တစ်ယောက် စိတ်ကျေတဲ့ အထိမ်းအမှတ်နဲ့ သောက်၊ လာကြ၊ စားလာကြ၊ ပျော်လာကြ၊ ဟို...ဟို...ဟို။

ဦးမိုးကြိုး၏ ရယ်မောသံများမှာ မိုးချုန်းသံတမျှ ဆူညံလှပေ၏။

တစ်ခွက်စီသောက်ပြီးသောအခါ...

ကြိုး။ ။မောင်ကျောက်ဘီလူး

လူး။ ။ဆရာကြီး။

ကြိုး။ ။မောင်တောက်ထွန်း။

ထွန်း။ ။ခင်ဗျာ။

ကြိုး။ ။ကျုပ်စကားကို နားထောင်ကြနော်။

သံပြိုင်။ ။နားထောင်ပါ့မယ်ဆရာကြီး။

www.burmeseclassic.com

www.burmeseclassic.com



ကြိုး။ ။မောင်ကျော်ဘီလူး လက်ထုတ်စမ်း၊ အဲ... ဟုတ်ပြီ၊ မောင်တောက်ထွန်း လက်ထုတ်စမ်း၊ အဲ...ဟုတ်ပြီ၊ ကိုင်ဆွဲလိုက်ကြစမ်း။

ထိုအခါ လုလင်နှစ်ယောက်တို့သည် ငြင်းဆန်ရန်အလိုမရှိတော့ဘဲ တစ်ယောက်၏လက်ကို တစ်ယောက် ဆုပ်ကိုင်ယမ်းခါကြရလေ၏။

ကြိုး။ ။(စိတ်ကျေနပ်သော အမူအရာနှင့် လက်နှစ်ဘက်ကိုပွတ်လျက်)ဒီလိုမှပေါ့ မောင်တို့ရဲ့၊ ဂိုဏ်းသားအချင်းချင်းဆိုတာ ဒီလိုမှပေါ့၊ ကျုပ်စကားကို နားထောင်ရင် ကျုပ်က ချီးမြှောက်ချင်တယ်၊ နားမထောင်တဲ့ လူကျရင်ခတ်ဆတ်ဆတ်ကလေး ဆုံးမချင်တယ်၊ မောင်ကျော်ဘီလူးသိတဲ့ အတိုင်းပေါ့၊ မောင်တောက်ထွန်းလည်း မကြာခင် မြင်ရတွေ့ရပါလိမ့်မယ်။

ထွန်း။ ။(မျက်နှာရွှန်းရွှန်းနှင့်)နားမထောင်တဲ့အထဲ ကျွန်တော်မပါလိုပါဘူး ခင်ဗျာ၊ ရန်ငြိုးလည်း မဖွဲ့တတ်ပါဘူး၊ ကျွန်တော့်သဘောက ပြီးပြီးပျောက်ပျောက်ဆိုတာမျိုးလို ရန်ဖြစ်ဖို့လည်း ဦးမလေးဘူး၊ အမျက်ကိုဖျောက်ဖို့လည်း ဦးမလေးပါဘူး၊ ဟုတ်ဘူးလားဗျ ကိုကျော်ဘီလူး။

ကိုကျော်ဘီလူးမှာ ကိုတောက်ထွန်း၏ လိုက်လျောသော အမူအရာကို လက်မခံဘဲ တွန်းလှန်လိုသေးသော်လည်း ဦးမိုးကြိုးက လှမ်း၍ကြည့်လိုက်သောကြောင့်...

'ဟုတ်ပါတယ်ဗျာ'

ဟူ၍ အလိုက်အထိုက် ပြန်ပြောလိုက်ရလေ၏။

သို့ရာတွင် ဝမ်းတွင်း၌မူကား အကျိတ်အခဲ ကျေသေးဟန် လက္ခဏာမရှိချေ။

ကြိုး။ ။(လုလင်နှစ်ယောက်၏ ပခုံးကို လက်တစ်ဘက်စီနှင့် ပုတ်လျက်) ဩော်...မိန်းမ...မိန်းမ၊ ကမ္ဘာတည်ဦးကစပြီး ယနေ့အထိ မိန်းမမှုနဲ့ပဲ ရန်ဖြစ်လို့ မပြီးနိုင်ဘူးကွဲ့နော်၊ မြို့ပေါ်မှာ မိန်းမတွေ အနမတဂ္ဂ ပေါများပါလျက်နဲ့ မိန်းကလေးတစ်ယောက်တည်းကိုမှ ဂိုဏ်းသားနှစ်ယောက် ဝိုင်းကြိုက်နေမိတာ ခက်လှတယ် မောင်တို့ရယ်၊ သက်သက်ကြိုဟ်မွှေချင်လို့နဲ့ တူပါရဲ့၊ သို့သော်လည်း ဒီကိစ္စက ဂိုဏ်းချုပ်ရဲ့အလုပ် မဟုတ်ပေဘူးလေ၊ မိန်းကလေးရဲ့ သဘောအတိုင်း ဆုံးဖြတ်ပေမှပေါ့၊ မိန်းမမှုမပါဘဲနဲ့တောင် ဂိုဏ်းချုပ်မှာ အလုပ်များလှပါပြီ၊ ချမ်းသာပေးပါ၊ ကိုင်း...သို့သော် မောင်တောက်ထွန်းကို ဂိုဏ်းသားအဖြစ် သွတ်သွင်းရအောင် အခမ်းအနားကျင်းပဖို့အရေး ရှိသေးတယ်။

ထွန်း။ ။ကျွန်တော် ဟိုအရပ်မှာ ပြီးခဲ့ပြီပဲ ဆရာကြီး။



ကြိုး။ ။ဟိုအရပ်မှာ ပြီးခဲ့တာနဲ့ မဆိုင်ပါဘူးလေ၊ သူ့အရပ်နဲ့၊ သူ့ထုံးစံနဲ့ တစ်မျိုးစီ သတ်မှတ်ထားတာကလား မောင်ရဲ့၊ လဆန်းတစ်ရက်နေ့ ညမှာ ဂိုဏ်းသားတွေ အစည်းအဝေးရှိတယ်၊ အခန့်သင့်ပဲ၊ ငွေငါးဆယ်ယူခဲ့နော် မောင်တောက်ထွန်း။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

## ဂိုဏ်းသွင်းခြင်း အခမ်းအနား

နောက်တစ်နေ့၌ ကိုတောက်ထွန်းသည် ဦးပေါ်သစ်၏နေအိမ်မှ မြို့အစွန်အဖျား၌ ရှိသော မုဆိုးမကြီးဒေါ်သူဇာ၏နေအိမ်သို့ ပြောင်းရွှေ့နေထိုင်လေ၏။

မီးရထားပေါ်၌ သိကျွမ်းခဲ့ဖူးသော ကိုသီဟဆိုသူမှာလည်း ကျောက်စိမ်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကြံအစည်တစ်ခုရှိသည်နှင့် မိုးကောင်းမြို့သို့ ပြောင်းရွှေ့နေထိုင်ရာ အတော်အတန်'လေစပ်'တဲ့သော လူချင်းဖြစ်သည့်အလျောက် မုဆိုးမကြီး၏ နေအိမ်၌ပင် ကိုတောက်ထွန်းနှင့်အတူ နေထိုင်လေ၏။

ဒေါ်သူဇာမှာ ခင်ပွန်းဖြစ်သူ တရုတ်လူမျိုး ကျောက်ပွဲစားအလိုင် သေဆုံးသွားပြီးနောက် စာရေးနှင့်စာရေးကတော်များ နှစ်သက်တတ်သည့် အထည် အလိပ်ဆန်းများနှင့် မန္တလေးပိုးထည်များမှာယူ၍ လ,ဆိုင်းလှည့်လည် ကြွေး



ပေးခြင်းအားဖြင့် မလောက်တလောက် စားသောက်နေထိုင်ရလေရာ တစ်လ သုံးဆယ်ကျပ်စီ ထမင်းလခပေး၍ စားသောလူနှစ်ယောက် လက်ခံရရှိရာတွင် ဝမ်းသာကြည်ဖြူစွာ ချက်ပြုတ်ကျွေးမွေးလေ၏။

လူနှစ်ယောက်တို့မှာလည်း အဒေါ်ကြီး၏ ကျယ်သောအိမ်ကြီးတွင် လွတ် လပ်ချောင်ချိစွာ နေထိုင်ကြရသဖြင့် ကျေနပ်လှပေ၏။

ဦးပေါ်သစ်သည် ကိုတောက်ထွန်းကို နှင်ထုတ်လိုက်ရသော်လည်း စင်စစ် အားဖြင့် လူကို မလိုသောကြောင့်မဟုတ်၊ ဂိုဏ်းကိုရွံ့ကြောက်သောကြောင့် ဖြစ် ရကား မိမိနေအိမ်သို့ ထွက်ဝင်ခွင့်ပြုထား၏။

သို့ဖြစ်၍ ကိုတောက်ထွန်းနှင့် မပြုံးကြည်တို့မှာ အဆက်ပြတ်စဲခြင်းမရှိ ဘဲ ညတိုင်းလိုပင် တွေ့မြင်ပြောဆိုခွင့် ရကြလေ၏။

စင်စစ်မှာ ယင်းတို့နှစ်ဦးမှာ တစ်ရက်ထက်တစ်ရက် စုံမက်ရင်းနှီးသော အခြေသို့ ရောက်ကြလေ၏။

ကိုတောက်ထွန်းသည် ဒေါ်သူဇာ၏နေအိမ်တွင် လူရှင်းလှသောကြောင့် မိမိ၏ငွေစက္ကူလုပ်သော ကိရိယာများကို အခန်းတစ်ခန်းတွင် ကျနစွာ ပြင်ထား ၍ အကျွမ်းဝင်သော ဂိုဏ်းသားများအား ပြသရုံမက မိမိလုပ်ထားသော ငွေစက္ကူ များအနက် ငါးကျပ်တန် တစ်ချပ်စီမျှကိုပင် လက်ဆောင်အဖြစ်နှင့် ပေးကမ်း လေ့ရှိ၏။

ယင်း၏ငွေစက္ကူများမှာ အစိုးရထုတ်သော စက္ကူများနှင့်အလျဉ်းပင် ခြား နားခြင်း မရှိရကား ဂိုဏ်းသားများသည် အလွယ်တကူ လဲလှယ်သုံးစွဲနိုင်ကြ၏။

ဤမျှလောက် ကောင်းမွန်သောအတတ်ကို တတ်မြောက်ထား၍ မိမိအ လိုရှိတိုင်း ငွေစက္ကူများ ပြုလုပ်သုံးစွဲနိုင်သော လူတစ်ယောက်သည် အဘယ် ကြောင့် ဆင်းဂါးအပ်ချုပ်ကိုယ်စားလှယ်အလုပ်ကို လက်ခံလုပ်ကိုင်ရလေသနည်း ဟု ထိုသူတို့ မစဉ်းစားတတ်အောင် ဖြစ်နေ၏။

ကိုတောက်ထွန်းကမူ အလုပ်အကိုင် ပြရန်မရှိခဲ့လျှင် ပုလိပ်ဘက်က နှောင့် ယှက်လိမ့်မည်ဟု ပြောပြ၏။

ထိုအချိန်ကာလ အတောအတွင်း၌ ကိုတောက်ထွန်းမှာ ပုလိပ်သားတစ် ယောက်၏ နှောင့်ယှက်ခြင်းကို ခံရသော်လည်း ကံဇာတာတက်နေဟန်တူသော သူတစ်ယောက်ဖြစ်သည့်အတွက်ကြောင့် သာ၍နာမည်ကြီးစေဖို့ ဖန်တီးပေးသ ကဲ့သို့ ဖြစ်နေလေ၏။

ကိုတောက်ထွန်းသည် မပြုံးကြည်၏နေအိမ်မှ ပြန်လာသောညတိုင်း ဦးမိုးကြိုး၏ 'ဘား'သို့ဝင်၍ မြို့ပေါ်ရှိ အဖြုန်းသမားကလေးများနှင့်အတူ သောက်

www.burmeseclassic.com

www.burmeseclassic.com



စားပျော်ပါးလေ့ရှိရာ ယင်း၏ ရဲတင်းသောအမူအရာ၊ နှုတ်သွက်လျှာသွက် အချက်ကျအောင် ပြောတတ်သော အရည်အချင်းနှင့် လက်ဖွာသော သတ္တိတို့ကြောင့် သွားလေရာ အရပ်တွင် လူချစ်လူခင် ပေါများလျက်ရှိ၏။

တစ်နေ့သ၌ နေဂုဏ်ရောက်၍ မောက်မောက်မာမာ စွာတာတာ ကျယ်ကပ်ကပ် ပြုလုပ်တတ်သော ပွဲစားသားတစ်ယောက်နှင့် အချင်းများကြရာမှ လက်သီးချင်း ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် ကိုတောက်ထွန်းသည် မိမိထက် ဗလကောင်းဟန်ရှိသော ပွဲစားသားနှင့် ယင်း၏တပည့်ကိုပါ မျက်နှာများ စုတ်ပြဲကြေမွသည့်တိုင်အောင် ထိုးခွဲလိုက်ခြင်းအားဖြင့် ခပ်ကြမ်းကြမ်းလူများအနက်တွင် အတော်နာမည်ကြီးသွားလေ၏။

ထိုအခြင်းအရာထက်ပင် ကိုတောက်ထွန်း၏ နာမည်ကို မြင့်တင်ပေးသကဲ့သို့ဖြစ်သော အခြားအဖြစ်အပျက်တစ်ခု ရှိချေသေး၏။

အလွန်တရာ လူစည်ကားသော ညတစ်ည၌ လူငယ်များသည် ဦးမိုးကြိုး၏ အိမ်အတွင်းခန်းတွင် ထုံးစံအတိုင်း သောက်စားမူးယစ်လျက်ရှိကြစဉ် ရာဇဝတ်အုပ်တစ်ယောက်သည် ငွေသီးတပ် ကွတ်အကျီနက်နှင့် ရဲပုဆိုးကိုဝတ်ဆင်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။

ယင်းရာဇဝတ်အုပ်မှာ ထိုနယ်တွင် လူသစ်ဖြစ်သော်လည်း အတော် 'ဆိုး' သည်ဟု နာမည်ကြီးသူတစ်ယောက် ဖြစ်ရကား ကာလသားများသည် ထိုသူဝင်လာသည်နှင့်တစ်ပြိုင်နက် နှုတ်ပိတ်ကာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေကြလေ၏။

ဦးမိုးကြိုးမှာမူ ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေရာမှ ဦးခေါင်းဆတ်ကာ နှုတ်ဆက်သော်လည်း အံ့သြသောအမူအရာဟူ၍ကား အလျဉ်းပင် မထင်ရှားချေ။

ရာဇဝတ်အုပ်သည် ကာလသားတစ်ယောက်က ဖယ်ရှားပေးသော ကုလားထိုင်တွင် ဝင်ထိုင်၍...

'အေးလိုက်တာ ဦးမိုးကြိုးရယ်၊ အချမ်းပြေ ဘရန်ဒီတစ်ခွက်လောက် အထည့်ခိုင်းစမ်းလေဗျာ'

ကြိုး။ ။(အစေခံ သူငယ်ကလေးအား ခိုင်းစေပြီးနောက်)ဌာနာအုပ်အသစ်ရောက်တယ်ဆိုတာ မိတ်ဆွေပဲမှတ်တယ်။

အုပ်။ ။မှန်ပါတယ် ဦးမိုးကြိုး၊ ဒီအရပ်မှာ လူဆိုးတွေ တော်တော်သောင်းကျန်းနေတယ်ဆိုလို့ ရာဇဝတ်အုပ်ထဲမှာ ကျွန်တော့်ကို အတော်ဆုံးဆိုပြီး ရွေးလွှတ်လိုက်ကြတာပဲခင်ဗျ၊ ကျွန်တော်တို့တော့ ဦးမိုးကြိုးနဲ့ မြို့ပေါ်က



လူကြီးလူကောင်းတွေကို အားကိုးရမှာပဲ၊ အရပ်အကြောင်းကိုတော့ ဦးမိုးကြိုးတို့မှ သိမှာကိုးခင်ဗျ၊ ကျွန်တော့်နာမည်မောင်စိုးညွန့်ပါပဲခင်ဗျာ၊ ဦးကိုတော့ မတွေ့ဖူးပေမယ့် သတင်းတော့ ကြားရဖူးပါတယ်။

ကြိုး။ ။အရပ်က တကယ်ဆိုးပြီဆိုတော့ ပုလိပ်လောက်နဲ့ ဘာတတ်နိုင်မှာလဲ၊ ပုလိပ်ဆိုတာမျိုးဟာ ရပ်ရွာက ကြည်ညိုလို့ ဝိုင်းဝန်းပြီး သတင်းပေးလား သက်သေခံလား လုပ်ပေးကြမှ အလုပ်လုပ်လို့ ဖြစ်တာကိုး ရာဇဝတ်အုပ်ရဲ့၊ အရပ်က မကြည်ညိုလို့ ရေငုံပြီးနေကြမယ်ဆိုရင် ခင်ဗျားတို့ပုလိပ်တွေ ဘာတတ်နိုင်ဦးမှာလဲ။

အုပ်။ ။(သဘောကောင်းသောအမူအရာနှင့်)ကျွန်တော်က ဦးမိုးကြိုးနဲ့ စကားစစ်ထိုးရအောင် လာတာမဟုတ်ပါဘူးလေ၊ မြို့ပေါ်မှာ လူကြီးလူကောင်းတစ်ယောက်မို့လို့ သိရကျွမ်းရအောင် ဝင်လာခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့မှာတော့ ဦးမိုးကြိုးတို့ သိတဲ့အတိုင်း တတ်နိုင်တာ မတတ်နိုင်တာ အပထားပြီး သူ့လခစားနေတော့ သူ့ဝတ္တရားကျေပွန်အောင် လုပ်ပေးရတာပါပဲခင်ဗျာ။

ရာဇဝတ်အုပ်သည် ဘရန်ဒီတစ်ခွက်ကို တစ်ချက်တည်း မော့ချပြီးနောက် ငွေတစ်ကျပ်ကို ချပေးခဲ့၍ ပြန်တော့မည်ဟု ထပြီးလျှင် ပရိသတ်များကို စေ့စေ့အောင် လှမ်းကြည့်လိုက်သည်တွင် တစ်ခုသောထောင့်၌ မျက်မှောင်ကြုတ်ကာ ထိုင်နေသော ကိုတောက်ထွန်းကို မြင်လိုက်သည်နှင့် ရပ်တန့်နေလေ၏။

အုပ်။ ။(ခြေဆုံးခေါင်းဆုံးကြည့်လျက်)အလို မထင်ဘဲနဲ့ မိတ်ဟောင်းဆွေဟောင်း တွေ့နေပါပြီကော၊ ဟော့ ကိုယ့်လူ။

ထွန်း။ ။(တိုး၍ မျက်မှောင်ကြုတ်လျက်)ဘယ်က မိတ်ဟောင်းလဲ၊ ခင်ဗျားတို့ ပုလိပ်ဘက်က လူတွေနဲ့ ဘယ်တော့များ ကျုပ်က မိတ်ဆွေဖွဲ့ဖူးလို့ဟာလဲ။

အုပ်။ ။(သွားဖြီးလျက်) သိဟောင်း ကျွမ်းဟောင်းလို့ ပြောတာပါဗျာ၊ ကျုပ်တို့နဲ့ မိတ်ဆွေတော်ရလို့ ခင်ဗျားက နာသွားသေးသလား၊ ဒါထက် ခင်ဗျား တွင်းငယ်ဘက်က ကိုတောက်ထွန်း မဟုတ်ဘူးလား။

ထွန်း။ ။(ပမာမခန့်အမူအရာနှင့်)မဟုတ်ဘူး ဘယ်သူပြောသလဲ၊ တောက်ထွန်း တောက်ထွန်းပေါ့ဗျ၊ ဘာကွယ်ဝှက်နေစရာရှိသလဲ။

အုပ်။ ။ကျုပ်က ခင်ဗျား ကွယ်ချင်ဝှက်ချင်လိမ့်မလားလို့။

ထွန်း။ ။(လက်သီးလက်မောင်းတန်းလျက်)ခင်ဗျားက ဘာရှိသဲ့သဲ့ ပြောနေတာလဲ၊ လူကိုဘာကောင် မှတ်လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



အုပ်။ ။ဒါမျိုးတွေ လုပ်မနေစမ်းပါနဲ့ ကိုတောက်ထွန်းရယ်၊ ကျုပ်က သပိတ်ကျင်းဂတ်မှာ ဌာနာအုပ်လုပ်လာခဲ့တဲ့အကောင်ပါ။ ကျုပ်က လူဆိုးဆိုရင် မျက်နှာမြင် ချက်ချင်းသိတဲ့ အကောင်ပါဗျ။

ထိုအခါ ကိုတောက်ထွန်းမှာ မျက်နှာပျက်၍ သွားလေ၏။

ထွန်း။ ။သပိတ်ကျင်းဂတ်က ဌာနာအုပ် ကိုစိုးညွန့်လားဗျာ။

အုပ်။ ။အစစ်ပေါ့ဗျာ၊ ပုလိပ်ဘက်မှာ တစ်စိုးညွန့်အပြင် နှစ်စိုးညွန့် မရှိပါဘူး၊ ဟို ဓားနဲ့ထိုးသတ်တဲ့အမှုကလေး ကျုပ်အဖို့မမေ့သေးပါဘူးဗျ။

ထွန်း။ ။ကျုပ်ထိုးတာမှ မဟုတ်ဘဲ၊ ကျုပ်နဲ့ ဘာဆိုင်လို့လဲ။

အုပ်။ ။တရားခံဆိုတာ မလုံတော့မှ ပေါ်ရော့၊ ကိုယ့်ဟာကိုယ် ဘယ်တော့ဖော်တယ်လို့ ရှိမလဲ၊ ဟိုအကောင် သေသွားတာ ခင်ဗျားအဖို့ ခပ်ကောင်းကောင်းပဲ၊ နို့မို့ရင် ခုလောက်ရှိ ငွေစက္ကူလုပ်မှုနဲ့ ခင်ဗျားထောင်နန်းစံနေရတာ ကြာလှပြီ၊ ကိုင်းလေဗျာ၊ လွန်ပြီးသားအမှု ရှိပါစေတော့၊ အချင်းချင်းလို သဘောထားလို့ ခင်ဗျား ဖွင့်ပြောရဦးမယ်၊ အဲဒီလူသတ်မှုမှာ ခင်ဗျားကိုစွပ်စွဲစရာ သဲလွန်စဘာမှမရဘူးဗျ၊ ခင်ဗျားကို ဘယ်သူကမှ ဘာမှမတတ်နိုင်ပါဘူး၊ တွင်းငယ်ကို ပြန်ချင်သေးလို့ရှိရင် စိတ်ချလက်ချ ပြန်နေနိုင်ပါတယ်ဗျ။

ထွန်း။ ။ခုနေတဲ့နေရာမှာပဲ ပျော်လှပါပြီဆရာကြီး၊ မပျော်ရင် ခင်ဗျား ပြောမနေရပါဘူး၊ ကျုပ် ပြန်ချင် ပြန်မှာပေါ့။

အုပ်။ ။ကျုပ်က ခင်ဗျား စိတ်အေးလက်အေး နေပါစေတော့လို့ ကျုပ်သိသမျှ ပြောပါလျက်နဲ့ ကျေးဇူးတင်ဖော်မရတဲ့ လူတစ်ယောက်ပဲကိုး။

ထွန်း။ ။(မကြည်သာလှသော အမူအရာနှင့်)စိတ်ဆန္ဒကောင်းနဲ့ ပြောတာဖြင့် ကျေးဇူးတင်ပါတယ်ဗျာ။

အုပ်။ ။ကျုပ်သဘောကတော့ ခင်ဗျား ကောင်းကောင်းမွန်မွန် တည်တည်တန့်တန့် နေထိုင်သမျှ ကာလပတ်လုံး ဘာမှအနှောင့်အယှက် မပေးပါဘူးဗျာ၊ သို့သော် ကောက်ကောက်ကွေးကွေး ပွေပွေလီလီတော့ မလုပ်နဲ့ ဆရာရေ့၊ ကွိခနဲနေစေ့မယ်၊ စိုးညွန့်တဲ့၊ ကြားလား၊ ကိုင်း...ကိုင်း သွားသေးပြီ ဆရာ၊ သွားပါဦးမယ် ဦးမိုးကြိုး။

ယင်းနောက် ဌာနာအုပ် ကိုစိုးညွန့်လည်း ထွက်သွားလေရာ ကိုတောက်ထွန်းမှာ 'ဟီးရိုး'(ဇာတ်လိုက်)သဖွယ် ဖြစ်နေရစ်လေ၏။

မိုးကောင်းမြို့သူမြို့သားများသည် ဧရာဝတီမြစ် တစ်ဖက်ကမ်း၌ ကိုတောက်ထွန်း၏ ပြုမူခဲ့ပုံအခြင်းအရာများအကြောင်းကို ယခင်ကထက် တီးတိုးစကားပြောခဲ့ကြ၏။



ယင်းအား တိုက်ရိုက်မေးမြန်းသူများအားမူ ကိုတောက်ထွန်းသည် နာမည်မကြီးလိုသောသူတို့ ပြုမူလေ့ရှိသည့်အတိုင်း ပြုံးရယ်ကာဖြင့် ဆင်ငှေ့ရန်ရှောင် ဖြေဆိုခဲ့လေသည်။

သို့ရာတွင် ယခုမှာမူကား အစိုးရအရာရှိတစ်ယောက်၏ ပါးစပ်မှဖွင့်ဟထုတ်ဖော်ပြောဆိုခဲ့ပြီ ဖြစ်သောကြောင့် နာမည်မကြီးလိုသော်လည်း မနေရတော့ချေ။

သို့ဖြစ်၍ မြို့ပေါ်ရှိ ကာလသားများသည် လူတစ်ယောက်လုံးလုံးကို သတ်ခဲ့ဖူးသော သူတစ်ယောက်နှင့် သိကျွမ်းရလျှင်'မနည်း'ဟု မှတ်ယူကြသည့်အလျောက် သူ့ထက်ငါတိုးဝှေ့၍ ကိုတောက်ထွန်းရှေ့သို့ ချဉ်းကပ်ကြပြီးလျှင် အရက်မှာ၍ တိုက်သူတိုက်၊ စီးကရက်မီးညှိပေးသူကပေး၊ ကြက်ပေါင်ကြော် ကျွေးသူကကျွေး၊ မေးလားမြန်းလား ချီးမွမ်းလားဖြင့် ဆူညံစွာ ရှိနေကြလေ၏။

ကိုတောက်ထွန်းမှာ အတော်အတန် သောက်ကာမျှနှင့် ကျွန်ုပ်ပျက်လောက်အောင် မူးယစ်တတ်သူတစ်ယောက် မဟုတ်သော်လည်း ထိုည၌အဖို့၌မူ ကာလသားများတိုက်ကျွေးသော အရက်များကို အားနာပါးနာ သောက်ရခြင်းအားဖြင့် မျက်စိမဖွင့်နိုင်အောင် ဖြစ်နေရကား မိမိနှင့်အတူ ထိုင်နေသော ကိုသီဟာက တွဲ၍မခေါ်ခဲ့ပါမူ စားပွဲခုံပေါ်တွင် အိပ်ရမည့်လက္ခဏာရှိပေ၏။

လဆန်းတစ်ရက်နေ့တိုင် ရောက်သောအခါ ကိုတောက်ထွန်းအား အစည်းအဝေးသို့ သွတ်သွင်းကြလေ၏။

ကိုတောက်ထွန်းကမူ ဂိုဏ်းသားဟောင်းတစ်ဦး ဖြစ်သောကြောင့် တွေတွေထူးထူး စီမံရန် မလိုတော့ဟု ထင်မှတ်ခဲ့၏။

သို့ရာတွင် မိုးကောင်းဂိုဏ်းသည် အခြားအရပ်မှ ဂိုဏ်းများနှင့် အခမ်းအနားချင်း မတူသည့်ပြင် ထိုအခြင်းအရာအတွက်ပင်လျှင် ယင်းမြို့ဂိုဏ်းသားများက အသားယူလျက် ရှိကြရကား ကိုတောက်ထွန်းမှာ ရှောင်တိမ်းရန် နည်းလမ်းမရှိချေ။

ဂိုဏ်းသားများသည် အသင်းတိုက်တွင် တွေ့ဆုံကြ၍ တခမ်းတနား ပြင်ဆင်ထားသော ခန်းမကြီးထဲတွင် စုရုံးလျက် ရှိကြ၏။

ထိုနေ့ညက ဂိုဏ်းသားပေါင်း နှစ်ဆယ်ခန့်မျှ တက်ရောက်ကြလေ၏။

ယင်းတို့မှာ ထိုမြို့သားများဖြစ်၍ တောနယ်က ဂိုဏ်းသားများ မပါသေးချေ။

စုစုပေါင်းလိုက်မည်ဆိုသော် ယင်းနယ်တွင် ဂိုဏ်းသားပေါင်း ငါးဆယ်ထက်မနည်းရှိပေရာ တစ်နယ်မှ ဂိုဏ်းသားများသည် အခြားနယ်မှ ဂိုဏ်းသားများ၏ အလုပ်ကို ဆောင်ရွက်ပေးလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမကြီးအတွင်း၌ ဂိုဏ်းသားများသည် ဝမ်းဘဲဥပုံ စားပွဲကြီးတစ်ခုတွင် ပိုင်းဝန်းကာ ထိုင်နေကြ၏။

စားပွဲကြီး၏တစ်ဘက်ရှိ နံရံအနီး၌ကား စားပွဲငယ်တစ်ခု ရှိသေးရာ ယင်းအပေါ်တွင် ဝီစကီ၊ ဘရန်ဒီစသော အရက်အမျိုးမျိုးနှင့် ဆိုဒါပုလင်းများ၊ ဖန်ခွက်များ၊ ဝမ်းဘဲပေါင်း၊ ကြက်ကောင်လုံးကြော်၊ ဝက်အူချောင်း၊ ခိုကောင်လုံးကြော်၊ ဆိတ်သားကင်အစရှိသည့် စားသောက်ဖွယ်ရာများဖြင့် လုပစွာ ပြင်ဆင်ထားရှိရကား အချို့ဂိုဏ်းသားများမှာ ပါးစပ်တပြင်ပြင်၊ မျက်စောင်းတထိုးထိုး ဖြစ်နေကြလေ၏။

ဦးမိုးကြိုးမှာ မိုးကြိုးရောင် ပိုးကတ္တီပါကို ရွှေဇာတပ်လျက် ချုပ်ထားသော အင်္ကျီရှည်ကြီးကိုလည်းကောင်း၊ အနီရဲနှင့် အဖြူ ကွက်တူရက်ထားသော ပိုးပုဆိုးရှည်ကိုလည်းကောင်း၊ မြန်မာစစ်ဗိုလ်များ ဆောင်းလေ့ရှိသည့် သံခမောက်ကြီးကိုလည်းကောင်း အပြည့်အစုံဝတ်ဆင်လျက် စားပွဲကြီး၏ထိပ်တည့်တည့်၌ ထိုင်လျက်ရှိ၏။

ယင်း၏ လက်ဝဲလက်ယာတို့၌ကား အသင်းနှင့်ဆိုင်သော အမှုဆောင်အရာရှိများ ထိုင်လျက်ရှိရာ ယင်းတို့အနက်တွင် ကိုကျောက်ဘီလူးလည်း ပါဝင်လေ၏။

အမှုဆောင်များသည် မိမိတို့၏ ဂုဏ်ထူးအထိမ်းအမှတ်အားဖြင့် ရင်ဘတ်တွင် ငွေတံဆိပ်၊ မိုးကြိုးတံဆိပ်၊ ရွှေတံဆိပ် စသည်ဖြင့် အဆင့်အတန်း အားလျော်စွာ တပ်ဆင်ထားရကား 'စတွန်းကင်း' မီးအိမ်ကြီး၏အလင်းရောင်တွင် တပြောင်ပြောင်တလက်လက် ရှိနေလေ၏။

ရွှေတံဆိပ်နှင့်အမှုဆောင်များသည် ကတ္တီပါအင်္ကျီ အစိမ်းရောင်လက်ရှည်များကိုလည်းကောင်း၊ မိုးကြိုးတံဆိပ်နှင့် အမှုဆောင်များသည် ကတ္တီပါအင်္ကျီလက်စကများနှင့်လည်းကောင်း၊ ငွေတံဆိပ်များနှင့် အမှုဆောင်များသည် ကတ္တီပါအင်္ကျီလက်တိုများနှင့်လည်းကောင်း အသီးသီးဝတ်ဆင်လျက်ရှိရကား စစ်ထဲမှ တကယ့်အရာရှိကြီးများ မသာအောင် ခမ်းနားသိုက်မြိုက်လှပေ၏။

အမှုဆောင်များမှာ ကိုကျောက်ဘီလူးမှတစ်ပါး အသက်လေးဆယ်ခန့်အရွယ်၌ ရှိနေသူများဖြစ်ကြရာ သာမညဂိုဏ်းသားများမှာမူ အသက်နှစ်ဆယ်မှ နှစ်ဆယ့်ငါးနှစ်ခန့်ထိ လူငယ်များ ဖြစ်ကြ၏။

အမှုဆောင်များမှာ များသောအားဖြင့် ရက်စက်ကြမ်းကြုတ်သော မျက်နှာမျိုး ရှိကြလေရာ လူငယ်များမှာမူ ဖျတ်လတ် သွက်လက်၍ အတော်အတန် ရုပ်ရည်ရှုပကာယ မွန်ရည်သူများဖြစ်ကြသောကြောင့် လူဆိုးလူမိုက်ကလေးများ



ဟူ၍ မှတ်ထင်ဖွယ်ရာမရှိဘဲ စာရေးစာချီအစရှိသည့် အလယ်တန်းစား လူငယ်ကလေးများသဖွယ် ရှိနေကြလေ၏။

သို့ရာတွင် စင်စစ်မှာမူကား ဤသူငယ်များသည် ရန်သူကိုမဆိုထားဘိ၊ မိမိနှင့် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးမမြင်ဖူးသည့် ယောက်ျားတစ်ယောက်ကို ဖြစ်စေ၊ မိန်းမတစ်ယောက်ကိုဖြစ်စေ၊ ကလေးသူငယ်တစ်ယောက်ကိုဖြစ်စေ အသင်းက အမိန့်ပေးမည်ဆိုလျှင် ရက်ရက်စက်စက် ရိုက်ဝံ့၊ နှက်ဝံ့၊ သတ်ဖြတ်ဝံ့သော လူများချည်း ဖြစ်ကြ၏။

လူတစ်ယောက်၏ ဦးခေါင်းကို ရိုက်ခွဲရန်မှာ ယင်းလူများအဖို့၌ ငှက်ပျောသီးအခွံနွှာသလောက် မခဲယဉ်းပေရာ လေးငါးယောက်သော ဂိုဏ်းသားတို့မှာ လူကို အကြိမ်ကြိမ်သတ်ခဲ့ဖူးသူများ ဖြစ်ကြလေသည်။

တစ်ခါတစ်ရံ လူတစ်ယောက်ကို ရိုက်သတ်ပြီးနောက် သူ့လက်ချက်နှင့် သေသည်၊ ငါ့လက်ချက်နှင့် သေသည် စသည်ဖြင့် အသားယူကာ လုယက်ပြောဆိုလေ့ရှိကြရာ သေရှာရသူက ဘယ်ကဲ့သို့ ညည်းတွားသေးသည်၊ ဘယ်ကဲ့သို့ တွန့်လိမ်ကာ ဝေဒနာခံစားရသည်များကို မြိန်ရှက်ဖွယ်တစ်ခုကဲ့သို့ ပြန်ပြောင်း၍ စားမြုံ့ပြန်တတ်ကြသေး၏။

ပထမ၌ဂိုဏ်းသားများသည် အထူးလျှို့ဝှက်စွာ အလုပ်လုပ်ကြသေး၏။

သို့ရာတွင် သက်သေခံဝံ့မည့်သူမရှိကြောင်းကိုလည်းကောင်း၊ မတရားသက်သေများ အလိုရှိသလောက် ငှားရမ်းရရှိနိုင်ကြောင်းကိုလည်းကောင်း၊ အသင်းရန်ပုံငွေ တောင့်သည့်အတွက်ကြောင့် အကောင်းဆုံးဝတ်လုံများ ငှားရမ်းနိုင်ကြောင်းကိုလည်းကောင်း ယုံကြည်စိတ်ချ၍ လွတ်ခဲ့သော အကြိမ်ပေါင်းမှာလည်း များရလေကား ဂိုဏ်းသားများသည် လျှို့ဝှက်ဖို့ပင် မလိုသလောက် သဘောထားကြ၍ ရုံဖန်ရံခါ ရဲတင်းပေါ်ထင်စွာ ကျူးလွန်တတ်ကြ၏။

လွန်ခဲ့သော ဆယ်နှစ်ခန့်အတွင်း၌ ယင်းဂိုဏ်းသားများသည် တစ်ကြိမ်တစ်ခါမျှ တရားရုံးများတွင် ပြစ်ချက်ရဖူးသည်မရှိဘဲ ကွင်းလုံးကျွတ် လွတ်မြောက်ကြသည်သာလျှင် ဖြစ်လေသည်။

ဂိုဏ်းသားများ စိုးရိမ်ဖို့ရှိသောလူမှာ ယင်းတို့ သုတ်သင်ရှင်းလင်းလိုက်သော လူများပင်ဖြစ်၏။

အကြောင်းကိုဆိုသော် တစ်ခါတစ်ရံ၌ ယင်းကဲ့သို့ သုတ်သင်ခြင်းခံရသောလူသည် အများနှင့်တစ်ယောက်ဖြစ်၍ အမှတ်မဲ့သုတ်သင်ခြင်းခံရစေကာမူ အသက်ဘေးကို ကာကွယ်ရခြင်းဖြစ်သောကြောင့် ကြောက်လန့်စွာခုခံရာတွင် ဂိုဏ်းသားတစ်ယောက်တလေမျှ သေကြေပျက်စီးခဲ့ဖူးသောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုသူသည် အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြနိုင်ခွင့်မရှိဘဲ အခြားဂိုဏ်းသားများက အစတုံးအောင် ဖျောက်ဖျက်သုတ်သင်နိုင်ကြသည်သာ လျှင် ဖြစ်ချေသည်။

ကိုတောက်ထွန်းမှာ မိမိအတွက် အခမ်းအနား ပြင်ဆင်ထားကြောင်း သိရှိရသော်လည်း မည်သို့သောနည်းအားဖြင့် 'ဇာတ်သွင်း'ကြလိမ့်မည်ဟူ၍ကား မည်သူကမျှ ပြောမထားခဲ့ချေ။

ဂိုဏ်းသားများ အစုံအညီ ရောက်ရှိကြသည်နှင့် တစ်ပြိုင်နက် အမှုဆောင်နှစ်ယောက်တို့သည် ကိုတောက်ထွန်း၏လက်မောင်းကို တစ်ယောက် တစ်ဖက်စီ ကိုင်ဆွဲလျက် အပြင်ဘက်၌ရှိသော အခန်းကလေးတစ်ခန်းထဲသို့ ခေါ်ဆောင်သွားကြလေ၏။

ယင်းအခန်းငယ်အတွင်းသို့ ရောက်သောအခါ ကိုတောက်ထွန်းသည် ပျဉ်ထရံတစ်ချပ်သာ ခြားလျက်ရှိသော အခန်းကြီးအတွင်း၌ ဂိုဏ်းသားများ၏ စကားသံများ ကြားရ၏။

တစ်ခါတစ်ရံ မိမိ၏အမည်ကို ကြားရခြင်းအားဖြင့် မိမိ၏'ဇာတ်သွင်းမှု' ကိစ္စအကြောင်းကို ဆွေးနွေးနေကြကြောင်း သိရှိရ၏။

တစ်ခဏမျှ ကြာရှိသောအခါ အကျီလက်ရှည် ရွှေတံဆိပ်နှင့် အမှုဆောင် တစ်ယောက် ဝင်လာ၍...

'ဂိုဏ်းချုပ်ကြီးက ထုံးစံအတိုင်း အပြည့်အစုံစီမံ၍ ခေါ်ခဲ့ရမယ်လို့ အမိန့် ရှိလိုက်တယ်'

ဟု ပြောလေ၏။

နောက်တစ်ခဏ၌ အမှုဆောင် သုံးယောက်တို့သည် ကိုတောက်ထွန်း၏ အပေါ်အကျီနှင့် ရှပ်အကျီများကို ချွတ်စေ၍ ကိုယ်တုံးလုံးဖြစ်စေပြီးမှ လက် နှစ်ဖက်ကို ပိုးကြိုးတစ်ချောင်းဖြင့် လက်ပြန်ကြိုးတုပ်နှောင်ကြလေ၏။

ယင်းနောက် တစ်ယောက်သောအမှုဆောင်သည် ဦးထုပ်နက်တစ်လုံးကို ကိုတောက်ထွန်း၏ ဦးခေါင်းထက်သို့ ဆောင်းအုပ်ပေးလိုက်ရာ ဦးထုပ်မှာ အလွန် ကြီးမားလှသောကြောင့် ဦးထုပ်ဖျားသည် နှာခေါင်းဖျားသို့ရောက်၍ မျက်စိ နှစ်လုံးကို လုံခြုံစွာ ဖုံးအုပ်လျက်ရှိ၏။

ထို့နောက် အမှုဆောင်များသည် မျက်စိ မမြင်နိုင်အောင်ရှိနေသော ကို တောက်ထွန်းကိုတွဲလျက် အခန်းမကြီးသို့ ခေါ်သွားကြပြန်လေ၏။

ကိုတောက်ထွန်းမှာ ဘာကိုမျှ မမြင်နိုင်ဘဲ မှောင်မှောင်မည်းမည်း ရှိနေ ရကား စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှ၏။



နားထဲ၌မူ ဂိုဏ်းသားများ၏ တီးတိုးစကားသံများကို မပြတ်အောင် ကြား ရလျက်ရှိ၏။

နောက်တစ်ခဏ၌ ဂိုဏ်းချုပ်ကြီး ဦးမိုးကြိုး၏ နက်ကျယ်စူးရှသော အသံ သည် ဦးထုပ်ကို ဖောက်ထွင်း၍ ကိုတောက်ထွန်းနားထဲသို့ ဝင်လာလေ၏။

'မောင်တောက်ထွန်း'

'ခင်ဗျာ'

'တွင်းငယ်က ဆတ်ဆတ်ကြဲဂိုဏ်းထဲကို မောင်ဝင်ခဲ့ပြီလား'

'မှန်ပါတယ်၊ ဝင်ခဲ့ပြီးပါပြီ'

'နံပါတ်နှစ်ဆယ့်ကိုး၊ ဟုတ်ကဲ့နော်'

'မှန်ပါတယ်'

'တိမ်ဖုံးလို့ လမသာ'

'လမ်းတာက ကွာဝေး'

'စာနဲ့ပေးလို့ လူကြုံမှာ'

'ရောက်လာပေါ့ ရဲတဲ့ဂိုဏ်းသား'

'ကိုင်း...ငါ့လူများ ကျေနပ်ကြပြီလား'

ထိုအခါ ဂိုဏ်းသားများသည် စိတ်ကျေနပ်ကြကြောင်းနှင့် ဝေါခနဲ ဖြေ ဆိုကြလေ၏။

ယင်းနောက်...

'ကျုပ်တို့ ဂိုဏ်းသား၏ အထိမ်းအမှတ်စကားဝှက်များကို သိရှိတဲ့အတွက် ဂိုဏ်းသားဖြစ်ခဲ့ဖူးကြောင်းကို ယုံကြည်ပါပြီ၊ သို့သော် သူ့ဥာဏနဲ့ သူ့ထုံးစံနဲ့ အသီးသီးရှိနေကြတဲ့အတွက် ဒီအရပ်မှာ ဝင်လိုရင် ဒီဒေသက ထုံးစံအတိုင်း ဂိုဏ်း သွင်းရလိမ့်မယ်၊ ကျုပ်တို့ဒေသက အထူးသဖြင့် သတ္တိကောင်းရှိဖို့လိုတယ်၊ သတ္တိ ကောင်းမကောင်း စမ်းသပ်ရလိမ့်မယ်၊ ခံနိုင်ပါ့မလား'

'ခံနိုင်ပါတယ်'

'ရဲရင့်တဲ့စိတ် ရှိရဲ့လား'

'ရှိပါတယ်၊ စမ်းကြည့်ပါတော့...'

'ကောင်းပြီ၊ ရှေ့ကို ခြေတစ်လှမ်း လှမ်းလိုက်စမ်း'

ထိုခဏ၌ ချွန်ထက်သော အရာဝတ္ထုနှစ်ခုသည် ကိုတောက်ထွန်း၏ မျက်လုံးနှစ်လုံးကို တစ်ဘက်တစ်ချက်စီ ထောက်လျက်ရှိရာ ကိုတောက်ထွန်း သည် ရှေ့သို့အနည်းငယ်မျှ တိုးလိုက်ပါမူ ချွန်ထက်လှသော အသွားများသည် မိမိ၏ မျက်စိထဲသို့ ဖောက်ထွင်းစူးဝင်သွားတော့မည်ကဲ့သို့ မှတ်ထင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကိုတောက်ထွန်းသည် 'ဖြစ်ချင်ရာဖြစ်စေ' စိတ်ကိုတင်းကာ မျက်စိကိုစုံမှိတ်၍ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေ၏။

ထိုခဏ၌ ချွန်ထက်သော အရာဝတ္ထုများသည် ခုခံ၍မနေဘဲ ကိုတောက်ထွန်း၏ခြေလှမ်းအတိုင်း နောက်သို့ဆုတ်ခွာရွေ့လျော၍သွားကြလေ၏။

ထိုအခါ ဂိုဏ်းသားများ၏ တီးတိုးချီးမွမ်းကြသော အသံများက ဝေါခနဲ မြည်၍သွားလေ၏။

'သတ္တိကောင်းကြောင်းတော့ ထင်ရှားပြီ၊ သို့သော် အနာခံနိုင်ရဲ့လား'

'သူများနည်းတူတော့ ခံနိုင်ပါတယ်'

ထိုခဏ၌ ကိုတောက်ထွန်းမှာ ယောင်ယမ်း၍ မဟာစ်မအော်မိစေရန် အံကြိတ်ကာ မနည်းအောင့်၍ ခံလိုက်ရ၏။

အကြောင်းကား ကိုတောက်ထွန်း၏ လက်ယာဘက်လက်မောင်းမှ အရေပြားကို ဆုတ်ခွာလိုက်ဘိသကဲ့သို့ ပြင်းပျစွာသော ဝေဒနာကို ခံစားလိုက်ရသောကြောင့်ပေတည်း။

ကိုတောက်ထွန်းမှာ မျော့၍ကျန်ရစ်သော်လည်း 'အမယ်လေး'၊ 'အလိုလေး'စသော အသံမျိုး တစ်ခွန်းမျှမထွက်ဘဲ အံသွားများကို ကြိတ်ခဲလျက် နေလိုက်ရလေ၏။

ထွန်း။ ။ဒါပဲလား ဆရာကြီးရဲ့၊ ကျွန်တော် ဒီထက်မက ခံနိုင်ပါသေးတယ်၊ စမ်းချင် စမ်းကြည့်ကြပါဦးလား။

ထိုခဏ၌မူကား ဂိုဏ်းသားများသည် တိုးတိုးတိတ်တိတ်မျှမကဘဲ အသံထွက်မိကြသည့်တိုင်အောင် ဆူညံစွာ ဩဘာပေးကြလေကုန်၏။

အကြောင်းမူကား ဂိုဏ်းသားများသည် ဤမျှလောက် ခံနိုင်ရည်ရှိသော လူသစ်တစ်ယောက်ကို တွေ့ရခဲလှပေသောကြောင့်တည်း။

ယင်းနောက် လူနှစ်ယောက်တို့သည် ကိုတောက်ထွန်းကို လက်တစ်ဖက်စီ ကိုင်ဆွဲလျက် ခေါ်ဆောင်သွားကြပြန်ရာ နောက်ဆုံး၌ ရှေ့သို့ဆက်လက်လျှောက်သွားရန် မရှိသည့် ကြမ်းပြင်အစွန်းသို့ ရောက်ကြလေ၏။

ထိုအခါ လူနှစ်ယောက်သည် ကိုတောက်ထွန်း၏လက်ကို လွှတ်လိုက်ပြီးနောက် 'ရှေ့ကိုခုန်လိုက်'ဟု တစ်ယောက်က အမိန့်ပေးလိုက်၏။

ကိုတောက်ထွန်းလည်း မျက်စိကိုမှိတ်လျက် ရှေ့သို့အားယူကာ ခုန်လိုက်လေ၏။

ကိုတောက်ထွန်း၏ ခြေထောက်များသည် ကြမ်းပြင်ကို မတွေ့ဘဲ ဟာလာဟင်းလင်းကိုသာ တွေ့ရပြီးနောက် လူတစ်ယောက်လုံးသည် ရုတ်တရက်



အောက်သို့ နိမ့်ကျသွားလေ၏။

များစွာသောသူတို့သည် ဤနေရာမျိုး၌ ထိတ်လန့်တုန်လှုပ်ကာ ယောင်ယမ်းဟာစ်အော်မိရမည် မုချဖြစ်၏။

ကိုတောက်ထွန်းမှာမူ နှုတ်ခမ်းနှစ်ဘက်ကိုစေ့လျက် အနည်းငယ်မျှ အသံမထွက်စေဘဲ အောက်တည့်တည့်သို့ နိမ့်ဆင်းလျောကျသွားလေ၏။

နောက်ဆုံး၌ ကိုတောက်ထွန်း၏ လက်မောင်းများကို လက်များဖြင့် ကိုင်ဖမ်းကြ၍ ယင်း၏ခြေထောက်များသည် မွေ့ရာကဲ့သို့ ညံ့သက်သော အရာဝတ္ထုတစ်ခုပေါ်တွင် ထောက်မိလေ၏။

ထို့နောက် လူနှစ်ယောက်တို့သည် ကိုတောက်ထွန်းအား လက်မောင်းဖြင့်ဆွဲကိုင်လျက် လှေကားတစ်ခုပေါ်သို့ တက်လာကြရပြီးနောက် ခန်းမကြီးအတွင်းသို့ ရောက်လာကြလေ၏။

ထိုအခါ အချို့က ကိုတောက်ထွန်း၏ ဦးခေါင်းတွင် စွပ်ထားသော ဦးထုပ်ကိုဖြုတ်၍ အချို့က လက်ပြန်ကြိုးကိုဖြေရာ များစွာသော ဂိုဏ်းသားများက ပခုံးကိုပုတ်ကာ ချီးမွမ်းစကား ပြောကြားကြလေ၏။

ကိုတောက်ထွန်းမှာမူ မှောင်ထဲမှ အလင်းရောင်ကို ရုတ်တရက်မြင်ရခြင်းဖြစ်သောကြောင့် မျက်လုံးများ ပေကလပ်ပေကလပ်နှင့် ပြုံးရယ်ကာ ရပ်နေလေ၏။

ကြိုး။ ။နောက်ဆုံး စကားတစ်ခွန်း မှာပြီးရင် ပြီးပါပြီ၊ လျှို့ဝှက်ရမယ့်အရာကို မလျှို့ဝှက်ရင် သေရမယ်၊ သစ္စာဖောက်ခဲ့လို့ရှိရင် သေရမယ်၊ နားလည်လား မောင်တောက်ထွန်း။

ထွန်း။ ။နားလည်ပါတယ်။

ကြိုး။ ။ဂိုဏ်းချုပ်ကြီး မလဲမချင်း လက်ရှိဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို တစ်သဝေမတိမ်း လိုက်နာရမယ်၊ နားလည်လား။

ထွန်း။ ။နားလည်ပါတယ်။

ကြိုး။ ။ကိုင်း…ဒါဖြင့် ဒီအချိန်ကစပြီး ဂိုဏ်းသားအဖြစ်သို့ ရောက်စေ။

ယင်းနောက် ဂိုဏ်းသားများသည် သောက်စားရန် ပြင်ဆင်ကြလေ၏။

လူတစ်ယောက်သည် ကိုတောက်ထွန်း၏ အင်္ကျီကို ယင်းအားပေးအပ်လေရာ ကိုတောက်ထွန်းသည် အင်္ကျီမဝတ်သေးမီ လက်မောင်းကိုကြည့်လိုက်သည်တွင် သံပူဖြင့်ကပ်ထား၍ ရဲရဲနီရှိသည့် ဂိုဏ်းတံဆိပ်ကို မိမိလက်မောင်းသားပေါ်တွင် တွေ့မြင်ရလေ၏။

ထိုအခါ အခြားသော ဂိုဏ်းသားများလည်း မိမိတို့၏လက်မောင်းများကို ပင့်၍ အလားတူ အမှတ်တံဆိပ်ကို ကိုတောက်ထွန်းအား ပြကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားတစ်ယောက်။ ။လူတိုင်းမှာ ဒီတံဆိပ် ရှိတာချည်းပဲဗျ၊ နို့ပေမယ့် ခင်ဗျားလိုခံနိုင်တဲ့ သတ္တိရှိတဲ့လူတော့ ခပ်ရှားရှားပဲ။

စင်စစ်မှာမူကား ကိုတောက်ထွန်းမှာ ပူစပ်ပူလောင်ကြီး ဖြစ်နေသေးသည့်အတွက် မနည်းအောင့်၍ ခံနေရ၏။

ဂိုဏ်းသားများသည် အရက်နှင့်စားစရာများကို မြိန်ရက်စွာ သောက်စားကြပြီးနောက် အသင်းကိစ္စကို ဆောင်ရွက်ရန် ပြင်ဆင်ကြလေ၏။

ကိုတောက်ထွန်းမှာ တွင်းငယ်မှ ဂိုဏ်းကလေး၏ အခမ်းအနားများကိုသာ ကြုံရဖူးသည်ဖြစ်၍ လွန်စွာသေချာစေ့စပ်ဟန်ရှိသော မိုးကောင်းဂိုဏ်း၏ အစီအစဉ်များကို အံ့သြစွာနှင့် ကြည့်ရှုမှတ်သားလျက်ရှိ၏။

ကြီး။ ။အစည်းအဝေး 'အာဂျင်ဒါ'အရ နံပါတ်(၁) က ဘာလဲဟေ့။

လူး။ 'မိုးညှင်းဂိုဏ်းက ဦးတုတ်ပေါထံမှ စာကို စဉ်းစားကြဖို့ အလုပ်ရှိပါတယ် ဆရာကြီး။

ကြီး။ ။ဘယ်မှာလဲ၊ ဖတ်စမ်း။

ထိုအခါ ကိုကျောက်ဘီလူးသည် ဖိုင်တွဲမှ စာတစ်စောင်ကို ထုတ်၍ အောက်ပါအတိုင်း ဖတ်ပြလေ၏။

**စာရေးအစီရင်ခံပါသည်။**

**ဂိုဏ်းချုပ်ကြီးဦးမိုးကြိုးခင်ဗျား။**

*ဤနယ်တွင် မြေပိုင်ရှင်ဦးအောင်ဒွန်းအား ဆုံးမဖို့အလုပ်ရှိနေပါသည်။ လွန်ခဲ့သောလအတွင်းက မိုးကောင်းမြို့သား ကျောက်ကုန်သည် တရုတ်ဦးစက်ကွိန်အား ဆုံးမသောကိစ္စတွင် ကျွန်တော်တို့အရပ်မှ ဂိုဏ်းသားနှစ်ယောက် စေလွှတ်ငှားရမ်းလိုက်ရခြင်းကို လူကြီးမင်းသတိပြုမိပါလိမ့်မယ်။ သို့ဖြစ်၍ ယခင်က သဘောတူချက်ပြုလုပ်ထားသည့်အတိုင်း အတုံ့အလှည့်သဘောနှင့် ကျွန်တော်တို့၏ကိစ္စတွင်လည်း လူကြီးမင်းက သင့်တော်သော ဂိုဏ်းသားနှစ်ယောက် စေလွှတ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ စေလွှတ်သောအခါ မိုးညှင်းဂိုဏ်းချုပ် ဦးထွန်းအိနေအိမ်သို့ တိုက်ရိုက်စေလွှတ်၍ ယင်းက လုပ်ဆောင်ရန် အလုပ်ကို ညွှန်ပြပါလိမ့်မည်။*

**မိုးညှင်းဂိုဏ်း၊ ဆတ်ဆတ်ကြဲ။**

ကြီး။ ။မိုးညှင်းဂိုဏ်းက ငါတို့လူတောင်းရင် ငြင်းဖူးတယ်လို့ မရှိပေဘူး၊ အခုသူတို့က တောင်းရာမှာလည်း ငါတို့က ငြင်းလို့မတော်ပေဘူး၊ လွှတ်ဖြစ်အောင် လွှတ်ရလိမ့်မယ်'ဟု ပြော၍ အခန်းပတ်ဝန်းကျင်၌ ထိုင်နေကြသော



ဂိုဏ်းသားများကို ကြည့်ပြီးလျှင် 'ကိုင်း ဒီကိစ္စအတွက် ဘယ်သူသွားမလဲဟေ့' ဟု မေးလိုက်၏။

ထိုအခါ ဂိုဏ်းသားလူငယ် လေးငါးယောက်တို့သည် သွားလိုပါသည်ဟု အဓိပ္ပာယ်နှင့် လက်မြှောက်ကြလေရာ ဦးမိုးကြိုးလည်း စိတ်ကျေနပ်ဟန်လက္ခဏာနှင့် ပြုံးလျက်ရှိ၏။

ကြီး။ ။(မျက်စိစွေသော ဂိုဏ်းသားတစ်ယောက်ကို လက်ညှိုးညွှန်လျက်) 'မင်းသွားဟေ့၊ မျက်စောင်းဖိုးချိတ်၊ အရင်တစ်မှုတုန်းကလို ပိပိပြားပြား စီမံနိုင်ရင် မင်းတော့ နာမည်ကြီးဦးမယ်၊ နောက်တစ်ယောက်က မင်းပဲ လိုက်ချေကွယ်၊ ခြေလိမ်ဖိုးသန့်'ဟု အသက်နှစ်ဆယ် အရွယ်ခန့်ရှိ လူငယ်တစ်ယောက်ကို လက်ညှိုးညွှန်ပြလေ၏။

ဂိုဏ်းသားများမှာ မိမိတို့ နာမည်ရင်းအပြင် နာမည်ပြောင်များလည်း ဖြည့်စွက်တပ်မှည့်ထားလေရကား မျက်စောင်းဖိုးချိတ်ဟူ၍လည်းကောင်း၊ ခြေလိမ်ဖိုးသန့်ဟူ၍လည်းကောင်း၊ ခေါင်းကြီးဘိုးထူးဟူ၍လည်းကောင်း၊ ကျားကြိုးဖိုးသုန်ဟူ၍လည်းကောင်း၊ စိမ်းစားဖိုးထွားဟူ၍လည်းကောင်း၊ ကမ္ဘဋ္ဌာန်းဘသန်းဟူ၍လည်းကောင်း၊ မင်းသားကျောက်ဘီလူးဟူ၍လည်းကောင်း၊ နာမည်ပိုမရသော ဂိုဏ်းသားဟူ၍ ခပ်ရှားရှားဖြစ်နေလေ၏။

ကမ္ဘဋ္ဌာန်းဘသန်းမှာ ကမ္ဘဋ္ဌာန်းထိုင်တတ်သောကြောင့် မဟုတ်။

အလွန်ကြုံလှီလှ၍ ကမ္ဘဋ္ဌာန်းရုပ်နှင့် တူသောကြောင့် ဖြစ်လေသည်။

မောင်တောက်ထွန်းမှာလည်း အထူးရဲရင့်သော သတ္တိကို အစွဲပြု၍ ရဲတောက်ထွန်းဟူ၍ နာမည်တွင်ခဲ့လေပြီ။

ခြေတစ်ဖက်ခွင်နေသည့်အတွက်ကြောင့် 'ခြေလိမ်ဖိုးသန့်'ဟု နာမည်ရသောလူက 'ကျွန်တော့်မှာ သေနတ်မရှိဘူး ဆရာကြီး'ဟု ပြောသောအခါ...

ကြီး။ ။(မျက်လုံးပြူး၍ ကြည့်လျက်) ဘယ်သူ့မှာတော့ သေနတ်ရှိသလဲကွယ့်၊ ငါတစ်ယောက်နဲ့ မောင်တောက်ထွန်း၊ ကျောက်ဘီလူးတို့က လွဲလို့ ဘယ်သူ့မှာ သေနတ်ရှိသလဲကွယ့်၊ သေနတ်ရှိမှ အလုပ်လုပ်လို့ ဖြစ်ရမှာတဲ့လား၊ တကယ်လို့ သေနတ်လိုခဲ့လို့ရှိရင် ဦးထွန်းအိက ရှာပေးမှာပေါ့၊ ဘာလဲ မင်းက လက်မြှောက်ပြီး ဂျိုးထုချင်သလား။

သန့်။ ။(နောင်တရသော မျက်နှာထားနှင့်)ဒါကြောင့် မဟုတ်ပါဘူး ဆရာကြီးရယ်၊ သေနတ်နဲ့ အလုပ်လုပ်ရမယ့်ကိစ္စမျိုးလားလို့ပါ။

ကြီး။ ။လိုရင် လိုတာရအောင် ရှာပေးဖို့ ငါ့တာဝန်၊ မင်းအပူ မဟုတ်ပါဘူး။

သန့်။ ။တောင်းပန်ပါတယ် ဆရာကြီးခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကြိုး။ ။အေး... ကောင်းပြီ၊ မင်းတစ်ခါမှ အလုပ်မလုပ်ဖူးသေးဘူး၊ အလေ့အကျင့်ရအောင် မျက်စောင်းမိုးချိတ်နဲ့တွဲပြီး ငါထည့်ပေးတယ်၊ ဒီ တစ်ခါ ချောမောရင် ရှေ့အဖို့ မင်းကြီးပွားမယ် ကြားလား။

သန့်။ ။ကောင်းလှပါပြီ ဆရာကြီး။

ချိတ်။ ။ဒီတစ်ခေါက်မှာ ဆုလာဘ်ရဖို့ မျှော်လင့်စရာ ရှိပါသလား ဆရာကြီး။

ကြိုး။ ။ဒီတစ်ခေါက်တော့ နာမည်လောက်ပဲဟေ့၊ သို့သော် ချောချောမောမောရှိရင်တော့ ရန်ပုံငွေထဲက လေးငါးခြောက်ဆယ်တီ ငါထုတ်ပေးရမှာပေါ့။

သန့်။ ။ဒါထက်... ဦးအောင်ဒွန်းမှာ ဘယ်လိုအပြစ်များ ရှိလို့ပါလဲ ဆရာကြီး။

ကြိုး။ ။သူ့မှာ အပြစ် ရှိမရှိ မင်းလိုလူက မေးစရာမဟုတ်ပါဘူး၊ သူ့ဂိုဏ်းနဲ့သူ့နေရာ စီရင်ချက်ကို မင်းကို မဆိုထားနဲ့၊ ငါကိုယ်တိုင်တောင် စစ်ကြောမေးမြန်းနိုင်ခွင့်မရှိဘူး၊ ငါတို့မှာ အကြောင်းကိစ္စရှိရင် သူတို့က ဆောင်ရွက်ပေးဖူးသလို ငါတို့က ဆောင်ရွက်ပေးဖို့ပဲရှိတယ်၊ ဒါထက် စကားစပ်မိလို့ ပြောရဦးမယ်၊ ဟိုပင်ဘက်က ဂိုဏ်းသားနှစ်ယောက် ဒီအရပ်မှာ ကိစ္စလေးတစ်ခု ဆောင်ရွက်ဖို့ ရှေ့အပတ်လောက် လာကြလိမ့်မယ်။

တစ်ယောက်။ ။ဘယ်သူလဲ ဆရာကြီး။

ကြိုး။ ။မမေးချင်ပါနဲ့ကွယ်၊ မသိတာအကောင်းဆုံးပါ၊ မသိတော့ မဖော်နိုင်ဘူး၊ လုံခြုံလှပါတယ်၊ သစ္စာရှိလှပါတယ်ဆိုဒပမဲ့ မသိတာ အကောင်းဆုံးပဲကွယ့်၊ ဖော်စရာမရှိတော့ မဖော်နိုင်ဘူး၊ သို့သော် ခုလာမယ့်လူတွေက ခြေရာလက်ရာ မကျန်ရစ်ရအောင် သေသေဝပ်ဝပ် အလုပ်လုပ်တတ်တဲ့လူတွေပဲ။

လူး။ ။တစ်ချက်တစ်ချက်လည်း လုပ်ပေးဦးမှ ဆရာကြီးရဲ့၊ အလုပ်မလုပ်ဘဲ ကြာကြာနေရင် သွေးအေးပြီး လူတွေက မရိုသေချင်ကြဘူး၊ တစ်နေ့က ကြည့်ပါလား၊ ကျွန်တော်တို့ဂိုဏ်းသားနှစ်ယောက်ကို ကျောက်တွင်းသူဌေးက အလုပ်က ထုတ်ပစ်လိုက်တယ်၊ ကျောင်းမှန်းကန်မှန်းသိအောင် တစ်ခါတစ်ခါ လုပ်ပေးဦးမှဆရာကြီးရဲ့။

ထွန်း။ ။(အနီးရှိဂိုဏ်းသားတစ်ယောက်အား လေသံဖြင့်) အလုပ်လုပ်ဆိုတာ ဘယ်လိုလုပ်တာလဲဗျ။

ဂိုဏ်းသား။ ။ရင်ဝကို ဓားမြှောင်နဲ့စိုက်တာ ပြောတာပေါ့ဗျာ၊ ဒီနယ်က ဂိုဏ်းက တကယ်ဆိုရင် တကယ်လုပ်တဲ့လူတွေဗျ၊ ခင်ဗျား ဘယ့်နှယ်သဘောကျသလဲ။



ထွန်း။ ။(နှစ်သက်အားရဟန်လက္ခဏာနှင့်) ကျုပ်တော့ သိပ်သဘောကျတာပဲ၊ ဒီလိုနယ်မျိုးမှာမှ သတ္တိရှိတဲ့သူတွေ ကြီးပွားဖို့လမ်း ရှိတာပေါ့ဗျ။

ထိုအခါ ကိုတောက်ထွန်းအနီး၌ ထိုင်လျက်ရှိသော ဂိုဏ်းသားများသည် ဂိုဏ်းသားသစ်၏ စကားကို သဘောကျသဖြင့် ချီးမွမ်းသြဘာပေးလိုက်ကြလေ၏။

ကြိုး။ ။ဘာလဲဟေ့...ဟိုဘက်က လူစုတွေ။

တစ်ယောက်။ ။ရဲတောက်ထွန်းက ကျွန်တော်တို့လုပ်ပုံတွေကို သဘောကျလွန်းလို့တဲ့ ဆရာကြီးရဲ့။

ထိုအခါ ကိုတောက်ထွန်းသည် ထိုင်ရာမှ ထလေ၏။

ထွန်း။ ။ကျွန်တော် တစ်ခုအစီရင်ခံပါရစေ ဆရာကြီးခင်ဗျာ၊ ကျွန်တော်ဟာ လူသစ်တစ်ယောက်ဖြစ်သော်လည်း သတ္တိမနည်းပါဘူး ဆရာကြီး၊ ကျွန်တော့်ကိုထည့်ပြီး ခမ်းခိုင်းကြည့်ပါဆရာကြီး။

ထိုအခါဂိုဏ်းသားများသည် ကိုတောက်ထွန်း၏သွေးကို ချီးမွမ်းကြပြန်လေ၏။

အချို့သော နာမည်ရပြီးလူဟောင်းများကမူ မိမိတို့နှင့် ယှဉ်ပြိုင်မည့်သူတစ်ယောက် ပေါ်လာပြီဟူသောအနေဖြင့် မနာလိုဟန်နှင့် ဖိနှိပ်လိုကြ၏။

မျက်နှာကောက်ကောက်ရှိ၍ 'ကောက်ချိတ်လူဒင်'အမည်ရှိသော ဂိုဏ်းသားတစ်ယောက်သည် မနာလိုသောမျက်နှာထားနှင့် ကိုတောက်ထွန်းအား ကြည့်လျက်...

'လူကြီးများအမိန့်ကို နာခံမှပေါ့၊ မိတ်ဆွေ ရှေ့လောကြီးတိုင်း ရှေ့ထွက်ချင်လို့ ဘယ်ဖြစ်မလဲ၊ တော်သင့်တယ်ထင်ရင် ဂိုဏ်းချုပ်ကြီးက ကြည့်ခိုင်းမှာပေါ့'

ဟု နိမ့်လိုသောလေသံနှင့် ပြောလေ၏။

ထွန်း။ ။(ကြွေနွမ်းမပျက်စေဘဲ)မှန်ပါတယ် လူကြီးမင်း၊ ကျွန်တော်ကလည်းဒီအဓိပ္ပာယ်နဲ့ ပြောခြင်းဖြစ်ပါတယ်၊ လူကြီးများသြဇာကို လွန်ဆန်ဖို့အကြံမရှိကြောင်းပါ။

ကြိုး။ ။မောင့်အလှည့်ရောက်ပါလိမ့်မယ် မောင်တောက်ထွန်း၊ ခဏ သည်းခံလိုက်ပါဦး၊ မောင့်ကို လက်သွက်မယ့်လူတစ်ယောက်ပဲလို့ ကျုပ်က အသိအမှတ်ပြုထားပြီးသားပါ၊ အသင်းကအားကိုးရမယ့် လူတစ်ယောက်ပါပေပဲ၊ ဒါထက် ဒီကနေ့ည မောင်အလုပ်လုပ်ချင်လို့ရှိရင် မောင်နဲ့တော်တဲ့ အလုပ်ကလေးတစ်ခု ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်း။ ။ကျွန်တော်က ဒေသးသေးမလုပ်နိုင်ဘူး၊ လုပ်မယ့်လုပ်ရင် ခပ်ကြီးကြီး အလုပ်မှ လုပ်ချင်ပါတယ်ဆရာကြီး။

ကောက်ချိတ်။ ။တယ် လျှာရှည်တဲ့ လူတစ်ယောက်ပဲ။

ကြိုး။ ။(မျက်စောင်းထိုးလျက်)စိတ်အားထက်သန်တဲ့ လူတစ်ယောက်ကို စိတ်အားလျော့အောင် မလုပ်ပါဘိနဲ့လေ၊ ကိုင်း...မောင်တောက်ထွန်း၊ ကျုပ်တို့ အလုပ်ကလေး မြည်းကြည့်တဲ့သဘောနဲ့ ဒီကနေ့ည လာဖြစ်အောင် လာခဲ့နော်၊ ကိုင်း...ကိုင်း၊ ဒီဟာအသာထားပြီး အစည်းအဝေးကိစ္စကို ပြီးစီးအောင် လုပ်ကြဦးစို့။

ဟု ပြော၍ အစည်းအဝေးအာဂျင်ဒါစာရွက်ကို လှမ်းကြည့်ပြီးနောက်...

'ဂိုဏ်းသား မောင်သက်ပြင်းရဲ့မယားကို ဆုငွေပေးဖို့ စဉ်းစားကြရလိမ့်မယ်၊ မောင်သက်ပြင်းဟာ ဒီဂိုဏ်းကြီးရဲ့အလုပ်ကို ဆောင်ရွက်ရာ၌ အသက်ဆုံးရှုံးရခြင်းဖြစ်သည့်အတွက် ကျန်ရစ်တဲ့မယားကို ဆုငွေပေးကြရမယ်၊ သို့မှသာလျှင် အလုပ်လုပ်ရတဲ့လူများ အားရှိကြမယ် မဟုတ်ဘူးလား'

လူများ။ ။မှန်ပါတယ်ဆရာကြီး။

ကိုသက်ပြင်းဆိုသူမှာ ကပြားရဲပိုင်တစ်ယောက်ကို ဆုံးမရန်ကြိုးစားရာတွင် ရဲပိုင်က သေနတ်နှင့်ပစ်လိုက်သဖြင့် သေဆုံးရကြောင်းနှင့် ကိုတောက်ထွန်းအား အနီးရှိဂိုဏ်းသားတစ်ယောက်က တီးတိုးပြောပြလေ၏။

ကြိုး။ ။ကိုင်း... ဘဏ္ဍာထိန်း ကိုတိုက်စိုးက ငွေစာရင်းအခြေအနေကို ရှင်းလင်းပြောပြစမ်းဗျာ'

စိုး။ ။လက်ကျန်ငွေတော့ တော်တော်တောင့်ပါတယ်ဆရာကြီး၊ ကျောက်တွင်းသူဌေးတွေက အခုတလော မှန်မှန်ကန်ကန် ပေးကြပါတယ်၊ ကျောက်တွင်းသူဌေး ဦးဝက်ကြည်က တစ်လသုံးရာ၊ မာဒမ်ကုမ္ပဏီက တစ်လငါးရာ၊ ပွဲစားဆယ်ယောက်က တစ်လငါးဆယ်စီ၊ ကုန်သည်တွေက တစ်လသုံးဆယ်စီ၊ ကုန်စုံဆိုင်တွေက တစ်လနှစ်ဆယ့်ငါးကျပ်စီ၊ ဝါလုံကုမ္ပဏီက ငါးရာကျပ် မပေးနိုင်ဘူးဆိုလို့ ကျွန်တော်တို့က နှောင့်ယှက်လိုက်တာ အခုတော့ မှန်မှန်ကြီးပေးနေရှာပါပြီ၊ ပိုးထည်ဆိုင်ကြီးကလည်း နှစ်ခါလောက် မီးလှန့်ပေးလိုက်ရတယ်၊ မတောင်းရဘဲနဲ့ လာပို့ရှာပါတယ်၊ သို့အတွက် အခုလမှာ အဝင်နဲ့အထွက် အဝင်က နှစ်ဆလောက် ပိုမိုတဲ့အတွက် လက်ကျန်ငွေ ငါးထောင်ကျော် ရှိပါတယ် ဆရာကြီး။

ကြိုး။ ။ကုလားသူဌေး ဘာဘူလားကော။



စိုး။ ။ဒီသူဌေးကတော့ သူ့ကျောက်တွင်းလိုင်စင်တွေရော၊ စက်ကိရိယာတွေရော အားလုံးရောင်းပြီး ထွက်ပြေးပါတယ်၊ သူက စာရေးပစ်ခဲ့ပါသေးတယ်၊ ဒီအရပ်မှာနေပြီး ကျောက်တွင်းသူဌေးအခေါ်ခံပြီး မိုက်ကြေးပေးနေရမယ့်အစား ရန်ကုန်ပြန်ပြီး တံမြက်လှဲကုလားအလုပ် လုပ်စားချေတော့မယ်တဲ့၊ ဒီအကောင်ဟာ အပြန်စောသွားလို့ပေါ့ဆရာကြီး၊ နို့မို့ရင်တော့ ကျွန်တော်တို့ လူစုနဲ့ တယ်ကြည့်ကောင်းမှာပဲ၊ နို့ပေမယ့် နောက်တော့ လာဝံ့မယ်မထင်ပါဘူး။

ထိုအခါ ဂိုဏ်းသားများအနက်တွင် စိတ်နှလုံးကောင်း၍ ရိုးဖြောင့်ဟန်ရှိသည့် ဦးကြာခိုင်အမည်ရှိ လူကြီးတစ်ယောက်သည် တုန်တုန်ယင်ယင်နှင့် ထိုင်ရာမှထ၍ မေးမြန်းလေ၏။

ထိုလူစုအနက်တွင် ဦးကြာခိုင်ကဲ့သို့ ရိုးသားဟန်ရှိသူ တစ်ဦးတစ်ယောက်မျှ တွေ့ရမည်မဟုတ်ချေ။

ခိုင်။ ။ကျွန်တော် တစ်ခုမေးပါရစေ ခွင့်ပြုပါ၊ ဘာဘူလားရဲ့ ပစ္စည်းတွေကို ဘယ်သူက ဝယ်ပါသလဲ။

ဘဏ္ဍာစိုး။ ။ဒေါက်ဂလတ်အင်ဆန်းဆိုတဲ့ အင်္ဂလိပ်ကုမ္ပဏီကြီးက ဝယ်လိုက်တယ်။

ခိုင်။ ။မနှစ်က ကျွန်တော်တို့ မောင်းထုတ်လိုက်တဲ့ လီဇက်ကုမ္ပဏီရဲ့ပစ္စည်းတွေကို ဘယ်သူဝယ်ပါသလဲ။

စိုး။ ။ခုနင်က ကုမ္ပဏီကပဲ ဝယ်လိုက်တယ်။

ခိုင်။ ။လွန်ခဲ့တဲ့ ခြောက်လတုန်းက ပျက်သွားတဲ့ အော့စမန်ကုမ္ပဏီရဲ့ ပစ္စည်းတွေကို ဘယ်သူက ဝယ်ယူလိုက်ပါသလဲ။

စိုး။ ။ခုပြောတဲ့ ကုမ္ပဏီကပဲ ဝယ်ယူလိုက်တယ်။

ကြိုး။ ။ဘယ်ကဝယ်ဝယ် ကျုပ်တို့နဲ့ ဘာဆိုင်သလဲ ဦးကြာခိုင်၊ အလုပ်တစ်ခုကို ဝယ်ယူတယ်ဆိုပေမဲ့ ဒီနယ်က ထုတ်ယူသွားနိုင်တာမျိုးမှ မဟုတ်ဘဲ။

ခိုင်။ ။မဆိုင်ဘူးဆိုသော်လည်းဆိုင်တဲ့အချက်ကို ကျွန်တော်မြင်သလောက် အစီရင်ခံပါရစေခင်ဗျာ၊ ကျွန်တော်တို့ အခု အလုပ်လုပ်ကြတာက ဘယ်လိုဖြစ်နေသလဲဆိုတော့ ကုလားကုမ္ပဏီကလေးတွေ၊ တရုတ်ကုမ္ပဏီကလေးတွေကို မောင်းထုတ်ပေးပြီး အင်္ဂလိပ်ကုမ္ပဏီကြီးတွေကို ခေါ်သွင်းပေးရာ ရောက်နေပါတယ်၊ ကျွန်တော်တို့က တရုတ်၊ ကုလားများအပေါ်မှာ နှင့်လောက်အောင် မတောင်းဘဲ အလုပ်လုပ်သာလောက်အောင် တောင်းယူသွားကြမယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ထွက်သွားဖို့မရှိဘူး၊ ကျွန်တော်တို့လည်း ကြာကြာစားရဖို့ ရှိပါလိမ့်မယ်၊ အင်္ဂလိပ်ကုမ္ပဏီများက ကျွန်တော်တို့လူစုကြောင့် တစ်ရာတန်ပစ္စည်းကို နှစ်ဆယ်၊ သုံးဆယ်နဲ့ ဝယ်ယူနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကို လစဉ်ကြေး များ မှန်မှန်ကန်ကန်ပေးဆောင်နေကြတာ မှန်ပါတယ်၊ သို့သော် ကုမ္ပဏီကလေး တွေ အားလုံး ပြုတ်ကုန်ပြီး ကျောက်တွင်းအလုပ်ကြီးတစ်ခုလုံး သူတို့လက်ဝယ် ရောက်သွားတဲ့အခါမှာ အခုလိုပဲဆက်လက်ပြီး မိုက်ကြေး ပေးကြလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး၊ ကေန်မုချ အထက်အစိုးရကြီးများထံ တိုင်တန်းပြီး ကျွန် တော်တို့ ဂိုဏ်းကို ဖြိုဖျက်ဖို့ စီမံပါလိမ့်မယ်၊ အခုမှာတော့ သူတို့လူစု ဈေးပေါပေါနဲ့ ရအောင် ကျွန်တော်တို့က လုပ်ပေးနေသလိုဖြစ်နေတဲ့အတွက် သူတို့က မှိန်းခံနေ ခြင်း ဖြစ်ပါတယ်၊ သို့မို့ကြောင့် တရုတ်၊ ကုလားများ မနေနိုင်အောင် နှင့်လုံစွာ တောင်းခံနေခြင်းကို ကျွန်တော် ကန့်ကွက်လိုပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျား။

တစ်ယောက်။ ။မိုက်ကြေးဆိုတဲ့စကားကို ပြန်ရုပ်သိမ်းပါ၊ ကာကွယ်စောင့် ရှောက်ခ တောင်းယူခြင်းဖြစ်ပါတယ်။

ခိုင်။ ။ကောင်းပါပြီ၊ ကာကွယ်စောင့်ရှောက်ခလို့ပဲ ခေါ်လိုပါတယ်။

ကြိုး။ ။မိမိတို့ဂိုဏ်းနဲ့ ပတ်သက်တဲ့ စကားအသုံးအနှုန်းကို ဆင်ခြင်မှပေါ့ ဦးကြာခိုင်။

ခိုင်။ ။ကျွန်တော် ဝမ်းနည်းပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျား။

ဂိုဏ်းသားများသည် စကားအသုံးအနှုန်းကို ကန့်ကွက်ကြသော်လည်း ဦးကြာခိုင်၏ သတိပေးချက်မှာ အကြောင်းမဲ့စိုးရိမ်တတ်သူတစ်ယောက်၏ စကား မျိုးမဟုတ်ဘဲ အကယ်စင်စစ် ယုတ္တိရှိသော သတိပေးချက်ဖြစ်သည်ဟူ၍ မှတ်ထင် ကြဟန်ရှိ၏။

ဗားင်းတို့သည် ဦးမိုးကြို့၏ အစီအမံကောင်းခြင်းအားဖြင့် နှစ်ပေါင်းများ စွာ ဘေးရန်မရှိဘဲ ငြိမ်းချမ်းလုံခြုံစွာ နေထိုင်ခဲ့ကြရကား ဘေးအန္တရာယ် ပေါ် လာလိမ့်မည်ဟူ၍ စဉ်းစားရန်ပင် သတိမရဘဲ ယခုပထမအကြိမ် သတိပေးခြင်း ခံရရာတွင် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက် အတော်တုန် လှုပ်ကြဟန် ရှိကြ၏။

ဦးကြာခိုင်သည် မိမိ၏စကား ထိရောက်ခြင်းကို တွေ့မြင်သည်နှင့် ဆက် လက်၍ သတိပေးပြန်သည်။

ခိုင်။ ။တရုတ်၊ ကုလား ကျောက်တွင်းသမားတွေ အားလုံးပြုတ်ပြီး အင်္ဂ လိပ်ကုမ္ပဏီကြီးရဲ့လက်ကို ဒီအလုပ်လုံးလုံး ရောက်သွားတဲ့နေ့နဲ့



ကျွန်တော်တို့အသင်းကြီး ပျက်စီးမယ့်နေ့ဟာ များများကြီးအချိန်ကွာခြားမယ်လို့ ကျွန်တော် မထင်ပါဘူး ဂိုဏ်းချုပ်ကြီးခင်ဗျား။

လူတို့မည်သည်မှာ မည်မျှလောက် ယုတ္တိရှိသော စကားမျိုးဖြစ်စေကာမူ မကြားလိုသောသတင်းမျိုးကို ကြားရသည့်အခါ စိတ်မာန်ထွက်တတ်မြဲ ထုံးစံ ဖြစ်ရကား အချို့က 'မိုးပြိုမှာကြောက်တဲ့ တစ်တီတူးမျိုး' ဟူ၍လည်းကောင်း၊ အချို့က 'ဒီလောက်သတ္တိနည်းရင် ဘာကြောင့်ပါနေသလဲ' ဟူ၍လည်းကောင်း၊ အချို့ 'ဒီလူကြီးပါးစပ်ကထွက်လာမှဖြင့် စိတ်ပူစရာကြီးပဲ' ဟူ၍လည်းကောင်း အသီးသီး ဝေါက်ငန်းပြောဆိုကြလေ၏။

ကြိုး။ ။(မျက်မှောင်ကြုတ်ကာ ထိုင်ရာမှထ၍)တွေးကြောက်ရင် ကြောက် စရာချည်းပေါ့ ဦးကြာခိုင်၊ သို့သော် ကျုပ်တို့ဂိုဏ်းသားတွေ ညီညွတ် နေသမျှကာလပတ်လုံး အစိုးရရဲ့ဥပဒေက မတတ်နိုင်ပါဘူး၊ ဦးကြာခိုင်ရဲ့ အင်္ဂလိပ် အစိုးရကလည်း ဥပဒေနဲ့ အလုပ်လုပ်တာ၊ ကျုပ်တို့ကလည်း ဥပဒေနဲ့ အလုပ် လုပ်တဲ့ လူတွေကပဲဗျ။ ဥပဒေနဲ့ဖမ်းရင် ဥပဒေနဲ့လွတ်အောင် ထိန်းမှာပေါ့၊ ကျုပ်တို့ ကိုဖမ်းပြီး တရားစွဲရင် အစိုးရရှေ့နေနဲ့ သူတို့က ခရီးသွားမယ်၊ ကျုပ်တို့ ငှားနိုင်တဲ့ ဝတ်လုံတွေက သူတို့အစိုးရရှေ့နေလောက်တော့ ရယ်တာပေါ့ဗျာ။

ခိုင်။ ။လွတ်တာတော့ ဟုတ်ပါပြီ၊ အင်္ဂလိပ်ကုမ္ပဏီကြီးတွေက မိုက်ကြေး၊ အဲလေ... ကာကွယ်စောင့်ရှောက်ခ မပေးဘူးလို့ ငြင်းခံနေမတဲ့၊ ဘယ့်နှယ်လုပ်ပါ့မယ် ဂိုဏ်းချုပ်ကြီးခင်ဗျား။

ကြိုး။ ။သူတို့နေရာမှာ ခင်ဗျားဝင်ကြည့်လေ၊ သုံးသိန်းတန်တဲ့ပစ္စည်းတွေ ကို ကျုပ်တို့ကြောင့် တစ်သိန်းနဲ့ရရောဆိုပါတော့၊ သုံးသိန်းပေါ်မှာ နှစ်စဉ် အမြတ်သုံးသောင်း ရမနေပါလားခင်ဗျာ၊ ဒီအထဲကျုပ်တို့ကို အေးအေး ဆေးဆေး သုံးထောင်ပေးနေမလား၊ သို့မဟုတ် လစဉ် သုံးလေးထောင်ဖိုး အလုပ် အပျက်ခံမလား၊ ခင်ဗျား စဉ်းစားကြည့်လေ။

ခိုင်။ ။ငွေမှုတစ်ခုတည်း ကြည့်ရင်တော့ မှန်ပါတယ်၊ သို့သော် သူတို့လူ မျိုးက အစိုးရရှိလျက်နဲ့ ကာကွယ်စောင့်ရှောက်ခ ပေးရတယ်ဆိုတာ အောက်ကျနောက်ကျ ရှိတယ်လို့ သဘောထားတတ်ပါတယ် ဂိုဏ်းချုပ်ကြီးခင် ဗျား။

ကြိုး။ ။သူတို့လူမျိုးထဲမှာလည်း သူဌေးဘက်က လူတွေက တစ်မျိုးပါဗျ၊ အောက်ကျနောက်ကျတာတွေ နားမလည်ဘဲ ကျပ်၊ ပဲ၊ ပိုင် ကြည့် ပြီး အလုပ်လုပ်ကြတာတွေလည်း ရှိပါတယ်၊ ကိုင်း...ကိုင်း...နောင်ခါလာ နောင်ခါ ချေးဆိုတာပေါ့ဗျာ၊ ကြည့်လုပ်ကြရတာပေါ့၊ ဒါထက် အစည်းအဝေးမပြီးခင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပြောလိုတဲ့ ကိစ္စလေးတစ်ခုရှိသေးတယ်၊ သို့သော် ခဏတဖြုတ် နားပြီး စားလိုက်သောက်လိုက်ကြဦးစို့။

ဂိုဏ်းသားများသည် ကိုတောက်ထွန်းအား ဇာတ်သွင်းပြီးစဉ်က အနည်းငယ်မျှသောက်စား၍ အစည်းအဝေးကိစ္စကို ဆောင်ရွက်ခဲ့ကြရာ ယခုတစ်ဖန် ဦးမိုးကြိုးက အချက်ပေးပြန်သဖြင့် အရက်ပုလင်း ဖန်ခွက်နှင့် စားစရာများကို ပြင်ဆင်ကြပြန်လေ၏။

ဂိုဏ်းသားများသည် အလုပ်လုပ်စဉ် ကျကျနန အလုပ်လုပ်၍ ပျော်ပါးနေသည့်အခါတွင်လည်း ကျကျနန ပျော်ပါးကြရကား စားသူက စား၊ သောက်သူက သောက်၊ သီချင်းဆိုသူက ဆို၊ ရယ်သူက ရယ်မောလျက် အဆီးအတားအပိတ်အပင်မရှိ လွတ်လပ်စွာ ပျော်မြူးကြလေ၏။

ကိုတောက်ထွန်းမှာ လူငယ်အချို့၏ တိုက်တွန်းချက်အရ မူးယစ်သော် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကိုသီဆိုရင်း အင်္ဂလိပ်ခြေကနှင့် မြန်မာခြေက အမျိုးမျိုးကို ကပြအသုံးတော်ခံရလေရာ ပရိသတ်တို့မှာ လွန်မင်းစွာ နှစ်သက်ရွှင်လန်းခြင်း ဖြစ်ကြလေ၏။

ကိုတောက်ထွန်း၌ ထူးခြားသောအချက်တစ်ခုမှာ ထိုသူသည် သာမန်အားဖြင့် ခန့်ထည်သိုက်မြိုက်ခြင်းကို လိုလားဟန်ရှိသော်လည်း ပရိသတ်က ပွဲတောင်းသောအခါများ၌မူ ဣန္ဒြေကို ချိတ်ထား၍ လူချစ်လူခင် များစေခြင်းငှာ မည်သည့်အမှုမျိုးကိုမဆို ပြုလုပ်ရန်အဆင်သင့်ရှိ၏။

သို့ဖြစ်ရကား ဂိုဏ်းသားများသည် ကိုတောက်ထွန်း၏ 'ခြေက'ကို ထိုညက ပထမအကြိမ် တွေ့မြင်ရခြင်းအားဖြင့် လူအများ၏အလိုနှင့် လိုက်လျောအောင် ပြုတတ်သော လူတစ်ယောက်ဟူ၍ ရေးကထက်ချီးမွမ်းထောပနာ ပြုကြလေ၏။

ထိုအချိန်အခါ၌ ဂိုဏ်းသားများသည် မူးယစ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့၏ သတ္တိကြောင့် အလွန်တရာ သွေးတက်ကြွလျက် မည်သည့်အမှုကိုမဆို ပြုကျင့်ရန် အဆင်သင့်သော စိတ်သဘောမျိုး ရှိနေကြလေ၏။ ထိုအခါ ဦးမိုးကြိုးသည် ထိုင်ရာမှထ၍...

ကြိုး။ ။ဆတ်ဆတ်ကြဲဂိုဏ်းသား တပည့်များတို့၊ ငါတို့မြို့မှာ လူစွာတစ်ယောက် ရောက်ရှိနေတယ်၊ ဒီလူစွာဟာ ငါတို့ဂိုဏ်းသားများ ပြုသမျှကို အထက်အစိုးရ အရာရှိများနဲ့ သတင်းစာတိုက်များကို သတင်းပေးပို့နေကြောင်း တပ်အပ်သေချာ သိရှိရတယ်၊ ဒီလူစွာကို မဆုံးမသမျှ ကာလပတ်လုံး ငါတို့ဂိုဏ်းသားများ အေးချမ်းစွာ အလုပ်လုပ်ဖို့ ခက်ခဲလိမ့်မယ်။

အသံများ။ ။ဆုံးမမယ် ဆုံးမမယ်၊ ချက်ချင်းဆုံးမမယ်၊ ဘယ်သူလဲဆရာကြီး။



ကြိုး။ ။သူရိယသတင်းထောက် ဦးထွန်းခင်တဲ့၊ သေခါနီးအရွယ်ကျမှ အေးအေးချမ်းချမ်းမနေချင်တဲ့ ပင်စင်စားပညာအုပ် လူစွာကြီးတစ်ယောက်ပဲ၊ သူရိယသတင်းစာထဲမှာ ငါတို့အကြောင်းတွေ ခဏခဏ ပါနေတာမင်းတို့ ဖတ်မိကြတယ်မဟုတ်လား။

အသံများ။ ။ဖတ်မိတယ်ဆရာကြီး၊ ဘယ်သူ့လက်ချက်မှန်းမသိလို့ အသာနေခဲ့ရတယ်၊ စောစောကသိရင် ဒီလောက်ကြာကြာတောင် မထားဘူး။

ထိုအခါ ဦးမိုးကြိုးသည် သတင်းစာဖြတ်ပိုင်းတစ်ရွက်ကို အင်္ကျီအိတ်မှ ထုတ်၍ အောက်ပါအတိုင်း ဖတ်ပြလေ၏။

## အလွန်သောင်းကျန်းနေသော
## လူဆိုးအသင်းကြီး

*လွန်ခဲ့သော ငါးနှစ်ခန့်မှစ၍ မိုးကောင်းမြို့တွင် ကောင်းမွန်စွာ လုပ်ကိုင်စားသောက်သည့် လူရိုးလူကောင်းများ သွေးထွက်သံယို၊ ထိပ်ပေါက် ခေါင်းကွဲဖြစ်ရခြင်း၊ အသတ်အဖြတ်ခံရခြင်း၊ 'ကြက်ပျောက်ငှက်ပျောက်' ပျောက်ဆုံးရခြင်းမှစ၍ အမျိုးမျိုးသော ထိတ်လန့်တုန်လှုပ်ဖွယ်အခြင်းအရာများ ဖြစ်ပျက်ခဲ့ကြောင်း။*

*ထိုအခြင်းအရာများမှာ လူဆိုးအသင်းကြီး၏ လက်ချက်ဖြစ်သည်ဟု လူတိုင်းပင်သိရှိနားလည်ကြသော်လည်း တစ်ကြိမ်တစ်ခါမျှ လက်သည်ပေါ်ပေါက်အောင် ထောက်လှမ်းစုံစမ်းခြင်း၊ ပြစ်ချက်ရအောင် တရားစွဲဆိုခြင်းအမှုကို အစိုးရ မပြုမလုပ်နိုင်သေး ကြောင်း။*

*ရံဖန်ရံခါ ပုလိပ်အရာရှိများက မသင်္ကာသော တရားခံများကို ဖမ်းဆီးတရားစွဲခဲ့သော်လည်း အခါခပ်သိမ်း တရားရုံးများက လွှတ်ပေးလေ့ရှိကြောင်း။*

*ယခုအချိန်သို့တိုင်အောင် ပုလိပ်ဘက်က လက်ပူးလက်ကြပ် ဖမ်းဆီးရမိသည်ဟု တစ်ခါဖူးမျှ မတွေ့ရသေးကြောင်း။*

*လူဆိုးများသည် တစ်နေ့တခြား 'ဓက်ရဲ' လာပြီဖြစ်သောကြောင့် ဥပဒေကိုလည်းကောင်း၊ ပုလိပ်ကိုလည်းကောင်း၊ မထီမဲ့မြင် သဘောထားကြဟန် တူရကား လူရိုးလူကောင်းများမှာ 'မင်းမဲ့တိုင်းပြည်'တွင် နေထိုင်ရခြင်းကဲ့သို့ 'ကျီးလန့်စာစား' သွားသော နေထိုင်ကြရကြောင်း။*

www.burmeseclassic.com

www.burmeseclassic.com



*အချို့လူဆိုး ခေါင်းဆောင်များမှာ လူကြီးလူကောင်းများ အသွင်ဖြင့် အရာရှိများနှင့် ပေါင်းသင်းဆက်ဆံနိုင်ကြသည်ဆိုသော ကြောင့် ပုလိပ်တို့က အရေးယူရန် သာ၍ခက်ခဲခြင်း ရှိဟန်တူ ကြောင်း။*

*မြို့ပေါ်ရှိ အရာရှိများသည် (တရားဘက်ရော ပုလိပ်ဘက်ပါ) လူဆိုးများ၏ ဩဇာအရိပ်အငွေ့မှ လွတ်ကင်းဟန်လက္ခဏာ မရှိ ရကား ဤကိစ္စကို မြို့နယ်နှင့်ဆိုင်ရာ အရာရှိများသို့ လွှဲအပ်ကာ မထားမူ၍ ဘုရင်ခံအမှူးရှိသော အစိုးရအရာရှိများကိုယ်တိုင် အရေး ယူ ထောက်လှမ်းသင့်ပေကြောင်း။*

*သို့မှသာလျှင် ဗြိတိသျှအစိုးရမှာ တရားဥပဒေအရ တရား သဖြင့် စီမံအုပ်ချုပ်သည်ဆိုသော ဂုဏ်ပုဒ်ကြီး မညှိုးမပုပ်ရအောင် စောင့်စည်းထိန်းသိမ်းနိုင်မည်ဖြစ်ပေကြောင်း။*

အထက်ပါစာကို ဖတ်ပြပြီးနောက်...

ကြိုး။ ။ကိုင်း ဘယ့်နှယ်လုပ်ကြမယ် မောင်တို့။

အသံများ။ ။သတ်ပစ်မယ်ဆရာကြီး၊ ဒီအကောင်ကြီးကို သတ်ပစ်မယ်။

ဦးကြာခိုင်။ ။ကျွန်တော် တစ်ခုသတိပေးပါရစေ ဆရာကြီးခင်ဗျား၊ ဒီမြို့မှာ ကျွန်တော်တို့ ဆုံးမခဲ့တဲ့လူပေါင်း တော်တော်များနေပါပြီ၊ အရင်က ကျွန်တော်တို့ ဆုံးမခဲ့တဲ့ လူများဟာက တချို့လည်း လူမျိုးကွဲ၊ တချို့လည်း ဆင်းရဲသားကို မညှာတာတဲ့လူ၊ တချို့လည်း သာပေါင်းညာစား၊ တချို့လည်း အလိုတော်ရိ စသည်ဖြင့် လူမကြည်ညိုတဲ့ ပြစ်ချက်တစ်ခုစီရှိကြတဲ့ လူတွေချည်း ဖြစ်ပါတယ်၊ နို့မို့ကြောင့် မြို့ရွာက မခံချင်ကြစေကာမူ သူတို့ရဲ့ပြစ်ချက်ကလေးတွေ ရှိနေတဲ့အတွက် 'ဘာဖြစ်သလဲ၊ ဒီအကောင်သေသွားတာ ခပ်ကောင်းကောင်းပဲ' ဆိုတာမျိုးလို သဘောပိုက်ပြီး ကျွန်တော်တို့အပေါ်မှာ ဒီလောက်တောင်ကြီး စိတ်ဆိုးဖို့ သတိမရကြပါဘူး၊ အခု သူရိယသတင်းထောက် ဦးထွန်းခင်မှာ အရင့်အရင်က လူများနဲ့ အများကြီးကွာခြားပါတယ်၊ မြို့ရေးရွာရေးတိုင်းမှာ သူ ရှေ့ဆုံးက ဆောင်ရွက်ပါတယ်၊ ကျောက်တွင်းသူဌေးတွေ၊ ကျောက်တွင်းတူးသမားတွေနဲ့ အရေးမှာတုန်းကလည်း အလုပ်သမားများဘက်က မြို့ပေါ်မှာ သူကိုယ်တိုင် လိုက်ဆောင်ရွက်ပေးတဲ့အပြင် တစ်ပြည်လုံးက ကျောက်တွင်းတူးသမားဘက်မှ မေတ္တာထားအောင်ဟာ သတင်းစာမှနေပြီး သူကပဲ နှိုးဆော်ပေးပေတယ်၊ ထို့ပြင်မှအပ မြို့ရေး၊ ရွာရေး၊ ရပ်ကွက်ရေး၊ ဟူသမျှမှာလည်း အရာရှိများရဲ့ အငြိုအငြင်ခံပြီး သူသာလျှင် ခေါင်သူကြီးလုပ်ခဲ့ပါတယ်၊ သို့ဖြစ်၍ ဒီလူကြီးကို ကျွန်တော်တို့



အသင်းက ဆုံးမလိုက်မယ်လို့ရှိရင် တစ်မြို့လုံးနဲ့ ကျွန်တော်တို့အသင်းနဲ့ တစ်ဖက်တစ်လမ်းစီဖြစ်ပြီး ကျွန်တော်တို့ နစ်နာဖို့ ရှိလိမ့်မယ်လို့ ထင်မြင်ပါတယ်။

ကြိုး။ ။တစ်မြို့လုံးကကော ကျုပ်တို့နစ်နာအောင် ဘယ်လိုများ တတ်နိုင်သလဲ ဦးစိုးရိမ်ရဲ့၊ ပုလိပ်နဲ့ကပ်ပြီး ရန်ရှာနိုင်မယ် ထင်လို့လား၊ ပုလိပ်တစ်ရာမှာ ငါးဆယ်က ကျုပ်တို့ထမင်းလုတ်နဲ့ မကင်းဘူး၊ ကျန်တဲ့ငါးဆယ်က ကျုပ်တို့ကို လန့်နေတာ၊ ခင်ဗျားလည်းသိသားပဲ၊ တရားရုံးဘက်က ကြည့်လိုက်ဦးမလား၊ ကျုပ်တို့က နိုင်ခဲ့တာချည်းပဲလားဗျ။

ခိုင်။ ။နောက်တစ်ခါ အမှုဖြစ်ပွားလို့ အထူးတရားသူကြီးတစ်ယောက် စေလွှတ်ပြီး အစစ်ဆေးခိုင်းရင် ဘယ့်နှယ်လုပ်ပါ့မလဲ။

ကြိုး။ ။ဒါတွေလျှောက်တွေးမနေပါနဲ့၊ တကယ့်အရေးဆိုလို့ တကယ် အလုပ်လုပ်ရရင် တစ်မြို့လုံးကို ကျုပ်တို့'စီး'နိုင်ပါတယ်၊ ဦးကြာခိုင်ရဲ့၊ အလကားကြွားတဲ့ စကားမဟုတ်ပါဘူး၊ အဟုတ် အသက်စွန့်ပြီး အလုပ်လုပ်တဲ့ လူတစ်ရာလောက်က ဟေးလားဝါးလားနဲ့ ညာနေတဲ့မြို့သားတစ်ရာလောက်ကို အုပ်ထိန်းဖို့ ဘာမှမခက်ပါဘူး' ဟု ပြောရာမှ ဦးမိုးကြိုးသည် ရုတ်တရက် မျက်မှောင်ကြုတ်၊ အသံကိုမြှင့်တင်လိုက်ပြီးလျှင် ဆက်လက်၍...

'ဗျို့...ဦးကြာခိုင်၊ ခင်ဗျားကို ကျုပ်စောင့်ကြည့်နေတာ တော်တော် ကြာပြီ၊ ခင်ဗျားဟာ ကိုယ်တိုင်သတ္တိမရှိရုံမကသေးဘဲ သတ္တိရှိနေတဲ့ ဂိုဏ်းသားကလေးတွေကိုတောင် သတ္တိဆုတ်ယုတ်ကုန်အောင် လုပ်တတ်တဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျားကို ထိုက်သင့်အားလျော်စွာ အရေးယူလိုက်ရင် တော်မလားလို့ ကျုပ်စဉ်းစားနေတယ်'

ထိုစကားကိုကြားသောအခါ ဦးကြာခိုင်မှာ မျက်နှာ၌ သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်သွား၍ ချွေးပေါက်များလည်း နဖူးပြင်တွင် စီးလျက်ထွက်ပေါ်လာလေ၏။

ဦးကြာခိုင်သည် နှုတ်ခမ်းကို လျှာဖြင့်လျက်၍ လက်ကိုင်ပဝါနှင့် နဖူးကို သုတ်ရင်း ပြောဆိုသည်မှာ...

ခိုင်။ ။ဆရာကြီးမကြိုက်တဲ့စကားကို ကျွန်တော်ပြောမိလို့ရှိရင် စိတ်ဆန္ဒကောင်းနှင့် ပြောမိခြင်းဖြစ်တဲ့အတွက် ရုပ်သိမ်းခွင့်ပြုပါဆရာကြီးခင်ဗျား၊ ကျွန်တော့်မှာ အားလုံးသိကြတဲ့အတိုင်း သစ္စာရှိသော ဂိုဏ်းသားတစ်ယောက်ဖြစ်၍ ဒီဂိုဏ်းကြီးကို ဘေးမထိ ရန်မငြိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ သတိပေးမိခြင်း ဖြစ်ပါတယ်၊ ယခုလို သတိပေးခြင်းကို မနှစ်သက်လို့ရှိရင် နောက်နောင်အခါ ကျွန်တော်ဆင်ခြင်ပါတော့မယ် ဂိုဏ်းချုပ်ကြီးခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကြိုးသည် ဦးကြာခိုင်၏ နိမ့်ချသောစကားကိုကြားရသောအခါမှ မျက်နှာအနည်းငယ် ကြည်လင်လာလေ၏။

ကြိုး။ ။ကောင်းပါပြီ ဦးကြာခိုင်၊ ဂိုဏ်းသားအချင်းချင်းကို ဆုံးမတဲ့နေရာမှာ သစ္စာဖောက်ဖျက်မှုမှတစ်ပါး အလျင်တလို ဆုံးဖြတ်လိုတဲ့စိတ်မရှိတဲ့အတွက် ခင်ဗျားကို ဒီတစ်ခါ ချမ်းသာပေးလိုက်မယ်၊ နောက်ကို ဆင်ခြင်ပါ၊ ကိုင်း...ငါ့လူများ၊ ဒီ ထွန်းခင်ကို မဆုံးမဘဲထားရင် နောက်နောင်ကို ဒီထက်ကဲဖို့ရှိတယ်၊ ဆုံးမပြန်ရင်လည်း သူရိယသတင်းထောက်တစ်ယောက်ဖြစ်တဲ့အတွက် သူရိယကလည်း မီးထိုးမယ်၊ အခြားသတင်းစာများကလည်း ဝိုင်းဝန်းပြီး မီးထိုးကြမယ် ဧကန်ပဲ၊ သို့သော် ဒီအတိုင်းလွှတ်ထားလို့တော့ မဖြစ်ဘူး၊ မှတ်လောက်သား လောက်အောင် ဆုံးမကြရမယ်၊ ကိုင်း...ဒီကိစ္စကို မောင်ကျောက်ဘီလူးက ကြည့် ကြပ်ပြီး စီမံပေတော့၊ မောင့်ကို ကျုပ်လွှဲလိုက်မယ်။

လူး။ ။(စိတ်အားထက်သန်စွာနှင့်)ကောင်းလှပါပြီ ဆရာကြီး။

ကြိုး။ ။လူ ဘယ်နှစ်ယောက်လိုလိမ့်မလဲ။

လူး။ ။ခြောက်ယောက်လောက် တော်ပါပြီ ဆရာကြီး၊ ခြေလိမ်ရယ်၊ မျက်စောင်းရယ်၊ ငပွကြီးရယ်၊ ပြိတ္တာရယ်၊ ကမ္ဘဋ္ဌာန်းရယ်၊ ကျွန်တော်ရယ် တော်ပါပြီ။

ကြိုး။ ။မောင်တောက်ထွန်းကိုလည်း အလုပ်ပေးဖို့ ကျုပ် ကတိပေးထားတယ်။

လူး။ ။(ရန်ငြိုး ကျေသေးဟန်မရှိသော မျက်နှာထားမျိုးနှင့် လှမ်းကြည့်လျက်) သူလိုက်ချင်လဲ လိုက်ပေါ့လေ၊ ကိုင်း...ကိုင်း...မြန်မြန်အလုပ်လုပ်ရင် ကောင်းလိမ့်မယ်ထင်တယ်။

ယင်းနောက် အစည်းအဝေးရုပ်သိမ်း၍ ဂိုဏ်းသားများသည် နေအိမ်သို့ ပြန်ကြလေရာ အချို့သောက်လုံးကြီးသော ဂိုဏ်းသားများမှာမူ ဦးမိုးကြိုး၏ နေအိမ်အောက်ထပ်သို့ဆင်း၍ အရက်များမှာယူကာ ဆက်လက်သောက်စားကြသေး၏။

ထိုညအတွက် အလုပ်လုပ်ရန် ပေးအပ်လိုက်သည့် ကိုကျောက်ဘီလူးနှင့် အခြားဂိုဏ်းသားခြောက်ယောက်တို့မှာမူ မထင်ရှားစေခြင်းငှာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့် လူစုခွဲကာ လမ်းပေါ်မှ လျှောက်သွားကြလေ၏။

လဆန်းဆယ်ရက် လမင်းသည် ဆီးနှင်းများအကွင်းမှ ဖောက်ထွင်း၍ အထက်ကောင်းကင်မှ ထွန်းလင်းလျက်ရှိရာ ချမ်းအေးသောရာသီဖြစ်သော်လည်း ဂိုဏ်းသားများမှာ အရက်ခိုးအရက်ငွေ့တို့ကြောင့် ပူနွေးလုံခြုံစွာ ရှိနေကြလေ၏။



နှစ်ထပ်တိုက်တစ်တိုက်သို့ ရောက်ကြသောအခါ ဂိုဏ်းသားများသည် လမ်းနံဘေးရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ဝင်၍ မှောင်ခိုကာ ဆွေးနွေးတိုင်ပင်ကြလေ၏။

နှစ်ထပ်တိုက်မှာ ပင်စင်အငြိမ်းစားပညာအုပ် ဦးထွန်းခင်၏ တိုက်ဖြစ်လေရာ ဦးထွန်းခင်သည် စာပုံနှိပ်စက်ကလေးနှစ်လုံး၊ သုံးလုံး တည်ထောင်၍ စာအုပ်ကလေးများ၊ သာမန်နာမှ ဖိတ်စာများ၊ ကြော်ငြာစာများ အစရှိသည့် တိုလီမိုလီ အသေးအဖွဲ့ ပုံနှိပ်လုပ်ငန်းကလေး ဖွင့်လှစ်လျက်ရှိ၏။

ထိုည၌မူ မိုးညွှင်းမြို့ မျက်နှာကြီးသားသမီး မင်္ဂလာဆောင်အတွက် ဖိတ်စာများ အရေးတကြီး ရိုက်နှိပ်လျက်ရှိရကား အချို့စာစီသမားများနှင့် စက်သမားများသည် 'အိုဗာတိုင်'အလုပ်ဆင်းကြရ၍ ထိုအချိန်တိုင်အောင် ဓာတ်မီးအိမ် တဝင်းဝင်းနှင့် အလုပ်လုပ်လျက်ရှိကြ၏။

တိုက်အတွင်းမှာမူကား ခြေနင်းစက်နှင့် လက်လှည့်စက်ကလေးများ၏ အသံသည် ညဥ့်အချိန်ဖြစ်သောကြောင့် လမ်းပေါ်သို့ ဖောက်ထွက်လာလေ၏။

ကိုကျောက်ဘီလူးသည် သစ်ပင်အောက်တွင် ဂိုဏ်းသားများကို စီမံခန့်ခွဲလျက်ရှိ၏။

လူး။ ။ဟေ့... ကိုတောက်ထွန်း၊ ခင်ဗျားက တံခါးမှာစောင့်ပြီး အခြေအနေကို ကြည့်ပေတော့ နားလည်လား၊ 'ခြေလိမ်'လည်း ခင်ဗျားနဲ့အတူ စောင့်နေပေစေ၊ ကျန်တဲ့လူများက ကျုပ်နဲ့အတူ တိုက်ထဲဝင်ခဲ့ကြ ကြားလား၊ ဘာမှ ကြောက်စရာမရှိပါဘူး ကိုယ့်လူရဲ့၊ တကယ့်အရေးဆိုရင် ကျုပ်တို့လူစုကို ဦးမိုးကြိုးဆိုင်မှာ ရှိပါတယ်လို့ ကျမ်းရွက်ပြီးပြောမယ့် သက်သေတွေ ဆယ်ယောက်ထက်မနည်း ရှိပါတယ်ဗျ။

ထိုအချိန်မှာ ဆယ်နာရီကျော်ပြီဖြစ်၍ လမ်းပေါ်၌ လူအသွားအလာ ပြတ်လပ်လျက်ရှိ၏။

လူစုသည် လမ်းကိုဖြတ်ကျော်၍ တံခါးကို တွန်းဖွင့်ကြပြီးနောက် ဂိုဏ်းသားသုံးယောက်တို့သည် နောက်ဖေးခန်း၌ရှိသော အလုပ်သမားများထံသို့ ဝင်သွားကြလေ၏။

ကိုကျောက်ဘီလူးနှင့် အခြားတစ်ယောက်သည် လှေကားမှ တိုက်အပေါ်ထပ်သို့ တက်ပြေးကြလေရာ ကိုတောက်ထွန်းနှင့် ခြေလိမ်တို့မှာမူ တံခါးမှ စောင့်နေရစ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခဏ၌ တိုက်အပေါ်ထပ်မှ လန့်ဖျပ်အော်ဟစ်သံများ၊ ခြေဆောင့်သံများ၊ စားပွဲကုလားထိုင် စသည့်အိမ်ထောင်ပစ္စည်းတို့ လဲကျသံများကို ကြားကြရလေ၏။

ထိုခဏ၌ ဦးခေါင်းဖြူလျက်ရှိသော လူကြီးတစ်ယောက်သည် တိုက်ရှေ့ဝရန်တာသို့ ပြေးထွက်လာရာ တစ်စုံတစ်ယောက် နောက်မှဆောင့်၍ ဆွဲလိုက်သောကြောင့် လူကြီး၏ မျက်မှန်သည် ကိုတောက်ထွန်း၏ ခြေထောက်အနီးသို့ စဉ်ကျလာလေ၏။

ထို့နောက် ဖုန်းခနဲအသံကြားရ၍ ဒုန်းခနဲ လဲကျသွားပြီးလျှင် အဘိုးကြီးသည် ကြမ်းပေါ်တွင် မှောက်လျက်လဲနေရာ တုတ်ကောက်များနှင့် တဖောက်ဖောက် တဖတ်ဖတ်ရိုက်နက်သောအသံများနှင့် 'အလိုလေး'၊ 'အမယ်လေး'၊ 'ကယ်တော်မူကြပါဦး' ဟူသော အသံများသည် တိတ်ဆိတ်သော ညဉ့်အချိန်တွင် ဆူညံသွားလေတော့၏။

ဂိုဏ်းသားနှစ်ယောက်အနက် တစ်ယောက်သည် လေးငါးဆယ်ချက်ရိုက်နက်ပြီးနောက် ဆက်လက်၍ မရိုက်တော့ဘဲ တန့်ရပ်နေလေရာ ကိုကျောက်ဘိလူးမှာမူ ကြမ်းပေါ်တွင် တွန့်လိမ်ကွေးကောက်လျက်ရှိသော အဘိုးကြီးအား ဆတ်ခွာတပ်ထားသော မိမိ၏ လမ်းလျှောက်တုတ်ဖြင့် ဦးခေါင်း၊ ကျောကုန်း၊ ပေါင်၊ ခြေသလုံး စသည်တို့ကို အနှံ့အပြား မရပ်မနား ရိုက်နက်နေလေ၏။

ကိုကျောက်ဘိလူးသည် ကျောကုန်းသို့ တစ်ချက်ချပြီးနောက် ဇက်ပိုးသို့ ချဦးမည်ဟု တုတ်ကိုမြှောက်လျက်ရှိစဉ် ကိုတောက်ထွန်းသည် လှေကားမှပြေးတက်လာ၍ ကိုကျောက်ဘိလူးအား ကိုယ်လုံးချင်းတိုက်လိုက်ကာ လွင့်စဉ်သွားစေလေ၏။

ထွန်း။ ။သေတော့မယ်ဗျ၊ တန်ပါတော့ဗျ။

လူး။ ။(စားတော့မည်ကဲ့သို့ ပြူးကြည့်လျက်)ခင်ဗျားက ဝင်ဈွက်ရအောင် ဘာကောင်မို့လဲ၊ ဆုတ်...ဆုတ်ဆိုဆုတ်နော်၊ ချလိုက်မယ်။

ထိုအခါ ကိုတောက်ထွန်းသည် ခါးပတ်တွင် ချိတ်ထားသော ခြောက်လုံးပြူးကို ရုတ်တရက်ထုတ်ကာ မျက်နှာကို တည့်တည့်ချိန်ရွယ်လျက်...

ထွန်း။ ။ကျုပ်မဆုတ်ဘူး ခင်ဗျားဆုတ်လိုက်၊ ကျုပ်ကို တစ်ချက်ထိရင် ခင်ဗျားမျက်နှာ စုတ်သွားမယ်၊ မြင်ရဲ့လား။

လူး။ ။(အနည်းငယ်တွန့်သွားလျက်)ခင်ဗျားက ဂိုဏ်းချုပ်ကြီးရဲ့အမိန့်ကို တော်လှန်တယ်ပေါ့လေ။



ထွန်း။ ။ကျုပ်က ဘာတော်လှန်သလဲ၊ ဂိုဏ်းချုပ်ကြီးက သတ်ဖို့အမိန့်မပေးလိုက်ဘူး၊ ခင်ဗျားလုပ်တာက ဒီမှာ သေတော့မယ်၊ မမြင်ဘူးလား။

တစ်ယောက်။ ။ဟုတ်သားပဲ ကိုကျောက်ဘိလူး၊ အဘိုးကြီး လူးနေရပြီ။

လူး။ ။အောင်မယ် မင်းကဝင်ပြီး။

'ပုလိပ်တွေလာကုန်ပြီ ပြေးကြဟေ့ ပြေးကြ၊ တစ်မြို့လုံး ဝိုင်းလာကုန်ပြီဟေ့၊ ပြေးကြ'

ဟု တိုက်အောက်မှ ဟစ်အော်သတိပေးသောအသံများကို ကြားကြရလေ၏။

ထိုခဏ၌ တာစီသမားများနှင့် စက်သမားများကို 'အုပ်'ထားသော ဂိုဏ်းသားများသည် နောက်ဖေးခန်း တိုက်ရှေ့လမ်းပေါ်သို့ ထွက်လာ၍ ဖရိုဖရဲ ပြေးလွှားကြလေရာ တိုက်ပေါ်မှ ကိုတောက်ထွန်းတို့ လူစုလည်း အောက်ထပ်သို့ ဆင်းပြေးလာ၍ လမ်းပေါ်သို့ ထွက်ပြေးကြလေ၏။

လမ်းဆုံသို့ ရောက်ကြသောအခါ ကိုကျောက်ဘိလူးနှင့် အချို့ဂိုဏ်းသားများသည် အသင်းတိုက်သို့သွား၍ ဦးမိုးကြိုးထံ အစီရင်ခံကြလေ၏။

ကိုတောက်ထွန်းမှာမူ ကွေ့ကောက်သောလမ်းဖြင့် မိမိ၏ နေအိမ်သို့ ပြန်သွားလေ၏။

❖

www.burmeseclassic.com

## အခန်း( ၄ )

**တရားခံ မောင်တောက်ထွန်း**

နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ ကိုတောက်ထွန်းမှာ ယမန် ညဉ့်က 'လွန်'ထားသည့်အတွက်ကြောင့် ခေါင်းကြီးကိုက်သည့်ပြင် သံပူကပ်ထားသော လက်မောင်းမှာလည်း ရောင်ဖောလျက်ရှိ၏။

ကိုတောက်ထွန်းမှာ လျှို့ဝှက်သောနည်းလမ်းဖြင့် ငွေစင်ရှိသူတစ်ယောက် ဖြစ်သောကြောင့် ဆင်းဂါးကိုယ်စားလှယ်အလုပ်ကို နာမည်မျှလောက်သာ လုပ်ကိုင်လေ၏။

ထိုနေ့၌ ကိုတောက်ထွန်းသည် မိတ်ဆွေတစ်ယောက်ထံ စာတစ်စောင် ရေး၍ ထမင်းစားသောက်ပြီးသည်နှင့် တစ်ပြိုင်နက် အိမ်ရှင်မိန်းမကြီးသည် သူငယ်တစ်ယောက်လာ၍ ပေးသည်ဆိုသော စာတစ်စောင်ကို ကိုတောက်ထွန်းအား ပေးအပ်လေ၏။



ကိုတောက်ထွန်းသည် စာကိုဖွင့်၍ ဖတ်သောအခါ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

> မိတ်ဆွေနှင့် တိုင်ပင်လိုပါသည်၊ သို့သော် မိတ်ဆွေ၏ နေအိမ်သို့မလာတံ့ပါ၊ မီးရထား ဘူတာရုံတောင်ဘက် အလံတိုင်အနီးရှိ ညောင်ပင်ကြီးအောက်မှ စောင့်နေပါမည်၊ ယခုချက်ချင်းလာရောက်ပါလျှင် မိတ်ဆွေအတွက် အရေးကြီးသော သတင်းများ ကြားရပါလိမ့်မည်။

ယင်းစာမှာ ရက်စွဲလည်း မပါ၊ လက်မှတ်လည်း မထိုးချေ။

ကိုတောက်ထွန်းသည် စာကို နှစ်ကြိမ်တိုင်တိုင် ဖတ်ရှုရာ မည်သူ့ထံမှ ပေးပို့လိုက်သည်ဟု မတွေးတောနိုင်သဖြင့် အံ့သြစွာနှင့် လှန်လှောကြည့်ရှုနေလေ၏။

ယင်းစာမှာ မိန်းမလက်ရေးနှင့်ဖြစ်ခဲ့ပါလျှင် ယင်း၏တစ်သက်တာတွင် ရံဖန်ရံခါ ကြုံခဲ့ရဖူးသည့် အချစ်ဇာတ်လမ်းဖွင့်ခြင်းမျိုး ဖြစ်သည်ဟု တွေးတောမှန်းဆရာရှိ၏။

ယခုစာမှာ ယောကျ်ားလက်ရေးဖြစ်သည့်ပြင် စာရေးနေကျလူမျိုး ရေးသားသည့် လက်ရေးမျိုးလည်း ဖြစ်၏။

နောက်ဆုံး၌ ကိုတောက်ထွန်းမှာ ကြောက်ရွံ့စိုးရိမ်တတ်ခြင်း နည်းပါးသော လူတစ်ယောက်ဖြစ်သည့်အလျောက် မည်သည့်နည်းနှင့်မဆို ချိန်းဆိုသည့်အတိုင်း သွားရောက်ချေအံ့ဟု ဆုံးဖြတ်လိုက်လေ၏။

အလံတိုင်အနီးရှိ ညောင်ပင်ကြီးမှာ ကုန်းမြင့်ကလေးပေါ်တွင် ပေါက်ရောက်လျက်ရှိရကား ယင်းသစ်ပင်အောက် မျှော်ကြည့်သည်ရှိသော် ပတ်ဝန်းကျင်အရပ်လေးမျက်နှာတို့ကို ထင်ရှားစွာ မြင်နိုင်ပေ၏။

ထိုသစ်ပင်အောက်မှရပ်၍ စောင့်ကြည့်ခြင်းအားဖြင့် ထိုနေရာသို့ ချဉ်းကပ်လာသူများကို အဝေးမှပင် မြင်နိုင်ရာ ယင်းနေရာကို ရွေးချယ်ချိန်းချက်သော သူမှာ အမြော်အမြင်ရှိသူတစ်ယောက် ဖြစ်ရမည်ဟူ၍ ကိုတောက်ထွန်း ချီးမွမ်းမိ၏။

ကိုတောက်ထွန်းသည် ခြောက်လုံးပြူးသေနတ်ကို ဘောင်းဘီအိတ်တွင် ထည့်၍ လမ်းလျှောက်တုတ်တစ်ချောင်းကိုင်ကာ မီးရထားသံလမ်းတစ်လျှောက် လျှောက်သွားသောအခါ လူတစ်ယောက်သည် စီ,အိုင်,ဗီ ဦးထုပ်တစ်လုံးကို ခပ်အုပ်အုပ်ဆောင်းလျက် ချုံကလေးတစ်ချုံမှ ညောင်ပင်အောက်သို့ ကူးဝင်သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်သောအခါ ယမန်ညဦးက ဂိုဏ်းသားများ၏ ငြိုငြင်ခြင်းခံရသော ဦးကြာခိုင်ဖြစ်ကြောင်းတွေ့ရ၍ ဂိုဏ်းသားများ ထုံးစံအတိုင်း အချက်ပေးကြလေ၏။

ခိုင်။ ။မှာလိုက်တဲ့အတိုင်း လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုတောက်ထွန်း၊ ခင်ဗျားနဲ့ တိုင်ပင်စရာလေးတစ်ခု ရှိလို့ဗျာ။

ထွန်း။ ။စာရေးရင် ဘာလို့ လက်မှတ်မထိုးရတာလဲ ဦးကြာခိုင်။

ခိုင်။ ။ဒီခေတ်ကြီးမှာ ယုံရမယ့်လူ ခွဲခြားပြီးသိဖို့ ခဲယဉ်းလွန်းလို့၊ အင်မတန်သတိထားနိုင်မှ တော်ကာကျတယ် ကိုတောက်ထွန်းရေ့။

ထွန်း။ ။ကိုယ့်ဂိုဏ်းသားအချင်းချင်းတောင် စိတ်မချနိုင်ဘူးလားဗျ။

ခိုင်။ ။ဂိုဏ်းသားတိုင်း စိတ်မချရဘူး ကိုတောက်ထွန်းရေ့၊ တစ်ခုခက်တာက ဘာလဲဆိုတော့ အချင်းချင်းရယ်လို့ တိုင်ပင်မိပြီလားဆို တိုင်ပင်မိသမျှ စကားဟာ တစ်ခွန်းမကျန် ဦးမိုးကြိုးဆီ ရောက်ကုန်တော့တာပဲဗျ။

ထွန်း။ ။(ကြာမြေနှင့်)ကျွန်တော်တစ်ခု သတိပေးလိုက်မယ်ဗျနော်၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်က ဓာတ်သွင်းပြီးကာစ ဂိုဏ်းသားအသစ်ပဲ၊ သို့သော် ကျွန်တော့်ကို သစ္စာဖောက်ဖို့များ သွေးဆောင်မယ်လို့တော့ မကြံလေနဲ့ ဦးကြာခိုင်။

ခိုင်။ ။(ဝမ်းနည်းသံနှင့်)ကျုပ်ကို ဒီလိုလည်း အထင်အမြင်မသေးလိုက်ပါနဲ့ ကိုတောက်ထွန်း၊ ဪ...ခက်တော့တာပဲနော်၊ ကိုယ့်လူ အချင်းချင်းတောင်မှ ကိုယ့်အကြံအစည်ကလေး မတိုင်ပင်ဝံ့အောင် ဖြစ်ကုန်ပြီဟာကိုး။

ထိုအခါ ဦးကြာခိုင်အား စေ့စေ့စပ်စပ်အကဲခတ်လျက်ရှိသော ကိုတောက်ထွန်းသည် တင်းမာသော မျက်နှာထားကို အနည်းငယ်လျှော့၍ချပြီးနောက်...

ထွန်း။ ။ကျွန်တော်ပြောတာက ကျွန်တော့်အတွက် ကျွန်တော်ပြောခြင်းဖြစ်ပါတယ်၊ ကျွန်တော်က တိုင်ပင်စရာမရှိလို့ မတိုင်ပင်သော်လည်း ဦးကြာခိုင်က တိုင်ပင်စရာရှိလို့ တိုင်ပင်ချင်ရင် သဘောအတိုင်း ပြုနိုင်ပါတယ်။

ခိုင်။ ။ပြီးတော့ ဦးမိုးကြိုးကို ပြန်ပြောရောလားဗျ။

ထွန်း။ ။ဒါတော့ ခင်ဗျားမဘာရားပေဘူး၊ ကျွန်တော်ဟာ ကိုယ့်ဂိုဏ်းကို ကိုယ် သစ္စာဖောက်မယ် မကြံတဲ့အတွက် ကျွန်တော့်စိတ်ထားကို ဖွင့်ပြီး ပြောခြင်းဖြစ်တယ်၊ သို့သော် လူတစ်ဦးတစ်ယောက်က ကျွန်တော့်ကို ယုံကြည်သဖြင့် တိုးတိုးတိတ်တိတ် တိုင်ပင်တဲ့စကားတစ်ခွန်းကို၊ တခြားလူကို



ပြော၊ ပြလောက်အောင် နုံချာတဲ့လူတစ်ယောက် မဟုတ်ပါဘူးဗျ၊ ခင်ဗျားတိုင်ပင်ချင်ရင် တိုင်ပင်နိုင်တယ်၊ ကူညီပါမယ်လို့တော့ ကျွန်တော်ကတိမပေးနိုင်ဘူး၊ သို့သော် နှုတ်လုံတဲ့လူတစ်ယောက်ပဲလို့တော့ ခင်ဗျား စိတ်ချလိုက်တော့။

ခိုင်။ ။ကူညီဖို့ကတော့ ဘယ်သူ့ဆီကမှ ကျုပ်မမျှော်လင့်ပါဘူးဗျာ၊ ကျုပ်အခုပြောမယ့်စကားက ကျုပ်အသက်ကို ခင်ဗျားလက်ထဲ အပ်ထားတာနဲ့ အတူတူပါပဲ၊ သို့သော် ဒီပြင်လူတွေထက် ခင်ဗျားကို ကျုပ်က ဘာကြောင့်ပြောဝံ့သလဲဆိုတော့ ဟိုလူစုတွေက ဝါရင့်ကြီးတွေဖြစ်ပြီး သူတို့စိတ်ဟာ ကျောက်တိုင်ကျောက်ခဲလို မာနေကုန်ပြီ၊ ခင်ဗျားမှာတော့ နုသေးတဲ့အတွက် သူတို့လို မရက်စက်သေးဘူးလို့ ကျုပ်တွေးမိလို့ပါ။

ထွန်း။ ။ကိုင်း...ခင်ဗျား ခင်ဗျားပြောချင်တာက ဘာအကြောင်းပါလဲ။

ခိုင်။ ။ကျုပ်ပြောမယ့်စကားကို ဒီပြင်လူပြန်ပြောရင် ခင်ဗျားမှာ ဘေးအပေါင်းရန်အပေါင်းထိ။

ထွန်း။ ။ထိပါစေရဲ့ဗျာ၊ မပြောပါဘူး။

ခိုင်။ ။တွင်းငယ်မှာတုန်းက ဆတ်ဆတ်ကြဲဂိုဏ်းထဲ ခင်ဗျားဝင်စက နောက်နောင်အခါမှာ ဒုစရိုက်ပြစ်မှုများ ကျူးလွန်ရလိမ့်မယ်လို့ ခင်ဗျားတွေးမိရဲ့လား။

ထွန်း။ ။ဒုစရိုက်ပြစ်မှုလို့ ခင်ဗျားခေါ်သလားဗျာ။

ခိုင်။ ။ဒုစရိုက်ပြစ်မှုမဟုတ်ရင် သူတို့လုပ်နေကြတာတွေ ဘာအလုပ်တွေလဲဗျာ၊ ဒီ့အရင်က အလုပ်တွေ ဖယ်ထားလိုက်ဦး၊ မနေ့ညက အလုပ်တစ်ခုတည်း ခင်ဗျားကြည့်စမ်းပါဦး၊ ခေါင်းဖြူဖွယ်ကျိုးနဲ့ အဖိုးကြီးကို သွေးစိမ်းငေါက်ငေါက် ပန်းထွက်အောင် ဝိုင်းရိုက်ကြတာဟာ ဒုစရိုက်ပြစ်မှုမခေါ်ရင် ဘယ်လိုခေါ်စရာ ရှိသေးသလဲဗျာ။

ထွန်း။ ။လူတစ်တန်းစားနဲ့ တစ်တန်းစား၊ အချင်းဖြစ်ပွားတဲ့အခါကျတော့ တစ်ဖက်နဲ့တစ်ဖက် မနိုင် နိုင်ရာကိုင်ကြစတမ်းဆိုတဲ့ ဓမ္မတာ သဘောလည်း ရှိသေးတာကိုး ဦးကြာခိုင်ရဲ့။

ခိုင်။ ။ဘာပဲဖြစ်ဖြစ် ဘာပဲခေါ်ခေါ်ဗျာ၊ ရှေးဦးမှာ ခင်ဗျားဝင်စဉ်က ဒီအလုပ်မျိုးများ လုပ်ရမယ်လို့ ခင်ဗျားထင်မိရဲ့လားဗျာ။

ထွန်း။ ။ဒါတော့မှန်တယ်၊ ကျွန်တော် မထင်မိခဲ့ပေဘူး။

ခိုင်။ ။ကျုပ်လည်း မိုးညှင်းမှာတုန်းက ဝင်ခဲ့စဉ်က ခင်ဗျားလိုပဲမထင်မိခဲ့ဘူး၊ အမှန်ပြောရရင်ဖြင့် ကျုပ်က အမျိုးသားအချင်းချင်း ရိုင်းပင်းကူညီ

www.burmeseclassic.com

www.burmeseclassic.com



ရေး၊ ပေါင်းဆင်းဆက်ဆံရေး ဒီလောက်ပဲ ထင်မိခဲ့ပေတယ်ဗျ၊ နောက်တော့ မိတ်ဆွေတစ်ယောက်နဲ့ မိုးကောင်းမှာ ကျောက်တွင်းကလေးတစ်တွင်း အစုစပ် လုပ်လိုက်ရာက ဟန်ကျပြီး ကြီးကြီးကျယ်ကျယ်လုပ်ချင်လို့ ဒီမြို့ပြောင်းရွှေ့ လာမိတာကိုးဗျ၊ ဒီမြို့လည်းရောက်ရော ဟိုအရပ်က အသင်းသားမို့လို့ ဒီအရပ်မှာ လည်း ပါဝင်ရပါရော၊ သူတို့အကြောင်းတွေလည်း သိပါလေရော၊ ခင်ဗျားသိတဲ့ အတိုင်းပဲ၊ ဒီအရပ်ဂိုဏ်းထုံးစံက တစ်ခါဝင်ပြီး မသေမချင်းမထွက်ရဘူး၊ ဒါကြောင့်မို့ ကျုပ်မှာ တန်းလန်းတန်းလန်းနဲ့ သူတို့အထဲ ပါနေရတော့တာကိုး ကိုတောက်ထွန်း ရဲ့၊ ခက်ပါတယ်ဗျား ကျုပ်တော့ သေမှလွတ်တော့မှာပါပဲ။

ထွန်း။ ။ခင်ဗျားက လူပျော့ကိုးဗျ။

ခိုင်။ ။ဒါထက်ပြောရဦးမယ်၊ ကျုပ်မှာလည်း ခင်ဗျားလိုပဲ၊ အလှည့်ကျလို့ တစ်ခါလိုက်သွားရတယ်၊ ဟိုရောက်တော့ သူတို့က အိမ်ထဲဝင်၊ ကျုပ် ကတော့ တံခါးဝကစောင့်၊ တော်တော်ကြာတော့ အဖေကြီးဆုံးမပြီး သူတို့ လူစု ထွက်လာရာမှာ သားကလေးက အိမ်ထဲကနေပြီး 'သေပါပြီဗျ၊ ကျွန်တော့် အဖေ သေပါပြီဗျ'ဆိုပြီး ငိုလိုက်တဲ့အသံဟာ ဒီကနေ့ထက်ထိ ကျုပ်နားထဲက မထွက် ပါဘူး ကိုတောက်ထွန်းရယ်။

ထွန်း။ ။ခင်ဗျား သိပ်စိတ်နုတဲ့လူကိုးဗျ၊ ပစ္စည်းတွေရောင်းပြီး ထွက်ပြေး လေဗျာ။

ခိုင်။ ။မရဘူး ကိုတောက်ထွန်း၊ ဒီလိုထွက်ပြေးလို့ လိုက်သတ်ခံရတဲ့လူ သုံးယောက်ရှိပြီ၊ ရွှေဘိုမှာတစ်ယောက်၊ ခနုဖြူမှာတစ်ယောက်၊ မီး ရထားပေါ်မှာ တစ်ယောက်။

ထွန်း။ ။ဒီလိုဖြင့်လဲ အခက်သားပဲကိုး၊ ကိုင်း...ကိုင်း၊ ခင်ဗျားပြောစရာ ရှိတာလည်း ပြောပြီးပြီ၊ ပြန်ကြဦးမှ တော်မယ်ထင်တယ်။

ခိုင်။ ။တစ်ခု ကျုပ်မှာလိုက်စမ်းပါရစေဦး၊ ခင်ဗျားနဲ့ကျုပ်နဲ့ ဒီမှာတွေ့ရ တာကို မြင်တဲ့လူက မြင်ချင်မြင်ထားဦးမယ်၊ ဘာအကြောင်း ပြော ကြသလဲလို့ စစ်လားကြောလားလုပ်ရင် တစ်ယောက်တစ်မျိုးဖြစ်နေလို့ ခွကျနေ ကြဦးမယ်။

ထွန်း။ ။အောင်မယ်၊ ဟုတ်ပေ့ဗျာ၊ ခင်ဗျားက သတိရလို့ တော်တော့တယ်။

ခိုင်။ ။ကျုပ်က ကျုပ်နဲ့ ကျောက်တွင်းစပ်ဖက်လုပ်မလားလို့ တိုင်ပင်ကြည့် စမ်းတယ် ဆိုပါတော့။

ထွန်း။ ။ကျွန်တော်က မလုပ်ချင်ဘူးလို့ ငြင်းပယ်လိုက်တယ်ဆိုပါတော့၊ ကိုင်း...ကိုင်း၊ ပြန်လိုက်ကြဦးစို့၊ ရှေ့လျှောက်တော့ ခင်ဗျားအဖို့



အလိုက်အထိုက် ဟန်ကျလာကောင်းပါသေးရဲ့ဗျာ...၊ ကျွန်တော်ကတော့ ဆု တောင်းပါတယ်။

ထိုနေ့ညနေ၌ ကိုတောက်ထွန်းသည် ဧည့်ခန်းတွင်ထိုင်ကာ ဆေးတံကို ဖွာရင်း မိမိတို့ဂိုဏ်း၏ စီမံပုံများကို စဉ်းစားစိတ်ကူးလျက်ရှိနေစဉ် ဦးမိုးကြိုးသည် အိမ်ပေါ်သို့ တက်လာလေ၏။

ဂိုဏ်းသားတို့ ထုံးစံအတိုင်း အထိမ်းအမှတ်ပြုပြီးနောက် ဦးမိုးကြိုးသည် ကိုတောက်ထွန်းနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ မျက်နှာကို စိန်းစိန်းကြည့်လျက် အကဲခတ်နေရာ ကိုတောက်ထွန်းသည် ခပ်အေးအေးအမူအရာနှင့် မတုန်မလှုပ် ပြန်၍ကြည့်လေ၏။

ကြိုး။ ။ကျုပ်က သူများအိမ်ကို လည်ပတ်တဲ့ ထုံးစံမရှိဘူး မောင်တောက် ထွန်း၊ ကျုပ်အိမ်ကိုသာ ဂိုဏ်းသားများက လာကြရိုးထုံးစံရှိတယ်၊ သို့သော် မောင်တောက်ထွန်းကို ခြွင်းချက်ထားပြီး ကျုပ်ယခု လာခဲ့ခြင်းဖြစ်တယ်။

ထွန်း။ ။ယခုလို ဆရာကြီးလာခဲ့ခြင်းဟာ ကျွန်တော့်ကို ချီးမြှင့်တယ်လို့ ကျွန်တော်ကလည်း သဘောထားပါတယ် ဆရာကြီး။

ကြိုး။ ။လက်မောင်းကော ဘယ့်နှယ်နေသေးသလဲ။

ထွန်း။ ။နာတော့နာတာပေါ့ဆရာကြီး၊ သို့သော် အနာခံလောက်အောင် အဖိုးတန်တယ်လို့ ကျွန်တော်ပိုက်ပါတယ်။

ကြိုး။ ။အဖိုးတန်ဘိလားမောင်၊ ဘယ့်နှယ်ပြောပါလိမ့်၊ ဒါထက် ဒီနေ့ မနက် ညောင်ပင်ကြီးအောက်မှာ ကိုကြာခိုင်ကို မောင်က ဘာများ ပြောလိုက်သလဲ။

ဦးမိုးကြိုးသည် ယင်းမေးခွန်းကို အလစ်ကောက်၍မေးလိုက်ခြင်းဖြစ်ရ ကား ယခင်ကတည်းက အဖြေကို စီစဉ်မထားခဲ့ပါလျှင် ခပ်ခက်ခက်ပင် ဖြစ်တန် ရာ၏။

ထွန်း။ ။(အားရပါးရ ရယ်မောလျက်)ဦးကြာခိုင်က ကျွန်တော့်မှာ ငွေဝင် လမ်းလေး ရှိတာကို သူနဲ့အလုပ်ဖက်စပ်လုပ်ရအောင်တဲ့ တိုင်ပင် ရှာတယ်၊ အပင်ပန်းခံလို့ ဆရာကြီးရယ်၊ ဘာလုပ်ဖို့လဲ၊ အသုံးရှိတဲ့အခါ လေး ငါးခြောက်ရွက် လုပ်လိုက်ရင် ကိစ္စပြီးနေတာပဲ ဆရာကြီးရဲ့၊ သူမသိတာလည်း ခပ်ကောင်းကောင်းပါပဲ၊ လူကြီးက စိတ်ကောင်းနှလုံးကောင်းရှိပုံ ပေါက်ပေမယ့် ကျွန်တော်တို့အကြိုက်တော့ သွေးက တယ်နည်းတယ်ခင်ဗျာ။

ကြိုး။ ။သြော်... ဒီကိစ္စနဲ့ တိုင်ပင်ကြတာလား။

ထွန်း။ ။မှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြီး။ ။မောင်က လက်မခံလိုက်ဘူးပေါ့။

ထွန်း။ ။ဦးခေါင်းရှုပ်ခံလို့ ခင်ဗျား ဘာလုပ်ဖို့လဲ။

ကြီး။ ။ဒီကိစ္စ တိုင်ပင်ကြရင်လည်း အိမ်မှာတိုင်ပင်ရင် အပြီးသားနဲ့၊ တောထဲ သွားကြရပါပေသေး မောင်ရယ်။

ထွန်း။ ။တမင် ချိန်းတွေ့ကြတာ မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော်က ထုံးစံအတိုင်း လမ်းလျှောက်သွားရင်း ပက်ပင်းတွေ့ကြတာနဲ့ သစ်ပင်ရိပ်အောက် ဝင်ပြီးတိုင်ပင်ကြတာပါ။

ကြီး။ ။သို့သော်လည်း ကြာခိုင်နဲ့အတူသွား အတူလာမလုပ်ဘဲ တတ်နိုင်သမျှ ခပ်ကင်းကင်းနေရင် ကောင်းလိမ့်မယ်ထင်တယ်။

ထွန်း။ ။ဘာကြောင့်လဲ ဆရာကြီး။

ကြီး။ ။ဒီအရပ်မှာ ကျုပ်က ဒီလိုမတော်ဘူး ဒီလိုတော်တယ်လို့ ပြောလိုက်ရင် ဟိုနှယ်ဒီနှယ် မေးလားမြန်းလား လုပ်ရိုးထုံးစံမရှိဘူး မောင်တောက်ထွန်း။

ထွန်း။ ။ဟိုလူဒီလူထုံးစံကို ကျွန်တော်လိုက်နာချင်မှ လိုက်နာမှာပေါ့ ဆရာကြီး၊ သူများကသူများ၊ ကျွန်တော်က ကျွန်တော်ပဲ။

ထိုအခါ ဦးမိုးကြီးသည် ကွမ်းစားမည်ဟု ကွမ်းယာရင်းကိုင်ထားသော ကွမ်းအစ်ဖြင့် ကိုတောက်ထွန်းဦးခေါင်းသို့ ပစ်ပေါက်လိုက်တော့မည်ကဲ့သို့ မျက်လုံးများပြူးလျက် လှမ်းကြည့်နေသေး၏။ သို့ရာတွင် နောက်တစ်ခဏ၌ သတိရသွားသည့် လက္ခဏာနှင့် ဦးမိုးကြီးသည် အသံကျယ်လောင်စွာ ရယ်မောလိုက်လေ၏။

ကြီး။ ။ဒီသူငယ် ခေါ်တော်ဆန်းတဲ့သူငယ်ပဲ၊ ကဲလေ…ဘယ်အကြောင်းကြောင့် ကိုကြာခိုင်နဲ့ အတူသွားအတူလာ မလုပ်သင့်ဘူး ဆိုတာသိချင်ရင် ပြောပြရသေးတာပေါ့၊ ဒါထက်…ကိုကြာခိုင်က ဒီဂိုဏ်းအကြောင်း မကောင်းသတင်းများ ပြောမပြဘူးလား။

ထွန်း။ ။မပြောရှာပါကလား ဆရာကြီး။

ကြီး။ ။ကျုပ်အကြောင်းကော။

ထွန်း။ ။မပြောဘူး ဆရာကြီး။

ကြီး။ ။ဒါဖြင့် မောင့်ကို သူမယုံသေးလို့ မပြောဘာသဘဲ၊ သူ့စိတ်ထဲကတော့ ကျုပ်တို့ဂိုဏ်းကို သူလုံးလုံးမကြိုက်ဘူး၊ ကျုပ်တို့လည်းသိတယ်၊ သိလို့လည်း သူ့ကိုစောင့်ကြည့်လာခဲ့တာပဲ၊ တစ်နေ့တော့ သူ့ကိုဆုံးမရမယ်၊ အခုတောင် ဆုံးမဖို့ အချိန်တော်နေပြီလား မဆိုနိုင်ဘူး၊ ဒီတော့ကာ စိတ်မချရတဲ့လူတစ်



ယောက်နဲ့ ပေါင်းသင်းဆက်ဆံခဲ့လို့ရှိရင် မောင့်ကိုပါ ကျုပ်တို့က စိတ်မချရတဲ့အထဲ ထည့်ရလိမ့်မယ်၊ ကိုင်း…ရှင်းပြီလား။

ထွန်း။ ။ဒီလူကြီးနဲ့ မပေါင်းနဲ့လို့ ကျွန်တော့်ကိုပြောနေဖို့ မလိုပါဘူး၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီလူကြီးကို တယ်မလိုလားပါဘူး၊ ကျွန်တော့်ကို စိတ်မချနိုင်ဘူးဆိုတဲ့ စကားမျိုးကိုတော့ ဆရာကြီးမို့သာ ခံလိုက်ရတာပေါ့ ခင်ဗျာ၊ ဒီပြင်လူဆိုရင်တော့ တစ်ခါပြင်နှစ်ခါ ထပ်ပြောခဲ့ရရိုးလား။

ကြီး။ ။ကိုင်း… တော်လောက်ပါပြီ၊ ကျုပ် သတိပေးချင်တာကလေး ရှိလို့လာခဲ့တာ၊ အခု သတိပေးပြီးပါပြီ။

ထွန်း။ ။ဒါထက် နေပါဦးဆရာကြီးရယ်၊ ကျွန်တော်နဲ့ ဦးကြာခိုင်နဲ့ တွေ့ကြတဲ့အကြောင်းကို ဆရာကြီး ဘယ့်နှယ်သိသလဲ။

ကြီး။ ။(ရယ်မောလျက်)ဒီမြို့အတွင်း ဖြစ်ပျက်သမျှကို ကျုပ် မကြားတာ မမြင်တာ ကျုပ်မသိတာရယ်လို့ မရှိဘူးမှတ်ထားလိုက် မောင်တောက်ထွန်း၊ ကိုင်း…လေးနာရီလည်း ခွဲသွားပြီ၊ ပြန်ဦးမှတော်မယ်။

ယင်းခဏ၌ တံခါးသည် ရုတ်တရက်ပွင့်သွား၍ ပုလိပ်အရာရှိတစ်ယောက်နှင့် ပုလိပ်အမှုထမ်းသုံးယောက်တို့သည် အိမ်တွင်းသို့ မဟားတရားဝင်လာကြလေရာ ကိုတောက်ထွန်းသည် စားပွဲအံဆွဲတွင် ထည့်ထားသော ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်မည်ပြုလေ၏။

သို့ရာတွင် ပုလိပ်အရာရှိ၏သေနတ်သည် ကိုတောက်ထွန်း၏ ဦးခေါင်းကို ချိန်ထားပြီးဖြစ်သောကြောင့် ကိုတောက်ထွန်းသည် လက်ကိုပြန်၍ ရုပ်သိမ်းထားလိုက်လေ၏။ ဌာနာအုပ် ကိုမိုးညွန့်သည် သေနတ်ကို လက်ထဲတွင် ကစားလျက် ကိုတောက်ထွန်းအနီးသို့ ချဉ်းကပ်ပြီးလျှင်…

ညွန့်။ ။(ခပ်ပြုံးပြုံးမျက်နှာနှင့်)ကိုယ့်လူ တစ်နေ့တော့ ကျုပ်တို့လက်ထဲ ရောက်ဦးမှာပဲလို့ ထင်နေတာ၊ ထင်တဲ့အတိုင်း ဟော…အခု ရောက်တော့မယ်၊ လူဆိုးနဲ့ပတ်သက်လို့ကတော့ ကျုပ်ထင်ရင် လွဲခဲပါရဲ့ဗျာ၊ ကိုင်း… ဆရာရေ့၊ အကျီဝတ်၊ လာ…ကျုပ်တို့နဲ့လိုက်ခဲ့။

ထွန်း။ ။ခင်ဗျားထင်တာတော့ မှန်ပြီထားလိုက်ပါတော့၊ ကျုပ်ကလည်း ထင်ချက်ကလေး ရှိသေးတာပဲ ကိုမိုးညွန့်ရဲ့၊ ဘာလဲဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်နေ့နေ့တော့ ခင်ဗျားဒုက္ခရောက်ရမယ်၊ ဘယ့်နှယ်ဗျာ ရိုးရိုးမှတ်မှတ် လုပ်ကိုင်စားသောက်တဲ့ သူတစ်ယောက်ရဲ့ အိမ်ထဲကို ခင်ဗျားတို့က တံခါးမရှိ ဓားမရှိ၊ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်တမ်းတဲ့လားဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ညွန့်။ ။မြို့ဝန်မင်းဦးမိုးကြိုးခင်ဗျာ (ဦးမိုးကြိုးမှာ သမာဓိမြို့ဝန်တစ်ယောက် ဖြစ်၏။)ကျွန်တော်တို့က ဒီလူကို ဖမ်းဆီးခြင်းကိစ္စမှာ မြို့ဝန်မင်းက ကူညီဖို့သာ ရှိပါတယ်၊ နှောင့်ယှက်ဖို့ မသင့်ပါဘူး။

ကြိုး။ ။ဒီလူဟာ ကျုပ်မိတ်ဆွေပဲ၊ သူ့အတွက် ကျုပ် တာဝန်ခံတယ်။

ညွန့်။ ။သည်းခံပါ မြို့ဝန်မင်း၊ ကိုယ့်အတွက် ကိုယ်တာဝန်ခံနေရမယ့်နေ့ ရောက်နေပါဦးမယ်၊ ကိုင်း...ငါ့လူများ၊ လက်နက်များ ရှာကြစမ်း၊ ငါက ဒီကချိန်ထားမယ်။

အမှုထမ်းများသည် စားပွဲအံဆွဲထဲမှ သေနတ်ကို ထုတ်ယူကြလေ၏။

ညွန့်။ ။ကျုပ်တို့အစိုးရက အံ့ဩလောက်တဲ့ အစိုးရပေပဲဗျာ၊ ဒီလိုလူမျိုးများ ခြောက်လုံးပြူးလိုင်စင် ထုတ်ပေးတာ အံ့ဩပါရဲ့ဗျာ။

ထွန်း။ ။ခင်ဗျားက ရာထူးကလေးကြောင့် ခြောက်လုံးပြူးကိုင်ရတဲ့ လူဗျ၊ ကျုပ်က သတ္တိကြောင့် ကိုင်ရတဲ့လူ၊ ခင်ဗျားတို့လို အိမ်ကြိုအိမ်ကြားမှာ လူဆိုးရှာဖို့ သတ္တိမျိုးနဲ့ ကိုင်ရတဲ့ခြောက်လုံးပြူးမျိုးမဟုတ်ဘူးဗျ၊ ကျုပ်ဟာက နားလည်လား၊ တစ်ယောက်ချင်းဆိုရင် ခင်ဗျားကျုပ်ကို ဒီလိုလွယ်လွယ်ကလေးနဲ့ မိအောင်မဖမ်းနိုင်ပါဘူး ကိုစိုးညွန့်ရဲ့။

ညွန့်။ ။ခင်ဗျားကို ကျုပ် မငြင်းပါဘူးလေ၊ ကိုယ့်ကိုကိုယ် ခံသာအောင် ကြည့်ပြီး သိဒ္ဓိတင်ကြတာပေါ့။

ထွန်း။ ။နေပါဦး၊ ကျုပ်ကို ဘာမှုနဲ့ ဖမ်းကြတာတဲ့တုန်း။

ညွန့်။ ။ပင်စင်အငြိမ်းစားပညာအုပ် ဦးထွန်းခင်ကို နှာကျင်စေမှုနဲ့ ပိုင်နက်ကျူးလွန်မှုတဲ့ဗျ။

ကြိုး။ ။သြော်... ဒါလား၊ ဒါဖြင့် စောစောက လွှတ်ပစ်ခဲ့ပါဗျာ၊ ဒုက္ခရှာမနေကြပါနဲ့၊ ဒီလူက ကျုပ်အိမ်မှာ မနေ့ညက ဆယ့်နှစ်နာရီထိအောင် ပိုကာထိုင်ဆွဲနေတယ်ဗျ၊ ကျုပ်တွင်မျှမကဘူး၊ သက်သေ လေးငါးခြောက်ယောက် တင်ပြနိုင်တယ်၊ လွှတ်လိုက်ကြပါဗျာ၊ ဒုက္ခရှာမနေကြပါနဲ့။

ညွန့်။ ။သက်သေပြနိုင်ရင် ရုံးကျမှ ပြပေတော့ မြို့ဝန်မင်း၊ ကျွန်တော့်မှာတော့ အမိန့်အတိုင်း ဖမ်းဆီးရပါလိမ့်မယ်၊ ကိုင်း...ကိုတောက်ထွန်း၊ ငြိမ်ငြိမ်ဆိမ်ဆိမ် လိုက်ခဲ့ဗျာ၊ ယမ်းတောင့် မဖြုန်းပါရစေနဲ့၊ မြို့ဝန်မင်းလည်း သည်းခံပါ။

ဌာနာအုပ် ကိုစိုးညွန့်မှာ ခပ်အေးအေးပြောတတ်သော်လည်း ဝတ္တရားကို မညှာမတာပြုတတ်သည်ဟု နာမည်ရပြီးဖြစ်သောကြောင့် ကိုတောက်ထွန်းနှင့် ဦးမိုးကြိုးတို့သည် ကန့်ကွက်ခုခံခြင်း မပြုကြတော့ချေ။



ကိုတောက်ထွန်းမှာမူ ပုလိပ်နောက်သို့ မလိုက်မီ ဦးမိုးကြိုးနှင့် တီးတိုးတိုင်ပင်သေး၏။

ကြိုး။ ။ဟိုဟာ ဘယ့်နှယ်လဲ။

ထွန်း။ ။စိတ်ချရပါတယ်။

ဆိုလိုရင်းကား ငွေစက္ကူလုပ်စက်အကြောင်း မေးမြန်းခြင်းဖြစ်ရာ ကိုတောက်ထွန်းက ကြမ်းအောက်တွင် ဖောက်၍ဝှက်ထားပြီ ဖြစ်သောကြောင့် စိတ်ချရပါ၏ဟု ဆိုခြင်းဖြစ်လေ၏။

အမှုထမ်းများသည် ကိုတောက်ထွန်းကို စောင့်ထိန်းလျက်ရှိစဉ် ကိုစိုးညွန့်သည် အိမ်တွင်း၌ အနှံ့အပြား ရှာဖွေသေး၏။

သို့ရာတွင် ဘာကိုမျှ မတွေ့ရချေ။

ယင်းနောက် ပုလိပ်တို့သည် ကိုတောက်ထွန်းကို ဌာနာသို့ ခေါ်ဆောင်သွားကြလေ၏။

ဌာနသို့ရောက်ကြ၍ အချုပ်ခန်းသို့ သွတ်သွင်းလိုက်သောအခါ ကိုတောက်ထွန်းသည် ကိုကျောက်ဘီလူးနှင့် အခြားဂိုဏ်းသား သုံးယောက်တို့ကို အချုပ်ခန်းတွင်း၌ တွေ့ရှိရလေ၏။

အကြောင်းကား ထိုသူများမှာလည်း ကိုတောက်ထွန်းနည်းတူ ဖမ်းဆီးခြင်း ခံထားကြရသောကြောင့်ပေတည်း။

ထိုည၌ ဆိုင်ရာပုလိပ်သည် အချုပ်ခန်းသို့ နောက်ဆုံးအကြိမ် လာရောက်ကြည့်ရှုသောအခါ ဘရန်ဒီနှစ်ပုလင်းနှင့် ကြက်ကြော်တစ်ကောင်အပြင် ဖဲတစ်ထုပ်ကိုလည်း ပေးအပ်သွားလေ၏။

ငွေကို ရေလိုသုံး၍အလုပ်လုပ်သော ဂိုဏ်းသားများမှာ ဤမျှလောက်တိုင်အောင် စွမ်းဆောင်နိုင်ကြပေသည်။

ယင်းသို့ဖြစ်ရကား ကိုတောက်ထွန်းနှင့်တကွ ဂိုဏ်းသားများသည် တစ်ညဉ့်လုံးသောက်စား၍ ပိုကာဆွဲနေနိုင်ကြသောကြောင့် အချုပ်ထောင်ပင် ဖြစ်လင့်ကစား နေအိမ်နှင့် ခြားနားခြင်း မရှိလှချေ။

ထိုအမှုကို ရုံးတွင်စစ်ဆေးသောနေ့၌ ရန်ကုန်မြို့မှ နိုင်ငံကျော် အင်္ဂလိပ်ဝတ်လုံကြီးတစ်ယောက်သည် တရားခံများအတွက် လိုက်ပါဆောင်ရွက်၍ တရားလိုဘက်မှမူကား ရုံးအမှုလိုက် အင်စပက်တော်နှင့် အစိုးရရှေ့နေတို့က ဆောင်ရွက်ကြ၏။

သက်သေများက မိမိတို့ အလုပ်လုပ်ရသော မီးရောင်မှာ အလွန်ကြည်လင်တောက်ပသော ဓာတ်မီးရောင်မျိုး မဟုတ်ကြောင်း၊ ထိုမီးရောင်တွင် မြင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော တရားခံများမှာ မည်သူမည်ဝါဖြစ်သည်ဟု သေသေချာချာကြီး ကျမ်းကျိန်ထွက်ဆိုဝံ့လောက်အောင် မထင်ရှားလှကြောင်း၊ ယခုရုံးတွင်တင်ပြထားသော တရားခံများ ပါဝင်ကြသည်ဟူ၍ကား မိမိတို့စိတ်၌ မှတ်ထင်ကြောင်းနှင့် ထွက်ဆိုကြ၏။

အင်္ဂလိပ်ဝတ်လုံကြီးက မွှေနှောက်စစ်ပေါက်၍ မေးခွန်းထုတ်လိုက်သောအခါတွင်မူကား သက်သေများသည် သာ၍ပင် မထင်ရှား ယိုးတိုးယားတားနှင့် ကယောင်ချောက်ချား ဖြစ်ကုန်ကြလေသေး၏။

အရိုက်ခံရသော ဦးထွန်းခင်ကိုယ်တိုင်မှာလည်း ထိုညက ပက်လက်ကုလားထိုင်ပေါ်၌ စာဖတ်ရင်း ငိုက်မျဉ်းနေဆဲ ရုတ်တရက် တက်လာကြခြင်းဖြစ်သောကြောင့် မိမိအား ပထမတစ်ချက် စတင်ရိုက်နှက်သောသူမှာ နှုတ်ခမ်းမွှေးပါရှိသည်ဟူသော အစစ်ခံချက်ထက် ပို၍ထင်ရှားအောင် ထွက်ဆိုခြင်းငှာမတတ်နိုင်ချေ။

မိမိမှာ သူရိယသတင်းစာသို့ သတင်းများပေးပို့နေသည့်အတွက် ဆတ်ဆတ်ကြဲဂိုဏ်းသားများက မိမိအပေါ်၌ ရန်ငြိုးထားကြ၍ ယင်းတို့မှတစ်ပါး မိမိအား နာကျင်အောင် ပြုလုပ်လိုသောသူ မရှိဟူ၍ကား ထွက်ဆိုသည်မှန်၏။

သို့ရာတွင် တရားခံများ၏ ဝတ်လုံကြီးသည် ဤကဲ့သို့ သိမ်းကျုံးထွက်ဆိုသော အစစ်ခံချက်မျိုးကို အလွယ်တကူနှင့် မွှေနှောက်ချေမှုန်းပစ်လိုက်၏။

တရားခံများဘက်မှာမူကား သမာဓိမြို့ဝန်ဦးမိုးကြိုးနှင့်တကွ အခြားဂုဏ်သရေရှိ(စာရေးစာချီများ ပါဝင်သည့်)သက်သေသုံးယောက်တို့ကို တင်ပြ၍ ထိုည၌က တရားခံများသည် ဦးမိုးကြိုး၏နေအိမ်တွင် နာရီပြန်တစ်ချက် ကျော်လွန်သည့်တိုင်အောင် (တစ်ချပ်တစ်ပြား)ပိုကာကစားလျက် ရှိကြကြောင်းနှင့် ကျမ်းကိုင်၍ ထွက်ဆိုကြလေ၏။

(စာရေးစာချီများမှာ အစိုးရအမှုထမ်းမဟုတ်ဘဲ တိုက်စာရေးများဖြစ်ကြသောကြောင့် ငွေလေးငါးဆယ်စီရခဲ့လျှင် ပိုကာဆွဲကြသည်ဟု ထွက်ဆိုကြရန် မခဲယဉ်းလှချေ။)

နောက်ဆုံး၌ တရားသူကြီးသည် 'မှားယွင်းမှု'ဟု မှတ်တမ်းတင်၍ တရားခံအားလုံးကို လွှတ်ပစ်လိုက်ရာ ဌာနာအုပ် ကိုစိုးညွန့်နှင့်တကွ ဆိုင်ရာ အရာရှိများမှာ 'မျက်စိမလှ၊ မျက်နှာမလှ'နှင့် ရုံးခွင်မှ ထွက်လာကြရလေ၏။

အခြားသော ဂိုဏ်းသားများသည် လွှတ်မြောက်လာသော တရားခံများအား ကောင်းချီးသြဘာပေးကြလေရာ တစ်ယောက်သောမြို့သားကမူ 'ခွေးမသား



ဂိုဏ်းသားတွေ တစ်နေ့သိစေရမယ်' ဟု လူထုထဲမှ ဟစ်အော်ကြိမ်းခြောက်လိုက်သေး၏။

❖

www.burmeseclassic.com

## အခန်း ( ၅ )

### ခက်ဗိုရယ်ကြီး

အမှုမှလွတ်ပြီးသည့်နောက် ကိုတောက်ထွန်းမှာ သာ၍ နာမည်ကြီးသွားပြန်၏။
အကြောင်းမူကား ဓာတ်သွင်းခြင်းအခမ်းအနား ပြီးဆုံးသည်နှင့်တစ်ပြိုင်
နက် ရုံးသို့ရောက်ရအောင် ဆောင်ရွက်ဖူးသော အသင်းသားဟူ၍ ယင်းဂိုဏ်း
ကြီး၏ ရာဇဝင်တွင် မကြုံခဲ့ဖူးသေးသောကြောင့်ပေတည်း။

အပြောကောင်း အဆိုကောင်းနှင့် အတတ်မျိုးစုံ၍ ဂိုဏ်းချုပ်ကြီး တစ်ယောက်လုံးကိုပင် မဟုတ်လျှင် မခံတတ်ဟူသော သတ္တိရှိကြောင်းနှင့် ကျော်ကြားသူတစ်ယောက် ဖြစ်လေရကား ကိုတောက်ထွန်းမှာ ဆတ်ဆတ်ကြဲဂိုဏ်းကြီးတစ်ခုလုံးတွင် ထိတ်ထိတ်ကြဲတစ်ယောက် ဖြစ်သည်ဟု အသိအမှတ်ပြုခြင်း ခံရလေ၏။

ဂိုဏ်းချုပ်ကြီး ဦးမိုးကြိုးကိုယ်တိုင်ကပင် ဤလူသည် အထူးခက်ခဲနက်နဲသော အလုပ်မျိုးနှင့် သင့်လျော်၍ တစ်နေ့နေ့တွင် အသုံးချရမည်ဟု သတ်မှတ်



ထားရလေရာ ဤမျှလောက်သတ္တိကောင်း ပေါများသည့် ဂိုဏ်းကြီးတွင် ထိုမျှလောက် အချိန်ကာလအတွင်း၌ ဤမျှလောက် နာမည်ကြီးသွားခြင်းမှာ ကိုတောက်ထွန်းအဖို့ရာ၌ စင်စစ်ကျေနပ်လောက်ပါပေ၏။

သို့ရာတွင် ကိုကျောက်ဘီလူးအစရှိသည့် အထက်သို့ လှမ်းသော လူငယ်များ၏ မျက်စိ၌မူ ကိုတောက်ထွန်းမှာ လူဇွာတစ်ယောက်ဟု မှတ်ထင်ခြင်းခံရ၍ အကျိတ်အခဲ မကျေနိုင်အောင် ဖြစ်နေကြ၏။

သို့ပါသော်လည်း ထိုသို့သော လူမျိုးသည် ကိုတောက်ထွန်း၏ လက်မြန်သော ဝါသနာကိုသိရှိ၍ ထင်ရှားစွာ ဆန့်ကျင်ဘက်ပြုမူကြရန် အလိုမရှိကြချေ။

ကိုတောက်ထွန်းမှာ တစ်ဖက်မှ နာမည်တက်လာသော်လည်း အခြားတစ်ဖက်တွင် ဆုတ်ယုတ်ခြင်း ရှိလာခဲ့၏။

မပြုံးကြည်၏ဖခင် ဦးပေါ်သစ်သည် ကိုတောက်ထွန်းနှင့် အလျှင်းဆက်ဆံခြင်းမပြုလိုရုံမျှမက မိမိ၏နေအိမ်သို့ ဝင်ထွက်သွားလာခြင်းကိုပင် အခွင့်မပြုချေ။

မပြုံးကြည်ကိုယ်တိုင်မှာ ကိုတောက်ထွန်းအပေါ် မေတ္တာလျော့ပေါ့ခြင်းမရှိသော်လည်း ဤသို့လူတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ခဲ့ပါက ငြိမ်းချမ်းအေးမြစွာ နေထိုင်ရန် မဖြစ်နိုင်ကြောင်းကို မစဉ်းစားမိဘဲ မနေနိုင်ချေ။

တစ်နေ့သ၌ မပြုံးကြည်သည် ရည်းစားသည် ကိုတောက်ထွန်းအားယင်း၏ အလေ့အကျင့်များကို ပြုပြင်ပြောင်းလဲစေဖို့ နောက်ဆုံးအကြိမ် သတိပေးအံ့ဟု အကြံဖြစ်လေ၏။

သို့ရာတွင် မိမိနေအိမ်သို့ ကိုတောက်ထွန်း လာဖို့ကိုမူကား မျှော်လင့်ရန်မရှိချေ။

သို့ဖြစ်၍ မပြုံးကြည်သည် ထုံးစံပင်မဟုတ်သော်လည်း ဈေးသို့သွားမည်ဟု ဥပါယ်တံမျဉ်နှင့် နေအိမ်မှ ထွက်လာ၍ ကိုတောက်ထွန်း၏နေအိမ်သို့ ရောက်လာခဲ့လေ၏။

ကိုတောက်ထွန်းမှာ စာတစ်စောင်ကို ရှေ့မှဖြန့်ထားကာ စားပွဲတွင် ထိုင်လျက်ရှိရာ မပြုံးကြည်သည် ကိုတောက်ထွန်း၏ နောက်မှ ခြေသံမကြားအောင် ဖြည်းညင်းစွာ ချဉ်းကပ်၍ မိန်းကလေးတို့၏ သိချင်တတ်သော ဓမ္မတာသဘောအတိုင်း ကိုတောက်ထွန်း၏ပခုံးပေါ်မှကျော်၍ စာကို ချောင်းကြည့်လိုက်လေ၏။

ယင်းသို့ပြုလုပ်စဉ် မပြုံးကြည်၏ အင်္ကျီစသည် ကိုတောက်ထွန်း၏ ပခုံးစွန်းနှင့် ပွတ်လိုက်မိရကား ကိုတောက်ထွန်းသည် လန့်ဖျပ်ကာ ခုန်ထ၍

www.burmeseclassic.com

www.burmeseclassic.com



မပြုံးကြည်၏လည်ပင်းကို လက်တစ်ဖက်ဖြင့် ဖျစ်ညှစ်တော့မည်ပြုရင်း အခြားလက်တစ်ဖက်ဖြင့် စာကို ဝှက်ထားလိုက်လေ၏။

နောက်တစ်ခဏ၌ ကိုတောက်ထွန်းသည် မပြုံးကြည်ဖြစ်နေကြောင်း သိရှိရသဖြင့် ထိတ်လန့်ကြမ်းကြုတ်သော မျက်နှာထားမှသည် ကြည်ရွှင် အံ့ဩသော မျက်နှာထားသို့ တစ်မုဟုတ်ချင်း ပြောင်းလဲလာလေ၏။

ထွန်း။ ။ဩော်၊ ကြည်ကြည်လား၊ မလာစဖူး လာတဲ့လူကို လည်ပင်းညှစ်သတ်မိတော့မလို့၊ ကံကောင်းလို့ ကြည်ကြည်ရယ်၊ စိတ်မဆိုးနဲ့နော်၊ ကြည်ကြည်မှန်းမသိလို့ လုပ်မိတာ ကြားလား။

သို့ရာတွင် ကြည်ကြည်မှာ ထိတ်လန့်ခြင်း မပြေပျောက်သေးဘဲ ကိုတောက်ထွန်း၏ မျက်နှာကို စိုက်ငေးကာ ကြည့်နေလေ၏။

ကိုတောက်ထွန်း၏ လန့်ဖျပ်ခြင်းမှာ မထင်သောသူကို ရုတ်တရက် တွေ့ရသောကြောင့် လန့်ဖျပ်ခြင်းမျိုးမဟုတ်။

မိမိကျူးလွန်ထားခဲ့သော အပြစ်ကို သူတစ်ပါးသိမည်စိုး၍ ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်သည်ဟု မပြုံးကြည်က ရိပ်မိသိရှိလေ၏။

ကြည်။ ။ဘာဖြစ်သလဲကိုကို၊ ကျွန်မလာတာနဲ့ ဘာကြောင့် ဒီလောက်တောင် ထိတ်ထိတ်လန့်လန့် ဖြစ်ရတာလဲ၊ ကိုကို ကြည့်ပုံကြီးက အပြစ်တစ်ခုခုရှိလို့ မလုံလို့ကြည့်တာနဲ့ တူလိုက်တာကိုကို။

ထွန်း။ ။မဟုတ်ပါဘူး ကြည်ကြည်ရယ်၊ ကိုကိုက ဒို့ပြင်အကြောင်းတွေ စဉ်းစားနေတုန်း ကြည်ကြည်က တိတ်တိတ်ကလေးလာတော့...။

ကြည်။ ။ဒါကြောင့် မဟုတ်ဘူးကိုကို၊ ကြည်သိပါတယ်၊ ကိုကို ရေးနေတဲ့စာပြစမ်း၊ ကြည်ကြည် ကြည့်စမ်းမယ်။

ထွန်း။ ။မကြည့်ချင်ပါနဲ့ ကြည်ကြည်ရယ်။

ထိုအခါ မပြုံးကြည်မှာ သက်မကင်းရုံမျှ အမှန်ဟုတ်ရမည်ဟု ဆုံးဖြတ်လိုက်လေ၏။

ကြည်။ ။ဒို့ပြင် မိန်းမတစ်ယောက်ဆီ ရေးတဲ့စာပါ၊ ကြည်ကြည်သိပါတယ်၊ ဒါကြောင့်သာ ကိုကို ဒီလောက်ဝှက်တာပေါ့၊ ကိုကို့မယားဆီ ရေးတာလား၊ ကိုကိုလူပျိုပါလို့ ဘယ်သူ အတတ်သိနိုင်မလဲ။

ထွန်း။ ။ကိုကို့မှာ မယားမရှိပါဘူး ကြည်ကြည်၊ လောကကြီးမှာ ကြည်ကြည်ကလွဲလို့ ဘယ်မိန်းမကိုမှ အရေးမစိုက်ပါဘူးလို့ ကိုကိုကျမ်းကျိန်ဝံ့ပါတယ်၊ ပေးချင်တဲ့သစ္စာပေးပါတော့။



ကိုတောက်ထွန်းမှာ ထိုစကားကို ပြောသောအခါတွင် အလွန်တရာ စိတ်အားကြီးလှသည့် မျက်နှာထားမျိုး ရှိနေရကား မပြုံးကြည်သည် သူ၏ စကားကို မယုံကြည်ဘဲ မနေနိုင်အောင် ဖြစ်လေ၏။

ကြည်။ ။ဒါဖြင့် စာကို ဘာကြောင့် မပြတာလဲ ကိုကို။

ထွန်း။ ။ကိုကိုပြောမယ် ကြည်ကြည်၊ ဒီစာကို ဘယ်သူ့မှ မပြပါဘူးလို့ ကိုကို သစ္စာပြုထားရပါတယ်၊ ကြည်ကြည့်အပေါ်မှာ ကိုကိုသစ္စာစောင့်တဲ့နည်းတူ ထိုသူများအပေါ်မှာလည်း သစ္စာစောင့်ရပါတယ်၊ ဒီကိစ္စဟာ ကိုကိုတို့ဂိုဏ်းနဲ့ဆိုင်တဲ့ကိစ္စဖြစ်လို့မို့ ကြည်ကြည့်ကိုတောင် လျှို့ဝှက်ထားရပါတယ်၊ ကိုကို့ပခုံးကို ကြည်ကြည့်လက်နဲ့ထိလိုက်ကော့ စုံထောက်များ ဖြစ်လေရောသလားလို့ ကိုကိုလန့်မိပါတယ်၊ ဒီလောက်ပြောရင် ကြည်ကြည်နားလည်လောက်ရောပေါ့။

မပြုံးကြည်မှာ ထိုစကားသည် အမှန်ဖြစ်သည်ဟု ကောင်းကောင်းကြီး ယုံကြည့်စိတ်ချလေ၏။

ထို့နောက် ကိုတောက်ထွန်းသည် မပြုံးကြည့်လက်ကို ကိုင်ဆွဲ၍ ကုလားထိုင်ပေါ်တွင် မိမိနှင့်အတူ ယှဉ်လျက်ထိုင်စေလေ၏။

ထွန်း။ ။ထိုင်ဆမ်းပါဦး ကြည်ကြည်ရယ်၊ တစ်ခါဖြင့် စိတ်ချပြီဟုတ်စ။

ကြည်။ ။ကိုကိုဟာ လူဆိုးတွေနဲ့ ပေါင်းသင်းနေသ၍ ကာလပတ်လုံး ဘယ့်နှယ်လုပ်ပြီး ကြည်ကြည်စိတ်ချနိုင်ပါ့မလဲကိုကို၊ ဘယ်နေ့မှာ ကိုကို့ကို ဖမ်းကြဦးမလဲလို့ ကြည်ကြည့်စိတ်ထဲမှာ တပူတည်းပူနေရတာပဲကိုကို၊ ဟိုတစ်နေ့တုန်းက ကျွန်မတို့အိမ်က လူတစ်ယောက်က လူဆိုးကြီး ကိုတောက်ထွန်းလို့ ပြောလိုက်တဲ့အခါ ကျွန်မရင်ကို ဓားမြှောင်နဲ့ စိုက်လိုက်သလို သိပ်နာတာပဲကိုကိုရဲ့။

ထွန်း။ ။ပါးစပ်နဲ့ပြောတာနဲ့ ဒီလောက်နာရသလား ကြည်ကြည်။

ကြည်။ ။ဟုတ်သလိုလိုဖြစ်နေတော့ နာတာပေါ့ ကိုကိုရဲ့။

ထွန်း။ ။ကြည်ကြည်တို့အားလုံးက ထင်နေကြသလိုလည်း ဆိုးမထင်ပါဘူး ကြည်ကြည်၊ ကိုကိုတို့လူစုဟာ အောက်တန်းစားလူမွဲများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို ပြန်ရအောင် ကြိုးစားကြခြင်းမျှသာ ဖြစ်ပါတယ်။

ထိုအခါ မပြုံးကြည်သည် ကိုတောက်ထွန်း၏ မျက်နှာကို လက်နှစ်ဘက်ဖြင့်ကိုင်၍ မိမိဘက်သို့ တည့်တည့်လှည့်ထားလိုက်ပြီးနောက်...

ကြည်။ ။ထွက်လိုက်ပါကိုကိုရယ်၊ ကြည်ကြည့်ကိုချစ်ရင် ဒီဂိုဏ်းထဲက ထွက်လိုက်ပါ၊ ဒီအကြောင်းပြောချင်လို့ ကိုကို့ဆီကို ကျွန်မလာခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည့်ကိုချစ်ရင်၊ ကြည်ကြည့်ကိုသနားရင် ကြည်ကြည့်စကား နားထောင်ပါ၊ ကြည်ကြည်က ဒူးတုပ်ပြီး ကိုကို့ကို တောင်းပန်ပါတယ်။

မပြုံးကြည်သည် ကုလားထိုင်ပေါ်မှ ရုတ်တရက်ဆင်း၍ ကြမ်းပေါ်သို့ ဒူးထောက်ပြီးလျှင် လက်နှစ်ဘက်ဖြင့် လက်အုပ်ချီလျက် ကိုတောက်ထွန်းအား တောင်းပန်လေ၏။

ကိုတောက်ထွန်းသည် ကြည်ကြည်၏လက်ကို ကိုင်ဆွဲကာ ကုလားထိုင်ပေါ်သို့ ပြန်၍ထိုင်စေပြီးနောက် မိန်းကလေး စိတ်အေးလောက်အောင် ချော့မော့ပြောဆိုလေ၏။

ထွန်း။ ။ကြည်ကြည် အခုတောင်းတာဟာ ဘယ်လိုအဓိပ္ပာယ်ရောက်သလဲလို့ ကြည်ကြည်နားမလည်ဘူးနော်၊ ကြည်ကြည်ပြောတဲ့အတိုင်း လုပ်ခဲ့လို့ရှိရင် ကိုကို့မှာ သစ္စာဖောက်ရာလည်းရောက်မယ်၊ အပေါင်းအဖော်များကိုလည်း စွန့်ပယ်ရာရောက်မယ်၊ ကိုကို့အဖြစ်အပျက်တွေကို သိရရင် ကြည်ကြည် ဒီလို တောင်းခံမယ် မဟုတ်ဘူး၊ တကယ်လို့ ကိုကိုက ကြည်ကြည်ပြောတဲ့အတိုင်း လုပ်ချင်ပါပြီတဲ့၊ ဂိုဏ်းသားတွေက သဘောတူမတဲ့လား၊ သူတို့အကြောင်းတွေ သိထားတဲ့လူတစ်ယောက်ကို ဂိုဏ်းသားထဲက အထွက်ခံမတဲ့လား။

ကြည်။ ။ဒီအကြောင်းတွေအားလုံး ကြည်ကြည် စဉ်းစားပြီးပါပြီကိုကို၊ အဖေ့မှာ ငွေနည်းနည်းပါပါး ရှိပါတယ်၊ သူကလည်း ဒီမြို့မှာ မနေချင်တာ ကြာလှပါပြီ၊ ကြည်ကြည်တို့က သွားကြစို့ဆိုရင် အဖေက ခုချက်ချင်း လိုက်နိုင်ပါတယ်၊ ဒီတော့ ကြည်ကြည်တို့အားလုံး ရန်ကုန်မြို့လို၊ မော်လမြိုင်မြို့လို ထွက်ပြေးကြရင် သူတို့လက်က မလွတ်ပေဘူးလားကိုကို။

ထိုအခါ ကိုတောက်ထွန်းသည် ရယ်မောလေ၏။

ထွန်း။ ။ဒီဂိုဏ်းက ရန်ကုန်လောက်၊ မော်လမြိုင်လောက်ကို မလိုက်နိုင်ဘူးလို့ ကြည်ကြည်ထင်နေသလား။

ကြည်။ ။ဒါဖြင့်ရင် ကုလားပြည်ကိုသွားမယ် ကိုကိုရယ်၊ ဘင်္ဂလားတို့၊ ဘုံဘိုင်တို့၊ မဒရပ်တို့ ဘယ်ပဲဖြစ်ဖြစ် သူတို့လက်ကလွတ်ရင်ပြီးရော ကိုကိုရယ်။

ထွန်း။ ။ခုတလောအတွင်းမှာ ထွက်ပြေးဖို့အကြောင်းပြောတာ ကြည်ကြည်ပါ နှစ်ယောက်ရှိပြီ။

ကြည်။ ။သြော်...ဟုတ်လား၊ လိုက်ချင်တဲ့လူရှိရင် ခေါ်ခဲ့ပါလားကိုကို၊ လူများရင် သာကောင်းတာပေါ့၊ ဒါထက် ကိုကျောက်ဘီလူးကလည်းကိုကို့



ကို ရွံ့လို့သာ၊ ကြည်ကြည့်ကို နည်းနည်းမှ ကျေနပ်ဟန်မတူဘူး၊ သူကြည့်လိုက်ပုံ မျက်နှာထားက သိပ်ကြောက်စရာ ကောင်းတာပဲ။

ထွန်း။ ။ဟုတ်လား၊ နောက်တစ်ခါ ဒီလိုကြည့်ရင် ပြောစမ်း၊ ဒီအကောင့် ဆုံးမရဦးမယ်၊ ဒါထက်ကြည်ကြည်ရေ၊ ကိုကို ဘယ်နည်းနဲ့မှ ဒီမြို့က ထွက်မသွားနိုင်ဘူး၊ ကိုကို့စကားကို နောက်ဆုံးစကားလို့မှတ်ပြီး နောက်ထပ် မပြောပါနဲ့တော့ ကြည်ကြည်၊ သို့သော် ဒီမြို့မှာ မနေချင်လို့ သွားခဲ့လို့ရှိရင် ပုန်းလျှိုးကွယ်လျှိုးတော့ မသွားဘူး၊ ပြောင်ပြောင်တင်းတင်း သွားနိုင်အောင် ကိုကို စီမံမယ်။

ကြည်။ ။ဘယ်တော့လဲ ကိုကို။

ထွန်း။ ။ခုချက်ချင်းတော့ မဟုတ်သေးဘူး၊ ခြောက်လမျိုး၊ တစ်နှစ်မျိုးဆိုတဲ့ အချိန်ဟာ ဘာကြာလို့လဲ ကြည်ကြည်။

ကြည်။ ။(ဝမ်းသာသောမျက်နှာထားနှင့်)ဒါဖြင့် ခြောက်လကြာရင် သွားမယ်လို့ ကတိထားမှာလား ကိုကို။

ထွန်း။ ။ခုနစ်လ၊ ရှစ်လ၊ အလွန်ဆုံး တစ်နှစ်ထားလိုက်ပါတော့ ကြည်ကြည်ရယ်။

မပြုံးကြည်သည် ထိုမျှထက် ပိုမိုတောင်းခံရန် မမျှော်လင့်နိုင်သဖြင့် ကတိပေးသမျှနှင့်ပင် ကျေနပ်ရလေ၏။

မည်သို့ပင်ဖြစ်စေ၊ အလျှင်းမျှော်လင့်ရန် မရှိခြင်းထက် တစ်နှစ်ကြာသော အခါတွင် သွားကြမည်ဟု ကတိထားခြင်းသည် တော်ပါသေး၏။

သို့ဖြစ်၍ မပြုံးကြည်မှာ ဖခင်အိမ်သို့ ပြန်သောအခါတွင် ယခင် လာရောက်စဉ်ကထက် စိတ်ကြည်ရွှင်ခြင်း ဖြစ်ရလေ၏။

ကိုတောက်ထွန်းမှာ ထိုဂိုဏ်းကြီး၏ စီမံချက်အားလုံးတို့ကို သိရှိရသည် မဟုတ်။

မိမိနှင့် သက်ဆိုင်သမျှသော ကိစ္စမျှလောက်ကိုသာ သိရှိရလေသည်၊

စင်စစ်မှာ မြန်မာပြည်အထက်ပိုင်း ကျောက်တွင်းနယ်၌ ယင်းဂိုဏ်းသားများသည် အနှံ့အပြား တည်ရှိကြသည်ဖြစ်သောကြောင့် ဦးမိုးကြိုး ကိုယ်တိုင်ပင်လျှင် အလုံးစုံ သိရှိနိုင်သည်မဟုတ်ချေ။

တစ်နေ့သ၌ ကိုတောက်ထွန်းနှင့်အတူနေသော ကိုသီဟသည် ဦးမိုးကြိုးထံမှ စာတစ်စောင်ရရှိရာ ယင်းစာတွင် ဟိုပင်မြို့မှ ဂိုဏ်းသားနှစ်ယောက် လာရောက်မည့်အကြောင်း ပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူနှစ်ယောက်တို့မှာ ဦးမိုးကြိုး၏ အသင်းတိုက်တွင် လျှို့ဝှက်စွာ နေထိုင်ရန် မဖြစ်နိုင်ရကား ကိုသီဟနှင့်ကိုတောက်ထွန်းတို့က မိမိတို့နေအိမ်တွင် တည်းခိုနေထိုင်ခွင့် ပြုစေလိုကြောင်းနှင့် ပါရှိလေ၏။

ယင်းနေ့ညနေ၌ လူနှစ်ယောက်တို့သည် သားရေအိတ်ကိုယ်စီနှင့် ဆိုက်ရောက်လာကြလေ၏။

ယင်းတို့နှစ်ယောက်အနက် ကိုသန်းဆိုသူမှာ သိပ်သည်းကျစ်လျစ်သော အမူအရာ၊ သိမ်မွေ့နူးညံ့သော မျက်နှာမျိုးရှိ၍ လူငယ်ဖြစ်သူ မောင်လှဘူးမှာ မျက်နှာဝိုင်းဝိုင်း၊ နှုတ်လျှာသွက်သွက်၊ မျက်နှာထားရွှင်ရွှင်နှင့် အသက်နှစ်ဆယ်ကျော်ကလေးမျှ ရှိသေး၏။

ထိုသူနှစ်ယောက်တို့ကို ကြည့်ရှုအကဲခတ်ရသော် ကျောင်းဆရာနှင့် ဘာပည့်ဖြစ်သည်ဟု မှတ်ထင်ဖွယ်ရာ ရှိ၏။

ယင်းတို့နှစ်ယောက်လုံးသည် အရက်မသောက်၊ ဆေးလိပ်မသောက်၊ သိပ်သည်းသော အနေအထိုင်ရှိသည်ဖြစ်၍ ယင်းတို့၏ ဆိုးသွမ်းသော အတွင်းသဘောကို အကဲခတ်ခြင်းငှာ အလွန်တရာ ခဲယဉ်းလှပေလိမ့်မည်။

စင်စစ်သော်ကား ထိုသူနှစ်ယောက်တို့သည် လူ၏အသက်ကို နှစ်ကြိမ်၊ သုံးကြိမ်ထက်မနည်း သတ်ဖြတ်ခဲ့သူများ ဖြစ်ကြ၏။

သို့ပါလျက် သူရာမေရက်ကို ထိန်းသိမ်းနိုင်ကြသည်မှာ အံ့ဖွယ်ရာပင်။

လူနှစ်ယောက်တို့သည် ကိုတောက်ထွန်းနှင့် စကားပြောကြရာတွင် မိမိတို့ စွမ်းဆောင်ခဲ့သော အမှုများကို တိုင်းကျိုးပြည်ကျိုး ဆောင်ရွက်ခြင်းတမျှ အသားယူ၍ ပြောဘတ်ကြ၏။

သို့ရာတွင် ယင်းတို့သည် ယခုလာရောက်သော ကိစ္စနှင့်ပတ်သက်၍မူကား အလွန်တရာ နှုတ်ဆိတ်ကြ၏။

ကိုသန်း။ ။ကျုပ်တို့နှစ်ယောက်က အရက်မသောက်တတ်တဲ့အတွက် ဒီကိစ္စအဖို့ ရွေးချယ်စေလွှတ်လိုက်ခြင်းဖြစ်တယ်၊ သောက်စားမူးယစ်တဲ့လူဟာ နှုတ်မစောင့်စည်းဘူးလို့ အယူရှိပြီး ကျုပ်တို့ကို တမင်ရွေးချယ်လိုက်ခြင်းဖြစ်တယ်၊ သို့သော် ဆောင်ရွက်ရမယ့်ကိစ္စကို ဖွင့်မပြောလို့ စိတ်မရှိနဲ့ဗျနော်၊ ခင်ဗျားတို့ သိတဲ့အတိုင်း လူကြီးအမိန့်ဆိုတာ နာခံရပါတယ်။

ကိုသီဟ။ ။ကျုပ်တို့အားလုံး အတူတူချည်းပေါ့ဗျာ။

ကိုသန်း။ ။တူတာတော့ မှန်ပါတယ်၊ သို့သော် ကိုယ့်ကိစ္စနဲ့ကိုယ့်ဝတ္တရား ရှိကြသေးတာကိုးဗျ။



ထွန်း။ ။ဒီအရပ်မှာ ဆုံးမလိုက်တဲ့လူ လေးငါးခြောက်ယောက်ရှိတယ်၊ ခင်ဗျားတို့ကိစ္စက ပွဲစားကိုကျင်ငှက်နဲ့များ ဆိုင်သလားဗျ။

ကိုသန်း။ ။သူမဟုတ်ပါဘူး။

ထွန်း။ ။ဘာဘူဒတ်ဗ်များလား။

ကိုသန်း။ ။သူလည်း မဟုတ်ပါဘူး။

ထွန်း။ ။သိတော့သိချင်တာပဲဗျာ၊ နို့ပေမယ့် ခင်ဗျားတို့ကမပြောတော့ ဘယ်တတ်နိုင်မလဲ။

ကိုသန်းသည် ပြုံးရယ်လျက် ဦးခေါင်းကိုယမ်းလေ၏။ သို့ရာတွင် တစ်ခွန်းတစ်ပါဒမျှ မပြောချေ။

ကိုတောက်ထွန်းနှင့် ကိုသီဟတို့သည် ဧည့်သည်များက နှုတ်ဆိတ်လေလေ၊ သိချင်သောစိတ် တိုးပွားလာလေလေ ရှိနေကြသဖြင့် ယင်းတို့၏ကိစ္စကို မည်သည့်နည်းနှင့်မဆို သိရအောင်ထောက်လှမ်းစုံစမ်းမည်ဟု စိတ်ကူးထားကြ၏။

သို့ဖြစ်၍ နောက်တစ်နေ့နံနက် အရုဏ်မတက်မီ လူနှစ်ယောက်တို့ သည် လှေကားမှ ဖြည်းညင်းစွာ ဆင်းသွားကြသောအခါ ကိုတောက်ထွန်းသည် ခြေသံကြားလိုက်ရသည်နှင့် ကိုသီဟကိုနှိုး၍ လှေကားမှ ဆင်းလိုက်ကြလေ၏။

ကိုတောက်ထွန်းတို့သည် လမ်းပေါ်သို့ ရောက်ကြသောအခါ ကိုက်နှစ်ဆယ်ခန့်တွင် တရွေ့ရွေ့သွားနေကြသော လူနှစ်ယောက်ကို လမ်းမီးရောင်တွင် တွေ့မြင်ကြလေ၏။

ထိုအခါ ကိုတောက်ထွန်းတို့သည် ခြေသံမကြားရအောင် ဖြည်းညင်းစွာ ခြေချလျက် ယင်းတို့၏နောက်သို့ လိုက်ကြလေ၏။

ကိုတောက်ထွန်းတို့၏ နေအိမ်မှာ မြို့၏အစွန်အဖျားတွင် တည်ရှိရကား ရှေ့မှလူနှစ်ယောက်သည် မကြာမီအတွင်းတွင် မြို့မှဖောက်ထွက်သွားသော လမ်းပေါ်သို့ ရောက်သွားကြလေ၏။

ထိုနေရာ၌ လူသုံးယောက် စောင့်ဆိုင်းနေကြသည်ကို တွေ့ရ၍ ကိုသန်းနှင့်သူ၏အဖော်သည် တစ်ခဏတာမျှ တိုးတိုးတိုင်ပင်ကြလေ၏။

ထို့နောက် လူငါးယောက်လုံးသည် ဆက်လက်ထွက်သွားကြလေ၏။ ဤမျှလောက် လူအမြောက်အမြား ပါဝင်ရခြင်းကိုထောက်သဖြင့် ယင်းတို့၏ ကိစ္စမှာ အတော်ပင်အရေးကြီးကြောင်း ထင်ရှား၏။

အတန်ငယ် သွားကြသောအခါ ကျောက်တွင်းများသို့သွားသော လမ်းမြှောကလေးများသို့ ဆိုက်ရောက်ကြလေရာ လူငါးယောက်တို့သည် အင်္ဂလိပ်ကြီးတစ်ခုပိုင် အလုပ်ရုံများသို့ သွားသောလမ်းအတိုင်း လိုက်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကား ရောင်နီလာပြီဖြစ်သောကြောင့် ဤနေရာ ထိုနေရာစသည်တို့၌ အလုပ်သမားများသည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲစသည်ဖြင့် အလုပ်ခွင်သို့ သွားကြသည်ကို တွေ့မြင်ရလေ၏။

ကိုတောက်ထွန်းနှင့် ကိုသီဟတို့သည် ထိုလူငါးယောက်ကို မျက်ခြည်မပြတ်စေဘဲ ဆက်လက်၍ လိုက်သွားကြလေ၏။

ဆီးနှင်းများသည် တစ်မိုးလုံးပိတ်ဖုံးလျက်ရှိသောကြောင့် ကိုတောက်ထွန်းတို့သည် ထိုလူငါးယောက်နှင့် မဝေးကွာစေဘဲ မျက်မှန်းတန်း၍ လိုက်ကြ၏။

ကျောက်တွင်းတစ်တွင်း၏ အဝသို့ရောက်ကြသောအခါ အလုပ်သမားတစ်စုသည် မီးပုံတစ်ခုအနီးတွင် ဝိုင်းဖွဲ့ကာ မီးလှုံလျက်ရှိသည်ကို တွေ့မြင်ရလေရာ လူငါးယောက်တို့ကမူ တစ်ခုသော သစ်ပင်အောက်မှ အကဲခတ်ဟန်ဖြင့် စောင့်ဆိုင်းနေကြ၏။

ကိုတောက်ထွန်းတို့သည် ကုန်းမြင့်ကလေးတစ်ခုပေါ်သို့တက်၍ အခြေအနေကို စောင့်ကြည့်နေကြ၏။

ထိုခဏ၌ အလုပ်သမားများကို အုပ်ချုပ်သော ကပြား(ဖိုမင်)သည် တုတ်ကောက်ကလေးတစ်ချောင်းကို ကိုင်လျက် မီးပုံရှိရာသို့ လျှောက်သွားမည်အပြုတွင် သစ်ပင်အောက်မှ လူငါးယောက်ကိုမြင်သည်နှင့် 'ဟေ့...ဘယ်သူလဲ၊ မင်းတို့ဘာလာလုပ်ကြတာလဲ'ဟု ငေါက်ငန်း၍ မေးလိုက်လေ၏။

ထိုအခါ မောင်လှဘူးဆိုသော သူငယ်သည် မည်သို့မျှမပြောဘဲ ထိုသူ၏ ရင်ဘတ်ကို ဓားမြှောင်နှင့် တအားထိုးစိုက်လိုက်လေ၏။

အလုပ်သမား သုံးလေးဆယ်တို့မှာ ထိုအခြင်းအရာကို မြင်လိုက်ရသော်လည်း ကြက်သေသေလျက် ငေးကြည့်နေကြ၏။

အလုပ်သမားဆိုင်ရာလူကြီး(ဖိုမင်)မှာ ရင်ဘတ်ကို ဘက်နှစ်ဘက်ဖြင့် ပိနှိပ်ရင်း ခါးကုန်း၍သွားရာမှ တဖြည်းဖြည်း လဲကျသွား၏။

ထိုအခါ အလုပ်သမားတစ်ယောက်သည် အခြားသူများထက် ရဲရင့်ဟန်လက္ခဏာနှင့် တူရွင်းတစ်ချောင်းကိုကိုင်ကာ ပြေးလာရာ သစ်ပင်နှင့်ငါးကိုက်ခန့်အကွာတွင် ကိုသန်းဆိုသူသည် ဓားမြှောင်တစ်လက်ကို အသွားမှကိုင်လျက် ပစ်လိုက်လေ၏။

ဓားမြှောင်သည် ချာလပတ်လည်၍သွားပြီးနောက် အလုပ်သမား၏ ရင်ဝသို့ စိုက်ဝင်သွားလေရာ အလုပ်သမားသည် ဟတ်ထိုးလဲကျသွားလေ၏။



ထိုအခါမှ ကြွင်းကျန်သော အလုပ်သမားတို့သည် လူငါးယောက်ဆီသို့ အစုအအုပ်ဖြင့် ပြေးလာကြရာ ဒိုင်း၊ ဒိုင်း၊ မြည်သောအသံနှစ်ချက်ကို ကိုတောက်ထွန်းတို့ ကြားယိုက်ရ၏။

ယင်းအသံများသည် သေနတ်ဖြစ်သည်၊ စိန်ရောင်ကြည်ဗျောက်အိုး ဖြစ်သည်ဟူ၍ အမှန်မပြောနိုင်သော်လည်း အလုပ်သမားများသည် သေနတ်သံဟုမှတ်ထင်လျက် လက္ခဏာနှင့် ကစဥ့်ကရဲ ထွက်ပြေးကြလေ၏။

သို့ရာတွင် တစ်ယောက်သောသူမျှ ထိမှန်ဟန်လက္ခဏာမရှိချေ။

ထိုအခါ၌မူကား ယင်းဌာနတစ်ခုလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်၍ အလုံးအရင်းဖြင့် ချီတက်ရှာဖွေမည်ပြုရာ ထိုသူငါးယောက်တို့မှာ သစ်ပင်အောက်မှ ကွယ်ပျောက်သွားကြလေပြီ။

ကိုတောက်ထွန်းနှင့် ကိုသီဟတို့သည် ကုန်းမြင့်ပေါ်မှဆင်း၍ မြို့ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာကြလေ၏။

ကိုသီဟမှာ တုန်လှုပ်ချောက်ချားသည့် အမူအရာရှိသော်လည်း ကိုတောက်ထွန်းမှာမူ တစ်စုံတစ်ခုကို စိတ်ကူးနေဟန်နှင့် ဆိတ်ဆိတ်သာလျှင် လျှောက်ခဲ့လေ၏။

ထိုညဉ့်၌ ဦးမိုးကြိုး၏ အသင်းတိုက်တွင် ဂိုဏ်းသားများသည် မူးယစ်သောက်စားပျော်ပါးကြလေ၏။

ဖြစ်ပွားခြင်း၏ အကြောင်းရင်းမှာ အင်္ဂလိပ်ကုမ္ပဏီကြီးတွင် ဖိုမင်သည် မိမိလက်အောက် အလုပ်သမားများ၏ ပျင်းရိပေါ့လျော့သော အပြစ်ကို အထက်လူကြီးသို့ တိုင်တန်းလိုက်၏။

အထက်လူကြီးသည် ထိုအလုပ်သမားများကို အလုပ်မှ ထုတ်ပစ်လိုက်၏။

ထိုအလုပ်သမားများသည် ဂိုဏ်းသားများဖြစ်ကြသောကြောင့် မိမိတို့အား ပြန်ခေါ်ဖို့ ခြိမ်းခြောက်ကြ၏။

သို့ဖြစ်၍ ဦးမိုးကြိုးသည် မိမိနယ်အတွင်း ကိစ္စဖြစ်သောကြောင့် ကိုယ်တိုင်မဆောင်ရွက်ဘဲ အခြားနယ်မှ ဂိုဏ်းသားများကို မှာယူဆောင်ရွက်စေခြင်းဖြစ်လေသည်။

ထိုညဉ့်၌ ဂိုဏ်းသားများသည် ထုံးစံအတိုင်း ဦးမိုးကြိုးအိမ်တွင် စုရုံး၍ သောက်စားမူးယစ်ကြပြီးနောက် ညဥ့်နက်သဖြင့် မိမိတို့နေအိမ်သို့ အသီးသီး ပြန်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကြိုးသည် ကိုတောက်ထွန်းမပြန်မီ သူ့အား ဦးခေါင်းညိတ်ကာ ခေါ်သွား၍ အတွင်းခန်းဘက်ရှိ အခန်းကလေးထဲသို့ ဝင်သွားကြလေ၏။

ကြိုး။ ။ကိုင်း၊ မောင်တောက်ထွန်းရေ၊ မောင်နဲ့တော်တဲ့ အလုပ်တစ်ခု ပေါ်လာပြီ၊ ဒီအလုပ်ကို မောင်ကိုယ်တိုင်ကြည့်ပြီး စီမံရလိမ့်မယ်။

ထွန်း။ ။(ဝမ်းမြောက်ဟန်မျက်နှာထားနှင့်) နေရာကျလိုက်လေ ဆရာကြီးရယ်၊ ဘယ်လိုအလုပ်လည်း သိစမ်းပါရစေ။

ကြိုး။ ။မောင်နဲ့အတူ လူနှစ်ယောက်ခေါ်သွားနိုင်တယ်၊ ‘ဗိုက်ပူ’နဲ့ ‘သွားခေါ’တို့ နှစ်ယောက်ခေါ်သွားပေတော့၊ သူတို့ကို ကျုပ်ပြောထားပြီးပြီ၊ ဒီနယ်မှာ မာမက်အိစွတ်ဆိုတဲ့အကောင် ရှိနေသမျှ ကာလပတ်လုံး မောင်တို့၊ ကျုပ်တို့စိတ်မချရဘူး၊ ဒီအကောင်ကို သတ်ပစ်မှတော်မယ်။

ထွန်း။ ။ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပါ့မယ်ဆရာကြီး၊ ဒီလူက ဘာလုပ်တာလဲ၊ ဘယ်မှာနေသလဲ။

ဦးမိုးကြိုးသည် အမြဲတမ်း ကိုက်ခဲ၍ထားသော ဆေးပြင်းလိပ်ကြီးကို ပါးစပ်မှ ချွတ်ထားပြီးနောက် စက္ကူတစ်ရွက်ပေါ်တွင် မြေပုံအကြမ်းတစ်ခု ရေးဆွဲလေ၏။

ကြိုး။ ။ဒီလူက ကုလားသူဌေး အီဘရာဟင်ရဲ့ ညာလက်ရုံးပဲ မောင်ရဲ့၊ တော်တော်လည်း သတ္တိကောင်းတဲ့ ဇေဒဗာဒီကုလားပဲ၊ သူ့ကိုဆုံးမဖို့ နှစ်ခါတောင် ကျုပ်တို့ကြိုးစားဖူးတယ်၊ တစ်ခါမှ အထမမြောက်တဲ့အပြင် ဂိုဏ်းသားတစ်ယောက်တောင် သူ့လက်ချက်နဲ့ အသက်ဆုံးရှုံးဖူးတယ်၊ ဒီတစ်ခါဖြင့် ဒီအကောင်ကို မောင့်လက် ဝ,ကွက်ပြီး အပ်လိုက်ရမှာပဲ၊ ဟောဒီမြေပုံထဲမှာ ကြည့်စမ်း၊ ဟောဒါက မြို့အနောက်ဘက်က လမ်းဆုံပဲ၊ တောင်ဘက်ကို တည့်တည့်လိုက်သွားတော့ ဟောဒီနေရာမှာ အိမ်ကလေးတစ်ဆောင် တွေ့လိမ့်မယ်၊ သူ့တစ်အိမ်တည်း ထီးတည်းငုတ်တုတ်ပဲ၊ ဒီကောင်ကိုဆုံးမရင် နေ့ခင်းတော့ မကိုက်ဘူး၊ နှစ်လုံးပြူးလည်းရှိတယ်၊ လက်လည်း တော်တော်ဖြောင့်တယ်၊ သူ့အိမ်မှာ သူတို့လင်မယားရယ်၊ သားသမီးသုံးယောက်ရယ်၊ တပည့်တစ်ယောက်ရယ် ဒါပဲရှိတယ်၊ ဒီတော့ကာ ညဥ့်အချိန်မှာ ကြံစည်မယ်ဆိုရင် မောင့်လိုလူအဖို့တော့ ဘာမှခဲယဉ်းစရာမရှိဘူး၊ ဒိုင်းနမိုင်းတစ်ဘူးရယ်၊ မီးခြစ်တစ်ဘူးရယ် ယူသွားရင် သူတို့တစ်အိမ်သားလုံး ပြုတ်ပြုတ်ပြုန်းကုန်ရောပေါ့။

ထွန်း။ ။ဒိုင်းနမိုင်းက ဘယ်ကရမလဲ ဆရာကြီး။

ကြိုး။ ။ကျောက်တွင်းနယ်ပဲ မောင်ရယ်၊ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့၊ ကျုပ်ရှာပေးပါ့မယ်။



ထွန်း။ ။ဒီလူက ဘာများစော်ကားဖူးလို့လဲ ဆရာကြီးရဲ့။

ကြိုး။ ။ဂိုဏ်းသားတစ်ယောက်ကို ပစ်သတ်ဖူးတယ်လို့ ကျုပ်ပြောပြီးပြီ မဟုတ်လား။

ထွန်း။ ။ဘာပြုလို့ ပစ်သတ်တာလဲ ဆရာကြီး။

ကြိုး။ ။ဘာပြုလို့ပစ်ပစ် မောင်မေးနေစရာ မဟုတ်ပါဘူး၊ ဂိုဏ်းသားတစ်ယောက်က ညအချိန်မှာ သူ့အိမ်ကိုသွားတယ်၊ သူက သေနတ်နဲ့ ပစ်သတ်တယ်၊ ဒီလောက်ပြောရင် တော်ရောပေါ့၊ ဒီအတွက် မောင်က လက်စားချေရမယ်။

ထွန်း။ ။သူ့မိန်းမနဲ့ကလေးတွေကော စီရင်တဲ့အထဲ ပါရောလားဆရာကြီးရယ်။

ကြိုး။ ။ပါစေရမှာပေါ့ မောင်ရဲ့၊ သူတို့ ခွဲထုတ်နေလို့ ဘယ်ရမလဲ။

ထွန်း။ ။မိန်းမနဲ့ကလေးတွေက ဘာမှမလုပ်ခဲ့ကြဖူးတော့ ရက်စက်ရာ မကျပေဘူးလား ဆရာကြီး။

ကြိုး။ ။ဟေ့…မောင်တောက်ထွန်း၊ မင်းဘယ့်နှာတွေ လျှောက်မေးနေတာလဲ၊ မလုပ်ရဲလို့ နောက်ဆုတ်ချင်လို့ဟာလား။

ထွန်း။ ။ကြံကြံစည်စည် ဆရာကြီးရယ်၊ ဆရာကြီးခိုင်းစေလို့မှ မလုပ်ဝံ့ဘဲ နောက်ဆုတ်ချင်တယ် ထင်ရအောင် ကျွန်တော်ဘာများ ပြောမိလို့လဲ။

ကြိုး။ ။ကိုင်း…ဒါဖြင့် လုပ်မယ်မဟုတ်လား။

ထွန်း။ ။လုပ်မှာပေါ့ ဆရာကြီးရဲ့။

ကြိုး။ ။ဘယ်တော့လဲ။

ထွန်း။ ။သူ့အိမ်ကို ကျွန်တော်သွားကြည့်ပြီး သေသေချာချာစီမံရအောင် တစ်ရက်နှစ်ရက်လောက်တော့ အချိန်ပေးဦးမှပေါ့ ဆရာကြီး။

ကြိုး။ ။ကောင်းပြီ၊ သန်ဘက်ခါ ကိစ္စပြီးအောင် စီမံလိုက်ပေတော့၊ ဒီအကောင်သေရင် တစ်ပြည်အေးသွားတာပဲ။

ကိုတောက်ထွန်းသည် မိမိလုပ်ဆောင်ရမည့် လုပ်ငန်းအကြောင်းကို နက်နဲကြာရှည်စွာ စဉ်းစားစိတ်ကူးနေလေ၏။

မာမက်အိစွတ်နေသော နေအိမ်မှာ မြို့နှင့်ငါးမိုင်ခန့်ဝေး၍ တောင်ကြားကလေးတစ်ခုအနီးတွင် တည်ရှိလေ၏။

ကိုတောက်ထွန်းသည် ထိုညဥ့်ပင် တစ်ယောက်တည်းထွက်သွား၍ အခြေအနေကို ထောက်လှမ်းစုံစမ်းခဲ့ရာ နံနက်အရုဏ်တက်ချိန်တွင်မှ နေအိမ်သို့ ပြန်ရောက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ကိုတောက်ထွန်းသည် မိမိနှင့်အတူ လိုက်လာကြမည့် 'ဗိုက်ပူ'နှင့်'သွားခေါ'တို့ကို တွေ့ဆုံတိုင်ပင်ရာ ထိုသူငယ်နှစ်ယောက်တို့မှာ အမဲပစ်သွားကြရမည့်အလားကဲ့သို့ ရွှင်လန်းဝမ်းမြောက်စွာ ရှိနေကြလေ၏။

နောက်တစ်ညဉ့်၌ ယင်းတို့သုံးယောက်သည် မြို့ပြင်ရှိ ညောင်ပင်ကြီးအောက်တွင် တွေ့ဆုံကြ၍ မိမိတို့၏ လက်နက်များကို စစ်ဆေးကြလေ၏။

ကိုတောက်ထွန်းမှာ ခြောက်လုံးပြူးတစ်လက်ပါ၍ ထိုသူငယ်နှစ်ယောက်တို့မှာ ဓားရှည်တစ်ချောင်းစီနှင့် ဓားမြှောင်တစ်လက်စီ ပါရှိကြ၏။

ကိုတောက်ထွန်း၏ အိတ်ထဲ၌ကား လက်သန်းပမာဏရှိ ဒိုင်းနမိုင်းဘူးကလေးနှင့် မီးခြစ်ဘူး ပါရှိလေ၏။

ထိုသူသုံးဦးတို့သည် တောလမ်းတစ်လျှောက် လျှောက်သွားကြ၍ မာမက်အီစွတ်၏ နေအိမ်သို့ သန်းခေါင်ကျော်အချိန်တွင် ဆိုက်ရောက်ကြလေ၏။

ထိုညဉ့်မှာ လေတဟူးဟူး တိုက်ခတ်လျက်ရှိ၍ မိုးတိမ်များသည် တစ်ခြမ်းသာသာမျှရှိသော လမင်း၏မျက်နှာကို ဖုံးချည်တစ်ခါ၊ ခွာချည်တစ်လှည့်ဖြင့် လွင့်စဉ် ပြေးလွှားနေကြလေ၏။

အီစွတ်သည် ခွေးဆိုးကြီးများ မွေးထားသည်ဆိုသောကြောင့် လူသုံးယောက်သည် သတိကြီးစွာနှင့် ဝပ်တွားချဉ်းကပ်ကြရ၏။

သို့ရာတွင် သစ်ကိုင်းများကို လေတိုက်ခတ်သော အသံမှတစ်ပါး ဘာသံမျှ မကြားရဘဲ တိတ်ဆိတ်စွာ ရှိနေလေ၏။

ကိုတောက်ထွန်းသည် အိမ်တံခါးအနီးသို့ ချဉ်းကပ်၍ နားထောင်လေရာ အိမ်ထဲမှ ဘာသံမျှ မကြားရချေ။

ထို့နောက် ကိုတောက်ထွန်းသည် ဒိုင်းနမိုင်းဘူးကိုဖွင့်၍ တိုင်တစ်တိုင်တွင် မှီထားပြီးနောက် စနက်ကို ဘူးထဲသို့ သွတ်သွင်းလိုက်လေ၏။

ယင်းစနက်မှာ ဆယ်တောင်ခန့်ရှည်လျား၍ ကိုတောက်ထွန်းသည် စနက်ကို မီးဖြင့် ရှို့ပြီးသည်နှင့်တစ်ပြိုင်နက် သုံးယောက်သားတို့သည် ခြေကုန်တင်၍ ပြေးကြလေ၏။

ဂိုက်နှစ်ဆယ်ခန့်ရောက်၍ ချောင်းကလေးတစ်ခုကို တွေ့သည်နှင့် တစ်ပြိုင်နက် လူသုံးယောက်တို့သည် ချောင်းထဲသို့ ဆင်းသက်ကာ ဝပ်တွားနေကြလေ၏။

နောက်တစ်ခဏ၌ မိုးချုန်းသံကဲ့သို့ နက်ကျယ်လှစွာသော အသံကြီးသည် တစ်တောလုံး ပဲ့တင်ထပ်မျှ မြည်ဟိန်းလျက် မီးပန်းမီးပွင့်များသည် ကောင်းကင်ယံသို့ တဖွားဖွား တလက်လက် ပျံတက်ကြလေ၏။



ထိုဂိုဏ်း၏ရာဇဝင်တွင် ယခုအလုပ်ထက် သပ်ရပ်စွာ ဆောင်ရွက်ခဲ့သော အလုပ်ဟူ၍ မရှိဖူးချေ။

သို့ရာတွင် ခဲလေသမျှ သဲရေကျဖြစ်ခဲ့လေပြီ။ အကြောင်းမူကား မာမက်အီစွတ်သည် မိမိအား ဂိုဏ်းသားများက ရန်ငြိုးဖွဲ့နေကြောင်းကို ရိပ်မိသဖြင့် ယင်းနေ့နံနက်ကပင် သားမယားများနှင့်တကွ လှည်းတစ်စီးဖြင့် ပြောင်းရွှေ့၍ မိုင်နှစ်ဆယ်ခန့်ဝေးကွာသော ရွာတစ်ရွာသို့ ရောက်ကြသောကြောင့်ပေတည်း။

ထိုမှတစ်ဖန် နီးရာဘူတာရုံသို့သွား၍ မန္တလေးသို့ စုန်ဆင်းသွားကြပြီဟူ၍လည်း သတင်းကြားသိရ၏။ သို့ဖြစ်၍ ကိုတောက်ထွန်းတို့လူစု ဖောက်ခွဲလိုက်သောအိမ်မှာ အိမ်သားတစ်ယောက်မျှမရှိသော အိမ်လွတ်သက်သက်မျှသာ ဖြစ်ချေတော့၏။

ထိုသတင်းကို ကြားသိရသောအခါ ကိုတောက်ထွန်းက 'ဒီကိစ္စကို ကျွန်တော့်တာဝန်ထားလိုက်ပါ ဆရာကြီး၊ တတ်နိုင်လို့ ဝတ်ဖျားကပ်နေပါစေ၊ ကျွန်တော် စီရင်ပေးပါ့မယ်'

ဟု ဦးမိုးကြိုးအား ပြောပြလေ၏။

ဂိုဏ်းကြီးအစည်းအဝေး၌ ဂိုဏ်းသားများသည် ကိုတောက်ထွန်းအပေါ်၌ ယုံကြည်စိတ်ချကြောင်း ဆုံးဖြတ်ကြ၍ မာမက်အီစွတ်အမှုမှာ တစ်ခဏတာ အဖို့ ပိတ်ထားလိုက်လေ၏။

သို့ရာတွင် မာမက်အီစွတ်မှာ မန္တလေးမြို့ ကုလားတန်းရပ်ကွက်တွင် ဓားမြှောင်တန်းလန်းနှင့် သေဆုံးနေသည်ကို တွေ့ရကြောင်းနှင့် နောက်တစ်လခန့်မျှတွင် သတင်းစာများ၌ တွေ့မြင်ကြရသောအခါ ကိုတောက်ထွန်း၏ လက်ချက်ပင် ဖြစ်သည်ဟု ဂိုဏ်းသားများက တွေးတောယူဆနေကြလေ၏။

ဆတ်ဆတ်ကြဲဂိုဏ်းသားများသည် ဤသို့သော နည်းအားဖြင့် ကျောက်တွင်းနယ်တစ်ခုလုံးကို တုန်လှုပ်ချောက်ချားစေခဲ့၏။

ကိုတောက်ထွန်း ဆိုက်ရောက်ပြီးသည့်နောက်၌ပင် နယ်ပုလိပ်နှစ်ယောက်ကို ချောင်းမြောင်းသတ်ဖြတ်ခြင်း၊ ကျောက်ကုန်သည်တစ်ယောက်ကို ဖျောက်ဖျက်လိုက်ခြင်း၊ ပွဲစားတစ်ယောက်ကို အစတုံးစီရင်လိုက်ခြင်း အစရှိသည့် သွေးအေးအေးနှင့် ပြုကျင့်ရသော အမှုမျိုးတို့ကို ထပ်ကာထပ်ကာ ပြုကျင့်ကြ၏။

သို့ဖြစ်၍ ကျောက်တွင်း နယ်သူနယ်သားများမှာ အသက်မွေးဝမ်းစာ ရှာမှီးရာ၌ 'ကျီးလန့်စာစား'ဟူသည့်အလားသို့ အထိတ်ထိတ် အလန့်လန့်ဖြင့် သာလျှင် သွားလာနေထိုင်ရာကြလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

## သားအန္တရာယ်ကို စိုးရိမ်ရခြင်း

ထိုအချိန်အခါသည်ကား ဆတ်ဆတ်ကြဲဂိုဏ်း၏ ရာဇဝင်တွင် အပေါ်ထင်ဆုံးသော အချိန်အခါဖြစ်၍ ထိုဂိုဏ်းကြီး၏ ဩဇာသည် အထွတ်အထိပ်သို့ ရောက်လျက်ရှိ၏။

ကိုတောက်ထွန်းမှာ ဂိုဏ်းသားများ၏ ယုံကြည်အားကိုးခြင်းကို ခံရသဖြင့် ဒုတိယဂိုဏ်းချုပ်အဖြစ်သို့ အထူးတင်မြှောက်ခြင်း ခံရသည့်ပြင် နောင်နှစ်အတွက် ဂိုဏ်းချုပ်ရွေးချယ်သောအခါတွင် ဦးမိုးကြိုး၏ ရိုက်ရာကိုပင် ဆက်ခံရလိမ့်မည်ဟူ၍ တွေးထင်နေကြသူများ ရှိကြ၏။

သို့ဖြစ်၍ ထိုအချိန်အခါတွင် မိုးကောင်းဂိုဏ်းနှင့် ပတ်သက်၍ ကိုတောက်ထွန်း မသိရှိရသော ဓိမ်ချက်ဟူ၍ မရှိချေ။

သို့ရာတွင် ဂိုဏ်းသားများ၏ ယုံကြည်ကိုးစားခြင်း ခံရလေလေ၊ မြို့သူမြို့သားများက စက်ဆုပ်ရွံရှာကြလေလေ ရှိနေရကား အချို့ရဲရင့်သော မြို့သား



များသည် ကိုတောက်ထွန်းကို လမ်းပေါ်၌ တွေ့မြင်ရသည့်အခါ တံတွေထွေးခြင်း၊ မေးငေါ့ခြင်း၊ ခြေဆောင့်ခြင်း စသော အမှုတို့ကို ပြုတတ်ကြ၏။

အချို့သတ္တိကောင်းသော လူငယ်များသည် ဆေးရုံမှ ဆင်းလာသော ဦးထွန်းခင်အိမ်တွင် တွေ့ဆုံကြ၍ 'မဟုတ်မခံ'ဂိုဏ်းအမည်နှင့် အတိုက်အခံ အဖွဲ့တစ်ခု ဖွဲ့စည်းကြကြောင်းနှင့် သတင်းရရှိကြ၏။

သို့ရာတွင် ဦးမိုးကြိုးတို့လူစုကမူကား တုန်လှုပ်ချောက်ချားခြင်း မရှိကြချေ။

ဆတ်ဆတ်ကြဲဂိုဏ်းသားများမှာ ကြာရှည်လေးမြင့်စွာ အလုပ်လုပ်လာခဲ့ကြသဖြင့် အစုအအုပ်ဖြင့် လုပ်ထုံးလုပ်နည်းများကို နားလည်ကြသည့်ပြင် သွေးစွန်းပြီးလူများလည်းဖြစ်ကြလေရာ မဟုတ်မခံဂိုဏ်းသားများမှာ စိတ်အားထက်သန်ခြင်းမှတစ်ပါး ထူးခြားသော အရည်အချင်းမရှိချေ။

အစိုးရဘက်လူများက ယင်းတို့ကို အားပေးကြသည်ကား မှန်၏။

သို့ရာတွင် အစိုးရဘက်လူများသည် 'ဘွဲ့ဖြူလက်နက်'ပြီးသော လူများမဟုတ်ရကား ယင်းတို့၏ အားပေးခြင်းမှာ ကောင်းစွာခရီးရောက်လှမည် မဟုတ်ချေ။

စနေနေ့ည တစ်ညတွင် အသင်းတိုက်၏ အစည်းအဝေးရှိသဖြင့် ကိုတောက်ထွန်းသည် အစည်းအဝေးတက်ရန်အတွက် နေအိမ်မှထွက်မည်အပြုတွင် 'ကြောက်ချေးအိုး'ဟူ၍ နာမည်ရထားသော ဂိုဏ်းသားဦးကြာခိုင်သည် အိမ်ပေါ်သို့ တက်လာလေ၏။

ဦးကြာခိုင်၏မျက်နှာထားမှာ အထူးစိုးရိမ်တုန်လှုပ်နေဟန်လက္ခဏာ ရှိ၏။

ခိုင်။ ။တိုင်ပင်စရာ တစ်ခုရှိတယ် ကိုတောက်ထွန်းရယ်၊ နားထောင်အားရဲ့လား။

ထွန်း။ ။ဆယ့်ငါးမိနစ်တော့ အချိန်ပေးနိုင်တယ်၊ ခင်ဗျား သိတဲ့အတိုင်း အစည်းအဝေးရှိတယ်။

ခိုင်။ ။ကျုပ်က ခင်ဗျားကို ဖွင့်ပြီး စကားစုံပြောပြီးတဲ့နောက် ဦးမိုးကြိုးက လာပြီးစစ်ဆေးတဲ့အခါမှာ ခင်ဗျားက နှုတ်လုံပေတဲ့အတွက် ခင်ဗျာ ကျေးဇူးကို ကျုပ်ဘယ်တော့မှ မမေ့ပါဘူး ကိုတောက်ထွန်း။

ထွန်း။ ။ကိုယ့်ယုံကြည်လို့ ပြောတဲ့စကားကို ကျွန်တော်က သစ္စာဖောက်ပြီး ပြန်ပြောလို့ တော်နိုင်ပါ့မလားဗျာ၊ ခင်ဗျားပြောတဲ့စကားကို ကျွန်တော်က သဘောတူ မတူ၊ ဒါက တခြားကိုးဗျ။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်။ ။ဒါ ကျုပ်သိပါတယ်၊ သို့သော် တိုင်ပင်စရာရှိတဲ့စကားကို စိတ်ချလက်ချ တိုင်ပင်နိုင်တယ်ဆိုတာ မနည်းပေဘူးဗျ၊ ကျုပ်မှာ လျှို့ဝှက်တဲ့ သတင်းတစ်ခုပါလာတယ်။

ဟုပြောလျက် ရင်ဘတ်ကို လက်ဝါးဖြင့် ပုတ်ပြပြီးလျှင် ဆက်လက်၍...

'ခက်တာက သိပ်ခက်နေတာပဲဗျာ၊ ကျုပ်သိထားတဲ့သတင်းကို ပြန်ပြောပြပြန်ရင်လည်း ကျုပ်ကိုသတ်ကြမှာ ကြောက်ရတယ်၊ မပြောဘဲ မြုထားပြန်ရင်လည်း တစ်ဂိုဏ်းလုံး ပြုတ်ပြုတ်ပြုန်းကုန်မှာ စိုးရိမ်ရတယ်၊ ကျုပ်ဖြင့် ဘယ်လိုလုပ်ရမှန်း မသိဘူး၊ သိပ်ကြပ်နေတာပဲဗျာ'

ထိုအခါ ကိုတောက်ထွန်းသည် ဦးကြာခိုင်အား စေ့စေ့စပ်စပ် ကြည့်လိုက်မိရာ ထိုသူမှာ တစ်ကိုယ်လုံးဆတ်ဆတ်တုန်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

'နေဦး...နေဦး၊ ခဏဆိုင်းဦး'ဟုပြော၍ ကိုတောက်ထွန်းသည် ဘရန်ဒီလက်သုံးသစ်ခန့်ကို ဖန်ခွက်ထဲသို့ ငှဲ့ထည့်ပြီးနောက် 'ရော့၊ ဟောဒါ ရေ မထည့်ဘဲ ကြိတ်လိုက်စမ်း၊ ခင်ဗျားလို လူမျိုးတော့ ဒါမှ သွေးရဲမယ်၊ ကြိတ်လိုက်' ဟု ပြော၍ လှမ်းပေးလေ၏။

ဦးကြာခိုင်သည် ငြင်းဆန်မည်ပြုသော်လည်း ကိုတောက်ထွန်း၏ တင်းမာသောမျက်နှာကို မြင်သည်နှင့် လှမ်းယူကာ ရှုံ့မဲ့ရင်း ကျိုက်ချလိုက်လေ၏။

ထွန်း။ ။ကိုင်း... ပြောစမ်းဗျာ၊ ကြားရအောင်။

ခိုင်။ ။(မျက်နှာများ နီမြန်းလျက် ရဲတင်းလာဟန်နှင့်) တိုတိုတုတ်တုတ် ပြောလိုက်တော့မယ်၊ ကျုပ်တို့ဂိုဏ်းရဲ့အမှုတွေကို ထောက်လှမ်းစုံစမ်းဖို့ အထူးစုံထောက်တစ်ယောက် ရောက်နေပြီတဲ့။

ကိုတောက်ထွန်းသည် အလွန်အံ့သြလှသော မျက်နှာထားနှင့် ကြောင်တောင်ငေးလျက် ကြည့်နေလေ၏။

ထွန်း။ ။ဒီလူကြီး ရူးလာပြီမှတ်တယ်၊ ပုလိပ်ဘက်ကရော၊ စုံထောက်ဘက်ကရော ဒီမြို့မှာ ခြေချင်းလိမ်နေအောင် မွှေနှောက်နေကြတာ ကြာလှပါပြီကောဗျာ၊ သူတို့ ဘာတတ်နိုင်လို့လဲ။

ခိုင်။ ။ခင်ဗျားက သာမည နယ်ပုလိပ်တွေနဲ့ သာမညစုံထောက်တွေ ပြောနေတာကိုးဗျ၊ ရန်ကုန်မြို့က စုံထောက်ကြီး ဦးစံရှားဆိုတာ ခင်ဗျားကြားဖူးရဲ့ မဟုတ်လား။

ထွန်း။ ။ဘယ့်နှယ် မကြားဖူးသလဲ၊ ကျုပ်မဆိုထားနဲ့ တောကြိုတောင်ကြားက တောသားတွေတောင် ဦးစံရှားဆို သိနေကြတာပဲ၊ ဦးစံရှားနဲ့ ဒီအမှုနဲ့ ဘာဆိုင်လို့လဲ။



ခိုင်။ ။ဦးစံရှားက သူလိုငါလို အစိုးရစုံထောက်တွေလို မဟုတ်ဘူးတဲ့ဗျ၊ သူစုံထောက်တဲ့ အမှုဆိုရင် မလွဲတမ်း ပေါ်ပေါက်အောင် စုံထောက်နိုင်တယ်တဲ့ဗျ၊ သူကိုယ်တိုင်ဖြစ်စေ၊ သူ့တပည့်တစ်ယောက်ယောက်ဖြစ်စေ၊ ကျုပ်တို့ဂိုဏ်းကို စုံထောက်တယ်ဆိုရင်တော့ ကျုပ်တို့လူစုတော့ ချောင်ထဲမှာ ပိတ်လှောင်မိတဲ့ ခွေးကမှ နည်းနည်းသက်သာလိမ့်ဦးမယ်တဲ့ဗျ။

ထွန်း။ ။လာပါစေ၊ သတ်ပစ်ကြတာပေါ့။

ခိုင်။ ။ခင်ဗျားတို့လူစုက သတ်ဖို့ချည်းပဲ အားကိုးနေကြတာပဲ၊ သူများမခက်ဘူး၊ ကျုပ် ခက်တယ်ဗျ၊ ကျုပ်က ဘယ်သူဘယ်ဝါဘဲ့လို့ ညွှန်ပြလိုက်လို့ ခင်ဗျားတို့က သတ်ပစ်လိုက်ကြရင် ကျုပ်မှာတစ်သက်လုံး ခွေးဖြစ်ရတော့မှာပဲ၊ တကယ်လို့ မပြောဘဲနေရင်လည်း တစ်ဂိုဏ်းလုံး ဒုက္ခရောက်ကြတော့မှာ ခက်တယ်ဗျ၊ သိပ်ခက်နေတာပဲ' ဟုပြော၍ ဦးကြာခိုင်မှာ ဦးခေါင်းယမ်းလျက် ငေးမှိုင်ကာ ထိုင်နေလေ၏။

ထွန်း။ ။(ထိုင်ရာမှထပြီး ဦးကြာခိုင်၏ပခုံးကို ကိုင်လှုပ်လျက်)လုပ်စမ်းပါဦး ဦးကြာခိုင်ရဲ့၊ မယ်ကြီးအိုကြီးလိုထိုင်ပြီး ငိုင်နေလို့ ဒီကိစ္စပြီးမှာ မဟုတ်ဘူးဗျ၊ ခင်ဗျားသိရသမျှ ပြောပြစမ်းပါဦး၊ ဘယ်သူလဲ၊ ဘယ်မှာလဲ၊ ခင်ဗျားဘယ်က ကြားခဲ့သလဲ ကျွန်တော့်ဆီ ခင်ဗျား ဘာလာလုပ်တာလဲ။

ခိုင်။ ။ကျုပ်ကို အကြံပေးနိုင်တဲ့လူ ခင်ဗျားတစ်ယောက်ပဲရှိလို့ ခင်ဗျားဆီ လာခဲ့တာပဲ၊ မနေ့စ်က ရန်ကုန်ကို ဘုရားဖူးရောက်သွားတော့ ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက် ကြေးနန်းဘက်မှာ အလုပ်လုပ်နေတာ တွေ့ခဲ့ရတယ်၊ ငယ်ငယ်တုန်းက အင်မတန်ခင်မင်ခဲ့ဖူးတဲ့ သူငယ်ချင်းပဲ၊ သူက ကျုပ်တို့မြို့မှာ ဆတ်ဆတ်ကြဲဂိုဏ်းရှိယ်လို့ ရှိတာကိုသိတယ်၊ နို့ပေမယ့် ဒီဂိုဏ်းထဲကျုပ်ပါနေတယ်လို့ သူမသိရှာဘူး၊ ကြေးနန်းဘက်မှာ အလုပ်လုပ်လေတော့ ဒီဂိုဏ်းကို ချိုးနှိမ်ဖို့အစိုးရတွေ၊ ကုမ္ပဏီကြီးတွေက စီမံနေကြတယ်ဆိုတာ ကြေးနန်းတွေ မြင်ရခြင်းအားဖြင့် သူသိရတယ်၊ သူ့စာထဲမှာ ဒီဂိုဏ်းအကြောင်း ရေးထည့်လိုက်တယ်၊ ဟောဒီမှာ ဖတ်ကြည့်ပါတော့၊ ဟောဒီကစပြီး ဖတ်ကြည့်စမ်း။

ကိုတောက်ထွန်းသည် စာကိုလှမ်းယူ၍ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

*ခင်ဗျားတို့နယ်က ဆတ်ဆတ်ကြဲဂိုဏ်းဆိုတာ ဘယ်လိုနေကြသေးသလဲ၊ သတင်းစာတွေထဲမှာတော့ ခဏခဏတွေ့ရပါတယ်၊ အင်္ဂလိပ်ကုမ္ပဏီကြီးနှစ်ခုက ထိရောက်ရောက် အရေးယူရန် စီမံနေကြသည်ကို သိရှိရပါသည်၊ ယခင်က အစိုးရဘက်က လူတွေ*

www.burmeseclassic.com

www.burmeseclassic.com



*ကြိုးစားသည်ဆိုသော်လည်း ငွေစားသူက စား၍ အခြေအမြစ်မရှိဘဲနှင့် အရှည်းနှီး နာမည်ကြီးနေသော ဂိုဏ်းဟူ၍ အစီရင်ခံသူက ခံထားသောကြောင့် အရာမရောက်ခဲ့ပါ၊ ယခုမှာ ကုမ္ပဏီကြီးနှစ်ခုက စုံထောက်ကြီး ဦးစံရှားကို ငှားရမ်း၍ ယင်း၏သွန်သင်ညွှန်ကြားချက်ဖြင့် ဂျမဒါကိုကိုကြီးကို စေလွှတ်သည်ဟု ကြားသိရပါသည်၊ ဂျမဒါကိုကိုကြီးမှာ သတ္တိကောင်းသူဖြစ်၍ စုံထောက်ဦးစံရှား၏ ဩဝါဒဖြင့် ထောက်လှမ်းစုံထောက်ရမည်ဆိုပါလျှင် ဆတ်ဆတ်ကြဲဂိုဏ်းမှာ သက်တမ်းစေ့ပြီဟု ကျွန်တော်ဆို၀့်ပါ၏။ မိတ်ဆွေချင်းဖြစ်၍ သိစေလိုသောသဘောနှင့် အကြောင်းကြားလိုက်သော ဤသတင်းကို မပေါက်ကြားရအောင် စောင့်စည်းလိမ့်မည်ဟု မျှော်လင့်ပါသည်။*

ကိုတောက်ထွန်းမှာ စာကိုဖတ်ပြီးနောက် အတန်ကြာအောင် စိုက်ငေးတွေးတောလျက် ရှိလေ၏။

ထွန်း။ ။ဒီအကြောင်းကို ဒို့ပြင်လူ ဘယ်သူသိသေးသလဲ။

ခိုင်။ ။ဘယ်သူ့မှ ကျုပ်မပြောရသေးပါဘူး။

ထွန်း။ ။ခင်ဗျားမိတ်ဆွေက ဒို့ပြင်လူများကော အသိရှိသေးသလား။

ခိုင်။ ။ဒီမြို့မှာလား။

ထွန်း။ ။ဒီနယ်မှာ။

ခိုင်။ ။တစ်ယောက် နှစ်ယောက်လောက်တော့ ရှိထင်ပါရဲ့။

ထွန်း။ ။ကျွန်တော်မေးခြင်းက ဂျမဒါကိုကိုကြီးဆိုတာ ဘယ်လိုလူပုံပန်းလဲလို့၊ ဒီလူတွေကို သူပြောမိသလားလို့ မေးရခြင်းဖြစ်ပါတယ်၊ လူပုံပန်းသိထားရရင် ကောင်းတာပေါ့ဗျာ။

ခိုင်။ ။ဒါတော့ ဟုတ်ပါတယ်၊ သို့သော် သူကိုယ်တိုင်က ဂျမဒါကိုကိုကြီးမြင်ဖူးကောင်းမှ မြင်ဖူးမှာကိုးဗျ၊ သူကလည်း သူသိရသလောက်ကို မိတ်ဆွေသဘောနဲ့ ထည့်ရေးလိုက်တာကိုး၊ တကယ်ဆိုတော့ ကြေးနန်းဘက်မှာ လုပ်တဲ့ လူတစ်ယောက်ဟာ အတွင်းရေးသတင်းစုံ သိရသော်လည်း လူကိုတော့ မြင်ဖူးမထင်ပေါင်ဗျာ။

ထွန်း။ ။(ရုတ်တရက်သတိရဟန်နှင့်)သိပြီဗျို့၊ သိပြီ၊ ကျွန်တော်လည်း တော်တော်'အ'တဲ့ အကောင်ပဲ၊ ဟန်ကျလိုက်တာဗျာ၊ ခင်ဗျားလူ ဘာမှ အလုပ်မလုပ်နိုင်ခင် ကျွန်တော်က အရင်ဖမ်းအုပ်ထားလိုက်မယ်၊ ဒါထက် ဦးကြာခိုင်၊ ဒီကိစ္စကို ကျွန်တော့်လုံးလုံးလွှဲမှာလား။



ခိုင်။ ။ခင်ဗျားက လက်ခံရင် လွှဲချင်လှပေါ့ဗျာ။

ထွန်း။ ။ကောင်းပြီ၊ ကျွန်တော် လက်ခံမယ်၊ ခင်ဗျားက အသာရှောင်နေ၊ ကျွန်တော် စီမံသွားမယ်၊ ခင်ဗျားနာမည်တောင် မပါစေရဘူး၊ ဒီ စာကို ကျွန်တော်ကိုယ်တိုင်ရသလို ကျွန်တော် စီမံသွားမယ်၊ ကျေနပ်ပြီလား။

ခိုင်။ ။သိပ်ကျေနပ်ပေါ့ဗျာ။

ထွန်း။ ။ကိုင်း၊ ဒါဖြင့် ခင်ဗျား အေးအေးနေပေတော့၊ ကျွန်တော် အခုအသင်းတိုက်သွားပြီး စီစဉ်လိုက်ဦးမယ်၊ ဦးစံရှားသော၊ ဂျမဒါသော၊ ဆုဗဒါသော ဘယ်သူ့မှ ကျွန်တော်မကြောက်ပါဘူး၊ ဉာဏ်ချင်းပြိုင်ရပြိုင်ရ၊ သတ္တိချင်းပြိုင်ရ ပြိုင်ရ လာခဲ့ကြပါစေဗျာ။

ခိုင်။ ။ဒီလူကို ခင်ဗျားတို့ သတ်ပစ်ကြမှာလား။

ထွန်း။ ။ခင်ဗျားက ဒုစရိုက်တွေ သုစရိုက်တွေနဲ့ သံသရာရေး တွေးပူတာတော့တဲ့လူ၊ ဒါကြောင့် မသိမသာနေလိုက်ရင် ကောင်းတယ်ဗျ၊ မမေးချင်ပါနဲ့၊ ကျွန်တော်သင့်တော်သလို ကြည့်စီမံသွားမယ်၊ ခင်ဗျား မျက်စိမှိတ်နေလိုက်တော့ ဦးကြာခိုင်။

ခိုင်။ ။(ဦးခေါင်းကိုယမ်းလျက်)တစ်ခုခုဖြစ်ရင် ကျုပ်ပယောဂကင်းတော့မှာ မဟုတ်ပါဘူးဗျ။

ထွန်း။ ။(ကြောက်မက်ဖွယ်သော ပြုံးရယ်ခြင်းဖြင့်)ကိုယ့်ကိုကိုယ် ကာကွယ်တယ်ဆိုတာ ဘာမဆိုပြုကောင်းတယ် မဟုတ်လားဗျာ၊ ဒီကိစ္စက ကျွန်တော်တို့သော်လည်းကောင်း၊ သူသော်လည်းကောင်းဆိုတဲ့ ကိစ္စမျိုးကိုးဗျ၊ ကျွန်တော်တို့က မဦးရင် ကျွန်တော်တို့တတွေ ပြုတ်ပြုတ်ပြုန်းအောင် သူ စီမံသွားမယ်၊ မဟုတ်ဘူးလား၊ စေ့စေ့တွေးတော့ တစ်နေ့နေ့မှာ ခင်ဗျားကို ဂိုဏ်းချုပ်တင်မြှောက်ကြလိမ့်ဦးမယ် ထင်တယ်ဗျို့၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကြောင့် ကျွန်တော်တို့ဂိုဏ်းကြီး ချမ်းသာရာရပေတာကိုးဗျ။

ခိုင်။ ။ချမ်းသာပေးတော်မူပါ ဆရာကြီး။

ယင်းနောက် ဦးကြာခိုင်သည် နေအိမ်မှ ဆင်းသွားလေ၏။

ဦးကြာခိုင်ဆင်းသွားသည်နှင့်တစ်ပြိုင်နက် ကိုတောက်ထွန်းသည် မိမိကို 'ရန်ရှာ'မည့် စာရွက်စာတမ်းဟူသမျှကို သံသေတ္တာများ၊ စားပွဲအံဆွဲများမှ ထုတ်ယူ၍ မီးရှို့ဖျောက်ဖျက်လိုက်သည်။

ကိုတောက်ထွန်း၏ မျက်နှာထားမှာ တစ်သက်တွင်တစ်ခါမျှ ကြုံကြိုက်ရဖူးသည့် ကိစ္စကြီးတစ်ခုကို ဆောင်ရွက်နေသည့်အလားကဲ့သို့ ခက်ထန်တင်းမာခြင်း ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုတောက်ထွန်းသည် နေအိမ်မှဆင်းလာ၍ အသင်းတိုက်သို့အသွား လမ်းခရီးတွင် မပြုံးကြည်တို့၏နေအိမ်သို့ ဝင်လေသည်။

ဦးပေါ်သစ်သည် ကိုတောက်ထွန်းအား မိမိနေအိမ်သို့မလာရန် တားမြစ်ထားသော်လည်း ကိုတောက်ထွန်းက အရေးကြီးသည့်အတွက်ကြောင့် မနာခံဘဲ အိမ်ပေါ်သို့ တက်သွားသောအခါတွင် မပြုံးကြည်နှင့် တွေ့ရလေ၏။

သို့ရာတွင် ကိုတောက်ထွန်း၏မျက်နှာမှာ ခါတိုင်းကဲ့သို့ ပြုံးရွှင်ကြည်လင်ခြင်းမရှိချေ။

ကြည်။ ။ကိုကို ဘာဖြစ်လာသလဲ၊ ဧကန္တ တစ်ခုခုဖြစ်ပြီ၊ ပြောစမ်း ဘာလဲ၊ ကြည်ကြည့်ကို ပြောစမ်း။

ထွန်း။ ။တစ်ခုခုဖြစ်ပေမယ့် သိပ်မဆိုးပါဘူး ကြည်ကြည်၊ ဒီထက်မဆိုးခင် ကိုကိုတို့ ရှောင်နေကြမှ တော်မယ်ထင်တယ်။

ကြည်။ ။ရှောင်နေရမယ်၊ ဘယ်လိုရှောင်ရပုံလဲ ကိုကိုရဲ့။

ထွန်း။ ။တစ်ခါတုန်းက ကိုကိုတို့ တစ်နေ့နေ့မှာ ထွက်သွားကြဖို့ ပြောဖူးတယ်ဟုတ်လား၊ အခုအချိန်ရောက်လာပြီမှတ်တယ်၊ မကောင်းတဲ့ သတင်းတွေ ကြားနေရတယ် ကြည်ကြည်ရဲ့။

ကြည်။ ။ပုလိပ်လားကိုကို။

ထွန်း။ ။ပုလိပ်ထက်ဆိုးတဲ့ ဦးစံရှားတို့ လူစုတဲ့။

ကြည်။ ။ဓားထောက်ကြီးဦးစံရှားဆိုတာလား၊ ကြည်ကြည်ကြားဖူးပါတယ်၊ ဒါဖြင့် ကိုကိုတို့ သိပ်ခက်တော့တာပဲ ကိုကို။

ထွန်း။ ။ခက်ဆို ဘာပြောဖို့ရှိသလဲ၊ ပြေးမှဖြစ်တော့မှာပေါ့၊ ကြည်ကြည် လိုက်မယ်ဆို။

ကြည်။ ။လိုက်မှာပေါ့ ကိုကို။

ထွန်း။ ။ကိုကိုဟာ ဆိုးတဲ့နေရာမှာ တော်တော်ဆိုးတဲ့လူပဲ၊ သို့သော် ကြည်ကြည်ရဲ့မျက်မွှေးတစ်ပင် အကျွတ်မခံရစေဘဲ ကိုကို့အသက်နဲ့ လဲမယ်ဆိုတာ ကြည်ကြည်ယုံရဲ့ မဟုတ်လား။

ကြည်။ ။ယုံတာပေါ့ ကိုကို။

ထွန်း။ ။ကိုင်း...ဒါဖြင့် ယုံရင် ကိုကိုပြောမယ် နားထောင်စမ်း၊ ဒီမြို့က ဂိုဏ်းတွေ ဧကန္တ တစ်ခုခုဖြစ်ကြတော့မယ်၊ မိတဲ့လူလည်း မိ၊ ပြေးတဲ့လူလည်း ပြေးကြရလိမ့်မယ်၊ တကယ်လို့ ပြေးတဲ့အထဲမှာ ကိုကိုပါရင် ကြည်ကြည် လိုက်ရမယ်နော်။



ကြည်။ ။ကိုကိုရှိရာအရပ်ကို ရောက်အောင် လာခဲ့မှာပေါ့ ကိုကို။

ထွန်း။ ။ဒီလိုမဟုတ်ဘူး၊ တစ်ခါတည်း အတူတူလိုက်ခဲ့ရမယ်၊ ပုလိပ်တွေက ကိုကို့နောက် တတန်းတန်း လိုက်နေကြမှာမို့ ကိုကိုနဲ့ ကြည်ကြည်နဲ့ တစ်ခါတည်းကွဲသွားရင် ပြန်တွေ့ကြဖို့ အများကြီးခဲယဉ်းသွားလိမ့်မယ်၊ ဒါကြောင့် လိုက်ရင် တစ်ခါတည်း လိုက်ခဲ့ ရမယ်။

ကြည်။ ။လိုက်မယ် ကိုကို။

ထွန်း။ ။ကျေးဇူးပါပဲ ကြည်ကြည်၊ ကိုယ့်ကိုယုံကြည်ပြီး လိုက်ခဲ့တဲ့မိန်းကလေးတစ်ဦးတစ်ယောက်အပေါ်မှာ နောက်နောင်အခါ သစ္စာဖောက်ခဲ့လို့ရှိရင် မဟာအဝီစိငရဲမှာ မလွတ်တမ်း ခံရပါစေသားဗျာ။

ကြည်။ ။မကျိန်ပါနဲ့ကိုကို၊ ကြည်ကြည် ယုံပါတယ်။

ထွန်း။ ။ကိုင်း...ကိုကို တစ်ခုမှာခဲ့မယ်၊ ကြည်ကြည်က ဒီအိမ်ကစောင့်နေ၊ ကိုကိုက တစ်နည်းနည်းနဲ့ အကြောင်းကြားလိုက်မယ်၊ ကိုကို့ဆီက သတင်းကြားကြားချင်း ဘူတာရုံကို ရောက်အောင်သွားပေတော့၊ ကိုကို ရောက်အောင်လာခဲ့မယ်၊ ကြားလား။

ကြည်။ ။နေ့ညမရွေး ရောက်အောင်လာခဲ့မယ်၊ ကိုကိုသာ စိတ်ချနေ။

ကိုတောက်ထွန်းမှာ အတန်ငယ်စိတ်အေးချမ်းသာစွာနှင့် အသင်းတိုက်သို့ ဆက်လက်ထွက်သွားလေ၏။

အသင်းတိုက် အစည်းအဝေးခန်းမကြီးအတွင်း၌ အသင်းသားများသည် ရောက်ရှိနှင့်ကြပြီဖြစ်၍ ကိုတောက်ထွန်းအား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သကြလေ၏။

ကြီး။ ။မောင်တောက်ထွန်းရောက်လာတာ အချိန်အတော်ပဲ၊ ဟောဒီမှာ အခက်အခဲတွေ့နေကြလို့ ဦးနှောက်ကောင်းတဲ့လူကို မျှော်နေကြတယ်။

ထွန်း။ ။(နေရာမှထလျက်)ဥက္ကဋ္ဌခင်ဗျား၊ တစ်ဂိုဏ်းလုံးရဲ့ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောပြရန်ရှိသဖြင့် အခြားကိစ္စများကို ခေတ္တဖယ်ရှားထားဖို့ ကျွန်တော် ခွင့်ပန်ပါတယ်ခင်ဗျာ။

ဂိုဏ်းသားများသည် ကိုတောက်ထွန်း၏မျက်နှာကို မြင်ရ၍ 'သေရေးရှင်ရေး'ဆိုသော စကားကို ကြားရသည်နှင့်တစ်ပြိုင်နက် အလွန်တရာ စိတ်အားကြီးသော အမူအရာနှင့် လည်ပင်းကိုဆန့်တန်းကာ စိုက်ကြည့်နေကြလေ၏။

ကြီး။ ။ပြောပါတော့ မောင်တောက်ထွန်း၊ ကျုပ်တို့ နားထောင်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကိုတောက်ထွန်းသည် အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ယူလေ၏။

ထွန်း။ ။ကျွန်တော် ပြောရန်ရှိသော သတင်းက သတင်းကောင်းမဟုတ်ဘူး၊ သတင်းဆိုးဖြစ်ပါတယ်၊ သို့သော် လာမယ့်ဘေးကို တင်ကြိုသိရှိရခြင်းက မသိဘဲနဲ့ ခံရခြင်းထက် ကောင်းသေးတယ်လို့ ကျွန်တော်ယူဆပါတယ်၊ ကျွန်တော်သိရှိရတဲ့ သတင်းအရမှာ အင်္ဂလိပ်ကုမ္ပဏီကြီးများက စုံထောက်ကြီးဦးစံရှားကို ငှားရမ်းပြီး အဲဒီဦးစံရှားက ဂျမဒါကိုကိုကြီးကို သွန်သင်စေလွှတ်လိုက်တယ်လို့ သိရှိရပါတယ်၊ ဂျမဒါကိုကိုကြီးဟာ ဂိုဏ်းသားတချို့ကို စက်တိုင်တက်စေဖို့၊ တချို့ကို တစ်ကျွန်းပို့စေဖို့ သက်သေခံချက်များ ထောက်လှမ်းစုံစမ်းလျက် ရှိတယ်လို့ ကြားသိရပါတယ်၊ ဒါကြောင့် ဒီကိစ္စကို ဆွေးနွေးရန်အတွက် ကျွန်တော် ဖွင့်ပန်ရခြင်း ဖြစ်ပါတယ်။

ထိုစကားကို ကြားသိရသောအခါ ဂိုဏ်းသားများသည် အသက်ရှူရှိုက်ဖို့ပင် သတိရဟန်မရှိဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် တိတ်ဆိတ်စွာ ထိုင်နေကြလေ၏။

ကြိုး။ ။မောင့်စကားအတွက် အကိုးအကား ဘာများ ရှိသလဲ။

ထွန်း။ ။ကျွန်တော့်အကိုးအကားကတော့ ဟောဒီစာပါပဲ။

ဟုပြော၍ ကိုတောက်ထွန်းသည် ဦးကြာခိုင်ထံမှ ယူထားလိုက်သောစာကို ထုတ်ပြီးနောက် လိုရင်းအချက်များကို ဖတ်ပြလေ၏။ ယင်းနောက် ဆက်လက်၍...

ထွန်း။ ။မင်းမှာသစ္စာ လူမှာကတိဆိုတဲ့အတိုင်း ဒီစာရေးတဲ့လူကို ကတိပေးထားပြီး ဖြစ်တဲ့အတွက် ဒီစာရခြင်းအကြောင်းကိုလည်း ကျွန်တော် မပြောနိုင်ပါ၊ ဒီစာကိုလည်း ကျွန်တော် မပြနိုင်ပါ၊ သို့သော် ကျွန်တော်တို့ ဂိုဏ်းနဲ့ ပတ်သက်နေတဲ့ သတင်းတစ်စုံတစ်ရာ ဒီစာထဲမှာ မပါတဲ့အကြောင်းကို ကျွန်တော် အာမခံပါတယ်။

ဂိုဏ်းသားတစ်ယောက်။ ။ကျွန်တော် တစ်ခုပြောပါရစေ ဥက္ကဋ္ဌခင်ဗျာ၊ ဂျမဒါကိုကိုကြီးအကြောင်းကို ကျွန်တော်မကြားဖူးသော်လည်း ဦးစံရှားဟာတော့ လူဆိုးများကို စုံထောက်တဲ့အလုပ်မှာ ပထမတန်းလို့ ကျွန်တော် ကြားဖူးပါတယ်၊ သူက လွှတ်လိုက်တဲ့လူဆိုရင် ညံ့မှာမဟုတ်ဘူးလို့ စိတ်ချသင့်ပါတယ်။

ကြိုး။ ။ဂျမဒါကိုကိုကြီးဆိုတဲ့ လူကို ဘယ်သူမြင်ဖူးသလဲ။

ထွန်း။ ။ကျွန်တော် မြင်ဖူးပါတယ်။



ထိုအခါ ဂိုဏ်းသားများသည် အံ့ဩစွာ ငေးကြည့်နေကြလေ၏။

ထွန်း။ ။(ဆက်လက်၍)ဒီကိစ္စမှာ ကျွန်တော်တို့က အကြံဉာဏ်ထုတ်ပြီး ခပ်သုတ်သုတ် အလုပ်လုပ်ကြမယ်ဆိုရင် ဒီလူဟာ ကျွန်တော်တို့လက်ခုပ်တွင်း ရောက်လာဖို့ရှိပါတယ်၊ အားလုံးက ကျွန်တော့်ကို ယုံကြည်ကြလို့ ဝိုင်းဝန်းကူညီမယ်ဆိုရင် ကျွန်တော်တို့ကြောက်စရာ ဘာမှမရှိပါဘူး။

ကြိုး။ ။ကျုပ်တို့ကြောက်စရာ ဘာရှိလို့လဲ၊ ကျုပ်တို့အလုပ်တွေ သူ ဘာသိလို့လဲ။

ထွန်း။ ။ဂိုဏ်းသားတွေ အားလုံးဟာ ဆရာကြီးလိုချည်း နှုတ်လုံကြမယ်ဆိုရင်တော့ ဘာမှကြောက်စရာမရှိတာ မှန်ပါတယ်၊ သို့သော် သူတို့က ကုမ္ပဏီကြီးတွေ လက်ကိုင်ထားပြီး အလုပ်လုပ်တာဖြစ်တော့ ငွေကိုရေလိုသုံးနိုင်ပါတယ်၊ ဒီတော့ ခပ်ပျော့ပျော့ ဂိုဏ်းသားတစ်ယောက်ကို ငွေနဲ့ပစ်ပြီးဝယ်ရင် ပါမသွားပေဘူးလားဆရာကြီး၊ ဒီလိုဆိုရင် သူတို့သိချင်တာတွေ သိမကုန်ပါလားခင်ဗျာ၊ အခုတောင်မှ သိမကုန်သေးဘူးလို့ ဘယ်သူပြောနိုင်ပါသလဲ၊ သူတို့နဲ့ယှဉ်ပြီး အလုပ်လုပ်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်။

ကိုကျောက်ဘီလူး။ ။ဒီဂျမဒါကောင်ကို ဒီမြို့က အရှင်လတ်လတ် လွတ်မသွားနိုင်အောင် လုပ်တဲ့နည်းပဲ မဟုတ်လား။

ထွန်း။ ။(ဦးခေါင်းညိတ်လျက်)ခင်ဗျားနဲ့ကျုပ် သဘောချင်း ကွဲလွဲတဲ့အချက်တွေ တစ်ပုံပဲ၊ သို့သော် ဒီတစ်ချက်တော့ သဘောချင်း ကိုက်မိတယ်။

လူး။ ။ဒါဖြင့် ဒီအကောင် အခု ဘယ်မှာလဲဗျ၊ ကျုပ်တို့က သူ့ကို သိနိုင်ဖို့ နည်းလမ်း ရှိသလား။

ထွန်း။ ။ဒီလိုပါခင်ဗျာ၊ ဒီကိစ္စဟာ အင်မတန်နှုတ်လုံမှ တော်ကာကျမယ့်ကိစ္စဖြစ်လေတော့ တတ်နိုင်သမျှ လူနည်းနည်းနဲ့ တိုင်ပင်ကြဖို့ အရေးကြီးပါတယ်၊ ဂိုဏ်းသားတွေအားလုံးကို ကျွန်တော် မယုံကြည်လို့ မဟုတ်ပါဘူး၊ သို့သော် ဆရာကြီးသိတဲ့အတိုင်း လူသုံးဆယ်ပါးစပ်ကို လုံအောင်ပိတ်ဖို့ထက် လက်ရွေးစင်ငါးယောက်ပါးစပ်ကို ပိတ်ရတာက သာပြီးစိတ်ချရတယ်၊ ဦးစံရှားရဲ့ တပည့်ဆိုတော့ ပါးပြီးသားခင်ဗျ၊ ရိပ်ခနဲဆို အလစ်သုတ်ပြေးမယ့်လူပဲ၊ အဲဒါကြောင့် လက်ရွေးစင်လူလေးငါးယောက်ကို ကော်မတီခန့်ပြီး ဆွေးနွေးတိုင်ပင်ရရင် သာကောင်းမယ်လို့ ကျွန်တော်သဘောရပါတယ်။

ဦးမိုးကြိုးသည် ယင်းအကြံအစည်ကို သဘောတူသဖြင့် ကော်မတီရွေးချယ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကြိုးနှင့် ကိုကျောက်ဘီလူးတို့အပြင် အခြားလူနှစ်ယောက်နှင့် ကိုတောက်ထွန်းပါ စုစုပေါင်း ငါးယောက်ရွေးချယ်ကြ၏။

ထိုည၌ ဂိုဏ်းသားများသည် အခါတိုင်းကဲ့သို့ ညဥ့်နက်အောင်သောက်စားမူးယစ်ကာမနေကြဘဲ စိုးရိမ်ခြင်းမကင်းဟန်အမူအရာနှင့် ခပ်စောစောပင် နေအိမ်သို့ အသီးသီးပြန်သွားကြလေကုန်၏။

သို့ဖြစ်၍ ကော်မတီငါးယောက်မျှ ကျန်ရှိသောအခါ ဦးမိုးကြိုးက 'ကိုင်း...မောင်တောက်ထွန်း'ဟု စတင် အချက်ပေးလိုက်၏။

ထွန်း။ ။ဂျမဒါကိုကိုကြီးကိုသိတယ်လို့ ကျွန်တော်ခုနက ပြောခဲ့တဲ့အတိုင်း ဒီလူဟာ ယခုမိုးကောင်းမြို့မှာ ကိုသန်းဖေဆိုတဲ့ အမည်နဲ့ ဈေးနားမှာ တည်းခိုနေပေတယ်။

ကြိုး။ ။မောင် ဘယ့်နှယ်သိသလဲ။

ထွန်း။ ။ဘာကြောင့်သိသလဲဆိုတော့ ကျွန်တော်နဲ့ ဒီလူနဲ့ ကံအားလျော်စွာတွေ့ဆုံပြီး စကားပြောဖူးလို့ သိပါတယ်၊ သူနဲ့တွေ့စဉ်တုန်းကတော့ ကျွန်တော်က သူ့အကြောင်းကို မရိပ်ခဲ့မိဘူးပေါ့ ခင်ဗျာ၊ သို့သော် ဒီစာရမှတော့မှ ဧကန္တ ဒီလူပဲလို့ ကျွန်တော် တွေးမိတာကိုးခင်ဗျ၊ ကျွန်တော် တစ်နေ့က မိုးညှင်းသွားလည်တော့ အပြန်မှာ မီးရထားပေါ် ဒီလူနဲ့တွေ့ပါရော၊ သူက သတင်းစာဘက် အလုပ်လုပ်တယ်လို့ပြောတော့ ကျွန်တော်က ဟိုတုန်းက ယုံမိပေတယ်၊ သူက မိုးကောင်းမှာ ဆတ်ဆတ်ကြဲဂိုဏ်းရယ်လို့ ကြားဖူးတယ်ဆိုပြီး ကျွန်တော်ကို စုံစမ်းမေးမြန်းလိုက်တာခင်ဗျာ၊ သို့သော် အားလုံးသိကြတဲ့အတိုင်း ကျွန်တော့်ဆီက စကား သူ ဘာရမလဲ၊ သူက သတင်းကောင်းကောင်း ရနိုင်ရင် ငွေငါးဆယ်မျိုး၊ တစ်ရာမျိုး မနမြောပါဘူးတဲ့ခင်ဗျ၊ ကျွန်တော်က ထင်ရာမြင်ရာတွေ ရမ်းဖြန်းပြီး ဖိန်းလိုက်တာ သူက ငွေဆယ့်ငါးကျပ် ကျွန်တော်ကို ထုတ်ပေးသွားသေးတယ်၊ နောက်ကို သတင်းကောင်းကောင်း ရနိုင်ရင် သူဆီလာခဲ့ပါတဲ့၊ သုံးလောက် ဖွဲလောက်အောင် ပေးပါမယ်တဲ့။

ကြိုး။ ။မောင်က ဘာတွေပြောလိုက်သလဲ။

ထွန်း။ ။မဟုတ်တရုတ်တွေ ကြံဖန်ပြီး ပြောလိုက်တာပေါ့ခင်ဗျ။

ကြိုး။ ။တကယ် သတင်းစာတိုက်ကမဟုတ်ကြောင်း မောင်ဘယ့်နှယ်သိလဲ။

ထွန်း။ ။ဒီလိုခင်ဗျ၊ မိုးကောင်းရောက်တော့ ကျွန်တော်ကကြေးနန်းရုံး တစ်နေ့သွားတော့ မင်းဘုရားက ကြေးနန်းရုံးက ထွက်သွားတာ မြင်လိုက်ရတယ်၊ ကျွန်တော်က ကြေးနန်းစာရေးကိုမေးတော့ ဒီလူဟာ နေ့တိုင်း

www.burmeseclassic.com



နေ့တိုင်း စကားဝှက်နဲ့ ရန်ကုန်ကို ကြေးနန်းရှည်ကြီးတွေ ရိုက်တယ်တဲ့ ပြောတယ်၊ ကျွန်တော်က သတင်းစာတိုက်ကလူပဲလို့ပြောတော့ စာရေးက ယုံသွားရှာတယ်၊ ကျွန်တော်ကလည်း ဟိုတုန်းက ဒီလိုပဲမှတ်မိပေတယ်၊ ခုတော့မှ...။

ကြိုး။ ။ဟုတ်ပြီ...ဟုတ်ပြီ၊ မောင်တွေးတာ မှန်ပြီ၊ ဒါထက် အခုဘယ်ပုံလုပ်ကြမယ်။

တစ်ယောက်။ ။ခုချက်ချင်းသွားပြီးဆော်ကြရင် မကောင်းပေဘူးလား။

အခြားတစ်ယောက်။ ။မြန်လေကောင်းလေပဲဗျ။

ထွန်း။ ။ဆော်တာက ဟုတ်ပါရဲ့၊ သူ့အိမ်ကို သေသေချာချာ မသိရသေးတာက ခက်တယ်ဗျ၊ သို့သော် ကျွန်တော့်မှာ အကြံတစ်ခုရှိတယ်၊ ဒီလိုလုပ်ကြရင် မကောင်းပေဘူးလား။

ထွန်း။ ။သူ့ကို နက်ဖြန် ကျွန်တော် တွေ့အောင်ရှာမယ်၊ တွေ့တဲ့အခါမှာ ကျွန်တော်ဟာ ဒီဂိုဏ်းသားတစ်ဦးပဲလို့ပြောမယ်၊ ကျွန်တော့်ကို ငွေပေးရင် ဒီဂိုဏ်းနဲ့ဆိုင်ရာ စာရွက်စာတမ်းတွေကို ကျွန်တော်ပေးအပ်မယ်လို့ ပြောမယ်၊ ဒီလိုဆိုရင် သူ သဘောကျပြီးသားပဲ၊ ဒီတော့မှ ကျွန်တော်က အိမ်ကို လူခြေတိတ် ညဆယ်နာရီလောက် လာဖို့ချိန်းခဲ့မယ်၊ ဘယ့်နှယ်လဲ...ဒီအကြံ။

ကြိုး။ ။ကောင်းတယ်၊ ရှေ့ကော...။

ထွန်း။ ။သူတစ်ယောက်လုံး ကျွန်တော့်အိမ်ကို လူခြေတိတ်တဲ့ ညဥ့်အချိန်မှာ လာပြီဥစ္စာ၊ ကျွန်တော်တို့အလုပ် မလွယ်သေးဘူးလား၊ ကျွန်တော့်အိမ်မှာ အိမ်ရှင်မိန်းမကြီးရယ်၊ ကျွန်တော်ရယ်၊ ကိုသီဟရယ်၊ ဒါပဲရှိတယ်၊ အဒေါ်ကြီး စောစောအိပ်အောင် ကျွန်တော် စီမံထားလိုက်မယ်၊ ဆရာကြီးတို့လူစုက ညကိုးနာရီလောက် ရောက်အောင်လာခဲ့ကြပေတော့၊ ဆယ်နာရီမှာ ဟိုလူလာရင် ခင်ဗျာလူ အရှင်လတ်လတ် ထွက်သွားနိုင်လို့ရှိရင် ကျွန်တော်တို့ ညံ့သေးတာပေါ့။

ကြိုး။ ။ဟုတ်ပြီ၊ ဒီအကြံ နေရာကျပြီ၊ မောင့်လူလာတော့ မောင်က သူ့သွင်းပြီး တံခါးကို ပိတ်မိအောင်သာ ပိတ်လိုက်ပေတော့၊ သူ့အတွက်တော့ ကျုပ်တို့တာဝန်ထားလိုက်ပေတော့၊ နက်ဖြန်ည ကိုးနာရီနော်၊ ဟုတ်ခဲ့။

ယင်းနောက် လူစုခွဲကြလေ၏။

❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း( ၇ )

## ဂျမဒါကိုကိုကြီးကို ထောင်ဖမ်းခြင်း

ကိုတောက်ထွန်း တည်းခိုနေသောအိမ်မှာ မြို့၏အစွန်အဖျားတွင် တည်ရှိနေသောကြောင့် ကိုတောက်ထွန်းတို့ စီမံကြံသော အကြံအစည်အတွက် အလွန်သင့်တော်လှပေ၏။

ဂိုဏ်းသားများ၏အကြံမှာ ဂျမဒါကိုကိုကြီးသည် ဂိုဏ်းသားများ၏ အပြုအမူများကို မည်မျှလောက် သိရှိ၍ ရန်ကုန်သို့ မည်မျှလောက် သတင်းပေးပို့သည့်အကြောင်း သိရှိရအောင် စစ်ဆေးညှစ်ထုတ်ရန် ဖြစ်လေသည်။

အကယ်၍ ကိုကိုကြီးက ရန်ကုန်သို့သတင်းပို့ပြီးဖြစ်နေခဲ့ပါလျှင်လည်း ကိုကိုကြီးအပေါ်၌ အပြစ်ပေးနိုင်ဖို့ရှိ၏။

ယခုအချိန်အထိမှာ ကိုကိုကြီးသည် အရေးပါ အရာရောက်သော သတင်းမျိုးကို ထောက်လှမ်းစုံစမ်းမိဟန်မရှိသေးဟု မျှော်လင့်ကြ၏။



မည်သို့ပင်ဖြစ်စေ ကိုကိုကြီးကို လက်ရဖမ်းမိသောအခါ ထိုအခြင်းအရာကို စစ်ဆေးမေးမြန်းနိုင်ကြ၏။

ဂိုဏ်းသားများသည် မိမိတို့သိလိုသော အကြောင်းအရာများကို မပြောလိုသောသူများ၏ နှုတ်မှ အတင်းအဓမ္မရအောင် စစ်ဆေးခဲ့ဖူးလှလေပြီ။

ကိုတောက်ထွန်းသည် ဂျမဒါကိုကိုကြီး၏ နေအိမ်ကို ဈေးနှုန်းတစ်ဝိုက်တွင် ထောက်လှမ်းစုံစမ်းလျက်ရှိ၏။

ထိုနေ့နံနက်၌ ဌာနခအုပ် ကိုစိုးညွန့်သည် ကိုတောက်ထွန်းကို အထူးသဖြင့် အရေးယူဟန်လက္ခဏာရှိ၏။

လမ်းပေါ်၌တွေ့ဆုံကြရာတွင် ကိုစိုးညွန့်က မိတ်ဆက်လိုဟန်နှင့် နှုတ်ခွန်းဆက်သသော်လည်း ကိုတောက်ထွန်းက မထီတရီနှင့် ခပ်ရှောင်ရှောင်လုပ်၍ ထွက်လာခဲ့၏။

ကိုတောက်ထွန်းသည် မွန်းလွဲအချိန်တွင် မိမိ၏ကိစ္စ ပြီးစီးဟန်နှင့် ပြန်လာခဲ့၍ ဦးမိုးကြိုး၏နေအိမ်သို့ သွားလေ၏။

ကြိုး။ ။ဘယ့်နှယ်လဲ မောင်တောက်ထွန်း။

ထွန်း။ ။လာမယ်တဲ့ ဆရာကြီး။

ကြိုး။ ။(လက်ဝါးနှစ်ဘက်ကိုပွတ်လျက်)နေရာကျလိုက်လေမောင်ရယ်၊ တကယ့်အရေးမှာ တကယ်အားကိုးရမယ့်လူပါပေပဲ၊ ဒါထက် ကျုပ်တို့အကြောင်းတွေကို သူ တော်တော်သိထားပုံရသလား။

ထွန်း။ ။သူရောက်နေတာ ဆယ်ရက်ကျော် ဆယ့်ငါးရက်လောက်ရှိသွားပြီ ဆရာကြီးရဲ့၊ ငွေကိုရေလိုသုံးပြီး အလုပ်လုပ်နိုင်တဲ့ လူတစ်ယောက်ဖြစ်လေတော့ ဒီလောက်အချိန်ရှိရင် အပုံကြီးသိကုန်လောက်ပြီပေါ့ ဆရာကြီးရဲ့။

ကြိုး။ ။ဂိုဏ်းသားတွေထဲကတော့ နှုတ်လုံတဲ့လူချည်းပါ မောင်တောက်ထွန်းရယ်၊ အားလုံးစိတ်ချရပါတယ်၊ ဟောဟို ကိုကြာခိုင်တစ်ယောက်ပဲ စိုးရိမ်ရတယ်၊ ကျုပ်တို့အထဲမှာ သစ္စာဖောက်တဲ့လူ ရှိရင်ဒီလိုပဲ ဖြစ်ရမှာပဲ၊ ဒီကနေ့ညနေ လူငယ်နှစ်ယောက်လွှတ်ပြီး ဒိငနဲကြီးကိုရိုက်ပြီး စစ်ရမလား လို့ ကျုပ်စိတ်ကူးနေတယ်၊ မကောင်းဘူးလား။

ထွန်း။ ။ကျွန်တော်တော့ ဒီလူကြီးကိုတယ်ပြီး မကြိုက်လှဘူး၊ သို့သော် ကျွန်တော်နဲ့ တွေ့ရဖူးသမျှ တီးခေါက်ကြည့်ရာမှာ ဒီလို သစ္စာဖောက်မယ့် လက္ခဏာတော့ မတွေ့ရပါဘူး၊ သို့သော် ဆရာကြီးက စုံစမ်းချင်ရင် သဘောအတိုင်းပါပဲခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com



ကြိုး။ ။ဒီငနဲကြီးကို ကျုပ်က အကဲခတ်နေတာ တစ်နှစ်လောက်ရှိသွားပြီ၊ ပြောနေကြာရော့၊ စစ်ဆေးခိုင်းလိုက်ဦးမှ တော်မယ်။

ထွန်း။ ။ဆရာကြီး သဘောအတိုင်းပေါ့၊ သို့သော် နက်ဖြန်လောက်ထိ အောင် ဆိုင်းဦးမှ တော်မယ်ထင်တယ်၊ ဒီကနေ့လို ကိစ္စကြီးရှိနေတဲ့ အတောအတွင်းမှာ ပုလိပ်နဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်စေလို့ မတော်သေးပေဘူး မှတ်တယ်။

ကြိုး။ ။မှန်တယ်၊ မဖြစ်သေးဘူး ဆိုင်းဦးမှ၊ ကိုကိုကြီးပါးစပ်ကလည်း ကျုပ် တို့ သိရအောင် စစ်နိုင်သေးတာပဲ၊ ဒါထက် ကိုကိုကြီးက မသင်္ကာတဲ့ အရိပ်နိမိတ်များ မြင်ရသလား။

ထွန်း။ ။ကျွန်တော်စီမံတဲ့နောက် ပိပြားပြီးပါ ဆရာကြီးရယ်၊ ဆရာကြီးလူ က မသင်္ကာဖို့မဆိုထားနဲ့ သူသိချင်တာတွေ သိရပေတော့မယ်လို့ အောက်မေ့ပြီး ပျော်လို့။

ကြိုး။ ။ကိုင်း... ဒါဖြင့် ဒီကနေ့ည အစီအစဉ်ကို ပြောစမ်းပါဦး။

ထွန်း။ ။ဒီလိုဆရာကြီးရဲ့၊ ဆရာကြီးတို့လူစုက ကိုးနာရီလောက် လာကြ ရော၊ ကိုကိုကြီးက ဆယ်နာရီလောက်လာရော၊ သူကတံခါးကို သုံး ချက်လောက်ခေါက်ပြီး အချက်ပေးလိမ့်မယ်၊ ဒီတော့ ကျွန်တော်က သွားဖွင့် ပေးရမယ်၊ သူ့ကိုအိမ်ထဲသွင်းပြီး ကျွန်တော်က တံခါးကိုပိတ်လိုက်ကရော၊ သူ လဲ ကျွန်တော်တို့လက်ထဲ ရောက်ကရော၊ ရှင်းစခင်ဗျာ။

ကြိုး။ ။ရှင်းပေ့မောင်၊ တယ်ရှင်း။

ထွန်း။ ။သို့သော် နောက်အလုပ်တစ်ခု ရှိသေးတယ်ဆရာကြီးရဲ့၊ ဒီလူက သတ္တိလည်းကောင်းတယ်၊ လက်နက်လည်း ဧကန်မုချပါမှာပဲ၊ ဒါ ကြောင့် သတိနဲ့ အလုပ်လုပ်ကြရလိမ့်မယ်၊ တကယ်လို့ ကျွန်တော်က အိပ်ခန်းထဲ ခေါ်လာပြီး အိမ်ထဲမှာ လူမရှိဘူးလို့ သူထင်နေတဲ့အထဲမှာ ဆရာကြီးတို့ လေး ယောက်ကို ဘွားခနဲသူမြင်သွားမှဖြင့် ပစ်လားခတ်လားနဲ့ ဆေးရုံရောက်သူရောက်၊ သင်္ချိုင်း ရောက်သူရောက်၊ ခွကျကုန်လိမ့်မယ် ဆရာကြီး။

ကြိုး။ ။ဒါ မှန်တယ်။

ထွန်း။ ။ဒီတော့ကာ သေနတ်သံကြားပြီး ပုလိပ်တွေပြေးလာလို့ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားလိမ့်မယ်ဆရာကြီးရဲ့။

ကြိုး။ ။ဒါလည်းမှန်တယ်။

ထွန်း။ ။ဒါကြောင့် ကျွန်တော်က ဒီလိုကြံတယ်၊ ဆရာကြီးတို့လူစုက ခန်းမ ကြီးထဲက စောင့်နေကြ၊ ကျွန်တော်က သူ့ကို တံခါးဖွင့်ပေးပြီး



လက်ဝဲဘက်ချောင်က အခန်းကလေးထဲ သွင်းထားခဲ့ပြီး စာရွက်စာတမ်းတွေ ယူခဲ့မယ်လို့ ပြောထွက်လာခဲ့မယ်၊ ဒီနောက်မှာ ကျွန်တော်က ဆရာကြီးတို့ကို အချက်ပေးပြီး တော်အောင်လျော်အောင် စက္ကူတွေနဲ့ သူ့ဆီပြန်သွားမယ်၊ သူ က စာရွက်တွေကို ဖတ်ကြည့်နေတုန်း ဖြုန်းဆိုကျွန်တော်က လက်ယာဘက် လက်မောင်းကို ချုပ်ထားမယ်၊ ဒီအတောအတွင်းမှာ ဆရာကြီးတို့လူစုက ပြေး လာကြပြီး ဝိုင်းဝန်းချုပ်နှောင်ကြပေတော့၊ သို့သော် မြန်မြန်ပြေးလာကြ၊ ဆရာ ကြီးနော် ဒီလူက ကျွန်တော့်ထက် ဗလ မသေးဘူး၊ ကျွန်တော်တစ်ယောက်တည်း ကြာကြာကြီးပစ်မထားနဲ့ ဆရာကြီးရဲ့။

ကြိုး။ ။စိတ်ချပါ မောင်ရယ်၊ ဖြုန်းဆို ကျုပ်တို့ ရောက်လာစေမယ်ပေါ့၊ ဒါထက် တယ်သပ်ရပ်တဲ့စိတ်ကူးကလေးပါပေပဲ၊ ကျုပ်ခြေရာ နင်း မယ့်လူတော့ တွေ့ရပေပြီ၊ ရှေ့နှစ်ခါပေါ့မောင်ရယ်။

ထွန်း။ ။ကျွန်တော် ဝါနုပါသေးတယ် ဆရာကြီးခင်ဗျား။

ဟု ပြောသော်လည်း ကိုတောက်ထွန်းသည် ဦးမိုးကြိုး၏ချီးကျူးခြင်းကို နှစ်သက်လိုလားဟန်ရှိ၏။ ယင်းနောက် ကိုတောက်ထွန်းသည် ဦးမိုးကြိုးနှင့် ခွဲခွာလာခဲ့လေ၏။

နေအိမ်သို့ ရောက်သောအခါ ကိုတောက်ထွန်းသည် မိမိအိမ်အတွက် ကိစ္စကို ပြင်ဆင်လေ၏။

ရှေးဦးစွာအလုပ်မှာ မိမိ၏ ခြောက်လုံးပြူးသေနတ်ကို သေချာစွာ ပွတ် တိုက်၍ ယမ်းတောင့်များကို အပြည့်ထိုးထည့်ထားလေ၏။

ယင်းနောက် ဂျမဒါကိုကိုကြီးအား သွတ်သွင်းထားမည့်အခန်းကို နေရာ တကျ ပြင်ဆင်ထားလေ၏။

ထိုပြင် မိမိနှင့်အတူနေသော ဂိုဏ်းသားကိုသီဟအား အဖြစ်အပျက်ကို ပြောပြ၍ ထိုညဥ့်အတွက် တခြားနေရာသို့ သွားရောက်အိပ်စက်ရန် အကြံပေး လေရာ ကိုသီဟကလည်း ဝမ်းမြောက်ဝမ်းသာ သဘောတူညီ၍ ထွက်သွားလေ ၏။

အိမ်ရှင်မကြီးမှာ ညတိုင်း ရှစ်နာရီခွဲလောက်တွင် အိပ်ရာဝင်တတ်သော ကြောင့် ယင်းအတွက် အထူးစီမံရန် မလိုတော့ချေ။

ထိုညဥ့်၌ မိန်းမကြီးသည် ရှစ်နာရီကျော်သည်နှင့်တစ်ပြိုင်နက် အပေါ် ထပ်သို့တက်၍ အိပ်ရာဝင်လေရာ ကိုတောက်ထွန်းမှာ အောက်ထပ်တွင် တစ် ယောက်တည်းထိုင်လျက် စောင့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီထိုးသည်နှင့်တစ်ပြိုင်နက် ဂိုဏ်းသားများသည် တစ်ယောက်နှင့်တစ်ယောက် သုံးမိနစ်၊ လေးမိနစ်စီ ကွာခြားလျက် ဆိုက်ရောက်လာကြလေရာ နောက်ဆုံး၌ ကော်မတီလူကြီး လေးယောက်စလုံး စုံလင်၍ ခန်းမကြီးထဲတွင်ထိုင်ကြလေ၏။

ကော်မတီလူကြီးများသည် လူကြီးလူကောင်းသဖွယ်သိုက်မြိုက်စွာ ဝတ်ဆင်ထားကြသော်လည်း ယင်းတို့၏ မျက်နှာများကို ကြည့်ရှုအကဲခတ်ရမည်ဆိုသော ဂျမဒါကိုကိုကြီးမှာ ယင်းတို့လက်တွင်းတို့ ရောက်သွားမည်ဆိုပါက သက်သာလှမည် မဟုတ်ချေ။

ကိုတောက်ထွန်းသည် လူကြီးများအား အပျင်းလည်းပြေစေ၊ အလွန်အမင်းလည်း မမူးယစ်စေခြင်းငှာ ဘီယာနှင့် လင်မနစ်ကို ရောစပ်၍ 'ရှန်တီ' သဘောနှင့် ဖန်ချိုင့်ကြီးတစ်ခုတွင်ထည့်ကာ စားပွဲပေါ်တွင် တည်ခင်းထားလေ၏။

လူကြီးများသည် လက်ဖက်ရည်ကြမ်းသဘောနှင့် 'ရှန်တီ'သောက်ရင်း ဂျမဒါကိုကိုကြီးအား မပြောဘဲမနေနိုင်အောင် စစ်ဆေးနည်းကို ဆွေးနွေးလျက်ရှိကြ၏။

တစ်ယောက်။ ။ဂျမဒါကောင်က ခေါင်းမာနေခဲ့ရင် ဘယ်နည်းနဲ့ စစ်ဆေးမလဲ ဆရာကြီး။

ကြိုး။ ။နည်းတွေအပုံရှိသားပဲ၊ ကျုပ်တို့ ရေးမြန်မာနည်းလည်း အကောင်းသားပဲ။

တစ်ယောက်။ ။လက်သဲကြားထဲကို အပ်နဲ့ရိုက်ပြီး စစ်တဲ့နည်းလားဆရာကြီး။

ကြိုး။ ။ဒါပေါ့ကွယ်။

လူး။ ။လက်ကို မီးထဲထည့်တဲ့နည်းကော ဆရာကြီး။

ကြိုး။ ။ဒါလည်းကောင်းပါရဲ့၊ နို့သော် မီးဖိုအဆင်သင့် လုပ်ထားရလိမ့်မယ်။

ထွန်း။ ။ဒါက မခဲယဉ်းပါဘူး၊ ကျွန်တော့်မှာ လေမီးဖို ရှိပါတယ်။

တစ်ယောက်။ ။ပြီးလွယ်စီးလွယ် လက်လှန်ချိုးတဲ့နည်းကော ဆရာကြီး။

အခြားတစ်ယောက်။ ။သွားကလေးတွေကို တူကလေးနဲ့ နက်တဲ့ နည်းလည်း ကောင်းတယ် ဆရာကြီးရဲ့။

အခြားတစ်ယောက်။ ။ခြေသလုံးကို ကုတ်နှစ်ချောင်းနဲ့ ညှပ်ပြီး တစ်ဘက်က လူသုံးယောက်တက်နင်းရင်လည်း ကောင်းသားပဲ။

ကြိုး။ ။ကောင်းတဲ့နည်းချည်းပါပဲ၊ သို့သော် ကိုယ့်လူက စိတ်မသိုးမသန့်လို့ မလာဘဲ နေမှာသာ မှိုးရိမ်ရကယ်။



ထွန်း။ ။ဒီအတွက်တော့ စိတ်ချဆရာကြီး၊ ကိုယ့်လူက လာချင်လွန်းလို့ နံ့နံ့တက်နေတာပဲ၊ ဟော..ပြောရင်းဆိုရင်း ခြေသံကြားတယ်၊ နားထောင်ကြစမ်း။

ထိုခဏ၌ လမ်းပေါ်မှ လူတစ်ယောက် လျှောက်လာသောခြေသံကို ကြားကြရလေရာ ဂိုဏ်းသားများသည် ကြေးရုပ်များသဖွယ် မလှုပ်မရှားဘဲ နားစိုက်လျက်ရှိကြလေ၏။

နောက်တစ်ခဏ၌ တံခါးကိုသုံးချက်ခေါက်သံ ကြားရသည်တွင် ဂိုဏ်းသားများသည် ကြည်လင်သောမျက်နှာထားဖြင့် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ကြလေရာ ကိုတောက်ထွန်းသည် သတိပေးသော အမူအရာနှင့် လက်ပြပြီးနောက် ထိုင်ရာမှထသွား၍ အခန်းတံခါးကို ဖြည်းညှင်းစွာ ပိတ်ထားခဲ့လေ၏။

ဂိုဏ်းသားလေးယောက်တို့သည် ဆိတ်ငြိမ်စွာ နေထိုင်ကြလျက် အိမ်ရှေ့တံခါးဆီသို့ လျှောက်သွားသော ကိုတောက်ထွန်း၏ ခြေသံများကို နားစိုက်ကာ ရေတွက်နေကြလေ၏။

ယင်းတို့သည် အိမ်ရှေ့တံခါးဖွင့်သံကြားပြီးနောက် လေသံဖြင့် တီးတိုးတိုင်ပင်ကြသော အသံကို ကြားရရာမှ သူစိမ်းတစ်ယောက်၏ ခြေသံနှင့် စကားသံများကို ကြားရလေ၏။

နောက်တစ်ခဏ၌ အိမ်ရှေ့တံခါးပိတ်သံနှင့် မင်းတုပ်ချလိုက်သော အသံကိုကြားရခြင်းအားဖြင့် မိမိတို့၏ရန်သူမှာ လက်တွင်းသို့-ရောက်နေပြီဟူ၍ စိတ်ချလျက်ရှိကြလေ၏။

အချို့မှာ ဦးခေါင်းညိတ်ခြင်း၊ အချို့မှာ ပြုံးရယ်ခြင်း၊ အချို့မှာ လက်ဝါးနှစ်ဘက်ကိုပွတ်ခြင်း စသည်ဖြင့် စိတ်ကျေနပ်သော အမူအရာများ အသီးသီးပြလျက် ရှိကြလေ၏။

ကိုကျောက်ဘီလူးက ကြိတ်၍ရယ်လိုက်သော အမူအရာမှာ အသံထွက်လုမတတ်ဖြစ်သွားသည့်အတွက်ကြောင့် ဦးမိုးကြိုးက မျက်မှောင်ကြုတ်ကာ လက်သီးကို ထောင်ပြခြင်းအားဖြင့် သတိပေးလိုက်ရသေး၏။

ထိုအတောအတွင်း၌ အခြားအခန်းမှ စကားပြောသံများသည် မဆုံးနိုင်အောင် ရှည်လျားလှသည်ဟု ဂိုဏ်းသားများစိတ်၌ မှတ်ထင်မိလေရာ အတန်ငယ်ကြာသောအခါမှ တံခါးသည် ရုတ်တရက်ပွင့်လာ၍ ကိုတောက်ထွန်းသည် သတိပေးသော အမူအရာနှင့်လက်ပြလျက် ဝင်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုတောက်ထွန်းသည် စားပွဲထိပ်သို့လာ၍ ရပ်ပြီးလျှင် ဂိုဏ်းသားများ၏ မျက်နှာများကို တစ်ယောက်စီကြည့်လျက် ရှိ၏။

ကိုတောက်ထွန်း၏ အမူအရာမှာ မသိမသာ ပြောင်းလဲလျက်ရှိလေပြီ။

သူ၏ ကိုယ်ဟန်အမူအရာကို ကြည့်ရှုအကဲခတ်ခြင်းအားဖြင့် အလွန်ကြီးကျယ်သော ကိစ္စကြီးတစ်ခုကို ဆောင်ရွက်ရမည့်ဆဲဆဲ ရှိနေသကဲ့သို့ တွေ့မြင်နိုင်ပေ၏။

ယင်း၏မျက်နှာမှာလည်း အလွန်တရာ တင်းမာခက်ထန်လှပေ၏။

ယင်း၏မျက်လုံးများသည် မီးပွင့်နေဘိအလားကဲ့သို့ အရောင်တလက်လက် ကွန့်မြူးလျက် ရှိ၏။

ဤပုဂ္ဂိုလ်သည်ကား ယင်းတို့အနက်တွင် စင်စစ်ခေါင်းဆောင်ဖြစ်ထိုက်သူတစ်ယောက်ပါပေတကားဟု အသိအမှတ်ပြုမိကြ၏။

ဂိုဏ်းသားများသည် အလွန်တရာ စိတ်အားထက်သန်လှသော မျက်နှာဖြင့် ကိုတောက်ထွန်းအား စိုက်ငေးကာ ကြည့်နေကြရာ ကိုတောက်ထွန်းကမူကား စကားတစ်ခွန်းမျှမပြောသေးဘဲ ဂိုဏ်းသားများကို တစ်ယောက်ပြီးတစ်ယောက် လှမ်းကြည့်လျက်ရှိ၏။

နောက်ဆုံး၌ ဦးမိုးကြိုးသည် စိတ်ကို မချုပ်တည်းနိုင်တော့သည်ဖြစ်၍ စတင်မေးမြန်းလေ၏။

ကြိုး။ ။(လေသံနှင့်)ဘယ့်နှယ်လဲ၊ ဂျမဒါကိုကိုကြီး ရောက်နေပြီလား။

ထွန်း။ ။(လေးနက်သောအသံဖြင့် စကားတစ်ခွန်းစီ စီ၍)ရောက်နေပါပြီ၊ ဂျမဒါကိုကိုကြီးရောက်နေပါပြီ၊ ကျွန်တော်က ဂျမဒါကိုကိုကြီးပါပဲ။

အထက်ပါစကားကို ကြားရသောအခါ ဂိုဏ်းသားလေးယောက်တို့မှာ မိမိတို့တစ်သက်တာတွင် ဘယ်အခါမှ မကြုံခဲ့ရဖူးသော အံ့သြခြင်းတို့ဖြင့် အကြီးအကျယ်အံ့သြလျက်၊ ကြက်သေသေကာ မျက်လုံးများကိုပြူး၍ ကြောင်တောင်တောင်ကြီး ကြည့်နေရကား မှန်တင်ခုံပေါ်တွင် တင်ထားသော နာရီကလေး၏ တစ်ချက်ချက်မြည်သောအသံပင်လျှင် ထင်ရှားစွာ ပေါ်ထွက်လျက် ရှိ၏။

ထိုမိနစ်ဝက်မျှသော အချိန်အတွင်း အခန်းပြင်မှ အကဲခတ်ရသည်ရှိသော် ယင်းအခန်းအတွင်း၌ တစ်ယောက်မျှ မရှိတန်ရာဟူ၍ မှတ်ထင်ဖွယ် ရှိ၏။

ထိုမျှလောက်အထိ ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေကြပေ၏။

ဂိုဏ်းသားလေးယောက်တို့သည် သွေးဆုတ်နေသည့် မျက်နှာများဖြင့် ကိုတောက်ထွန်းဘက်သို့လှည့်၍ ပါးစပ်ဟောင်းလောင်းနှင့် ငေးကြည့်နေကြလေ၏။



ဦးမိုးကြိုးသည် ပထမဦးစွာ သတိရလာသူဖြစ်၍ လှုပ်ရှားတော့မည်ပြုသည်နှင့်တစ်ပြိုင်နက် ပြတင်းပေါက်ဆီမှ အသံများကြား၍ သေနတ်ပြောင်းဝလေးခုသည် အခန်းတွင်းဆီသို့ တိုးဝင်လာပြီးလျှင် လူလေးယောက်တို့အား တစ်လက်စီ ချိန်ရွယ်လျက်ရှိနေကြလေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသည်နှင့်တစ်ပြိုင်နက် ဦးမိုးကြိုးသည် ဒေါ်ရာရသောကျားကြီး မြည်ဟိန်းသောအသံမျိုးဖြင့် မြည်အော်လျက် အခြားပြတင်းပေါက်မှ ခုန်ချမည့်အကြံနှင့် တစ်ဟုန်ထိုးထခုန် ထွက်ပြေးလေရာ ပြတင်းဝ၌ ခြောက်လုံးပြူး သေနတ်တစ်လက်၏ ပြောင်းဝကိုမြင်သဖြင့် တွန့်ဆုတ်ပြန်လာခဲ့ရလေ၏။

ခြောက်လုံးပြူးသေနတ်၏နောက်၌ကား ဌာနာအုပ်ကိုစိုးညွန့်၏ မျက်နှာသည် မီးရောင်တွင် ပေါ်ထွက်လျက်ရှိ၏။

ထိုအခါ ကိုတောက်ထွန်း သို့မဟုတ် ကိုကိုကြီးက...

ငြိမ်ငြိမ်နေစမ်းပါ ဆရာကြီးရယ်၊ အမောမခံချင်ပါနဲ့၊ အကျိုးမရှိပါဘူး၊ ဟေး... ဟိုက ကိုကျောက်ဘီလူးကော ခင်ဗျားလက်ကို အင်္ကျီအိတ်ထဲ နှိုက်မထားနဲ့၊ အပြင်ထုတ်လိုက်၊ ထုတ်လိုက်ဆို ထုတ်လိုက်နော် ဒါပဲ၊ နားမထောင်ဘူးလား၊ ပစ်လိုက်မယ်၊ အဲ...ဟုတ်ပြီ၊ လူ့ပြည်မှာ နေရသမျှနေလိုက်ပါဦးတော့ဗျာ၊ အပြင်မှာ ပုလိပ်သားနှစ်ဆယ် ဝိုင်းထားတယ်၊ ခင်ဗျားတို့ ခုခံလို့ အလကားပဲ၊ ဗျို့ ကိုစိုးညွန့်၊ ဒီအထဲဝင်ဗျာ၊ ဒီလူတွေကို လက်နက်ရှာပြီး သိမ်းလိုက်စမ်း'

ကိုစိုးညွန့်နှင့် ပုလိပ်သားငါးယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြ၍ ဦးမိုးကြိုးနှင့်ဂိုဏ်းသားများ၏ အိတ်များကို ရှာဖွေပြီးလျှင် ဓားမြှောင်နှင့် သေနတ်တစ်လက်ကို သိမ်းယူလိုက်ကြလေ၏။

ယင်းနောက်...

ထွန်း။ ။ကိုင်း...မိတ်ဆွေတို့၊ ခင်ဗျားတို့နဲ့ ကျုပ်နဲ့ ရုံးမင်းရှေ့ရောက်မှ တွေ့ကြဖို့ ရှိတော့တယ်၊ ဒီအတောအတွင်း မိတ်ဆွေတို့စိတ်မှာ ဇဝေဇဝါမဖြစ်ရအောင် ကျုပ်က ရှင်းလင်းပြောလိုက်ဦးမှာပဲ၊ ကျုပ်ဟာ ရန်ကုန်က စုံထောက်ကြီးဦးစံရှားက အကြံဉာဏ်ပေးပြီး စေလွှတ်လိုက်တဲ့ ဂျမဒါ ကိုကိုကြီးပဲ၊ ကိုတောက်ထွန်းဆိုတဲ့ နာမည်နဲ့ ခင်ဗျားတို့အသင်းထဲဝင်ပြီး ခင်ဗျားတို့ ခိုင်းတာလုပ်၊ ခင်ဗျားတို့အမှုတွေ ပေါ်ပေါက်အောင် စုံစမ်းဖို့ စီမံလိုက်တဲ့ ဉာဏ်ဟာ ဦးစံရှားရဲ့ဉာဏ်ပဲ၊ ခြင်္သေ့ရဲ့ဂူထဲဝင်ပြီး ဖမ်းရသလို စွန့်စားရတဲ့ သတ္တိမှာတော့ ကျုပ်သတ္တိပဲ၊ ဘယ်လိုပင်သတ္တိကောင်းသော်လည်း ဦးစံရှားရဲ့ ဦးနှောက်မပါရင်လို့ ရှိရင် ခင်ဗျားတို့လူစုကို အခုလို သပ်သပ်ရပ်ရပ် ဖမ်းဆီးနိုင်မှာမဟုတ်လို့ ဦးစံရှားရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်ကို ကျုပ်ကန်တော့ပါတယ်၊ ခင်ဗျားတို့လည်း ထောင်ကလွတ်တဲ့လူ လွတ်လို့ နောင်အခါများမှာ အခုထက် သပ်သပ်ရပ်ရပ် အလုပ်လုပ်ချင်ကြသေးလို့ ရှိရင် ဦးစံရှားဆီမှာ တစ်နှစ်လောက် သွားနည်းခံကြဖို့ ကျုပ်က သွန်သင်လိုက်ပါတယ်၊ ကိုင်း... ဒါပါပဲ မိတ်ဆွေတို့'

ထိုအခါ ဂိုဏ်းသားလေးယောက်တို့သည် အရှင်လတ်လတ် ကိုက်စားလိုသော မျက်နှာထားမျိုးနှင့် ကိုကိုကြီးအား စူးစိုက်ကြည့်နေကြလေ၏။

ယင်းတို့၏ မျက်နှာများ၌ အနည်းငယ်မျှ နောင်တရသည့် အရိပ်နိမိတ်မျိုး မတွေ့မမြင်ရချေ။

ကိုကိုကြီး။ ။ခင်ဗျားတို့က ကျုပ်ကို နေနှင့်ဦးလို့ စိတ်ထဲက ကြိမ်းနေကြတယ် ဟုတ်စ၊ ကျုပ်သိပါတယ်ဗျ၊ ခင်ဗျားတို့မျက်နှာတွေ မြင်တာနဲ့ ကျုပ်သိပါတယ်၊ ခင်ဗျားတို့တတ်နိုင်ရင် ကိုင်ကြ၊ ကျုပ်မကြောက်ဘူး၊ ခုချိန်လောက်ဆိုရင် ဒီပြင်ပုလိပ်တွေက ဒီပြင်ဂိုဏ်းသားတွေကို ဖမ်းကုန်ရော့မယ်၊ ခင်ဗျားတို့ ဒီကနေ့ည တပျော်တပါးကြီး ဂတ်တဲမှာ အိပ်ကြပေတော့၊ ခင်ဗျားတို့ လူနှစ်ဆယ်ကျော် သုံးဆယ်လောက်အထဲက ကြိုးမိန့်ကျမယ့်လူက များလိမ့်မယ်၊ ကျန်ရစ်တဲ့ လူသုံးလေးယောက်က ကျုပ်အသက်ကို သေကြောင်းကြံပစေ၊ ကျုပ် မကြောက်ပါဘူး။

ကြိုး။ ။တွင်းငယ်မှာ ဒီဂိုဏ်းထဲဝင်ခဲ့တယ်ဆိုတာ တကယ်လား၊ လိမ်တာလား။

ကြီး။ ။လိမ်တာမဟုတ်ပါဘူး၊ တကယ်ပါ၊ ခင်ဗျားတို့ဂိုဏ်းထဲမှာ ဝင်မယ်ကြံရင် ယုတ္တိရှိအောင် တွင်းငယ်ကဂိုဏ်းထဲ ရှေးဦးစွာဝင်ဖို့လို့ ဦးစံရှားက အကြံပေးလေတော့ ဝင်ခဲ့ရပါတယ်၊ သို့သော် လူသတ်မှုတို့၊ ငွေစက္ကူလုပ်တာတို့ကတော့ ခင်ဗျားတို့ယုံကြည်အောင် ဦးစံရှားဆင်ပေးလိုက်တဲ့ဉာဏ်ပဲ၊ ခင်ဗျားတို့က ကျုပ်ပေးတဲ့ ငွေစက္ကူတွေဟာ ကျုပ်လုပ်တဲ့ ငွေစက္ကူတွေ မှတ်နေကြတယ်၊ မဟုတ်ဘူးဗျ၊ အစိုးရထုတ်တဲ့ငွေစက္ကူပဲ၊ သို့သော် ဒီအပေါက်နဲ့ဝင်မှ ရပယ်ဆိုတာ ဦးစံရှားက ရိပ်မိလေတော့ သူ စီစဉ်ပေးလိုက်တဲ့ဆင်လုံးပဲ၊ တော်တော်လည်း ချီးမွမ်းထိုက်တဲ့ လူတစ်ယောက်ဗျ၊ အဝေးကနေ သူ စီမံပေးလိုက်သမျှတွေဟာ အားလုံးဟန်ကျနေတာပဲ၊ တစ်ခုမှ ချော်တယ်လို့ ကျုပ် မတွေ့ရဘူး၊ ဆရာ့ဆရာတွေ တင်ထိုက်တဲ့ပုဂ္ဂိုလ်ကြီးပါပေဗျာ။

ကြိုး။ ။တွေ့စမ်းချင်တယ်ကွယ်။

ကြီး။ ။မထင်နဲ့ဆရာကြီး၊ သူ့တပည့် ကျုပ်လို ပါးနပ်သူတောင် ခင်ဗျားတို့ မရနိုင်ဘဲနဲ့ သူ့ကိုဘာရလိမ့်မလဲ၊ လူပြိန်းတွေအပေါ်မှာ ခင်ဗျားက



ဗိုလ်ကျွဲပေမယ့် ခင်ဗျားလိုလူက ပါးစပ်တောင် မဟ,ရသေးဘူး၊ ခင်ဗျားဝမ်းထဲမှာ အူဘယ်နှစ်ခွေလို့ သူသိပြီးပြီ၊ ဒါထက်...ပြောရဦးမယ်၊ ခင်ဗျားတို့နိုင်းတဲ့ အလုပ်တွေကို ခင်ဗျားတို့ကျေနပ်လောက်အောင် ကျုပ်လုပ်ပေးခဲ့သော်လည်း လက်မတင်ကလေး လွတ်လွတ်သွားတယ် ဟုတ်စ၊ အဲဒါဘာကြောင့်မှတ်သလဲ၊ ကျုပ်က မဆုံးမ,ခင် ကြိုတင်ပြီး ဟိုလူတွေကို သတိပေးလိုက်လို့ဗျ၊ ဒါနဲ့တောင် ခင်ဗျားတို့မရိပ်မိဘူး၊ အီစွတ်အိမ်ကို ဒိုင်းနမိုင်းနဲ့တိုက်တုန်းကလည်း ကျုပ်သတိပေးလိုက်လို့ အီစွတ်တို့အိမ်သားတွေ လွတ်ထွက်သွားကြတယ်ဟုတ်လား၊ ဒီပြင်ကိစ္စတွေမှာလည်း ကျုပ်က တတ်နိုင်သမျှကြိုတင်ပြီး တစ်ဖက်လှည့်နဲ့သတိပေးထားလေတော့ သီသီကလေး လွတ်လွတ်သွားရှာကြတယ် မဟုတ်လား၊ ပညာအုပ်ဦးထွန်းခင်ကိစ္စနဲ့ အင်္ဂလိပ်ဖိုမင်ကိစ္စတုန်းကတော့ ကျုပ် မသိလိုက်ရလို့ သတိမပေးနိုင်တဲ့အတွက် ခင်ဗျားတို့လက်ချက် ဦးသွားရတယ်၊ နို့မို့သာဖြင့် ကျုပ်သိသမျှ ခင်ဗျားတို့ အကြံအစည်တွေ တစ်ခုမှ မအောင်စေရဘူး မှတ်ထား။

ကြိုး။ ။သစ္စာဖောက်တဲ့ ခွေးသား။

ကြီး။ ။ခေါ်လေ၊ ဘာပဲခေါ်ခေါ် ကျုပ်က သည်းခံနိုင်ပါတယ်၊ ကျုပ်က အနိုင်ရတဲ့လူ၊ ခင်ဗျားတို့က ရှုံးရတဲ့လူ၊ ဒီတော့ ခင်ဗျားတို့ ဆဲချင်တိုင်းဆဲ၊ ကျုပ် သည်းခံနိုင်ပါတယ်၊ စိတ်မဆိုးပါဘူး၊ ကျုပ်က စစ်မြေပြင်မှာ အသက်စွန့်ပြီး အမှုထမ်းလာခဲ့ရတော့ စစ်ပြီးလို့ ပျင်းပျင်းခြောက်ခြောက် နေရတဲ့အထဲမှာ ဦးစံရှားက ခင်ဗျားတို့လူစုကို ဖမ်းဖို့အကြံကို ကျုပ်ခေါ်ပြောတော့ ကျုပ်က သိပ်ဝမ်းသာပြီး လာခဲ့တာပဲ၊ စွန့်လည်းစွန့်ရတယ်၊ လူကောင်းသူကောင်းတွေကိုလည်း အသက်ဘေးက ကယ်ဆယ်ရတယ်၊ ဘယ်လောက်ကောင်းသလဲ၊ ခင်ဗျားက ကျုပ်ကို 'ခွေးသား'လို့ ခေါ်ပေမယ့် မိုးကောင်းတစ်မြို့လုံးက နက်ဖြန်ခါကျ ကျုပ်ကို 'ကျေးဇူးရှင်'လို့ ခေါ်ကြလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားခေါ်တာကို ကျုပ်တဆိတ်ကလေးမှ မနာဘူး၊ ခေါ်ချင်တာ ခေါ်သာခေါ်၊ အားမနာနဲ့၊ စစ်မြေပြင်မှာ သုံးနှစ်နီးပါး အမှုထမ်းခဲ့တယ်၊ နို့ပေမယ့် ဒီမြို့မှာ အခု ကျုပ်အလုပ်လုပ်ခဲ့ရတဲ့ သုံးလလောက် ပျော်စရာမကောင်းဘူး၊ ပျော်ပါ့ဗျာ၊ ကျုပ်ဖြင့် သိပ်ပျော်တာပဲ၊ ကျုပ်အလိုတော့ ဒီကနေ့တောင် ခင်ဗျားတို့လူတစ်စုကို ဖမ်းဖို့မဟုတ်သေးပါဘူး၊ ဦးကြာခိုင် ရထားတဲ့စာတစ်စောင်က သိပ်အရေးကြီးလေတော့ ဒီသတင်းကို ခင်ဗျားသိသွားရင် နောင် ခင်ဗျားတို့ကို အစုလိုက်၊ အအုပ်လိုက် ဖမ်းဆီးဖို့ခက်ခဲမယ့်အရေးကို ကျုပ်မြင်တဲ့အတွက် ဒီကနေ့ပဲ လောလောဆယ် စီမံလိုက်ရတယ်၊ ကျုပ်သဘောအရတော့ ငါးမျှားချိတ်မှာမိထားတဲ့ငါးကို ကြိုးရှည်ရှည်နဲ့ကစားသလို တဖြည်းဖြည်းကစားပြီး လိုချင်တော့မှ ဆောင့်ဆုပ်ဖမ်း

www.burmeseclassic.com

www.burmeseclassic.com



သလို ဖမ်းယူချင်တာကိုးဗျ၊ ကိုင်း...တော်လောက်ပါပြီ။ ဗျို့ ကိုစိုးညွန့်... လုပ်ပေတော့ဗျာ၊ ခင်ဗျားတို့လူတွေကို ခေါ်သွားပေတော့၊ ကျုပ်'လက်ချာ'ကို ငြီးငွေ့ကုန်ပြီထင်ပါရဲ့။

ကိုသီဟမှာ ကိုကိုကြီးစေခိုင်းသည့်အတိုင်း မပြုံးကြည်ထံသို့ စာတစ်စောင် သွားရောက်ပေးပို့ထားပြီးဖြစ်၏။

သို့ဖြစ်၍ နောက်တစ်နေ့တွင် မိုးကောင်းဘူတာသို့ မြစ်ကြီးနားမှ မီးရထားဆိုက်ရောက်လာခါနီးအချိန်၌ ရုပ်ဆင်းသဏ္ဍာန်နှင့်ပြည့်စုံသော မိန်းကလေးတစ်ယောက်သည် သားရေသေတ္တာကလေးတစ်လုံးနှင့် ရောက်လာသည်ဟု ဖော်ကာပြရုံမျှနှင့်ပင် မပြုံးကြည်ဖြစ်စေရမည်ဟူ၍ တွေးတောနိုင်ကြပေလိမ့်မည်။

ကိုကိုကြီးနှင့် မပြုံးကြည်တို့သည် မီးရထားနှင့်လိုက်ပါကြ၍ ရန်ကုန်မြို့သို့ဆိုက်ရောက်သည့်နောက် ရက်အနည်းငယ်အတွင်းတွင် ဦးပေါ်သစ်လည်း ဆိုက်ရောက်လာ၍ ကွန်တင်နင်တယ်ဟိုတယ်ကြီး၌ လက်ထပ်မင်္ဂလာအခမ်းအနားကို သိုက်မြိုက်တင့်တယ်စွာ ဆောင်ရွက်ကြလေ၏။

ယင်းလက်ထပ်ပွဲ၌ အကြီးအမှူးအဖြစ်နှင့် ဆောင်ရွက်ပေးသူမှာ စုံထောက်ကြီး ဦးစံရှားပင်ဖြစ်ရာ လက်ဖွဲ့ပစ္စည်းများမှာ အချို့မင်္ဂလာဆောင်များကဲ့သို့ အရေအတွက်အားဖြင့် မများလှစေကာမူ အင်္ဂလိပ်ကုမ္ပဏီကြီးများက ချီးမြှင့်ခြင်းဖြစ်သောကြောင့် ရန်ကုန်မင်္ဂလာဆောင်များ၏ ရာဇဝင်တွင် အဖိုးအထိုက်တန်ဆုံး လက်ဖွဲ့ပစ္စည်းများ ရရှိသော မင်္ဂလာဆောင်ဟူ၍ မှတ်တမ်းတင်ထိုက်ပေ၏။

လက်ဖွဲ့ပစ္စည်းများအနက် အင်္ဂလန်ပြည်သို့ ပထမတန်းနှစ်ယောက်အတွက် အသွားအပြန် လက်မှတ်တစ်စောင်၊ ငါးထောင်တန် ချက်လက်မှတ်တစ်ခု၊ အစိုးရက ချီးမြှင့်သည့် ခြောက်လုံးပြူးသေနတ်တစ်လက်၊ လယ်မြေဇကငါးဆယ်အတွက် ဂရန်စာချုပ် စသည်မျှလောက်ကို ဖော်ပြခြင်းအားဖြင့် မည်မျှထိုက်တန်သည်ကို ခန့်မှန်းနိုင်ဖွယ်ရှိပေသည်။

သို့ရာတွင် ကိုကိုကြီးက အထူးသဖြင့် မြတ်နိုးသော လက်ဖွဲ့ပစ္စည်းမှာမူကား ဦးစံရှားကိုယ်တိုင် လက်ဝတ်တစ်ခု ထွင်းထုပါရှိသည့် လောဟာ(ရွှေငွေနှင့် ကြေးနက်များ ရောစပ်ထားသည့်)တီးကရက်ဘူးပင် ဖြစ်ချေသည်။

ဆတ်ဆတ်ကြဲဂိုဏ်းသားများကို စစ်ဆေးသောအခါ မိုးကောင်းမြို့တွင် မစစ်ဆေးသေးဘဲ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့စေ၏။

အကြောင်းကား မိုးကောင်းနယ်မှာ ယင်းဂိုဏ်းသားများ ထူထပ်ပေါများသော နယ်ပယ်ဖြစ်သည့်အတွက် အနည်းနည်း အနှောင့်အယှက် ပြုကြမည်ကို ရှောင်ကွင်းလိုသောကြောင့် ဖြစ်ချေ၏။



ယင်းအမှု၌ ဦးမိုးကြိုးသည် တစ်သက်ပတ်လုံး မတရားသောနည်းအားဖြင့် စုဆောင်းလာသော ပစ္စည်းများကို ရေလိုသွန်၍ အသုံးပြုခဲ့၏။

ရန်ကုန်မြို့မှ နိုင်ငံကျော် အင်္ဂလိပ်ဝတ်လုံကြီးနှစ်ယောက်၊ မြန်မာဝတ်လုံကြီးတစ်ယောက်၊ ကုလားဝတ်လုံကြီးတစ်ယောက်ကို ငှားရမ်းခုခံစေခဲ့၏။

သို့ရာတွင် ယင်းတို့၏အပြုအမူများကို ခရေစေ့တွင်းကျ ဂနသေချာစွာ သိရှိပြီးသော ကိုကိုကြီးကိုယ်တိုင်က သက်သေထွက်ဆိုခြင်းဖြစ်ရကား ဝတ်လုံကြီးများက ဝိုင်းညှပ်ကာ မွှေနှောက်ထိုးဖောက်၍ စစ်စစ်ပေါက်ပေါက် မေးခွန်းများထုတ်ကြပါသော်လည်း အနည်းငယ်မျှ ယိမ်းယိုင်တိမ်းစောင်းစေခြင်းငှာ မစွမ်းနိုင်ကြချေ။

ကိုကိုကြီးသည် မှန်းထားခြင်း၊ ဒေါပွခြင်း၊ နစ်နာစေခြင်းစသော စိတ်ထားများကိုပယ်စွန့်၍ မိမိသိရှိရသမျှကို ပြတ်ပြတ်သားသား လေးလေးနက်နက် တည်ငြိမ်ကြည်လင်သောအသံဖြင့် ထွက်ဆိုလေ၏။

သို့ဖြစ်ရကား ဂိုဏ်းသားအားလုံးတို့မှာ အပြစ်ထင်ရှား၍ အမျိုးမျိုးသော အပြစ်ဒဏ်များ ချမှတ်စီရင်ခြင်း ခံကြရလေ၏။

ဦးမိုးကြိုးမှာ များစွာသောလူသတ်မှုများတွင် ဦးစီးကြိုးကိုင်ဖြစ်သည့်အလျောက် လည်ပင်းကိုကြိုးတပ်၍ မသေမချင်းသတ်စေရန် အမိန့်ချမှတ်ခြင်းခံရလေရာ ကိုကျောက်ဘီလူးနှင့် အခြားအမှုဆောင်သုံးဦးတို့မှာလည်း အလားတူ စီရင်ချက်မျိုး ချမှတ်ခြင်းခံရလေသည်။

ကြွင်းကျန်သော ဂိုဏ်းသားများအနက် အချို့မှာ ထောင်တစ်သက်၊ အချို့မှာနှစ်ပေါင်းနှစ်ဆယ်၊ အချို့မှာ ဆယ်နှစ်စသည်ဖြင့် အပြစ်ပေးခြင်းခံရလေသည်။

အပေါ့ဆုံးသော အပြစ်ဒဏ်မှာ ထောင်ဒဏ်ငါးနှစ်ဖြစ်လေသည်။

ထိုအချိန်မှစ၍ ဆတ်ဆတ်ကြဲဂိုဏ်းကြီး တစ်ခါတည်း ပျက်စီးကွယ်ပျောက်သွားခဲ့ရာ မိုးကောင်းမြို့ပေါ်၌ မီလိုက်ရသူများသည် ယင်းဂိုဏ်းကြီး၏ အတ္ထုပ္ပတ္တိကို နောက်ပေါက်လူငယ်များအား ယနေ့တိုင် ပြန်ပြောင်းပြောလျက်ရှိကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၂)

# ဂျမဒါကိုကိုကြီး

# ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# ရိုဂျီမင့်တပ်ကြီးတစ်တပ်ကို ကယ်တင်ခဲ့ပုံ

ပထမကမ္ဘာစစ်ကြီးတွင် မက်ဆိုပိုတေးမီးယားစစ်မျက်နှာ၌ ဗြိတိသျှစစ်တပ်သည် တူရကီစစ်တပ်နှင့် တိုက်ခိုက်လျက်ရှိစဉ် ကျွန်တော်မှာ ကာနယ် ဂရေဟမ်၏ အပါးတော်မြဲ အရာရှိကလေးအဖြစ်နှင့် အမှုထမ်းခဲ့ရပါသည်။ ကာနယ်ဂရေဟမ်မှာ စစ်သား ၁၀၀၀ မျှရှိသော ရိုဂျီမင့်စစ်တပ်ကို အုပ်ချုပ်ရသော စစ်ဗိုလ်ဖြစ်၍ ယင်း၌ အပါးတော်မြဲအဖြစ်နှင့် အမှုထမ်းသော ဂျမဒါ အရာရှိကလေး သုံးယောက်ရှိသည့်အနက် ကျွန်တော်အပါအဝင် ဖြစ်ပါသည်။ အခြားနှစ်ယောက်မှာ မူဆလင်လူမျိုးအာမက်နှင့် ဟိန္ဒူလူမျိုး ချက်တာဂျီတို့ ဖြစ်၍ ကျွန်တော်တို့ သုံးယောက်မှာ ရိုဂျီမင့်တစ်တပ်လုံးတွင် ဖျတ်လတ်သွက်လက်ခြင်း၊ ပါးရေနပ်ရေရှိခြင်း၊ သတ္တိကောင်းခြင်း၊ ကြံရည်ဖန်ရည်ရှိခြင်း၊ လက်ဖြောင့်ခြင်းစသော အရည်အချင်းများကြောင့် ကာနယ်ဂရေဟမ်က အထူးတလည် ရွေးချယ်၍ စစ်နှင့်ဆိုင်ရာ တိုလီမိုလီအလုပ်များစေခိုင်းရန်အတွက် ယင်းအနီးတွင် ခေါ်ယူထားသူများ ဖြစ်ကြပါသည်။

၁၉၁၆ ခုနှစ်လောက်တွင် မက်ဆိုပိုတေးမီးယားစစ်မျက်နှာဘက်၌ ဗြိတိသျှစစ်တပ် အရေးနိမ့်ဆဲဖြစ်၍ တဆုတ်တည်းဆုတ်ခွာလျက်ရှိစဉ်တွင် ရိုဂျီ

www.burmeseclassic.com

www.burmeseclassic.com



မင့်စစ်တပ်များသည် တစ်တပ်နှင့်တစ်တပ် ခရီးအတန်ကွာလှမ်းသော်လည်း အစီအစဉ်နှင့် တညီတညာတည်း ဆုတ်ခွာနိုင်စိမ့်သောငှာ တစ်တပ်က တစ်တပ်သို့ အချက်ပေးရန် လို၏။ အခြားစစ်တပ်များ ဆုတ်ခွာသွား၍ တစ်တပ်တလေ ကျန်နေရစ်ပါမူ ရန်သူများက အလွယ်တကူ သုတ်သင်ဖြိုဖျက်နိုင်မည်ဖြစ်သောကြောင့် ဆုတ်ခွာမည့်အချိန်နာရီကို ရိဂျီမင့်တပ်တိုင်းက သိဖို့လို၏။

တစ်နေ့သ၌ ကာနယ်ဂရေဟမ်အုပ်ချုပ်သော ရိဂျီမင့်စစ်တပ်သည် ၃ ရက်မြောက်သောနေ့တွင် လက်ရှိစခန်းမှ ဆုတ်ခွာရမည့်အကြောင်းကို စစ်ဗိုလ် ချုပ်ထံမှ ကြားသိပြီးဖြစ်သော်လည်း ယင်းစစ်တပ်နှင့် ၁၀ မိုင်ခန့်ကွာလှမ်း၍ ကာနယ်သွန်မဆင် အုပ်ချုပ်သော ရိဂျီမင့်စစ်တပ်ကမူ ဤအကြောင်းကိုမသိချေ။ သို့ဖြစ်၍ ကာနယ်သွန်မဆင်အား ဤအကြောင်းကို တစ်နည်းနည်းဖြင့် သိအောင် သတင်းပို့ဖို့ လို၏။ သို့မဟုတ်ခဲ့လျှင် စစ်သား ၁၀၀၀ မျှရှိသော ကာနယ်သွန်မဆင်၏ ရိဂျီမင့်စစ်တပ်သည် တစ်တပ်တည်း ကျန်ရစ်ခဲ့၍ ရန်သူများ၏ ဝိုင်းညှပ် သတ်ဖြတ်ခြင်း ခံရတော့မည် ဧကန်ဖြစ်လေသည်။

ဂရေဟမ်၏စစ်တပ်နှင့် သွန်မဆင်၏ စစ်တပ်အကြားတွင် တောင်ပူစာ တစ်ခုရှိ၍ ယင်းကို ကာနယ်ဂရေဟမ်၏ စစ်တပ်က စိုးပိုင်စဉ်အခါက တောင်ထိပ်ပေါ်တွင် ထင်းပုံတစ်ပုံ စုပုံထားခဲ့၏။ ယင်းထင်းပုံကို မီးရှို့လိုက်လျှင် ထွက်ခွာဖို့ အချက်ပေးခြင်းဖြစ်သည်ဟု သွန်မဆင် နားလည်ပြီးဖြစ်၏။ သို့ရာတွင် ယခုအခါ၌မူ ယင်းတောင်ပူစာကို ကာနယ်ဂရေဟမ်လက်လွှတ်ရရုံသာမက တောင်ပူစာနှင့် ဂရေဟမ်၏ စစ်တပ်အကြားတွင် တုရကီဘက်တော်သား တောပုန်းဓားပြကြီး မုစ်တာဖားတို့ လူစုက စောင့်ကြပ်လျက်ရှိ၏။ ဆိုလိုရင်းမှာ တောင်ပူစာထိပ်၌ စုပုံထားသော ထင်းပုံကို အချိန်မီ မီးရှို့ခြင်းအားဖြင့် အချက်မပေးနိုင်ခဲ့လျှင် သွန်မဆင်၏ ရိဂျီမင့်တပ်သည် တပ်မကြီးဆုတ်ခွာရာတွင် ကွဲကွာကျန်ရစ်ခဲ့၍ ရန်သူ လက်တွင်းသို့ သက်ဆင်းကျရောက်ချေတော့မည်။ သို့ဖြစ်၍ ဂရေဟမ်၏အလုပ်မှာ တုရကီတပ်မကြီးက ထောက်ခံသည့် တောပုန်းဓားပြကြီးမုစ်တာဖား၏ လက်ဝယ်၌ရှိသော တောင်ပူစာထိပ်ရှိ ထင်းပုံကို မီးရှို့၍ အချက်ပေးရန်ဖြစ်လေသည်။ ဤကိစ္စကား တစ်တပ်လုံး ဆောင်ရွက်လောက်သော ကိစ္စမျိုးလည်း မဟုတ်။ လူလေးငါးဆယ်လောက်မျှဆိုလျှင်လည်း မုစ်တာဖားက အလွယ်တကူ ဆီးကြို သုတ်သင်နိုင်မည်ဖြစ်၏။ သို့ဖြစ်၍ လူတစ်ဦးတစ်ယောက်တည်းသွား၍ ထင်းပုံကို မီးရှို့ရန် ဖြစ်လေသည်။

ကာနယ်ဂရေဟမ်သည် ဂျမဒါအာမက်ကိုခေါ်၍ တောင်ပူစာထိပ်ရှိ ထင်းပုံကိုမီးရှို့ရန် စေလွှတ်၏။ အာမက်သည် မြင်းတစ်စီးနှင့်ထွက်သွား၍ အချိန်ကုန်



သော်လည်း မပေါ်လာချေ။ ဒုတိယနေ့၌ ချက်တာဂျီကို စေလွှတ်ပြန်ရာ မြင်းရောလူပါ ပျောက်ကွယ်သွားတော့သည်။ ထိုနေ့ကား နောက်ဆုံးနေ့ ဖြစ်၍ ကာနယ်ဂရေဟမ်သည် ကျွန်တော့်ကို စေလွှတ်ပြန်ပါတော့သည်။

ကာနယ်ဂရေဟမ်သည် ကျွန်တော့်ကိုခေါ်၍ တောင်ပူစာဘက်သို့ မျက်နှာလှည့်စေပြီးနောက်–

ဟမ်။ ။ဟောဟိုမှာ တောင်ပူစာ၊ မြင်လား။

ကျွန်။ ။မြင်တယ် ကာနယ်။

ဟမ်။ ။တောင်ထိပ်ပေါ်မှာ ဘာမြင်သလဲ။

ကျွန်။ ။ဘာမှမမြင်ရဘူး ကာနယ်။

ဟမ်။ ။ရော့၊ ဟောဒါနဲ့ကြည့်စမ်း။

ကျွန်တော်သည် ဂရေဟမ်ပေးသော မှန်ပြောင်းနှင့်မျှော်ကြည့်ပြီးနောက်–

ကျွန်။ ။ထင်းပုံကြီးမြင်တယ် ကာနယ်။

ဟမ်။ ။အေး၊ ဒီထင်းပုံကို ဒီကနေ့ည ၁၂ နာရီတိတိအချိန်မှာ မီးရှို့ပြီး အချက်ပေးရမယ်။ နားလည်သလား။

ကျွန်။ ။နားလည်တယ် ကာနယ်။

ဟမ်။ ။အာမက်သွားတယ်၊ ပြန်မလာဘူး၊ ချက်တာဂျီလည်းသွားတယ်၊ ပေါ်မလာဘူး။ ဒီကနေ့ည မောင်မင်းအလှည့်ပဲ။ မောင်မင်း မအောင်မြင်ရင် ကာနယ်သွန်မဆင်နဲ့ စစ်သားတစ်ထောင် ဆုံးရှုံးရတော့မယ် ကိုကိုကြီး။

ကျွန်။ ။လူသားတတ်နိုင်တဲ့ အလုပ်မျိုးဆိုရင် ကျွန်တော် ဖြစ်မြောက်အောင် လုပ်ပါ့မယ် ကာနယ်။ စိတ်ချပါ။

ဟမ်။ ။အေး၊ ငါ့သူက အပြောကြီးသလောက်၊ ဖြစ်မြောက်အောင် လုပ်နိုင်တဲ့သတ္တိရှိတယ်လို့ ကျွန်ုပ်ယုံကြည်ပြီးသားပဲ။ ကြိုးစားလိုက်ပါ ကိုကိုကြီး။ လူတစ်ထောင်အသက်ဟာ မောင်မင်းလက်ထဲမှာ တည်နေပါတယ်။

ကျွန်။ ။အောင်မြင်တာမအောင်မြင်တာကို ကျွန်တော် အာမ မခံနိုင်သော်လည်း ကြိုးစားတဲ့ဘက်ကတော့ ကျွန်တော် အာမခံရဲပါတယ် ကာနယ်။ ကျွန်တော် ဝီရိယပေါ့လို့၊ သတ္တိနည်းလို့ မအောင်မြင်ဘူးရယ်လို့ မဖြစ်စေရပါဘူး။ စိတ်ချပါကာနယ်။

ဟမ်။ ။မောင်မင်းပြောပုံ ကျွန်ုပ် တယ်ပြီးအားရတယ်။ ဒီအချက်မှာ မြန်မာ့အစွမ်း ပြလိုက်စမ်းပါ ကိုကိုကြီး။

အမှန်ဆိုရလျှင် မူစလင်တစ်ယောက်နှင့် ဟိန္ဒူတစ်ယောက် မအောင်မြင်သော ကိစ္စတစ်ခု၌ မြန်မာတစ်ယောက် ဆောင်ရွက်၍ အောင်မြင်သည်ဆို

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို လွန်စွာလိုလားသည် ဖြစ်သောကြောင့် ကျွန်တော့်၌ ခိုကပ်လိုသောစိတ် ရှိခဲ့စဉ်းတော့ ကာနယ်ဂရေဟမ်က 'မြန်မာ့အစွမ်းပြလိုက်စမ်းပါ' ဟူသော စကားတစ်လုံးတည်းနှင့် ခိုချင်ကပ်ချင်သော စိတ်များလွင့်စင်သွားလောက်ပါပေသည်။ ဤလူကြီးကား အလွန်ပါးနပ်သော လူကြီးတစ်ယောက်ပေတကား။

ကျွန်တော်၏စခန်းမှ တောင်ပူစာဘက်သို့ လူသွားလမ်းကလေးတစ်ခု ရှိပေရာ ယင်းလမ်းကလေးပေါ်တွင် မြင်းစိုင်းသွားမည်ဆိုပါက ပတ်ဝန်းကျင်တစ်ဝိုင်းလုံးက မြင်နိုင်ကြမည်ဖြစ်သောကြောင့် အာမက်နှင့် ချက်တာဂျီတို့သည် မြင်းစီးသွားသည့်အတွက် မဟာအမှားတော်ကြီးဟု ကျွန်တော်စဉ်းစားမိပါသည်။ ကျွန်တော်၏အကြံကား တောင်ခြေသို့ ခြေကျင်လျှောက်၍ မှောင်မိုက်ချိန်ကျမှ တောင်ပေါ်သို့တက်ရန် ဖြစ်လေသည်။ နေဝင်ချိန်တွင် တောင်ခြေသို့ရောက်ပါက မည်သည့်နည်းနှင့်မဆို တောင်ထိပ်သို့ ညသန်းခေါင် ၁၂ နာရီတွင် အချက်ပေးရန်အတွက် အချိန်မီရောက်နိုင်လိမ့်မည်ဟု ကျွန်တော် တွက်ချက်မိပါသည်။ သို့ဖြစ်၍ ထိုနေ့ညနေ ၃ နာရီထိုးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် မီးခြစ်တစ်လုံး၊ ဓာတ်ဆီပုလင်းငယ်တစ်လုံးနှင့် ဖီးဂလတ်စ်ခေါ် မှန်ပြောင်းငယ်တစ်ခု၊ ခြောက်လုံးပြူးတစ်လက်နှင့် ဓားမြှောင်တစ်လက်မျှသာ ဆောင်ယူ၍ စခန်းမှ ထွက်လာခဲ့ပါသည်။

စစ်တပ်အစွန်း၌ ချထားသော ကင်းစောင့်များကို ကျော်လွန်ခဲ့ပြီးသည့်နောက်တွင် ကျွန်တော်သည် အာမက်နှင့် ချက်တာချီတို့ မြင်းနှင့်သွားခဲ့ကြသော လမ်းကလေးအတိုင်း မလိုက်ဘဲ ချုံကြိုချုံကြားမှဖြတ်၍ တောင်ထိပ်သို့ ရည်မှန်းကာ တက်လာခဲ့သည်။ တစ်နာရီခန့်မျှ သတိဝီရိယနှင့်လျှောက်ခဲ့၍ ၂ မိုင်ခရီးဝေးရောက်သော်လည်း ရန်သူအစအန မတွေ့ရဘဲရှိရာတွင် ထင်သလောက် မခဲယဉ်းဘဲ အတော်ချောင်သောအလုပ်ဖြစ်သည်ဟု အောက်မေ့မိပါသည်။ ဆက်လက်လျှောက်လာ၍ ၃ နာရီထိုးသည်နှင့်တစ်ပြိုင်နက် လူများ ရယ်မောသံကို ရှေ့မှကြားလိုက်ရသည်နှင့် ချုံတစ်ခုသို့ပြေး၍ကပ်လိုက်ပါသည်။ အသံကြားရသော နေရာမှာ ကိုက်တစ်ရာခန့် ကွာလှမ်းသည်ဖြစ်၍ ကျွန်တော် ချုံတစ်ချုံမှတစ်ချုံသို့ အကာအကွယ်ယူလျက် တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ရာ နောက်ဆုံးတွင် လမ်းကလေးအနီး တဲကြီးတစ်လုံး ပတ်ဝန်းကျင်၌ နွားလှည်း သုံးလေးစီး ဆိုက်ရပ်ထားသည်ကို တွေ့ရလေသည်။ လှည်းများအနီးရှိ လူလေးငါးယောက်တို့သည် သစ်သားစည်များကို လှည်းပေါ်သို့ တင်လျက်ရှိကြသည်။ သစ်သားစည်များမှာ အဖုံးမပါသော စည်လွတ်များဖြစ်ခြင်းကိုလည်း ချုံထဲမှ ချောင်းကြည့်၍ ကျွန်တော် မြင်ရသည်။ လူများမှာ ယူနီဖောင်းမဝတ်ဘဲ သာမန်အဝတ်များ ဝတ်ထား



သည်ကို တွေ့ရသဖြင့် တူရကီစစ်သားများ မဟုတ် ကြောင်း သိနိုင်သော်လည်း သေနတ်နှင့် ဓားမြှောင်ကိုယ်စီ ပါရှိကြသည်ဖြစ်သောကြောင့် သာမန်ရွာသားများ မဟုတ်၊ တောပုန်းကြီး မူစ်တာဖားအ၏ နောက်လိုက်များ ဖြစ်တန်ရာသည်ဟု ခန့်မှန်းမိသည်။

ကျွန်တော် အနီးဆုံးချုံတစ်ချုံသို့ ချဉ်းကပ်၍ လူများ၏အပြုအမူကို အကဲခတ်လျက်ရှိစဉ် လှည်းများအနီး၌ရှိသော လူများသည် သစ်သားစည်တစ်လုံးကို လှည်းတစ်စီးပေါ်သို့ တင်ပြီးနောက် တဲကြီးထဲသို့ စုပြုံဝင်သွားကြသည်ကို မြင်ရသည်။ ဤတွင် ကျွန်တော့်အကြံဖြစ်သည်ကား လှည်းများသည် တောင်ပူစာထိပ်ဆီသို့ ဦးလှည့်ကာ ဆိုက်ရပ်ထားခြင်းဖြစ်သောကြောင့် ထိုဘက်သို့ သွားကြမည့်ဟန်တူသည်။ စည်ထဲ၌ ဝင်အောင်း၍ လိုက်သွားရလျှင် 'မည်သည့်နည်းနှင့်မဆို တောင်ထိပ်သို့ရောက်လိမ့်မည်။' 'ဟိုရောက်တော့မှ ဖြစ်ချင်ရာဖြစ်စေ' 'နောင်ခါလာနောင်ခါချေး' ဟူသော စကားအတိုင်း ရောက်မှ သင့်တော်သလို ကြံဆ့လုပ်မည်ဟု စဉ်းစားမိသည်။ ကျွန်တော့်အဖို့ စဉ်းစားခြင်းနှင့် ဆုံးဖြတ်ခြင်းသည် သေနတ်ကို မောင်းဖြုတ်ခြင်းနှင့် ကျည်ဆန်ထွက်ခြင်းကဲ့သို့ အလွန်လျင်မြန်သော ဝါသနာရှိသည်ဖြစ်၍ တဲထဲမှလူများ ပြန်ထွက် မလာမီ ကျွန်တော်မှာ လှည်းပေါ်၌ ထောင်ထားသောစည်လွတ်ထဲသို့ ဝင်အောင်းပြီး ဖြစ်နေခဲ့လေပြီ။ လူများသည် တဲထဲမှပြန်ထွက်လာ၍ ကျွန်တော် ပုန်းအောင်းနေသော စည်လွတ်ကြီးအနီးသို့ အခြားစည်လွတ်တစ်လုံး ကပ်တင်ကြပြီးနောက် လှည်းအားလုံးထွက်လာကြသောအခါ ကျွန်တော့်မှာ စည်ထဲတွင် ဆောင့်ကြောင့်ထိုင်ကာ လိုက်ပါလျက်ရှိလေပြီ။

လမ်းကလည်းအလွန်ကြမ်း၊ စည်ကလည်း အလွန်ကျပ်၊ ခန္ဓာကိုယ်ကလည်း ခက်ခဲစွာ သွားရသော ခရီးကို ကျွန်တော်တစ်သက်လုံး တစ်ခါမျှ မကြုံရဖူးပါ။ တစ်ချက်တစ်ချက်တွင် လှည်းသည်ကျင်းများ ခလုတ်များကို ဖြတ်ကျော်ရ၍ ဒိန်းခနဲ ဒိုင်းခနဲဆောင့်လိုက်သောအခါများတွင် စည်ပေါ်သို့ ကျွန်တော်၏ ဦးခေါင်း ပြူမထွက်သွားစေခြင်းငှာ စည်၏နံရံကို လက်ဖြင့်ကုပ်တွယ်ထားလိုက်ရသည်များမှာ အသောင်းကြီးသောင်းလျက် ရှိပါတော့သည်။ ဤအတောအတွင်း လှည်းများနံဘေးမှ သေနတ်ကိုယ်စီထမ်းလျက် လိုက်ပါလာသော လူများက တဝါးဝါးတခစ်ခစ် ရယ်လိုက်ကြသည်များမှာလည်း ဆူညံလျက်ရှိပါသည်။ စကားပြောသူက ပြက်လုံးမပြောပါလျက် အခြောက်တိုက်ရယ်မောကြခြင်းဖြစ်၍ အရူးတကာ့အရူးဆုံးသော လူစုပါပေတကားဟူ၍ ကျွန်တော် စဉ်းစားမိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီကျော်မျှ မောင်းနှင်လာပြီးနောက် လှည်းများသည် ရုတ်တရက် ရပ်တန့်လိုက်သည်တွင် ယင်းတို့ပြောကြသော စကားလုံးအချို့ကို ကျွန်တော် နားလည်သဖြင့် ခေါင်းနပမ်းကြီးသွားပါတော့သည်။

'ဘယ်မှာလဲဟေ့'

'လှည်းပေါ်မှာလေ'

'မမြင်ရဘူး'

'စည်ထဲမှာပါတယ်'

'ဘာကောင်လဲဟေ့'

'အင်္ဂလိပ်ကျွန်ကောင်ကွ'

'စစ်သားလားဟေ့'

'စစ်ဗိုလ်ကလေးထင်တယ်'

'ဘယ်စည်လဲဟေ့'

'ဒီမှာလေ ဒီမှာ'

ထိုခဏ၌ တစ်စုံတစ်ယောက်သောသူက ကျွန်တော် ပုန်းနေသောစည်ကို သေနတ်ဒင်နှင့် ဆောင့်ပြလိုက်ရာ ကျွန်တော်၏ခါးမှာ နင့်ခနဲဖြစ်သွားပါတော့သည်။

'ဟေ့ကောင် ထွက်ခဲ့'ဟုပြောသံကြား၍ မော့ကြည့်လိုက်သောအခါ လူတစ်ယောက်သည် ကျွန်တော့်ကို သေနတ်နှင့်ချိန်ကာ အမိန့်ပေးနေသည်ကို တွေ့ရပါသည်။ ကျွန်တော့်မှာ ကွေးနေသော ဒူးကို ဆန့်ရန်မတတ်နိုင်သဖြင့် ရုတ်တရက်မထနိုင်ဘဲရှိရာတွင် လူများသည် လှည်းဦးကို လှန်ချ၍ စည်များကို မြေပေါ်သို့လိမ့်ချလိုက်သဖြင့် ကျွန်တော့်မှာ စည်နှင့်အတူလိမ့်စဉ်၊ စည်ကို မှောက်သွန်လိုက်သဖြင့် မြေကြီးပေါ်သို့ အုန်းပင်စိုက်လျက်ထွက်ခဲ့ရပါသည်။ အမှန်ကို ဆိုရလျှင် ထိုခဏ၌ ကျွန်တော့်မှာ သေရမည့်ဘေးကို ကြောက်ခြင်းထက် ရက်ခြင်းက ကဲလွန်သောကြောင့် ထိုနေရာတွင် ပွဲချင်းပြီး ပစ်သတ်လိုက်ပါစေဟူ၍သာ ဆုတောင်းမိပါတော့သည်။

မြေကြီးပေါ်က ဖုတ်ဖက်ခါ၍ ထသည်ကို အားလုံးဝိုင်းကြည့်၍ ရယ်မောနေကြရာ ကျွန်တော်က အံကြိတ်လျက် လူတစ်ယောက်စီ မျက်လုံးပြူး၍ ကြည့်လိုက်သောအခါမှ မီးကိုရေနှင့်ငြိမ်းသတ်လိုက်သည့်အလား ငြိမ်သွားကြပါသည်။ ထို့ကြောင့်လည်း ဂျမဒါကိုကိုကြီးဟူ၍ ကျော်ကြားခဲ့ခြင်း ဖြစ်ချေသည်တကား။ ရန်သူများလက်ဝယ်သို့ရောက်၍ ပြုသမျှခံရမည့် အခြေအနေ၌ ရှိနေစေကာမူ



တစ်ခဏတာမျှဖြစ်စေ လူတွေကို မျက်လုံးတန်ခိုးဖြင့် ခြောက်လှန့်နိုင်ပါသေးသည်။

လူများသည် ကျွန်တော်၏မျက်လုံးကိုမြင်ရ၍ ရယ်မောခြင်းကို ရုတ်တရက် ဘရိတ်အုပ်လိုက်ကြသော်လည်း တစ်ယောက်သောသူသည် မိမိလန့်ဖျပ်မိခြင်းအတွက် ရှက်သည့်လက္ခဏာနှင့် အရှက်ပြေသဘောဖြင့် ကျွန်တော်၏ တင်ပါးကို ခြေထောက်ဖြင့် ကျောက်လိုက်ပါသည်။ ကျွန်တော်က ခြောက်လုံးပြူးကို ဆတ်ခနဲထုတ်၍ ချိန်ပါသော်လည်း လက်မြန်သူတစ်ယောက်က ကျွန်တော်၏လက်ကို ဆွဲထားလိုက်ပြီးနောက် အားလုံး ဝန်းဝိုင်း၍ ကျွန်တော့်ကို ကိုင်ထားကြသည်။ ထို့နောက် အခြားလူများအနက် ပါးမြိုင်းမွေးထူထပ်၍ ခေါင်းဆောင်နှင့်တူသော လူတစ်ယောက်က 'သူ့တစ်ကိုယ်လုံး ရှာကြစမ်း'ဟု အမိန့်ပေးသည်နှင့် ကျန်လူများသည် ကျွန်တော်၏အိတ်များကို နှိုက်စမ်း၍ ဓားမြှောင်၊ ခြောက်လုံးပြူးသေနတ်၊ မီးခြစ်ဘူး၊ မှန်ပြောင်းစသော ပစ္စည်းများကို ထုတ်ယူကြရုံသာမက ကျွန်တော်၏ အပေါ်ဝတ်စစ်အင်္ကျီကြီးကိုပင် ခွာယူကြလေသည်။

ဤတွင် ကျွန်တော့်မှာ ခြောက်ယောက်ခန့်မျှသော ရန်သူများအလယ်တွင် လက်နက်တစ်စုံတရာမပါဘဲ တစ်ကိုယ်တည်းရှိနေသော်လည်း စိတ်အားလျော့မည်ဝေးစွ၊ အခွင့်ကောင်းကို သာချောင်း၍ အကြံထုတ်လျက်ရှိပါသည်။ ဤမျှလောက်နှင့် စိတ်ပျက်၍လက်လျှော့လိုက်သည်ဆိုလျှင် ကိုကိုကြီးဆိုသော နာမည်ကို ပြောင်းပစ်လိုက်ပါမည်။ ဤသို့သောစိတ်ထားမျိုးကြောင့်လည်း ကာနယ်ဂရေဟာမ်၏ ရီဂျီမင့်စစ်တပ်တွင် ရာထူးအကြီးဆုံးမဟုတ်သော်လည်း သတ္တိအကောင်းဆုံး၊ ကြံရည်ဖန်ရည် ပြည့်စုံဆုံးသော စစ်ဗိုလ်တစ်ယောက်အဖြစ်နှင့် ကျော်ကြားခဲ့ပါသည် မဟုတ်ပါလော။

ရန်သူများ ဝိုင်းရံထားသော်လည်း ကျွန်တော်သည် သိန်းငှက်တို့၏ စူးရှသော မျက်လုံးမျိုးဖြင့် အခြေအနေကို စောင့်ကြည့်၍ ချက်ကောင်းကို ရှာလျက်ရှိပါသည်။ ဤလူစု စခန်းချလျက်ရှိသော နေရာ၏ အခြေအနေမှာ တစ်ဘက်တွင် မတ်စောက်သော တောင်ကမ်းပါးယံကြီးရှိ၍ ထိုနေရာမှ မြေကြီးသည် ဆင်ခြေလျှော နိမ့်ဆင်းသွားပြီးနောက် အောက်ဆုံးတွင် ချုံများထူထပ်သည့် ချိုင့်ကြီး၌ အဆုံးသတ်သည်ကို တွေ့ရသည်။ ကျွန်တော်၏အနီး၌ကား လှည်းပေါ်မှ ချထားသည့် သစ်သားစည်ကြီးများ ထောင်လျက်ရှိကြသည်။

အကြီးအကဲဖြစ်သော ပါးမြိုင်းမွေးဆရာကြီးသည် ကျွန်တော့်ကို မည်ကဲ့သို့ စီရင်ရလျှင် အကောင်းဆုံးဖြစ်မည်နည်းဟု တပည့်များနှင့် တိုင်ပင်လျက်ရှိသည်။ ကျွန်တော်သည် ပထမတန်း ဖျော်လဘ်သူတစ်ယောက် ဖြစ်သည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စည်တစ်လုံးထဲသို့ ဖျတ်ခနဲခုန်ဝင်၍ ကိုယ်ရှိန်ဖြင့်စည်ကိုလဲစေပြီးနောက် နိမ့်ရာဘက်သို့ အားပြုပေးလိုက်ရာ ဖော်ပြခဲ့သည့်အတိုင်း ဆင်ခြေလျှော နိမ့်ဆင်းသွားသော မြေမျက်နှာပြင်ရှိသည့်အလျောက် စည်ကြီးသည် ခြေသန်သော ဖူးလ်ဘက်ကန်ထုတ်လိုက်သည့် ဘောလုံးကဲ့သို့ တဟုန်ထိုးလိမ့်ဆင်းသွားတော့သည်။ တောပုန်းများသည် အံ့အားသင့်လျက် ကြည့်နေကြရာမှ နောက်ဆုံး၌ ညာသံပေးလျက် ပြေးလိုက်လာကြရာ မြေမျက်နှာပြင်မှာ ၄၅ ဒီဂရီမျှ ဆင်ခြေလျှောဆင်းသွားသည် ဖြစ်သောကြောင့် စည်ကြီးမှာ ကြာလေအရှိန်ပြင်းလေ၊ လျင်မြန်လေလေ လိမ့်ဆင်းသွားလေတော့သည်။ အချို့နေရာ၌ ကျင်းများ၊ ချိုင့်များ၊ ခလုတ်များနှင့်တိုက်မိ၍ အနည်းငယ်အရှိန်လျော့ဟန်ရှိသော်လည်း မူလကတည်းက အရှိန်ကောင်းခဲ့ပြီးဖြစ်သောကြောင့် ရပ်တန့်ခြင်းမရှိဘဲ ခလုတ်တိုက်မိတိုင်း ကောင်းကင်သို့ မြောက်တက်၍ ကြိမ်သွင်းသော ဒုန်းမြင်းကဲ့သို့ လွှားခနဲမြောက်ခနဲ ခုန်ကြွသွားတော့သည်။ စည်ပိုင်းထဲ၌လိုက်ရသော ကျွန်တော့်မှာ အရိုးများ ကျိုးကြေမတတ်ခံရသော်လည်း ကိုယ်ကာယနာကျင်ခြင်းထက် လူသံများ ဝေးသည်ထက် ဝေးသွားသောအခြေအနေကိုသာ သတိရ၍ လက်ခုပ်လက်ဝါးတီးချင်မတတ် ဝမ်းသာမိပါတော့သည်။

နောက်ဆုံး၌ ဂျိုးဂျိုးဂျုံးဂျုံးအသံများ ကြားရခြင်းနှင့်အတူ စည်ကြီးသည် ဘရိတ်အုပ်လိုက်ဘီသကဲ့သို့ အနည်းငယ်အရှိန်လျော့သွားသည်ကို တွေ့ရသဖြင့် ချိုင့်ကြီးထဲ၌ရှိသော ချုံများထဲသို့ တိုးဝင်လျက်ရှိကြောင်း သိရပေရာ ထိုကဲ့သို့ တစ်ချုံပြီးတစ်ချုံ ဆက်ကာဆက်ကာ တိုးဝင်ပြီးနောက် ဒိုင်းခနဲအသံကြားရ၍ သစ်သားများ လွင့်စဉ်ပြီးလျှင် သံခွေများအထဲတွင် တစ်ကိုယ်လုံး ထွေးလုံးရစ်ပတ်ရှိနေပေတော့သည်။ အကြောင်းသော်ကား စည်ကြီးသည် ချုံတွေကို လိမ့်နင်းပြီးနောက် သစ်ပင်တစ်ပင်နှင့် တိုက်မိ၍ သစ်သားများ ကျွတ်ထွက်ကာ သံခွေများသာ ကျန်ခဲ့ခြင်း ဖြစ်လေသည်။

ကျွန်တော်သည် သစ်သား အတိုအစများထဲမှ လူးလဲကာထ၍ သံခွေများ အလယ်တွင်ထိုင်ကာ မူးဝေလှသော ဦးခေါင်းကိုလက်ဖြင့် ဖိနှိပ်ပေးနေစဉ် အထက်ဆီမှ လူသံများ ကြားရပြန်သည်နှင့် ကြာရှည်စွာ အမူးဖြေခွင့်မရဘဲ သံခွေများအကြားမှ ဖြဲထွက်ကာ ချုံများထူထပ်သော တောပိုင်းဆီသို့ အတင်း တိုးဝင်သွားရလေတော့သည်။ ဤနည်းဖြင့် နားထဲတွင် လူသံများမပျောက်မခြင်း ချုံထူထပ်သော အပိုင်းဆီသို့ နက်သည်ထက်နက်အောင် တိုးဝင်သွားခဲ့ရာ လူသံများ လုံးဝရပ်စဲသွားသည်တွင်မှ သစ်တစ်ပင်အောက်၌ထိုင်ကာ အမောအပန်းဖြေရပါတော့သည်။ သို့ရှိနေစဉ် လေချွန်သံတစ်ချက်တစ်ချက် ထွက်လာ၍ အတော်ကွာလှမ်း



သော အရပ်မှ သေနတ်သံတစ်ချက်ကိုလည်း ကြားလိုက်ရသောကြောင့် ပတ်ဝန်းကျင်အရပ်၌ ရန်သူများရှိနေကြခြင်းကား ထင်ရှားလှပေသည်။

အပန်းပြေသောအခါ ကျွန်တော်သည် ထိုင်ရာမှထ၍ တောင်ပူစာထိပ်သို့ တက်ဦးမည့်အကြံနှင့် သစ်ပင်ကြီးများအကြားမှ လျှောက်လာစဉ် မှေးမှိန်သော လူသွားလမ်းကလေးကို မြင်ရပါသည်။ ထိုလမ်းသည် တောင်ပေါ်သို့ တက်သောလမ်း ဖြစ်ဟန်တူသော်လည်း လမ်းအတိုင်းလိုက်ခဲ့သော် ရန်သူနှင့် ပက်မင်းပါ တွေ့ဆုံမည်စိုးရသောကြောင့် လမ်းပေါ်၌ တည့်တည့်မလျှောက်ဘဲ လမ်းနံဘေးမှ မြှောင်လျက် သတိနှင့် လျှောက်လာခဲ့သည်။ မကြာမီ 'ဟီး ဟီး ဟီး' ဟု ညည်းတွားသောအသံများကို ကြားရ၍ အသံကြားရာသို့ တစ်လှမ်းချင်း ကပ်လာစဉ် ယင်မမဲရိုင်းများ တဝီဝီပျံသော အသံကိုကြားရပြီး အောက်ပါအခြင်းအရာကို တွေ့ရသည်။

သစ်ပင်တစ်ပင်အောက်၌ ခင်းထားသော သစ်ရွက်ခြောက်များပေါ်တွင် ကျွန်တော်ကဲ့သို့ ဂျမဒါယူနီဖောင်းဝတ်ထားသော လူတစ်ယောက်လဲလျက်ရှိရာ ယင်း၏ သွေးစွန်းပေသော အဝတ်များပေါ်တွင် ယင်ကောင်များ တဝီဝီပျံဝဲလျက်ရှိသည်။ ကျွန်တော်ရှိသောနေရာမှ ဦးခေါင်းကိုသာ မြင်ရသည်နှင့် ခြေရင်းဘက်သို့ ရွေ့ကြည့်လိုက်သည်တွင် ဂျမဒါအာမက်ဖြစ်နေသည်ကို တွေ့ရသည်။ တစ်တပ်တည်းတွင် အတူတကွ အမှုထမ်းသူချင်းဖြစ်၍ ရင်ထုမနာဖြစ်သည်နှင့် အနီးသို့ချဉ်းကပ်ကာ ဒူးထောက်လိုက်သည်တွင် ချိုင့်ထဲ၌မြုပ်လျက် ရှိသော မျက်လုံးနှစ်လုံးသည် ကျွန်တော့်ကို မှတ်မိသည့်လက္ခဏာနှင့်–

'ကိုကိုကြီးလား'

'ဟုတ်ပါတယ် အာမက်'

'ထင်းပုံကို မီးရှို့တဲ့အလုပ် ကျုပ်မတတ်နိုင်တော့ဘူး ရဲဘော်'

'ကိစ္စမရှိဘူး၊ ကျုပ်လုပ်မယ်။ ခင်ဗျားဆီမှာ မီးခြစ်ဘူးနဲ့ ဓာတ်ဆီရှိသလား'

'ရှိပါတယ်၊ ရှေ့ယူ။ အိတ်ထဲမှာ'

'စိတ်သာချ၊ ကျုပ်လုပ်မယ်'

'ကျုပ်ကိုသေနတ်နဲ့ ပစ်ကြတယ်ရဲဘော်၊ ကာနယ်ကိုပြောပြလိုက်ပါ နော်။ ကျုပ်က ကြိုးစားပါတယ်၊ သူတို့က လက်ချက်ဦးသွားလို့ပါ'

'နို့ ချက်တာဂျီကော ရဲဘော်'

'သူက ကျုပ်ထက်ကံဆိုးရှာတယ်။ ညှဉ်းဆဲပြီးသတ်လို့ သေရှာပြီ'

'ကျုပ်ကို ဘာမျှား မှာထားချင်သလဲ'

'ဝါစ်တီရမ်ဆိုတဲ့လူဟာ ကျုပ်တို့ဘက်သားဗျ။ မှတ်ထားနော်၊ မမေ့နဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ၊ ပြီးတော့ကော'

'ဒီလူက ကျုပ်တို့ဘက်ကို အကူအညီပေးလိမ့်မယ်၊ မမှားစေနဲ့နော်၊ သတိထား'

'ကောင်းပါပြီ'

'ကိုင်း၊ လုပ်ချေတော့ဗျာ၊ ကျုပ်လည်း စိတ်ချလက်ချ သေနိုင်ပြီ။ ကာနယ်ကို ပြောပြလိုက်ပါဗျာ၊ ဝတ္တရားအတိုင်း ဆောင်ရွက်ပါတယ်လို့'

'စိတ်ချပါ၊ ပြောလိုက်ပါမယ်'

ထို့နောက် အာမက်သည် ငြိမ်သက်သွားတော့ရာ ရင်ဘတ်ကိုစမ်းကြည့်သည်တွင်မှ အသက်မရှိမှန်းသိရတော့သည်။ ဤလူကား ကျွန်တော့်ကို မှာထားစရာရှိ၍ မသေနိုင်ဘဲ စောင့်နေဟန်တူပေသည်။ မည်သည့်စစ်တပ်တွင်မဆို အာမက်ကဲ့သို့ သစ္စာရှိသူတွေ အမြောက်အမြား ရှိကြပါသည်။

ကျွန်တော်သည် အာမက်အလောင်းအနီးတွင် ဒူးထောက်လျက်ရှိရာမှ ထလိုက်သောအခါ ကျွန်တော့်နောက်တွင် လူတစ်ယောက် ရောက်နေသည်ကို အံ့ဩစွာ တွေ့မြင်ရသည်။ ဤလူကား ပန်ချာပီခေါင်းပေါင်းကြီးနှင့် အလွန် ခန့်ညားသူတစ်ယောက် ဖြစ်ပေသည်။ ထိုသူသည် လက်ထဲတွင် ရေအပြည့်ပါသော နို့ဆီဗူးခွံတစ်လုံးကို ကိုင်ဆောင်လာရာ အာမက်၏ အခြေအနေကို မြင်သောအခါမှ 'သွားရှာပြီကိုး'ဟု ဝမ်းနည်းစွာ ပြောလိုက်သည်။ ကျွန်တော်ကမူ ဤလူကား အာမက်ပြောခဲ့သည့် ဝါစ်တီရမ်ဆိုသူ ဖြစ်ရမည်ဟု တွေးဆပြီးလေပြီ။

တော်။ ။ခင်ဗျား ဝါစ်တီရမ် မဟုတ်လား။

သူ။ ။ဟုတ်ပါတယ်၊ အာမက်က ပြောလို့သိသလား။

တော်။ ။ဟုတ်တယ်၊ သူနဲ့ခင်ဗျားနဲ့ ဘယ်ပုံတွေ့ကြသလဲ။

သူ။ ။သူ့ကို သေနတ်နဲ့ချောင်းပစ်ကြလို့ မှန်သွားတော့ တောထဲဝင်ပြေးရာမှာ ကျုပ်က လိုက်ကြည့်ပြီး သစ်ရွက်ကလေးတွေ ခင်းပေးထားတာပဲ။

တော်။ ။ခင်ဗျားက ဘယ်သူ့လူလဲ။

သူ။ ။ကျုပ်ကတောပုန်းကြီး မူစ်တာဖားရဲ့ လက်ထောက်ဆိုပေမယ့် အမှန်ကတော့ အင်္ဂလိပ်လူပဲ။

ဟော်။ ။ဘယ်လိုဖြစ်ပုံလဲဗျ။

သူ။ ။ကျုပ်က သူ့ကိုကျေနိုင်ရိုးလားဗျ၊ ကျုပ်ကို အထင်လွဲပြီး အနိုင်ကျင့်ထားတာ။ ကြည့်စမ်းပါဦးတော့။



ဤနေရာ၌ ဝါစ်တီရမ်သည် ကျောကိုလှန်၍ပြရာ ညိုမည်းသော အရှိုးကြီးများကို ကျွန်တော်မြင်ရသည်။ ထို့နောက် ဆက်လက်၍

သူ။ ။ကျုပ်က သူ့လက်အောက် လုပ်နေရပေမယ့် ကျုပ်တပည့်ဆယ်ယောက်ရှိတယ်။ တစ်နေ့တော့ သူ့ကိုကျုပ်တို့ သုတ်သင်ရမယ်။ အကယ်၍ ကျုပ်တို့လူစုက အင်္ဂလိပ်စစ်တပ်ထဲ ဝင်လာမယ်ဆိုရင် စစ်ဗိုလ်ကြီးကို ခင်ဗျားပြောပေးမလား။

တော်။ ။စိတ်သာချ၊ ကျုပ်ကူညီမယ်။

ယင်းသို့ပြောခိုက်၌ပင် ဝါစ်တီရမ်သည် မျက်နှာထားတစ်မျိုးပြင်လိုက်၍ သူ၏ကျော၌လွယ်ထားသော သေနတ်ဖြင့် ကျွန်တော့်ကို ရုတ်တရက်ချိန်ရွယ်ကာ 'လက်မြှောက်လိုက်။ သေသွားမယ်၊ မြင်ရဲ့လား' ဟုပြောသဖြင့် ကျွန်တော့်မှာ ငေးကြည့်နေမိတော့သည်။

ကျွန်တော်သည် သူ၏ အမူအရာ ပြောင်းလဲခြင်းကို နားမလည်သည့် အလျောက် လက်နှစ်ဘက်ကို မြှောက်လျက်ရှိစဉ် တောပုန်းဓားပြဆယ်ယောက်ခန့် ရောက်လာ၍ ကျွန်တော့်ကို ဝိုင်းထားကြသည်။ ဝါစ်တီရမ်ကမူ တင်းမာသော မျက်နှာထားဖြင့် 'ဒီကောင့်ကိုဖမ်းခဲ့ကြ'ဟု အမိန့်ပေးသည်နှင့် တောပုန်းများသည် ကျွန်တော့်ကို ဆွဲခေါ်သွားကြရာ ကျွန်တော့်မှာ ဘာမှမပြောနိုင်ဘဲ လိုက်ပါသွားရပါသည်။ တောပုန်းလေးယောက်ကမူ အာမက်၏ အလောင်းကို သယ်ယူခဲ့ကြသည်။

ထိုအချိန်တွင် နေဝင်လုဆဲဖြစ်၍ မှောင်မိုက်စပြုလာပြီဖြစ်ရာ တောပုန်းများသည် တောထဲမှထွက်၍ တောင်ပူစာဘက်သို့ ကျွန်တော့်ကို ခေါ်သွားကြသည်။ တောင်ထိပ်ကိုက် ၅၀ ခန့်ကွာလှမ်းသည့် ယင်းတို့၏စခန်းသို့ ဆိုက်ရောက်သောအခါ ကျွန်တော်သည် တောင်ထိပ်သို့ မော့ကြည့်၍ နောက်ဆုံး နေရောင်ခြည်ထိုးသဖြင့် ထင်းထင်းကြီးရှိနေသော ထင်းပုံကြီးကို မြင်ရသည်။ ဤထင်းပုံကား ကျွန်တော်ရောက်အောင် ကြိုးစားခဲ့သည့် ထင်းပုံဖြစ်သည်ဟု သိသော်လည်း အနီးသို့ရောက်နေပါလျက် ဘာမျှမတတ်နိုင်ဘဲ ရှိနေသော ကျွန်တော်၏ အဖြစ်ကို စဉ်းစားမိ၍ စိတ်ထဲ၌ပြုံးမိပါသေးသည်။ ကျွန်တော်တို့ ရောက်နေသော နေရာတစ်ဝိုက်တွင် မြေမျက်နှာပြင်ကို ညီညာအောင်ညှိထား၍ တဲကလေးနှစ်လုံး သုံးလုံးရှိနေခြင်းကိုလည်း ကျွန်တော်သတိပြုမိသည်။ တောပုန်းများသည် တဲတစ်လုံးထဲသို့ ကျွန်တော့်ကိုခေါ်သွင်းသွား၍ ခြေလက်များကို ကြိုးဖြင့်တုပ်ပြီးလျှင် အာမက် အလောင်းနှင့်အတူ တဲထဲ၌ပစ်ထားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မြေကြီးပေါ်တွင် ပက်လက်လှန်လျက် ထင်းပုံကို မီးရှို့ခြင်းအားဖြင့် ကာနယ်သွန်မဆင်၏ ရိုင်ဖယ်မင့်စစ်တပ်ကို အချက်ပေးရမည့် အလုပ်ကို လက်မလျှော့သေးဘဲ မည်ကဲ့သို့ ဆောင်ရွက်ရပါမည်နည်းဟု စိတ်ကူးမိပါသေးသည်။ ဤနေ့သည်ကား နောက်ဆုံးနေ့ဖြစ်၍ ယနေ့ညသန်းခေါင်အချိန်တွင် သွန်မဆင်ထံသို့ အချက်ပေး၍ အကြောင်းမကြားနိုင်ခဲ့လျှင် တပ်မကြီးတစ်ခုလုံး ဆုတ်ခွာ၍ကာနယ်သွန်မဆင်၏ ရိုင်ဖယ်မင့်စစ်တပ်တစ်တပ်လုံးမှာ ရန်သူများလက်သို့ ဝကွက်၍အပ်ခဲ့ရခြင်းနှင့် တူပေတော့မည်။ ကျွန်တော့်မှာ ကျော်စောထင်ရှားခြင်းကို အလိုရှိ၍ စစ်မှုထမ်းဖြစ်ခဲ့သည့်အတိုင်း ဤအလုပ်ကို အထမြောက်အောင် ဆောင်ရွက်နိုင်ပါက ကျွန်တော်သေသော်လည်း ဂျမဒါကိုကိုကြီးတည်းဟူသော နာမည်မသေဘဲ ဗြိတိသျှစစ်တပ် ရာဇဝင်တွင် မီးရှူးတိုင်ကြီးသဖွယ် အမြဲထာဝစဉ် ထွန်းလင်းတောက်ပြောင်လျက် ကျန်ရစ်ခဲ့လိမ့်မည်ဟူ၍လည်း စိတ်ကူးမိပါသည်။ သို့ဖြစ်၍ တဲကလေးထဲ၌ ကြက်ငှက်သဖွယ် တုပ်နှောင်ထားသဖြင့် မလှုပ်နိုင်မလွန့်နိုင်အောင် ရှိနေခိုက်၌ပင် ကျွန်တော်၏ အသက်အတွက် မပူမပန်ဘဲ မျှော်လင့်သလောက် နာမည်မကျော်ကြားမီ သေသွားရမည့် အရေးအတွက်သာ စိုးရိမ်မိပါတော့သည်။

မကြာမီ ဝါစ်တီရမ်နှင့် တောပုန်းနှစ်ယောက်သည် တဲထဲသို့ ဝင်လာ၍ ဝါစ်တီရမ်သည် ထိုလူနှစ်ယောက်ကို အပြင်သို့ထွက်ဒစေပြီးမှ တံခါးကိုပိတ်ထားလိုက်သည်။ ကျွန်တော့်မှာ ဝါစ်တီရမ်ကို မြင်လိုက်ရကတည်းက ဒေါသထွက်လာ၍

တော်။ ။ဘာလာလုပ်တာလဲ လူလိမ်ကြီး။

ရမ်။ ။တိုးတိုးပြောပါ၊ ကျုပ်သေရပါလိမ့်မယ်၊ ဒီလိုပါ ကိုကိုကြီး၊ ကျုပ်က လိမ်တာမဟုတ်ပါဘူး။ သူတို့တွေ ရောက်လာကြလေတော့ ခင်ဗျားကို မဖမ်းဘဲမဖြစ်လို့ ကျုပ်က ဖမ်းခဲ့ရတာပါ။ ကျုပ် မဖမ်းရင် ကျုပ် သေရမယ်ဗျ နားလည်လား။ သို့သော် အခုအခြေအနေ ရောက်လာတာတောင် ကျုပ်က ခင်ဗျားအတွက် ကြိုးစားပေးဦးမယ်။ လက်မလျှော့သေးဘူး။ ခင်ဗျားယုံပါ။

ကျွန်တော့်မှာ ယုံတစ်ဝက် မယုံတစ်ဝက် ဖြစ်လာ၍

တော်။ ။ကြည့်ရသေးတာပေါ့ဗျာ။

ရမ်။ ။အေးလေ၊ ကြည့်သာကြည့်ပါ။ သို့သော် ခင်ဗျားကို အကြံတစ်ခု ပေးချင်တယ်။ မှုစ်တာဖားက ခင်ဗျားကို တွေ့ချင်တယ်တဲ့။ သူ့ကို ကောင်းကောင်းစကားပြောပါဗျ နော်။ ဘာဖြစ်ဖြစ် အလိုက်သင့်သာပြော၊ သိပ်ဆိုးတဲ့ကောင်ကြီးဗျ။ ကိုင်း လာ သွားကြစို့။



ဝါစ်တီရမ်သည် ကျွန်တော့်ကို ထူပေး၍ တဲပြင်သို့ထွက်လာကြသောအခါတွင် တပည့်နှစ်ယောက်နှင့်တွေ့၍ ယင်းတို့ရှေ့၌ ကျွန်တော့်အား ခပ်ကြမ်းကြမ်းတွန်းထိုးကိုင်တွယ်ကာ ခေါ်သွားလေသည်။

တစ်နေရာ၌ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် တပည့်များခြံရံ၍ ထိုင်လျက်ရှိသော တောပုန်းဗိုလ်ကြီး မှုစ်တာဖားရှေ့သို့ ရောက်လာကြသည်။ ကျောက်တုံးကြီး၏အနီးတွင် လက်ဆွဲမှန်အိမ်တစ်လုံးချထား၍ အလုံးအဖန်တောင့်သော တောပုန်းကြီးတစ်ယောက်သည် လှံရှည်ကြီးတစ်လက်ကို ကိုင်လျက်ရှိသည်။

တောပုန်းကြီးမှုစ်တာဖားမှာ တူရကီစစ်တပ်နှင့် ဗြိတိသျှစစ်တပ်တို့ ရင်ဆိုင်တိုက်ခိုက်ကြသော စစ်မြေပြင်တစ်ဝိုက်တွင် ကျက်စား၍ မျက်စိလည်လမ်းမှားသော ဗြိတိသျှစစ်သားများကို တစ်ယောက်ချင်း နှစ်ယောက်ချင်း တွေ့ရသည်ဖြစ်စေ၊ ငါးယောက် ဆယ်ယောက်စသည်ဖြင့် တွေ့ရသည်ဖြစ်စေ လက်ရဖမ်းဆီးပြီးလျှင် လက်နက်ကိုယူ၍ လူကိုရက်စက်စွာသတ်သည်ဟု သတင်းပြေးလျက်ရှိသောကြောင့် ဗြိတိသျှစစ်သားများသည် တူရကီထက် တောပုန်းမှုစ်တာဖားကို ပို၍ကြောက်ခဲ့ကြရသည်။ ထိုသူ၏ အကျင့်ဆိုးတစ်ခုမှာ ဖမ်းမိသော စစ်သား ချက်ချင်းသေအောင်မသတ်ဘဲ ပျဉ်ပြားနှစ်ချပ်တွင်ညှပ်၍ လွှနှင့် တဖြည်းဖြည်း တိုက်ခြင်းအားဖြင့် ပြင်းပြသော ဝေဒနာခံစားခြင်းကို အရသာယူ၍ ကြည့်သည်ဟု နာမည်ကြီးခဲ့သူတစ်ယောက်ဖြစ်သည်။ ဤသတင်းကို ကြားပြီးဖြစ်သော ကျွန်တော့်မှာ လွှကြီးကို မြင်ရသောအခါ၌ အသက်ရှူ မှားမိသည်ဟု ဝန်ခံလျှင် ကြောက်တတ်သည်ဟု မစွပ်စွဲကြဖို့ မျှော်လင့်ပါသည်။

ဖား။ ။ဘယ့်နှယ်၊ ဂျမဒါ၊ ခုတလောမှာ ကာနယ်ဂရေဟမ်ရိုင်ဖယ်မင့်တပ်က ကျုပ်ကို မျှော်ဖြေမှုခဏခဏပေးနေသကိုး။ တစ်နေ့က ဂျမဒါအာမက်တဲ့၊ မနေ့က ဂျမဒါချက်တာဂျီတဲ့၊ ဟော ဒီကနေ့ ဂျမဒါကိုကိုကြီးဆို ထင်ပါလား၊ ဟုတ်စ။

ကျွန်တော်က ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေရာ ဝါစ်တီရမ်၏ မျက်နှာကို မြင်လိုက်ရသည်နှင့် 'ဟုတ်ပါတယ်' ဟု ပြောလိုက်သည်။

ဖား။ ။(ဆက်လက်၍)ချက်တာဂျီက ခရစ်ယာန်ဆိုလို့ သူ့ခရစ်တော် သေပုံသေနည်းအတိုင်း လက်ဝါးကပ်တင်ပြီး သတ်လိုက်ရတယ်။ အာမက်ကတော့ ဒဏ်ရာရပြီးဖြစ်နေလို့ ကံကောင်းသွားတယ်။ မောင်မင်းကို ဘယ်ပုံသတ်ရမယ် မဆိုနိုင်သေးဘူး။ အခြေအနေအရ ဆုံးဖြတ်ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဤသတ္တဝါကြီး၏အမူအရာကို နှလုံးနာလှသဖြင့် စကားမပြောလိုသော်လည်း အခြေအနေရဆိုသော စကားလုံး၏အဓိပ္ပာယ်ကို သိလိုသည်နှင့်-

တော်။ ။အခြေအနေအရဆိုတာက ဘာပြောတာလဲ။

ဖား။ ။ဟား၊ ဟား၊ ဟား။ ငါ့လူက တယ်လာပါကလား။ အခြေအနေအရဆိုတာက မေးခွန်းကို ကောင်းကောင်းမှန်မှန်ဖြေရင် မောင်မင်း ကြိုက်တဲ့နည်းနဲ့ သတ်ပေးမယ်။ မှန်မှန်မဖြေရင် ကျုပ်ကြိုက်တဲ့နည်းနဲ့ သတ်ရမယ်။ လွတ်ဖို့တော့ ထုံးစံမရှိဘူး။ သူ့အကြိုက် ကိုယ့်အကြိုက် ဒီနှစ်လမ်းပဲရှိတယ်။

လူသတ္တဝါသည် အလွန်ဆန်းကြယ်၏။ သေရမည့်ဆဲဆဲပင် (သတ္တိကောင်းသူတစ်ယောက်ဖြစ်ပါက)အလွန်ဉာဏ်ရွှင်၏။ ထိုခဏ၌ ကျွန်တော်၏ဦးခေါင်းထဲ၌ အကြံတစ်ခု ဖျတ်ခနဲ ပေါ်လာသည်နှင့်-

တော်။ ။မှန်မှန်ဖြေရင် ကျုပ်ကြိုက်သလို သတ်ပေးမယ်လား။

ဖား။ ။ဟုတ်တယ်လေ၊ သတ်ပေးမယ်။

တော်။ ။ကိုရအန်ကျမ်းကို ယုံတယ်ပေါ့။

ဖား။ ။ယုံတယ်၊ ဘာဖြစ်သလဲ။

တော်။ ။ကောင်းပြီ၊ ကိုရအန်ကျမ်းကိုကိုင်ပြီး မူဆလင်လို သစ္စာဆိုပါ။

ဖား။ ။ကယ်လာတဲ့ လူပါကလားဟေ့။

တော်။ ။မှန်မှန်ကြားချင်ရင် သစ္စာဆိုပါ။

ဤတွင် မှုစ်တာဖားသည် ကိုရအန်ကျမ်းစာအုပ်ကိုယူခဲ့စေ၍ ကျကျနန သစ္စာဆိုလေသည်။ မှုစ်တာဖားမှာ လူဆိုးတစ်ယောက်ဖြစ်သည်မှန်သော်လည်း မူစလင်များ၏ သစ္စာကတိတည်ခြင်းတည်းဟူသော အခြင်းအရာသည် ကမ္ဘာသို့ သတင်းမွှေးလျက်ရှိသောကြောင့် ထိုကဲ့သို့ သစ္စာပြုခြင်းအတွက် ကျွန်တော့်မှာ အကြီးအကျယ် ဝမ်းသာမိသည်၊ ငါ၏အကြံ အောင်တော့မည်ဟူ၍ပင် ကျွန်တော် သဘောပိုက်မိပါသည်။

တော်။ ။ကိုင်း၊ မေးချင်တာ မေးပါတော့။ မှန်မှန်ဖြေပါ့မယ်။

ဖား။ ။တပ်မကြီးဆီကို ကြည့်လိုက်စမ်း။

ကျွန်တော်သည် မှုစ်တာဖားခိုင်းသည့်အတိုင်း တောင်ပူစာအောက်ရှိ လွင်ပြင်ကြီးပေါ်တွင် စခန်းချလျက်ရှိသော ဗြိတိသျှတပ်မကြီးသို့ လှမ်းကြည့်လိုက်ရာတွင် မီးအိမ်များ တလှုပ်လှုပ် တရွရွနှင့် ဤမှထိုမှ ပြောင်းရွှေ့နေဟန်တူသော အခြင်းအရာကို တွေ့မြင်ရသည်။ တပ်မကြီး၏ တစ်ဘက်စွန်း၌ ကာနယ်ဂရေဟမ်၏ ရိဂျီမင့်တပ်စခန်း ချထားသောနေရာကိုလည်း မြင်ရ၍ ကာနယ်



နှင့်တကွ အပေါင်းအဖော်များကို သတိရသဖြင့် နောက်ဆုံးသော ကြည့်ခြင်းဖြစ်သည်ဟု စဉ်းစားမိရာတွင် မျက်ရည်များ ဝိုင်းလာသော်လည်း အသက်စွန့်၍ တာဝန်ထမ်းရမည့် ကျွန်တော်၏မြင့်မြတ်သော အလုပ်ကို သတိရသဖြင့် ရင်ဘတ်ကို ကော့မိပါသေးသည်။ သို့သော် ကျွန်တော်၏ ကြီးကျယ်မြင့်မြတ်သော အလုပ်ကို အပေါင်းအဖော်များအနက် တစ်ယောက်တလေ မြင်စမ်းစေချင်ပါဘိသည်။ ဤအကြောင်းကို နောင်လာနောက်သားများ သိရစ်အောင် စာဖွဲ့မည့် တစ်ဦးတလေ ပေါ်ပေါက်စေချင်ပါဘိသည် စသည်ဖြင့် စဉ်းစားမိပြန်သည်နှင့် ရင်ထဲ၌ အလုံးဆို့သကဲ့သို့ တစ်ဆို့ဆို့ကြီး ဖြစ်ရပါသေးသည်။

တော်။ ။မြင်ပါတယ်၊ ဘာဖြစ်သလဲ။

ဖား။ ။မီးတွေ လှုပ်ရှားနေတာ စစ်တပ်ကြီး ဆုတ်ခွာတော့မှာမဟုတ်လား။ ပြောစမ်း။

ပထမတော့ ငြင်းကွယ်မည်ကြံမိသော်လည်း ဤမျှလောက် ထင်ရှားသော အကြောင်းအရာတစ်ခုကို ဖုံးကွယ်၍မဖြစ်နိုင်ဟု စဉ်းစားမိသောကြောင့် 'ဟုတ်ပါတယ်'ဟု ဖြေဆိုလိုက်သည်။

ဖား။ ။ဘယ်ဘက်ကိုဆုတ်မှာလဲ။ ဘက္ကဒက်ဘက်ကိုလား။

တော်။ ။ဟုတ်ပါတယ်။

ဖား။ ။နို့၊ ဒါဖြင့် ကာနယ်သွန်မဆင်ရဲ့ ရိဂျီမင့်တပ်တွေ ဘယ့်နှယ်လုပ်မလဲ။

တော်။ ။(အတန်ငယ်စဉ်းစားပြီးနောက်)တပ်မတော်ဆုတ်သွားလို့ သွန်မဆင်ကျန်ရစ်ရင်တော့ သွန်မဆင်ဒုက္ခပေါ့။

ဖား။ ။သူ့တပ်မှာ လူဘယ်လောက်ရှိသလဲ။

တော်။ ။တစ်ထောင်လောက်ရှိတယ်။

ဖား။ ။မျက်နှာဖြူစစ်သား ဘယ်လောက်ပါသလဲ။

တော်။ ။ကုမ္ပဏီတပ် တစ်တပ်ပါတယ်။ အိန္ဒိယတပ်ခွဲတစ်ခု၊ မြန်မာ့တပ်စိတ်တစ်ခု၊ စစ်ဘာရီတပ်စိတ်တစ်ခု။

ဤတွင် မှုစ်တာဖားသည် မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်ကြည့်ပြီးနောက်-

ဖား။ ။မှန်တယ်၊ အားလုံးမှန်တယ်။ မောင်မင်း မှန်မှန်ပြောတယ်။

ယင်းနောက် မှုစ်တာဖားသည် တပ်မကြီးနှင့် ပတ်သက်သော အခြင်းအရာများကို ကျွန်တော့်အား ဆက်လက်မေးမြန်းရာ ယင်းတို့ကို ထုတ်ဖော်ပြောပြရန်မသင့်ဟု ကျွန်တော်ထင်သော်လည်း ကာနယ်သွန်မဆင်၏ ရိဂျီမင့်တပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကယ်ဆယ်ဖို့ အကြံအစည်ကြီးရှိသည့်အတွက် ကျွန်တော်သိသမျှ ဖြေဆိုလိုက်ရသည်။

မှုစ်တာဖားသည် ကျွန်တော်၏ အဖြေများကို စိတ်ကျေနပ်သောအမူအရာနှင့် နားထောင်ပြီးနောက် မှတ်စုစာအုပ်ကို ပြန်ပိတ်၍–

ဖား။ ။ကိုင်း၊ မောင်မင်းတာဝန်တော့ ပြီးပါပြီ။ ကျုပ်အလှည့် ကျန်ပါတော့တယ်။ မှုဆလင်တစ်ယောက်ပီပီ ကတိတည်စေရမှာပေါ့။ ကိုင်း၊ ဆိုစမ်း။ ဘယ်ပုံဘယ်နည်း သေချင်သလဲ။ စစ်သားပီပီ ရင်ဘတ်ကို သေနတ်နဲ့ပစ်တာကြိုက်လား။ ဆိုစမ်း။

တော်။ ။ရှေးဦးစွာ အချိန်နာရီကို ရွေးချယ်လိုပါတယ်။

ဖား။ ။ဟေ၊ ဘယ်အချိန်လဲ။

တော်။ ။ဒီကနေ့ည ၁၂ နာရီတိတိအချိန်မှ ကျွန်တော် သေချင်ပါတယ်။

ဖား။ ။ကောင်းပြီ၊ ဖြစ်စေရမယ်။ သေနည်းကော။

တော်။ ။ကျွန်တော့်ကို ဟောဟိုတောင်ထိပ်မှာရှိတဲ့ ထင်းပုံပေါ်မှာတင်ပြီး မီးရှို့သတ်စေချင်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးဟာ အရိုးကို မီးသင်္ဂြိုဟ်ခြင်းဟာ မြတ်တယ်လို့ ယူဆပါတယ်။

ဖား။ ။ဟား ဟား ဟား၊ တယ်လာတဲ့လူပါကလား။ သေတာတောင် မြင့်မြတ်တဲ့နည်းမျိုး ရွေးနိုင်တဲ့လူပေကိုး။ ကိုင်း၊ ရှိစေ။ ထားမိတဲ့ ကတိအတိုင်း ထင်းပုံပေါ်မှာ မီးရှို့သတ်စေဗျား။

ထိုအချိန်မှာ ရှစ်နာရီမျှသာ ရှိသေး၍ ၁၂ နာရီထိုးရန် လေးနာရီလိုသေးသည်ဖြစ်သောကြောင့် မှုစ်တာဖားက ကျွန်တော့်အား ယခင်ကထားသည့် တဲကလေးထဲခေါ်သွင်းပြီးလျှင် မသေမီ ဝမ်းဝဝစားပါစေဆို၍ စားစရာများပို့ရန် အမိန့်ပေးလေသည်။

တောပုန်းများသည် ကျွန်တော့်အား တဲကလေးထဲသို့ခေါ်သွားကြ၍ ခြေလက်တို့ကို တုပ်နှောင်ခဲ့ရာ မကြာမီ ဝါစ်တီရမ်သည် ကြက်ပေါင်ကြော်တစ်ခုနှင့် ရေတစ်ချိုင့်တို့ တောင်းယူကာ တဲထဲသို့ ဝင်လာလေသည်။ ကျွန်တော်က ဤအဖြစ်အပျက်ကိုရေး၍ ဗြိတိသျှစစ်တပ်သို့ တစ်နည်းနည်းဖြင့် ရောက်အောင်ပို့ပေးရန် ဝါစ်တီရမ်အား မှာထားရသည်နှင့် စိတ်ချလက်ချရှိ၍ ကြက်သားအနည်းငယ်ကို စားသောက်နိုင်ပေသည်။

ဆယ်နာရီထိုးလတ်သော် မှုစ်တာဖားသည် တပည့်တစ်ယောက်နှင့်အတူ တဲဝသို့လာ၍ရပ်သည်။ တပည့်သည် မီးရှူးတစ်ခုကို ကိုင်ဆောင်လာရာ တဲတွင်း၌ကား မှောင်လျက်ရှိသည်။



ဖား။ ။ဘယ့်နှယ်လဲ အကျဉ်းသမား၊ အသင့်ရှိပြီလား။

တော်။ ။အချိန်လိုပါသေးတယ်။ နှစ်နာရီတောင် လိုပါသေးတယ်။

ဖား။ ။ကောင်းပြီလေ။ ကတိဆိုတာ ကတိပေါ့။ အချိန်နီးလာတော့ ဝါစ်တီရမ်က သေသေချာချာထုပ်ပြီး ထင်းပုံပေါ်မှာ ပို့ထားနော်။ ကျုပ်ကိုယ်တိုင် လာကြည့်မယ်။

ယင်းနောက် မှုစ်တာဖားထွက်သွား၍ မီးရှူးတိုင်နှင့်လူသည် တဲထဲသို့ ဝင်လာသည်။ ဤတွင် ဝါစ်တီရမ်သည် ကျွန်တော့်အနီးသို့ချဉ်းကပ်၍–

ရမ်။ ။ကိုကိုကြီး၊ ဒီလူက ကျုပ်လူပါ။ စိတ်ချရပါတယ်။ ကျုပ်တို့အသက်ကိုစွန့်ပြီး ခင်ဗျားကိုကယ်ဖို့ အစီအစဉ်လုပ်ထားတယ်၊ သို့သော် ခင်ဗျားလွတ်မြောက်ပြီး စစ်တပ်ထဲပြန်ရောက်လို့ ကျုပ်တို့လူစု လာတဲ့အခါကျတော့ ကျုပ်တို့ကိုလက်ခံဖို့ ဗိုလ်ချုပ်ကို ခင်ဗျားတိုက်တွန်းပေးပါမယ်လို့ သစ္စာပြုနိုင်ပါ့မလား။

တော်။ ။စိတ်ချပါ ဝါစ်တီရမ်။ ကျုပ်ပြောပေးပါ့မယ်။ ကျုပ်ပြောရင် ကာနယ်က လက်ခံပါတယ်။ ယုံကြည်ပါ။

ရမ်။ ။ကိုင်း၊ ဒါဖြင့် အချိန်မရှိဘူး။ မြန်မြန်လုပ်မှဖြစ်မယ်။

ယင်းသို့ ပြောပြီးနောက် ဝါစ်တီရမ်နှင့် တပည့်သည် ကျွန်တော့်အနီး၌ရှိသော အာမက်၏အလောင်းကို ကြိုးဖြင့်ချည်တုပ်၍ မျက်နှာကို အဝတ်နှင့်ပိတ်ဖုံးပတ်စည်းကြရာ ကျွန်တော့်မှာ နားမလည်နိုင်သဖြင့် ငေး၍သာ ကြည့်နေရပါသည်။ ထို့နောက် ကျွန်တော့်ကို အာမက်၏အလောင်းနေရာ၌ အိပ်စေ၍ ဝါစ်တီရမ်သည် တဲအပြင်သို့ ထွက်သွားပြီးလျှင် တပည့်လေးယောက်ကို ခေါ်ခဲ့၍ အာမက်အလောင်းကို ထင်းပုံပေါ်သို့တင်ထားရန် အမိန့်ပေးလိုက်သည်။

တပည့်လေးယောက်တို့သည် အာမက်အလောင်းကို ထင်းပုံပေါ်၌ တင်ထားခဲ့ပြီးနောက် တဲထဲသို့ ပြန်ရောက်လာကြသည်တွင် ဝါစ်တီရမ်က "အလောင်းကို ခင်ဗျားနေရာမှာထားပြီး ခင်ဗျားကို အလောင်းရဲ့ကိုယ်စား တောင်ထိပ်ပေါ်က ပစ်ချလိမ့်မယ်။ သို့သော် မကြောက်ပါနဲ့။ ကျုပ်လူတွေက ကြည့်လုပ်ပေးကြပါလိမ့်မယ်" ဟု ကျွန်တော်အား ပြောသေးသည်။

ထို့နောက် တပည့်လေးယောက်တို့သည် ကျွန်တော့်ကို ခြေထောက်မှနှစ်ယောက်၊ ဦးခေါင်းမှနှစ်ယောက် ကိုင်မြှောက်၍ တဲပြင်သို့ထုတ်လာကြရာ ကျွန်တော့်မှာ အံ့သြလွန်းအားကြီး၍ ဟစ်အော်လိုက်ချင်သလိုလို ဖြစ်မိပါသည်။ တောပုန်းများသည် မီးရှို့ပွဲကြည့်လို၍ ထင်းပုံပတ်ဝန်းကျင်၌ ဝိုင်းနေကြဟန်တူသဖြင့် ကျွန်တော့်အား ဆောင်ကြဉ်းသွားသည်ကို ကြည့်လိုသူပင် မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



တောင်နှစ်လုံးအကြားၗရှိသော ချပ်ကြီးတစ်ခုသို့ရောက်ကြသောအခါ ဝါစ်တီရမ်က "ဒီနေရာပဲ။ ပောဟိုမှာဆင်းတဲ့လမ်း၊ မြင်တယ်မဟုတ်လား" ဟု ပြော၍ ကျွန်တော့်ကို ချပေးကြသည်။ ထို့နောက် ကျွန်တော်တို့ ခြောက်ယောက်သည် ချပ်ကြားလမ်းမှ တောင်အောက်သို့ဆင်းလာကြရာ လပြည့်ကျော် ၃ ရက်လမင်း၏ အလင်းရောင်ကြောင့်သာလျှင် မကျိုးမပဲ့ မပွန်းမစုတ်ဘဲ ဤလောက်ခဲယဉ်းသော ချပ်ကြားလမ်းမှဆင်းနိုင်ကြသည်။ အတန်ကြာဆင်းကြ၍ ချုံများထူထပ်သောနေရာသို့ ရောက်လာကြသည်တွင် ကောင်းကင်ၗ လက်ခနဲဖြစ်သွား၍ ဝါစ်တီရမ်က "ပောဟိုမှာ ကြည့်စမ်းဗျို့။ ခင်ဗျားကို မီးရှို့နေကြပြီ"ဟု ပြောလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။ ဟုတ်ပါပေသည်။ ကျွန်တော်တို့ရောက်နေသောနေရာမှ တောင်ထိပ်သို့ အကွယ်အကာမရှိဘဲ ဟင်းလင်းကြီးဖြစ်၍ မြူးဖြောင့်လျက်ရှိရာ ထိပ်ဖျားၗရှိသော ထင်းပုံကို မီးစွဲလောင်သဖြင့် ထင်းပုံပေါ်ၗ တင်ထားသော အာမက်၏မျက်နှာတွင် ပတ်စည်းထားသည့် ပိတ်ဖြူကြီးကို ဖွေးဖွေးကြီးမြင်ရသည်။

ထို့နောက် ၅ မိနစ်ခန့်ကြာသည်တွင် တောင်ဘက်မျက်နှာမှ အလင်းရောင်ကြီးတစ်ခု လျှပ်ခနဲပေါ်လာပြန်ရာ ထိုမျက်နှာမှာ သွန်မဆင်၏စစ်တပ် ချထားသည့် ဌာနဖြစ်သည်ဟု သိရသဖြင့် ကျွန်တော့်မှာ ထပ်ဆင့်၍ ဝမ်းသာရပြန်သည်။ အကြောင်းမူကား ကာနယ်သွန်မဆင်၏ စစ်တပ်သည် တောင်ထိပ်မှ အချက်ပေးလိုက်သော အလင်းရောင်ကိုမြင်၍ နားလည်ပါသည်ဟု ဆိုသော အဓိပ္ပာယ်ဖြင့် တုံ့ပြန်အချက်ပေးသော မီးရောင်ဖြစ်သည်ဟု ကျွန်တော် သိရသောကြောင့်ပေတည်း။ သို့ဆိုလျှင် သွန်မဆင်၏ စစ်တပ်လည်း တပ်မကြီးနှင့်အတူ ဆုတ်ခွာမည်ဖြစ်၍ ရန်သူတို့ လက်တွင်းသို့ သက်ဆင်းနိုင်တော့မည် မဟုတ်ချေ။

ကျွန်တော်နှင့် ဝါစ်တီရမ်တို့လူစုသည် ကာနယ်ဂရေဟမ်၏ ရိဂျီမင့်တပ်သို့ ရောက်ကြသောအခါၗ တပ်မကြီးနှင့်အတူတကွ ဆုတ်ခွာရန်အတွက် ပစ္စည်းများအားလုံး သိမ်းဆည်းကြပြီးလေပြီ။ ကျွန်တော့်မှာ အပေါင်းအဖော်များက "ကွန်ဂရက်ကျူလေးရှင်း"ဆို၍ လက်ဆွဲယမ်းခါကြခြင်းများကို သည်းခံကြဖို့တောင်းပန်ထား၍ ဝါစ်တီရမ်တို့လူစုကို ကာနယ်ဂရေဟမ်ထံသို့ ခရီးရောက်မဆိုက်ခေါ်သွားကာ အဖြစ်အပျက်ကို ပြောပြသည်တွင် ကာနယ်မှအစ မေဂျာ၊ ကပ္ပတိန်၊ လက်ဖတင်နင့် အဆုံးရှိသော အင်္ဂလိပ်စစ်ဗိုလ်များက "ကွန်ဂရက်ကျူလေးရှင်း" လိုက်ကြပုံမှာ လက်မောင်းများ ပြုတ်ထွက်မတတ် ဖြစ်တော့သတည်း။

●

# မာစကတ်မြို့ သိမ်းပိုက်ပုံ

'စွန့်စားတော့ အောက်လူ၊ ဂုဏ်ယူတော့ အထက်လူကြီး'ဆိုသော စကားမှာ အစိုးရဌာနတိုင်းလိုလိုပင် ကြုံတွေ့ရသော အခြင်းအရာတစ်ခုဖြစ်ရာ အသက်ကို စွန့်စားရသော စစ်ဘက်တွင်လည်း ဤနည်းအတူပင် ဖြစ်ပါသည်၊ မက်ဆိုပိုတေးမီးယားစစ်မျက်နှာၗ မာစကတ်မြို့ကို ရန်သူ့လက်မှ သိမ်းပိုက်ရာတွင် အသက်ကို ဖက်နှင့်ထုပ်၍ စွန့်စားရသူမှာ ကျွန်တော်ဂျမဒါကိုကိုကြီးဖြစ်၍ ရာဇဝင်တွင် စာတင်ရန်ကား ကာနယ်၊ မေဂျာစသော ကော်မရှင်အရာရှိကြီးများ၏ နာမည်များသာ တွေ့ကြရပါသည်။ သို့ရာတွင် ရာဇဝင်ဆရာများက ကျွန်တော်၏အမည်ကို ဖော်ပြရန်သတိမရကြလျှင် ကျွန်တော်က ကိုယ့်ကလောင်ကို ကိုယ်သုံးပြီး တတ်နိုင်သောနည်းဖြင့် ဖော်ပြရပေတော့မည်။

ကျွန်တော်၏ဆရာ ကာနယ်ဂရေဟမ်သည် စစ်ပွဲတွင် ဒဏ်ရာရ၍ ခွင့်ရက်ရှည်ယူကာ အင်္ဂလန်သို့ပြန်သွားစဉ် ကျွန်တော့်အား ယင်း၏ညီဝမ်းကွဲ တော်သူ ကာနယ်လင်းဆေး၏ စစ်တပ်သို့ပို့ထားခဲ့ပါသည်။ ကာနယ်ဂရေဟမ်က ကျွန်တော့်အား အချစ်တော်အဖြစ်နှင့် မြှောက်စားသည်ကို ယင်းလက်အောက်ရှိ မေဂျာ

www.burmeseclassic.com



ကူမီးက မကြည့်နိုင်သဖြင့် ကျွန်တော့်အပေါ်တွင် မျက်မုန်းကျိုးလျက်ရှိရာ ကာနယ်ဂရေဟာမ်မရှိခိုက်တွင် ကျွန်တော်တို့၏စစ်တပ်ကို မေဂျာကူမီးက အုပ်ချုပ်ရမည်ဖြစ်၍ ကျွန်တော့်ကို 'ညှင်း'လိမ့်မည်ဟု ကာနယ်ဂရေဟာမ်က စိုးရိမ်ရာသည်။ သို့ဖြစ်၍ ကာနယ်ဂရေဟာမ်သည် သစ္စာရှိ၍ သတ္တိကောင်းသော တပည့်တစ်ယောက်အလိုရှိသည်ဟု ပြောဖူးသည့် ယင်း၏ညီ ကာနယ်လင်းဆေး၏ စစ်တပ်သို့ ကျွန်တော့်ကို ပြောင်းရွှေ့အပ်နှံထားခဲ့ခြင်း ဖြစ်ပေသည်။

ကာနယ်လင်းဆေး၏ ရိုဂျီမင့်စစ်တပ်သို့ ကျွန်တော်ရောက်သွားလျှင်ပင် ထိုတပ်မှ ဟာဗီလ်ဒါ၊ ဆူဗဒါ၊ ဂျမဒါ စသော ကော်မရှင်အရာရှိမဟုတ်သည့် ဗိုလ်ငယ်များသည် ကျွန်တော့်အကြောင်းကို ကြားနှင့်ထားကြသည်ဖြစ်၍ ရန်လုပ်ချင်သော မျက်နှာထားမျိုးနှင့် ကျွန်တော့်ကို ကြည့်ကြ၏။ ထိုအခါ၌ ကာနယ်လင်းဆေး၏ စစ်တပ်သည် ရန်သူ့လက်ဝယ်၌ ရှိနေသော မာစကတ်မြို့ကို ဝိုင်းထား၍ မြို့ထဲသို့ တစ်နေ့နေ့တွင် ရုတ်တရက် အတင်းဝင်တိုက်သိမ်းပိုက်ရန် အကြံပြုလျက်ရှိ၏။ ကျွန်တော်ရောက်သွား၍ ပထမည၌ ညစာစားလျက် ရှိစဉ် ကျွန်တော့်ကို ဗိုလ်ကလေးများ၏ စားပွဲ၌ ကော်မရှင်အရာရှိမဟုတ်သည့် ဆူဗဒါ၊ ဟာဗီလ်ဒါ၊ ဂျမဒါ အစရှိသည့် ဗိုလ်ငယ်ပေါင်း ၆ ယောက်ခန့် ထိုင်လျက်ရှိကြ၏။ ယင်းတို့အနက်တွင် ဘိုကပြားကလေးများ၊ အိန္ဒိယတိုင်းသားများနှင့် ကရင်တစ်ယောက်ပါရှိရာ ထိုသူတို့သည် ကျွန်တော်၏ သတ္တိကောင်း ခြင်းနှင့် အချစ်တော် (ဖေးဗရိတ်)ဖြစ်သည်ဆိုခြင်းကို မနာလိုသည့် လက္ခဏာနှင့် ကျွန်တော့်အား စိန်းစိန်းကြည့်ကြသည်။

ကျွန်တော်ကလည်း နယ်နယ်လူတစ်ယောက်မဟုတ်ကြောင်းကို ယင်းတို့ သိစေခြင်းငှာ မည်သည့်စစ်ပွဲ၌ တူရကီစစ်သားမည်မျှကို တစ်ယောက်တည်းနှင့် အနိုင်တိုက်ခဲ့ပုံ၊ ကာနယ်ဂရေဟာမ်၏ အသက်ကို မည်ကဲ့သို့ ကယ်ဆယ်ပုံစသည်များကို ပြောပြရာ ထိုသူတို့သည် ကျွန်တော်၏စကားကို ယုံကြည်သည့် လက္ခဏာမရှိဘဲ ပြုံးစိစိမျက်နှာထားများနှင့် နားထောင်ကြသည့်ပြင် တစ်ချက်တစ်ချက်တွင် တခစ်ခစ်ရယ်မောကြသေးသည်။ ယင်းသို့ရှိစဉ် ဘိုကပြားလေး တစ်ယောက်က ယင်း၏အဖော်များအား 'ဟေ့ ငါ့လူများ၊ ဒီက ရှေ့လျှောက်တော့ ဘာမှပူစရာမရှိတော့ဘူး။ ဂျမဒါကိုကိုကြီးတစ်ယောက်လုံး ရောက်လာပြီ။ သူ့အသံကြားရင် တူရကီတွေအားလုံး လန့်ပြီးပြေးကုန်မှာပဲ'ဟု ပြောလိုက်ရာ အခြားလူများက ဝေါခနဲရယ်မောကြသည်။

ဤတွင် ကျွန်တော့်မှာ မချုပ်တည်းနိုင်သော ဒေါသထွက်လာ၍ ထိုင်ရာမှ ဝေါက်ခနဲထပြီး 'ဟေ့။ မင်းတို့က ငါ့ကို လေအိုးတစ်ယောက် မှတ်နေကြသလား



ကွ။ ကောင်းပြီ ငါ့အကြောင်းကို မင်းတို့ သိစေမယ်။ ငါနဲ့တစ်ယောက်ချင်း ဘယ်သူတိုက်ဝံ့သလဲ၊ ထွက်ခဲ့စမ်း'ဟု မေးလိုက်ရာ အားလုံးကပင် ဝေါခနဲ ထပ်၍ ရယ်မောကြပြန်သည်။

'ဟေ့ကောင်တွေ ဒီလိုရယ်နေလို့ မပြီးဘူးကွ၊ ငါ့ကို လေကြွားတစ် ယောက် ထင်ကြရင် ဟုတ်မဟုတ် စမ်းကြည့်ဖို့ မင်းတို့တာဝန်ရှိတယ်'ဟု ပြောလိုက်ရာ ဘိုကပြား သွန်မဆင်က 'မင်းဘယ်သူနဲ့ သတ်ချင်သလဲ'ဟု ပြန်မေး၏။

'မင်းနဲ့ ရှေးဦးစွာ သတ်ချင်တယ်ကွ'

'စိန်လိုက်ကွာ၊ သဘောတူတယ်'

'မင်းနဲ့တင်မပြီးသေးဘူး၊ ငါ့ကိုရယ်တဲ့လူတွေအားလုံးနဲ့ သတ်ချင်တယ်'

'ငါ့တစ်ယောက်ကိုပဲ နိုင်အောင်သတ်ကြည့်ပါဦး မောင်ရာ'

'မင်းလိုကောင်တော့ အပျော့ပေါ့ကွ။ ငါက တစ်ယောက်ပြီးတစ် ယောက် အားလုံးသတ်မယ်၊ မင်းတို့ခြောက်ယောက်လုံး ထွက်ခဲ့ကြ'

အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ဆိုသော စကားကဲ့သို့ နောက် တွင် ကျွန်တော်သည် နံနက်ခြောက်နာရီတိတိအချိန်တွင် ဘိုကလေး ခြောက်ယောက်လုံးနှင့် တစ်ယောက်ပြီးတစ်ယောက်သတ်ရန် အားလုံးသဘောတူချိန်းဆို၍ နေရာနှင့်တကွ သတ်မှတ်ကြသည်။ လက်နက်မှာ ဓားရှည်ကိုယ်စီကိုင်ရန် ဖြစ်လေသည်။ အမှန်ကိုဆိုရလျှင် ကျွန်တော်မှာ စစ်ထဲသို့မလိုက်မီကတည်းက ရှမ်းဆရာတစ်ယောက်ထံတွင် ဓားသိုင်း၊ တုတ်သိုင်း၊ လှံသိုင်းများ လေ့ကျင့်သင်ကြားခဲ့သည့်ပြင် စစ်ထဲတွင်လည်း ဆက်လက်၍ အလေ့အကျင့် ရရှိထားသည်ဖြစ်သောကြောင့် ထိုလူခြောက်ယောက်ကို လုံးဝ'မမှု'ချေ။

အစစအရာရာ စီမံပြီးသဖြင့် ကိုယ့်အိပ်ရာသို့ ကိုယ်သွားကြတော့မည် ပြုဆဲတွင် လက်ဖတင်နင်အရာရှိကလေးတစ်ယောက် ပျာယီးပျာယာ ဝင်လာသည်။

'အသက်စွန့်ပြီးလုပ်ရမယ့် အလုပ်တစ်ခုပေါ်လာတယ်။ ငါတို့က တာဝန်မပေးချင်ဘူး။ ကိုယ့်သဘောနဲ့ကိုယ် မင်းတို့ထဲက ဘယ်သူ ဗော်လန်တီယာလုပ်မလဲ'

'ကျွန်တော်လုပ်ပါရစေ'

'ကျွန်တော်လုပ်ပါ့မယ်'

'ကျွန်တော်စွန့်ပါရစေ'

ကျွန်တော်နှင့်တကွ အားလုံးကပင် ထွက်ဆိုကြသည်။ ဤတွင် ကျွန်တော်ကား–

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လုပ်ထိုက်ပါတယ်၊ ဒီဘပ်မှာ ကျွန်တော်က လူသစ်ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဘယ်လိုလူဆိုတာ အားလုံးသိသွားအောင် ကျွန်တော့်ကို ရှေးဦးစွာ အလှည့်ပေးသင့်ပါတယ်'

အခြားသော ဘိုကလေးများသည် လက်ဖတင်နင်၏မျက်နှာကို တိတ်ဆိတ်စွာ ကြည့်နေကြရာ လက်ဖတင်နင်က 'ကောင်းပြီ၊ ဂျမဒါကိုကိုကြီးကို ကျုပ်လက်ခံတယ်' ဟုပြော၍ ကျွန်တော့်ကို ခေါ်သွားလေသည်။

မိုးကာတဲတစ်ခုသို့ ရောက်ကြသောအခါ ကာနယ်လင်းဆေးနှင့် မေဂျာတစ်ယောက်သည် မြေပုံကြီးတစ်ခုကို မှန်အိမ်၏အလင်းရောင်ဖြင့် ဖြန့်ကြည့်လျက်ရှိရာ လက်ဖတင်နင်က

'ဂျမဒါကိုကိုကြီးက စွန့်စားဖို့ သဘောတူပါတယ်'

ကာနယ်လင်းဆေးသည် အားရသောမျက်နှာထားနှင့် ကျွန်တော့်ကို လှမ်းကြည့်လျက် 'ရော့၊ ဟောဒီဆေးပြားကလေးယူထား။ အရေးအကြောင်းရှိရင် ပါးစပ်ထဲထည့်လိုက်။ သုံးစက္ကန့်အတွင်း လောကကြီးကို မင်းဘာမှမသိတော့ဘူး' ဟုပြော၍ ရွှေစေ့ခန့်ရှိသော ညိုတိုတိုဆေးပြားကလေးကို ကျွန်တော်၏လက်သို့ ပေးအပ်လေသည်။ သေဖို့အသင့်ပြင်ထားပြီးဖြစ်သော ကျွန်တော်သည်ပင်လျှင် ဆေးပြားကို လှမ်းယူသောအခိုက်တွင် ကျောရိုးထဲ၌ စိမ့်ဆင်းသွားသေးသည်။

တော်။ ။စွန့်စားဖို့ အသင့်ပါပဲကာနယ်။ ကိစ္စကိုသာ သိပါရစေတော့။

နယ်။ ။(လက်ဖတင်နင်အား လှမ်းကြည့်လျက်)ဘယ့်နယ်လဲ၊ ဘယ်ပုံစွန့်စားရမယ်ဆိုတာကို ပြောမပြဘဲနဲ့ အရမ်းခေါ်လာခဲ့သလား။ ဒီလိုဆို ဘယ်မှာတရားပေမလဲ လက်ဖတင်နင်။

တော်။ ။ကိစ္စမရှိပါဘူးကာနယ်။ များများကြီးစွန့်စားရလေလေ၊ များများကြီး ဂုဏ်ရှိလေလေဖြစ်လို့မို့ ကျွန်တော့်အဖို့မှာတော့ ဘေးအန္တရာယ်များချင်တိုင်းများ သဘောကျပါတယ်။ ဘေးအန္တရာယ်မရှိတဲ့ အချောင်အလုပ်မျိုးဖြစ်နေမှာလောက်ကိုသာ ကျွန်တော် စိုးရိမ်ပါတယ်။

ဤတွင် ကာနယ်နှင့်တကွ အခြားစစ်ဗိုလ်များသည် ကျွန်တော့် စကားကို အားရသောအမူအရာနှင့် ဦးခေါင်းညိတ်ကြသည်။ ဤစစ်တပ်သို့ ရောက်ခါစအချိန်တွင် အထက်တန်းစစ်ဗိုလ်များက ကျွန်တော့်အပေါ်၌ ဤကဲ့သို့ အထင်ကြီးခြင်းကို ကျွန်တော်မြင်ရသည်တွင် ဆောင်ရွက်ရမည့်ကိစ္စအတွက် ထိုနေ့ည ကျွန်တော် သေရစေကာမူ ကျွန်တော်၏ နာမည်တစ်လုံး ကျန်ရစ်ရမည်ဟူ၍ အားတက်မိပါသည်။



ထိုအခါ ကာနယ်လင်းဆေးသည် အနီးရှိမေဂျာအား ကျွန်တော်ဆောင်ရွက်ရမည့် အလုပ်ကိစ္စအကြောင်းကို ကျွန်တော့်အား ရှင်းလင်းပြောပြရန် အမိန့်ပေးရာ မေဂျာသည် ကျွန်တော့်ကို တဲဝသို့ခေါ်၍ အောက်ပါအတိုင်း ပြောပြသည်။

မေ။ ။ဟောဟိုက မြို့ရိုးကြီးကို မြင်ရလား။

တော်။ ။မြင်ပါတယ်။

မေ။ ။အဲဒါ မာစကတ်မြို့ရိုးပဲ။

'ဟိုဘက်မှာ ရန်သူတွေရှိတယ်။ ရန်သူဆိုတာ စစ်သားရော၊ မြို့သူမြို့သားရော ပါတယ်။ စစ်ထိုးစမှာတော့ မြို့ကိုကာကွယ်တဲ့တပ်ကြီး ကျဆုံးရတယ်ဆိုရင် မြို့ကိုပါ တစ်ခါတည်းသိမ်းပိုက်တယ်။ မာစကတ်မြို့အခက်အခဲကတော့ ခံတပ်ကိုဖြိုဖျက်ပြီးလို့တောင် မြို့သူမြို့သားတွေက မြို့ရိုးကြီးအတွင်းက ခုခံကြလေတော့ ရက်တရက်မသိမ်းပိုက်နိုင်အောင် ဖြစ်နေတယ်။ မြို့ရိုးကို အမြောက်ပစ်ဖြိုရင် ဖြစ်တော့ဖြစ်တယ်။ သို့သော် မြို့ရိုးက အင်မတန်ထူထပ်လေတော့ ယမ်းတောင့်အမြောက်အမြားနဲ့ ဖြုန်းရလိမ့်မယ်။ ဒီမြို့အတွက် အခုအချိန်မှာ အမြောက်ကျည်ဆန်များများကြီး မဖြုန်းနိုင်အောင် ဖြစ်နေတယ်။ ကျုပ်တို့သိထားတဲ့အချက်တစ်ခုဟာက မြို့ရိုးအနီးမှာ ကပ်နေတဲ့ ဗလီကြီးထဲမှာ ခဲယမ်းမီးကျောက်တွေ အမြောက်အမြား သိုလှောင်ထားသတဲ့။ အဲဒီခဲယမ်းမီးကျောက်တွေထားတဲ့ အခန်းကို ဖောက်ခွဲလို့ရှိရင် မြို့ထဲကို ကျွန်ုပ်တို့ အလွယ်ကလေးပဲ။

တော်။ ။ဒီအခန်းကိုရောက်အောင် ဘယ်လိုချဉ်းကပ်မလဲ မေဂျာ။

မေ။ ။ကျွန်ုပ်ပြောပြမယ်။ ဒီမြို့ထဲမှာ ဒူးမောင်းခေါ် ကပြားတစ်ယောက်ရှိတယ်။ သူ့ကို ကပြားမှန်းမသိကြဘူး။ အမှန်က ကျွန်ုပ်တို့လူပဲ။ သူက ကျွန်ုပ်တို့ဆီကို မကြာမကြာသတင်းပို့တယ်။ ခုနကပြောတဲ့ ယမ်းတိုက်ကို ဖောက်ခွဲပေးမယ်လို့ ကတိပေးတယ်။ သူက မနက်စောစောအချိန်မှာ ဖောက်ခွဲပေးပါ့မယ်လို့ ပြောထားလေတော့ ကျွန်ုပ်တို့စစ်တပ်က စောင့်ကြည့်နေကြတယ်။ သူက အထဲက ဖောက်ခွဲလိုက်တာနဲ့တစ်ပြိုင်နက် ကျွန်ုပ်တို့စစ်တပ်က ချက်ချင်းဝင်ဖို့ စောင့်နေတယ်။ အခု နှစ်ရက်ရှိသွားပြီ။ သူ့ဆီက ဘာမှ သတင်းမကြားရဘူး။ ယမ်းတိုက်လည်း မကွဲဘူး။ ဒါကြောင့် ဒူးမောင်းဘာဖြစ်နေသလဲလို့ ကျွန်ုပ်တို့ သိချင်တယ်။

တော်။ ။ဒူးမောင်းကို ကျွန်တော် သွားတွေ့စေလိုတယ်ဆိုပါတော့။

မေ။ ။မှန်တယ်။ ဒူးမောင်း ဒဏ်ရာရသလား၊ သေသလား၊ ဘာဖြစ်သလဲ သိချင်တယ်။ ဒီအကြောင်းကိုမသိရရင် သူ့ကိုစောင့်ကြည့်နေရမလား၊ သို့မဟုတ် အခြားတစ်နည်း စီမံရမလား။ ကျွန်ုပ်တို့ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ဟောဒါက မာစကတ်မြို့မြေပုံပဲ၊ ဗလီကြီးတွေ တော်တော် များတယ်။ ဟောဒီဟာက ယမ်းတိုက်ရှိတဲ့ ဗလီပဲ။ ဟောဒါက ဒူးမောင်းနေတဲ့ လမ်းပဲ။ သူ့ အိမ်ကလေးက ဖိနပ်ဆိုင်နဲ့ အရက်ဆိုင်ကြားမှာရှိတယ်။ လမ်းကတော့ ဟောဒီ လမ်းပဲ၊ မြင်ရဲ့မဟုတ်လား။

တော်။ ။မြင်ပါတယ် မေဂျာ။

မေ။ ။သူ့အိမ်ကို ရောက်အောင်သွား၊ သူ့ကိုတွေ့အောင်ရှာပြီး သူ့အကြံ အတိုင်းဖြစ်နိုင် မဖြစ်နိုင်မေးဖို့ပဲ။ ရော၊ ဝတ်တော့၊ ဟောဒါဝတ်သွား ပေတော့။

ဤတွင် မေဂျာသည် အထုပ်တစ်ထုပ်ကို ကျွန်တော့်အား ပေးအပ်ရာ ယင်းမှာ မူဆလင်ဟာဇီကြီးများ ဝတ်လေ့ရှိသည့် အင်္ကျီရှည်ကြီးဖြစ်သည်ဟု သိရ သည်။

မေ။ ။ကိုင်း၊ သွားပေတော့၊ ဆာဂျင်တစ်ယောက် လိုက်ပို့လိမ့်မယ်။ ဒူး မောင်းကိုတွေ့ရင် မနက်လေးနာရီမှာ ထုံးစံအတိုင်း အသင့်စောင့် နေမယ်လို့ ပြောလိုက်ပေတော့။

ယင်းနောက်မေဂျာသည် ဆာဂျင်တစ်ယောက်ကိုခေါ်၍ ကျွန်တော့် အား မြို့ရိုးသို့ရောက်အောင် လိုက်ပို့ရန်မှာထားရာ ကျွန်တော်သည် ယူနီဖောင်းကို ချွတ်၍ ဟာဇီကြီးအဝတ်သို့ ပြောင်းလဲကာ ဆာဂျင်နှင့်အတူ ထွက်လာခဲ့သည်။

ရန်သူကင်းစောင့်များသည် မြို့ရိုးကြီးပေါ်မှစောင့်၍၊ မည်းခနဲမြင်လျှင်ပစ် ခတ်တတ်ကြသောကြောင့် ကျွန်တော်တို့သည် ကျွန်တော်တို့၏ စစ်တပ်နယ်နိမိတ် အတွင်း၌ လျှောက်လာစဉ်ကပင် သတိနှင့်လျှောက်လာကြရ၏။ မြို့ရိုးသို့ ရောက် ကြသောအခါ ကျွန်တော်တို့သည် သင့်တော်သောနေရာကို ရွေးချယ်ရာတွင် မြို့ရိုးနှင့်ကပ်လျက် ပေါက်နေသော သစ်ပင်ကြီးတစ်ပင်သို့ရောက်ကြ၍ ဆာဂျင် လည်း ရပ်တန့်နေလေ၏။

မေ။ ။ကိုင်း၊ ဒီနေရာက တက်ပေတော့။ အကောင်းဆုံးနေရာပဲ။ သစ်ပင် ပေါ်ရောက်တော့ သစ်ကိုင်းပေါ်ကနေပြီး ဟောဟိုအိမ်မိုးပေါ် လှမ်း တက်ရင် အလွယ်ကလေးပဲ။ အိမ်ပေါ်ရောက်တဲ့အချိန်ကစပြီး ကိုယ့်ဉာဏ် ကိုယ်သာ သုံးပေတော့။ ကျွန်ုပ်ရဲ့တာဝန်ကတော့ ဒီနေရာအထိသာ လိုက်ပို့နိုင်တယ်။ ကိုင်း၊ သွားပေတော့ ဆရာ။

ဆာဂျင်မှာ မြန်မာတစ်ယောက်ဖြစ်၍ ရွှေတိဂုံဘုရားကို အာရုံပြုဖို့ သတိ ပေးလိုက်ရှာသေးသည်။



ကျွန်တော်သည် သစ်ပင်ကိုတွယ်တက်ခဲ့စဉ်က တစ်ခြမ်းပဲ့သော လ ကလေးသည် ကောင်းကင်၌ တိမ်ပုပ်ကင်းစင်သဖြင့် ကြည်လင်စွာ တောက်ပ လျက်ရှိ၏။ မြို့ရိုးပေါ်သို့ မိုးနေသော အိမ်ခေါင်ကိုလည်း လရောင်တွင် ထင်ရှား စွာ မြင်ရ၏။ သစ်ပင်ထိပ်ဖျားသို့ ရောက်လုနီးသောအခါ အိမ်မိုးဘက်သို့ ကိုင်း သွားသော သစ်ကိုင်းကြီးတစ်ကိုင်းကိုမြင်၍ ယင်းမှလျှောက်သွားရလျှင် အိမ်မိုး ပေါ်သို့ ရောက်နိုင်လိမ့်မည်ဟူ၍လည်း သိရ၏။ ထိုခဏ၌ ခြေသံများ ရုတ်တ ရက်ကြားရသည်နှင့် ကျွန်တော်သည် ပင်စည်တွင် တွယ်ကပ်၍ လူနှင့် သစ်ပင် တစ်သားတည်းဖြစ်နေအောင် ပုန်းနေလိုက်ရာတွင် လူတစ်ယောက်သည် အိမ်ခေါင် မိုးတစ်လျှောက် လျှောက်၍ ကျွန်တော့်ဘက်သို့ လာနေသည်ကို မြင်ရ၏။ ထိုသူ သည် လေးဘက်တွားလျက် လျှောက်လာသည်ဖြစ်၍ ယင်း၏ ကျော၌ပိုးထား သော သေနတ်သည် ဦးခေါင်းထက်မှ မိုးထွက်နေခြင်းကိုလည်း မြင်ရ၏။ ထို သူ၏အမူအရာကို ကြည့်ခြင်းအားဖြင့် တစ်စုံတစ်ရာကို မသင်္ကာသည့်အတွက် ကြောင့် သတိနှင့်တွား၍ လာခြင်းဖြစ်သည်ဟု သိနိုင်၏။ ကျွန်တော် ပုန်းအောင်း နေသော နေရာနှင့် ခြောက်တောင်ခန့်ကွာလှမ်းသည့် အမိုးစွန်းသို့ ရောက်သော အခါ ထိုသူသည် သေနတ်ကိုကျောမှဖြုတ်၍ ဒိုင်းခနဲပစ်လိုက်ရာ ကျွန်တော့်မှာ အကြီးအကျယ် လန့်သွားသဖြင့် သစ်ပင်မှ ပြုတ်ကျမသွားသည့်အတွက် ကံ ကောင်းပေသေးသည်။

နောက်ခဏ၌ သစ်ပင်အောက်မှ 'အလိုလေးဗျ'ဟု လန့်အော်လိုက်သော အသံနှင့် တခစ်ခစ်ရယ်လိုက်သောအသံကို ကြားရသည်တွင်မှ ကျွန်တော့်မှာ အဓိပ္ပာယ်ကို နားလည်တော့သည်။ ကျွန်တော့်ကို လိုက်ပို့သော ဆာဂျင်သည် သစ်ပင်ထိပ်သို့ရောက်အောင် ကျွန်တော်တက်သည်ကို စောင့်ကြည့်မိရာသည်တွင် မြို့ရိုးမှကင်းစောင့်က မြင်သည်နှင့် ချောင်း၍ပစ်လိုက်ခြင်းဖြစ်သည်။ ထိုနောက်၌ပင် သစ်ပင်အောက်မှ ညည်းညူသံများနှင့် မြို့ရိုးထက်မှ အားရရွှင်မြူးသော ရယ်မော သံတို့သည် ကျွန်တော်၏နားထဲသို့ ဆက်လက်တိုးဝင်နေသေး၏။ အတန်ငယ် ကြာသောအခါ မြို့ရိုးပေါ်မှလူသည် သစ်ပင်အောက်၌ရှိသော ဆာဂျင်ကို ကိစ္စ တုံးအောင် လတ်စသတ်ပေးလိုသောကြောင့်ပေလော၊ သို့တည်းမဟုတ် ဆာဂျင် ၏ အိတ်ထဲ၌ မည်သည့်ပစ္စည်းများ ရှိလေသည်ဟု စုံစမ်းလိုသောကြောင့်ပေလော မပြောတတ်။ ထိုသူသည် မိမိ၏ သေနတ်သံကြောင့် တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှား မရှိဘဲ ငြိမ်သက်လျက်ရှိသည်ကို တွေ့ရသည်တွင် သေနတ်ကိုချထား၍ သစ်ကိုင်း သို့ခုန်ဆင်းလိုက်၏။ ကျွန်တော်သည် ခါးထဲမှ ဓားမြှောင်ကိုထုတ်၍ ထိုသူ၏ ရင်ဝသို့ အားကုန်ထိုးနှက်လိုက်သဖြင့် အင့်ခနဲ မြည်သံကြားရသည့်နောက် မြေ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ဖုတ်ခနဲလိမ့်ကျသောအသံကလည်း ဆက်လက်ဖြစ်ပေါ်လာတော့သည်။ နောက်ခဏ၌ သစ်ပင်အောက်မှ ချိုးချိုး ချွတ်ချွတ်မြည်သံကြားရခြင်းနှင့်အတူ 'သေဟာ အကောင်၊ သေဟာ သေဟာ'ဟူ သောအသံများကိုလည်း ကြားရသည်နှင့် ဆာဂျင်မှာ ရန်သူကိုလက်စားချေခွင့် ရသည်ဟု ကျွန်တော်တွေးတောမိသည်။

ကျွန်တော်သည် သစ်ကိုင်းများအကြားတွင် အတန်ကြာအောင် စောင့်နေ၍ တစ်စုံတရာမျှ လှုပ်လှုပ်ရွရွမကြားရတော့ဘဲ မာစကတ်မြို့တွင်းရှိ နာရီစင်ကြီးမှ ၁၂ ချက်တီးသော အသံများကို ကြားရသည်နှင့် စိတ်ချရလောက်ပြီဆိုကာ သစ်ကိုင်းပေါ်မှ အိမ်ခေါင်မိုးပေါ်သို့ လှမ်းကူးလိုက်၏။ အိမ်မိုးပေါ်၌ ထိုလူ၏သေနတ်ကိုတွေ့ရသောအခါ ယင်းကိုသူ၏အဖော်များတွေ့ရလျှင် သဲလွန်စ ရသွားလိမ့်မည်ဟု တွေးလိုက်မိသည်နှင့် သေနတ်ကို အောက်သို့ပစ်ချလိုက်သည်။ ထို့နောက် အိမ်ခေါင်မိုးမှ အောက်သို့ဆင်းသက်ရန် နည်းလမ်းများကိုစုံစမ်းပါတော့သည်။

ကျွန်တော်၏အကြံမှာ ထိုလူတက်လာသော လမ်းအတိုင်း ဆင်းသက်ရန်ဖြစ်၍ မည်သည့်လမ်းမှ ထိုသူတက်လာသည်ကို စုံစမ်းစဉ် 'အာမက်၊ အာမက်'ဟု ခေါ်သံကြားရ၍ အသံကြားရာသို့ ကြည့်လိုက်သောအခါ အိမ်မိုးခေါင်ပေါ်သို့ ပြူထွက်နေသော ဦးခေါင်းတစ်လုံးကို မြင်လိုက်ရသည်။ ထိုသူကား အိမ်မိုး၌ဖောက်ထားသည့် ကောင်းကင်ပေါက်မှ ပြူကြည့်ခြင်းဖြစ်ရမည်ဟု ကျွန်တော်စဉ်းစားမိသည်။ မည်သူကမျှ တုံ့ပြန်၍ မထူးဘဲရှိသည်တွင် ဦးခေါင်းရှင်သည် တစ်ကိုယ်လုံးထွက်လာ၍ ယင်းနောက်မှ လူသုံးယောက်လည်း ထွက်ပေါ်လာကြသည်။ ကျွန်တော်သည် သေနတ်ကို အောက်သို့ပစ်မချထားခဲ့ပါမူ ထိုလူများသည် သေနတ်ကိုမြင်၍ စုံစမ်းကြသည်တွင် ကျွန်တော့်ကို တွေ့ချေတော့မည် ဧကန်ဖြစ်သည်။ ယခုမှာကား ထိုလူများသည် သဲလွန်စ တစ်စုံတစ်ရာ မတွေ့ဘဲရှိသည်တွင် သူတို့လူအာမက်သည် အိမ်မိုးခေါင်တစ်လျှောက် အခြားဘက်သို့ ထွက်သွားသည်အထင်နှင့် ကျွန်တော့်ကိုကျော်ခိုင်းလျက် အခြားဘက်သို့ လိုက်သွားကြ၏။ ယင်းတို့ထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ယင်းတို့ထွက်လာသော ကောင်းကင်ပေါက်သို့သွား၍ လှေကားဖြင့်အောက်သို့ ဆင်းသွားရာ အိမ်ထဲတွင်လူတစ်ယောက်မျှ မတွေ့ရဘဲ တစ်အိမ်လုံးကို ဖောက်ထွက်၍ လမ်းပေါ်သို့ရောက်လာခဲ့သည်။

ရှေးဦးစွာ ရောက်သောလမ်းမှာ လမ်းကျဉ်းကလေးဖြစ်၍ ယင်းမှ တစ်ဖန် လမ်းကျယ်ကြီးပေါ်သို့ ရောက်လာသည်တွင် သန်းခေါင်ကျော်ဖြစ်၍ လူအသွားအလာ နည်းသော်လည်း လမ်းနံဘေးရှိ မီးပုံများအနီးတွင် အိပ်ပျော်လျက်ရှိသော



စစ်သားများနှင့် မြို့စောင့်တပ်သားများကို တွေ့ရသည်။ မြို့ကို ကျွန်တော်တို့စစ်တပ်က ဝိုင်း၍ပိတ်ထားကတည်းက ရောဂါဖြစ်၍သေဆုံးသည့် အလောင်းများမှာ ဤနေရာထိုနေရာများတွင် မမြှုပ်နိုင်ဘဲ ပစ်ထားရသည်ဖြစ်၍ တစ်မြို့လုံး ပုပ်ဟောင်လျက်ရှိ၏။ ကျွန်တော်သည် မဏ္ဍာပြန်ဟာဇီများဝတ်သည့် ခေါင်းမြီးခြုံအဝတ်ကြီးနှင့် ခပ်သုတ်သုတ်လျှောက်သွားစဉ် တစ်ယောက်သည် ကီဇွရှိဟန်နှင့် ကျွန်တော်၏လက်မောင်းကိုလိုက်ဆွဲရာ ကျွန်တော်က ဘုရားဝတ်ပြုရန် အရေးကြီးဟန်ဖြင့် ဇလီသို့လက်ညှိုးညွှန်လျက် လျှောက်သွားသည်နှင့် ထိုလူလည်းငေးကျန်ရစ်သည်။

ကျွန်တော်တွေ့ရမည့် ဒူးမောင်းနေသောလမ်းသို့ ရောက်သောအခါ ထိုလမ်းမှာ ကျွန်တော်တို့စစ်တပ်ချထားသောနေရာနှင့် အဝေးဆုံးသော မြို့ပိုင်း၌ရှိသည်ဖြစ်၍ စစ်သားများမရှိဘဲ လူအနည်းငယ်မျှသွားလာနေကြသည်ကို တွေ့ရသည်။ သန်းခေါင်ကျော်သော်လည်း စစ်အခြေအနေကြောင့် အိမ်တိုင်း တံခါးမပိတ်သေးဘဲ မီးကလေးတလက်လက် ထွန်းထားသည်ကို တွေ့ရ၏။ မြေပုံတွင် ဖော်ပြပါရှိသည့် ဖိနပ်ဆိုင်နှင့်အရက်ဆိုင်အကြားရှိ နေအိမ်သို့ ရောက်သောအခါ မီးရောင်မမြင်ရသည့်ပြင် တံခါးလည်း ပိတ်ထားသည်ကို တွေ့ရသည်။ ကျွန်တော်သည် လူသွားလူလာ ပြတ်စဲခိုက်ကိုစောင့်၍ တံခါးအနီးသို့ ချဉ်းကပ်ပြီးလျှင် လက်ဖြင့်တွန်းကြည့်သောအခါ တံခါးမှာ ကလန့်မချသောကြောင့် ပွင့်သွားသည်နှင့် ကျွန်တော်လည်း အရဲစွန့်၍ အိမ်ထဲသို့ ဝင်သွားလေသည်။

အိမ်ထဲ၌ မှောင်အတိပြီး၍ တစ်စုံတစ်ရာမမြင်ရဘဲ လက်ဖြင့်စမ်းသပ်ကာ တဖြည်းဖြည်းလျှောက်သွားသည်တွင် စားပွဲတစ်ခု၏ အစွန်းကိုစမ်းမိသည်။ ဤနေရာတွင် ကျွန်တော်ရပ်တန့်၍ စဉ်းစားသည်ကား ဤအိမ်သည် ဒူးမောင်း နေသောအိမ်ဖြစ်သည်ဆိုသော်လည်း တစ်ယောက်တည်းနေသည်။ သို့မဟုတ် သူတစ်ပါးအိမ်၌ တည်းခိုနေထိုင်ခြင်းဖြစ်သည်ဟု အမှန်မသိရ။ အကယ်၍ သူတစ်ပါးအိမ်၌ တည်းခိုနေခြင်းဖြစ်ခဲ့လျှင် ကျွန်တော် ရောက်လာခြင်းအတွက်ကြောင့် သူရောကိုယ်ပါ ဒုက္ခရောက်၍ ကျွန်တော်၏ ကိစ္စကြီးလည်း ပျက်စီးရတော့မည် စသည်ဖြင့် စိတ်ကူးလျက်ရှိစဉ် 'အိုး၊ မိုင်ဂေါ့ဒ်'ဟု အင်္ဂလိပ်လို ညည်းတွားလိုက်သောအသံကို အနီးမှကပ်၍ကြားလိုက်ရသည်နှင့် ကြက်သီး ထမတတ်လန့်သွားတော့သည်။ ထိုအသံမှာ ပြင်းပြစွာသော ဝေဒနာခံစားခိုက်တွင် ညည်းတွားရရှာသော အသံဆိုးကြီးနှင့် တူသည့်ပြင် ညည်းပြီးနောက် တိတ်ဆိတ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြောက်ရွံ့တုန်လှုပ်သောအခါတွင် လူသည် ကိုယ့်အသံကိုယ် ကြားရခြင်းအားဖြင့် အားတက်တတ်သော သဘာဝရှိသည်ဖြစ်၍ အသံပေးသောသဘောနှင့် 'ဘယ်သူလဲ'ဟု ကျွန်တော်က အင်္ဂလိပ်လိုမေးရာတွင် တုံ့ပြန်ဖြေဆိုခြင်းမရှိဘဲ တိတ်ဆိတ်စွာပင် ရှိနေ၏။ ထို့နောက်တွင်မှ ကျွန်တော်သည် စိတ်ကူးရသည်နှင့် 'ဒူးမောင်းလား'ဟု မေးလိုက်ရာ 'ဟုတ်ပါတယ်၊ ရေတစ်ခွက်ပေးပါ'ဟု ပြန်ပြော၏။

ကျွန်တော်သည် အသံကြားရာသို့ တိုးသွားသောအခါ နံရံကိုသာတွေ့ရ၍ အံ့သြစွာနှင့်ရပ်တန့်နေစဉ် အထက်အရပ်မှ ညည်းတွားသံကြားပြန်သည်နှင့် လက်ဖြင့်စမ်းလိုက်သည်တွင် ခြေထောက်တစ်ဖက်ကို စမ်းမိသည်။ ခြေထောက်မှာ တစ်စုံတစ်ခုပေါ်တွင် ရပ်တည်နေခြင်းမဟုတ်။ လေထဲ၌ တွဲရရွဲဖြစ်နေ၏။ ဤတွင်မှ ဖြစ်ချင်ရာဖြစ်စေဟု အောက်မေ့ကာ မီးခြစ်ကိုခြစ်ကြည့်လိုက်ရာ နံရံတွင် တန်းလန်းကြီးဖြစ်နေသော လူကိုမြင်ရ၍ လန့်သွားသေးသည်။ သေသေချာချာကြည့်သောအခါမှ နံရံတွင်ကပ်၍ လက်နှင့်ခြေထောက်များတွင် သံမှိုကြီးများ စွဲနက်ထားခြင်းကို မြင်ရသဖြင့် ကိုယ်ချင်းစာသော သဘောနှင့် တစ်ကိုယ်လုံး တွန့်သွားမိသည်။

ထိုသူသည် ဦးခေါင်းကို တည့်မတ်စွာ မထားနိုင်ဘဲ ဇက်ကျိုးလျက် ကျနေသည်ဖြစ်ရာ နက်ပုပ်သောလျှာသည် ခံတွင်းမှတစ်လစ်ကြီး ထွက်နေတော့သည်။ ယင်းအား ညှင်းဆဲသူများသည် အခံရခက်သည်ထက် ခက်စိမ့်သောငှာ ထိုသူမြင်နိုင်လောက်သောနေရာ၌ စားပွဲပေါ်တွင် ရေဖန်ခွက်တည်ထားကြသေးသည်။ ကျွန်တော်သည် ရေဖန်ခွက်ကိုယူ၍ စားပွဲပေါ်သို့တက်ပြီးလျှင် သူ၏ ပါးစပ်သို့ ရေခွက်ကိုတေ့ကပ်ပေးရာ တစ်ကျိုက်နှစ်ကျိုက် သောက်နိုင်ရှာသည်နှင့် ခွန်အားပြည့်တင်းပုံရလာသည်။ စားပွဲပေါ်တွင် ဖယောင်းတိုင်များတွေ့၍ တစ်တိုင်ကို ထွန်းညှိပြီးနောက်–

တော်။ ။ခင်ဗျား ဒူးမောင်းမဟုတ်လား။

သူ။ ။ဟုတ်ပါတယ်။

တော်။ ။ခင်ဗျားကို တွေ့ရအောင် ကျုပ်ကိုလွှတ်လိုက်တယ်၊ ဘာပြောစရာ ရှိသလဲ။

သူ။ ။ကျုပ်အကြံကို သိသွားလို့ မြင်တဲ့အတိုင်း စီရင်ခဲ့ကြပြီ။ သို့သော် ကျုပ် သိသလောက် ပြောခဲ့မယ်။ ခဲယမ်းမီးကျောက်တွေကို ပစ္စည်းခန်းထဲမှာ ထားတယ်။ တရားဟောပလ္လင်ခန်းမှာ စနက်တံရှိလေရဲ့။ ကြိုးနဲ့သွယ်



ထားပြီးပြီ။ အသင့်ပဲ။ ကျုပ်ကို သနားရင် ရင်ဘတ်ကို ဓားနဲ့ထိုးသတ်ပေးခဲ့ပါ မိတ်ဆွေ။

ဒူးမောင်းမှာ ဝေဒနာအပြင်းအထန် ခံစားနေရရှာသဖြင့် ချက်ချင်း အသက်ထွက်ရလျှင် ကောင်းလိမ့်မည်ဟု ကျွန်တော်ယုံကြည်၍ သူ့နေရာ၌ ကျွန်တော်ရှိနေပါလျှင်လည်း ဤနည်းအတူ သေချင်လိမ့်မည်မှန်၏။ သို့ရာတွင် သူ၏ ရင်ဘတ်ကို ဓားနှင့်ထိုးသတ်ပေးဖို့မှာ မည်သည့်နည်းနှင့်မျှ ကျွန်တော် မလုပ်ရက်သောအလုပ်ဖြစ်၍ အခက်တွေ့နေရ၏။ ဤတွင် ကျွန်တော့်၌ ပါလာသော ဆေးပြားကလေးကို သတိရ၍ ကျွန်တော့်အဖို့ 'နောင်ခါလာ နောင်ခါချေး'ဟု သဘောထားပြီးလျှင် ဆေးပြားကို ရေခွက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် ရေခွက်ကိုကိုင်လျက် ဒူးမောင်း၏ ပါးစပ်သို့ တိုက်ပေးမည်ပြုဆဲတွင် အပြင်မှ လူသံများကြားသည်နှင့် မီးတိုင်ကို မှုတ်ငြိမ်း၍ ဗီရိုတစ်လုံးထဲ ဝင်အောင်းနေလိုက်သည်။ မကြာမီ တူရကီစစ်သားနှစ်ယောက်ဝင်လာ၍ 'ဘယ့်နှယ်လဲ သူလျှိုကောင်၊ မသေသေးဘူးလား'ဟု ပြောလျက် လက်၌ကိုင်လာသော မီးအိမ်ဖြင့် မြှောက်ကြည့်သည်ကို တံခါးအကြားမှ ကျွန်တော် မြင်လိုက်ရသည်။

တစ်ယောက်သည် စားပွဲပေါ်၌ တည်ထားသော ရေခွက်ကိုယူ၍ ဒူးမောင်းကို ညှင်းဆဲလိုသောစိတ်ကူးဖြင့် ပါးစပ်အနီးသို့ တေ့ပြပြီးလျှင် ရေကို ကိုယ်တိုင်သောက်ပြလိုက်လေ၏။ နောက်တစ်ခဏ၌ ဖန်ခွက်သည် ထိုစစ်သား၏ လက်မှ လွတ်ကျ၍ စစ်သားလည်း လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကြမ်းပေါ်သို့ ထိုးလဲသွားတော့သည်။ ကျန်သောစစ်သားသည် မီးအိမ်ကိုယူ၍ ကြမ်းပေါ်၌ လူးလိမ့်လျက်ရှိသော မိမိ၏အဖော်ကို ကြည့်ရာမှ ဒူးမောင်းကို လှမ်းကြည့်လိုက်သောအခါတွင် မျက်စိမှိတ်လျက် အသက် ထွက်သွားသော အခြင်းအရာကို မြင်သည်နှင့် ရုတ်တရက် တုန်လှုပ်ကာ တစ်ခါတည်း ထွက်ပြေးလေတော့သည်။

စစ်သားသည် မီးအိမ်ကို စားပွဲပေါ်တွင် တင်ထားခဲ့၍ ကျွန်တော်သည် ဗီရိုထဲမှ ထွက်လာခဲ့ပြီးလျှင် ကြမ်းပေါ်မှ အလောင်းနှင့် နံရံ၌ တွဲလောင်းချိတ်ထားသော ဒူးမောင်း၏ အလောင်းတို့ကို ကြည့်ရင်း ကျွန်တော်ကိုယ်တိုင် တုန်လှုပ်လာသည်နှင့် ထိုစစ်သားနည်းတူ အိမ်ပြင်သို့ ထွက်ပြေးခဲ့မိပါသည်။ စစ်တိုက်ရာတွင် ကျဆုံးသော အလောင်းအမျိုးမျိုးကို မြင်ရဖန်များသော်လည်း အိမ်တစ်လုံးထဲ၌ သန်းခေါင်ကျော်အချိန်တွင် ချက်ချင်းအသက်ထွက်သွားသော အလောင်းနှစ်လောင်းနှင့်နေရခြင်းကို အပြင်းအထန် ကြောက်လာမိသည်။ အိမ်ပြင်သို့ရောက်လျက်နှင့်ပင် အကြောက်မပြေပျောက်နိုင်ဘဲ လမ်းပေါ်၌ ရပ်တန့်၍

www.burmeseclassic.com

www.burmeseclassic.com



ရေ့အဖို့ မည်သို့ပြုလုပ်ရမည်ကို စိတ်ကူးလျက်ရှိစဉ် နာရီစင်ကြီးမှ နှစ်ချက်ထိုးသံကြားရ၏။ ကျွန်တော်တို့၏ စစ်တပ်သည် မာစကတ်မြို့သို့ နံနက်လေးနာရီအချိန်တွင် တိုက်ခိုက်လိမ့်မည်ဟု မှာထားလိုက်သဖြင့် ကျွန်တော့်အဖို့ အလုပ်လုပ်ရန် အချိန်နှစ်နာရီမျှသာ ကျန်တော့သည်ကို သတိရမိသည်။

ဗလီကြီးအတွင်း၌ မီးများထိန်ထိန်လင်းလျက်ရှိရာ လူများသည် ထွက်ချီဝင်ချီ သွားလာလျက်ရှိကြ၏။ ကျွန်တော်သည် မယောင်မလည်နှင့် ဗလီတွင်းသို့ ဝင်သွားသောအခါ ဗလီကြီးမှာ ဆေးရုံအဖြစ်နှင့်လည်းကောင်း၊ တည်းခိုရန်ဌာနအဖြစ်လည်းကောင်း၊ ပစ္စည်းသိုလှောင်သော ဂိုဒေါင်အဖြစ်နှင့်လည်း ကောင်း အသုံးပြုထားသည်ဖြစ်သောကြောင့် ရှုပ်ယှက်ခတ်နေတော့သည်။ တစ် နေရာ၌ လူများရှိ၍ အခြားတစ်နေရာ၌ စားနပ်ရိက္ခာများ စုပုံထားသည့်ပြင် အလယ်၌ကား မိန်းမများ၊ ကလေးသူငယ်များနှင့် လူအိုများ စုရုံးလျက်ရှိကြ၏။ ကျွန်တော်သည် လူများ၏အခြေအနေကို စောင့်ကြည့်၍ သုံးနာရီထိုးသည်နှင့် တစ်ပြိုင်နက် မြို့ပြင်မှ ကျွန်တော်တို့၏ စစ်တပ်က တိုက်ခိုက်လိမ့်မည်ဆိုသော နေရာပိုင်းသို့သွား၏။ ကျွန်တော်ကား ဒူးမောင်းသေရှာပြီဟု အစီရင်ခံရုံမျှနှင့် ကျေနပ်သည့်လူတစ်ယောက်မဟုတ်၊ သူဆောင်ရွက်ရမည့်အလုပ်ကို ကျွန်တော်က ဆက်လက်ဆောင်ရွက်လျှင် ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို စုံစမ်းရမှ ကျေနပ်သော လူတစ်ယောက်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာ၌ ကျွန်တော်၏ အသက်ကို စွန့်လွှတ်လိုက်ရလျှင်လည်း မြတ်သောသေခြင်းဖြစ်၍ ကျွန်တော်၏ နာမည်တစ်လုံး ကျန်စေတော့မည်ဟူ၍လည်း သဘောပိုက်မိပါသည်၏။

ဗလီအဆောက်အအုံမှာ လေးထောင့်စပ်စပ်ဖြစ်၍ အလယ်၌ ဥယျာဉ်ကြီးရှိရာ ဥယျာဉ်ကြီးထဲ၌ လက်နက်စွဲကိုင်သော မြို့စောင့်တပ်နှင့် စစ်သားများ စုရုံးလျက်ရှိ၏။ အဘယ့်ကြောင့်ဆိုသော် မြို့ပြင်မှ ရန်သူကတိုက်ခိုက်လျှင် ဤနေရာပတ်ဝန်းကျင်တစ်ဝိုက်၌ တိုက်ခိုက်လိမ့်မည်ဟု ယင်းတို့ရိပ်မိပြီး ဖြစ်ပေသောကြောင့်တည်း။ ကျွန်တော်တို့ တိုက်ခိုက်ခဲ့ဖူးသည့် စစ်ပွဲဟူသမျှတွင် မာစကတ်မြို့ကို တိုက်ရခြင်းသည် ဂုဏ်မရှိသော တိုက်ပွဲပေတည်း။ အခြားတိုက်ပွဲများမှာ စစ်တပ်ချင်းတိုက်ခိုက်ရခြင်းဖြစ်၍ နိုင်လျှင်လည်း အသားပါလှသည်။ ဤတိုက်ပွဲမှုကား မြို့ထဲတွင် စစ်သားအနည်းငယ်မျှနှင့် မြို့သား၊ တောသား၊ အလုပ်သမား၊ စာရေးစာချီမှစ၍ လက်နက်ကိုင်စွဲကာ ခုခံနေကြခြင်းဖြစ်ရကား ကျွန်တော်တို့ ရှုံးရလျှင်သာ ဂုဏ်နိမ့်ကြ၍ နိုင်ရလျှင်မှုကား အံ့သြဘွယ်လောက်စရာ ဘာမျှမရှိချေ။ မတော်တဆ ယင်းတို့လက်ဝယ်သို့ ကျရောက်သွားပါလျှင်လည်း စစ်ထုံးစံတွေ ဘာတွေနားမလည်၊ မသေမချင်း ညှင်း၍သတ်သည်ဟု



သိရှိရသည်။ ထိုအကြောင်းကြောင့်လည်း ကျွန်တော့်အား ဆေးပြားကလေးပေးအပ်လိုက်ခြင်းဖြစ်ရာ ယခုမှာ ယင်းဆေးပြားမရှိတော့၍ မတော်တဆ မိသွားလျှင် ယင်းတို့ပြုသမျှ ခံရုံသာရှိတော့သည်။ ဤအခြင်းအရာကို စဉ်းစားမိခြင်းသည် ကျွန်တော့်အဖို့ စိတ်ရွှင်လန်းခြင်း မဖြစ်သော်လည်း တစ်ကြိမ်သတိရလျှင် တော်တော်နှင့်ဖျောက်ဖျက်မရနိုင်အောင် ရှိတော့သည်။

ဗလီဝင်းထဲသို့ ရောက်ပြီးသည့်နောက် ကျွန်တော်သည် ဟာဇီအဝတ်ကြီးဖြင့် လူအများရှိသောအပိုင်း၌ ရောနှောရန်မခဲယဉ်းသော်လည်း ယမ်းတိုက်ရှိသောအပိုင်းသို့ ဝင်ရန်မှာ မလွယ်ကူချေ။ ယင်းအပိုင်းသို့ ဝင်သူထွက်သူ နည်းပါးသည်နှင့် ကျွန်တော်သည် ဗဟိုချက်ရှိသော ဥယျာဉ်ခြံကြီးထဲတွင် ရပ်တန့်ကာ အကြံထုတ်လျက်ရှိ၏။ ယင်းအပိုင်း၌ ယမ်းတိုက်နှင့်တကွ တရားပလ္လင်ခန်းလည်းရှိ၍ ထိုအခန်းနှစ်ခန်းတို့ကို စနက်ကြိုးဖြင့် ဆက်သွယ်ထားခြင်းကိုလည်း ဒူးမောင်းပြောပြ၍ သိရပြီးဖြစ်သည်။ သို့သော် ထိုအပိုင်းသို့ မည်သည့်နည်းဖြင့် ဝင်ရချေမည်နည်း။

အပေါက်ဝ၌ စစ်သားတစ်ယောက်သည် သေနတ်ထမ်းလျက် စကြံလျှောက်နေ၏။ ကျွန်တော်၏ ဦးနှောက်သည် အရေးကြီးလျှင်ကြီးသလို စိတ်ကူးဉာဏ်ဖြစ်ပေါ်တတ်သည့်အတိုင်း ဖျတ်ခနဲအကြံတစ်ခုရသည်နှင့် ဥယျာဉ်အလယ်၌ရှိသော ရေတွင်းသို့သွား၍ ရေပုံးနှစ်ပုံးထဲသို့ ရေများငင်ထည့်၏။ ထို့နောက် ရေနှစ်ပုံးကို လက်တစ်ဖက်စီဆွဲလျက် အစောင့်အနီးမှ ကပ်၍ဝင် သွားရာ အစောင့်သည် မေးမြန်းခြင်းမပြုဘဲ ကြည့်နေသဖြင့် ကျွန်တော်လည်း ရဲဝံ့စွာ ဝင်သွားလေ၏။

တစ်ဖက်တွင် တရားပလ္လင်ခန်းရှိ၍ အခြားတစ်ဖက်တွင် ယမ်းတိုက်ခန်းရှိရာ ယမ်းတိုက်ခန်းဝ၌ကား စစ်သားနှစ်ယောက်စောင့်လျက်ရှိ၏။ တစ်ယောက်၏ခါးတွင် သော့တစ်ချောင်း မြင်ရသည်။ အကယ်၍ တစ်ယောက်ချင်း ဖြစ်ပါမူ ကျွန်တော်သည် ထိုစစ်သား၏ခါးမှသော့ကို တစ်နည်းနည်းနှင့်ရအောင် လုယူမည်ဖြစ်၏။ တရားပလ္လင်ခန်း၌ တံခါးသည် မစေ့တစေ့ ပိတ်လျက်ရှိရာ ကျွန်တော်သည် ဖြစ်ချင်ရာဖြစ်စေဟုအောက်မေ့ကာ ရေပုံးနှစ်ပုံးကို အပေါက်ဝတွင် ချထားခဲ့၍ အခန်းထဲသို့ စွန့်စားဝင်သွားလေသည်။

ကျွန်တော်၏စိတ်၌ကား ယင်းအခန်းထဲတွင် လက်နက်ကိုင်စစ်သားလေးငါးဆယ်ယောက် တွေ့ရခြင်းထက် မဆိုးနိုင်ဟုထင်မိရာ အကယ်တွေ့ရသော အခြင်းအရာမှာ ထိတ်လန့်စရာမဟုတ်ဘဲ မျက်နှာပူစရာ ဖြစ်နေလေတော့သည်။ အခန်း၏တစ်ထောင့်တွင် အိမ်တွင်းပုန်းမိန်းမသုံးလေးယောက်တို့သည် ခေါင်းမြီး

www.burmeseclassic.com

www.burmeseclassic.com



ခြုံအဝတ်များကို လှစ်ထားရုံသာမက ထောင်ထားသောမှန်တစ်ချပ်ရှေ့တွင် ရှိသည်ကို ဘွားခနဲမြင်လိုက်ရသည်။ မိန်းမများမှာ လှုကုံထံပိုင်းမှ ဖြစ်ဟန်တူပေရာ ယင်းတို့သည် ကျွန်တော့်ကိုမြင်ကြသည်နှင့် တစ်ပြိုင်နက် အရှက်ကို ကာကွယ်ကြသော်လည်း ဘေးအန္တရာယ် ထူထပ်လှသော ဤအချိန်တွင် ယင်းတို့အား အကူအညီပေးရန် ရောက်လာခြင်းဖြစ်သည်ဟု ယူဆကြသည့်လက္ခဏာနှင့် ကျွန်တော့်ကို ကြည်ဖြူစွာလက်ခံကြသည်။ ကျွန်တော်သည် ယင်းတို့၏ အမူအရာကို မြင်လျှင်မြင်ခြင်း မီးစင်ကြည့်က,ရမည်ဟူသော စကားအတိုင်း အလိုက်သင့် အလုပ်လုပ်ဖို့ အကြံ ဖြစ်ပေါ်လာတော့သည်။

သို့ဖြစ်၍ ကျွန်တော်သည် ဘေးအန္တရာယ်ကင်းရှင်းသော ဌာနတစ်ခုသို့ လိုက်ပို့မည့်ဟန်မျိုးဖြင့် ကျွန်တော့်နောက်သို့ လိုက်ခဲ့ကြရန် လက်ယပ်ခေါ်ငင်ရာ အကြီးအကဲနှင့်တူသော မိန်းမက ကျွန်တော့်အား မေးခွန်းများ ထုတ်နေပြန်တော့သည်။ ကျွန်တော်ကမူ ကိစ္စအရေးကြီးလွန်းသောကြောင့် စကားပြောဖို့ပင် အချိန်မရှိလေဟန်ဖြင့် လက်ယပ်ခေါ်လျက် အခန်းဝသို့လျှောက်သွားရာ အခြားမိန်းမများက လိုက်မည်ပြုသော်လည်း အကြီးအကဲနှင့်တူသော မိန်းမက လျှာရှည်နေပြန်သေးသည်။ ဤတွင် ကျွန်တော်က ကြမ်းကိုခြေထောက်နှင့် ဆောင့်လျက် သည်းမခံတော့သည့် အမူအရာမျိုးဖော်ပြ၍ သူတို့ထိုက်နှင့်သူတို့ကံ ပစ်ထားခဲ့တော့မည့်ဟန်ပန်မျိုး လုပ်ပြလိုက်သည်တွင် မိန်းမအားလုံးသည် ကျွန်တော့်နောက်သို့ ပျာယီးပျာယာ ပြေးလိုက်လာကြလေသည်။ ခေါင်းမြီးခြုံထဲ၌ ရယ်ချင်လိုက်ပုံမှာ ပြောစရာမရှိတော့ပေ။

မိန်းမများသည် ကျွန်တော့်နောက်မှ လိုက်ပါလာကြ၍ ကျွန်တော်သည် ယမ်းတိုက်ခန်းမှ တတ်နိုင်သမျှ ဝေးကွာသောနေရာသို့ ပို့မည်ဟုခေါ်ဆောင်လာစဉ် ကျွန်တော်၏ဝမ်းထဲ၌ ‘ဖိုးကျိုင်းတုတ်’ ဖြစ်နေသည်ဆိုရလောက်အောင် မြူးတူးလျက်ရှိ၏။ အကြောင်းမူကား ဒူးမောင်း၏ စကားအရ ယမ်းတိုက်ခန်းကို ဖောက်ခွဲရမည့်စနက်တံသည် ပလ္လင်ခန်းထဲတွင်ရှိ၍ ယင်းတို့ကို အခြားနေရာသို့ပို့ပြီးလျှင် ပလ္လင်ခန်းထဲတွင် ကျွန်တော်သာလျှင်ရှိ စီမံနိုင်မည် မဟုတ်ပါလော။ သို့ရာတွင် ကျွန်တော်၏ မြူးတူးခြင်းကား စောလွန်းနေလေပြီ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်နောက်မှ လိုက်လာကြသော မိန်းမများအနက် အကြီးအကဲသည် ရုတ်တရက် လန့်အော်လိုက်သဖြင့် ကျွန်တော်က လှည့်ကြည့်လိုက်ရာတွင် ကျွန်တော်၏ လက်ယာလက်ကို လက်ညှိုးညွှန်လျက်ရှိသည်ကို မြင်ရသောကြောင့်တည်း။



ကျွန်တော်သည် ယင်းညွှန်ပြသောလက်ကို ငုံ့ကြည့်လိုက်သောအခါ သွေးများစွန်းပေလျက်ရှိသည်ကို မြင်ရ၏။ စင်စစ်သော်ကား ကျွန်တော်သည် သစ်ပင်ထက်၌ စစ်သားကို ဓားနှင့်ထိုးသတ်စဉ်က လက်တွင် သွေးများ စွန်းပေခဲ့ရာ ဟာဇီကြီးတစ်ယောက်၏လက်တွင် သွေးများစွန်းပေခြင်းသည် နည်းလမ်းမဟုတ်ဟူ၍ ထိုမိန်းမက စဉ်းစားမိသည်နှင့် ဤကဲ့သို့ အလန့်တကြားဟစ်အော် လိုက်ခြင်းဖြစ်လေသည်။

ကျွန်တော်သည် အခြေမလှတော့သည့်အဖြစ်ကို ရိပ်မိသည်နှင့် ဆက်လက်၍ ဟန်ဆောင်ရန် မကြိုးစားတော့ဘဲ ပလ္လင်ခန်းဆီသို့ သုတ်ခြေတင်ရလေတော့သည်။ ဤတွင် မိန်းမများသည် ကျွန်တော့်နောက်မှ ဝိုင်းပြုံလိုက်လာကြ၍ ယမ်းတိုက်စောင့်သော စစ်သားနှစ်ယောက်တို့သည်လည်း မိန်းမများ၏ ဟစ်အော်သံကို ကြားသည်နှင့်ပြေးလာကြကုန်လေပြီ။

ကျွန်တော်သည် ပလ္လင်ခန်းသို့ ပြေးဝင်၍ တံခါးကိုပိတ်ပြီးလျှင် မင်းတုံးချထားလိုက်ရာ၊ မိန်းမများ၏ အော်ဟစ်သံနှင့် စစ်သားနှစ်ယောက်တို့၏ တံခါးခေါက်သံများသည် ဗလီတစ်ခုလုံး ပွက်ပွက်ရိုက်လျက်ရှိတော့သည်။ သို့ရာတွင် ကျွန်တော်မှုကား ယမ်းတိုက်ကို ဖောက်ခွဲရမည့် စနက်တံရှိသော ဤပလ္လင်ခန်းထဲတွင် တစ်ကိုယ်တည်းရှိနေ၍ လုပ်ချင်ရာကို စိတ်တိုင်းကျလုပ်နိုင်တော့မည်ဆိုကာ ကြည်နူးလျက်ရှိတော့သည်။ အကယ်၍ စစ်သားများသည် ယမ်းတိုက်ထဲမှ ယမ်းစည်တစ်လုံးကိုယူ၍ ဖောက်ခွဲသော စိတ်ကူးဉာဏ်ရှိပါမူကား ကျွန်တော်၏အလုပ်ကိစ္စမှာ လက်စသတ်နိုင်တော့မည် မဟုတ်ချေ။ ယခုသော် စစ်သားနှစ်ယောက်တို့သည် တံခါးကို သေနတ်ဒင်များဖြင့်ဆောင့်၍ မပွင့်သော အခါ၌ သော့ပေါက်မှသေနတ်ဖြင့် ပစ်သွင်းဖို့မျှလောက်သာ စိတ်ကူးတတ်ကြသည်။ ကျွန်တော်ကမူ ဤသို့ပြုလိမ့်မည်ဟု သိပြီးဖြစ်၍ သော့ပေါက်မှကျည်ဆန် ဝင်နိုင်လောက်သည့် လမ်းကြောင်းကို လွတ်အောင် တိမ်းရှောင်နေခဲ့သည်။

အခန်းအပြင်ဘက်မှ အော်သူကအော်၊ ဟစ်သူကဟစ်၊ သေနတ်ဒင်နှင့်ဆောင့်သူကဆောင့်၊ ပခုံးနှင့်ကိုယ်လုံးရိုက်သူကရိုက်၊ သော့ပေါက်မှ ပစ်သွင်းသူများက ပစ်သွင်းနေကြသဖြင့် ကျွက်ကျွက်ညံလျက်ရှိစဉ် ကျွန်တော်သည် ဦးခေါင်းအေးစွာထား၍ ကြမ်းပေါ်၌ လေးဘက်ထောက်ကာ ဒူးမောင်း စီမံထားသည်ဆိုသည့် စနက်တံကို ရှာဖွေရတော့သည်။ စနက်တံသည် အခြားဘက်၌ မရှိနိုင်၊ ယမ်းတိုက်ရှိသော နံရံဘက်နှင့် ဆက်သွယ်ရမည်ဟု သိသည်နှင့် ထိုဘက်၌သာ ကြိုးစား၍ရှာရပါတော့သည်။ ပလ္လင်၏ရှေ့၌ ပန်းစိုက်ကရား သုံးလုံးရှိရာ အလယ်၌ရှိသော ပန်းစိုက်ကရားကြီးမှာ ကြေးနီဖြင့်ပြုလုပ်ထား၍ အလွန်တရာလေးလံ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ပန်းများလဲလှယ်သောအခါတွင် ရွှေ့ပြောင်းရန်မလိုဘဲ ပန်းဟောင်းကိုထုတ်ပစ်၍ ပန်းသစ်ထည့်ဖို့သာလို၏။ အခြားသော ပန်းစိုက်ကရားများမှုကား ကြွေဖြင့်ပြုလုပ်ထားသဖြင့် ပန်းသစ်လဲလှယ်တိုင်း ကိုင်တွယ်ပွတ်တိုက်ခြင်း ပြုလုပ်နိုင်သည်။

သို့ဆိုလျှင် ရွှေ့ပြောင်းရန်မလိုသော ပန်းစိုက်ကရားကြီးသာလျှင် တစ်စုံတစ်ရာ လျှို့ဝှက်ရန်အတွက် သင့်လျော်သည်ဟု ကျွန်တော်စဉ်းစားမိသည်။ ယင်းစိတ်ကူးအရ ကျွန်တော်သည် ကျည်ဆန်လာမည့် လမ်းကြောင်းမှလည်း လွတ်အောင်တိမ်းရှောင်လျက် ကြေးနီပန်းအိုးကြီးကို ခဲယဉ်းစွာနှင့် တွန်းဖယ်၍ ယင်းတည်ထားသည့် အောက်ခြေသမံတလင်းကို ကြည့်လိုက်သောအခါ အနက်ဝိုင်းကလေးတစ်ခုတွင် ကွင်းကလေးတပ်ထားသည်ကို တွေ့ရ၏။

ထိုအခါ၌မူ ကျွန်တော့်မှာ ယုံမှားခြင်းမရှိတော့ဘဲ ကွင်းကလေးကိုလက်ညှိုးဖြင့် ဆွဲဆောင့်ရင်း ကြမ်းပြင်ပေါ်သို့ လှဲအိပ်လိုက်သည့် နောက် တစ်ခဏ၌ မိုးချုန်းသံကဲ့သို့သော အသံကြီးဖြစ်ပေါ်လာ၍ အင်္ဂတေအစအနများသည် ကျွန်တော့်ပတ်ဝန်းကျင်၌ အနှံ့အပြား ကျလာခြင်းနှင့်အတူ မာစကတ်မြို့ပြင်ဘက်မှ ညာသံများပေး၍ တိုက်ခိုက်ကြသော ကျွန်တော်တို့စစ်တပ်၏ ပစ်ခတ်သံများကလည်း ကြားနေရ၍ ပါလာတော့သည်။ ထို့နောက်တွင်မူကား ကျွန်တော်သည် ဘာကိုမျှ မသိရတော့ချေ။

× × ×

သတိရလာ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်တော်တို့စစ်တပ်မှ စစ်သားနှစ်ယောက်သည် ကျွန်တော့်ကိုပွေ့ထား၍ ကျွန်တော်၏ ဦးခေါင်းမှ တဒိန်းဒိန်းမြည်အောင် ကိုက်ခဲလျက်ရှိ၏။ အနိုင်နိုင်ကုန်းထိုင်၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ကျောက်နံရံမှ အင်္ဂတေများ ကွာကျ၍ ပစ္စည်းများ ဖရိုဖရဲကြဲလျက်ရှိသော်လည်း ပြိုလဲကျခြင်းမရှိချေ။ စင်စစ်မှာ ဗလီဆောက်လုပ်ထားသည့် ကျောက်နံရံသည် အလွန်တရာထူထပ်သည်ဖြစ်၍ ယမ်းတိုက်ပေါက်ကွဲသော်လည်း ပြိုလဲခြင်းမရှိချေ။ သို့ရာတွင် ပေါက်ကွဲသောအရှိန်ကြောင့် ခုခံသော လူများသည် လန့်ဖျပ်တုန်လှုပ်၍ ယောင်ချာချာဖြစ်နေသည်တွင် ကျွန်တော်တို့၏ စစ်သားများသည် ပြတင်းပေါက်၊ တံခါးပေါက်များမှ ခုခံခြင်းမရှိဘဲ ဝင်လာနိုင်ကြလေသည်။



ကျွန်တော်သည် အခန်းအပြင်ဘက်သို့ ထွက်လာ၍ တောင်မြောက်လေးပါးကို မျှော်ကြည့်လျက်ရှိစဉ် ကာနယ်လင်းဆေးနှင့် သက်တော်စောင့်များဝင်လာကြသည်။ ကျွန်တော်က ကာနယ်လင်းဆေးအား အဖြစ်အပျက်တို့ကိုပြောပြရာတွင် ကာနယ်သည် ကျွန်တော်၏အစွမ်းကို အားရပါးရ ချီးကျူး၍ စစ်မှတ်တမ်းများတွင် ကျွန်တော်၏အမည်ကို အထူးတလည် အမွှမ်းတင်ဖော်ပြပါမည်ဟု ပြောပါသေးသည်။ သို့ရာတွင် ကျွန်တော်ကမူ ဤကိစ္စတွင် ကျွန်တော်၏အစွမ်းထက် ဒူးမောင်း၏စွန့်စားခြင်းသည်သာ သာလွန်အဖိုးတန်၍၊ ထိုသူ၏သစ္စာရှိမှုကြောင့် ဤကိစ္စအောင်မြင်ခြင်းဖြစ်ပါသည်ဟု ပြောပြသဖြင့် ဒူးမောင်း၏နာမည်ကို မှတ်ယူသွားလေသည်။ ထို့နောက်တွင် ကာနယ်လင်း ဆေးသည် သူနှင့်အတူ လိုက်ခဲ့ရန် ကျွန်တော့်ကိုခေါ်သော်လည်း ကျွန်တော်က အလွန်အရေးကြီးသော ကိစ္စတစ်ခုရှိသေးသောကြောင့် ခွင့်လွှတ်ပါမည့်အကြောင်းတောင်းပန်၍ မကြာမီပြန်လာခဲ့ပါမည်ဟု ကတိပြုကာ ခွဲခွာလာခဲ့လေသည်။

ကျွန်တော်သည် အရာရှိကလေးများ ဌာနသို့သွား၍ ဟာဇီအဝတ်မှ ဂျူမဒါယူနီဖောင်းသို့ ကူးပြောင်းဝတ်ဆင်ပြီးလျှင် လူခြောက်ယောက်နှင့် ချိန်းဆိုထားသည့်နေရာသို့ လျှောက်သွား၏။ ယမန်ညဉ့်က ကြုံခဲ့ရသည့်အဖြစ်အပျက်အခြင်းအရာများကြောင့် ကျွန်တော်၏ဦးခေါင်းသည် ဝေတေတေရှိနေသော်လည်း ဥပါယ်တံမျဉ်နှင့် ဆင်ခြေပေးခြင်းဖြစ်သည်ဟု ပြောခြင်းကို မခံနိုင်သောကြောင့် ချိန်းထားသော နေရာသို့ အချိန်မီရောက်အောင်လာခဲ့သည်။

ချိန်းထားသောနေရာသို့ ရောက်သောအခါ ယမန်ညဉ့်က ရန်ဖြစ်ခဲ့ သောအရာရှိငယ်ခြောက်ဦးတို့သည် ကျွန်တော့်ကို စောင့်မျှော်လျက်ရှိကြရာ ကျွန်တော်သည် မလွှဲမရှောင်သာသော ကိစ္စကြောင့် မိနစ်အနည်းငယ် နောက်ကျသည့်အတွက် ခွင့်လွှတ်ဖို့တောင်းပန်သောအခါ ထိုလူများသည် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်၍ ကျွန်တော့်အားလည်း အံ့သြဟန်တူသည့် မျက်နှာထားမျိုးနှင့် ကြည့်နေကြသည်။

အရာရှိငယ် ခြောက်ယောက်တို့သည် ကျွန်တော့်ရှေ့တွင် တန်းစီကာ ရပ်လျက်ရှိရာ မျက်နှာနီသော ဘိုကပြားသွန်မဆင်ကိုလည်းကောင်း၊ ဂင်တိုတိုနှင့်ကရင်စောဖိုးသိန်းကိုလည်းကောင်း၊ ပါးမြိုင်းမွေးကြီးနှင့် ပန်ချာပီ အာကာဆင်ကိုလည်းကောင်း၊ အောက်နှုတ်ခမ်းပြတ်နေသော မူလာဟာရှင်ကိုလည်းကောင်း၊ သွားခေါသော ချက်တာဂျီကိုလည်းကောင်း ကျွန်တော်သည် ယနေ့တိုင် မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်နိုင်ပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူတို့ရှေ့တွင်ရပ်လျက် ဓားရှည်ကိုဆွဲထုတ်ပြီးနောက်

တော်။ ။'တစ်ခုတော့ ကျုပ်ပြောစရာရှိတယ်ဗျာတို့။ ကာနယ်လင်းဆေးကို ကျုပ်က ကတိပြုခဲ့မိတယ်' ဟု ပြောသောအခါ ဘိုကပြားသွန်မ

ဆင်က

ဆင်။ ။ဘယ်လိုများ ကတိပြုခဲ့မိလို့လဲ။

တော်။ ။မကြာခင် ပြန်လာခဲ့ပါ့မယ်လို့ ကတိပြုခဲ့မိတယ်။

ဆင်။ ။ဒါဖြင့် ဘယ့်နှယ်လုပ်ချင်သလဲ။

တော်။ ။ခင်ဗျားတို့နဲ့ တစ်ယောက်စီသတ်ပါ့မယ်လို့ ကျုပ်ပြောခဲ့မိတယ် မဟုတ်လား။ ပြောခဲ့မိသော်လည်း ကာနယ်ကို စကားလွန်ထားခဲ့မိ တဲ့အတွက် တစ်ယောက်ချင်းသတ်ဖို့ အချိန်မရတော့ဘူး။ ဒါကြောင့် ခင်ဗျားတို့ အားလုံးနဲ့ကျုပ် တစ်ချိန်တည်း သတ်မယ်။ လာ ထွက်ခဲ့ကြ။

ယင်းသို့ ပြောပြောဆိုဆိုနှင့် ကျွန်တော်သည် အနီးဆုံးရပ်နေသော ဗိုလ်ကပြားသွန်မဆင်အား ဓားနှင့်ထိုးတော့မည် ပြုသည်တွင် သွန်မဆင်သည် ယင်း၏ ဓားကိုမထုတ်ဘဲ ကျွန်တော့်ထံ အတင်းပြေးဝင်ကာ 'ဟိုး ဟိုး၊ ကိုကိုကြီး' ဟု ဆိုလျက် ကျွန်တော်၏လက်ကို ကိုင်ဖမ်း၍ ခါးကိုပွေ့ဖက်လေရကား အခြားသော ဘိုကလေးများလည်း လက်ကိုဆွဲသူကဆွဲ၊ ခါးကိုဖက်သူက ဖက်၊ လည်ပင်းကို ဖက်သူကဖက်ရာမှ ကျွန်တော့်ကို ယင်းတို့ ပခုံးပေါ်သို့ တင်မြှောက်ကြလေတော့သတည်း။ ဤတွင် တစ်သက်ပတ်လုံး တစ်ကြိမ်တစ်ခါမျှ မျက်ရည်မကျခဲ့ဖူးသည့် ကျွန်တော် ဂျမဒါကိုကိုကြီးမှာ ယင်းတို့၏ ပခုံးထက်မှ လိုက်ပါရင်း မျက်ရည်များ စီးဆင်း၍ မဆုံးနိုင်အောင် ရှိပါတော့သတည်း။

●

# ဖွတ်မရ ဓားမ အနိုင်နိုင်

၁၉၁၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ပထမကမ္ဘာစစ်ကြီး စတင်တိုက်ခိုက်၍ တိုက်ခိုက်ခါစ ကာလများတွင် ဗြိတိသျှနှင့် ပြင်သစ်တည်းဟူသော မဟာမိတ်တို့ဘက်မှ အလူးအလဲခံကြရပေရာ အမေရိကန်အစိုးရသည်လည်း ထိုအချိန်၌ မပါဝင်သေးဘဲ ဗြိတိသျှအား ထောက်ပံ့ပေးရုံမျှသာ ပြုလုပ်နိုင်ပေသေးသည်။ ဂျာမန်အစိုးရ၏ ဘက်တော်သားဖြစ်သော တူရကီစစ်တပ်သည် မက်ဆိုပိုတေးမီးယားစစ်မျက်နှာတွင် ဗြိတိသျှစစ်တပ်ကို အကြီးအကျယ် ဖိနှိပ်တွန်းလှန်လျက်ရှိရာ ကျွန်တော် အပါအဝင်ဖြစ်သော ဗြိတိသျှစစ်တပ်ကြီးသည် ဂျာမန်စစ်ဗိုလ်များ အကူအညီဖြင့် တိုက်ခိုက်လျက်ရှိသော တူရကီစစ်တပ်ကြီး ရှေ့တွင် 'ခွေးပြေး၊ ဝက်ပြေး'ဆိုရမလောက် ဒလတွန်းဆုတ်ခွာလျက်ရှိတော့သည်။ ထိုစဉ်က ထုတ်ပြန်သော ကြေးနန်းသတင်းများ၌ ဗြိတိသျှစစ်တပ်သည် မက်ဆိုပိုတေးမီးယား စစ်မျက်နှာဘက်၌ 'အောင်မြင်စွာ'ဆုတ်ခွာနေကြကြောင်းနှင့် မလွှဲသာ မကင်းသာသဖြင့် ဖော်ပြပါရှိသော်လည်း အတွင်းသိဖြစ်သော ကျွန်တော်တို့စစ်သားများက 'အောင်မြင်စွာ'ဟူသော စကားသည် စစ်တပ်ကြီးတစ်တပ်လုံး ရန်သူ့လက်သို့

www.burmeseclassic.com

www.burmeseclassic.com



မရောက်ခဲ့ရုံ သေပြေးရှင်ပြေး ဆုတ်ပြေးရခြင်းဖြစ်သည်ဟု နားလည်ကြလေသည်။ ၁၉၁၆ နှစ်ဦးပိုင်း၌ ကျွန်တော်တို့ စစ်တပ်ကြီးဆုတ်ခွာရပုံမှာ ကလေးသူငယ်များ 'လိုက်တမ်းပြေးတမ်း' ကစားခြင်းကဲ့သို့ ခြေကုန်သုတ်ရခြင်း ဖြစ်၍ နေ့လည်း မနားရ၊ ညလည်း မအိပ်ရ ဖတ်ဖတ်မောမျှ ပြေးကြရသည့် ဆုတ်နည်းမျိုး ဖြစ်လေတော့သည်။

စစ်တိုက်ခြင်းဟူသည်မှာ သူတစ်ပြန် ငါတစ်ပြန် ဆိုသကဲ့သို့ တစ်နေ့တစ်မျိုး အရေးသာချည် နိမ့်ချည် ရှိတတ်မြဲဖြစ်သော်လည်း ထိုနှစ်က ကျွန်တော်တို့ ဆုတ်ခွာရပုံမှာကား စားနပ်ရိက္ခာအတွက် စီမံသောဌာနကြီးတစ်ခုလုံး ရန်သူ့လက်သို့ ဖြန်းခနဲကျရောက်သွားခြင်းဖြစ်သောကြောင့် လမ်းခရီးတစ်လျှောက်တွင် အငတ်ငတ်အပြတ်ပြတ်နှင့် ဖတ်ဖတ်မောအောင် ပြေးရခြင်းဖြစ်၍ ဆိုးရွားလှပါဘိသည်။ စစ်တပ်ကြီးတွင် ငါးသေတ္တာတူး၊ အမဲသားဘူး၊ ထောပတ်ဘူးမဆိုထားဘိ၊ ပေါင်မုန့်ဖုတ်သည့် ဂျုံမှုန့်ပင် မကျန်တော့သည်ဖြစ်၍ ပေါင်မုန့်ကလေးတစ်လုံးကို လူလေးယောက် တစ်နေ့လုံးအတွက် ရေနှင့်ကျိုက်၍ ချရသော အဖြစ်မျိုးကို ရောက်ကြရလေတော့သည်။

တစ်နေ့သ၌ ကာနယ်ဂရေဟမ်သည် ကျွန်တော့်ကိုခေါ်၍ စားနပ်ရိက္ခာအခက်အခဲအကြောင်းကို ညည်းညူပြီးနောက် မြေပုံတစ်ခုကို ထုတ်ပြ၍ ကျွန်တော်တို့ ယခုရောက်ရှိနေသောနေရာ၏ တောင်ဘက်ရူးရူး၌ရှိသော လုမ္ဗနီမြို့ကလေးတွင် ရန်သူများသိုလှောင်ထားသည့် ဂျုံအမြောက်အမြား ရှိသည်ဟု သိရကြောင်း၊ မြို့ကလေးဖြစ်သောကြောင့် ပုလိပ်အစောင့်အကြပ် အနည်းငယ်မျှသာ ရှိမည်ဖြစ်၍ ယင်းတို့ကို နိုင်လောက်သည့် စစ်သားအရေအတွက်မျှနှင့် ရုတ်တရက်ဝင်စီးပြီး ဂျုံတိုက်ကို လုယူရလျှင် ဖြစ်နိုင်ဖို့ရှိကြောင်း၊ ဂျုံများကို ယင်းမြို့မှ တွေ့ကရာ ယာဉ်များဖြင့် တင်ဆောင်၍ စစ်တပ်ကြီးဆုတ်ခွာသည့် မျက်နှာဘက်သို့ ထောင့်ချိုးဖြတ်ပြီး လိုက်လာခဲ့လျှင် မီနိုင်မည်ဖြစ်၍ တစ်တပ်လုံး ဝဝစားရဖို့ရှိကြောင်း၊ ဤကိစ္စအောင်မြင်ခဲ့သော် ဒီဗီရှင်တပ်ကြီးတစ်တပ်လုံး ဝမ်းဗိုက်တောင့်တောင့်နှင့် ဆုတ်ခွာရခြင်းဖြစ်နိုင်၍ အကယ်တန္တု မအောင်မြင်ခဲ့လျှင်လည်း တပ်စိတ်ကလေးတစ်ခု ကွဲကျန်ရစ်သော အဓိပ္ပာယ်မျှသာ ဖြစ်သောကြောင့် စွန့်စားထိုက်သည်ဟု မိမိဆုံးဖြတ်ပြီးကြောင်း ပြောပြလေသည်။ ဆိုလိုရင်းမှာ ကျွန်တော်ဆောင်ရွက်ရမည့်ကိစ္စ အောင်မြင်လျှင် ဒီဗီရှင်တပ်ကြီးတစ်တပ်လုံး ချောမောစွာဆုတ်ခွာနိုင်မည်။ မအောင်မြင်လျှင် ကျွန်တော်နှင့်တကွ စစ်သားသုံးလေးဆယ်သေရစ်ရုံရှိမည်။ တပ်ကြီးတစ်တပ်လုံးအရေးတွင် စစ်သားသုံးလေးဆယ်တို့က အသက်ပေး၍ အလုပ်လုပ်ကြရမည်ဆိုခြင်းပင် ဖြစ်လေသည်။ ဒီဗီရှင်တပ်ကြီးအရေး



တွင် တပ်စိတ်ကလေးတစ်ခုသည် ဖွဲ့ဆန်ကွဲမျှလောက်သာ တန်ဖိုးရှိခြင်းကို ကျွန်တော်နားလည်ပြီးဖြစ်၍ မသွေမဖီ တာဝန်ယူပါမည်ဟု ကတိပေးလိုက်ပါတော့သည်။

ကာနယ်ဂရေဟမ်၏ ဌာနမှ ထွက်လာခဲ့ပြီးနောက် ကျွန်တော်သည် ဤကိစ္စအတွက် လိုအပ်သော မြင်းစီးစစ်သား ၃၀ မျှကို ဆင့်ယူ၍ သန်းခေါင်ကျော်အချိန်တွင် တပ်မကြီးမှခွဲကာ တောင်ရူးရူးသို့ စိုင်းလာခဲ့ကြ၏။ ရန်သူများသည် ကျွန်တော်တို့၏နောက်မှ (အရှေ့ဘက်တွင်)နေ့တစ်ဝက်ခရီးစဉ်ခွာလျက် ထက်ကြပ်မကွာ လိုက်ပါလာကြသော်လည်း တောင်ဘက်၌မူ ရန်သူမရှိကြောင်း သိရ၍ စိတ်ချလက်ချဆိုသလို ခရီးနှင်နိုင်ကြပေသည်။ မိုးလင်းသည်နှင့် တစ်ပြိုင်နက်တောင်ဘက်သို့ မျှော်ကြည့်လိုက်သည်တွင် အနီးအပါးမှ တဲကလေး တစ်တဲ၊ တစ်မိုင်ခန့်လောက်တွင် ရွာကလေးတစ်ရွာ၊ ထိုရွာ၏ အခြားဘက် ၅ မိုင်ခန့်လောက်တွင် မြို့ကလေးတစ်မြို့ စသည်ဖြင့် အစဉ်လိုက် တွေ့မြင်ရလေသည်။

ကျွန်တော်သည် 'လမ်းတိုး'ခရီးမျှလောက်သာနှင်၍ တဲကလေးဘက်သို့ လာကြသည်တွင် တူရကီစစ်ဗိုလ်ကလေးတစ်ယောက်သည် တဲကလေးထဲမှ ရုတ်တရက်ဘွားခနဲပေါ်ထွက်လာ၍ တဲပေါက်၌ ချိတ်ထားသော ဖောင်းဝတ်ကြီးတစ်စီးပေါ်သို့ လွှားတက်ပြီးလျှင် အရှေ့ဘက်သို့ ဒုန်းစိုင်းပြေးလေတော့သည်။ စစ်တိုက်ခြင်းအလုပ်၌ ရန်သူတစ်ယောက်ကိုမိအောင်ဖမ်းခြင်းသည် တန်ဖိုးကြီးလှသည်မဟုတ်သော်လည်း ယင်းထံမှ သတင်းရဖို့မူကား အဖိုးမဖြတ်နိုင်အောင် အရေးကြီးချင်လည်းကြီးတတ်၏။ ကျွန်တော်တို့ ယခုလာကြရသည့်ကိစ္စတွင် သတင်းရမှုသည် လွန်စွာအရေးကြီး၏။ သို့ဖြစ်၍ ကျွန်တော်သည် ထွက်ပြေးသွားသော တူရကီစစ်ဗိုလ်ကိုမြင်လျှင်မြင်ချင်း ဒုန်းစိုင်း၍ လိုက်လေရာ ဆာဂျင်တစ်ယောက်နှင့် အခြားစစ်သားတစ်ယောက်သည်လည်း ကျွန်တော့်နောက်မှ လိုက်လာကြသည်ကို လှည့်ကြည့်လိုက်သဖြင့် မြင်ရလေသည်။

ရန်သူစီးသော ဖောင်းဝတ်သည် အတော်ပြေး၏။ သို့သော် တစ်တပ်လုံးတွင် အကောင်းဆုံးဟူ၍ နာမည်ကြီးလျက်ရှိသော ကျွန်တော်၏ 'ဝိဇ္ဇာ'ခေါ် မြင်းနက်ကြီးနှင့်မူကား ပြိုင်ဘက်မဟုတ်ချေ။ ဖောင်းဝတ်သည် တောရှင်း၍ မြက်ခင်းပမာဖြစ်နေသော ကွင်းကြီးပေါ်တွင် လွှားခနဲလွှားခနဲ ပြေးသော်လည်း 'ဝိဇ္ဇာ'၏ တစ်ခုန်သည် ဖောင်းဝတ်၏ တစ်ခုန်ထက် တစ်မိုက်ခန့်ပိုသောကြောင့် လေးငါးဆယ်ခုန်မျှ ပြေးမိကြလျှင်ပင် ရန်သူကို ကျွန်တော်မိလိမ့်မည်ဟု စိတ်ချနိုင်လေပြီ။ သို့သော် နောက်သို့လှည့်ကြည့်လိုက်ရာတွင်မူကား ကျွန်တော်၏ လူနှစ်ယောက်သည် ကွာသည်ထက် ကွာလှမ်းနေရစ်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သုံးဖာလုံခန့် ပြေးမိသောအခါ ဖောင်းဝတ်ပေါမှ တူရကီစစ်ဗိုလ်သည် ကျွန်တော်၏မြင်းခွာသံကို ကြားသည့်လက္ခဏာနှင့် လှည့်ကြည့်လိုက်ရာ ပေတစ်ရာခန့်သာ ကွာလှမ်းတော့သည်ကို မြင်သည်နှင့် ခါးမှသေနတ်ကို ဆွဲထုတ်လိုက်ကာ ကိုယ်တစ်ခြမ်းလှည့်၍ ပစ်လိုက်၏။ သို့သော် ကျွန်တော်က ဦးခေါင်းလျှိုးပေးလိုက်ခြင်းကြောင့် တစ်ကြောင်း၊ အထူးသဖြင့် ကံကောင်းခြင်းကြောင့် တစ်ကြောင်း ကျည်ဆန်သည် ကျွန်တော်၏နောက်စေ့အထက်က ရှီခနဲဖြတ်သွားသည်ကို ကြားလိုက်ရသည်။ ကျွန်တော်မှုကား အရှင်လတ်လတ် ဖမ်းလိုခြင်းဖြစ်သောကြောင့် သေနတ်မသုံးဘဲ အတင်းမီအောင်လိုက်၍ ပခုံးကို လှမ်းဆွဲလိုက်သည်တွင် သူ၏ဒူးနှင့် ကျွန်တော်၏ဒူးသည် ရှေ့နောက်ပူးကပ်လျက် မြင်းနှစ်ကောင် ယှဉ်တွဲကာ ပြေးနေကြသေးသည်။

နောက်တစ်ခဏ၌ တူရကီစစ်ဗိုလ်ကလေးသည် ပါးစပ်ဆီသို့ လက်ရောက်သွား၍ တစ်စုံတစ်ခုကို ထိုးသွင်းလိုက်ရာ ကျွန်တော်က သူ့ကိုယ်ကို ကျွန်တော့်ဘက်သို့ အတင်းဆွဲ၍ လက်တစ်ဘက်ဖြင့် လည်ပင်းကို ညှစ်ထား၏။ နောက်ဆုံးတွင် သူ့ကိုယ်သည် ဖောင်းဝတ်ကြီးပေါ်၌ တည်မနေနိုင်တော့ဘဲ ကျွတ်ထွက်လာသည်နှင့် 'ဝိဇ္ဇာ'အပေါ်တွင် လူနှစ်ယောက်လုံး၏ ကိုယ်လုံးများ ရောက်ရှိနေရကား မကြာမီအတွင်း ဝိဇ္ဇာလည်း တန့်ရပ်သွားလေတော့သည်။ ထိုအချိန်တွင် နောက်မှလိုက်လာသောဆာဂျင်သည် မီလာပြီဖြစ်၍ ကျွန်တော်တို့သည် ရန်သူကို မြင်းပေါ်မှ ချပြီးလျှင် ပါးစပ်ထဲမှ မျိုချဖို့ ကြိုးစားနေသော အရာဝတ္ထုကို ညှစ်ထုတ်ဖို့ လုံ့လပြုကြသည်။ နောက်ဆုံး၌ ဆာဂျင်သည် ရန်သူစေ့ထားသော သွားများအကြားသို့ ဓားသွားကိုသွင်း၍ ကလန့်လိုက်ရာ လျှာပေါ်တွင် တင်နေသော စက္ကူလုံးကလေးကို ကျွန်တော်က ဆွဲထုတ်ယူလိုက်ရသည်။

တူရကီစစ်ဗိုလ်ကလေးမှာ (လက်ဖတင်နင်အရာရှိဖြစ်၍) လူချောကလေးတစ်ယောက်ဖြစ်ရာ ကျွန်တော်က ကြမ်းကြမ်းတမ်းတမ်း လုပ်ရခြင်းအတွက် ဝမ်းနည်းကြောင်း ပြောပြရာတွင် 'စစ်ဆိုတာ ဒီလိုပေါ့ဗျ'ဟု ပြန်ဖြေပါသည်။

ထို့နောက် ကျွန်တော်က နာမည်နှင့်ရာထူးကိုမေး၍ သူ၏ ပါးစပ်ထဲမှ ထုတ်ယူရသော စက္ကူကိုဖြန့်ကာ ယင်းတွင်ရေးထားသော စာလုံးများ၏ အဓိပ္ပာယ်ကို မေးသည်တွင်–

'ကျုပ်ရည်းစားဆီ ပေးဖို့စာပါ' ဟု ပြန်ဖြေလေသည်။ ကျွန်တော့်မှာ တူရကီစကား အနည်းငယ်တတ်ပြီးဖြစ်သော်လည်း စာဖတ်ရန်မတတ်နိုင်ချေ။ ဤစာလုံးများကား အရေးကြီးသော အနက်အဓိပ္ပာယ်ပါရှိကြောင်းမှာ မျိုချဖို့ ကြိုးစားခြင်းကို ထောက်သဖြင့် သိနိုင်၏။ သို့သော် ရန်သူကို နှိပ်စက်သော



နည်းဖြင့် မေးရန်မှုကား ကျွန်တော့်တွင် အာဏာမရှိသဖြင့် ခက်နေ၏။ နောက်ဆုံး၌ ထိုအကြောင်းကိုမေးဖို့ လက်လျှော့၍–

တော်။ ။ကိုင်း ဒါကိုထားပါတော့၊ ဟိုရှေ့က ရွာက ဘာရွာတဲ့လဲ။

ကီ။ ။ဆတ္တားရွာတဲ့။

တော်။ ။ဟိုဘက်မှာ မြင်ရတဲ့ မြို့ကလေးကတော့ လုမ္ဗနီမြို့ဟုတ်လား။

ကီ။ ။မှန်ပါတယ်။

ဤတွင် ကျွန်တော်သည် ရွာထဲသို့ဝင်၍ ဤစာအကြောင်း စုံစမ်းမည် အကြံနှင့် ရွာဘက်သို့ အားလုံးထွက်လာကြရာ တူရကီစစ်ဗိုလ်ကလေးကိုမူ သူ၏ မြင်းပေါ်၌တင်၍ စစ်သားနှစ်ယောက်ညှပ်ကာ ခေါ်ဆောင်လာခဲ့ကြလေသည်။

ရွာကလေးမှာ အိမ်ခြေ ၃၀ ခန့်ရှိ၍ ရွာသူရွာသားများသည် ကျွန်တော်တို့ ဝင်လာသည်ကို အိမ်ပေါက်မှထွက်၍ ကြည့်ကြ၏။ ကျွန်တော်တို့အားလိုလားသော မျက်နှာထား မတွေ့ရသော်လည်း ခုခံလိုသည့် အမူအရာမျိုး မတွေ့ရဘဲ ရွာသားများထုံးစံအတိုင်း ဝင်လာသော စစ်တပ်ကိုကြောက်ရမည် ဟူသော သဘောထားမျိုး ရှိကြပုံရသည်။

ရွာအလယ်၌ အုတ်တိုက်ကြီးတစ်လုံးရှိရာ အခြားစစ်သားများအား အလိုရှိရာအိမ်များသို့ဝင်စေ၍ ကျွန်တော်မှုကား အကောင်းဆုံးဖြစ်သည့် ထို အုတ်တိုက်ကြီးသို့ဝင်၍ စတဲချလေသည်။ တူရကီစစ်ဗိုလ်ကိုမူ ဆာဂျင်နှစ်ယောက်အား တာဝန်ပေး၍ လုံခြုံစွာစောင့်ရှောက်ရန် မှာထားလိုက်၏။ ရိက္ခာပြတ်လပ်သော စစ်တပ်မှ ထွက်လာကြရသော ကျွန်တော်တို့လူစုမှာ စားသောက်ဖွယ် ရသမျှကို ကိုယ့်အိမ်နှင့်ကိုယ် ခန့်ခွဲတောင်းခံ စားသောက်ရန် ပြင်ဆင်ကြသည်။ ကျွန်တော့်မှာမူ အုတ်တိုက်ရှင်သားအဖအား စားစရာအတွက် အပူကပ်ရတော့သည်။

အုတ်တိုက်ရှင်မှာ ရွာသူကြီးဖြစ်၍ ယင်း၌ သမီးချောကလေးတစ်ယောက်ရှိ၏။ ဝါသနာအိုးတစ်ယောက်ဖြစ်သော ကျွန်တော်သည် မိန်းကလေးကို မြင်လိုက်ရကတည်းက သမင်ကိုမြင်သော ကျားကဲ့သို့ ဤကား ငါ၏အစာတည်းဟု အောက်မေ့လိုက်သည်။ ဤသို့ဆိုရာ၌ အတင်းဗလက္ကာရ ပြုကျင့်ရန် ကြံစည်ခြင်းကားမဟုတ်။ မိန်းကလေးတွေမြင်ရလျှင် မျက်စိမှိတ်မနေနိုင်သော ကျွန်တော်၏ အင်္ဂါရုပ်ကို ကျွန်တော်သိပြီးဖြစ်ရာ 'သွားရင်းဟန်လွှဲ'ဆိုသလို အချစ်ဇာတ်လမ်းကလေး တည်ထောင်ရန် စိတ်ကူးယဉ်မိခြင်းမျှသာ ဖြစ်သည်။

တိုက်ရှင်လူကြီးသည် ကျွန်တော့်ကို မျက်မုန်းကျိုးနေဟန်ရှိသလောက် သမီးကလေး ပူတီနာသည် ကျွန်တော်၏ အဆက်အကွင်းကျသော ကိုယ်လုံးကိုယ်ပေါက်နှင့် ခန့်ညားရ၍ အဆင်ပြေသော မျက်နှာကို မျက်စိကျနေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်နိုင်လေပြီ။ သို့ဖြစ်၍ ချပါတီနှင့်ပဲဟင်း သရက်ချဉ်များကို ကျွန်တော့်အား တည်ခင်းကျွေးမွေးစဉ် သူငယ်မ၏ ပြုံးစိစိရှိသော မျက်နှာကလေးကို ကျွန်တော် ပီတိဖြစ်လျက်ရှိ၏။ မိန်းမနှင့်ပတ်သက်လျှင် ကျွန်တော်က ရှေ့သို့ ခြေတစ်လှမ်းမတက်မီ ကျွန်တော့်ဆီ ခြေနှစ်လှမ်းတိုးလာခြင်းကို တွေ့ကြုံရသည်များမှာ ဂျမဒါကိုကိုကြီး၏ ကံအကြောင်းတရားဟူ၍ ခေါ်ဆိုရပါတော့မည်။

ကျွန်တော် စားသောက်ခြင်းကို အလိုက်သိစွာ စောင့်ကြည့်ပြီး စားသောက်ခြင်းကိစ္စ ပြီးစီးသည်နှင့်တစ်ပြိုင်နက် ပူတီနာသည် ချိုပြုံးသော မျက်နှာထားနှင့် ကျွန်တော့်အနီးတွင် ရဲဝံ့စွာ ဝင်ထိုင်၍ စကားစပါတော့သည်။

နာ။ ။ရန်သူတစ်ယောက် ဖမ်းမိလာတယ်ဆို၊ သနားပါတယ် ဗိုလ်ကြီးရယ်။

တော်။ ။ဗိုလ်ကြီးမလုပ်ပါနဲ့၊ ကိုကိုခေါ်ပါ ကလေးမရယ်။

နာ။ ။ဟင့်အင်း၊ ရှက်စရာကြီး။

တော်။ ။မဟုတ်ပါဘူး၊ ကျုပ်နာမည်ကိုက ကိုကိုပါတဲ့။

နာ။ ။ဟုတ်လား၊ ချစ်စရာကောင်းလိုက်တာနော် ကိုကို။

တော်။ ။နာမည်လား၊ လူလား။

နာ။ ။အို၊ နာမည်ရော၊ လူရော ဆိုပါတော့။

ကျွန်တော်ကား တိုး၍ပီတိစိမ့်လာသည်နှင့် တူရကီစစ်ဗိုလ်၏ ပါးစပ်ထဲမှ ဖြုတ်ယူခဲ့သော စာရွက်ကိုထုတ်လျက်–

နော်။ ။ကိုကို့ကို တူရကီစာ သင်ပေးနော် ပူတီနာ၊ အို၊ ဘာပဲဖြစ်ဖြစ် အဓိပ္ပာယ်ပြောပြစမ်း။

ပူတီနာသည် စာရွက်ကိုကြည့်ပြီးနောက်–

နာ။ ။ဒီဟာကို အဓိပ္ပာယ်ပြန်ပြရင် ကိုကိုတို့ ဖမ်းခဲ့တဲ့ စစ်ဗိုလ်ကလေးကို လွှတ်ပေးမှာလား။

တော်။ ။ဘာကြောင့်လဲ ပူတီနာ။

နာ။ ။အို၊ သနားလို့ပေါ့ ကိုကို။ ကျွန်မ သနားတတ်တယ် ကိုကိုရဲ့။

ကျွန်တော်စဉ်းစားမိသည်ကား ကံအားလျော်စွာ ဖမ်းမိခဲ့သော ရန်သူတစ်ယောက်ကို လွှတ်ပစ်လိုက်ခြင်းအားဖြင့် ဗြိတိသျှအစိုးရအဖို့ အကြောင်းမထူးရုံသာမက ရန်သူတစ်ယောက် တန်းလန်းပါလာသည့်အတွက် ကျွန်တော်တို့ဆောင်ရွက်ရမည့်အလုပ်တွင် အနှောင့်အယှက်ပင် ဖြစ်ချေဦးမည်။ ဤစာရွက်၌ပါရှိသောအကြောင်းအခြင်းအရာကို သိရလျှင် ကျွန်တော် ဆောင်ရွက်ရမည့်ကိစ္စအတွက် ကြီးစွာသောအထောက်အပံ့ဖြစ်ချင် ဖြစ်နိုင်သည်ဟု ဆင်ခြင်မိသည်နှင့်



အကျဉ်းသမားကို အုတ်တိုက်ထဲသို့ ခေါ်ခဲ့ရန် စေလွှတ်လိုက်သည်။ တူရကီစစ်ဗိုလ်လေး ရောက်လာသောအခါ–

တော်။ ။ဟောဒီက ပူတီနာက ခင်ဗျားကို လွှတ်ပစ်ဖို့ တောင်းပန်နေတယ်၊ ကျုပ်က လွှတ်လိုက်ရင် ၂၄ နာရီအတွင်းမှာ ဒီရွာအတွင်းက တခြားကို မထွက်ပါဘူးလို့ ပဋိညာဉ် ပေးနိုင်ရဲ့လား။

ကီ။ ။ပေးပါ့မယ်။

တော်။ ။ကျုပ်က ခင်ဗျားကို လွှတ်လိုက်တဲ့ကျေးဇူးကို ထောက်ထားသောအားဖြင့် ခင်ဗျားတို့လက်ထဲ ကျရောက်တဲ့ ကျုပ်တို့ဘက်တော်သားတစ်ယောက်အပေါ်မှာ တတ်နိုင်တဲ့နည်းနဲ့ ကျေးဇူးဆပ်ပါလေ။ ကိုင်း၊ သွားလေတော့။

စစ်ဗိုလ်ကလေး ထွက်သွားသည့်နောက် ကျွန်တော်သည် ယခင်စာရွက်ပါ စာလုံးများ၏ အဓိပ္ပာယ်ကို ပူတီနာအား မေးနေသည်။ စာရွက်ကို ကြည့်ပြီးနောက်–

နာ။ ။အဓိပ္ပာယ်က ဒီလိုတဲ့ရှင်။ လုမ္ဗနီမြို့မှာ စောင့်ရှောက်မယ့်လူမရှိလို့ ရန်သူတွေ ဝင်လာရင် ဒုက္ခပဲတဲ့။

ထိုစကားကိုကြားရသောအခါ ကျွန်တော် ဝမ်းမြှုလိုက်ပုံကား ပြောဖွယ်ရာ မရှိချေ။ လူအနည်းငယ်မျှနှင့် ဖွန့်စားလာရောက်ခဲ့ရခြင်းဖြစ်၍ မတော်တဆကာနယ်ဂရေဟမ် တွေးထင်သလိုမဟုတ်ဘဲ စစ်တပ်နှင့် အဆင်သင့်စောင့်နေသည်ကို တွေ့ရပါက လက်တစ်ဆုပ်ခန့်မျှသော ကျွန်တော်တို့ မြင်းတပ်စိတ်လေးမှာ ကျားခံတွင်းသို့ဝင်မိသော ချေသူငယ်ကဲ့သို့ ပြေးပေါက်မရှိဘဲ ဖြစ်ရချေတော့မည်ဟူသော သောကသည် ကျွန်တော်၏ ဦးခေါင်းကို တနွေးနွေးတပူပူ ဖြစ်စေပါသည်။ ယခုမူ ရန်သူစစ်သား အစောင့်အရှောက် မရှိခြင်းကို အသေအချာသိရ၍ အချောင်ဝင်ပြီး အချောင်သိမ်းရုံသာ ရှိတော့သည်ဆိုကာ ဝန်ပေါ့သွားတော့သည်။ ဤသို့ဆိုခြင်းဖြင့် ကျွန်တော်သည် ကြောက်စိတ်ရှိသည်ဟု နားမလည်စေလို။ လူ ၃၀ က လူ ၃၀–၅၀ မျှကို တိုက်ရန် ဦးမလေးသော်လည်း စစ်သား ၁၀၀–၂၀၀ စောင့်နေမည်ကို တွေးပူမိခြင်းကြောင့် ဖြစ်ပါတော့သည်။

စားသောက်ခြင်းကိစ္စ ပြီးစီးလတ်သော် ကျွန်တော်သည် ပူတီနာနှင့် အချစ်ဇာတ်လမ်းတစ်ခန်းရပ်စေ၍ ဆာဂျင်ကိုခေါ်ပြီးလျှင် ဆက်လက်ချီတက်ဖို့ စီစဉ်ကြလေ၏။ ကျွန်တော့်လူများလည်း ဗိုက်တောင့်အောင် စားခဲ့ကြရခြင်းကြောင့် ခွန်အားပြည့်တင်းစွာနှင့် မြင်းပေါ်သို့ လွှားတက်ပုံမြင်ရခြင်းဖြင့် ကျွန်တော့်အားရှိမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပုတီးနှာကို နှုတ်ဆက်၍ ဆတ္တရားရွာကလေးမှ ထွက်လာခဲ့ကြပြီးလျှင် လုမ္ဗနီမြို့ကလေးဘက်သို့ ခပ်မှန်မှန်မြင်းစိုင်းလာကြရာ လူအားလုံးသည် ကျွန်တော့်ထံမှ သတင်းကြားကြပြီးဖြစ်၍ ခပ်ပေါ့ပေါ့စိတ်ထားနှင့် ပျော်ပွဲစားထွက်ကြရသည့်နှယ် တေးသံကလေး ကျူသူများပင် ကျူကြသေးသည်။ မကြာမီ လုမ္ဗနီမြို့ကလေးသို့ ချဉ်းကပ်လာကြရာ မြို့သူမြို့သားများသည် အထူးတလည် ထိတ်လန့်တုန်လှုပ်သည့်လက္ခဏာမရှိဘဲ လှည်းယာဉ်၊ မြင်းယာဉ်မှစ၍ လမ်းများပေါ်တွင် အခြေမပျက် သွားလာလျက်ရှိကြသည်။ ဂျုံတိုက်မှာ မြို့လယ်တွင်ရှိကြောင်း သတင်းရပြီးဖြစ်၍ ကျွန်တော်တို့လူစုသည် 'လမ်းတိုး'သာသာလောက်နှင့်လျက် မြို့ဘက်သို့ ချီတက်သွားကြလေ၏။

မြို့လယ်၌ကား ဂျုံတင်းပေါင်း လေးငါးသောင်းဆံ့လောက်သည့် သွပ်မိုးသွပ်ကာ ကျီကြီးတစ်လုံးရှိရာ ပတ်ဝန်းကျင်တွင် လှည်းများရပ်တန့်ကာ ဂျုံများတင်ချရန်အတွက် မြေကွက်လပ်ကြီးရှိ၏။ ကျွန်တော်၏အလုပ်မှာကား ကျီကြီးကို ဖွင့်စေ၍ မြင်းယာဉ်များ၊ နွားလှည်းများရှာပြီးလျှင် ဂျုံများကို နိုင်သလောက် သယ်ယူခဲ့ရန် ဖြစ်လေသည်။

ကျွန်တော်တို့လူစုသည် ကွက်လပ်ကြီးထဲသို့ ဆိုက်ရောက်ကြ၍ မြင်းများပေါ်မှ ဆင်းကြပြီးလျှင် ကျွန်တော်နှင့် ဆာဂျင်နှစ်ယောက်သည် ဂျုံသိုလှောင်သော ကျီကြီးသို့ ချဉ်းကပ်ကာ တံခါးကို စုံစမ်းဆဲ၌ပင် 'ဒိုင်းဒိုင်းဒိုင်း' မြည်သော သေနတ်သံများသည် ပတ်ဝန်းကျင်အရပ်လေးမျက်နှာတို့မှ ဒလဟော မြည်ထွက်လာပါတော့သည်။ အလေ့အကျင့်ရှိပြီးသော စစ်သားတို့၏ ထုံးစံအတိုင်း ကျွန်တော်သည် မည်သည့်အခြေအနေမျိုးတွင် မည်ကဲ့သို့ ပြုလုပ်ရမည်ဟု စဉ်းစားစိတ်ကူးမနေဘဲ မြေကြီးပေါ်သို့ အလျားလိုက် ပစ်လှဲလိုက်ပါတော့သည်။ အသံကြားရခြင်းနှင့် လှဲအိပ်လိုက်ခြင်းသည် စက္ကန့်၏အစိတ်အပိုင်းမျှသာ ကွာခြားသော်လည်း ကျွန်တော်၏ သံခမောက်တွင် ကျည်တစ်ချက် ရှပ်မှန်၍ လက်ဝဲဘက်လက်မောင်းသားများလည်း တစ်ခြမ်းပါသွားပြီဟု သိလိုက်ရလေပြီ။ ဆာဂျင်နှစ်ယောက်မှာမူကား မြေကြီးပေါ်တွင် ဆန့်ငင်ဆန့်ငင် ဖြစ်နေကြခြင်းကို မြင်ရခြင်းအားဖြင့် သေလောက်သော ဒဏ်ရာဒဏ်ချက် ရရှိကြသည်ဟု သိနိုင်လေသည်။

ကွက်လပ်ကြီးသို့ မျှော်ကြည့်လိုက်ရာတွင်မူကား အတုံးအရုံး လဲကျသော မြင်းများ၊ လန့်ထိတ်၍ထွက်ပြေးသောမြင်းများ၊ ယောင်ချာချာဖြစ်နေသော စစ်သားများ၊ ဒဏ်ရာရ၍ လဲကျသော စစ်သားများဖြင့် ဖရိုဖရဲ ကစဉ့်ကရဲ ဖြစ်နေကြသည်ကို မြင်ရ၏။ ကျွန်တော်တို့ကား ရန်သူများ ဆင်ထားသော ထောင်ချောက်ထဲသို့ လုလုကြီး တိုးဝင်မိချေပြီတကား။



ကျွန်တော်၏ စိတ်အထင်အားဖြင့် မိနစ်တစ်ဝက်ခန့်မျှ တစ်ဆက်တည်း ဒလစပ်ပစ်ခတ်သံကြားရပြီးနောက် အသံများရပ်စဲသွား၍ ၅၀ ခန့်မျှသော တူရကီစစ်သားများသည် သေနတ်ကိုယ်စီနှင့် အရပ်လေးမျက်နှာတို့မှ ပေါ်ထွက်လာကြ၍ အနီးသို့ ချဉ်းကပ်လာကြသည်။ ကျွန်တော်တို့ကား အရှုံးပေးရခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ သို့သော် ကျွန်တော့်အဖို့ကား နှာသီးဖျားမှ ထွက်လေဝင်လေ ရှိသမျှကာလပတ်လုံး လက်လျှော့သူတစ်ယောက် မဟုတ်သည့်အလျောက် နားမျက်စိဖွင့်ကာ အခွင့်ကောင်းကို ချောင်းလျက်ရှိပါသည်။

လေးမျက်နှာမှပေါ်လာသော ရန်သူများအနက် အကြီးအကဲဖြစ်သော တူရကီစစ်ဗိုလ်သည် ကျွန်တော်တို့လူစုအနက်တွင် ကျွန်တော်ပင် အကြီးအကဲဖြစ်သည်ဟု ရိပ်မိ၍ ကျွန်တော်ရှိရာသို့ ရှေ့ရှုလျှောက်လာ၏။ ကျွန်တော်လည်း ပစ်ခတ်သံ ရပ်စဲကတည်းက မြေကြီးပေါ်မှထပြီးဖြစ်နေပြီ။ အကြီးအကဲဖြစ်သော တူရကီစစ်ဗိုလ်မှာ ကျွန်တော်တွေ့ဖူးသော တူရကီစစ်ဗိုလ်များအနက်တွင် အထွားကျိုင်းဆုံးတစ်ယောက်ဖြစ်၍ အရပ်ခြောက်ပေထက်မနည်း မြင့်သည့်ပြင် သူ့အရပ်နှင့်လိုက်အောင် တုတ်ခိုင်ကြမ်းတမ်းသော ကိုယ်လုံးကြီးလည်း ရှိ၏။ သူ၏ကျယ်ပြန့်သော မျက်နှာကြီးတွင် အမွေးအမှင်များလည်း ထူထပ်စွာ ပေါက်နေသည်ဖြစ်၍ မျက်ခုံးမွေး၊ မျက်တောင်မွေး၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများဖြင့် ဖုံးအုပ်နေသော သူ၏မျက်နှာကြီးမှာ လူနှင့်မတူဘဲ ဝက်ဝံကြီး၊ သို့မဟုတ် မျောက်ကြီးတစ်ကောင်နှင့် တူလေတော့သည်။ မျက်နှာကြမ်းတမ်းသလောက် မျက်နှာထားလည်းဆိုးသော ထိုသူသည် ကျွန်တော့်ဆီသို့ ရှေ့ရှု၍ လျှောက်လာခိုက်တွင် ကျွန်တော်၏ မြင်းဝိဇ္ဇာသည် ဒဏ်ရာတစ်ချက်မှ ထိမှန်ထားဟန်မတူဘဲ ကျွန်တော်ရှိရာသို့ ဟီလျက်ပြေးလာသည်တွင် ဖျတ်ခနဲ အကြံတစ်ခု ပေါ်လာ၏။ ကျွန်တော့်အဖို့မှာ အကြံပေါ်ပေါက်ခြင်းနှင့် ဆောင်ရွက်ခြင်းသည် ဤသို့သော အကျဉ်းအကျပ်မျိုးတွင် ရှေ့ဆင့်နောက်ဆင့် ဆိုရလောက်အောင် လျင်မြန်ပါ၏။ သို့ဖြစ်၍ ကျွန်တော်၏လက်မောင်းကို နှာခေါင်းဖြင့် ပွတ်မည်ပြုနေသော ဝိဇ္ဇာ၏ ဇက်ကြိုးကို ဖျတ်ခနဲ မိအောင်ကိုင်ဖမ်း၍ ကျောပေါ်သို့ လွှားခနဲ တက်လိုက်ပါတော့သည်။

သို့သော် လူကောင်ကြီးမားသော တူရကီစစ်ဗိုလ်သည် ကြီးသလောက် လက်နှေးသူမဟုတ်သဖြင့် ကျွန်တော်၏ ခြေတစ်ဖက်ကိုဆုပ်ကာ ဆတ်ခနဲ ဆောင့်ဆွဲလိုက်သည်တွင် မြွေမိသောဖားကဲ့သို့ ကားယားကြီး ပါသွားတော့သည်။ သို့သော်လည်း နေရာတကာတွင် လက်မြန်သော ကျွန်တော်သည် ကျွန်တော်ကို ဖမ်းမိခြင်းထက် သူ၏လက်ထဲတွင် ဖားကောင်သဖွယ် ယက်ကန်ယက်ကန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော ကျွန်တော့်အခြေအနေကို ဝိုင်းဝန်းရယ်မောကာ မှဲ့၍နေကြခြင်းအတွက် ပိုမို၍ဒေါသထွက်သည်နှင့် စစ်ဗိုလ်၏ လည်မျိုကို လက်နှစ်ဖက်နှင့် ဆုပ်ဖမ်းကာ ကိုင်ညှစ်ထားပါတော့သည်။ ဤတွင် စစ်ဗိုလ်သည် ကျွန်တော်၏ လက်များကိုဖြေဖို့ ကြိုးစားရာမှ လူနှစ်ယောက်လုံး ထွေးလုံးရစ်ပတ် ဖြစ်ကာ မြေကြီးပေါ်သို့ လဲကျသွားပါတော့သည်။ နောက်ခဏ၌ စစ်ဗိုလ်သည် ကျွန်တော်၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ကိုင်ဖမ်းကာ မြေကြီးနှင့်ဆောင့်လိုက်ရာ ကျွန်တော့်မှာ မီးပွဲအကြီးအကျယ် ရှုစားလိုက်ရသလို ထင်လိုက်ရပြီးနောက် မှောင်ကြီးအတိ ကျသွားပါတော့သည်။

× × ×

သတိရလာ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်အသက် မသေသည့်အတွက် ဝမ်းမသာသည့်ပြင် တစ်ခါတည်း အသက်ထွက်သွားခြင်းကားတော်သေးသည်ဟု ယူဆလောက်အောင် ဆိုးရွားသောအခြင်းအရာကို တွေ့မြင်ရပါတော့သည်။ ကျွန်တော်ကိုယ်တိုင်မှာ တူရကီစစ်ဗိုလ်ကြီးနှင့် ထွေးလုံးသတ်ပုတ်ကြသော နေရာ၌ပင် ရှိနေသေး၍ ကျွန်တော်နှင့်အတူလိုက်ပါခဲ့သော စစ်သားသုံးဆယ်တို့အနက် မြေကြီးပေါ်၌ အတုံးအရုံးသေနေသူများ သေနေကြ၍ ကြွင်းကျန်သည့် လေးငါးဆယ်ယောက်မျှသော စစ်သားများမှာလည်း ရန်သူ့လက်ဝယ်သို့ ရောက်နေကြသဖြင့် တူရကီစစ်သားများ ဝိုင်းရံကာ မှိုင်တွေချလျက် ရှိကြပါတော့သည်။ ကာနယ်ဂရေဟမ်က လူစွမ်းကောင်းတစ်ယောက်အနေဖြင့် အားကိုး၍ အထူးတလည် ရွေးချယ်စေလွှတ်ခြင်းခံရသော ကျွန်တော် ဂျမဒါကိုကိုကြီးမှာ အားကိုးရာမရောက်ဘဲ ရန်သူလက်ထဲသို့ ရောက်သွား၍ စားနပ်ရိက္ခာများ ရောက်လာလိမ့်နိုးနိုးဖြင့် မှန်ပြောင်းတချိန်ချိန် စောင့်မျှော်နေကြရှာသော ကျွန်တော်၏ ရဲဘော်များလည်း အားလျော့ စိတ်ပျက်ရှာကြလိမ့်မည်တကားဟု စဉ်းစားမိသည်နှင့် ယင်းတို့အတွက် မျက်ရည်များ ကျလာပါသေးသည်။

ထိုခဏ၌ ကျွန်တော်သည် တရမန်းကြမ်းဖမ်းထားသည့် တူရကီစစ်ဗိုလ်ကောင်ကြီး ရောက်လာ၍ မျက်ရည်များပြည့်သော ကျွန်တော်၏ မျက်နှာကို မြင်သည်နှင့် 'ဟာ ဟာ ဟာ ဟာ၊ စစ်ဗိုလ်ဆိုပြီး ငိုနေရသလားကွ၊ ကြောက်တတ်ရင် ဘာ့ကြောင့် စစ်ထဲလိုက်ခဲ့သေးသလဲ' ဟု မေးရာ 'ကြောက်လို့မဟုတ်ဘူးကွ၊ မင်းသတ္တိရှိရင် ငါ့ကိုလွှတ်ပေးပြီး တစ်ယောက်ချင်း ဓားချင်းခုတ်ခုတ်၊ လှံချင်းထိုးထိုး၊ သေနတ်ချင်းပစ်ပစ် စမ်းကြည့်ပါလား' ဟု ပြန်ပြောလိုက်မိသည်နှင့် ကျွန်



တော်၏ခါးကို ခြေထောက်နှင့် ဆောင့်ကန်လိုက်ပါသည်။ ကျွန်တော်လည်း မျက်လုံးများပြာတက်သွား၍ လဲရာမှထပြီး သူ၏ညို့သကျည်းကို ဖိနပ်ဦးနှင့် ဆောင့်ကန်လိုက်ရာ 'အွား ဟား ဟား'ဟုအော်ကာ ခါးကုန်းသွားပြီး ညို့သကျည်းကို နှိပ်နေ၏။ သို့သော် အခြားစစ်သားများပြေးလာ၍ ကျွန်တော့်ကို ချုပ်ကိုင်ကြသည်တွင် စစ်ဗိုလ်ကောင်ကြီးသည် ကျွန်တော်၏ မျက်နှာကို ဘယ်ပြန်ညာပြန် ရိုက်သည်နှင့် သွားတစ်ချောင်းကျွတ်ထွက်သွား၍ တစ်ချောင်း နဲ့ကျန်ရစ်ပါသည်။ သို့နှင့်ပင် ဗိုလ်ကောင်ကြီးက စိတ်ကျေနပ်ဟန်မရှိသေးဘဲ 'မင်းနေနှင့်အုံး၊ ကာနယ်ဆီရောက်မှ စိတ်ထင်တိုင်း လုပ်ပြဦးမယ်'ဟု ကြုံးဝါးပါသေးသည်။ ကျွန်တော်သည် ရန်သူ တူရကီစစ်သားများအနက်တွင် လူကောင်းများရော လူဆိုးများပါ တွေ့ကြုံခဲ့ဖူးရာ ဤအကောင်ကြီးကဲ့သို့ ကြမ်းကြုတ်ရက်စက်သူကို မကြုံရဖူးပါ။

နောက်ဆုံး၌ ရန်သူများသည် ကျွန်တော်နှင့်တကွ မသေဘဲကျန်နေသေးသည့် ကျွန်တော်၏ လူတစ်ကျိပ်ခန့်တို့ကို မြင်းများပေါ်တွင် တင်၍ခေါ်ဆောင်သွားရာ ကံအားလျော်စွာ ဝိဇ္ဇာမှာ ကျွန်တော်စီးသောမြင်း ဖြစ်နေသည်။ ရန်သူများကမူ သူ့မြင်းငါ့မြင်း ရွေးချယ်ပေးသည်မဟုတ်ဘဲ ကျန်သောလူကို ကျန်သောမြင်းများပေါ်တွင် တင်ခေါ်ခြင်းသာဖြစ်၏။ ဝိဇ္ဇာ ကျန်သေးရုံသာမက ဝိဇ္ဇာနှင့် ကျွန်တော် တွဲရခြင်းသည် အတိတ်ကောင်းနိမိတ်ကောင်းတစ်ခုဖြစ်၍ ကျွန်တော့်အဖို့ မျှော်လင့်ချက်ရှိသေးသည်ဟူသော အယူအဆသည် ထိုစဉ်၌ပင် ကျွန်တော်၏ ဦးခေါင်း၌ စွဲကပ်လျက်ရှိပါသည်။ လမ်းခရီး၌ပင် ဗိုလ်ကောင်ကြီးသည် ကျွန်တော်၏လူများအား ကတ်တတ်တတ်လုပ်သည်ဆို၍ ကြာပွတ်တစ်ချောင်းနှင့် တရှုံးရှုံးရိုက်၍ လိုက်လာ၏။ တစ်ခါက ကျွန်တော့်အနီးသို့ ကပ်လာပြီး ကျောသို့ကြာပွတ် ရွယ်လိုက်သေး၏။ သို့သော် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မိ၍ ကျွန်တော်၏ မျက်လုံးများထဲတွင် ဘာကိုမြင်သွားသည်မဆိုနိုင်။ မြှောက်ထားသော ကြာပွတ်သည် ကျွန်တော်၏ ကျောပေါ်သို့ အဟုန်နှင့် မကျလာဘဲ သူ့နံဘေးသို့ တဖြည်းဖြည်းကျလာတော့သည်။ ထိုသို့သော အခြင်းအရာမျိုးကြောင့် ရင်းနှီးသောသူငယ်ချင်းများက ကျွန်တော်၏ မျက်လုံးများ၌ ထူးခြားသော သတ္တိရှိသည်ဟု ပြောကြခြင်းဖြစ်ဟန် တူပေသည်။

ဆတ္တားရွာကလေးသို့ ရောက်ကြသောအခါ တူရကီဗိုလ်ကောင်ကြီးသည် ယင်းရွာ၌ နေ့စာစားရန် နားနေရာမှ တစ်နေရာမှ အမိန့်တစ်ခုရောက်လာသည့် လက္ခဏာနှင့် ထိုရွာတွင် ညအိပ်ဖို့ ဆုံးဖြတ်လိုက်သည်ဟု သိရှိရလေသည်။ ရွာသူရွာသားများသည် နံနက်ခင်း၌ ကျွန်တော်တို့လူစု ဖြတ်သွားစဉ်က နှိပ်စက်ရာ လုပ်မည့်သဘောမျိုး ဖော်ပြသော်လည်း ကျွန်တော်တို့ကို ဖမ်းလာသည့် တူရကီ

www.burmeseclassic.com

www.burmeseclassic.com



စစ်သားများ ရောက်လာသော ယခုအကြိမ်၌မူ ပျော်ရွှင်သော အမူအရာမျိုး ဖော်ပြကြသည်ဖြစ်သောကြောင့် တူရကီဘက်တော်သားများ ဖြစ်ကြောင်း သိနိုင်ပေသည်။ ပူတီနာမှာမူ ကျွန်တော့်ကိုမြင်သောအခါ၌ ကရုဏာသက်ဟန်ရှိ၍ ဗိုလ်ကောင်ကြီးသို့ ချဉ်းကပ်ပြီးလျှင် စကားတီးတိုးပြောလေသည်။ သို့သော် ဗိုလ်ကောင်ကြီးက ဦးခေါင်းယမ်းကာ ငြင်းနေ၏။ ပူတီနာကလည်း စိတ်မလျှော့ဘဲ အတင်းကပ်၍ပြောသည်တွင် ဗိုလ်ကောင်ကြီးသည် စိတ်ပျော့လာသည့် လက္ခဏာနှင့် ကျွန်တော့်ဘက်သို့လှည့်လျက်–

ဗိုလ်။ ။ဟောဒီမိန်းကလေးက ပြောနေတယ်၊ သူ့အိမ်မှာ ခင်ဗျားကို တည်းခိုခွင့်ပြုရင် ခင်ဗျားအတွက် တာဝန်ယူပါ့မယ်တဲ့။ သို့သော် ခင်ဗျားကိုယ်တိုင်က ထွက်မပြေးပါဘူးလို့ ပဋိညာဉ်ပေးရလိမ့်မယ်။

ဤတွင် ကျွန်တော်စဉ်းစားမိသည်ကား ပူတီနာသည် စောစောပိုင်းက တူရကီစစ်ဗိုလ်ကလေးအား ကျွန်တော် လွှတ်ဖူးသောကျေးဇူးကြောင့် ကျွန်တော့်အား ကျွေးမွေးခြင်းအားဖြင့် ကျေးဇူးဆပ်လိုခြင်း ဖြစ်ဟန်တူသည်။ သို့သော် ကျွန်တော့်ကို နှိပ်စက်ကလူ ပြုမူထားသော ဗိုလ်ကောင်ကြီးအား မည်သည့် ပဋိညာဉ်ကိုမျှ မပေးလို။ သူ၏ ကျေးဇူးခံ၊ ကျေးဇူးစားအဖြစ်ကိုလည်း အလိုမရှိဟု စိတ်ထဲ၌ ဆုံးဖြတ်လိုက်သည်နှင့်–

တော်။ ။ပဋိညာဉ်မပေးနိုင်ဘူး။ ခင်ဗျားကို ဘာတစ်ခုမှ ကျွန်တော် ကတိမထားဘူး။ ခင်ဗျား လုပ်ချင်တာလုပ်။ သဘောအတိုင်းပဲ။

ဗိုလ်။ ။(ပူတီနာဘက်သို့ လှည့်လျက်)ကိုင်း၊ ဘယ့်နှယ်ရှိစ။

နာ။ ။နေပါဦး၊ ကျွန်မ ပြောပါရစေဦး။ ဒီမှာလေကိုကို။ ကျွန်မကိုကော ကတိမထားချင်ဘူးလားကိုကို။

တော်။ ။ဒါကတော့ အဓိပ္ပာယ်တစ်မျိုးပဲ။ မိန်းကလေးကိုတော့ ဘာမဆို ကတိထားပါတယ်။

နာ။ ။ဒါဖြင့် ဒီလိုလုပ်ကြစို့။ ကိုကိုက ကျွန်မကို ပဋိညာဉ်ပေးပါ။ ကျွန်မက သူ့အတွက် တာဝန်ယူပါတယ်။ ဟုတ်ဘူးလား ဗိုလ်ကြီးရယ်။

ဤတွင် ဗိုလ်ကောင်ကြီးသည် ကျွန်တော့်ကို မျက်စောင်းထိုးကြည့်ကာ မုန်းတီးသော အမူအရာဖော်ပြသော်လည်း ပူတီနာ၏ ကြင်နာသနားဖွယ် ကောင်းသော မျက်လုံးကလေးများ၏ ဒဏ်ကို မခံမရပ်နိုင်သည်ဖြစ်၍ မိန်းကလေး ပြောသည့် အစီအစဉ်အတိုင်း ခွင့်ပြုလိုက်လေ၏။ သို့ဖြစ်၍ ကျွန်တော်သည် ပူတီနာ၏ အုတ်တိုက်အိုသို့ လိုက်ပါသွားကာ လက်မောင်းဒဏ်ရာကို ဆေးထည့်ခြင်းမှစ၍



အပြုအစုခံရပါတော့သည်။ ကျွန်တော်က မေးမြန်းသောအခါ နံနက်ပိုင်းက တူရကီစစ်ဗိုလ်ကလေးအား ကျွန်တော်က လွှတ်ဖူးသည့် ကျေးဇူးကို ဗိုလ်ကောင်ကြီးအား ပြောပြခြင်းကြောင့် ပူတီနာအား ဗိုလ်ကောင်ကြီးက ဤမျှလောက် လိုက်လျောခြင်းဖြစ်သည်ဟု သိရှိရလေသည်။

မကြာမီ ဗိုလ်ကောင်ကြီးရောက်လာ၍ ကျွန်တော့်အား မည်ကဲ့သို့ ချုပ်နှောင်ထားမည့်အကြောင်း စုံစမ်းမေးမြန်းရာ ပူတီနာသည် တိုက်အောက်ဝ၌ရှိသော မြေတိုက်ကို လိုက်ပြ၍ ညအချိန်တွင် ယင်းမြေတိုက်ထဲသို့ ကျွန်တော့်ကို သွင်းလှောင်ထားမည်ဟု ကတိပြုလိုက်သဖြင့် ကျေနပ်ကာ ပြန်သွားလေသည်။ ပူတီနာက ကျွန်တော့်အား သူကိုယ်တိုင်ဖုတ်သော ချပါတီနှင့် ဒိန်ချဉ်အပြင် မဆလာနံ့မွှေးကြိုင်လှသော ပဲဟင်းကိုလည်း ကျွေးရှာပေသည်။

× × ×

ထိုည၌မူ ကျွန်တော်သည် မြေတိုက်တွင် ဂျပ်ရက်ခုတင်တစ်လုံးပေါ်၌ အိပ်ရ၍ လက်ဆွဲမှန်အိမ်တစ်လုံးလည်း တစ်ထောင့်တွင် ချိတ်ထား၏။ မြေကြီးနှင့် ဆောင့်ထားခြင်းကြောင့် ဦးခေါင်းဝေတေတေရှိနေ၍ လက်မောင်းမှဒဏ်ရာကလည်း နာကျင်သည့်အပြင် အခြေအနေမှာလည်း မသာယာသဖြင့် မြန်မာပြည်မှ မိခင်ကြီးကို သတိရပြီး သားအဖြစ်ကို မြင်ရလျှင် မည်မျှလောက်ထိ ရင်ထုမနာဖြစ်ရှာမည်ကို မတွေးဝံ့သည်နှင့် စိတ်ကူးကိုဖြတ်၍ ခုတင်မှ ထတော့မည်အပြုတွင် တံခါးဆီမှ ချောက်ခနဲမြည်သံကြားလိုက်ရသည်။ နောက်တစ်ခဏ၌ တံခါးပွင့်၍ လူတစ်ယောက်ဝင်လာရာ အခြားလူမဟုတ်။ နံနက်ခင်းက ကျွန်တော် လွှတ်လိုက်သည့် တူရကီစစ်ဗိုလ်ကလေး ဖြစ်နေသည်ကိုတွေ့ရသဖြင့် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၏။ အကြောင်းမူကား ဝိဇ္ဇာနှင့် တွဲရခြင်းကြောင့် အတိတ်နိမိတ်ကောက်ယူခဲ့သော မျှော်လင့်ချက်သည် ဦးခေါင်းထဲ၌ ဘွားခနဲပေါ်လာသောကြောင့်ပေတည်း။

ထိုလူသည် လက်တစ်ဘက်တွင် အထုပ်တစ်ထုပ် ကိုင်ဆောင်လာလျက် 'ရော့၊ လမ်းမှာစားဖို့ရီကွာ၊ စကားပြောဖို့ အချိန်မရဘူး။ အပေါ်မှာ မေဂျာကြီး ရှိနေသေးတယ်။ အားမငယ်နဲ့၊ စောင့်နေနော်။ ကိုင်း၊ ကျုပ်သွားမယ်' ဟုပြောကာ အထုပ်ကို လက်ထဲသို့ထည့်၍ ထွက်သွားလေသည်။ အထုပ်ကို ဖြေကြည့်လိုက်သောအခါ ချပါတီ၊ ပဲဟင်းနှင့် သရက်ချဉ်ပါရှိသည်ကို တွေ့ရလေသည်။ လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



စားဖို့ ရိက္ခာပေးခြင်းကို ထောက်ခြင်းအားဖြင့် ကျွန်တော့်ကို လွှတ်ပစ်ဖို့ အစီအစဉ်ရှိကြောင်း ရိပ်မိ၍ ကျွန်တော့်၏ မျှော်လင့်ချက်သည် ဒီဂရီတက်လာသည်နှင့် ငြိမ်သက်စွာ မနေနိုင်ဘဲ မြေတိုက်တွင် စကြံလျှောက်ကာ လူးလာခတ်လျက်ရှိပါတော့သည်။

ထို့နောက် တစ်နာရီခန့်ကြာသော် တံခါးပွင့်လာပြန်၍ ပူတီနာကိုယ်တိုင် ခြေဖျားထောက်ကာ ဝင်လာ၏။

နာ။ ။ကျွန်မကို စိတ်မဆိုးနဲ့နော်ကိုကို၊ ဝတ္တရားအတိုင်း လုပ်ရခြင်းဖြစ်ပါတယ်။

တော်။ ။ဘာကြောင့် စိတ်ဆိုးရမှာလဲ ပူတီနာ။

နာ။ ။ရှင် ခုတောင် မရိပ်မိဘူးလား။

တော်။ ။ဟင့်အင်း။

နာ။ ။ဟိုစာကိုပြပြီး အဓိပ္ပာယ်ပြန်ခိုင်းတုန်းက ကျွန်မ လိမ်ပြောလိုက်တာရှင့်။

တော်။ ။လုမ္ဗနီမြို့မှာ စစ်တပ်အစောင့်အရှောက်မရှိဘူးလို့ ကျွန်မက ဘာသာပြန်ပြောတယ်မဟုတ်လား။

တော်။ ။ဟုတ်တယ်လေ။

နာ။ ။အဲဒါ ကျွန်မ လိမ်ပြောတာရှင့်။

တော်။ ။နို့၊ အမှန်အတိုင်းက ဘယ်လိုတဲ့လဲ။

နာ။ ။အမှန်အတိုင်းကတော့ လုမ္ဗနီမြို့ကို ရန်သူတွေလာရင် လမ်းဖွင့်ပေးလိုက်။ အသင့်ပြင်ထားတယ်တဲ့ရှင့်။

တော်။ ။သြော်၊ ဟုတ်လှပြီ။ ကျုပ်တို့လူစုကို မချောက ချောက်ချလိုက်တာပေါ့လေ။

နာ။ ။ဘယ့်နှယ်တတ်နိုင်မလဲ။ ကျွန်မတို့လူစုဟာက တူရကီသစ္စာခံတွေကိုးရှင့်။

တော်။ ။ကောင်းပါပေ့ဗျာ။

နာ။ ။သို့သော် ကျွန်မရည်းစားကို ရှင်က လွှတ်ပစ်တဲ့အတွက် သူနဲ့ ကျွန်မ တိုင်ပင်ပြီး ရှင့်ကို ကျေးဇူးဆပ်ဖို့ အစီအစဉ်လုပ်ထားပါတယ်။ ကိုင်း၊ စကားမရှည်နဲ့။ ဟောဒီအပေါက်က ထွက်။ အပြင်မှာ အစောင့်မရှိအောင် ကျွန်မတို့ လုပ်ထားတယ်။

တော်။ ။မဖြစ်ဘူးထင်တယ် ပူတီနာ၊ ကျုပ်က ပဋိညာဉ် ပေးထားရတယ်မဟုတ်လား။ ထွက်မပြေးပါဘူးလို့။



နာ။ ။ဘယ်သူ့ကို ပဋိညာဉ်ပေးထားတာလဲ။ ကျွန်မကို ပေးထားတဲ့ ပဋိညာဉ်မဟုတ်လား။ ကျွန်မက လွှတ်လိုက်တယ်လေ၊ ဘာဖြစ်သေးလဲ။

တော်။ ။မတော်တဆ သူတို့သိသွားလို့ အရေးယူရင်။

နာ။ ။မပူပါနဲ့။ ဒီအတွက် ကျွန်မတို့နှစ်ယောက် စီစဉ်ပြီးသားပါ။

တော်။ ။ဒီလိုဆို ကောင်းပါလေရဲ့ ပူတီနာ။

နာ။ ။ဒီအိမ်ကထွက်တော့ လက်ဝဲဘက်လမ်းကိုလိုက်။ ရွာပေါက်ရောက်တော့ ရှင်လွှတ်ပစ်တဲ့ ကျွန်မရည်းစားနဲ့ တွေ့လိမ့်မယ်။ ရှင့်မြင်းရော၊ ဓားရော သူက ပေးလိမ့်မယ်။ ကိုင်း၊ သွားပေတော့ ကိုကို။

ကျွန်တော်သည် ကျွန်တော့်ကို ချောက်ချသလောက် စွန့်စား၍ ကျေးဇူးဆပ်ဖို့ ကြိုးစားပေးသော ပူတီနာမိန်းမဆန်းကလေး၏ မျက်နှာကို တစ်ချက်ဝအောင်ကြည့်၍ ချပါတီထုပ်ကို ကောက်ယူကာ မြေတိုက်ထဲမှ ထွက်လာခဲ့လေသည်။ ညွှန်ကြားချက်အတိုင်း လက်ဝဲဘက်လမ်းသို့လိုက်၍ ရွာပေါက်သို့ ရောက်သောအခါ မြင်းတစ်စီးနှင့် စောင့်နေသော ပူတီနာ၏ ရည်းစားနှင့် တွေ့လေသည်။ ထိုသူသည် မှောင်ရိပ်မှထွက်လာ၍ မြင်းဇက်ကြိုးနှင့် ကျွန်တော်၏ ဓားကို ပေးအပ်ရင်း 'ကိုင်း၊ ခင်ဗျားနဲ့ကျုပ်နဲ့ ကျေကြရော။ ဒီညအဖို့ ပတ်(စ်)ဝတ်(ဒ်)က 'လုမ္ဗနီတဲ့။ မှတ်သွားနော်။ ကိုင်း။ သွားပေရော့ဗျား'

ကျွန်တော်သည် ဓားကိုယူ၍ မြင်းပေါ်သို့ လွှားတက်ပြီး 'လမ်းတိုးစီးလာခဲ့ရာ ပတ္တရောင်လှည့်သော ကင်းတပ်ကလေးနှင့်တွေ့၍ 'လုမ္ဗနီ'ဟူသော ပတ်(စ်)ဝက်(ဒ်)ကြောင့် အနှောင့်အယှက်မပေးဘဲ ခရီးဆက်ခွင့်ရခဲ့ပေသည်။ ထိုညမှာ လပြည့်ကျော် ၅ ရက်ဖြစ်၍ ကောင်းကင်၌ တစ်ခြမ်းသာသာကြီးရှိ သေးသည့် ဖိုးလမင်းသည် ထိန်ဝင်းလျက်ရှိလေသည်။

ထိုအချိန်၌မူ ကျွန်တော်သည် ဝိဇ္ဇာကို 'ဆင်ရဲစီးလျက် ခရီးအတန်တွင်အောင် နင်စပြုလာပြီဖြစ်ရာ ကျွန်တော်၏နောက်မှ မြင်းခွာသံများ ကြားသည်နှင့် လှည့်ကြည့်လိုက်ရာတွင် တစ်မျက်နှာလုံး အမွေးအမှင် ဖုံးနေသည့် ကျွန်တော်၏ ရန်သူတော် တူရကီစစ်ဗိုလ်ကောင်ကြီးကို မြင်ရသည်။ ထိုသူသည် ကျွန်တော့်ကို မီအောင် ဒုန်းစိုင်းလိုက်လာခြင်းဖြစ်သည်ဟူ၍ ကျွန်တော် ရိပ်မိ၏။ အကယ်၍ ကျွန်တော်သည် မေဂျာကောင်ကြီးကို မမီအောင် ထွက်ပြေးလိုပါက ဝိဇ္ဇာ၏ အမြီးကို မမြင်နိုင်အောင် သုတ်ခြေတင် ပြေးနိုင်သည်ဟု သိပါ၏။ သို့သော် လိုက်လာသူ တစ်ယောက်တည်းဖြစ်သည့်ပြင် ပတ်ဝန်းကျင်တွင်လည်း ရန်သူ တူရကီစစ်သားမရှိသည့်အဖြစ်သို့ သိသည်နှင့် မေဂျာကောင်ကြီးအလာ၌ ရာဇဝင်ကြွေး ဆပ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မည်ဟူသော အကြံပေါ်လာ၍ ဝိဇ္ဇာကို ဇက်သတ်ကာ စောင့်နေပါတော့သည်။ အနီးသို့ ကပ်လာသောအခါ မေဂျာကောင်ကြီးသည် ကျွန်တော်မှန်းသိသည်နှင့်–

ဂျာ။ ။ငါထင်တာ ဟုတ်သားပဲ၊ လက်စသတ်တော့ ထမင်းတစ်လုပ်အတွက် အင်္ဂလိပ်ကျွန်လုပ်တဲ့ ဂျမဒါကောင်ကိုး။

တော်။ ။ခေါ်ချင်တာခေါ်။ နောက်ဆုံးခေါ်ခြင်းပဲ မှတ်ထားလိုက်။

ဂျာ။ ။စစ်စည်းကမ်းနားမလည်တဲ့ ကျွန်လူမျိုးပီပီ ပဋိညာဉ်ကို ချိုးဖောက်ပြီး ထွက်ပြေးခဲ့တာပေါ့လေ။

တော်။ ။ဘာပဋိညာဉ်လဲ။

ဂျာ။ ။ထွက်မပြေးပါဘူးဆို။

တော်။ ။ဘယ်သူ့ကို ပဋိညာဉ်ပေးလို့လဲ။ ခင်ဗျားကို ပေးသလား။

ဂျာ။ ။ပူတီနာကို ပေးတယ်မဟုတ်လား။

တော်။ ။ပေးတဲ့လူဆီမှာ ကျွန်တော် ဖြေရှင်းဖို့ တာဝန်ရှိတယ်။ ခင်ဗျားနဲ့ မဆိုင်ဘူး။

ဂျာ။ ။ဟာ၊ ဒီလိုနဲ့ ဘာရမလဲ။ ကျုပ်ဆီမှာ ရှင်းရမယ်။

တော်။ ။ခင်ဗျားသဘောပဲ။ စမ်းကြည့်တာပေါ့။

မေဂျာကောင်သည် ဓားကိုဆွဲထုတ်သည်နှင့် ကျွန်တော်လည်း ဆွဲထုတ်လိုက်ရာ သူသည် ကျွန်တော်၏ ဓားကိုမြင်သည်နှင့်–

ဂျာ။ ။အောင်မယ်၊ လက်နက်တွေဘာတွေရော အပြည့်အစုံပါကလား။ တန်တော့၊ သစ္စာဖောက်လက်ချက်ပဲကိုး။ သိစေမယ်ပေါ့ကွာ။

ဤသို့ဆိုခြင်းဖြင့် မေဂျာကောင်သည် ပူတီနာတို့ သမီးရည်းစားနှစ်ယောက်အား သစ္စာဖောက်များဟူ၍ စွပ်စွဲခြင်းဖြစ်သောကြောင့် ကျွန်တော်၏ ရင်ထဲ၌ သန္နိဋ္ဌာန်ချမှတ်လိုက်လေပြီ။ အကယ်၍ မေဂျာကောင်သည် ကျွန်တော့်ကိုနိုင်၍ စစ်တပ်သို့ အရှင်လတ်လတ် ပြန်ရောက်ကြွားအံ့၊ ပူတီနာနှင့်ရည်းစားသည်အား ဒုက္ခပေးချေတော့မည် ဧကန်တည်း။ သို့ဖြစ်၍ ကိုယ်ရေးကိုယ်တာအတွက်သာမက ပူတီနာတို့နှစ်ယောက်အတွက်လည်း ဤမေဂျာကောင်ကြီးကို သတ်မှ ဖြစ်ချေတော့မည်တကား။

မေဂျာကောင်ကြီးသည် ဒေါသကြီးသလောက် ခွန်အားကြီးသူဖြစ်၍ ကျွန်တော့်ထံသို့ တစ်ဟုန်တိုးစိုင်းဝင်ကာ ကျွန်တော်၏ လည်ပင်းကို ခုတ်ပိုင်းလိုက်ရာ ကျွန်တော်က ကိုယ်ကိုကိုင်းညွတ်၍ ဦးခေါင်းငုံ့ပေးလိုက်သဖြင့် နောက်စေ့ပေါ်မှ သူ၏ဓားကြီးဖြတ်သွားသော အသံကြီးမှာ သူငယ်ဘဝ ဘုန်းကြီးကျောင်းသို့ ဆွမ်းဟင်းခွက်ပို့စဉ်က သိန်းငှက်သုတ်သဖြင့် လေထဲသို့ တောင်ပံ



ထိုး၍ ရှိခနဲမြည်သော အသံကြီးကို သတိရမိပါတော့သည်။ အကယ်၍ သူမှန်းသည့်အတိုင်း ထိခဲ့ပါမူ ကျွန်တော်၏ဦးခေါင်းသည် ဝိဇ္ဇာ၏ ဦးခေါင်းထက်မှ ဖြတ်ကျော်ပြီး ဆယ်ကိုက်ထက်မနည်း လွင့်စဉ်သွားဖွယ်ရာရှိ၏။ ယခုသော် အားကုန်ခွဲ၍ ခုတ်လိုက်သူတို့၏ ထုံးစံအတိုင်း ထိတွေ့သင့်သော အရာဝတ္ထုနှင့် မထိတွေ့ရဘဲ ရှိသည့်တွင် လက်မောင်းသည် အရှိန်သတ်ပေးမည့် အရာဝတ္ထုမရှိသည်နှင့် အဟုန်ပြင်းစွာ ဆက်လက်ရွေ့လျားသဖြင့် ကိုယ်လုံးကြီးကိုပါ ဆွဲဆောင်သွားပါတော့သည်။

သို့နှင့် ကိုယ်လုံးသည် မြင်းပေါ်မှ လွတ်ထွက်သွားလောက်အောင် နေရာရွှေ့ပြောင်းခြင်း မဟုတ်စေကာမူ မေဂျာကောင်ကြီးသည် မြင်းပေါ်တွင် ဟန်ပျက်၍ ရှေ့သို့ခပ်ငိုက်ငိုက် ဖြစ်သွားတော့သည်။ ကျွန်တော်ကား ဤသို့ပြုလျှင် ဤသို့ဖြစ်လိမ့်မည်ဟု မဆွက ကြိုတင်တွက်ချက်ထားပြီးဖြစ်၏။ သို့ဖြစ်၍ မေဂျာကောင်ကြီး၏ ကိုယ်လုံးသည် ရှေ့သို့အရှိန်နှင့်ပါသွားခိုက်တွင် ကျွန်တော်၏ ဓားဦးသည် သူမေးစိအောက်လည်မျိုဆီသို့ ကျွန်တော့်၌ ရှိသမျှသော ခွန်အားဖြင့် နှစ်သွင်းလိုက်ရကား မုတ်ဆိတ်မွေးဖုတ်သိုက်ကြီးအတွင်း ဖြတ်သန်းကာ လည်ပင်းထဲသို့ စူးဝင်ပြီး လည်ကုပ်ဘက်မှ တစ်လက်မခန့် ပေါက်ထွက်လာလေတော့သည်။

သူ၏မြင်းသည် အရှိန်နှင့်ပြေးဆဲဖြစ်သောကြောင့် ကျွန်တော်က ဓားကို ကိုင်ဆုပ်ထားလိုက်ခြင်းသည် မေဂျာကောင်၏ ကိုယ်လုံးကို ဆွဲထားလိုက်သလို ဖြစ်သွား၏။

ဤတွင်ခြေနင်းကွက်၌ ခြေထောက်စွပ်လျက်ရှိနေသော မေဂျာကောင်၏ ကိုယ်လုံးသည်ပင်လျှင် ကျွန်တော့်ကို ဆွဲချလိုက်သကဲ့သို့ ဖြစ်နေပြန်၍ သူ၏ ကြီးမားသောကိုယ်လုံးကြီးရော၊ ကျွန်တော်၏ ကျစ်လစ်သောကိုယ်လုံးပါ မြေပေါ်သို့ အတွဲလိုက် ပြုတ်ကျသွားပါတော့သည်။

မြင်းနှစ်ကောင်သည် တကွဲစီဖြစ်သွား၍ လူနှစ်ယောက်မှာ မြေကြီးပေါ်၌ လိမ့်နေကြသော်လည်း မြင်းလိမ္မာဝိဇ္ဇာသည် သခင်လိမ့်ကျသွားသည်နှင့် တစ်ပြိုင်နက် ဇက်သတ်လိုက်သလို ရပ်နေ၏။ ကျွန်တော်လည်း ကပျာကယာ ထ၍ မေဂျာကောင်၏ အခြေအနေကို ကြည့်လိုက်သည်တွင် ဓားတန်းလန်းနှင့် ပါးစပ်ကြီးဟပ်ပွဲဟပ်ပွဲ လုပ်နေသည်ကို တွေ့ရသည်။

ရင်ဘတ်ကို ခြေနင့်ထောက်ကာ ဓားကိုနုတ်ယူခြင်းနှင့် ဝိဇ္ဇာပေါ်သို့ လွှားတက်ခြင်းဟူသော အလုပ်များသည် ကျွန်တော့်အဖို့ တစ်မိနစ်အတွင်း ပြီးစီးနိုင်

www.burmeseclassic.com

www.burmeseclassic.com



.သော အလုပ်များဖြစ်လေရကား ကျွန်တော်သည် နောက်တစ်နေ့ညနေတွင်ဗြိတိသျှ တပ်မတော်ကြီးကို မီလာသောအခါ၌ ဂျူတစ်ဈေးမျှ မပါခဲ့စေကာမူ စစ်တပ်အဖို့၌ ဂျမဒါကိုကိုကြီးတည်းဟူသော ဓားမတစ်ချောင်း မဆုံးရှုံးရဘဲ ရှိပါတော့သတည်း။

# ရန်သူရှာ မြာတွေ့

တစ်နေ့သ၌ ကာနယ်ဂရေဟမ်သည် ကျွန်တော့်ကိုခေါ်၍ စစ်မြေပြင် အရပ်မှ ဘတ်စရာမြို့သို့ အရေးကြီးသော ကိစ္စတစ်ခုနှင့်သွားရန် မှာထားလေသည်။ စစ်မြေပြင်နှင့် ဘတ်စရာမြို့မှာ မိုင်ပေါင်းရှစ်ဆယ်ခန့် ကွာလှမ်း၍ မြင်းတစ်စီး ဖြင့်သွားရောက်ရန်ဖြစ်ရာ ကိစ္စမှာ သာမန်ချာပရာစီတစ်ယောက် ဆောင်ရွက် နိုင်သော ကိစ္စမျိုးမဟုတ်ဘဲ လက်ဖတင်နင်ဂျင်နရယ်စစ်ဗိုလ်ချုပ် ဆာဂျွန်ဂရေး နှင့်တွေ့ဆုံ၍ စစ်မြေပြင်သို့ စစ်ကူ ဖြည့်ဖွက်တင်ပို့ရန် တောင်းခံရမည့်အရေး ဖြစ်လေသည်။ စင်စစ်မှာ ယင်းကိစ္စမျိုးသည် ကပ္ပတိန်အစရှိသည့် ကော်မရှင် အရာရှိများသာ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သော်လည်း ကာနယ်ဂရေဟမ်သည် ကျွန်တော်၏ အရည်အချင်းကို သိသည့်အတွက် ထိုကဲ့သို့ စေလွှတ်ခြင်းဖြစ်ဟန် တူ၏။ လမ်းခရီးမှာ ဗြိတိသျှနယ်အတွင်းဖြစ်သော်လည်း ဘေးအန္တရာယ်ထူထပ်၍ မတော်တဆကျဆုံးရလျှင် မျက်နှာဖြူကော်ရှင်အရာရှိ တစ်ယောက် ဆုံးရှုံးရခြင်း ထက် ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်သည့် ဂျမဒါစစ်ဗိုလ်ကလေးတစ်ယောက် ဆုံးရှုံးရခြင်းသည် သက်သာသေးသည်ဟု ယူဆလေသလောလည်း မပြောတတ် ပေ။ မည်ကဲ့သို့ပင်ဖြစ်စေ ကျွန်တော်ကမူ အရေးကြီးသော ကိစ္စအတွက် ကျွန်တော့်

www.burmeseclassic.com



ကို ရွေးချယ်စေလွှတ်လျှင် ဖိုးသွားချင်တစ်ယောက်ဖြစ်သည့်အတိုင်း ကာနယ်ဂရေဟမ်၏ ဗလက်ရေးဗင်း(ကျိုးနက်)ခေါ် မြင်းနက်ကြီးကိုစီးလျက် ထွက်လာခဲ့လေသည်။ ကျွန်တော်၏ ရင်ဘတ်ထဲတွင် စာတစ်စောင်ပါရှိသော်လည်း စစ်ကူလိုအပ်သည့်အကြောင်းကို နှုတ်ဖြင့် ဖြည့်စွက်ပြောပြရန်လည်း လိုသေးသည်ဖြစ်၍ သူရသတ္တိသာမက နှုတ်စလျှာစလည်းကောင်းသော ကျွန်တော့်အား စေလွှတ်သည့်လက္ခဏာလည်း ရှိပေသည်။

တစ်နေ့စောစောအ၌ ကျွန်တော်သည် ဘလက်ရေးဗင်းကိုစီးလျက် စစ်စခန်းမှ ထွက်လာခဲ့ရာ လမ်းခရီးတွင် ရွာကလေးများကို တစ်ရွာပြီးတစ်ရွာ တွေ့ရှိရ၍ အချို့သောရွာများတွင် လက်ဖက်ရည်ဆိုင်ရှာပြီးလျှင် ချပါတီနှင့် ကာဇီ ပူပူဖြင့်သာ ဝမ်းစာအတွက် ကျေနပ်ရသည်။ စစ်ကူရဖို့မှာ အရေးကြီးသော်လည်း ကာနယ်ဂရေဟမ်မှာ ဘလက်ရေးဗင်း ပင်ပန်းလွန်းမည်စိုးသည်နှင့် မိုင်ရှစ်ဆယ်ခရီးကို နှစ်နေ့ပိုင်း၍ သွားဖို့ မှာကြားလိုက်၏။ စင်စစ်မှာ ဤမြင်းနက်ကြီးသည် မိုင်ရှစ်ဆယ်ခရီးကို တစ်နေ့တည်းပေါက်အောင် ပြေးနိုင်သော အစွမ်းရှိသည်။

တစ်နေ့ပတ်လုံး ခပ်မှန်မှန်ခရီးသွား၍ ညနေစောင်းအချိန်၌ ရွာတစ်ရွာသို့ ဆိုက်ရောက်လာသည်တွင် နောက်ပါစစ်သားလေးယောက်နှင့်အတူ ခရီးသွားလျက်ရှိသော အိန္ဒိယတိုင်းသား စစ်ဗိုလ်လေးတစ်ယောက်ကို မီလာခဲ့သည်။ ဤရွာကိုကျော်လွန်သောအခါ တောပုန်းဓားပြများရှိတတ်သော တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းရမည်တစ်ကြောင်း၊ ကုလားစစ်ဗိုလ်ကလေး၏ မျက်နှာကို မြင်လျှင်မြင်ချင်း ဖော်ရွေသည်ထင်၍ ကျွန်တော်သဘောကျသည် တစ်ကြောင်းကြောင့် ခရီးဆုံခဲ့လျှင် အဖော်ပြုလုပ်ရန် ကျွန်တော်၌ အကြံဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်တော်က စမ်းသပ်သောအနေဖြင့် 'ဂွတ်၊ အာဖတားနွန်း'ဟု နှုတ်ဆက်ကာ အင်္ဂလိပ်ဘာသာဖြင့် မိတ်ဆွေဖွဲ့လိုက်သည်တွင် စစ်ဗိုလ်ကလေးသည် အင်္ဂလိပ်လိုတတ်ရုံသာမက ကျွန်တော့်ကို လိုလားသောအမူအရာနှင့် ဖော်ရွေစွာ ပြန်ပြောလေသည်။ ခရီးစဉ်ကို မေးမြန်းသောအခါ ကျွန်တော်သွားရမည့် ခရီးနှင့်ဆုံနေသည်ကို တွေ့ရ၏။ သို့ဖြစ်၍ ကျွန်တော်က ခရီးအတူသွားရန် အကြံပေးသည်တွင် စစ်ဗိုလ်ကလေးသည် ဝမ်းမြောက်ဝမ်းသာ လက်ခံလေသည်။

ယင်းတို့ငါးယောက်နှင့် ကျွန်တော် ပူးပေါင်း၍ အတူတကွ ခရီးသွားကြသဖြင့် နောက်တစ်ရွာသို့ရောက်သောအခါ စစ်ဗိုလ်ကလေးသည် 'ခမ်အဗ္ဗဒူလာ'ဟူသော အမည်ကို ရွာသားများအား မေးသံကြားရ၏။ 'ခမ်အဗ္ဗဒူလာ' ဆိုသည်မှာလည်း ဘရားဆပ်တစ်ယောက်ဖြစ်သည်ဟု ပြောပြလေ့ရှိသည်။ မည်သည့်ကိစ္စကြောင့် ဤပုဂ္ဂိုလ်အကြောင်းကို စုံစမ်းထောက်လှမ်းလျက် ရှိပါသ



နည်းဟု စစ်ဗိုလ်ကလေးအား ကျွန်တော်က မေးသောအခါ ကုလားစစ်ဗိုလ်ကလေးသည် ပြောလိုဟန်မတူဘဲ 'ကိစ္စရှိလို့ပါဗျာ'ဟူ၍သာ ဖြေဆိုလေသည်။

ကျွန်တော်သည် ခရီးအတူသွားကြစဉ် ကုလားစစ်ဗိုလ်ကလေး၏ ရုပ်လက္ခဏာကို အကဲခတ်၍ သူ၏ကိုယ်ဟန်အမူအရာနှင့် ပြောပုံဆိုပုံကို အကဲခတ်ခြင်းအားဖြင့် အထက်တန်းစား ကုလားလူမျိုးတစ်ယောက်ဖြစ်သည်ဟု ကျွန်တော်ပြောနိုင်၏။ အမည်မှာ လာလ်ချန်ဖြစ်၍ ကျွန်တော့်အမည်ကိုလည်း သူ့အားပြောပြလေသည်။ ထိုသူသည် လူကုံထံတစ်ယောက်၏သားဖြစ်၍ စစ်ထဲတွင် ဖော်လန်တီယာအဖြစ်နှင့် အပျော်အမှုထမ်းခြင်းဖြစ်ရာ ရာထူးမှာ ကျွန်တော့်ထက် တစ်ဆင့်မြင့်၏။ ထိုအခါ ကျွန်တော်မှာ အသက် ၂၅ နှစ်မျှသာ ရှိသေး၍ လာလ်ချန်မှာလည်း ကျွန်တော်နှင့် သက်တူရွယ်တူဖြစ်သည်ဟု သိရလေသည်။

ကျွန်တော်၏အမည်ကို ပြောပြ၍ မြန်မာလူမျိုးတစ်ယောက်ဖြစ်ကြောင်း သိရသောအခါ လာလ်ချန်သည် ကျွန်တော့်ကို အထင်ကြီးဟန်မရှိချေ။ သို့ရာတွင် ကျွန်တော်က စစ်ပွဲ၌ လူပေါင်း တစ်ဒါဇင်မက ကျွန်တော်၏လက်ချက်ဖြင့် သတ်ခဲ့ပြီးကြောင်း၊ စကားများ၍ ရန်ဖြစ်ရာမှ သဘောတူ ထိုးသတ်ရာတွင် ဂေါ်ရာစစ်သားတစ်ယောက်၊ ကုလားစစ်ဗိုလ်ကလေးတစ်ယောက်ကို သတ်ခဲ့ပြီးကြောင်း ပြောပြလိုက်သောအခါ လာလ်ချန်သည် မျက်ခုံးမြှောက်ချီခြင်းနှင့်အတူ ကျွန်တော့်အပေါ်၌ အထင်အမြင် ကြီးမြင့်လာဟန်တူလေသည်။

ထိုအရပ်၌ ရွာကလေးများသည် တစ်ရွာပြီးတစ်ရွာ ဆက်ကာဆက်ကာ တွေ့ရလေရာ တစ်ရွာသို့ရောက်တိုင်း လာလ်ချန်သည် 'ခမ်အဗ္ဗဒူလာ'ဆိုသော 'ဘရားဆပ်'အကြောင်းကို မေးလေ့ရှိလေသည်။ ထိုသို့မေးသည့်အခါ အချို့က မသိကြောင်း၊ အချို့က မရှိကြောင်းပြော၍ အချို့ကလည်း ရှေ့တွင်ရှိကြောင်း ပြောကြလေသည်။ နေဝင်လုဆဲဆဲအချိန်တွင် ကျွန်တော်တို့သည် တောင်ပူစာကလေးတစ်ခုပေါ်သို့ ရောက်လာကြ၍ ထိုမှမျှော်ကြည့်လိုက်သောအခါ လက်ယာဘက်တွင် ရွာကလေးတစ်ရွာကိုလည်းကောင်း၊ လက်ဝဲဘက်တွင် သစ်ပင်များအကြားမှ ထိုးထွက်နေသည့် အဆောက်အအုံကြီးတစ်ခုကိုလည်းကောင်း တွေ့မြင်ကြရ၏။ ထိုခဏ၌ တောသားတစ်ယောက်သည် ကောက်ရိုးလှည်းတစ်စီးကို မောင်းနှင်လာသည်နှင့် လာလ်ချန်က 'ဟိုကဟာ ဘာရွာလဲ'ဟု မေးသဖြင့် လှည်းသမားက 'ပါတီပူလရွာ ဖြစ်တယ်' ဟု ပြော၏။ ထိုနောက်

ချန်။ ။ခမ်အဗ္ဗဒူလာဆိုတာ ခင်ဗျားသိသလား။

လူ။ ။သိတာပေါ့၊ ဘရားဆပ်ကြီးတစ်ယောက်ပဲ။

ချန်။ ။နို့ သူဘယ်မှာနေသလဲ။

www.burmeseclassic.com

www.burmeseclassic.com



လူ။ ။ဟိုဘက်က သစ်ပင်တွေထဲမှာမြင်ရတာ သူ့တိုက်ကြီးပေါ့။

လှည်းသမားသည် လက်ဝဲဘက်၌ရှိသော အဆောက်အအုံကြီးကို ကြိမ်တံပြာနှင့် ညွှန်ပြလေသည်။

လာလ်ချန်သည် ထိုစကားကို ကြားရသောအခါတွင် သမင်ကိုမြင်ရသော အမဲလိုက်သမားကဲ့သို့ ကြည်ရွှင်သောမျက်နှာထားဖြစ်ပေါ်လာ၍ အဝေး၌ရှိသော တိုက်ကြီးကို စိန်းစိန်းကြည့်လေသည်။ ဤအတောအတွင်း လှည်းသမားက 'အားကြီးဆိုးတဲ့လူကြီးပဲ၊ ခမ်အဗ္ဗဒူလာဆိုရင် တစ်နယ်လုံးက ဖိန့်ဖိန့်တုန်အောင် ကြောက်ရတယ်' ဟု ပြောလေသည်။

ချန်။ ။ဒီလူက ဒီအရပ်သားလားဗျ။

လူ။ ။မဟုတ်ဘူး။ သဲကန္တာရထဲက လာတဲ့လူပဲ။ မုတ်ဆိတ်နီကြီးနဲ့။ သိပ်ကြောက်ဖို့ကောင်းတယ်။

ချန်။ ။ဟုတ်ပြီ ဟုတ်ပြီ၊ ကျုပ်လူပဲ၊ နေရာကျလိုက်လေဗျာ။ လိုက်ရှာလိုက်ရတာ ခုမှတွေ့ပေတော့တယ်။ ကိုင်း။ ဂျမဒါကိုကိုကြီး၊ ကျုပ်တော့ ဒီကနေ့ည ဟိုဘက်ကရွာကလေးမှာ အိပ်တော့မယ်။ ခင်ဗျားကော။

ထိုအချိန်တွင် နေဝင်ခဲ့ပြီဖြစ်၍ ကျွန်တော်လည်း ယင်းတို့နှင့်အတူ ထိုရွာ၌ပင် တည်းခို၍ မနက်လင်းသောအခါမှ ခရီးဆက်ပါတော့မည်ဟု ပြန်ပြောလေသည်။ လာလ်ချန်သည် လှည်းသမားအား ကျေးဇူးတင်စကားပြော၍ ကျွန်တော်တို့လူစုသည် လက်ယာဘက်၌ရှိသော ပါတီပူလရွာကလေးဆီသို့ သွားကြလေသည်။ ရွာထဲသို့ရောက်သောအခါ လာလ်ချန်သည် ရွာလူကြီးအိမ်ကိုမေး၍ ဗြိတိသျှအစိုးရ၏ စစ်သည်တော်များဖြစ်သည့်အတိုင်း ရွာလူကြီးအိမ်၌ ထိုညဥ့်အဖို့ တည်းခိုကြ၏။ ကျွန်တော်၏အကြံမှာ လာလ်ချန်နှင့် ခမ်အဗ္ဗဒူလာတို့၏ ကိစ္စကို သူတို့ဘာသာအလျောက် ရှင်းလင်းကြရန် ထားခဲ့၍ နံနက်လင်းသောအခါတွင် ကျွန်တော်သွားရန်ရှိသော ခရီးကို ဆက်လက်ရန်ဖြစ်လေသည်။

မြင်းများကို ဖောင်းသွင်း၍ ကျွန်တော်တို့လူစုသည် ချပါတီနှင့် အာလူးတည်းဟူသော ညစာကို စားသောက်ကြပြီးနောက် လာလ်ချိန်သည် ကျွန်တော့်အား တီးတိုးစကားပြောလေသည်။ လာလ်ချန်သည် ကျွန်တော့်ကို မြင်လျှင်မြင်ချင်း ညီအစ်ကိုအရင်းကဲ့သို့ ချစ်ခင်အားကိုးကြောင်း၊ ကျွန်တော့်၌ သူရသတ္တိရှိသည်ဆိုသော အခြင်းအရာကို မျက်နှာမြင်ရုံနှင့် သိနိုင်ကြောင်း၊ ယင်းဆောင်ရွက်ရန်ရှိသော ကိစ္စမှာ ဘေးအန္တရာယ်ရှိသည်ဖြစ်၍ ကျွန်တော့်ကဲ့သို့ သတ္တိကောင်းသော လူများ၏အကြိုက် ဖြစ်လိမ့်မည်ထင်ကြောင်း၊ ဤကိစ္စတွင် ကျွန်တော် ကူညီမည်ဆိုပါက တစ်သက်ပတ်လုံး ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိ



လိမ့်မည်ဖြစ်ကြောင်းများနှင့် ပြောဆိုလေသည်။ ကျွန်တော်ကမူ အခြားသော အကြောင်းပြချက်များထက် ဘေးအန္တရာယ်ရှိသောအလုပ်ကိစ္စတစ်ခုဖြစ်သည် ဆိုခြင်းကို ကြားလိုက်ရကတည်းက လာလ်ချန်၏ကိစ္စတွင် ကူညီဆောင်ရွက်လိုသော စိတ်ဆန္ဒဖြစ်ပေါ်ခဲ့လေပြီ။ သို့ဖြစ်၍

တော်။ ။နေစမ်းပါဦး လာလ်ချန်၊ ကျုပ်မှာလည်း စစ်ကိစ္စနဲ့ လာခဲ့ရခြင်းဖြစ်တယ်။ ခင်ဗျားကိစ္စဟာ ဒီတစ်ညဆောင်ရွက်ပြီး နက်ဖန်ကျတော့ ကျုပ်ခရီးကို ကျုပ်ဆက်လက်ပြီးသွားနိုင်မယ် မဟုတ်လား။

ချန်။ ။သွားနိုင်တာပေါ့ဗျ။

တော်။ ။ကိုင်း ဒါဖြင့်ဆိုစမ်း၊ ခင်ဗျားကိစ္စက ဘယ်လိုလဲ။

ချန်။ ။ဒီလိုဗျ၊ ကျွန်တော့်အဖေဟာ မြေပိုင်ရှင်ကြီးတစ်ယောက်ဖြစ်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက တိုင်းပြည်မငြိမ်မသက် ဖြစ်ရာမှာ ကျွန်တော်တို့နယ်တစ်ပိုက်မှာ မင်းမဲ့တိုင်းပြည်လိုဖြစ်ပြီး လူဆိုးလူမိုက်တွေက တန်ခိုးကြီးခဲ့ဖူးပါတယ်။ တချို့လူဆိုးတွေက တောင်သူလယ်သမားတွေကို မြှောက်ပေးပြီး မြေပိုင်ရှင်တွေကို သတ်တဲ့လူသတ်၊ မောင်းထုတ်တဲ့လူ ထုတ်၊ ထောင်ချတဲ့လူချ၊ အရမ်းလုပ်ကြပါတယ်။ မြေပိုင်ရှင်ကြီးတွေဟာ လုပ်သားတွေအပေါ်မှာ အများအားဖြင့် သနားကရုဏာကင်းမဲ့ပြီး ရက်ရက်စက်စက် ပြုမူကြတာတော့ မှန်ပါတယ်။ နို့ပေမယ့် ကျွန်တော့်ဖခင်ကတော့ မြေပိုင်ရှင်ကြီးတွေအနက်မှာ တရားမျှတဆုံး လူကြီးတစ်ယောက် ဖြစ်ပါတယ်။ လုပ်သားတွေက ကျွန်တော့်ဖခင်ကို ဖမ်းပြီးစစ်ဆေးကြတဲ့အခါမှာ ခုံသမာဓိလူကြီးသုံးယောက် တင်မြှောက်ကြပါတယ်။ အဲဒီအထဲမှာ ခမ်အဗ္ဗဒူလာတစ်ယောက် ပါပါတယ်။ ဖခင်ကို စစ်ဆေးတဲ့အခါမှာ တခြားခုံသမာဓိလူကြီးနှစ်ယောက်က အပြစ်မရှိဘူးလို့ ဆုံးဖြတ်ကြပါလျက်နဲ့ ဩဇာကြီးတဲ့ လူဆိုးကြီးတစ်ယောက်ဖြစ်တဲ့ ခမ်အဗ္ဗဒူလာက အပြစ်ရှိတယ်လို့ ဆုံးဖြတ်ပါတယ်။ နှစ်ယောက်နဲ့တစ်ယောက်ဖြစ်လို့မို့ များရာကို အတည်ပြုသင့်သော်လည်း ဟိုနှစ်ယောက်က လူကောင်းကြီးတွေ ဖြစ်လေတော့ ခပ်အေးအေးနေကြရာမှာ လူဆိုးကြီး အဗ္ဗဒူလာက လုပ်ချင်ရာ လုပ်နိုင်တဲ့အခွင့်အရေး ရသွားတယ်။ ခုံသမာဓိလူကြီးနှစ်ယောက်က ကျွန်တော့်ဖခင်ကို အပြစ်မရှိဘူးလို့ ဆုံးဖြတ်ကြသော်လည်း ခမ်အဗ္ဗဒူလာက အပြစ်ရှိတယ်ဆိုပြီး ကျွန်တော့်ဖခင်ကို ခြေထောက်နဲ့ကန်၊ ကြိုးနဲ့တုပ်၊ ထုရိုက်ကြ၊ သူ့တပည့်တွေနဲ့ လုပ်ချင်တိုင်းလုပ်ပြီး ရုံးခန်းပြင်ဘက် ထုတ်ပေးလိုက်တော့ လူထုဆိုတာ သွေးပူနေတုန်းမှာ သတ်ချင်ဖြတ်ချင်တဲ့ဒေါသစိတ်တွေ ဟုန်းဟုန်းတောက်နေခိုက်မို့ ခမ်အဗ္ဗဒူလာရဲ့ နောက်လိုက်များ ရှေ့ဆောင်ချက်အရ ကျွန်တော့်ဖခင်ကို အရှင်

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ကြီး ဆွဲဆုတ်လိုက်ကြတာ အလောင်းတောင်မကျန်ရစ်ဘဲ အစိတ်စိတ်အမွှာမွှာဖြစ်ကုန်တော့တယ်ဗျ။

တော်။ ။လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က အဖြစ်အပျက်ဆိုတော့ ခင်ဗျား ခပ်ငယ်ငယ် ရှိဦးမှာပေါ့။

ချန်။ ။ဟုတ်တာပေါ့။ ကျွန်တော် ၁၅ နှစ်သားလောက်ပဲ ရှိသေးတယ်။ ကျွန်တော့်အစ်ကိုကတော့ ၁၈ နှစ်သားရှိပြီ။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်က ခမ်အဗ္ဗဒူလာအပေါ်မှာ အကျိတ်အခဲ မကျေနိုင်ဘူးဆိုတာ ခင်ဗျားစဉ်းစားကြည့်ရင် သိမှာပေါ့။ အဲဒီအတောအတွင်းမှာပဲ မြေပိုင်ရှင် မုဆိုးမတစ်ယောက်ကို လယ်သမားခုံရုံးတင်ပြီး စစ်ဆေးရာမှာ ခမ်အဗ္ဗဒူလာက မုဆိုးမရဲ့အသက်ကို ကယ်တင်ပြီး မိန်းမကြီးရဲ့ လယ်မြေတွေကိုရလေတော့ အလွန်တရာ ဩဇာကောင်းတဲ့ သူဌေးကြီးတစ်ယောက် ဖြစ်လာတော့တာကိုးဗျ။ ကျွန်တော်တို့ လူလားမြောက်တဲ့အခါမှာ ကျွန်တော့်အစ်ကိုက ခမ်အဗ္ဗဒူလာရဲ့ သတင်းကို နားထောင်ပြီး ကျွန်တော်တို့ဖခင်အတွက် လက်စားချေရအောင်ဆိုပြီး လိုက်သွားလေရဲ့။ နောက်ဆုံးမှာ လက်စားချေခွင့်မရတဲ့အပြင် ကျွန်တော့်အစ်ကိုဟာ ခမ်အဗ္ဗဒူလာရဲ့ လက်ချက်နဲ့သေရတဲ့အကြောင်း ကျွန်တော် သတင်းရပါတယ်။ အဲဒီအချိန်ကစပြီး လက်စားချေဖို့ကိစ္စကို ကျွန်တော်က ဆက်လက်ပြီး ဆောင်ရွက်ဖို့ အကြံအစည်နဲ့ ဗြိတိသျှအစိုးရရဲ့စစ်တပ်ထဲဝင်ပြီး ကျွန်တော် စစ်မှုထမ်းခဲ့တယ်။ ရောက်လေရာအရပ်မှာ ခမ်အဗ္ဗဒူလာအကြောင်းကို ကျွန်တော် စုံစမ်းတယ်။ လွန်ခဲ့တဲ့ သုံးရက်လောက်ကတော့ ဒီနားတစ်ဝိုက်ဆီမှာ ခမ်အဗ္ဗဒူလာဆိုတဲ့ သူဌေးကြီးတစ်ယောက် ရှိလေရဲ့လို့ သတင်းရတာနဲ့ စစ်ဗိုလ်ကြီးဆီက ရက်သတ္တတစ်ပတ် အခွင့်တောင်းပြီး ဖခင်ရဲ့ငယ်မွေးခြံပေါက်များဖြစ်တဲ့ စစ်သားလေးယောက်နဲ့အတူ ကျွန်တော် ထွက်လာခဲ့ခြင်း ဖြစ်တယ်။

တော်။ ။နေပါဦးဗျ၊ ကျုပ်က ဘာလုပ်ရမှာလဲ။

ချန်။ ။ကျွန်တော်နဲ့အတူ လိုက်ခဲ့စေချင်တယ်။

တော်။ ။ဘယ်ကိုလဲ။

ချန်။ ။ခမ်အဗ္ဗဒူလာရဲ့ အိမ်ကိုပေါ့။

တော်။ ။ရွာ့ဟိုဘက်က မြင်ခဲ့ရတဲ့ အိမ်ကြီးဟာလား။

ချန်။ ။ဟုတ်ပါတယ်။

တော်။ ။ဘယ်တော့လဲ။

ချန်။ ။ခုချက်ချင်းပေါ့။

တော်။ ။ပြီးတော့ ဘာလုပ်ရမှာလဲ။



ချန်။ ။ဘာလုပ်မယ်ဆိုတာ ဟိုရောက်တော့မှ ကြည့်ရမှာပဲ။ ခင်ဗျားပါရင် ကျွန်တော်ကတော့ အားရှိတယ်ဗျာ။

ကျွန်တော့်မှာ လာလ်ချန်၏ အဖြစ်အပျက်ကို ကြားရသည်နှင့် ဤကိစ္စ၌ သူ့ဘက်သားဖြစ်သွားသည့်ပြင် စွန့်စားခြင်းအလုပ်၌ ဦးမလေးသူတစ်ယောက်ဖြစ်သည့်အတိုင်း

တော်။ ။'ကိုင်း စိန်လိုက်ဗျာ၊ နက်ဖန်ခါတော့မှ ကျုပ် ခရီးဆက်သွားတော့မယ်။ ဒီကနေ့ညအဖို့တော့ ခင်ဗျားလူပဲလို့ မှတ်လိုက်တော့'ဟု ဆိုကာ လက်ကမ်းလိုက်သဖြင့် လာလ်ချန်သည် ကျွန်တော်၏လက်ကို အားရပါးရ လှုပ်ယမ်းလေသည်။

မီးထွန်းပြီးကာလအချိန်တွင် ကျွန်တော်နှင့် လာလ်ချန်တို့သည် နောက်ပါစစ်သားများကို ရွာလူကြီးအိမ်၌ ထားခဲ့၍ လက်နက်အပြည့်အစုံနှင့် ခြေကျင်ထွက်လာခဲ့ကြသည်။ ကျွန်တော်တို့၏ လက်နက်များမှာ ဓားတစ်ချောင်းစီနှင့် ခြောက်လုံးပူးသေနတ်တစ်လက်စီ ဖြစ်လေသည်။

ကျွန်တော်သည် ရွာပေါက်မှ ထွက်လာ၍ လှည်းလမ်းတစ်လျှောက် လိုက်လာကြသည်တွင် ခမ်အဗ္ဗဒူလာ၏ တိုက်ရှေ့သို့ရောက်လာကြသည်။ ခမ် အဗ္ဗဒူလာ၏ နေအိမ်မှာ ရဲတိုက်ကြီးသဖွယ်ဆောက်လုပ်ထား၍ ကာလပျက်သောအခါများ၌ သူခိုးဓားပြများ ဝိုင်းဝန်းတိုက်ခိုက်သည်ကို အတွင်းမှခုခံတွန်းလှန်ရန်အတွက် ပစ္စင်ရင်တားအစရှိသည့် ခုခံကာကွယ်ရေး ကိရိယာများနှင့်တကွ အပြည့်အစုံရှိလေသည်။

ကျွန်တော်တို့သည် ရဲတိုက်အပြင်မှ လှမ်းကြည့်လိုက်သောအခါ တစ်ခုသော ပြတင်းပေါက်မှထွက်နေသော အလင်းရောင်မှတစ်ပါး အဆောက်အအုံတစ်ခုလုံး မည်းမှောင်လျက်ရှိ၏။ ရဲတိုက်ကြီးပတ်ဝန်းကျင်၌ ကြီးမားသောသစ်ပင်ကြီးများကြောင့် မိုက်မှောင်လျက်ရှိ၏။ ဝင်းတံခါးသို့ရောက်ကြသောအခါ လာလ်ချန်သည် တံခါးကိုဓားရိုးဖြင့် ဆောင့်လိုက်သည်တွင် မုတ်ဆိတ်ထူသော ကုလားတစ်ယောက်သည် လက်တစ်ဖက်တွင် မှန်အိမ်တစ်လုံးဆွဲလျက် အခြားလက်တစ်ဖက်တွင် ချွေးသမင်ကြီးတစ်ကောင်ကို သံကြိုးဖြင့်ထိန်းကာ ဝင်းတံခါးသို့ လျှောက်လာသည်။ လာလ်ချန်က ခမ်အဗ္ဗဒူလာကို တွေ့လိုကြောင်း ပြောရာတွင် ထိုသူက သူဌေးကြီးသည် ညအချိန်တွင် ဧည့်သည်များ လက်ခံလေ့မရှိကြောင်း ပြန်ပြောလေသည်။

ချန်။ ။ခမ်အဗ္ဗဒူလာကိုတွေ့ဖို့ အဝေးကြီးက ကျွန်တော် လာခဲ့ရတယ်။ မတွေ့ရရင် မပြန်ဘူးလို့ပြောလိုက်။

www.burmeseclassic.com

www.burmeseclassic.com



လာလ်ချန်မှာ အခန့်သားအမူအရာမျိုးနှင့် ဤသို့ပြောခြင်းဖြစ်၍ ကျွန်တော်ပင်လျှင် ယင်းထက်ခန့်ညားအောင် ပြောနိုင်တော့မည်မဟုတ်ဟု စိတ်ထဲ၌ ချီးကျူးမိသည်။ လူကြီးသည် အလွန်ထူပြိန်းသော မျက်ခုံးမွေးများအောက်မှ သေးငယ်သော မျက်လုံးကလေးများနှင့် ကျွန်တော်တို့ နှစ်ယောက်ကို လှမ်းကြည့်ပြီးနောက် 'ဒီအချိန်မှာဆိုရင် သူဌေးကြီး မူးနေပါတယ်။ ဒီ့ပြင်အချိန်မှာ လာတွေ့ရင် ကောင်းပါလိမ့်မယ်'ဟု ပြော၏။

ဤအတောအတွင်း၌ အလင်းရောင်ရှိသော အခန်းပေါက်ရှေ့တွင် လူသုံးယောက်ရပ်လျက် ကျွန်တော့်တို့အား ရပ်ကြည့်နေရာ တစ်ယောက်သော သူ၏လက်တွင်လည်း ဓွေးသမင်ကြီးတစ်ကောင်ကို သံကြိုးဖြင့်ထိန်းလျက်ရှိ၏။ လာလ်ချန်ကမူ ထိုအခြင်းအရာများကို လုံးဝဂရုမစိုက်ဘဲ 'တော်ပြီ၊ စကားမရှည်နဲ့။ မင်းနဲ့ပြောလို့ မပြီးဘူး။ မင်းဆရာနဲ့တွေ့မှ ဖြစ်မယ်'ဟု ဆိုကာ တံခါးစောင့်က မစေ့တစေ့ဖွင့်ထားသော တံခါးအကြားမှ တိုးဝင်သွားလေရာ တံခါးစောင့်လည်း အံ့အားသင့်ကာ ငေးကြည့်နေသဖြင့် ကျွန်တော်တို့နှစ်ယောက်မှာ ဝင်းထဲသို့ ရောက်သွားကြလေသည်။

ချန်။ ။'ဘယ်မှာလဲ မင်းတို့သခင်၊ လိုက်ပြစမ်း'ဟုဆိုကာအဆောက်အအုံဆီသို့ အခန့်သား လျှောက်သွားလေရာ ဓွေးသမင်ကို သံကြိုးနှင့်ထိန်းထားသော အစောင့်လည်း ယောင်ချာချာဖြစ်၍ လာလ်ချန်နောက်မှ လိုက်သွားရတော့သည်။

အဆောက်အအုံကြီးသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် ကျယ်ဝန်းသော ခန်းမကြီးတစ်ခုရှိရာ ယင်း၏အခြားဘက်၌ အခန်းတံခါးတစ်ပေါက်ကို မြင်ရ၏။ ကျွန်တော်တို့သည် ခန်းမကြီးတစ်လျှောက် လျှောက်သွား၍ အခန်းငယ်တစ်ခုထဲတွင် စားဖွယ်သောက်ဖွယ် အမြောက်အမြားနှင့် စားပွဲထိုင်လျက် ရှိသောလူကြီးတယောက်ကို တွေ့ရသည်။ ထိုလူကြီးမှာ အလွန်ထွားကြိုင်းသော ကိုယ်လုံးရှိသည့်ပြင် အမွေးအမှင် ထူလှ၍ မျက်နှာတစ်ခုလုံး အမွေးဖုံးမတတ် ရှိနေလျက် မုတ်ဆိတ်မွေးကြီးမှာလည်း ရင်ဘတ်သို့တိုင်အောင် စုတ်ဖွားကြီး ကျနေတော့သည်။

ကျွန်တော်သည် ကြောက်စရာကောင်းသော လူအမျိုးမျိုးကို မြင်ခဲ့ရဖူးသော်လည်း စားဖွယ်သောက်ဖွယ်များအလယ်မှ ကျွန်တော်တို့ ရှိရာသို့ လှမ်းကြည့်လိုက်သော ထိုလူကြီး၏ အင်္ဂါရပ်ကဲ့သို့ မျက်နှာထားနှင့်တကွ ကြောက်စရာကောင်းသော လူစားမျိုး မမြင်ခဲ့ဖူးချေ။ ကြက်ပေါင်တစ်ခုကို လက်တစ်ဖက်နှင့်ကိုင်၍ ကိုက်စားရာမှ ကျွန်တော်တို့ကို ကြည့်လိုက်သည်တွင် ကျွန်တော်တို့ကိုလည်း ကိုက်စားချင်သော ဒေါသဟန်မျိုး ထနေသည်ဟု ထင်လိုက်ရသည်။



ထိုသူသည် အရက်မူးဟန်တူသော်လည်း ကျွန်တော်တို့၏ ယူနီဖောင်းများကို မသိလောက်အောင် မူးနေသည်မဟုတ်ချေ။ သို့ဖြစ်၍ ကျွန်တော်တို့ကို မြင်သောအခါ၌-

လူကြီး။ ။'အောင်မယ် စစ်ဗိုလ်တွေပါလား၊ ဂျာမန်နဲ့ တူရကီကိုနိုင်အောင် တိုက်မယ့် ဗြိတိသျှဘက်တော်သား စစ်ဗိုလ်ကလေးတွေပါလား'ဟု

ပြောလိုက်၏။ လာလ်ချန်သည် ထိုသူကြီးပြောသော စကားကို ဂရုစိုက်သည့် လက္ခဏာမရှိဘဲ ထိုသူကြီး၏ နံဘေးသို့သွား၍ရပ်ကာ 'ခမ်အဗ္ဗဒူလာ'ဟု ခေါ်လိုက်၏။ ထိုလူကြီးသည် မိမိ၏နာမည်ကို အခေါ်ခံနေကျမဟုတ်ဘဲ 'ဘာရားဆပ်'ဟူ၍သာ ရွာသူရွာသားများက ခေါ်နေကျဖြစ်သောကြောင့် အလန့်တကြားမော့ကြည့်ရာတွင် လာလ်ချန်က 'ခမ်အဗ္ဗဒူလာ'ဟု တစ်ကြိမ်ထပ်၍ ခေါ်လိုက်၏။ ဤတွင် လူကြီးသည် ကုလားထိုင်လက်တင်ကို လက်နှစ်ဖက်ဖြင့်ထောက်လျက် ကုန်းထရင်း 'မောင်ရင်က ကျုပ်နာမည်ကို အထပ်ထပ်ခေါ်နေရတာ ဘယ်လိုအဓိပ္ပာယ်လဲ မောင်ရဲ့'ဟု မေးလိုက်သည်။

ချန်။ ။ခင်ဗျားကို ကျွန်တော်လိုက်ရှာနေတာ ကြာလှပြီ ခမ်အဗ္ဗဒူလာ။

လာ။ ။မောင်နဲ့ကျုပ်နဲ့ သားအဖအရွယ်လောက် ကွာခြားပါလျက် ဘယ်လိုကိစ္စနဲ့ လိုက်ရှာနေရပါသလဲ မောင်။

ချန်။ ။လိုက်ရှာဆို ကျွန်တော်က ဘာရှီချန်ရဲ့သားပဲခင်ဗျ။

ဤတွင် ခမ်အဗ္ဗဒူလာသည် တုန်လှုပ်သွားဟန်ရှိသော်လည်း ဟန်လုပ်၍ ရယ်မောလေသည်။

လာ။ ။လွန်ပြီးသားဟာတွေ လွန်ပါစေတော့ မောင်ရယ်။ အမှတ်မထားကောင်းပါဘူး။ ဟိုအခါတုန်းကတော့ သူ့သေကိုယ်သေ ဆောင်ရွက်ကြရတဲ့ ခေတ်ကြီးကိုးမောင်ရဲ့။ မောင့်အဖေမသေရင် ကျုပ်သေဖို့ပဲ။ လွန်ပြီးသားတွေကို မေ့ပျောက်ပြီး ကျုပ်ဆီရောက်တဲ့အခါ မိတ်ဆွေလိုသဘောထားပြီး စားစားသောက်သောက်ပေါ့ မောင်ရယ်။

ခမ်အဗ္ဗဒူလာသည် ဖိတ်ခေါ်သည့်သဘောနှင့် ကုလားထိုင်များကို လက်ညှိုးညွှန်ပြလေသည်။

ချန်။ ။တော်စမ်းပါဗျာ၊ ပရိယာယ်တွေ လုပ်မနေစမ်းပါနဲ့။ ကျုပ်က ခင်ဗျား ကျွေးတာ စားမလို့လာတာ မဟုတ်ဘူး။ ခင်ဗျားကို သတ်ရအောင်လာတာ။ ဒါပေမဲ့ ခင်ဗျားလို လူယုတ်မာမဟုတ်လို့ ကျုပ်အဖေကို ခင်ဗျားသတ်သလို တစ်ဖက်သတ်မလုပ်ချင်ဘူး။ သူ့သေကိုယ့်သေ သတ်တမ်းမှ ကြိုက်တယ်။ ဘယ်မှာလဲ ခင်ဗျားဓား။ သွားယူချေ၊ သွားလေ။

www.burmeseclassic.com

www.burmeseclassic.com



လာ။ ။မဟုတ်တာ မောင်ရယ်။ မောင်တို့လို လူငယ်များကသာ။

လာလ်ချန်သည် စိတ်ကိုမချုပ်တည်းနိုင်သည့်လက္ခဏာနှင့် ခမ်အဗ္ဗဒူလာ၏ နှုတ်ခမ်းမွေးနှင့်မုတ်ဆိတ်မွေးများ ဝိုင်းရံလျက်ရှိသော ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ရိုက်လိုက်ရာ နှုတ်ခမ်းကွဲ၍ မုတ်ဆိတ်ပေါ်သို့ သွေးများစွန်းသွားသည်ကို မြင်လိုက်ရသည်–

လာ။ ။သေပေတော့ကွ မင်း။

ချန်။ ။အဲ ဟုတ်ပြီ။ လုပ်စမ်း။

လာ။ ။ဘယ်မှာလဲဟဲ့ ငါ့ဓား၊ နေ နေ၊ မကြာစေဘူး။ ချက်ချင်းလာခဲ့မယ်' ဟု ဆိုကာ အခန်းထဲမှ ကတိုက်ကရိုက် ထွက်သွားလေသည်။

ခမ်အဗ္ဗဒူလာသည် အခန်းပေါက်တစ်ခုမှ ထွက်သွားသည်နှင့်တစ်ပြိုင်နက် အခြားသော အပေါက်တစ်ပေါက်မှ ကုလားမလေးတစ်ယောက် ပြေးဝင်လာရာ ရုပ်ချောသော မိန်းမဆိုလျှင် တစ်ကြိမ်ပြင်နစ်ကြိမ်မကြည့်ဘဲ မနေနိုင်သော ကျွန်တော်မှာ ထိုသူငယ်မ၏အဆင်းကြောင့် စိုက်ငေးနေမိပါတော့သည်။

မိန်းကလေးသည် လာလ်ချန်အနီးသို့ ပြေးသွား၍ 'ကျွန်မ ချောင်းကြည့်နေတာ၊ ကျွန်မ အားလုံး မြင်ပါတယ်။ ကျေးဇူးတင်ပါတယ် မောင်မင်းကြီးသား ရယ်။ ဒီသတ္တဝါကြီးကို ဒီလိုဆုံးမလိုက်တာ ကျွန်မ သိပ်ဝမ်းသာတာပဲ။ သူနှိပ်စက်တာနဲ့ ကျွန်မမိခင် သေသွားရှာတယ်။ ဟော ဟော၊ လာပြီ လာပြီ' ဟု ပြောပြောဆိုဆိုနှင့် မိန်းကလေးသည် လာခဲ့သောအပေါက်မှ ပြန်ပြေးထွက်သွားလေသည်။

နောက်တစ်ခဏ၌ ခမ်အဗ္ဗဒူလာသည် ဓားရှည်ကြီးတစ်ချောင်းကိုင် လျက် ဝင်လာရာ ယင်း၏ နောက်မှ တပည့်တစ်ယောက် လိုက်ပါလာ၏။

လာ။ ။ကိုင်း လာကြ၊ ဒီအခန်းထဲမှာ စားပွဲခုံတွေ ဘာတွေနဲ့မို့ သတ်လို့ ပုတ်လို့ မကောင်းဘူး။ ကျယ်ကျယ်ဝန်းဝန်း သတ်ကြရအောင် ဟို ဘက်ခန်းကို လိုက်ခဲ့။

ကျွန်တော်တို့သည် ခမ်အဗ္ဗဒူလာနှင့်အတူ လိုက်သွားကြ၍ အခြားသော အခန်းတစ်ခုသို့ ရောက်ကြသောအခါ ယင်းမှာ အတန်ကျယ်ဝန်း၍ နံရံအနီးတွင် ထင်းရှူးသေတ္တာများနှင့် စည်ကြီးများ စုပုံထားသည်ကို တွေ့ရ၏။ ကြွက်လျှောက် တစ်ခုပေါ်၌ကား အလွန်လင်းသော စားပွဲတင်မီးအိမ်တစ်လုံး ထွန်းထားလေသည်။ ကြမ်းပြင်မှာ ကျယ်ပြန့်ညီညာ၍ ဓားချင်းယှဉ်ခုတ်ရန်အတွက် အလွန် သင့်တော်သည်ဟု ကျွန်တော်ခန့်မှန်းမိသည်။ လာလ်ချန်သည် ဓားကိုကိုင်လျက် စိတ်အားထက်သန်သော အမူအရာနှင့် ယင်းအခန်းထဲသို့ ဝင်သွားလေရာ ခမ်



အဗ္ဗဒူလာသည် အခန်းဝ၌ရပ်လျက် ကျွန်တော့်အား ဝင်ဖို့ ပြောသဖြင့် ကျွန်တော်လည်း လာလ်ချန်နောက်မှ ဝင်လိုက်သွား၏။ အခန်းထဲသို့ ကျွန်တော်တို့ နှစ်ယောက် ဝင်မိသည်နှင့်တစ်ပြိုင်နက် အခန်းတံခါးသည် ဂျောင်းခနဲ ပိတ်သွား၏။ ကျွန်တော်တို့နှစ်ယောက်ကား ထောင်ချောက်ထဲတွင် မိနေခဲ့လေပြီ။

ကျွန်တော်တို့သည် ခမ်အဗ္ဗဒူလာ၏ ညစ်ပတ်ယုတ်မာခြင်းကို သိကြရသည်နှင့်တစ်ပြိုင်နက် ဒေါသတကြီးဖြင့် အခန်းတံခါးကို ကိုယ်လုံးပစ်၍ ရိုက်ကြ၏။ သို့ရာတွင် တံခါးသည် နံ့ရုံမျှ နံ့သည်မရှိ။ ကျောက်ဆောင်ကဲ့သို့ ခိုင်မြဲစွာ တည်နေလေသည်။ ခမ်အဗ္ဗဒူလာ၏ နာမည်ကိုခေါ်၍ ဆဲရေးကြိမ်းမောင်းလိုက်ကြသည်များမှာလည်း ပွက်ပွက်ရိုက်လျက်ရှိတော့သည်။ သို့ရာတွင် ကျွန်တော်တို့၏ ကိုယ်လုံးရိုက်ခြင်း၊ မခံချင်အောင် ဆဲရေးတိုင်းထွာခြင်းများသည် အချည်းနှီးပင် ရှိတော့သည်။ နောက်ဆုံး၌ ကျွန်တော်သည် ဤသို့ပြုခြင်းအားဖြင့် လေကုန်၍ ပင်ပန်းရုံသာရှိမည်ကို စဉ်းစားမိသည်နှင့် လာလ်ချန်အား ရပ်စဲစေပြီးလျှင် အခန်း၏ အခြေအနေကို စုံစမ်းကြလေသည်။

အခန်း၏ နံရံတစ်ဘက်၌ လေဝင်ပေါက်တစ်ခု ရှိသော်လည်း အလွန်ကျဉ်းမြောင်းသဖြင့် ဦးခေါင်းလျှိုရန်ပင် မဖြစ်နိုင်ချေ။ ထိုအပေါက်မှာ အတန်မြင့်၍ လာလ်ချန်သည် စည်တစ်ခုပေါ်မှ တက်ကြည့်ရသည်။

တော်။ ။ဘာတွေမြင်ရသလဲ လာလ်ချန်။

ချန်။ ။သစ်ပင်တွေကြားထဲမှာ လူသွားလမ်းကလေးတစ်ခုလိုလို မြင်ရတာပဲဗျို့။ အလို ဘာလုပ်ကြမလို့ပါလိမ့်။

ကျွန်တော်သည် စည်ပေါ်သို့တက်၍ အပေါက်မှချောင်းကြည့်လိုက်သောအခါ သစ်ပင်ကြီးများအကြား၌ မြင်ရသော လူသွားလမ်းကြောင်းကလေးပေါ်တွင် လူတစ်ယောက် မြင်းစိုင်းသွားသည်ကို တွေ့ရ၏။ လမ်းကလေးမှာ ဖြူးဖြောင့်သော်လည်း ထိုလူသည် မထင်ရှားသော လရောင်တွင် မကြာမီအတွင်း ကွယ်ပျောက်သွားလေသည်။

ချန်။ ။ဘယ်လိုသဘော ထင်သလဲဗျ။

တော်။ ။ကျုပ်အထင်တော့ ကျုပ်တို့ကိုသတ်ဖို့ လူတွေကို သွားခေါ်တာဖြစ်မှာပဲ။ ကြောင်မရောက်ခင် ကျုပ်တို့ကြွက်နှစ်ကောင်က လှောင်အိမ်ထဲက လွတ်အောင်ကြိုးစားဖို့အလုပ် ရှိတော့တာပဲ လာလ်ချန်။

ကျွန်တော်တို့သည် အခြေအနေကို ဆင်ခြင်သုံးသပ်ကြသောအခါ အခန်းထဲ၌ မီးအိမ်တစ်လုံးရှိနေသည့်အတွက် တော်ပါသေး၏ဟု အောက်မေ့၏။ မှောင်မိုက်ထဲ၌ဆိုပါလျှင် ကျွန်တော်တို့ ဘာမျှတတ်နိုင်မည် မဟုတ်ချေ။ မီးအိမ်၏

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ဖြင့် စုံစမ်းကြည့်ရှုကြသောအခါ စည်ကြီးများနှင့် ထင်းရှူးသေတ္တာများမှာ စွန်ပလွန်သီးခြောက်၊ သပျစ်သီးခြောက်၊ ဖယောင်းတိုင်၊ ဝိုင်အရက်ချို အစရှိသည့် စားနပ်ရိက္ခာများ ထည့်ထားသည်ကို တွေ့ရ၏။ ထိုစားစရာများကို စား၍ အရက်ချိုကိုသောက်နေရလျှင် ရက်ပေါင်းအတန်ကြာအောင် အစာငတ်မသေနိုင်ဟု စဉ်းစားမိသဖြင့် တအားရှိမိသည်။ ကျွန်တော်မှာ အနည်းငယ် ဆာလောင်သဖြင့် စွန်ပလွန်သီးခြောက်များကို မြည်းကြည့်သော်လည်း လာလ်ချန်မှာမူ အံတကြိတ်ကြိတ်နှင့် 'ဒီလိုနဲ့ဘာရမလဲကွ၊ မသေသေအောင် သူ့ကိုသတ်မှာပေါ့' စသည်ဖြင့် ရေရွတ်ကြုံးဝါးလျက်ရှိ၏။ ကျွန်တော်ကမူ သူ့ကိုသတ်ဖို့ထက် ကိုယ်လွတ်အောင်ရန်းဖို့အတွက်က အရေးကြီးသည်ဟု စဉ်းစားမိသည်နှင့် ထိုအကျဉ်းအကျပ်ထဲ၌ပင် ပြုံးမိပါသေးသည်။ သို့ဖြစ်၍

တော်။ ။သတ်တာတော့ သတ်တာပေါ့ ကိုယ့်လူရယ်။ ခုလက်ငင်းအရေးက ကျုပ်တို့လွတ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံထုတ်ကြရမယ်ဗျ။

ချန်။ ။ဟုတ်ပါရဲ့လေ။ ကျွန်တော်က ဖခင်အတွက် လက်စားချေချင်တဲ့ဇောမွန်နေလို့ ကိုယ့်အတွက်တောင် သတိမရအောင် ဖြစ်နေမိလို့ပါဗျာ။ ကိုင်း၊ ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ကြမလဲ။ ခင်ဗျားကပဲ အကြံပေးပါတော့ဗျာ။

တော်။ ။ကျုပ်တို့ကို အခုလို ပိတ်လှောင်ထားခြင်းက ချစ်လို့ခင်လို့ လုပ်တာမဟုတ်ကြောင်းတော့ သေချာတယ်ဗျ။ ကျုပ်တို့အဖြစ်ကိုလည်း ဘယ်သူကမှ မသိပေဘူးလို့ ယူဆဟန်တူတယ်။ ဒါထက် ကျုပ်တို့ ဘယ်ကိုသွားမယ်ဆိုတာကို ခင်ဗျားတပည့်များကို ပြောခဲ့သလား။

ချန်။ ။ကျွန်တော် ဘာမှ မပြောခဲ့ဘူး။

တော်။ ။ကျွန်တော်တို့နှစ်ယောက်ဟာ ဒီအခန်းထဲမှာ အစာရေစာငတ်လို့တော့ တော်တော်နဲ့ မသေနိုင်တာအမှန်ပဲ။ အခုလို စည်ကြီးတွေ ထင်းရှူးသေတ္တာတွေကို အကာအကွယ်ယူပြီး ခုခံရမယ်ဆိုရင် သူတို့လူ လေးငါးယောက်လောက်တော့ ကြောက်ဖို့ မရှိဘူး။ ဒါကြောင့်မို့ စစ်ကူတောင်းဖို့ မြင်းနဲ့ လွှတ်လိုက်ဟန်တူတယ်။

ချန်။ ။ဒါဖြင့် စစ်ကူမရောက်ခင် ကျွန်တော်တို့လွတ်အောင် ကြံမှတော်မှာပဲ။ ဒီလိုဆိုရင် ဒီသစ်သားတံခါးကြီးကို မီးနဲ့ရှို့လို့ မဖြစ်ပေဘူးလားဗျာ။



တော်။ ။ဖြစ်တာပေါ့။ ဘယ့်နှယ်မဖြစ်ဘဲ နေမလဲ။ ဒါပေမဲ့ အခက်အခဲ တစ်ခုက ဝိုင်အရက်တွေပါ မီးကူးပြီး ကျုပ်တို့နှစ်ယောက်ပါ မီးဖုတ်ပြီးဖြစ်သွားလိမ့်မယ်ဗျ။

ချန်။ ။ဒါဖြင့် ခင်ဗျား အကြံပေးစမ်းပါအုံးဗျ။ အလို ဒါ ဘာလဲဗျို့။

ကျွန်တော်တို့သည် အုတ်နံရံ၌ရှိသော လေဝင်ပေါက်မှ ကြယ်များကို မြင်နိုင်သည်ဖြစ်ရာ ထိုခဏတွင် ကြယ်များကွယ်ပျောက်၍ လက်ကလေးတစ်ဖက် ပေါ်လာပြီးလျှင် လက်ထဲတွင် တောက်ပြောင်သောအရာဝတ္ထုတစ်ခုကို မြင်လိုက်ရသည့်ခဏ၌ပင် မိန်းမတစ်ယောက်၏ အသံဖြင့် 'မြန်မြန် လုပ်ကြ၊ မြန်မြန်၊ မြန်မြန်' ဟု ပြောသံကြားလိုက်ရသည်။

ကျွန်တော်တို့သည် စည်တစ်လုံးပေါ်သို့ ခုန်တက်၍ လေဝင်ပေါက်မှ မျှော်ကြည့်လိုက်သောအခါ မိန်းမသံဖြင့် 'တောပုန်းဓားပြတွေကို အခေါ်လွှတ်လိုက်တယ်၊ မြန်မြန်လုပ်ကြ။ အောင်မယ်လေး ကယ်တော်မူပါ' ဟု ပြောသံ ကြားလိုက်ရသည်။ နောက်တစ်ခဏ၌ တဖုန်းဖုန်းရိုက်နှက်သော အသံများ ကြားရ၍ ကယ်ပါယူပါ အော်ဟစ်သော မိန်းမသံများလည်း ပေါ်ထွက်လာပေရာ ကျွန်တော်တို့သည် အကြောင်းခြင်းရာကို ရိပ်မိသော်လည်း မည်သို့မျှမတတ်နိုင်ဘဲ စည်ကြီးပေါ်မှ ပြန်ဆင်းလာကြရသည်၊ သူငယ်မက ကျွန်တော်တို့အား အကူအညီပေးသည်ကို ခမ်အဗ္ဗဒူလာသိ၍ မိန်းကလေးအား နှိပ်စက်ကြခြင်း ဖြစ်ပေလိမ့်မည်။

လာလ်ချန်မှာ တံခါးကို ဓားရိုးနှင့်ဆောင့်ကာ ဟစ်အော်ကြုံးဝါးရုံမှတစ်ပါး ဘာမျှမလုပ်တတ်ဘဲ ရှိသည်တွင် ကျွန်တော်သည် လေဝင်ပေါက်မှ လက်လျှိုသွင်း၍ လက်ထဲ၌ ပြောင်ပြောင်လက်လက် မြင်လိုက်ရခြင်းကို သတိရသည်နှင့် အခန်းထဲ၌ ရှာဖွေရာ သော့ကလေးတစ်ချောင်းကို တွေ့ရလေသည်။

ဤတွင် လာလ်ချန်သည် ဝမ်းမြောက်ဝမ်းသာနှင့် သော့ကိုဆွဲယူ၍ ပြေးသွားလေရာ သော့တံကလေးမှာ ယင်းတံခါးကြီးကိုဖွင့်ရန်အတွက် မည်သို့မျှ အသုံးမချနိုင်သည်နှင့် အကြီးအကျယ် စိတ်ပျက်သွားလေတော့သည်။ ကျွန်တော်မူကား လာလ်ချန်ကဲ့သို့ အလွယ်တကူ စိတ်မပျက်ဘဲ ဤသော့တံကို ပစ်ပေးခြင်းမှာ ရည်ရွယ်ချက်တစ်ခု ရှိရမည်ဟု စဉ်းစားမိသည်နှင့် စုံစမ်းပါတော့သည်။ သို့ဖြစ်၍ ကျွန်တော်သည် လာလ်ချန်ကို အားပေးပြီးလျှင် စုပုံထားသော စည်ကြီးများနှင့် ထင်းရှူးသေတ္တာများကို အခြားတစ်နေရာသို့ ရွှေ့ပြောင်းကြ၏။ ယင်းတို့မှာ အလွန်လေးလံသောကြောင့် ချွေးတလုံးလုံးနှင့် ခွန်အားထုတ်၍ အလုပ်လုပ်ကြရလေသည်။ နောက်ဆုံး၌ ပစ္စည်းများကို အခန်းလယ်သို့ ရွှေ့ပြောင်း၍ အလေးလံဆုံးသော စည်ကြီးတစ်လုံးသာ ကျန်တော့၏။ ကျွန်တော်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



ကြွင်းကျန်သော ခွန်အားဖြင့် အခန်းထောင့်ရှိ စည်ကြီးကို ညီညာစွာ အသံတိုင်လျက် ပြိုင်တူတွန်းလှိမ့်ကြသည်နှင့် တစ်ပြိုင်နက် ကြမ်းပြင်နှင့်ကပ်လျက် သစ်သားတံခါးကလေးတစ်ခု ပေါ်လာလေသည်။ သော့ခလောက်ကို သော့တံနှင့် တပ်လှည့်၍ တံခါးကလေး ပွင့်သွားရာ ကျွန်တော်တို့သည် မီးအိမ်ကိုယူ၍ ဝမ်းမြောက်ဝမ်းသာ ယင်းအပေါက်မှ လျှိုထွက်လာကြလေသည်။

သို့ရာတွင် ကျွန်တော်တို့ အပြင်ဘက်သို့မရောက်ဘဲ အခြားသော အခန်းတစ်ခုသို့ ရောက်ခြင်းမျှသာ ဖြစ်လေရာ နံရံတွင် စည်ကလေးများ ညီညာစွာ စီတန်းထားသည်ကို တွေ့ရ၏။ တစ်ခုသောစည်မှာ ထိပ်မှပွင့်၍ အမှုန့်အနည်းငယ် ဖိတ်နေသည်ကိုလည်း တွေ့ရ၏။ အမှုန့်ကို နမ်းကြည့်သောအခါ ယမ်းမှုန့်ဖြစ်ကြောင်းသိရ၍ ယင်းအခန်းမှာ ခဲယမ်းမီးကျောက် သိုလှောင်သည့် ယမ်းတိုက်ဖြစ်သည်ဟု သိရ၏။ နံရံတစ်ဖက်တွင် တံခါးတစ်ခု ရှိသော်လည်း သော့ပိတ်ထားသည်တွင် ကျွန်တော်တို့ ရရှိထားသော သော့တံနှင့် မတော်ဘဲ ရှိရကား ကျွန်တော်တို့မှာ တစ်ခန်းမှတစ်ခန်း ကူးပြောင်းရုံမျှသာရှိ၍ ထူးခြားခြင်းမရှိသည်နှင့် လာလ်ချန်မှာ စိတ်ပျက်သွားပါတော့သည်။

ချန်။ ။ခက်တာပဲဗျာ၊ သော့လည်း မရှိဘူးဗျို့။

တော်။ ။ဘာ့ကြောင့်မရှိရမှာလဲဗျ။ သော့တွေ အများကြီးရှိတယ်။

ချန်။ ။ဘယ်မှာလဲ။

တော်။ ။ဟောဟိုမှာ သော့တွေ မမြင်ဘူးလားဗျ။

ကျွန်တော်သည် ယမ်းမှုန့်များ ထည့်ထားသော စည်များကို ညွှန်ပြသည်။

ချန်။ ။ဘယ့်နယ်ပြောတာလဲဗျာ၊ ဒီတံခါးကို ယမ်းမှုန့်နဲ့ ဖောက်ခွဲမလို့လား။

တော်။ ။ဟုတ်တာပေါ့။

ချန်။ ။ဟာ ဒီလိုဆိုရင် ယမ်းမှုန့်စည်တွေအားလုံး ပေါက်ကွဲကုန်မှာပေါ့ဗျ။

တော်။ ။ဒီတံခါးကို မခွဲပါဘူးဗျ၊ ဟိုကောင်ကြီး ပိတ်ထားတဲ့ တံခါးကို ခွဲမှာပါ။

ဆိုလိုရင်းမှာ နောက်ဆုံးတွေ့သော တံခါးကိုဖောက်ခွဲရန်မဟုတ်ဘဲ ကျွန်တော်တို့ ရှေးဦးစွာဝင်လာသည့် စားနပ်ရိက္ခာထားသော အခန်းတံခါးကို ယမ်းမှုန့်ဖြင့် ဖောက်ခွဲရန် ဖြစ်လေသည်။

ကျွန်တော်သည် ဖယောင်းတိုင်သေတ္တာတစ်လုံးမှ ဖယောင်းတိုင်များကို သွန်ချလိုက်၍ ယမ်းမှုန့်စည်ထဲမှ ယမ်းမှုန့်များကို သေတ္တာထဲသို့ ထည့်သွင်း၏။ ယင်းနောက် ဆပ်ပြာခဲများကို အပေါ်ယံမှ စုပုံပြီးလျှင် ဖောက်ခွဲလိုသော တံခါး



တွင် မှီထား၏။ ထို့နောက် ဖယောင်းတိုင်တစ်တိုင်မှ လက်နှစ်လုံးခန့် ဖြတ်ယူ၍ ဆပ်ပြာခဲပေါ်၌ စိုက်ထောင်ပြီးလျှင် ဖယောင်းတိုင်အောက်၌ ယမ်းမှုန့် အနည်းငယ်ထား၍ ယမ်းသေတ္တာနှင့် ဆက်သွယ်ထားသည်။ ထို့နောက်၌ ဖယောင်းတိုင်ကို မီးညှို၍ ယမ်းတိုက်ဘက်သို့ ပြေးဝင်သောတံခါးကို ပ်ဟ်ထားလိုက်သည်။ ရည်ရွယ်ချက်မှာ ဖယောင်းတိုင် လောင်ကျွမ်း၍ ကုန်ဆုံးသည်တွင် အောက်၌ရှိသော ယမ်းမှုန့်မှတစ်ဆင့် ယမ်းသေတ္တာကို ကူးစက်ပေါက်ကွဲ ရန် ဖြစ်သည်။ ဖယောင်းတိုင်သေတ္တာမှ ယမ်းမှုန့်များ ပေါက်ကွဲသော်လည်း ကျွန်တော်တို့မှာ အခြားအခန်းတွင် ရှိနေသည်ဖြစ်၍ အန္တရာယ်မရှိဟု မျှော်လင့်ကြပေသည်။

တစ်ဖက်သောအခန်း၌ လက်နှစ်သစ်ခန့်ရှိသော ဖယောင်းတိုင်ကို လောင်ကျွမ်းလျက်ရှိစဉ် အခြားဘက်ခန်း၌ စောင့်နေရသည်မှာ စိတ်အေးလက်အေး နေနိုင်သောအလုပ်မဟုတ်ချေ။ မျှော်လင့်သည့်အတိုင်း ယမ်းသေတ္တာ ပေါက်ကွဲ၍ ကျွန်တော်တို့ရှိနေသော အခန်းသို့ မီးပွားလေးတစ်ခုတလေ လွင့်စဉ်ကာ ယမ်းစည်ကြီးများသို့ ကူးစက်ခဲ့ပါမူကား ကျွန်တော်တို့၏ ခန္ဓာအစိတ်အပိုင်းများသည် မိုးတိမ်များသို့တိုင် လွင့်ကာသွားကြပေလိမ့်မည်။ လက်နှစ်သစ်ခန့်မျှရှိသော ဖယောင်းတိုင်တိုကို လောင်နေလိုက်သည်မှာ နှစ်နှစ်ခန့် ကြာသည်ဟု ကျွန်တော်တို့ ထင်မိကြ၏။ ဤအတောအတွင်း၌ ကျွန်တော်တို့ကို သုတ်သင်ရန် အခေါ်လွှတ်လိုက်သော တောပုန်းဓားပြများ ရောက်လာကြမည့် မြင်းခွာသံများကိုလည်း နားစွင့်မိသေးသည်။ နောက်ဆုံး၌ ဖယောင်းတိုင် ကုန်အောင် လောင်ပြီးသော်လည်း ယမ်းသေတ္တာမပေါက်ကွဲဘဲ မီးငြိမ်းသွားလေသလားဟု ထင်သည်နှင့် ဆက်သွယ်သော တံခါးပေါက်ဖွင့်ကြည့်ရလျှင် သင့်တော်ပါမည်လောဟု ကျွန်တော်စိတ်ကူးဆဲ၌ပင် ဗုံးကွဲသံကဲ့သို့ ပြင်းထန်သော အသံကြီးကြားရ၍ ဆက်သွယ်သော တံခါးပွဲသွားပြီးလျှင် သပျစ်သီးခြောက်၊ စွန်ပလွန်သီးခြောက် စသော စားနပ်ရိက္ခာများ လွင့်ပါလာခြင်းနှင့်အတူ မီးခိုးများကလည်း လုံးဝင်လာတော့သည်။

ကျွန်တော်တို့သည် ယမ်းမှုန့်သေတ္တာ မှီထားသော တံခါးသို့ လှမ်းကြည့်လိုက်သောအခါ ဟင်းလင်းပေါက်ကြီး ဖြစ်နေသည်ကို မြင်ရ၏။ ယမ်းမှုန့်များသည် တံခါးကိုဖောက်ခွဲရုံသာမက တံခါးမှူးများကိုလည်း ကြေမွစေလေသည်။ ကျွန်တော်တို့သည် ဟင်းလင်းကြီးဖြစ်သွားသော တံခါးအပေါက်မှ ခန်းမကြီးထဲသို့ ပြေးထွက်လာကြသောအခါ ပုဆိန်ကြီးကိုင်ထားသော တံခါးစောင့်တစ်ယောက်သည် နဖူးတွင် ဒဏ်ရာကြီးနှင့် ပက်လက်လန်လျက်ရှိ၏။ ခွေးသမင်ကြီးတစ်ကောင်မှာလည်း နောက်ခြေချောင်း ပြတ်သွားသဖြင့် ကြမ်းပေါ်၌ ယက်ကန်ယက်ကန်ဖြစ်နေ၏။ သို့ရာတွင် ဒုတိယခွေးသမင်ကြီးတစ်ကောင်သည်

www.burmeseclassic.com

www.burmeseclassic.com

လာလ်ချန်၏ လည်ပင်းကို ခုန်ကိုက်သည်နှင့် လာလ်ချန်မှာ နံရံကပ်လျက် ခွေးကြီးနှင့် လုံးထွေးနေရာတွင် လာလ်ချန်က ခွေးကြီး၏ရင်ဘတ်ကို ဓားမြှောင်ဖြင့် အချက်ပေါင်းများစွာ ထိုးဆွလျက်ရှိ၏။ သို့နှင့်ပင် ခွေးကြီးသည် လာလ်ချန်၏ လည်မျိုကိုခဲဖို့ကြိုးစားတုန်းပင် ရှိနေရာ ကျွန်တော်က ခွေးကြီး၏ ခေါင်းသို့ သေနတ်နှင့် တေ့ဖြုတ်လိုက်သောအခါမှ ခွေကျသွားလေတော့သည်။

ကျွန်တော်တို့မှာ ရပ်နား၍ စဉ်းစားရန် အချိန်မရှိပါချေ။ သေလုမြောပါး အလန့်တကြားအော်ဟစ်လျက်ရှိသော မိန်းမသံများသည် ကျွန်တော်တို့၏ နားထဲသို့ စူးဝင်လာခဲ့သည်။ ခန်းမကြီးထဲ၌ လူနှစ်ယောက်ရှိနေသော်လည်း ယင်းတို့သည် သေနတ်တစ်ဖက်၊ ဓားတစ်ဖက်ကိုင်ထားသော ကျွန်တော်တို့ကို မြင်သည်နှင့် နံရံတွင်ကပ်ကာ ကုပ်လျက် ငေးကြည့်နေကြသည်။ လာလ်ချန်မှာ ခွေးစွယ်ငြိသွားသဖြင့် လည်ပင်းမှ သွေးများထွက်လျက်ရှိသော်လည်း သတ္တိကောင်းသော လူတစ်ယောက်ဖြစ်သည့်အလျောက် ကျွန်တော်၏ရှေ့မှ အသံကြားရာသို့ ပြေးလာသည်နှင့် ကျွန်တော်သည် ယင်း၏ပခုံးပေါ်မှ ကျော်၍ အောက်ပါအခြင်းအရာကို မြင်လိုက်ရသည်။

ရဲငှိုက်သို့ ကျွန်တော်တို့လူစုဝင်စဉ်က ရှေးဦးစွာ ရောက်ခဲ့သော အခန်းကြီးအလယ်၌ ခမ်အဗ္ဗဒူလာသည် ခြသေ့်ကြီးပမာ မုတ်ဆိတ်နှင့်ဆံပင်တည်းဟူသော အမွေးအမှင် တဖွားဖွားနှင့် မတ်တတ်ရပ်လျက်ရှိ၏။ ထိုသူသည် ထွားကျိုင်းသော ကိုယ်ကာယရှိသူဖြစ်၍ လက်ထဲတွင် ဓားကြီးတစ်ချောင်းကိုင်ကာ စားတော့ဝါးတော့မည်ကဲ့သို့သော မျက်နှာထားဆိုးကြီးနှင့် စူးစိုက်စွာ ကြည့်လျက်ရှိရာ ယင်း၏ရှေ့၌ကား မိန်းမတစ်ယောက်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ကြောက်အားကြီးစွာနှင့် ကုပ်ကုပ်ကလေး ထိုင်လျက်ရှိ၏။ မိန်းမ၏လက်မောင်း၌ ထင်ရှားစွာပေါ်ထွက်နေသော အရိုးကြီးနှင့် ကြမ်းပေါ်၌ ပစ်ချထားသော ကြာပွတ်ကြီးတစ်ချောင်းကို မြင်ရခြင်းအားဖြင့် ကျွန်တော်တို့သည် အဖြစ်သနစ်ကို ရိပ်မိခဲ့လေပြီ။ ကျွန်တော်တို့အား အကူအညီပေးရသလောဆို၍ နိုပ်စက်နေသည့် လက္ခဏာရှိ၏။ ကျွန်တော်တို့ဝင်သွားသည်နှင့် တစ်ပြိုင်နက် ထိုလူကြီးသည် ခွေးဟိန်းသကဲ့သို့သော ဒေါသသံကြီးဖြင့် ကျွန်တော်တို့ဆီသို့ လာ၍ လက်၌ ကိုင်ထားသော ဓားကြီးဖြင့် အဆက်မပြတ်အောင် ထိုးခုတ်လေတော့သည်။

ဖော်ပြခဲ့သည့်အတိုင်း လာလ်ချန်သည် ကျွန်တော်၏ရှေ့မှရှိနေသည် ဖြစ်၍ ထိုလူကြီး ရန်မူလေသမျှကို လာလ်ချန်တစ်ယောက်တည်း ခံရလေသည်။ လာလ်ချန်မှာလည်း ထိုလူကြီးကဲ့သို့ပင် ဒေါသမာန်ထသော အမူအရာ ရှိသည်ဖြစ်၍ စားတော့မည်ကဲ့သို့ ဖြစ်နေသော ထိုလူကြီး၏မျက်နှာကို ဝါးတော့ မည်ကဲ့သို့သော



မျက်နှာဖြင့် ပြန်ကြည့်လေသည်။ ခမ်အဗ္ဗဒူလာက လာလ်ချန် ဆီသို့လျှောက်၍ ယင်းတို့နှစ်ဦး ဆုံမိကြသောနေရာမှ စားပွဲရှည်ကြီးနှင့် နံရံ အကြားတွင်ဖြစ်သောကြောင့် အလွန်ကျဉ်းမြောင်းသဖြင့် ကျွန်တော် ကူညီရန် မတတ်နိုင်သည့်ပြင် လာလ်ချန်ကိုယ်တိုင်ကလည်း သူ့ဖခင်အတွက် သူ၏လက်ဖြင့် လက်စားချေရမှ ကျေနပ်မည်ဆိုခြင်းကိုလည်း ကျွန်တော်ရိပ်မိ၏။ ထို့ကြောင့် ကျွန်တော်သည် တစ်ယောက်ချင်းတိုက်ပွဲကို ပွဲကြည့်အနေဖြင့် ကြည့်နေရလေတော့သည်။

ခမ်အဗ္ဗဒူလာ၏ ထိုးပုံခုတ်ပုံများကို ကြည့်ရခြင်းအားဖြင့် ဓားသိုင်းအတတ်တွင် အလွန်ကျင်လည်ကြောင်း ထင်ရှား၏။ လာလ်ချန်၏ တိမ်းပုံရှောင်ပုံနှင့် ခုခံကာကွယ်ပုံမှာလည်း ဤအတတ်တွင် မညံ့ကြောင်းသိရ၏။ သို့ရာတွင် ကျဉ်းမြောင်းသည့်နေရာဖြစ်သည့်အတွက်ကြောင့် ခမ်အဗ္ဗဒူလာ၏ ကိုယ်အလေးချိန်ကြီးသည် 'စီးပေါက်'ဖြစ်၍ အတင်းဖိတိုက်လေတော့သည်။ လာလ်ချန်မှာ ပခုံးတွင် ဒဏ်ရာနှစ်ချက်ထိသွား၏။ သို့ရာတွင် ကြီးကျယ်သော ဒဏ်ရာများ မဟုတ်ချေ။ လာလ်ချန်သည် ခမ်အဗ္ဗဒူလာက ရင်ဝသို့ချိန်၍ ထိုးလိုက်သော ဓားချက်ကို ခြေတစ်လှမ်းဆုတ်၍ တိမ်းရှောင်လိုက်သည်တွင် ကြမ်းပေါ်၌ ခြေချော်၍ ဟန်ချက်ပျက်သွား၏။ နောက်တစ်ခဏ၌ ခမ်အဗ္ဗဒူလာသည် ထိုအခြင်းအရာကို အခွင့်ကောင်းယူ၍ လာလ်ချန်ကို အဆုံးတိုင်စီရင်တော့မည်ဟု ယင်း၏ဓားကြီးကိုမြှောက်လျက် လည်ပင်းကို ခုတ်ပိုင်းလိုက်၏။ ဤတွင် အဆင်သင့်စောင့်ကြည့်နေသော ကျွန်တော်က လာလ်ချန်၏ လည်ပင်းဆီသို့ ကျလာသော ဓားသွားကို ကျွန်တော်၏ဓားဖြင့် ခံပေးလိုက်ရင်း 'နေဦးလေ ဆရာကြီး၊ ကျွန်တော်ရှိသေးတယ်'ဟု ဝင်ပြောလိုက်ရသည်။

ထိုအခါမှ ခမ်အဗ္ဗဒူလာသည် အံ့အားသင့်လျက် နောက်သို့ဆုတ်ကာ နံရံကိုမှီ၍ မောကြီးပန်းကြီးနှင့် ရှိုက်ကြီးတငင်အသက်ရှူလျက် ကျွန်တော့်ကို ငေးကြည့်နေတော့သည်။ ကျွန်တော်ကမူ အခြားတစ်ယောက်နှင့်သတ်ရ၍ မောဟိုက်နေခြင်းကို အခွင့်ကောင်းမယူလိုသည်နှင့်–

တော်။ ။အမောဖြေပါဦး၊ ခဏစောင့်နေပ့ါမယ်။

လာ။ ။ခင်ဗျားနဲ့ ဘာဆိုင်သလဲ၊ ခင်ဗျားနဲ့ကျုပ်နဲ့ ရန်ဖြစ်စရာ ဘာရှိလဲ။

တော်။ ။ဘယ့်နှယ်မရှိရမှာလဲ။ ကျုပ်ကို ခင်ဗျားက အခန်းထဲမှာ ပိတ်လှောင်ထားခဲ့တယ်မဟုတ်လား။ ဒီပြင်ဟာတွေ ဖယ်ထား၊ ဟောဟို မိန်းကလေး လက်မောင်းက အရိုးကို မြင်ကတည်းက ခင်ဗျားနဲ့ကျုပ်နဲ့ ရန်သူ ဖြစ်စရာ အကြောင်းက လုံလောက်နေပြီ။

လာ။ ။ကိုင်း၊ ဒါဖြင့် သဘောပဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ခမ်အဗ္ဗဒူလာသည် ကျွန်တော့်ထံသို့ ကမန်းကတန်း ပြေးဝင်လာတော့သည်။ ပထမ၌ ကျွန်တော်သည် ခမ်အဗ္ဗဒူလာကို ရန်မူရန် မတတ်နိုင်ဘဲ ကျွန်တော်၏ ရင်ဝနှင့် လည်ပင်းဆီသို့ တစ်ချက်ပြီးတစ်ချက် လာလျက်ရှိသော ဓားဦးနှင့် ဦးခေါင်းဆီသို့ ဆင်းလာသော ဓားသွားတို့ကို ဘယ်ပြန်ညာပြန် တိမ်းရှောင်နေရသည်နှင့် အလုပ်များလျက်ရှိတော့သည်။ မက်ဆိုပိုတေးမီးယားပြည်နယ်အတွင်း တောရွာတစ်ခု၌ ဤမျှလောက်ထိ ဓားသိုင်းအတတ်တွင် ကျွမ်းကျင်သူတစ်ယောက်ကို တွေ့ရလိမ့်မည်ဟု အိပ်မက်မမက်မိချေ။ သို့သော် သူ၏ ဓားချက်လာသမျှကို ကျွန်တော် ကာကွယ်နိုင်ကြောင်း တွေ့ရသည်တွင် ခမ်အဗ္ဗဒူလာသည် ဓားသိုင်းအတတ်၌ သူ့ထက်သာသည်ကို သိသွားသည်နှင့် မျက်နှာပျက်သွားလေသည်။ ထိုအချိန်မှစ၍ ခမ်အဗ္ဗဒူလာမှာ အဆုတ်အတက် အကာအကွယ်တို့တွင် စနစ်မကျတော့ဘဲ လစ်ဟင်းလာတော့သည်ဖြစ်ရာ မုတ်ဆိတ်မွှားကြီး၏ ဗဟိုချက်သို့မှန်း၍ ဓားဦးဖြင့် အားကုန်ထိုးစိုက်ဖိနှိပ်လိုက်သည်တွင် 'ဝါး' ဟု အော်မြည်ကာ ပက်လက်လန်ကျသွားလေတော့သည်။

နောက်တစ်ခဏ၌ ကုလားထိုင်ပေါ်တွင် ကုပ်ကုပ်ကလေးထိုင်၍ ကြည့်နေသော မိန်းမသည် ဝမ်းမြောက်ဝမ်းသာပြေးဆင်းလာ၍ ကျေးဇူးတင်သော အမူအရာနှင့် ကျွန်တော့်ရှေ့၌ ဒူးထောက်ကာ ကျွန်တော်၏ ဒူးကိုလှုပ်ခါလေသည်။ ပထမ၌ လူတစ်ယောက် အသက်ထွက်ရသည်ကို မိန်းမတန်မဲ့နှင့် ဤမျှလောက် ဝမ်းမြောက်ဝမ်းသာဖြစ်ရချေသလောဟု အထင်သေးမိသော်လည်း မည်မျှလောက်ကြာအောင် နှိပ်စက်ညှင်းပန်းခြင်း ခံခဲ့ရရှာပြီးမသိဟု စဉ်းစားမိသည်တွင်မှ အပြစ်လွှတ်နိုင်ပေတော့သည်။ ထိုအချိန်တွင် ကျွန်တော်၏ နှာခေါင်းထဲ၌ ညှော်နံ့တစ်မျိုးနံ့သည်ထင်သဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်တွင် မီးရောင်များ ဝင်းထိန်လျက်ရှိသည်ကို မြင်ရ၏။ ဤတွင်မှ ကျွန်တော်သည် ကြမ်းပေါ်၌ မောကြီးပန်းကြီးနှင့် လဲလျောင်းနေသော လာလ်ချန်၏ ပခုံးကို ကိုင်လှုပ်၍ 'လာလ်ချန် မြန်မြန်ထ၊ မီးတွေလောင်ကုန်ပြီ' ဟု ပြောရတော့သည်။

လာလ်ချန်မှာ ယောင်တောင်တောင်ဖြစ်နေစဉ် ကျွန်တော်သည် အခန်းဝသို့ပြေး၍ မီးရောင်တောက်ခြင်း၏ အကြောင်းရင်းကို စုံစမ်းသောအခါ ကျွန်တော်တို့ဖောက်ခွဲလိုက်သော တံခါးရွက်မှာ မီးစွဲလောင်လျက်ရှိသည်ကို မြင်ရ၏။ ထိုနေရာမှ မီးပွားတစ်ခု လေလွင့်၍ ယမ်းတိုက်ထဲသို့ ရောက်သွားချေသော် နံရံ၌ စီထားသော ယမ်းစည်ကြီးများ ပေါက်ကွဲမည့်အဖြစ်ကိုသိမြင်၍ ကျွန်တော်သည် လာလ်ချန်ထံသို့ ပြန်လာပြီးလျှင် ယင်းကို ဆွဲထူရလေသည်။ သို့ပါသော်လည်း လာလ်ချန်သည် ငိုင်တိုင်တိုင်ရှိနေသဖြင့် ကျွန်တော်နှင့် မိန်းကလေးတို့က



လက်တစ်ဖက်စီဆွဲလျက် အဆောက်အအုံအပြင်ဘက်သို့ တရမန်းကြမ်းထွက်သွားကြရ၏။ ခြေလှမ်း ၂၀ ခန့် သွားမိကြသောအခါ ဒိုင်းခနဲ ပေါက်ကွဲသံကြီးတစ်ချက်ကြားရ၍ မီးပွားများသည် ကောင်းကင်သို့ လွင့်တက်သွားခြင်းနှင့်အတူ တစ်တောလုံး ဝင်းဝင်းထိန်လျက် ရှိတော့သည်။ ကျွန်တော်တို့သည် လာလ်ချန်ကို ဆွဲလျက်ပြေးသွားကြရာမှာ နောက်သို့လှည့်ကြည့်လိုက်ရာတွင် နားထဲ၌ ဒိုင်းခနဲမြည်ဟီးသံကြားရသလိုလိုနှင့် မျက်စိထဲတွင် မီးရှူးမီးပန်းများကို မြင်လိုက်ရသလိုလို ထင်ရပြီးနောက် ရှေ့အဖို့တွင် တစ်စုံတစ်ရာမှ မသိရတော့ချေ။

× × ×

သတိရလာ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါတွင် လာလ်ချန်နှင့် မိန်းကလေးသည် ကျွန်တော်၏ အနီး၌ ပြုစုစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရသည်။ လာလ်ချန်က ပြောပြသဖြင့် ကျွန်တော်သိရသည်မှာကား ကျွန်တော်၏ ဦးခေါင်းကို သစ်သားစတစ်ခု ထိမှန်၍ မူးလဲသွားကြောင်း၊ လာလ်ချန်က ကျွန်တော့်ကို ပွေ့ထူထားစဉ် မိန်းကလေးသည် ရွာသို့ပြေး၍ လာလ်ချန်၏ တပည့်စစ်သားများကို ခေါ်လာခဲ့ကြောင်း၊ ခမ်အဗ္ဗဒူလာက စေလွှတ်ခေါ်ငင်သည့် တောပုန်းဓားပြလေးယောက် ရောက်လာကြ၍ စစ်သားများနှင့် တိုက်ခိုက်ကြရာ စစ်သားတစ်ယောက် ကျဆုံးပြီးနောက် ဓားပြများ ထွက်ပြေးကြကြောင်း၊ ဓားပြနှစ်ယောက်လည်း ကျဆုံးကြောင်း၊ ထိုအချိန်မှ ယခုအချိန်သို့တိုင်အောင် သုံးရက်လုံးလုံး နစ်မျောနေခဲ့ကြောင်း၊ နစ်မျောရာမှ သတိလည်မှ လည်ပါတော့မည်လောဟု စိတ်ပူလျက်ရှိစဉ် ကျွန်တော် သတိရလာသဖြင့် အလွန်တရာ ဝမ်းသာကြကြောင်းများနှင့် ပြောပြကြလေသည်။

× × ×

ဦးခေါင်းမှဒဏ်ရာ ပျောက်ပြီးနောက် ကျွန်တော်သည် ဘာဂစရာမြို့သို့ သွား၍ လက်ဖတင်နင်ဂျင်နရယ် စစ်ဗိုလ်ချုပ်ကြီးထံမှ စစ်ကူတောင်းခြင်းတည်းဟူသော အစိုးရကိစ္စကို ဆောင်ရွက်ရပါတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ပထမကမ္ဘာစစ်ပြီး၍ ကာလကတ္တားမြို့၌ ကျွန်တော်တစ်ယောက်တည်း လှည့်လည်ကြည့်ရှုလျက်ရှိနေစဉ် မော်တော်ကားတစ်စီးသည် ကျွန်တော့်အနီးသို့ ထိုးဆိုက်၍ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်သည် ကားပေါ်မှ ခုန်ဆင်းကာ ကျွန်တော်၏လက်ကို လှုပ်ယမ်းကြသည်။ ကျွန်တော့်မှာ ထိုသူနှစ်ယောက်ကို နဝေတိမ်တောင်နှင့် ငေးကြည့်နေရာမှ ရှေးဦးစွာ လာလ်ချန်ကို မှတ်မိ၍ ထို့နောက်တွင်မှ မိန်းကလေးကို သတိရမိပါတော့သည်။ ထိုမိန်းကလေးမှာ ပါတိပူရရွာမှ ခမ်အဗ္ဗူလာ၏ မယားပါသမီးဖြစ်၍ လာလ်ချန်နှင့် လက်ထပ်ပြီးသဖြင့် အကြင်လင်မယား ဖြစ်နေကြခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြားသိရပါတော့သတည်း။

●

# ရန်သူများနှင့် အမဲလိုက်ရပုံ

ကျွန်တော်သည် ဂျော်ကီအလုပ်နှင့် အသက်မွေးလိုခဲ့ပါလျှင် ယခုအခါ၌ နာမည်ကြီးနေသော ဘရင်ကလေး၊ ဘကျော်ကလေး၊ ထွန်းရင်ကလေး စသည့် ဂျော်ကီများကို အလွယ်တကူ စီးနိုင်ပါ၏။ အချို့သော ဂျော်ကီများသည် အလွန်ပြေးနေသောမြင်းကို မပြေးစေချင်သောအခါ ဇက်ကိုဆွဲ၍ စီးခြင်းကြောင့် 'ဆွဲ'သည်ဆို၍ ရက်အကန့်အသတ်ဖြင့် မြင်းပွဲမှ ထုတ်ပယ်ခြင်းခံကြရ၏။ စင်စစ်သော်ကား မြင်းစီးကောင်းတို့မည်သည်မှာ မြင်းကိုမပြေးနိုင်အောင် စီးတတ်၏။ တကယ့်မြင်းကောင်းဆိုလျှင် မြင်း၏ကိုယ်နှင့် လူ၏ကိုယ်သည် တစ်သားတည်း ဆက်လျက် ရှိဘိသကဲ့သို့ စိတ်ချင်းလည်း ဆက်သွယ်လျက်ရှိပြီးလျှင် ကျောပေါ်၌ စီးသောလူက မပြေးစေလိုသော စိတ်ဆန္ဒရှိရုံမျှနှင့် မြင်း၏ ဇက်ကို အတင်းမဆွဲဘဲ ငါးဖာလုံမျှသော တာတွင် ဆယ်ကိုက်ဆယ့်နှစ်ကိုက်မျှ ဆုတ်ပ ဟ်အောင် စီးတတ်ရလေသည်။

ဇက်ကိုမဆွဲဘဲ စီးသူ၏ ကိုယ်နေကိုယ်ထားကို ပြုပြင်ပေးခြင်းအားဖြင့်လည်းကောင်း၊ မြင်းပြေးသောလမ်းကို မဖြောင့်အောင် ပြုပြင်ပေးခြင်းအားဖြင့်လည်းကောင်း မြင်းပြေး၍ မကောင်းအောင် နည်းအမျိုးမျိုးဖြင့် မိမိ၏ဆန္ဒကို

www.burmeseclassic.com

www.burmeseclassic.com



မြင်းသိအောင် လုပ်တတ်ရ၏။ မြင်းပွဲတစ်ပွဲ၌ ဖေးဘရိတ်ဖြစ်၍ နိုင်ဖို့သေချာသော မြင်းတစ်ကောင်ကို ကျွန်တော်က လိမ်၍စီးရမည်ဆိုလျှင် ဇက်ကို အလျင်မဆွဲဘဲ မြင်းအုပ်တွင် နောက်ဆုံးမှလိုက်အောင် စီးနိုင်ပါ၏။ အချို့သော ဂျော်ကီများကမူ ဇက်ကိုဆွဲရသဖြင့် မြင်း၏ပါးစပ်ပြဲသည်ကို ဒိုင်လူကြီးများက မြင်သဖြင့် 'ဆွဲ' သည်ဆိုကာ ထုတ်ပယ်ခြင်း ခံခဲ့ရလေသည်။

ဤသို့ရေးသားခြင်းကို အချို့က ယုံကြည်ပေလိမ့်မည်။ သို့ရာတွင် ဤအကြောင်းကို ဉာဏ်ဖြင့်ဆင်ခြင်ပါလျှင် အလွယ်တကူ သိနိုင်မည်ဖြစ်၏။ မြင်းစီးကောင်းသော ဂျော်ကီတစ်ယောက်သည် မြင်းစီးမကောင်းသော ဂျော်ကီတစ်ယောက်ထက် လျင်မြန်အောင် စီးနိုင်သည့်အကြောင်းကိုမူကား အလွယ်တကူ ယုံကြည်ကြ၏။ ဤကဲ့သို့ ဖြစ်ရသည်မှာ မစီးသောတတ်သူနှင့် စီးတတ်သောသူတို့၌ ခြားနားသောအချက်များရှိသောကြောင့် ဖြစ်၏။ စီးတတ်သောသူသည် တကယ် ကျွမ်းကျင်ပါလျက် မိမိကိုယ်ကို မစီးတတ်သူတစ်ယောက်ဖြစ်အောင် အလွယ်တကူ လုပ်နိုင်ရမည်ဖြစ်၏။ ဘိုင်စကယ်စီးတတ်သော်လည်း လဲအောင် စီးရမည်ဆိုက ဖြစ်နိုင်သကဲ့သို့ပင်။ ဤကိစ္စမှာ ဉာဏ်သာလျှင် ပဓာနဖြစ်၍ ဉာဏ်ရှိသော ဂျော်ကီဆိုလျှင် တတ်သောသူတစ်ယောက်အဖြစ်မှ မတတ်သောသူ တစ်ယောက်ဖြစ်အောင် ခေတ္တပြုပြင်ရန် ခဲယဉ်းခြင်း မရှိသင့်ပေ။ မကျွမ်းကျင်သော အဖြစ်မှ ကျွမ်းကျင်သူတစ်ယောက် ဖြစ်လာအောင် ချက်ချင်းလုပ်ရန် ခဲယဉ်းသော်လည်း ကျွမ်းကျင်သူတစ်ယောက်က(ဉာဏ်ရှိခဲ့လျှင်) မကျွမ်းကျင်သူတစ်ယောက်ဖြစ်အောင် တစ်ပွဲတလေပြုလုပ်ရန်မှာ ခဲယဉ်းစရာအကြောင်း မရှိပေ။

သို့ရာတွင် ဉာဏ်ရှိရုံမျှနှင့် မပြီးသောအကြောင်းနှစ်ရပ် ရှိပေသေး၏။ ပထမအချက်မှာ မြင်း၏စိတ်ကို သိတတ်ခြင်းဖြစ်၏။ ဤအချက်မှာ ပါရမီအရင်းခံပါမှ ဖြစ်နိုင်၏။ မည်မျှပင်ဉာဏ်ရှိသော်လည်း ဘဝအဆက်ဆက်မှ မြင်းစီးခြင်း ပါရမီမပါခဲ့လျှင် မြင်းတစ်ကောင်၏ စိတ်ကို သိနိုင်ဖို့ ခဲယဉ်း၏။ ရန်ကုန်မြို့ မြင်းပွဲများတွင် အကြီးအမှူးဖြစ်ခဲ့ဖူးသော မစ္စတာပါဝဲလ်သည် ဂျော်ကီတက်၍ မဖြစ်အောင် ခုန်ပေါက်ရုန်းကန်လိုက်ဖြင့် ကလန်ကဆန်လုပ်သော မြင်းတစ်ကောင်ကို တစ်ခွန်းတည်းငေါက်လိုက်ခြင်းဖြင့်ဖြစ်စေ ငြိမ်သက်အောင် လုပ်နိုင်ကြောင်းကို မြင်းသမားတိုင်း ကြုံရဖူးလေသည်။ ထိုမြင်းသည် မစ္စတာပါဝဲလ်၏ မြင်းမဟုတ်သော်လည်း မည်သည့်မြင်းကား အချော့ကြိုက်သည်၊ မည်သည့်မြင်းကား အငေါက်ကြိုက်သည် စသည်ဖြင့် မစ္စတာပါဝဲလ် သိ၏။ မြင်းများကလည်း မစ္စတာပါဝဲလ်၏ အသံကို သိကြဟန်တူ၏။ ဤအခြင်းအရာမှာ မစ္စတာပါဝဲလ်၏ ထူးကဲသော မြင်းပါရမီမှတစ်ပါး အခြားနည်းအားဖြင့် စဉ်းစားရန် မဖြစ်နိုင်ချေ။



ဒုတိယအကြောင်းတစ်ရပ်မှာ အင်္ဂလိပ်ဘာသာဖြင့် (Will Power) ဝီလ်ပါဝါခေါ် စိတ်၏ တန်ခိုးထက်သန်ခြင်းပင် ဖြစ်၏။ တစ်စုံတစ်ယောက်သောသူသည် မြင်းပါရမီပါခဲ့၍ မြင်း၏စိတ်သဘောကို သိခြင်း၊ မိမိ၏စိတ်ကိုလည်း မြင်းအားသိစေခြင်း စသည်ဖြင့် တတ်နိုင်ခဲ့စေကာမူ ဝီလ်ပါဝါခေါ် စိတ်၏ ထက်သန်သော တန်ခိုးမရှိခဲ့ပါလျှင်မူ မြင်းသည်ထိုသူ၏ အလိုကိုသိပင်သိငြားသော်လည်း ခက်ထန်သော မြင်းဖြစ်ခဲ့လျှင် ထိုသူ၏အလိုသို့ မလိုက်ဘဲ ကလန်ကဆန်လုပ်တတ်လေသည်။ မစ္စတာပါဝဲလ်မှာ မြင်းပါရမီရှိသည့်ပြင် ဝီလ်ပါဝါတည်းဟူသော စိတ်၏တန်ခိုးလည်း ပြည့်စုံဟန်တူ၏။ မြင်းမည်သည်မှာ ဇက်ကိုသာ နားထောင်တတ်မြဲ ဖြစ်ပါလျက် မစ္စတာပါဝဲလ်သည် ဇက်ကို အလျှင်း မကိုင်ဘဲ နားထောင်အောင် လုပ်နိုင်သည်ဆိုပါလျှင် ကျောပေါ်၌ ခွစီး၍ ဇက်ကို ကိုင်ထားသော ဂျော်ကီသည် အထက်ပါအရည်အချင်းများနှင့် ပြည့်စုံပါက မြင်းကို မိမိအလိုသို့လိုက်စေရန် ဘယ်မျှလောက် တတ်နိုင်ကြောင်းကို အလွယ်တကူ နားလည်နိုင်ကြပေလိမ့်မည်။

မြင်းစီးခြင်းအကြောင်းနှင့် စပ်လျဉ်း၍ မိတ်ဆွေများအား စကားစပ်မိသဖြင့် ပြောသောအခါများတွင် ကျွန်တော့်အား ဂျော်ကီလုပ်ဖို့ တိုက်တွန်းကြ၏။ ငွေရဖို့တစ်ခုတည်းကိုသာ ကြည့်မည်ဆိုလျှင်လည်း လုပ်သင့်သည်ဟု ဆိုရပေမည်။ သို့ရာတွင် မြန်မာပြည်၌ ဂျော်ကီလုပ်ကြသော လူငယ်များမှာ ပညာတတ်များမဟုတ်သည့် သာမန်လူတေများသာ ဖြစ်သောကြောင့် ကျွန်တော်ကဲ့သို့သော လူတစ်ယောက်က ဂျော်ကီလုပ်ရန် ခဲယဉ်း၏။ ရေးသားဖော်ပြလတ္တံ့သော အကြောင်းအရာများမှာ စစ်မြေပြင်တွင် ဂျမဒါအရာရှိငယ်အဖြစ်နှင့် အမှုထမ်းစဉ် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အခြင်းအရာများသာဖြစ်၍ မြင်းစီးခြင်းအတတ်၌ ကျွန်တော်၏ ကျွမ်းကျင်ခြင်းကို ထင်ရှားစေလောက်ပေသည်။

၁၉၁၇ ခုနှစ်၌ ကျွန်တော်အပါအဝင်ဖြစ်သော ရိုက်ဂျီမင့်စစ်တပ်သည် ကာနယ်ဂရေဟာမ် စီမံအုပ်ချုပ်ခြင်းဖြင့် ချီတက်လျက်ရှိစဉ် ရန်သူတူရကီများသည် လမ်းခရီးတွင် မြေကတုတ်များ၊ ခံတပ်ငယ်များ ပြုလုပ်၍ ကျွန်တော်တို့ စစ်တပ်ကို အမျိုးမျိုးသောနည်းဖြင့် အနှောင့်အယှက် ပေးကြသည်ဖြစ်သောကြောင့် ကာနယ်ဂရေဟာမ်သည် တစ်ခုသော တပ်စခန်းတွင် အော်ဒလီတစ်ယောက်ကိုစေလွှတ်၍ ကျွန်တော့်အား ခေါ်ခိုင်းလေသည်။

ကျွန်တော်သည် အရေးကြီးသော ကိစ္စရှိသည်ဟု သိသည်နှင့် လျင်မြန်စွာ လိုက်သွား၍ ကာနယ်ရှိသော မိုးကာတဲအတွင်းသို့ ရောက်သောအခါ ကာနယ်ဂရေဟာမ်သည် မြေပုံတစ်ခုကို စားပွဲပေါ်သို့ ဖြန့်လျက် အရာရှိသုံးယောက်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ပြောဆိုလျက်ရှိကြ၏။ ကျွန်တော်က ဆလံပေးလိုက်သောအခါ ကာနယ်သည် ကျွန်တော့်ဘက်သို့လှည့်၍ အင်္ဂလိပ်ဘာသာဖြင့်–

'ဂျမဒါကိုကိုကြီး၊ မောင်မင်း အကြံအဖန်ကောင်းကြောင်း၊ သတ္တိရှိကြောင်း ကျုပ်တို့ အကြိမ်ကြိမ်တွေ့ခဲ့ရတယ်' ဟု ပြော၏။

ထိုအခါ ကျွန်တော့်မှာ ယင်းစကားကို ဝန်ခံလျှင်လည်း ရူးရာရောက်လိမ့်မည်။ ငြင်းပယ်နေလျှင်လည်း မမှန်သောစကားကို ဆိုရာရောက်လိမ့်မည်ဟု သိသောကြောင့် မည်သို့မျှ ပြန်မပြောဘဲ ရင်ကိုကော့၍ ရပ်ပြီးလျှင် ဆလံပေးလျက်သာ နေလေ၏။

ဟာမ်။ ။မောင်မင်း အလွန်မြင်းစီးကောင်းတယ်လို့ ပြောနေကြတယ်။ ဟုတ်သလား။

တော်။ ။မှန်ပါ။

ဟာမ်။ ။ဒီနားလာစမ်း၊ မြေပုံကိုကြည့်စမ်း။ ဟောဒါက တောင်တန်း၊ ကျုပ်တို့အခုရှိနေတဲ့ နေရာနဲ့ ၂၅ မိုင်လောက် ဝေးတယ်။ ဒီအတွင်းမှာ ရန်သူများက ခံတပ်ကလေးတွေ ဟိုမှာတစ်ခု ဒီမှာတစ်ခု လုပ်ထားတယ်။ ကျုပ်သိချင်တာက ဘယ်နေရာမှာ ခံတပ်ဘယ်နှစ်ခုရှိတယ်၊ ဘယ်ဘက်က ကျုပ်တို့လှည့်ပြီးချီတက်ရင် ကောင်းလိမ့်မယ်ဆိုတာတွေကို ကျုပ် သိချင်တယ်။

တော်။ ။မှန်ပါ။

ဟာမ်။ ။ဒီအကြောင်းတွေကို သေသေချာချာ သိရအောင် လူတစ်ယောက်ကိုယ်တိုင်သွားပြီး စုံစမ်းဖို့လိုတယ်။ လေယာဉ်ပျံရှိရင် အလွယ်တကူဖြစ်နိုင်တာ မှန်တယ်။ သို့သော် ကျုပ်တို့တပ်မှာ ခုချက်ချင်း လေယာဉ်ပျံ မရှိတဲ့အတွက် လူတစ်ယောက်က မြင်းနဲ့သွားကြည့်မှဖြစ်မယ်။ မောင်မင်းသွားနိုင်မလား။

တော်။ ။မှန်ပါ။ နေဝင်လို့ မှောင်တာနဲ့ တစ်ပြိုင်နက် သွားရင်ဖြစ်နိုင်ပါတယ်။

ဟာမ်။ ။အေးလေ၊ မှောင်မိုက်မှသွားနိုင်မှာပေါ့။ ခုချက်ချင်းသွားရင် မောင်မင်း သေသွားမှာပေါ့။ ဒါကြောင့်လည်း ရစ်နာဂီလောက်မှာ မောင်မင်းသွားရင် ကောင်းတယ်။ သွားတဲ့အခါ ဟောဟိုမြင်းကို မောင်မင်းစီးနိုင်တယ်။ နာမည်က အေရိုပလိန်းတဲ့။ ကျုပ်တို့ စစ်တပ်မှာ အကောင်းဆုံးမြင်းပဲ အားကြီးပြေးတယ်။ ရန်သူက မောင်မင်းကိုမြင်လို့ မြင်းနဲ့လိုက်ဖမ်းရင် ဘယ်နည်းနဲ့မျှ မမိနိုင်ဘူး။ လွတ်အောင်ပြေးနိုင်တယ်။ စိတ်ချ။

ကာနယ်ဂရေဟာမ်သည် မြင်းကို ပွတ်တိုက်လျက်ရှိသော ဆိုက်ကုလားကိုခေါ်လိုက်ရာ ဆိုက်သည် မြင်းကိုဆွဲလျက် အနီးသို့ချဉ်းကပ်လာ၏။ ကျွန်တော်



မှာ မြင်းဝါသနာအိုးတစ်ယောက် ဖြစ်သည့်အတိုင်း သေချာစွာ ကြည့်ရှုရာ ယင်းမြင်းကြီးမှာ လေးပေရှစ်လက်မခန့်ရှိ၍ အာရပ်မျိုးအစစ်ဖြစ်သဖြင့် ခွာလေးလုံးတို့မှာ ဖလားကို မှောက်ထားသကဲ့သို့ တိတိပိုင်းပိုင်းရှိလျက် ပြူးထွက်သော မျက်လုံးများ၊ အဖျားချွန်သော နားရွက်များ၊ ကျယ်ဝန်းသော ရင်ဘတ်၊ ကြံ့ခိုင်သော နောက်ပိုင်းအပြင် သမင်ကဲ့သို့သော ကိုယ်လုံးကိုယ်ပေါက်နှင့် ချိတ်ဆက်လျက်ရှိသော လည်တိုင်ရှိသည်ဖြစ်၍ တာပတ်ပြေးသော ဒုန်းမြင်းကဲ့သို့ လျင်မြန်ခြင်းသက်သက်မဟုတ်ဘဲ ခွန်အားဗလကောင်းခြင်းနှင့် သက်လုံကောင်းခြင်းစသော အခြင်းအရာများပါ ရောစပ်ပေါင်းစည်းလျက်ရှိသည့် အဆက်အကွင်းဖြစ်ကြောင်းကို တစ်ခဏကြည့်ရှုမှုနှင့်ပင် သိနိုင်ပေ၏။

ဟာမ်။ ။ရန်သူ ခံတပ်တွေ ပြည့်နေတဲ့အကြားက ကျုပ် ရီကွီမင့်စစ်တပ်တစ်ခုလုံး လွတ်အောင်ရှောင်ကွင်းမသွားနိုင်သော်လည်း မောင်မင်းတစ်ယောက်အဖို့တော့ ဖြစ်နိုင်လောက်ပါတယ်။ အသွား ၂၅ မိုင်၊ လှည့်ပတ်ကြည့်တာ ၁၀ မိုင်ထား၊ စုစုပေါင်း မိုင် ၆၀ လောက် ရှိလိမ့်မယ်။ အဲဒီခရီးကို ဒီမြင်းနဲ့ တစ်ညအတွင်း မိုးမလင်းမီ ပြန်ရောက်နိုင်ဖို့ရှိတယ်။ အကယ်၍ နက်ဖြန်ညနေမှာ မောင်မင်းပြန်မရောက်ခဲ့ရင် ရန်သူဖမ်းသွားပြီလို့ ကျုပ်တို့ ယူဆပြီး မောင်မင်းနဲ့ အကျဉ်းသမားချင်း လဲလှယ်ဖို့ ကျုပ်စီစဉ်မယ်။ ဘာမှမစိုးရိမ်နဲ့ နားလည်လား။

တော်။ ။မှန်ပါ။

ဟာမ်။ ။ကိုင်း၊ အေရိုပလိန်းအကြောင်းကို သိရအောင် နည်းနည်းပါးပါးစီးကြည့်စမ်း။

ကာနယ်ဂရေဟာမ်သည် ဆိုက်ကုလားအား အေရိုပလိန်းကို ကုန်းနှီးစေပြီး နောက် ကျွန်တော့်ကိုပေးအပ်လေရာ ကျွန်တော်သည် နင်းကွင်းသို့ ခြေထောက်မလျှိုဘဲ ကျောကုန်းပေါ်သို့ တစ်ခါတည်း လွှားတက်၍ တပ်စခန်းအတွင်း တစ်ပတ်နှစ်ပတ် စိုင်းကြည့်၏။ ကာနယ်ဂရေဟာမ်နှင့် စစ်ဗိုလ်သုံးယောက်တို့သည် ကျွန်တော်မြင်းစိုင်းသည်ကို စောင့်ကြည့်လျက် ရှိကြ၏။ မြင်းကောင်းတို့မည်သည်မှာ သခင်၏စိတ်ကို တစ်ခဏချင်းတွင် နားလည်တတ်သည်ဖြစ်၍ လူနှင့်မြင်းသည် တစ်ဆက်တည်း တစ်ကိုယ်တည်းကဲ့သို့ ဖြစ်ပြီးလျှင် ဇက်ကိုပင် မသုံးဘဲ ကျွန်တော်အလိုရှိတိုင်း ပဲ့ပြင်နိုင်သည်ဖြစ်သောကြောင့် စစ်ဗိုလ်များသည် ကျွန်တော်ရောမြင်းပါ လက်ခုပ်တီးကာ ချီးမွမ်းလျက်ရှိကြပေတော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

ထိုည၌ ရှစ်နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် မြေပုံနှင့် ဓါးပိုက်ဆောင်အိမ်မြှောင်ကို လွယ်အိတ်တွင်ထည့်ကာ အေရိုပလိန်းကိုစီးလျက် တပ်စခန်းမှ ထွက်လာခဲ့သည်။ ကောင်းကင်တစ်ခုလုံး မိုးတိမ်များ ဖုံးအုပ်သဖြင့် ကြယ်ရောင်မျှမရှိဘဲ မှောင်နှင့်မည်းမည်းရှိနေရာမှ မိုးတဖွဲဖွဲ ကျလာပေရာ စိတ်အားတက်ကြွဖွယ်ဖြစ်သော ဥတုရာသီမဟုတ်ချေ။ သို့ရာတွင် ကာနယ်ဂရေဟမ်သည် ဂျမဒါအမြောက်အမြားတွင် ကျွန်တော်တစ်ယောက်တည်းကိုမှ ရွေးချယ်စေလွှတ်ခြင်းဖြင့် ကျွန်တော်၏အစွမ်းသတ္တိကို အသိအမှတ်ပြုရာရောက်သောကြောင့် စစ်ဖက်တွင် မြန်မာများ ညံ့သည်ဟု အင်္ဂလိပ်များ ယူဆချက်ကို ပပျောက်စေလောက်အောင် လုစွမ်းပြလိုက်မည်ဟူသော ကြုံးဝါးချက်ဖြင့် စိတ်မာန်တင်းကာ ထွက်လာခဲ့ပါသည်။ ကျွန်တော်သည် မြင်းကို လမ်းတိုးမျှသာစီး၍ ချောင်းငယ်တစ်ခုကိုဖြတ်ပြီးနောက် မီးလောင်ကျွမ်းသဖြင့် တိုင်ငုတ်တိုမျှသာ ကျန်ရစ်သောတဲငယ်တစ်ခုသို့ရောက်သောအခါ လက်ယာဘက်သို့ချိုး၍ မြက်ခင်းများဖြင့် ညီညာစွာရှိသော မြေပြင်ကို တွေ့သည်တွင်မှ ခပ်သုတ်သုတ်နှင် လေတော့သည်။ မီးရောင်များကိုမူကား တတ်နိုင်သမျှရှောင်ကွင်းခဲ့သည်။

သုံးနာရီကျော်မျှ သွားမိသောအခါ မြင်း၏ရှေ့၌ မည်းသည်ထက်မည်းလာသော အရာဝတ္ထုကြီးကို မြင်သဖြင့် တောင်တန်းကြီးဖြစ်ကြောင်းသိရ၍ မြေပုံတွင် ညွှန်ထားသည့်အတိုင်း တူရကီခံတပ်၏ အဆုံးသို့ ဆိုက်ရောက်ခဲ့ကြောင်း သိရလေသည်။ ကာနယ်မှာလိုက်သည့်အတိုင်း အပြန်ခရီးတွင် ကျွန်တော်သည် လမ်းတစ်မျိုးပြန်မည်ဟု လက်ဝဲဘက်သို့ချိုး၍ အနှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ခဲ့ရသည့်အတွက် ဝမ်းမြောက်စွာ ဆက်လက်စီးနင်းလာခဲ့ရာ ရှေ့တည့်တည့်မှ ဓာတ်မီးရောင်တစ်ခုထိုး၍ လက်ခနဲဖြစ်သွားသော သေနတ်ပြောင်း တစ်ခုကို မြင်လိုက်ရခြင်းနှင့်အတူ တူရကီဘာသာဖြင့် 'ဟိုမှာ ဘယ်သူလဲ' ဟု မေးလိုက်သောအသံကို ကြားရပေသည်။

ကျွန်တော်သည် ရန်သူစစ်သား၏ ချဲ့လင့်ချလုပ်ခြင်းဖြစ်သည်ကို သိသော်လည်း မည်သို့မျှပြန်မပြောဘဲ လက်ဝဲဘက်သို့ ရုတ်တရက်လှည့်ချိုးပြီးနောက် ကုန်းမှန်းမသိ၊ ချိုင့်မှန်းမသိ၊ ခလုတ်မှန်းမသိ၊ ကန်သင်းမှန်းမသိ၊ လေအဟုန်ဖြင့် မျက်စိမှိတ်ကာ စီးလာခဲ့သည်။ 'ဒိုင်း၊ ဒိုင်း၊ ဒိုင်း'ဟူသော သေနတ်သံများ ကြားရ၍ ကျည်ဆန်များသည် နားရွက်အနီးမှ ရွှီခနဲ၊ ရွှီခနဲ မြည်သွားကြလေတော့သည်။ ကျွန်တော့်အဖို့မှာ ဤအသံမျိုးသည် အထူးအဆန်းမဟုတ်သောကြောင့် ထိတ်လန့်တုန်လှုပ်လောက်အောင် မရှိခဲ့ချေ။ ကျည်ဆန်များသည် ကျွန်တော့်ကို မထိမှန်ဘဲ ပွတ်ကာသီကာ ထွက်သွားကြ၍ နောက်ဆုံးတွင်



ကျွန်တော်သည် သေနတ်သံ လုံးဝမကြားသောနေရာသို့ ရောက်လာသဖြင့် ဘေးအန္တရာယ်မှ လွတ်လာခဲ့ကြောင်း သိရလေသည်။

သို့ရာတွင် ယခင်နေရာကို ချဉ်းကပ်ပါက သေတွင်းသို့ တမင်တိုးဝင်ခြင်းဖြစ်သည်ဟု သိသည်နှင့် ခပ်ကွင်းကွင်း ပြန်လာခဲ့သည်။ သေနတ်သံ မကြားရသည့်နောက် ကျွန်တော်လည်း မြင်းကိုအရှိန်သတ်၍ လမ်းတိုးစီးလာခဲ့ရာ အတန်ငယ် သွားမိသောအခါ မြင်းသည် တစ်ကြိမ်နှစ်ကြိမ် ဟပ်ထိုး ဟပ်ထိုးဖြစ်သွားပြီးနောက် ဒူးညွှတ်ကာ လဲသွားလေတော့သည်။ ဤတွင် ကျွန်တော်သည် ကျောပေါ်မှ ခုန်ဆင်း၍ လက်နှိပ်ဓာတ်မီးကို လက်ဖြင့်အုပ်ကွယ်လျက် မြင်း၏ တစ်ကိုယ်လုံးသို့ အနှံ့အပြားပင် ထိုးကြည့်ရာ ဒူးရအောက်လက်နှစ်သစ်ခန့်တွင် ကျည်ဆန်ထိမှန်သော ဒဏ်ရာတစ်ချက်ကို ဝမ်းနည်းစွာ တွေ့မြင်ရ လေသည်။

ဒဏ်ရာမှာ ယခုမှရရှိသည်မဟုတ်။ မြင်းစိုင်းစဉ်က ထိမှန်ခဲ့ခြင်းဖြစ်သော်လည်း သတ္တိကောင်းသောမြင်းဖြစ်သည်ကတစ်ကြောင်း၊ လျင်မြန်စွာပြေးနေခိုက်တွင် သွေးပူလျက်ရှိသည်တစ်ကြောင်းတို့ကြောင့် ရုတ်တရက်မလဲသေးဘဲ အရှိန်သတ်၍လမ်းတိုးသွားသောအခါမှ မြေသို့လဲကျရခြင်း ဖြစ်သည်။ လူတို့မည်သည် ဒဏ်ရာရသည်နှင့်တစ်ပြိုင်နက် တစ်ခါတည်းပင် ခွေလဲသွား၏။ တောတိရစ္ဆာန်များမူကား သေနတ်ထိမှန်ထားသော်လည်း အလန့်တကြား ပြေးလွှားပြီးမှ လဲလဲသေသေ ဖြစ်ရခြင်းများကို အမဲပစ်ဖူးသူတိုင်း ကြုံဖူးကြပေလိမ့်မည်။ ကျွန်တော်သည် ဒဏ်ရာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ဆဲမှာပင် အေရိုပလိန်းသည် ရှိုက်ကြီးတငင် ရှူရှိုက်လိုက်ပြီးနောက် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် လေးဘက်လက်တံစင်းကာ အသက်ထွက်ရရှာလေတော့သည်။

ထိုအခါ၌ မိမိစစ်တပ်နှင့် မိုင်ပေါင်းနှစ်ဆယ်ကျော် ဝေးလျက် ရန်သူများ အကြား၌ရှိနေသော ကျွန်တော်မှာ အဘယ်မျှလောက် အားငယ်မည်ကို အလွယ်တကူ တွေးယူနိုင်ကြပေလိမ့်မည်။ ရန်သူလက်မှ ကြိမ်ဖန်များစွာ လွတ်လာခဲ့ဖူးသည့် ကျွန်တော် ဂျမဒါကိုကိုကြီးပင်လျှင် အကြီးအကျယ် စိတ်ပျက်၍ မြင်းသေကောင်ကိုမှီကာ အတန်ကြာအောင် ငေးမှိုင်နေခဲ့မိပါသည်။

အချိန်မှာ သန်းခေါင်ကျော်၍ နာရီပြန်နှစ်ချက်ခန့် ရှိပြီဖြစ်ရာ ဝါဆိုလဖြစ်သဖြင့် နေ့တာအရှည်ဆုံးဖြစ်သောကြောင့် လေးနာရီထိုးသည်နှင့်တစ်ပြိုင်နက် လင်းရောင်ခြည်လာတော့မည်ဖြစ်ရကား မိုင်နှစ်ဆယ်ခရီးကို နှစ်နာရီအတွင်း ခြေကျင်သွားရန် အသို့ဖြစ်နိုင်မည်နည်း။

သို့ရာတွင် စင်စစ်သတ္တိကောင်းသော လူတို့မည်သည်မှာ မည်မျှပင် အကျဉ်းအကျပ်သို့ ဆိုက်ရောက်သော်လည်း တာရှည်စွာ စိတ်ပျက်ရိုးထုံးစံမရှိ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ထိုင်ရာမှထ၍ မည်သို့ပြုလုပ်ရမည်ကို အကြံထုတ်ရလေ၏။ ကျွန်တော်၏ ဦးခေါင်း၌ ဖြစ်ပေါ်လာသော အကြံမှာ ထိုခရီးကို မိုးမလင်းမီ ခြေကျင်လျှောက်ရန် မဖြစ်နိုင်ကြောင်း သိသဖြင့် လုံခြုံသောနေရာတစ်ခုကို တွေ့အောင်ရှာ၍ တစ်နေ့လုံးပုန်းနေပြီးလျှင် နက်ဖြန်နေဝင်သောအခါမှ ဆက်လက်၍ တပ်စခန်းသို့ လျှောက်သွားရန်ဖြစ်လေသည်။

ရန်သူများသည် နေ့အချိန်တွင် ဤမြင်းသေကို မြင်ခဲ့လျှင် ကုန်းနှီးနှင့် ဇက်ကြိုးများကို ကြည့်ကာမျှနှင့် အင်္ဂလိပ်စစ်တပ်မှ မြင်းဖြစ်ခြင်းကို သိနိုင်ကြမည်ဖြစ်သောကြောင့် ကျွန်တော်သည် ကုန်းနှီးနှင့် တန်ဆာပလာများကို ချွတ်ယူ၍ မြင်းသေကောင်နှင့် အတော်အတန်ဝေးအောင် ဆောင်ယူပြီးမှ ချုံတစ်ချုံအတွင်း ဝှက်ထားခဲ့လေသည်။

ထိုနောက် ကျွန်တော်ပုန်းအောင်းရန်အတွက် နေရာရှာဖွေရာ ယင်းဒေသရှိချုံများမှာ အလွန်သေးငယ်သည့်အပြင် ဆူးများလှသောကြောင့် လျှို့ဝင်ရန်မဖြစ်နိုင်ကြောင်း သိရလေ၏။ ယင်းကဲ့သို့ ထိုမှဤမှ လျှောက်သွား၍ ပုန်းအောင်းရန် နေရာကောင်းရှာလျက်ရှိစဉ် အရှေ့မျက်နှာမှ လင်းရောင်ခြည် ပေါ်ထွက်စပြုသည်တွင် ကျွန်တော်သည် မနီးမဝေး၌ အိမ်ကြီးတစ်လုံးကို တွေ့မြင်ရ၏။ ထိုအိမ်ကြီးမှာ စစ်မြေပြင်အတွင်း ရှိသဖြင့် စစ်ဗိုလ်များတည်းခိုကြလိမ့်မည်ဟု ကျွန်တော် စဉ်းစားမိသည်။ သို့ရာတွင် 'မီးကြီးငြိမ်းခို'ဆိုသော မြန်မာစကားပုံကို သတိရ၍ ထိုအိမ်နှင့်နီးနိုင်သမျှ နီးလေလေ ဘေးအန္တရာယ်ဝေးလေလေ ဖြစ်ရမည်ဟု တွေးဆမိ၏။ အကြောင်းကိုဆိုသော် အကယ်၍ ရန်သူများသည် မြင်းသေကောင်ကိုမြင်သဖြင့် ကျွန်တော့်ကိုရှာဖွေကြပါမူ စစ်ဗိုလ်ကြီးများနေသော အိမ်အနီးအပါး၌ မည်သည့်နည်းနှင့်မျှ ရှာဖွေကြလိမ့်မည်မဟုတ်သောကြောင့်ပေတည်း။

သို့ဖြစ်၍ ကျွန်တော်သည် ပတ်ဝန်းကျင်တစ်ဝိုက်ကို လှည့်ပတ်ကြည့်ရှုရာတွင် တဲတစ်လုံးတွေ့ရသဖြင့် အနီးသို့ချဉ်းကပ်လေ၏။ တဲအနီးသို့ရောက်၍ တံခါးကိုတွန်းကြည့်လိုက်သောအခါတွင် အတွင်း၌ သိုးနှင့်ဆိတ်များ ပြည့်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် အထပ်ခိုးကလေးတစ်ခုလည်းရှိ၍ လှေကားတစ်ခုလည်း တွေ့ရ၏။ ကျွန်တော်သည် လူအစအနမမြင်သည်နှင့် ယင်းလှေကားမှတက်၍ အပေါ်သို့ရောက်သောအခါ လူတစ်ယောက်မျှပင်မရှိဘဲ ကောက်ရိုးနှင့် မြက်ခြောက်များသာလျှင် အမိုးထိအောင် ပြည့်နေသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ကျွန်တော်သည် ကောက်ရိုးများအကြား တစ်ခုသောထောင့်သို့ တိုးလျှို၍ ဝင်နေပြီးလျှင် ဤနေရာ၌ စောင့်နေတော့အံ့ဟု အသောင်းပြေ လှဲလိုက်သည်နှင့်တစ်ပြိုင်နက် ခရီးပန်းလာခြင်းနှင့် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။



တစ်ရေးနိုးလာသဖြင့် ထရံပေါက်မှချောင်း၍ အိမ်ကြီးရှိရာသို့ ကြည့်လိုက်သောအခါ အော်ဒလီများ၊ အစေခံများ စသည်တို့သည် စာရွက်များ၊ စာအုပ်များနှင့် အိမ်တွင်းသို့ ဝင်ချည်ထွက်ချည် လုပ်နေကြသည်ကို မြင်ရသဖြင့် ကျွန်တော်ထင်သည့်အတိုင်း တူရကီစစ်ဗိုလ်ကြီးတစ်ဦးတစ်ယောက် တည်းခိုသော အိမ်ကြီးဖြစ်ကြောင်းကို သိရှိရလေသည်။ ကျွန်တော်သည် ကောက်ရိုးပေါ်တွင် အလျားမှောက်လျက် လူဝင်လူထွက်ကို ချောင်းမြောင်းကြည့်ရှုလျက် ရှိနေစဉ် တူရကီစစ်ဗိုလ်ကလေး အမြောက်အမြား မြင်းကိုယ်စီနှင့် ဆိုက်ရောက်လာကြ၍ လူနစ်ဆယ်ခန့်မျှ စုရုံးမိသောအခါတွင် ခွေးကြီးနှစ်ကောင်ကို ကြိုးဖြင့်ဆွဲလျက် ယင်းအိမ်ကြီးမှတစ်ဖန် ထွက်သွားကြသည်ကို တွေ့မြင်ရသည်။ ထိုအခါ၌မူ ကျွန်တော်သည် ယင်းတို့သွားကြသော ကိစ္စကို မတွေးနိုင်ခဲ့ပေ။ ကျွန်တော်သည် ထိုသူတို့ထွက်သွားရာအရပ်သို့ မျှော်ကြည့်လျက်ရှိစဉ် ယင်းတို့သည် ခွေးနှစ်ကောင်ကို ကြိုးမှဖြုတ်၍ လွှတ်လိုက်ပြီးလျှင် ခွေးများ၏နောက်မှ မြင်းများနှင့် ကစုန်စိုင်း၍ လိုက်သွားကြသဖြင့် တောထဲတွင် ကွယ်ပျောက်သွားကြသည်။

ကျွန်တော်သည် ခွေးနှစ်ကောင်နှင့် ထွက်သွားကြသော လူများ၏ကိစ္စကို မတွေးတတ်နိုင်ဘဲ ကောက်ရိုးပေါ်တွင် ပက်လက်လှန်ကာ စဉ်းစားစိတ်ကူးလျက် ရှိစဉ် မြင်းခွာသံကြားရသဖြင့် ထရံပေါက်မှ ချောင်းကြည့်သောအခါ နှုတ်ခမ်း မွေးကောင်းသော တူရကီစစ်ဗိုလ်တစ်ယောက်သည် ခပ်သုတ်သုတ်မြင်းစိုင်းလာ၍ အိမ်ပေါက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရပ်တန့်ပြီးလျှင် အော်ဒလီတစ်ယောက်နှင့် စကားအနည်းငယ်ပြောပြီးနောက် အိမ်ပေါ်သို့ မော့ကြည့်ကာ ဟစ်ခေါ်လိုက်၏။ ဤတွင် ယူနီဖောင်းအပြည့်အစုံ ဝတ်ထားသော စစ်ဗိုလ်တစ်ယောက်သည် ဝရန်တာသို့ထွက်လာ၍ မြင်းပေါ်ကလူနှင့် စကားအပြန်အလှန် ပြောကြပြီးနောက် မြင်းသမားသည် အိမ်ပေါ်ကလူကို နှုတ်ဆက်၍ ထွက်သွားလေသည်။ ကျွန်တော့်မှာ ယင်းတို့ပြောသောစကားကို နားမလည်သော်လည်း မြင်းစီးလာသောသူက အိမ်ပေါ်မှလူကို အတူလိုက်ရန် ခေါ်သဖြင့် အိမ်ပေါ်က စစ်ဗိုလ်က မလိုက်နိုင်ဆို၍ ဦးခေါင်းယမ်းကာ ငြင်းပယ်လိုက်သည်နှင့် မြင်းသမား ပြန်သွားသည်ဟု တွေးဆမိသည်။

အတန်ကြာသော် အိမ်ပေါ်မှစစ်ဗိုလ်သည် အိမ်နောက်ပြတင်းပေါက်မှ ဦးခေါင်းပြူလျက် အော်ဒလီတစ်ယောက်ကို ဟစ်ခေါ်၍ အမိန့်ပေးလေရာအော်ဒလီသည် ဦးခေါင်းညွတ်ကာ အရိုအသေပြုပြီးနောက် ထွက်သွားလေသည်။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ အော်ဒလီသည် မြင်းတစ်ကောင်ကို ဆွဲလျက် အိမ်ပေါက်ဝသို့ ယူလာခဲ့ရာ ကျွန်တော်က မြင်းဝါသနာအိုးတစ်ယောက်

www.burmeseclassic.com



ဖြစ်သည့်အတိုင်း မြင်းချော၊ မြင်းလှကို မြင်ရလျှင် အားရပါးရကြည့်ချင်တတ်သည်နှင့် ယင်းမြင်းကို ငေးစိုက်ကာ ကြည့်နေမိပါသည်။ ထိုမြင်းမှာ သပိတ်ကဲ့သို့မည်း၍ ဖဲကတ္တီပါကဲ့သို့ ဖိတ်ဖိတ်တောက်လျက်ရှိရာ ဖွေးဖွေးဖြူသော ဘတ်စကင်းဇက်ကြိုးများတပ်ထားသည်နှင့် အလွန်ထင်းလျက် ကွင်းကွင်းကွက်ကွက်ကျက်သရေရှိလှပါပေတော့သည်။ ကျွန်တော် စီးလာခဲ့သော အေရိုပလိန်းသည် အလွန်လှသည်ဟု ထင်မိခဲ့ရာ ဤမြင်းနှင့်ယှဉ်လိုက်သော် အေရိုပလိန်းမှာ ရထားမြင်း ဖြစ်သွားခဲ့လေပြီ။ မြင်းနက်ကြီးသည် ရှူးရှူးထိုးသည့်တိုင်အောင် ပြေးချင်လှပြီး အလွန်ဆတ်သော သန္တေရှိသည်ဖြစ်၍ ဆိုက်ကုလားက ဇက်ကိုကိုင်ထားစဉ် တစီးစီးမြည်ဟီးလိုက်၊ ခွာတစ်ဘက်ဖြင့် မြေကြီးကို ပေါက်ကာပေါက်ကာ ခြစ်ဆွလိုက် ရှိလေသည်။

ကျွန်တော်သည် မြင်းနက်ကြီးကိုမြင်ရ၍ ယင်း၏ကျောပေါ်၌ စီးရလျှင် သေပျော်ပြီဟု ထင်မိမတတ် သွားရည်ကျနေလျက်ရှိစဉ် ဉာဏ်ရှင်သူတစ်ယောက်ဖြစ်သည့်အတိုင်း ရုတ်တရက်အကြံတစ်ခုပေါ်လာတော့သည်။ ယင်း အကြံအစည်အရ ကျွန်တော်သည် လှေကားမှဆင်း၍ အိမ်ပေါက်မှ လှမ်းကြည့်လိုက်သောအခါ အနီးအပါး၌ ဆိုက်ကုလားမှတစ်ပါး အခြားသူတစ်စုံတစ်ယောက်မျှ မရှိသည့်ပြင် ဆိုက်ကုလားသည်ပင်လျှင် ကျွန်တော့်ဘက်သို့ ကျောခိုင်းလျက် ရှိနေလေသည်။

ကျွန်တော်သည် တံခါးမှ ဆိုက်ကုလားရှိရာသို့ နှစ်ခုန်သုံးခုန်မျှဖြင့် ရောက်အောင် ခုန်လွှားပြေးသွား၍ အံ့အားသင့်လျက် ငေးကြည့်နေသော ဆိုက်ကုလား၏ လက်မှ ဇက်ကြိုးကိုလုယူပြီးနောက် မြင်းနက်ကြီး၏ ကျောပေါ်သို့ တစ်ဟုန်တည်းလွှားတက်လိုက်တော့သည်။ ဤတွင်မှ ဆိုက်ကုလားသည် အကြောင်းခြင်းရာကို ရိပ်မိ၍ အသံကုန်အော်ဟစ်လေရာ ကျွန်တော်သည် ပြတင်းပေါက်မှ လှမ်းကြည့်နေသော တူရကီစစ်ဗိုလ်ကိုလည်းကောင်း၊ ငယ်သံပါအောင် ဟစ်အော်သော ဆိုက်ကုလားကိုလည်းကောင်း ဂရုမစိုက်ဘဲ ဝင်းပေါက်ဆီသို့ ဦးခေါင်းလှည့်ပေး၍ မြင်း၏နံဘေးသို့ ဖနောင့်ဖြင့် ဆောင့်ကာလွှတ်ပေးလိုက်သည်တွင် မြင်းနက်ကြီးသည် သေနတ်မှထွက်သော ကျည်ဆန်ကဲ့သို့ တစ်ဟုန်ထိုး ထွက်ပြေးလေတော့သည်။ ဝင်းပေါက်မှထွက်မိသောအခါ အိမ်ကြီးပေါ်မှ တဒိန်းဒိန်းပစ်သော သေနတ်သံများကြားရသော်လည်း ကျွန်တော်သည် လုံးဝဂရုမစိုက်ဘဲ နောက်သို့ တစ်ချက်လှည့်ကာ လက်ကိုမြှောက်၍ ယမ်းပြပြီးနောက် လျင်မြန်သည်ထက် လျင်မြန်စွာ စိုင်းလာခဲ့သည်။

ပထမ၌ ကျွန်တော်သည် မည်သည့်အရပ်သို့ သွားမည်ဟူ၍ ရည်ရွယ်ခြင်း မရှိဘဲ ထိုအိမ်ကြီးမှဝေးလျှင် ပြီးစေတော့ဆိုကာ မြင်းပြေးရာသို့ လိုက်ပါလာခဲ့ရာ



မြင်းမှာလည်း ကျွန်တော် မျှော်လင့်သည်ထက်ပင် လျင်မြန်သည်နှင့် ချုံများသည် ကျွန်တော်၏မျက်စိအောက်တွင် ချာလပတ်လည်ကာ ပြားခနဲ ကျန်ရစ်ခဲ့လေသည်။

၁၀ မိနစ်ခန့် စိုင်းမိသောအခါ ၅ မိုင်ခန့်ခရီးပေါက်အောင် သွားခဲ့သည်ဖြစ်ရာ ထိုအခါတွင် တောင်ကမူကလေးတစ်ခုသို့ ရောက်လာ၍ မြင်းကို ဇက်သတ်ပြီးလျှင် မည်သည့်အရပ်သို့ သွားရမည်ကို ဆင်ခြင်စဉ်းစားလေသည်။ ထိုနေရာမှ မျှော်ကြည့်လိုက်သောအခါ ရန်သူများ၏ စစ်ခင်းထားပုံ အခြေအနေကို ထင်ရှားစွာ မြင်ရသည်ဖြစ်၍ ညအချိန်က စမ်းတဝါးဝါးကြည့်ရခြင်းထက်ပင် သာလွန်ကောင်းမွန်လှသည်။ ထိုခဏ၌ ကျွန်တော်သည် ရန်သူ၏အခြေအနေကို ဦးခေါင်းထဲသို့ ဓာတ်ပုံရိုက်ကူးသလို မှတ်သားခဲ့ပါတော့သည်။

ယင်းသို့ရှိစဉ် မြင်းကြီးသည် ဆတ်ခနဲ ဆတ်ခနဲ တစ်ချက်တစ်ချက်လန့်၍ နားရွက်စွင့်ကာ နှာမှုတ်ကာဖြင့် မြေကြီးကို ခွာနှင့်ပေါက်လျက်ရှိ၏။ ဤအခြင်းအရာကို တွေ့ရသဖြင့် မြင်းသည် မည်သည့်အရာကို ကြောက်လန့်နေခြင်းဖြစ်သနည်းဟု ပတ်ဝန်းကျင်ကို မျှော်ကြည့်ကာ နားထောင်ပါသော်လည်း ထူးခြားသော အခြင်းအရာတစ်ခုမျှ ကျွန်တော်မတွေ့ရချေ။

ကျွန်တော့်မှာ ရန်သူ၏ စစ်ခင်းပုံအနေအထားကို မှတ်သားခဲ့ပြီးဖြစ်၍ မိမိစခန်းသို့ ပြန်ဖို့သာရှိတော့သည်ဟု ဆင်ခြင်လျက်ရှိစဉ် အဝေးမှလူသံများ အုတ်အုတ်သဲသဲ ကြားရ၍ ယူနီဖောင်းမျိုးစုံဝတ်ထားသည့် တူရကီစစ်ဗိုလ်တစ်စုသည် မြင်းများကို ကဆုန်စိုင်းလျက် ပေါ်လာကြလေသည်။

ထိုအခါ၌ကား ကျွန်တော်စီးသော မြင်းနက်ကြီးသည် မျက်လုံးပြူးပြူး မျက်ဆံပြူးပြူး ခုန်ပေါက်ကန်ကျောက်ကာဖြင့် ဆွဲထားသော ဇက်ကိုအတင်းရုန်းလျက် ရှိလေသည်။

တစ်ခဏကြာသော် ယင်းစစ်ဗိုလ်တစ်စုသည် ကျွန်တော်ရှိသောနေရာနှင့် ငါးဖာလုံခန့် ကွာလှမ်းသော နေရာသို့ရောက်လာကြရာ ကျွန်တော်သည် ထိုလူစုနှင့် နီးကပ်လာမည်စိုးသဖြင့် ထွက်ပြေးလိုသော်လည်း ကျွန်တော်ရှိရာသို့ တည့်တည့်လာခြင်းမဟုတ်သောကြောင့် ရုတ်တရက်မပြေးသေးဘဲ ယင်းတို့ရှိရာသို့ မျှော်ကြည့်နေသေး၏။ ရှေ့ဆုံးမှ ခွေးနှစ်ကောင်တို့သည် လူအုပ်နှင့် သုံးဖာလုံခန့်ဝေးသောနေရာတွင် ယုန်သဏ္ဌာန်နှင့်တူသော တိရစ္ဆာန်ကလေးနောက်သို့ ပြေးနေကြသည်ကို မြင်ရ၏။ ယုန်ရော၊ ခွေးများပါ အစွမ်းကုန်ပြေးနေကြသည်ဖြစ်သောကြောင့် ကျွန်တော်၏မျက်စိထဲတွင် ခြေထောက်နှင့် မြေကြီးထိသည်ကို မမြင်ရဘဲ လေထဲ၌ ကားယားကြီးဝဲနေသကဲ့သို့ မြင်ရပါတော့သည်။

www.burmeseclassic.com



မြင်းပေါ်မှ လူများသည် ညာသံပေးလျက် လိုက်လာကြလေရာ ယင်းတို့၏ ညာသံကို ကြားရသောအခါ ကျွန်တော်၏မြင်းသည် ကန့်ကျောက်ခုန်ပေါက်ရာမှ လည်ပင်းကို တွန့်၍ဇက်ကို သွားနှင့်ကိုက်ပြီးလျှင် ထိုလူများရှိရာသို့ တစ်ဟုန်ထိုး လိုက်ပြေးလေတော့သည်။

အမဲလိုက်နေကျဖြစ်သောမြင်းသည် အမဲလိုက်သော ညာသံကိုကြားရသောအခါ ဆွဲမနိုင်ဆောင့်မရ ဖြစ်တတ်သည့်အပြင် ဇက်ကိုသွားနှင့်ကိုက်ပြီး ဖြစ်ခြင်းကိုလည်း သိရသဖြင့် ကျွန်တော်မှာ ဖြစ်ချင်ရာဖြစ်တော့ဟု အောက်မေ့ကာ မြင်းပြေးရာသို့သာ လိုက်ပါသွားတော့သည်။

ပထမ၌ ကျွန်တော်သည် လူအုပ်နောက်မှ ရှိနေ၏။ သို့ရာတွင် ကျွန်တော်၏ မြင်းနက်ကြီးသည် အရှိန်ရ၍ ပြေးမိသောအခါ၌ အခြားသောမြင်းများကို ကျော်တက်သည်နှင့် ရှေ့ဆုံးသို့ရောက်လာပါတော့သည်။ ထိုအခါ၌ကား အမဲလိုက်သမားတို့၏ ထုံးစံအတိုင်း စစ်ကိုလည်းကောင်း၊ တူရကီမဟုတ်သော ကျွန်တော့်ကိုလည်းကောင်း ဂရုမစိုက်တော့ဘဲ ရှေ့ဆုံးမှပြေးနေသော ယုန်နှင့် ခွေးများကို မီလိုဇောတစ်ခုတည်းဖြင့် သူ့ထက်ငါ ရှေ့သို့ရောက်အောင် ညာသံပေးလျက် အတင်းတက်ကြလေတော့သည်။

ကျွန်တော်၏မြင်းမှာကား ကျွန်တော်က ဇက်ပုံပေးလိုက်သဖြင့် သူ့သဘောအတိုင်း ပြေးခွင့်ရသည်နှင့်တစ်ပြိုင်နက် ချိုင့်သော၊ ချောင်းသော၊ ခလုတ်သော၊ ကန်သင်းသော ပမာဏမထားဘဲ လွှားခနဲလွှားခနဲ ခုန်ကျော်ပြေးခဲ့ရာ ကျွန်တော့်မှာ လေယာဉ်ပျံများကပင် ဤမြင်းလောက် မြန်ပါလေ၏လောဟု စိတ်ထဲက တွေးမိပါတော့သည်။ ကျွန်တော်သည် လူစုလူအုပ်ကိုကျော်လွန်၍ မြင်းကောင်းများရှေ့သို့ ရောက်နေသော လူများကိုပင် မီလာရာ နောက်ဆုံး၌ ကျွန်တော့်ရှေ့မှ ကိုက် ၂၀ ခန့်တွင် မြင်းစိုင်းနေကြသော အမဲလိုက်သမားနှစ်ယောက်တို့မှတစ်ပါး အနီးအပါး၌ လူမရှိတော့ချေ။ ထိုအခါ၌ကား ကျွန်တော်၏ စိတ်ထဲ၌ ရန်သူများ ဝန်းရံထားသည့် အဖြစ်ကိုလည်းကောင်း၊ သူတို့က ဖမ်းလိုလျှင် အလွယ်တကူဖြစ်နိုင်ခြင်းကိုလည်းကောင်း လုံးဝသတိမရဘဲ ရှေ့ကလူနှစ်ယောက်ကို မီလိုသော ဇောတစ်ခုတည်းသာ ရှိလေတော့သည်။ သို့ဖြစ်၍ ကျွန်တော်သည် မြင်းကို ပြေးသည်ထက်ပြေးအောင် ပြုပြင်ပေးသဖြင့် ဒုတိယလူကို ကျော်တက်၍ ပထမလူ၏ မြင်းဦးသည် ကျွန်တော်၏ မြင်းဦးခေါင်းနှင့် တစ်တန်းတည်းဖြစ်အောင် မီလာတော့သည်။

ထိုအခါ ရှေ့ကလူသည် နောက်သို့လှည့်ကြည့်ကာ ကျွန်တော် မီလာသည်ကို မြင်သည်နှင့် ခါးကိုကုန်းကာ ယင်း၏မြင်းကို တိုး၍လျှင်မြန်အောင်



နှင်တော့သည်။ ကျွန်တော်ကလည်း ကျွန်တော်၏မြင်းကို အားပေးလျက် နှင်ပြန်လေရာ ကျွန်တော်၏ မြင်းနက်ကြီး ဦးခေါင်းသည် ရှေ့မြင်း၏အမြီးကို ကျော်လွန်၍ တင်ပါး၊ ယင်းနောက် ဝမ်းဗိုက်၊ ယင်းနောက် ပခုံး၊ ယင်းနောက် လည်ပင်း၊ နောက်ဆုံးတွင် ဦးခေါင်းချင်းညီလျက် ရှိနေတော့၏။

ထိုခဏ၌ ကျွန်တော်တို့နှစ်ယောက်သည် မြင်းပွဲတွင် ပန်းဝင်သော ဂျော်ကီများကဲ့သို့ မိမိမြင်းကို အသီးသီးနှင်လျက်ရှိကြရာ မြင်းနက်ကြီးသည် အခြားမြင်းထက်ကောင်းသောကြောင့်လည်းကောင်း၊ ကျွန်တော်သည် ထိုလူထက် မြင်းစီးကောင်းသောကြောင့်လည်းကောင်း တဖြည်းဖြည်း တရွေ့ရွေ့ရှေ့သို့တက်လာသဖြင့် နောက်ဆုံးတွင် အမဲလိုက်သမား အားလုံးတို့ရှေ့သို့ ကျွန်တော် တစ်ယောက်တည်း ရောက်လာခဲ့လေသည်။

ထိုအခါ၌ကား ကျွန်တော်မှာ အမဲလိုက်သမားချင်း ပြိုင်ရန် အလုပ်မရှိသော်လည်း ရှေ့မှပြေးနေသော ယုန်နှင့်ခွေးများကို မီဖို့အရေး ကျန်သေး၏။ ခွေးများမှာ ကျွန်တော့်ရှေ့တွင် တစ်ဖာလုံမျှ ဝေးကွာသေးသော်လည်း ယင်းတို့က ကျွန်တော့်ကို မဖြတ်နိုင်ဘဲ ကျွန်တော်ကသာလျှင် တစ်ခုန်ထက်တစ်ခုန် နီးကပ်သည်ထက် နီးကပ်လာခဲ့သည်။

ထိုနေရာ၌ကား ချုံများသည် ယခင်ချုံများထက် ကြီးမြင့်၍ ချိုင့်များသည်လည်း ယခင်ချိုင့်များထက် ကျယ်ဝန်းပေသည်။ ကျွန်တော်၏စိတ်မှာ ရှေ့မှပြေးနေကြသော ယုန်နှင့်ခွေးများကို မီစေဖို့မှတစ်ပါး ဘာကိုမျှ သတိမရတော့ဘဲ အဆီးအတားတွေ့ရှိသည့်အခါတိုင်း မြင်းကြီး၏နံဆားကို ခြေဖနောင့်နှင့် ဆောင့်ပေးလိုက်သဖြင့် လွှားခနဲလွှားခနဲ ခုန်နိုင်ပေတော့သည်။ ထိုနေရာများတွင် မြင့်ကြီးသည် အဆီးအတားများကို ခြေဖြင့်ခုန်လွှားခြင်းမဟုတ်ဘဲ အတောင်ဖြင့်ပျံကျော်လိုက်သကဲ့သို့ လွှားခနဲလွှားခနဲ လွတ်၍လွတ်၍ သွားလေတော့သည်။ ကျွန်တော်က အားပေး၍ အဆီးအတားကြီးတစ်ခုကို ခုန်ကျော်လိုက်သဖြင့် လွတ်သွားသည့်အခါတိုင်း နောက်၌ ကျန်ရစ်သော လူများ၏ ဝေါခနဲဝေါခနဲ ဩဘာပေးသံ ကြားရသည်နှင့် ကျွန်တော့်မှာ အလွန်အားတက် ဂုဏ်ရှိ၍ ရောက်ပြီး မြင်းပေါ်တွင် ခြေစုံရပ်လျက် နောက်သို့လှည့်ကာ 'မြန်မာကွ၊ မြန်မာဆိုမှ မြန်မာ' ဟူသော သဘောနှင့် လက်ယမ်း၍ ပြခဲ့သေးသည်။

မြင်းကြီးသည် ကျယ်လွန်းသည်မရွေး၊ မြင့်လွန်းသည်မရွေး ရှေ့၌တွေ့သမျှသော အတားအဆီးများကို ခုန်ကျော်ခဲ့သဖြင့် နောက်ဆုံး၌ ကျွန်တော်သည် ခွေးနှစ်ကောင်ကိုပင် ကျော်လွန်၍ ယုန်ကို မီလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်၌ကား ကျွန်တော့်မှာ လွန်ခဲ့ပြီးသော အချိန်များကထက်ပင် သွေးရူးသွေးတန်းဆိုရမတတ် စိတ်အားတက်ကြွလျက် ရှိနေသည်ဖြစ်ရာ မြင်းကြီးကို ခရီးတွင်သည်ထက်တွင်အောင် ခြေဖနှောင့်ဖြင့်ဆောင့်ကာ နှင်မောင်းရင်း ဓားကို အိမ်မှချွတ်၍ ယုန်ကိုမီသည်နှင့်တစ်ပြိုင်နက် မြင်းပေါ်မှ အားကုန် ခုတ်ပိုင်းလိုက်လေသည်။ သို့ရာတွင် အလွန်တရာ မျက်စိလျင်သည့် ယုန်ဖြစ်သောကြောင့် တည့်တည့်ကြီးလာသော ဓားချက်ကို ရှောင်လိုက်သည်နှင့် လက်နှစ်သစ်ခန့် လွတ်ထွက်သွားလေတော့သည်။ ကျွန်တော်မူကား ထိုအခြင်းအရာကို မခံချင်သည်နှင့် ယုန်ကို တစ်ဖန် မီအောင်လိုက်၍ လက်ယာဘက်သို့ ခုတ်တော့မည့်ဟန် ပြင်ပြီးမှ ယုန်က အရှောင်လိုက်တွင် လက်ဝဲဘက်သို့ ခုတ်လိုက်ရာ နှစ်ပိုင်းပြတ်၍ မြေပေါ်သို့ လိမ့်သွားလေတော့သည်။

ထိုအခါ နောက်တွင်ကျန်ရစ်သော အမဲလိုက်သမားများသည် ဆူညံစွာ ဩဘာပေးလိုက်ပြန်ရာ ကျွန်တော်သည်လည်း မြင်းနက်ကြီးကို ဇက်သတ်၍ နောက်သို့လှည့်ကာ ထိုလူများအား စစ်ထုံးစံအတိုင်း ဓားဖြင့်ဆလံပေးပြီးမှ အင်္ဂလိပ်စစ်တပ်သို့ စိုင်းလာခဲ့ပါတော့သည်။ ထိုလူများမူကား ကျွန်တော့်အား ချီးမွမ်းလိုသေး၍ပေလော၊ သို့တည်းမဟုတ် တူရကီမဟုတ်ဘဲ ရန်သူတစ်ယောက်ဖြစ်ကြောင်းကို ယခုမှသိကြ၍ပေလော မဆိုနိုင်။ ကျွန်တော့်နောက်သို့ လိုက်လာကြသေး၏။ သို့ရာတွင် ကျွန်တော်မူကား ထိုလူများနှင့်တွေ့ဆုံရန် အလိုမရှိတော့သည်ဖြစ်၍ မြင်းနက်ကြီးကို ခြေဖနှောင့်ဖြင့်ဆောင့်ကာ သတိပေးလျက် စိုင်းလာခဲ့ပါတော့သည်။

စစ်တပ်အနီးသို့ ချဉ်းကပ်သောအခါ ကာနယ်ဂရေဟာမ်သည် ကျွန်တော်နှင့်တကွ နောက်မှလိုက်လာကြသော ရန်သူများကိုမြင်သည်နှင့် စစ်သားများ စေလွှတ်ကြိုဆိုစေရာ နောက်မှလိုက်လာသော တူရကီစစ်ဗိုလ်များလည်း မြင်းများကို လျင်မြန်စွာ ဇက်သတ်၍ နောက်သို့ပြန်စိုင်းပြေးကြလေတော့သည်။ ကာနယ်ဂရေဟာမ်သည် အဖြစ်အပျက်အလုံးစုံကို သိရသောအခါ လွန်စွာနှစ်သက်အားရသည်ဖြစ်၍ ကျွန်တော်ရခဲ့သောမြင်းကို ကျွန်တော့်အား ဆုပေးလေရာ ကျွန်တော်က အဖိုးငွေနှစ်ထောင်နှင့် စစ်တပ်သို့ ရောင်းချလိုက်ပါသတည်း။

# တိတ်ဆိတ်သော ညီအစ်ကိုများကိစ္စ၌ ဆောင်ရွက်ခဲ့ပုံ

ကျွန်တော့်မှာ ကော်မရှင်အရာရှိခေါ် စစ်ဗိုလ်အတန်းအစားမဟုတ်ဘဲ လက်အောက်ခံ လူမျိုးများဖြစ်သည့် ကုလား၊ မြန်မာများအား ခန့်ထားသည့် အောက်တန်းစား စစ်ဗိုလ်တစ်ယောက်မျှသာဖြစ်သော်လည်း ကျွန်တော်၏ ရဲစွမ်းသတ္တိကြောင့် ကျွန်တော်၏နာမည်ကို မက်ဆိုပိုတေးမီးယားစစ်မျက်နှာတွင် ဗိုလ်ချုပ်ကြီးဖြစ်သူ လက်ဖတင်နင် ဂျင်နရယ်ဆာဂျွန်ဂရေးကိုယ်တိုင် ကြားသိပြီး ဖြစ်သည်ဟု ဖော်ပြရလျှင် ကြွားဝါသည်ဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ အုပ်ချုပ်သောလူမျိုးဖြစ်သည့် အင်္ဂလိပ်စစ်ဗိုလ်များမှာ သတ္တိအတော်အတန်ပြလိုက်လျှင် ဘွဲ့တံဆိပ်ကြီးတွေ ချီးမြှင့်လေ့ရှိသော်လည်း လက်အောက်ခံလူမျိုးအဖို့မူကား မိုးထိအောင် သတ္တိကောင်းစေကာမူ အနံ့စားအညံ့စားဖြစ်သော ဘွဲ့ကလေးများဖြင့်သာ ချီးမြှင့်ကြလေသည်။ သတ္တိချင်းတူညီ၍ အရေးပါ အရာရောက်ပုံချင်းတူညီသောကိစ္စတစ်ခုကို အတူတူဆောင်ရွက်ကြစေကာမူ မျက်နှာဖြူများမှာ ဗွီ၊ စီ၊ ဒီ အက်စ် အို အစရှိသော ဘွဲ့ကြီးမျိုးရကြ၍ လက်အောက်ခံ မျက်နှာမွဲများမူကား အသက်ကိုဆယ်ပြန် အသေခံစေကာမူ ဒီအက်စ်အို စသော ဘွဲ့မျိုးကို အိပ်မက်မျှပင် မမက်ဝံ့ကြချေ။ မြန်မာများအတွက်ဆိုလျှင် ဂျမဒါရာထူးပင်လျှင် ဗြိတိသျှအစိုးရက ကြီးလှပြီထင်ဟန်တူ၏။ ယင်းတို့ထင်သည့်အတိုင်း မြန်မာများ

www.burmeseclassic.com



ကလည်း ရောယောင်ကာ ထင်ကြ၏။ ထို့ကြောင့်လည်း ဂျမဒါမောင်မောင်တစ်ယောက် မော်တော်ဘုတ်မှောက်၍ သေဆုံးရခြင်းကို မြန်မာတစ်ပြည်လုံးက ဧရာမသတင်းကြီးတစ်ခုအနေဖြင့် ဟိုးလေးတကျော် ဖြစ်ခဲ့ရခြင်း ဖြစ်လေသည်။

ကျွန်တော်တို့၏ စစ်တပ်သည် စစ်မျက်နှာတစ်နေရာ၌ရှိစဉ် ကျွန်တော်အမှုထမ်းသည့် ရိုဂျီမင့်တပ်ကို အုပ်ချုပ်နေသော ကာနယ်ဂရေဟမ်သည် ကျွန်တော့်ကိုခေါ်၍ စကားပြောလေသည်။ ဂျမဒါလေးတစ်ယောက်က ကာနယ်စစ်ဗိုလ်ကြီးထံသို့ မကြာခဏ ဝင်ထွက်နိုင်ခြင်းသည်ပင်လျှင် အခြားသော စစ်ဗိုလ်ကလေးများ၏ မျက်မုန်းကျိုးခြင်း ခံရ၏။ စင်စစ်မှာ ကာနယ်ဂရေဟမ်သည် ကျွန်တော်နှင့် ဘဝဘဝမှ ရေစက်ကြောင့်ပေလော မဆိုနိုင်၊ စိတ်ချယုံကြည်ရသော တပည့်ရင်းတစ်ယောက်လောက်သာမက သားအဖတမျှ ချစ်ခင်ကြင်နာခြင်းလည်း ရှိပေသည်။ အသက်အရွယ်အားဖြင့်လည်း ကာနယ်ဂရေဟမ်သည် ကျွန်တော်နှင့် သားအဖတမျှ ကွာခြားပေသည်။

ကာနယ်ဂရေဟမ်၏ မိုးကာတဲအတွင်းသို့ ကျွန်တော်ဝင်သွားသောအခါ ကာနယ်သည် ဖတ်ပြီးသော စာတစ်စောင်ကိုခေါက်၍ စာအိတ်ထဲသို့ ထိုးသွင်းကာ စားပွဲပေါ်သို့ လှမ်းတင်လျက် ရှိ၏။ ကာနယ်က ကျွန်တော့်အား ပြောပြသော စကားများ၏ အဓိပ္ပာယ်အကျဉ်းချုပ်မှာ စစ်ဗိုလ်ချုပ်ကြီး လက်ဖတင်နင် ဂျင်နရယ်ဆာဂျွန်ဂရေးသည် သတ္တိကောင်း၍ နှုတ်လုံသည့်ပြင် တောင်တောင်အီအီ မတွေးတောဘဲ စေခိုင်းသမျှကို မျက်စိမှိတ်၍ ဆောင်ရွက်တတ်သည့် လူတစ်ယောက်ကို အလိုရှိကြောင်း၊ မျက်နှာဖြူစစ်ဗိုလ်ကလေးများအနက်မှ အဆိုပါ အရည်အချင်းများနှင့် ပြည့်စုံသောလူစားမျိုး ရနိုင်သော်လည်း စေခိုင်းလိုသော ကိစ္စမှာ သိမ်မွေ့သောကိစ္စမျိုး ဖြစ်သောကြောင့် မျက်နှာဖြူအချင်းချင်း မသိစေလိုကြောင်း၊ ကျွန်တော့်အကြောင်းကို စစ်ဗိုလ်ချုပ်က ကြားဖူးသဖြင့် ဟိုကိစ္စအတွက် ဆောင်ရွက်ရန် သဘောတူနိုင်ပါမည်လောဟု ကာနယ်အား စုံစမ်းမေးမြန်းထားကြောင်း၊ ကျွန်တော်က ဆောင်ရွက်ရန် သဘောတူခဲ့လျှင် စစ်ဗိုလ်ချုပ်ရှိရာသို့ သွားရမည်ဖြစ်ကြောင်း စသည်တို့ ဖြစ်လေသည်။

ဟမ်။ ။ဘယ်လိုကိစ္စမျိုးလဲလို့ ကျုပ်မသိဘူး။ သို့သော် အရေးကြီးတာကတော့ ဧကန်ပဲ။ ဖြစ်မြောက်အောင် မောင်မင်းဆောင်ရွက်နိုင်ရင်တော့ ကြီးပွားဖို့အများကြီး မျှော်လင့်စရာရှိတယ် ကိုကိုကြီး။

တော်။ ။ကျွန်တော်က ဗုဒ္ဓဘာသာ ကိုးကွယ်သူဖြစ်ပါတယ်။ ကြီးပွားတာ မကြီးပွားတာကတော့ ကမ္မသကာသဘောထားပြီး အထက်လူကြီးများ စေခိုင်းတဲ့ကိစ္စကို ကျွန်တော် အစွမ်းရှိသမျှ ဆောင်ရွက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ သဘောထားပါတယ်။

ဟမ်။ ။ကောင်းတယ်ကိုကိုကြီး။ အင်မတန်ကောင်းတယ်။ စစ်ဗိုလ်ချုပ်ကြီးက သဘောကျတယ်ဆိုရင် မောင်မင်း မကြီးပွားဘဲ မနေနိုင်ပါဘူး။ ကြိုးစားပါ။

ကျွန်တော်၏ စိတ်ထဲ၌ မည်မျှလောက် ကြိုးစား၍ စစ်ဗိုလ်ချုပ်က မည်မျှလောက် ကျေနပ်စေကာမူ ကျွန်တော့်အဖို့၌ ကော်မရှင်အရာရှိတစ်ယောက် ဖြစ်နိုင်မည်မဟုတ်ပါဟု အောက်မေ့မိသော်လည်း ထုတ်ဖော်၍ကား မပြောတော့ပါ။ အလိုရှိရာ ခိုင်းစေပါတော့ဟူ၍သာ ကာနယ်အား ပြောပြလိုက်ပါတော့သည်။ အမှန်ကိုဆိုရလျှင် စစ်ဗိုလ်ချုပ်ကြီး၏ ကိစ္စတစ်ခုကို ဆောင်ရွက်ရမည်ဆိုကတည်းက ကျွန်တော့်မှာ ဝမ်းမြောက်လျက်ရှိပါတော့သည်။

နောက်ဆုံး၌ ကာနယ်ဂရေဟမ်သည် စစ်ဗိုလ်ချုပ်ကြီး ရှိနေသော ဌာနကို ကျွန်တော့်အား ညွှန်ကြား၍ စာတစ်စောင်ပေးအပ်လိုက်သည်နှင့် ကျွန်တော်သည် မိုးကာတဲမှထွက်လာ၍ ခရီးသွားရန် ပြင်ဆင်ရပါတော့သည်။ ဤကိစ္စအတွက် ကာနယ်သည် ယင်း၏မြင်းတစ်စီးကို စီးသွားရန် ပေးလိုက်၍ ကျွန်တော်သည် စီးနေကျဖြစ်သော ဘလက်ရေဗင်ခေါ် မြင်းနက်ကြီးကိုပင် ရွေးချယ်လေသည်။ မြန်မာပြည်၌ 'သဟက်'မွေးများကို မြင်းနက်ဟု ခေါ်ဝေါ်တတ်ကြလေရာ မြန်မာမြင်းများအနက်မှ 'ပိတုန်း'ဟုခေါ်သည့် အနက်စစ်စစ် အလွန်ရှား၍ ဘလက်ဂရေဗင်မှာ 'ပိတုန်း'ခေါ်သည့် မြင်းနက်အစစ်ဖြစ်၍ ရုရတီဖဲ အနက်ရောင်ကဲ့သို့ ဖိတ်ဖိတ်တောက်လျက်ရှိသဖြင့် အလွန့်အလွန် လှပပါပေသည်။

စစ်ဗိုလ်ချုပ်ကြီးနေသော ဘတ်စရာမြို့သို့ရောက်၍ ကျွန်တော်သည် ဗိုလ်ချုပ်ကြီး၏ ဌာနဖြစ်သော အိမ်ဝင်းကြီးထဲသို့ ဝင်သွားသောအခါ ခြေမြန်တော်များသည် အိမ်ဝင်းထဲတွင် ရှုပ်ယှက်ခတ်ရှိနေကြ၏။ ကျွန်တော်သည် မြင်းကို အော်ဒလီတစ်ယောက်၏လက်သို့ အပ်ခဲ့၍ ဗိုလ်ချုပ်၏အခန်းသို့ ဝင်သွားသောအခါ ဗိုလ်ချုပ်သည် ရိုဂျီမင့်တပ် ဗိုလ်နှစ်ယောက်နှင့် စကားပြောလျက်ရှိ၏။ ကျွန်တော်က ထုံးစံအတိုင်း ဆလံပေး၍ ကာနယ်ဂရေဟမ်၏စာကို ပြလိုက်သောအခါ စစ်ဗိုလ်ချုပ်ကြီးမှာ မျက်နှာထားတစ်မျိုးဖြစ်၍ ကျွန်တော်၏မျက်နှာကို မော်ကြည့်လိုက်သည်။ ထို့နောက် ဗိုလ်ချုပ်သည် စစ်ဗိုလ်နှစ်ယောက်ဘက်သို့ လှည့်၍ 'နောက်မှ ဆက်ပြောကြဦးစို့'ဟု ပြောလိုက်သည်နှင့် စစ်ဗိုလ်နှစ်ယောက်သည် အလိုက်သိစွာနှင့် အခန်းပြင်သို့ ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဗိုလ်ချုပ်ရှေ့သို့ ရင်ကိုကော့လျက် 'သတိ'ဆိုသော အမူအရာမျိုးနှင့် ရပ်နေစဉ် ဗိုလ်ချုပ်သည် ချထားသောမျက်မှန်ကိုတပ်၍ ကျွန်တော့်အား ခြေဆုံးခေါင်းဆုံးကြည့်၏။ ယင်းနောက်

ချုပ်။ ။ဂျမဒါကိုကိုကြီးလား။

တော်။ ။မှန်ပါတယ် ဗိုလ်ချုပ်။

ချုပ်။ ။မောင်မင်းက သတ္တိကောင်းသလောက် ခဏခဏ ရန်ဖြစ်ချင်တယ်လို့ ပြောသံကြားရတယ်။ သတ္တိရှိတိုင်း ကိုယ့်အချင်းချင်း ခဏ ခဏ ရန်ဖြစ်ရတာမဟုတ်ဘူး။

ကျွန်တော်လည်း မျက်လွှာချလျက် ဆိတ်ဆိတ်သာ နေရသည်။ ကျွန်တော့်ကို လက်ချာပေးချင်၍ ခေါ်ခြင်းမဟုတ်တန်ရာဟုလည်း စဉ်းစားမိသည်။

ချုပ်။ ။အချင်းချင်း ရန်ဖြစ်တာ ဘယ်နှစ်ခါရှိပြီလဲ။

တော်။ ။သုံးခါလောက်ရှိပါပြီ ဗိုလ်ချုပ်။ (အမှန်မှာ ခြောက်ကြိမ်ရှိပေပြီ)။

ချုပ်။ ။မောင်မင်းနဲ့ ရန်ဖြစ်တဲ့လူတွေ ဘာဖြစ်သလဲ။

တော်။ ။ဆေးရုံတက်ရပါတယ်။

ချုပ်။ ။(မျက်နှာနီလာလျက်)စစ်ဆေးရုံဆိုတာ ရန်သူနဲ့တိုက်လို့ ထိခိုက်တဲ့ ဒဏ်ရာကို ကုသဖို့ထားတယ်။ မောင်မင်းက ဆရာဝန်တွေကို အလုပ်များအောင် လုပ်ပေးနေသပေါ့လေ။ နောက်တစ်ကြိမ် ရန်ဖြစ်တယ်လို့ ကြားရင် 'ကုတ်မာရှယ်'လုပ်ပြီး တပ်ထဲက မောင်းထုတ်လိုက်မယ်။ နားလည်လား။

ကျွန်တော့်မှာ တစ်ကိုယ်လုံးတုန်လျက် ဆိတ်ဆိတ်သာနေရသည်။ အမှန်မှာ စစ်ဗိုလ်ချုပ် ဆာဂျွန်ဂရေးသည် နှုတ်ခမ်းမွေးမရှိသဖြင့် နှုတ်ခမ်းမွေးကို ပွစိပွစိလုပ်ပြတတ်သော ကာနယ်ဂရေဟမ်ကဲ့သို့ ကြောက်စရာကောင်းလှသော ဥပဓိရုပ်မရှိသော်လည်း ကျွန်တော့်အား စိုက်၍ကြည့်လိုက်သော မျက်လုံးများသည် ကျွန်တော်၏ နောက်စေ့သို့ ဖောက်ထွက်သွားသည်ဟု ထင်ရလောက်အောင်ပင် စူးရှခြင်းရှိသည်ဖြစ်၍ ထိုကဲ့သို့ တုန်လှုပ်မိခြင်း ဖြစ်ပါတော့သည်။ ဗိုလ်ချုပ်သည် ကျွန်တော်၏ တုန်လှုပ်ခြင်းကို သဘောကျသည့် လက္ခဏာနှင့် လုံလောက်အောင် ခြောက်လှန့်ပြီးသဖြင့် တစ်ပတ်နှစ်ပတ် လျှော့ဦးမည်ဆိုသော အမူအရာဖြင့် [illegible]သံကို ပျော့စေလျက်

ချုပ်။ ။သတ္တိဆိုတာမျိုးဟာ ကိုယ့်အချင်းချင်းအပေါ်မှာ ပြဖို့မဟုတ်ဘူး ကိုကိုကြီး။ ရန်သူ့အပေါ်မှာ ပြရတယ်။ အချင်းချင်းသတ္တိပြလို့ သတ္တိ[illegible]တစ်ယောက် မတော်တဆ ဆုံးသွားရင် ကိုယ်ကျိုးမနည်းပါလား။

တော်။ ။မှန်ပါတယ် ဗိုလ်ချုပ်ခင်ဗျား။



ချုပ်။ ။ကျုပ် အခုခိုင်းချင်တဲ့ကိစ္စက သတ္တိလည်းလိုတယ်၊ နှုတ်လုံဖို့လည်း အရေးကြီးတယ်။ အောင်မြင်စွာ ဆောင်ရွက်ပြီးတဲ့နောက် ဘယ်သူ့ကိုမှ ပြောမပြရဘူး။ နားလည်လား။

တော်။ ။နားလည်ပါတယ် ဗိုလ်ချုပ်။

ချုပ်။ ။ဒုတိယတစ်ချက်က ကျုပ်မှာတဲ့အတိုင်း လုပ်ရမယ်။ မောင်မင်းသဘောအရ ပြောင်းလဲပြင်ဆင်ခြင်း မလုပ်ရဘူး။ အလုပ်ကို လိုချင်တယ်။ ထင်မြင်ချက်ကို မလိုချင်ဘူး။

ကျွန်တော်က ဦးညွတ်လိုက်သည်။

ချုပ်။ ။တည့်တည့်ပြောရင် မောင်မင်းရဲ့လက်ရုံးရည်ကို ကျုပ်လိုတယ်၊ နှလုံးရည်ကို အလိုမရှိဘူး။ တိုင်းထွာချင့်ချိန်ဖို့ကိစ္စဟာ မောင်မင်းတာဝန်မဟုတ်၊ ကျုပ်တာဝန်ဖြစ်တယ်။ ရှင်းပလား။

တော်။ ။ဟုတ်ကဲ့။

ချုပ်။ ။ဘတ်စရာမြို့အရှေ့ဘက် ဥယျာဉ်ကြီးထဲရောက်ဖူးသလား။

တော်။ ။ဒီမြို့ရောက်တိုင်း ကျွန်တော်ခဏခဏ သွားလည်နေကျ ဥယျာဉ်ပါပဲ။

ချုပ်။ ။ဥယျာဉ်ထဲမှာ စွန်ပလွန်ညီနောင်ဆိုတာ သိသလား။

တော်။ ။သိပါတယ် ဗိုလ်ချုပ်။

စွန်ပလွန်ညီနောင်ဆိုသည်မှာ အထူးသဖြင့် ကြီးမြင့်၍ ပေတစ်ရာခန့်ကွာခြားသော စွန်ပလွန်ပင်ကြီးနှစ်ပင် ဖြစ်သောကြောင့် ဥယျာဉ်ထဲသို့ ရောက်ဖူးသူတိုင်း မသိသူမရှိချေ။

ချုပ်။ ။ကောင်းပြီ၊ စွန်ပလွန်ပင်နှစ်ပင်အကြားက ဖောင်တိန်ရေပန်းမှာ ဒီကနေ့ည ဆယ်နာရီမှာ ကျုပ်ကို လာတွေ့လှည့်။

ကျွန်တော့်မှာ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်လုံးက ကျွန်တော့်ကို တွေ့ချင်သည်ဆို၍ ခေါ်ယူသည်ဆိုကတည်းက လူပြည်တွင် အံ့ဩစရာဟူ၍မကျန်တော့ဘဲ စစ်ဗိုလ်ချုပ်ရာထူးတွင် ကျွန်တော်တက်၍ ဆောင်ရွက်ရမည်ဟု ဗိုလ်ချုပ်က အမိန့်ပေးလျှင်လည်း အေးအေးဆေးဆေးပင် ဆောင်ရွက်တော့မည်ဖြစ်လေသည်။ သို့ဖြစ်၍ ဗိုလ်ချုပ်က ညဥ့်အချိန်၌ ဥယျာဉ်ထဲတွင် သူနှင့် တစ်ယောက်ချင်းတွေ့ဖို့ ချိန်းဆိုခြင်းကို အံ့ဩစရာမဟုတ်သကဲ့သို့ ဦးခေါင်းညွတ်လိုက်မိပါတော့သည်။ ထို့နောက် ဆက်လက်၍–

ချုပ်။ ။ဖောင်တိန်နားမှာ ကျုပ်နဲ့ဆုံမိတဲ့နောက် ဆက်လက်ပြီး သွားကြမယ်။ သေနတ်မယူခဲ့နဲ့၊ ဓားကိုသာ ယူခဲ့။ ကျုပ်က မောင်မင်းကို

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမှ မပြောဘူး။ မောင်မင်းကလည်း ကျုပ်ကို ဘာမှမပြောနဲ့။ နားလည်လား။

တော်။ ။နားလည်ပါတယ် ဗိုလ်ချုပ်။

ချုပ်။ ။အဲဒီနေရာက အတူတကွ လျှောက်သွားကြတဲ့အခါ သစ်ပင်အောက်မှာ လူတစ်ယောက်သော်လည်းကောင်း၊ နှစ်ယောက်သော်လည်းကောင်း တွေ့လိမ့်မယ်။ ကျုပ်တို့အတူ လျှောက်သွားကြလို့ သူတို့နဲ့ ချဉ်းကပ်မိတဲ့အခါမှာ ကျုပ်က အချက်ပေးလိုက်ရင် လူနှစ်ယောက်ကို ဓားနဲ့သေအောင်ခုတ်သတ်ပေတော့။ သို့တည်းမဟုတ် ကျုပ်က သူတို့နဲ့ စကားပြောလို့ ရှိရင် မောင်မင်းက စောင့်ကြည့်နေပါ။

တော်။ ။ကောင်းပါပြီ ဗိုလ်ချုပ်။

ချုပ်။ ။အကယ်၍ ကျုပ်က အချက်ပေးလိုက်လို့ ခုတ်သတ်မယ်ဆိုမှဖြင့် နှစ်ယောက်လုံးကို သေအောင်ခုတ်သတ်ဖို့ အရေးကြီးတယ်နော်။ တစ်ယောက်မှ မလွတ်စေရဘူး။ သတိထားနော်။ ကျုပ်ကိုယ်တိုင်လည်း ကူညီမယ်။

တော်။ ။တစ်ယောက်နဲ့တစ်ယောက် တိုက်ရလို့ ကျွန်တော် မကြောက်ပါဘူး။ သို့သော် ဗိုလ်ချုပ်ကိုယ်တိုင် ကူမယ့်အစား အဖော်တစ်ယောက်လောက် ကျွန်တော်ခေါ်ခဲ့ရင် သာမကောင်းဘူးလား ဗိုလ်ချုပ်။

ချုပ်။ ။ကျုပ်အတွက် စိုးရိမ်လို့လား။ ကိစ္စမရှိပါဘူး။ ကျုပ်လည်း ဓားကိုင်တတ်ပါတယ်။ သို့သော် ဆင်ခြင်တိုင်းထွာတာတွေ ဘာတွေ မလုပ်ရဘူးလို့ ကျုပ်ပြောထားတယ်မဟုတ်လား။ စကားမရှည်နဲ့။ ပြောတဲ့အတိုင်းသာလုပ်။ ဟိုကောင်တွေ လွတ်ထွက်မပြေးဖို့ အရေးကြီးတယ်။

တော်။ ။စိတ်ချပါ ဗိုလ်ချုပ်ခင်ဗျား။

ချုပ်။ ။ကောင်းပြီ။ သွားတော့။ ညဆယ်နာရီနော် သတိပြု။

ကျွန်တော်သည် စစ်ဗိုလ်ချုပ်၏ အခန်းမှထွက်လာ၍ အဝရောက်သောအခါတွင် အကြံတစ်ခုရသည်နှင့် နောက်သို့တုံ့ပြန်၍ 'ဒီလိုပါဗိုလ်ချုပ်ခင်ဗျား' ဟု စကားစလိုက်မိသည်တွင် ဗိုလ်ချုပ်သည် ဓားတော့မည်ကဲ့သို့သော မျက်နှာထားမျိုးဖြင့် ကျွန်တော်အား ပြူးကြည့်လိုက်သဖြင့် ကျွန်တော့်မှာ မဆက်ရဲတော့ဘဲ သုတ်ခြေတင်ခဲ့ရပါတော့သည်။

\+ + +

ထိုည၌ ၉ နာရီခွဲသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ချမ်းအေး သောရာသီဖြစ်၍ စစ်လောင်းကွတ်ကြီးကို ဝတ်လျက် ဓားရှည်တစ်ချောင်းနှင့် ဥယျာဉ်



ဆီသို့ လျှောက်လာခဲ့လေသည်။ စောစောအချိန်၌ ဥယျာဉ်ကြီးထဲတွင် မြို့သူမြို့သားများ ရှိသော်လည်း ညအချိန်၌မူ လူသူကင်းရှင်း၍ တိတ်ဆိတ် လျက်ရှိ၏။ လဆန်း ၁၀ ရက် လမင်းသည်လည်း ကောင်းကင်၌ စောင်းစောင်းသာလျက်ရှိသည်။ စွန်ပလွန်ပင်ကြီးနှစ်ပင်ကို လှမ်းလှမ်းမှပင် မြင်ရ၍ နှစ်ပင်အကြား၌ရှိသော ဖောင်တိန်ရေပန်းဆီသို့ လျှောက်လာသောအခါ စစ်ဗိုလ်ချုပ်မှာ ရောက်နှင့်ပြီဖြစ်၍ ဖောင်တိန်အနီးတွင် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက်ရှိ၏။ ဗိုလ်ချုပ်သည်လည်း စစ်လောင်းကွတ်ကြီးကို ဝတ်လျက် လည်ပင်း၌ရှိသော အဝတ်စကို အထက်သို့ မြှောက်တင်ကာ ဦးခေါင်းကိုပါ ဖုံးအုပ်ထားလေသည်။

ကျွန်တော်သည် အနီးသို့ ချဉ်းကပ်သွားသောအခါ ဗိုလ်ချုပ်၏အမိန့်အတိုင်း စကားမပြောဘဲ ခြေနှစ်ချောင်းကို စုံရပ်လျက် ဆလံပေးလိုက်၏။ ဗိုလ်ချုပ်သည် ကျွန်တော့်ကိုမြင်၍ ဦးခေါင်းညိတ်ကာ ရှေ့မှလျှောက်သွားလေရာ ကျွန်တော်ကလည်း ခြေနှစ်လှမ်းအကွာလောက်မှ လိုက်ပါသွားလေသည်။ ယင်းသို့ လျှောက်သွားကြစဉ် ဗိုလ်ချုပ်သည် စိုးရိမ်သော လက္ခဏာနှင့် လက်ဝဲလက်ယာသို့ တစ်ချက်တစ်ချက်တွင် လှမ်းမျှော်ကြည့်၏။ ကျွန်တော်ကလည်း ထိုနည်းတူ မျှော်ကြည့်ရာတွင် သစ်ပင်ရိပ်မှ လရောင်တို့ တစ်လှည့်စီ ပေါ်ထွက်နေသော အကွက်ကြီးများမှတစ်ပါး တစ်စုံတစ်ရာ မမြင်ရချေ။

နှစ်ဖာလုံခန့်မျှ အတူတကွ လျှောက်လာကြသောအခါ သစ်ပင်အုပ်တစ်ခု၏အလယ်တွင် ကွက်လပ်ကြီးဖြစ်နေသဖြင့် လရောင် ထိန်ထိန်ဝင်းလျက်ရှိသည့် သစ်ငုတ်တိုကြီးတစ်ခုကို တွေ့မြင်ရ၏။ ကျွန်တော်တို့သည် သစ်ငုတ်တိုကြီးသို့ တည့်တည့်ကြီး လျှောက်လာ၍ အနီးသို့ ချဉ်းကပ်မိသည်နှင့် တစ်ပြိုင်နက် သစ်ငုတ်၏အခြားဘက်မှ လူနှစ်ယောက် ဘွားခနဲ ပေါ်လာကြသည်။

ထိုသူနှစ်ယောက်သည်လည်း စစ်လောင်းကွတ်ကြီးများဝတ်ထား၍ တစ်ယောက်နှင့်တစ်ယောက် အရပ်ခြောက်လက်မခန့် ကွာခြားကြသည်။ ယင်းတို့ကလည်း ကျွန်တော်တို့ ရှိနေရာသို့ လျှောက်လာကြရာတွင် လူပုနှင့် လူရှည်ဟူ၍ ကျွန်တော့် စိတ်ထဲ၌ ချက်ချင်းပင် အမှတ်အသား ပြုမိသည်။ လူရှည်သည် ခပ်ပိန်ပိန်ရှိ၍ လူပုသည် ခပ်ဝဝ ရှိသောကြောင့် ယင်းတို့၏ ခြားနားခြင်းသည် သာ၍ထင်ရှား၏။ ကျွန်တော်တို့နှင့် ယင်းတို့အဖွဲ့သည် မျက်နှာချင်းဆိုင် လျှောက်လာကြ ၍ သုံးကိုက်ခန့် ကွာလှမ်းသည်နှင့် ပြိုင်တူရပ်လိုက်ကြသည်။

ကျွန်တော်တို့ လေးဦးသားသည် ငါးစက္ကန့်ခန့် ကြာအောင်မျက်နှာချင်းဆိုင် ရပ်ကြည့်နေကြစဉ် ကျွန်တော်သည် ဗိုလ်ချုပ်၏ တံတောင်အနီးမှ ရပ်လျက် လူရှည်ကို အထူးသတိပြု၍ ကြည့်မိသည်။ ခေါင်းမြီးခြုံအောက်၌ မြင်

www.burmeseclassic.com

www.burmeseclassic.com



ရသော ယင်းမျက်နှာသည် နှုတ်ခမ်းများ တဆတ်ဆတ် လှုပ်နေသည်ဟု ကျွန်တော်ထင်မိ၏။ ငါးစက္ကန့်အဆုံး၌ လူရှည်သည် ကျွမ်းပစ်တော့မည်ကဲ့သို့ ဒူးများကို ကွေးညွှတ်ကာ အားယူလိုက်သည်ကို မြင်လိုက်သဖြင့် ကျွန်တော်သည် ဓားကို ဆွဲထုတ်၍ ထိုသူ၏ ရှေ့မှ ကာကွယ်လိုက်သည်။ ထိုအတောအတွင်း လူပုသည် ကျွန်တော့်နံဘေးမှ လှစ်ခနဲ ဖြတ်သွား၍ ဗိုက်ချုပ်၏ ရင်ဘတ်သို့ ဓားမြှောင်ဖြင့် ထိုးစိုက်လိုက်လေတော့သည်။

ကျွန်တော်သည် ပက်လက် လန်ကျသွားသော ဗိုလ်ချုပ်ကို မြင်လိုက်ရသော တစ်ခဏ၌ ကိုယ်ကျိုးနည်းချေပြီးဟူသော အာရုံမှတစ်ပါး ဘာကိုမျှ သတိမရတော့ချေ။ မက်ဆီပိုတေးမီးယား စစ်မျက်နှာတစ်ခုလုံး၏ အကြီးအမှူး ဖြစ်သော စစ်ဗိုလ်ချုပ်ကြီးကျဆုံးရသည် ဆိုခြင်းမှာ ကြီးကျယ်သော ဆုံးရှုံးမှု တစ်ခုဖြစ်သည့်အပြင် ကျွန်တော့်ကို အားကိုး၍ လက်ရွေးစင်ခေါ်လာခဲ့ခြင်း ဖြစ်သောကြောင့် ကျွန်တော် ညှိုးဖျင်းရာကျလေပြီ။ အမှန်ကိုဆိုရလျှင် ဆုံးရှုံး နစ်နာခြင်းထက် ကျွန်တော်ညှိုးဖျင်းရာကျခြင်းအတွက် မခံမရပ်နိုင်သော မာနစိတ်သည် ပိုမိုပြင်းထန်ပါ၏။ စိတ်သည် အလွန်ပြင်းထန်သည်ဖြစ်၍ ဤစာကို ရေးသားသော အခါတွင်မှ အသေးစိတ်ဖော်ပြခြင်းဖြစ်ရာ ထိုခဏ၌မူ လက်ဖျစ်တစ်တွက်အတွင်း၌ နစ်နာခြင်းနှင့် မခံချင်ခြင်းသည် တစ်ပြိုင်နက်တည်းကဲ့သို့ ဖြစ်၍ ရင်ထဲ၌ ဒေါသမီး ဟုန်းခနဲ တောက်လောင်ပါတော့သည်။ သို့ဖြစ်၍ လူရှည်ကို အာရုံစိုက်နေရာမှ လွှတ်ထားခဲ့၍ လူပုကို ရန်မူရန် ပြင်ဆင်ပါတော့သည်။ လူပုကမူ ကျွန်တော့်ကို လုံးဝ ဂရုမစိုက်။ ဗိုလ်ချုပ်ကို သတ်ရန်အတွက် ပီတိ သောမနဿဖြစ်လျက် ပက်လက်လန်နေသော ဗိုလ်ချုပ်ကိုအရသာနှင့် စိုက်ကြည့်နေသေးရာ ကျွန်တော်သည် ဆုပ်ကိုင်ထားသော ဓားရှည်ဦးဖြင့် လူပု၏ ရင်ဝသို့ချိန်ကာ လက်မောင်းအားရော၊ ကိုယ်လုံးအားပါ အပြေးအလွှား ထိုးနှစ်လိုက်သဖြင့် ဓားရှည်ဦးသည် ကျောဘက်သို့ပင် ဖောက်ထွက်သွားပါတော့သည်။ ဤတွင် လူပုသည် မြေကြီးပေါ်တွင် မတ်တတ်ကြီးထောင်လျက် ဓားတန်းလန်းရှိနေသည်နှင့် ဝမ်းဗိုက်ကို ခြေတစ်ဖက်ဖြင့်ကန်ကာ ဓားကိုဆွဲနုတ်ပြီး လူရှည်ဘက်သို့ လှည့်ရပါတော့သည်။

လူရှည်သည် လူပု၏လက်ချက်ကြောင့် ပက်လက်လန်သွားသော ဗိုလ်ချုပ်ကို ဝမ်းသာအားရကြည့်နေရာမှ လာလတ္တံ့သောဘေးကိုမြင်သည်နှင့် ကျွန်တော်၏ လည်ပင်းသို့ ဓားမြှောင်ဖြင့် ထိုးစိုက်လိုက်သည်။ သို့ရာတွင် ကျွန်တော်က လည်ပင်းကို စောင်းငဲ့ပေးလိုက်သဖြင့် ဓားမြှောင်ဦးသည် ကျွန်တော်၏ ပခုံးပေါ်သို့ တုတ်နှင့်ရိုက်သလို ဖုတ်ခနဲ ကျလာပါသည်။ ကျွန်တော်သည် လူချင်းပူးကပ်နေပြီဖြစ်၍ ဓားရှည်နှင့် မခုတ်သာသဖြင့် ဓားဦးဖြင့်ထိုးရန် လက်ကို



နောက်သို့ ရုပ်သိမ်းဆဲတွင် လူရှည်သည် ကျွန်တော်၏ ပခုံးပေါ်မှ လက်ကို ပြန်ရုပ်၍ ချာခနဲ လှည့်ထွက်ပြေးပါတော့သည်။

ကျွန်တော့်မှာ သွေးဆူနိုက်ဖြစ်၍ လူရှည်နောက်သို့ ထက်ကြပ်လိုက်ချင်သော်လည်း မြေပေါ်၌ ပက်လက်လန်ကျလျက်ရှိသော ဗိုလ်ချုပ်ကို သတိရသည်နှင့် ရင်ဘတ်ကိုစမ်းကြည့်၏။ ဗိုလ်ချုပ်ကား အသက်ကုန်ခဲ့လေပြီ။ ဤတွင်မှ ကျွန်တော်သည် ဒေါသအမျှန်ကြီးမျှန်လျက် ဓားကိုကိုင်ကာ လူရှည်နောက်သို့ ပြေးလိုက်ပါတော့သည်။

လူရှည်သည် ဉာဏ်ရှိသူဖြစ်ခဲ့ပါလျှင် အလင်းရောင်နှင့် မှောင်ရိပ်တို့နှင့် ရောစပ်လျက်ရှိသော ဤဥယျာဉ်ကြီးထဲ၌ ကွေ့ကွေ့ကောက်ကောက်ပြေးပါက ကျွန်တော်မျက်ခြည်ပြတ်သွားဖွယ်ရာ ရှိ၏။ ယခုမူ ကြောက်အားလန့်အားနှင့် တစ်ဖြောင့်တစ်တန်းတည်း ဖွတ်၍ပြေးလေရကား ကျွန်တော်သည် သူ့ထက် အပြေးလျင်မြန်သောကြောင့် တစ်ခဏထက် တစ်ခဏချင်းပင် နီးကပ်၍ လာခဲ့ပေပြီ။ မှောင်ရိပ်ထဲသို့ဝင်သွားသောအခါများ၌ ပျောက်ကွယ်သွားသော်လည်း အရိပ်မှ ထွက်သောအခါ လရောင်တွင် တလှုပ်လှုပ်တရွရွ မြင်ရပါသည်။ ထိုသူသည် တစ်ချက်တစ်ချက်တွင် နောက်သို့လှည့်ကြည့်၍ ကျွန်တော့်ကို မြင်ရတိုင်း အားသွန်၍ပြေးတော့သည်။ တစ်ယောက်နှင့်တစ်ယောက် ဆယ်ကိုက်ခန့်သာ ကွာခြားသည့်အခါတွင် မှောင်ရိပ်ထဲသို့ဝင်၍ ပျောက်ကွယ်သွားပါတော့သည်။

ပထမ၌ ကျွန်တော်သည် မျက်ခြည်ပြတ်သွားသည်ထင်၍ စိတ်ပျက်မိ၏။ သို့ရာတွင် ကျွန်တော်ကိုယ်တိုင် မှောင်ရိပ်ထဲသို့ ရောက်လာသော် အဆောက်အအုံငယ်တစ်ခုကို မြင်ရပါသည်။ အနီးသို့ ချဉ်းကပ်သောအခါ ဥယျာဉ်မှူး၏ တူရွင်း၊ ပေါက်ပြား၊ အစရှိသော လက်နက်ကိရိယာများ သိမ်းဆည်းရန်အတွက် တဲကလေးဖြစ်သည်ဟု သိရ၏။ လဲက္ခဏာမှာ လူရှည်သည် မောလွန်းအားကြီးသဖြင့် မပြေးနိုင်တော့သည်နှင့် တဲထဲသို့ဝင်၍ ပုန်းနေဟန်တူ၏။ ကျွန်တော်သည် တဲပေါက်မှရပ်လျက် အလွန်မောဟိုက်သဖြင့် ဟောဟဲ ဟောဟဲ မြည်အောင် အသက်ရှူနေသော အသံများကို ထောင့်တစ်ထောင့်ဆီမှ ကြားရ၏။ တဲအတွင်း၌ မှောင်သော်လည်း အတန်ငယ်ရပ်ကြည့်သောအခါ အပြင်မှ လရောင်ကြောင့် လူပုံသဏ္ဍာန်ကို ရေးရေးမြင်ရသလို ရှိ၏။ ကျွန်တော်သည် ဓားရှည်ကိုကိုင်လျက် တဲထောင့်သို့သွားသောအခါ လူရှည်သည် အလစ်မိပြီအထင်နှင့် ကျွန်တော့်ကို ဓားမြှောင်ဖြင့် တစ်ဟုန်ထိုးထွက်၍ ထိုးသေး၏။ သို့ရာတွင် ကျွန်တော်က အားပြင်ဆင်ပြီးဖြစ်လေသည်။ သို့ဖြစ်၍ ဓားမြှောင်နှင့် ဓားရှည် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် လက်လှမ်းချင်းမတူရကား လူရှည်သည် ကြောင်ဝံပိုက်ကဲ့သို့ မိရာကို

www.burmeseclassic.com



တွယ်သည့်အနေမျိုးဖြင့် အရမ်းတိုက်ခိုက်ပါသော်လည်း ကျွန်တော်၏ ဓား တစ်ချက်မိသွားသည်နှင့် တိုက်ရင်းခိုက်ရင်းနှင့်ပင် တဖြည်းဖြည်းပျော့ကျသွားလေသည်။ နောက်ဆုံး ကျွန်တော်သည် ထိုးမိထိုးရာ အရမ်းထိုးနေသော လူရှည်၏ ရင်ဝသို့ ဓားဦးတစ်ချက်ဖြင့် လက်စသိမ်းလိုက်ပါတော့သည်။

ယင်းနောက် ကျွန်တော်သည် တဲမှထွက်လာ၍ သစ်ငုတ်တိုကြီးရှိသော မြေကွက်လပ်ဆီသို့ ချဉ်းကပ်သောအခါ သစ်တစ်ပင်အောက်၌ ထိုင်ခုံပိုင်းတစ်ခုကို တွေ့သည်နှင့် ထိုင်မိပါသည်။ ကျွန်တော်၏ စိတ်အတွင်း၌ ဖြစ်ပေါ်လာသော စိတ်ကူးတို့မှာကား သာယာဖွယ် တစ်ခုမျှမရှိပါ။ ဗိုလ်ချုပ်၏ ရန်သူနှစ်ယောက်ကို သုတ်သင်နိုင်သည်ကား မှန်၏။ သို့ရာတွင် ဗိုလ်ချုပ်သည်လည်း သေဆုံးခဲ့လေပြီ။ စစ်ဖက်ဆိုင်ရာတို့က ကျွန်တော့်ကို မချီးကျူးမည့်ပြင် ကျွန်တော် ဂျမဒါကိုကိုကြီးသည်ပင်လျှင် ကြံရာပါဖြစ်လာလေသလောဟု မသင်္ကာစရာများ ရှိနေသေး၏။ ထိုသူနှစ်ယောက်ကို ဗိုလ်ချုပ်က သတ်၍ ကျွန်တော်က ဗိုလ်ချုပ်ကို သတ်သည်ဆိုလျှင်လည်း ဖြစ်နိုင်၏။ သို့ဆိုလျှင် ကျွန်တော့်အား ကုတ်မာရှယ် လုပ်၍ အရှက်တကွဲ စီရင်နိုင်၏။ ထိုနည်းမျိုးဖြင့် သေရခြင်းထက် ကိုယ့်ကိုယ်ကို သတ်၍သေရခြင်းသည် ကောင်းသေးသည် မဟုတ်ပါလောဟု စဉ်းစားမိ၏။ ယင်းစိတ်ကူးဝင်လာသည်မှစ၍ ကျွန်တော်သည် သဘောကျသည်ထက်ကျလာ၍ ဤအတိုင်းပင် လုပ်ချေတော့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့ဖြစ်၍ ကျွန်တော်သည် ထိုင်ရာမှထပြီးလျှင် ဓားဦးပေါ်သို့ တစ်ကိုယ်လုံးပစ် လှဲပါတော့မည်အကြံနှင့် ရင်ဝသို့ ဓားဦးတေ့လိုက်သည်နှင့်တစ်ပြိုင်နက် 'ဟေ့လူ ဘာလုပ်မလို့လဲ'ဟု ပြောသံကြားလိုက်ရ၏။ ကျွန်တော်သည် ဤအသံကို သိပါသည်ဟူသော စိတ်ကူးနှင့် နောက်သို့လှည့်ကြည့်လိုက်သောအခါ လက်ဖတင်နင် ဂျင်နရယ် စစ်ဗိုလ်ချုပ်ကြီး ဆာဗျွန်ဂရေးကိုယ်တိုင် မတ်တတ်ရပ်လျက် ရှိသည်ကို မြင်ရပါသည်။

ပထမ၌ တစ္ဆေခြောက်ခြင်းပေလောဟု ထင်မှတ်၍ လန့်သွားသေး၏။ စေစေပိုင်း၌ ဗိုလ်ချုပ်သည် ဦးခေါင်းပေါ်တွင် 'ကိပ်'ကြီးဖုံးထားသော်လည်း ထိုခဏ၌မူ 'ကိပ်'ကို လှန်ချထားသဖြင့် မျက်နှာကို ထင်ရှားစွာ မြင်နိုင်လေသည်။ ဗိုလ်ချုပ်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် ဦးခေါင်းခပ်ငိုက်ငိုက်နှင့် ရပ်လျက်ရှိသည်။

ချုပ်။ ။တစ်ယောက်ကို မောင်မင်းသတ်တာ ကျုပ်သိတယ်။ ဒီပြင် တစ်ယောက်ကော။

ထိုအခါ၌မူ တစ္ဆေခြောက်ခြင်းမဟုတ်တန်ရာဟု ဇဝေဇဝါယူဆသည်နှင့်–

တော်။ ။သူ့ကိုလည်း ကျွန်တော် သတ်လိုက်ပြီးပါပြီ။



ချုပ်။ ။(ရွှင်ပျသောမျက်နှာထားနှင့်)ဟေ၊ ဟုတ်ကဲ့လား။ ဘယ်မှာသတ်လိုက်သလဲ။

တော်။ ။ဟိုနားက တဲလေးထဲမှာ သူ့အလောင်းရှိပါတယ်။

ချုပ်။ ။ဒါဖြင့် ဒမ္မဆီညီနောင် ကိစ္စတုံးပြီပေါ့။ ကောင်းပါလေ့ကွာ။ အခုမှ အေးပေတော့တယ်။

ထိုအခါ၌မူ တစ္ဆေမဟုတ်၊ ဗိုလ်ချုပ်အစစ်ဖြစ်ကြောင်းမှာ ကျွန်တော်၏ စိတ်ထဲတွင် သေချာလေပြီ။ သို့ရာတွင် မည်သည့်နည်းဖြင့် လဲရာမှ ထလာနိုင်သည်ဆိုခြင်းကိုမူ မတွေးဆနိုင်သေးချေ။ သို့ဖြစ်၍ ကျွန်တော်သည် နဝေတိမ်တောင်အမူအရာမျိုးဖြင့် ဗိုလ်ချုပ်ကိုကြည့်နေမိရာ ဗိုလ်ချုပ်သည် ထိုအခြင်းအရာကို ရိပ်မိဟန်နှင့် အနည်းငယ်ပြုံးလျက် 'လဲသေတာ ကျုပ်မဟုတ်ပါဘူး ကိုကိုကြီး။ လာ လာ ဒီမှာကြည့်လို့'

ကျွန်တော်သည် ဗိုလ်ချုပ်နောက်မှ လိုက်သွား၍ ဒမ္မဆီညီအစ်ကိုနှစ်ယောက်နှင့် ရှေးဦးစွာဆုံမိကြသော သစ်ငုတ်တိုကြီးအနီးသို့ ရောက်လာကြသောအခါ မြေကြီးပေါ်တွင် အလောင်းနှစ်လောင်း ရှိသေး၍ အနီးတွင် လူနှစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ ဗိုလ်ချုပ်သည် အလောင်းတစ်လောင်း၏ ဦးခေါင်း၌ ဖုံးအုပ်နေသော ကိပ်ကိုလှပ်လိုက်သည်တွင် ဗိုလ်ချုပ်၏မျက်နှာ မဟုတ်သည့် အဖြစ်ကို ကျွန်တော် တွေ့မြင်ရပါသည်။

ချုပ်။ ။သစ္စာရှိတဲ့ ဂျင်မီကရောတစ်ယောက် အသက်ဆုံးရှာပြီ။ မောင်မင်း မြင်တဲ့အတိုင်း ဂျင်မီကရောဟာ ကျုပ်နဲ့ ကိုယ်လုံးကိုယ်ပေါက်ရော၊ ဟန်ပန်လေသံရော အင်မတန်တူတယ် မဟုတ်လား။

ထိုအခါမှ ကျွန်တော်သည် ကိုယ်စားအဖြစ်နှင့် လွှတ်လိုက်ခြင်းတည်းဟူသော အကြောင်းခြင်းရာကို ရိပ်မိ၍ ဗိုလ်ချုပ်၌ အထိအခိုက်မရှိခြင်းကို သဘောပေါက်သည်နှင့် ထပ်လောင်းဝမ်းမြောက်မိပါတော့သည်။ လူသာမန်တစ်ယောက် ဖြစ်ခဲ့ပါလျှင် ကျွန်တော်သည် ဗိုလ်ချုပ်၏ ပခုံးကို ကိုင်၍လှုပ်လိုက်ချင်၏။ ယခုမှာ စစ်ဗိုလ်ချုပ်ကြီးဖြစ်သောကြောင့် အူယားဖားယားနှင့် လက်ကို ကိုင်တော့မည်ကဲ့သို့ ပြုမိသည်တွင် ဗိုလ်ချုပ်သည် ကျွန်တော်၏အကြံအစည်ကို ရိပ်မိဟန် လက္ခဏာမျိုးနှင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်၏။ ဤတွင်မှ သခင်လူမျိုးနှင့် ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်နေသော အခြင်းအရာကို သတိရမိပါတော့သည်။

ချုပ်။ ။မောင်မင်းမှာ ထိခိုက်သေးသလား။

www.burmeseclassic.com

www.burmeseclassic.com

တော်။ ။မဖြစ်လောက်ပါ ဗိုလ်ချုပ်ခင်ဗျား။ လက်မောင်းမှာ ဓားမြှောင်တစ်ချက် နည်းနည်းပါပါး ထိသွားပါတယ်။

ချုပ်။ ။ဩော်၊ ဟုတ်လား၊ ပြစမ်း။

ကျွန်တော်သည် လက်ဝဲဘက်လက်မောင်းကို လှန်ပြ၍ ဓားမြှောင်ခြစ်မိသဖြင့် ၃ လက်မခန့် ပြဲသွားသောဒဏ်ရာ ပေါ်ထွက်လာပါသည်။

ချုပ်။ ။တော်ပါသေးရဲ့ကွယ်၊ မဖြစ်လောက်ပါဘူး။ သို့သော် စစ်ပွဲမှာ ရခဲ့တဲ့ဒဏ်ရာများအနက် စစ်ဗိုလ်ချုပ်တစ်ယောက်အတွက် ထိခိုက်မိခြင်းဖြစ်လို့မို့ ထူးမြတ်တဲ့အမှတ်အသားအဖြစ်နဲ့ အသားယူစရာ ရတာပေါ့ ကိုကိုကြီး။

တော်။ ။ကျွန်တော်လည်း ဒီလိုပဲ သဘောထားပါတယ်။

ချုပ်။ ။နာမည်ကြီးသလောက် သတ္တိကောင်းတဲ့ ကိုကိုကြီးပေပဲ။ မောင်မင်းတို့ တိုက်ခိုက်ကြတာတွေကို ကျုပ်မြင်ပါတယ်။ ဗိုလ်ချုပ်တုနဲ့ မောင်မင်းလျှောက်သွားတော့ ဗိုလ်ချုပ်စစ်ဟာလည်း မနီးမဝေးက စောင့်ကြည့်နေပါတယ်။

အလောင်းနှစ်ခုအနီး၌ ရပ်လျက်ရှိသော လူနှစ်ယောက်မှာ စစ်သားများ မဟုတ်၊ ဗိုလ်ချုပ်၏ အိမ်တော်ပါ ငယ်မွေးခြံပေါက် အစေခံများ ဖြစ်လေရာ ဗိုလ်ချုပ်သည် အလောင်းများကို ထိုနှစ်ယောက်နှင့်ထားခဲ့၍–

"ကိုင်း၊ ကျုပ်ကိုလိုက်ပို့စမ်း ကိုကိုကြီး" ဟုဆိုကာ လျှောက်သွားသဖြင့် ကျွန်တော်လည်း နောက်မှလိုက်ပါလာခဲ့လေသည်။ ကျွန်တော်သည် ဗိုလ်ချုပ်နောက်မှ လိုက်ပါလာစဉ် မက်ဆိုပိုတေးမီးယား စစ်မျက်နှာ၌ အကြီးအမှူး ဖြစ်သော စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်လုံး၏ လူယုံတော်စစ်သားဖြစ်ရခြင်းတည်း ဟူသော ကြီးကျယ်ပုံကို စဉ်းစားမိသည်နှင့် ကျွန်တော်၏ ရင်ဘတ်သည် အခါတိုင်းထက် တစ်လက်မခန့်ပို၍ကော့သွားဟန်တူ၏။ ဗိုလ်ချုပ်သည် ကျွန်တော်၏ စိတ်အကြံကို ရိပ်မိဟန်လက္ခဏာနှင့် နောက်သို့ချာခနဲလှည့်လျက်–

ချုပ်။ ။ကိုကိုကြီး၊ မောင်မင်း ဒီလိုဟန်ကြီးပန်ကြီးလုပ်ရင် စစ်ဗိုလ်တွေအားလုံးရိပ်မိကုန်မှာပေါ့။ ဒီအကြောင်းကို သတင်းသန့်သန့်ပေါက်ကြားသွားလို့ရှိရင် မောင်မင်းကို တံဆိပ်မရှီးမြှင့်တဲ့အပြင် စစ်ဘာရီတပ်ထဲကို ပြောင်းပစ်လိုက်မယ်၊ နားလည်လား။

ဤသည်ကား မျက်နှာဖြူများ၏ သွေးကြီးခြင်းတစ်ရပ်ပေတည်း။ မျက်နှာဖြူလူမျိုးချင်းဖြစ်ခဲ့လျှင် ထိုနေ့ညကျွန်တော်ဆောင်ရွက်သောကိစ္စအတွက် ယုတ်စွအဆုံးအားဖြင့် လက်ကိုလှုပ်ကာ ချီးကျူးမည်ဖြစ်သော်လည်း လက်



အောက်ခံလူမျိုးမျက်နှာမည်းဖြစ်သောကြောင့် ထိုကဲ့သို့ အနှိမ်ခံရသည်ဟု ကျွန်တော် ဖွပ်စွဲလိုပါတော့သည်။

ကျွန်တော်သည် ဗိုလ်ချုပ်နောက်မှလိုက်သွား၍ ဗိုလ်ချုပ်၏ စစ်ဌာနဖြစ်သော တိုက်အိမ်ကြီးသို့ ရောက်ကြသောအခါ သန်းခေါင်ကျော်ခဲ့လေပြီ။ ဗိုလ်ချုပ်သည် အိမ်ရှေ့လှေကားမှမတက်ဘဲ နောက်ဖေးလှေကားမှ အပေါ်ထပ်သို့ တက်သွားရာတွင် ယင်းအထပ်မှာ အလုပ်နှင့်မပတ်သက်ဘဲ ပရိုက်ဗိတ်ဌာနသက်သက်ဖြစ်သောကြောင့် ကျွန်တော်သည် ရုတ်တရက် မလိုက်ဝံ့ဘဲ လှေကားရင်း၌ ရပ်နေသေး၏။ ဗိုလ်ချုပ်က ကျွန်တော် ကျန်ရစ်နေသည်ကိုသိ၍ နောက်သို့လှည့်ကာ ဦးခေါင်းညိတ်လိုက်သည်တွင်မှ လိုက်သွားရပါသည်။

ဧည့်ခန်းတွင်းသို့ ရောက်သောအခါ ဗိုလ်ချုပ်သည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်လှဲ၍ စဉ်းစားစိတ်ကူးသော အမူအရာနှင့် စိုက်မိစိုက်ရာ ငေးလျက်ရှိရာ ကျွန်တော့်ကို လုံးဝသတိရဟန်မတူချေ။ ကျွန်တော့်မှာ ကြမ်းပေါ်တွင်ရပ်လျက် စောင့်နေရာမှ ငါးမိနစ်ခန့် ကြာသော်လည်း ကျွန်တော် ရှိနေကြောင်းကို သိသည့်အမူအရာမျိုး မတွေ့ရသဖြင့် ချောင်းတစ်ချက်ဟန့်လိုက်ရသည်။ ဤတွင်မှ ဗိုလ်ချုပ်သည် ကျွန်တော့်ကို မော့ကြည့်လျက်–

ချုပ်။ ။အား၊ ကိုကိုကြီးပါလား။ ခုနက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းခြင်းရာကို မောင်မင်း သိချင်မှာပေါ့နော်။

တော်။ ။အရေးမကြီးပါ ဗိုလ်ချုပ်ခင်ဗျာ။ ပြောမပြချင်လည်း ကိစ္စမရှိပါ။

ချုပ်။ ။ထတ် ထတ် ထတ်၊ အလကားစကားတွေ မပြောပါနဲ့ ကိုကိုကြီး။ ကျုပ်က ပြောမပြရင် မောင်မင်းဘာသာ စုံစမ်းလိမ့်မယ်ဆိုတာကို ကျုပ်သိတယ်။ မောင်မင်း စုံစမ်းတာနဲ့ လူတွေအားလုံးသိသွားပြီး တောင်တောင်အီအီ တွေးတောကုန်ကြတော့မယ် ဧကန်ပဲ။ ကျုပ် ဖွင့်ပြောလိုက်တာကမှ မောင်မင်း စိတ်ကျေနပ်ပြီး နှုတ်လုံလိမ့်မယ်လို့ ကျုပ် မျှော်လင့်နိုင်သေးတယ်။

ကျွန်တော်သည် ဗိုလ်ချုပ်ထင်သကဲ့သို့ ပြုလုပ်မည်မဟုတ်သော်လည်း ဗိုလ်ချုပ်ကို မငြင်းလိုသည်နှင့် ဆိတ်ဆိတ်နေလိုက်ပါတော့သည်။

ချုပ်။ ။(ထိုင်ရာမှထ၍ စင်္ကြံလျှောက်လျက်)အနည်းငယ် ရှင်းပြလိုက်ရင် မောင်မင်း ကျေနပ်လောက်ပါတယ်။ ဒီလိုကိုကိုကြီး။ သေဆုံးသူဒမ္မဆီညီအစ်ကိုနဲ့ကျုပ်ဟာ တစ်ရပ်တည်းသား သူငယ်ချင်းများဖြစ်တယ်။ တိတ်ဆိတ်သောညီအစ်ကိုများ(ဆိုင်းလင့်တ်ဘရားသား Silent Brothers) ခေါ်တဲ့ အသင်းမှာ ငယ်စဉ်က အတူတူပါဝင်ခဲ့ကြတယ်။ ဒီအသင်းမှာ အင်မတန် ကျပ်တည်းတဲ့ စည်းကမ်းချက်တွေရှိတယ်။ စည်းကမ်းဖောက်ဖျက်တဲ့လူကို ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ထန့်တဲ့ အပြစ်ဒဏ်ပေးရတဲ့ထုံးစံရှိတယ်။ ငယ်စဉ်အခါတုန်းကတော့ စည်းကမ်းချက်တွေကို ကျုပ် လိုက်နာနိုင်ခဲ့တယ်ပေါ့။ စစ်ဗိုလ်ချုပ်ဖြစ်လာတဲ့အခါမှာတော့ တချို့စည်းကမ်းတွေကို ကျုပ်လိုက်နာလို့ မဖြစ်နိုင်ဘူး။ ကျုပ်က စည်းကမ်းဖောက်ဖျက်ရာမှာ ယွှို့ဝှက်သောအသင်းများ ထုံးစံအတိုင်း ကျုပ်ကို တစ်နေရာသို့ ချိန်းပြီးခေါ်တယ်။ ချိန်းခေါ်တယ်ဆိုရင် ဘယ်လိုအဓိပ္ပာယ်ဆိုတာကို ကျုပ်သိတယ်။ ဧကန်မုချ ကျုပ်မှာ အန္တရာယ် တစ်စုံတစ်ခုဖြစ်မယ်ဆိုတာကို သိတယ်။ ကျုပ်ကိုယ်တိုင် သစ္စာရှိတဲ့အသင်းသားတစ်ဦးအဖြစ်နဲ့ နှစ်ပေါင်းများစွာ နေလာခဲ့လေတော့ သူတို့လုပ်ပုံလုပ်နည်းတွေကို ကောင်းကောင်းကြီး နားလည်တယ်။

ဤနေရာတွင် ဗိုလ်ချုပ်သည် စကြံလျှောက်ရာမှရပ်၍ လက်ကိုနောက်ပစ်ကာ စဉ်းစားစိတ်ကူးရာတွင် တင်းမာခက်ထန်သော မျက်နှာထားဖြစ်ပေါ်လာသည်ကို ကျွန်တော်တွေ့ရသည်။ ထို့နောက်မှဆက်၍–

ချုပ်။ ။အခုပြောတဲ့ အခြေအနေမျိုးမှာ မောင်မင်းကိုယ်တိုင်နေရင် ဘယ်လိုလုပ်မလဲ ကိုကိုကြီး။

တော်။ ။စစ်တပ်ကို အကြောင်းကြားပြီး ဒမ္မဆီညီအစ်ကိုကို တောနင်းရှာရင် တွေ့မှာပေါ့ဗိုလ်ချုပ်ခင်ဗျာ။

ဗိုလ်ချုပ်သည် မကြည်လင်သောပြုံးနည်းဖြင့်ပြုံးကာ ခေါင်းယမ်းလျက်–

ချုပ်။ ။သူတို့နှစ်ယောက်ကို အရှင်လတ်လတ် မဖမ်းချင်တဲ့ အကြောင်းအချက်တွေလည်း ရှိတယ်ကိုကိုကြီး။ လက်ရဖမ်းလိုက်ရင် သူတို့ပြောချင်တာတွေ လျှောက်ပြောလို့ ကျုပ်ရဲ့ဂုဏ်သရေကို ထိခိုက်နိုင်တယ်။ အဲဒီလိုဖြစ်မှာကို ကျုပ်က သေရမှာထက်ကြောက်သေးတယ်။ ဒါကြောင့်မို့ မောင်မင်းကို သေနတ်မဆောင်ခဲ့ဖို့ ကျုပ် အမိန့်ပေးခြင်းဖြစ်တယ်။ ဒမ္မဆီညီအစ်ကိုနဲ့ ကျုပ်နာမည်နဲ့ ရောစပ်ပြီး လူတွေပြောကြတာကို ကျုပ်မခံနိုင်ဘူး။ ညီအစ်ကိုနှစ်ယောက်ရဲ့အလောင်းများကို ဖျောက်ဖျက်ပစ်ဖို့လည်း ကျုပ်ရဲ့တပည့်ရင်းများကို အမိန့်ပေးခဲ့ရတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ နည်းပေါင်းစုံကြံဆပြီးတဲ့နောက် အခု နည်းဟာ အကောင်းဆုံးနည်းပဲလို့ ကျုပ်ရွေးချယ်ခြင်း ဖြစ်တယ်။ ဂျင်မီကရောကို ကျုပ်ယောင်ဆောင်ပြီး စေလွှတ်ရာမှာ လူအပိုတစ်ယောက်ထပ်ပါသွားရင် ဒမ္မဆီညီအစ်ကိုက အတွေ့ခံမယ်မဟုတ်ဘူး။ မောင်မင်းကိုရွေးချယ်ခြင်းဟာလည်း ကျုပ်တို့အင်္ဂလိပ်စစ်သားတွေထဲမှာ ဓားသိုင်းကောင်းကောင်းတတ်တဲ့လူ မရှိလို့ မဟုတ်ဘူး။ သို့သော် အင်္ဂလိပ်စစ်သားဆိုရင် တစ်ယောက်ကစ တစ်ရာဆိုသလို အင်္ဂလန်တိုင်အောင် တီးတိုးစကားပေါက်ကြားသွားမှာကို စိုးရိမ်ရတယ်။ ယုံကြည်စိတ်ချရတဲ့ ငယ်မွေးခြံပေါက်ထဲမှာလည်း ဓားသိုင်းကောင်းကောင်းတတ်တဲ့လူ မရှိဘူး။



သို့မို့ကြောင့် နိုင်ငံခြားသား ဓားသိုင်းတတ်တဲ့ မောင်မင်းကို ရွေးချယ်ခြင်းဖြစ်တယ်။ မောင်မင်းသတ္တိနဲ့ ဓားခုတ်ကောင်းခြင်းကိုတော့ ကျုပ်တွေ့ရပါပြီ။ သို့သော် နှုတ်လုံတဲ့ဘက်မှာလည်း စိတ်ချရလိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ် ကိုကိုကြီး။

တော်။ ။စိတ်ချတော်မူပါ ဗိုလ်ချုပ်ခင်ဗျား။

ချုပ်။ ။ကျုပ် အသက်ရှင်နေသမျှ ကာလပတ်လုံး ဒီအကြောင်းကို ဘယ်သူ့မှ မပြောပါဘူးလို့ ကတိထားနိုင်သလား။

တော်။ ။ကတိထားရုံမကပါဘူး ဗိုလ်ချုပ်ခင်ဗျား။ ဒီနေ့ည ဖြစ်ပျက်သမျှအကြောင်းခြင်းရာကို ကျွန်တော့်စိတ်ထဲမှာမထားဘဲ တစ်ခါတည်းမေ့ဖျောက်ပစ်လိုက်ပါတယ် ခင်ဗျား။

ချုပ်။ ။(ပြုံးရယ်လျက်)မောင်မင်းက မေ့ဖျောက်ပစ်မယ်ဆိုပေမယ့် မမေ့နိုင်အောင် ကိစ္စတစ်ခု မကြာမီ ပေါ်ပေါက်လာပါလိမ့်မယ်။ ကိုင်း၊ သွားပေတော့။

နောက်များမကြာမီအတွင်း ကျွန်တော်၏နာမည်မှာ သတ္တိကောင်းတံဆိပ်ဖြင့် ချီးမြှင့်ခြင်းခံရသူများ စာရင်းတွင် ဖော်ပြပါရှိသည်ကို တွေ့ရသည်ဖြစ်၍ မမေ့နိုင်လောက်အောင်ဆိုသော စကားမှာ ဤအခြင်းအရာပင် ဖြစ်သည်ဟု တွေးမိပါတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

# အန်ကယ်သော်လည်း ကံမကယ်

တစ်ခုသော စစ်ပွဲ၌ ကျွန်တော့်မှာ ခြေထောက်၌ ဒဏ်ရာရသည်နှင့် စစ်တပ်နှင့်အတူမလိုက်နိုင်တော့ဘဲ ရွာကလေးတစ်ရွာတွင် အခြားလူနာများနှင့် အတူကုသခြင်းခံနေခဲ့ရ၏။ အချို့လူများသည် ဆေးရုံ၌ အိပ်ကာစားကာ နေရခြင်းကို အေးသည်ဟု အောက်မေ့၍ သဘောကျကောင်းကျမည်ဖြစ်သော်လည်း ကျွန်တော်ကမူ ဒဏ်ရာပျောက်ကင်းသည်နှင့်တစ်ပြိုင်နက် စစ်တပ်သို့ ရောက်လိုသော ဆန္ဒအားကြီးခဲ့သည်။ ကျွန်တော်အမှုထမ်းသောစစ်တပ်သည် ရွာကလေးနှင့် မိုင်လေးဆယ်ခန့် ကွာလှမ်းသော ဌာနတစ်ခု၌ တူရကီစစ်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည်ဟု သတင်းကြားရသော်လည်း ကျွန်တော့်မှာ ဒဏ်ရာပျောက်ခါစအခြေအနေတွင် ဤခရီးကို ခြေကျင်လျှောက်ရန် မဖြစ်သဖြင့် တောက်တခေါက်ခေါက်နှင့် ပျင်းရိစွာ တွန့်လိမ်နေရတော့သည်။ အခြားသောအကြောင်းတစ်ခုမှာလည်း ရွာကလေးနှင့် စစ်မျက်နှာအကြားတွင် တောပုန်းဓားပြများ ရှိနေသည်ဟုကြားသိရသဖြင့် မြင်းနှင့်ဖြတ်စိုင်းရခြင်းထက် ခြေကျင်လျှောက်ရခြင်းသည်ဘေးအန္တရာယ် ထူပြော၏။ ဆိုလိုရင်းမှာ ဖြစ်လိုရာဖြစ်စေ ကျွန်တော်၌ မြင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ရှိခဲ့လျှင် ဤရွာ၌ အိပ်ကာ စားကာမနေဘဲ စစ်တပ်ရှိရာသို့ ဖွန့်စား သွားရောက်မည်ဖြစ်၏။ သို့ရာတွင် မြင်းတစ်ကောင်ဝယ်ရန် ကျွန်တော့်၌ ပိုက်ဆံ လည်းမရှိ၊ စစ်ဗိုလ်ကြီးများကလည်း ကျွန်တော့်အဖို့ မြင်းတစ်စီးပို့လိုက်သည် မဟုတ်ချေ။

တစ်နေ့သ၌ ကျွန်တော်သည် လှူနာများထားသော တဲဝ၌ရပ်လျက် စစ် တပ်ကြီးရှိသော အရပ်သို့မျှော်ကြည့်ကာ သွားလိုသောဆန္ဒကြောင့် မရှုးမရဲ ဖြစ် လျက်ရှိစဉ် ဆပွားမိုင်းနားခေါ် စစ်ဘာရီတပ်မှ အမှုထမ်းတစ်ယောက်သည် ခွာ တစ်ဘက်ပြုတ်၍ နှာယောင်ကျားသော မြင်းနီကြီးတစ်စီးကို လမ်းပေါ်၌ စိုင်းသွား သဖြင့် လှမ်းခေါ်လိုက်ရာ အမှုထမ်းလည်း မြင်းကို ဇက်သတ်၍ အနီးသို့ ချဉ်းကပ် လာ၏။

'ဘယ်ကိုသွားမလို့လဲ'

'စစ်တပ်ကို သွားမလို့ပါ'

'ဘာကိစ္စလဲ'

'စာတစ်စောင်သွားပို့မလို့'

'ပေးပါ၊ ကျုပ်ပို့ပေးပါ့မယ်။ လမ်းမှာ တောပုန်းဓားပြတွေ ရှိတယ်။ မောင် က မတိုက်တတ်ပါဘူး။ သူတို့က ဖမ်းဆီးရင် ဘယ့်နှယ်လုပ်မလဲ'

'မလုပ်ပါနဲ့ဆရာကြီး၊ ကိုယ့်နိုင်းတဲ့အလုပ် ကိုယ်လုပ်မှပေါ့'

'ကိစ္စမရှိပါဘူး၊ ကာနယ်ဂရေဟမ်ကို ကျုပ်ပြောပေးပါ့မယ်'

'မရဘူးလေ၊ မလုပ်ပါနဲ့'

'ဒါဖြင့် စီးကရက်တစ်ဘူးလောက် မပါဘူးလား၊ ပေးခဲ့စမ်းပါ'

'ရော့၊ တစ်လိပ်တော့ ပေးနိုင်တယ်'

ထိုသူသည် စီးကရက်တစ်လိပ်ကို လှမ်းပေးမည်ပြုစဉ် ကျွန်တော်၏ မျက်နှာထားကိုမြင်၍ အကြံအစည်ကို ရိပ်မိသည်နှင့် စီးကရက်ကို ပစ်ချ၍ မြင်း စိုင်းသွားလေ၏။ အမှန်မှာ ကျွန်တော်သည် ထိုလူကို မြင်းပေါ်မှဆွဲချ၍ သူ၏ မြင်းကို လုယူစီးပြေးရန် အကြံရှိလေသည်။

ကျွန်တော့်မှာ အကြံအစည်မအောင်မြင်သည်နှင့် စိတ်ပျက်ကာ ငေးမှိုင် လျက်ရှိစဉ် ကျွန်တော်နှင့်စကားလက်ဆုံဝင်သဖြင့် မကြာခဏ တွေ့ဆုံနေကျ ဖြစ်သော ရွာသားကြီးတစ်ယောက်သည် ကျွန်တော့်ထံသို့ ရောက်လာ၏။ ကျွန် တော်က စစ်တပ်သို့ ရောက်လိုသော ဇောဆန္ဒပြင်းထန်လှကြောင်း ပြောပြသည့် အခါတိုင်း ထိုလူကြီးသည် ကြင်နာသောအမူအရာနှင့် နားထောင်လေ့ ရှိ၏။ ဤလူကြီးမှာ ရွာသားတစ်ယောက်ဆိုသော်လည်း အတွေ့အကြုံ အလွန်များ၍



လူရည်လည်လှသည်။ အင်္ဂလိပ်အစိုးရ၏ စစ်တပ်တွင် ကံထရိုက်လုပ်ဖူး၍ မြတ် စွန်းဖူးသောကြောင့် ဗြိတိသျှအစိုးရ၏ ကျေးဇူးကြီးကြောင်းများကိုလည်း ပြောပြ ဖူးလေသည်။

ထိုလူကြီးက ယင်း၏ လားလှည်းဖြင့် ခရီးထွက်ရန် ရတ်တရက်ကိစ္စတစ် ခုပေါ်ပေါက်လာသောကြောင့် ကျွန်တော်လိုက်သွားခဲ့လျှင် စစ်တပ်နှင့် ငါးမိုင်မျှ သာ ကွာလှမ်းသော ရွာကလေးသို့ ယင်းနှင့်အတူ လှည်းစီး၍ လိုက်နိုင်ခဲ့ကြောင်း ပြောရာတွင် ကျွန်တော့်မှာ လူကြီး၏လည်ပင်းကိုဖက်၍ နမ်းချင်မတတ် ဝမ်းသာ သွားပါတော့သည်။

ကျွန်တော်သည် ဆရာဝန်အား အကျိုးအကြောင်းပြောပြ၍ ရွာလူကြီး နှင့်အတူ လိုက်သွားရာတွင် လူကြီးသည်ယင်း၏တပည့်အား လားနှစ်ကောင် တပ်သော လှည်းကိုပြင်စေ၍ လှည်းပေါ်သို့ တက်ကြပြီးလျှင် တအိအိမောင်းနှင လာကြလေသည်။

လမ်းခရီး၌ လူကြီးသည် သဲကန္တာရများကို ကုလားအုပ်များဖြင့် ဖြတ် သန်းသွားလာခဲ့ရသည့် ယင်း၏ခရီးစဉ်များကို ပြောပြ၍ ကျွန်တော်ကလည်း စစ်ပွဲအမျိုးမျိုး၌ နွှဲခဲ့ရသော ကျွန်တော်၏ သတ္တိဗျတ္တိအကြောင်းများကို အပြန် အလှန် တစ်လှည့်စီပြောပြခြင်းအားဖြင့် အပျင်းဖြေကြလေသည်။ ဤလူကြီးကား ပထမက ကျွန်တော်ထင်မိသည်ထက် ပို၍ဗဟုသုတစုံခြင်းကို တွေ့ရပေသည်။ ကျွန်တော်က ရောက်လေရာအရပ်၌ အချစ်ဇာတ်လမ်း ဖွင့်ခဲ့ဖူးသော မိန်းကလေး များအကြောင်းနှင့် တိုက်ခဲ့ဖူးသော ရန်သူများအကြောင်းကို ပြောပြရင်း ကျွန်တော် ၏ ဓားကိုထုတ်လျက် တူရကီတစ်ယောက်၏ ဦးခေါင်းကိုခုတ်ခဲ့ရာတွင် ဦးခွံ အလွန်မာသောကြောင့် ဓား၌အနည်းငယ် လိပ်သွားသောနေရာကို ပြသလေ သည်။ ထိုအခါ လူကြီးသည် ရွံ့ကြောက်သောအမူအရာနှင့် ကျွန်တော်၏ ဓားကို လှမ်းယူ၍ 'ကြောက်လှချည်ရဲ့ဗျ၊ ဒီဓားကြီးကို ကျုပ်ရှေ့မှာ တဝင့်ဝင့်လုပ်မနေ စမ်းပါနဲ့' ဟုပြောကာ ဓားကိုထိုင်ခုံအောက်သို့ ထိုးထည့် လိုက်လေသည်။

လမ်းသည် လွင်ပြင်မှကျော်လွန်၍ တောင်များထူထပ်သော ဒေသသို့ ရောက်လာကြသည်တွင် လှည်းလမ်းမှာ အလွန်ကြမ်းတမ်း၍ ကျွန်တော်တို့မှာ ထိုင်ခုံများပေါ်တွင် ခဲယဉ်းစွာထိုင်၍ လိုက်ကြရ၏။ တချို့နေရာ၌ လှည်းလမ်း သည် တောင်ကြီးနှစ်လုံးတို့၏ အကြားမှ ဖြတ်သန်း၍ တစ်ဘက်တစ်ချက်၌ရှိ သော တောင်ကြီးများသည် လှည်းပေါ်သို့ မိုးလျက်ပင် ရှိကြ၏။ လှည်းသမား ကမူ ကျွန်တော့်ဘက်သို့ လှည့်၍မျှမကြည့်ဘဲ လားနှစ်ကောင်ကို မှန်မှန်ကြီး နှင်လျက်ရှိ၏။ လှည်းဆောင့်ခြင်းကြောင့်တစ်ကြောင်း၊ စကားပြောရလွန်း၍

www.burmeseclassic.com

www.burmeseclassic.com



အာညောင်းသောကြောင့်တစ်ကြောင်း ကျွန်တော့်မှာ အနည်းငယ်ငိုက်မျဉ်းလာ၍ မှေးခနဲ ဖြစ်သွားရာတွင် မျက်နှာချင်းဆိုင်ထိုင်လျက် လိုက်ပါလာသော လူကြီး၏ လှုပ်ရှားမှုကြောင့် ဖျတ်ခနဲလန့်၍ မျက်လုံးများဖွင့်ကြည့်လိုက်သည်။ လူကြီးမှာ ယင်း၌ပါလာသော ဓားတစ်ချောင်းကိုထုတ်၍ သားရေခါးပတ်တစ်ခု၌ အပေါက်သစ်တစ်ခုဖောက်ရန် ကြိုးစားလျက်ရှိသည်ကို မြင်သည်နှင့် ကျွန်တော်က ကူညီ၍ ကိုင်တွယ်ပေး၏။ လူကြီး၏ မကျင်လည်မှုကြောင့် ခါးပတ် သည်ယင်း၏လက်မှ မကြာခဏချော်ထွက်၍ ကြမ်းပေါ်သို့ လွတ်ကျသွားရာ ကျွန်တော်သည် ခါးပတ်ကိုယူ၍ အစွန်းတစ်ဘက်ကို ခြေထောက်ဖြင့်ဖိလျက် ဦးခေါင်းကိုငုံ့ကာ လက်နှစ်ဖက်ဖြင့် အခြားအစွန်းတစ်ဘက်ကို ကိုင်ပေး၏။ လူကြီးသည် သားရေခါးပတ်ကို ဓားဖြင့် အားပါးတရ ထိုးဖောက်တော့မည်ကဲ့သို့ ဟန်ပြင်ရာမှ ရုတ်တရက် ခုန်ထ၍ ကျွန်တော်၏ လည်ကုပ်ပေါ်သို့ ခွစီးကာ မျက်နှာကို လက်တစ်ဖက်ဖြင့်စမ်းရင်း ကျွန်တော်၏မျက်လုံးထဲသို့ ဓားဖြင့် ဆတ်ခနဲ ထိုးသွင်းလိုက်တော့သည်။

ကျွန်တော်ကား စစ်ပွဲများစွာတို့တွင် တစ်ယောက်ချင်း တိုက်ခဲ့ရပေါင်းများ၍ သတ္တိကောင်းသည်ဟု နှုတ်ဖြင့်ချီးကျူးခြင်း ခံရရုံမက နာမည်ကောင်းလက်မှတ်များပင် အစောင်စောင်ရခဲ့ဖူးသူတစ်ယောက်ဖြစ်၍ ကြောက်လန့်သောအခါများ၌ ကြောက်လန့်ပါသည်ဟု ဖွင့်ဟဝန်ခံလျှင် သူရဲဘောနည်း သည်ဟု စွပ်စွဲကြလိမ့်မည် မထင်ပါ။ သူ၏အလုပ်ကို စေတနာကောင်းနှင့် ကူညီမည်ဆို၍ လုပ်ကိုင်ပေးနေစဉ် လည်ကုပ်ပေါ်သို့ ဖြုန်းခနဲရောက်၍ မျက်လုံးမှ ဝင်းခနဲ လက်ခနဲ အကြီးအကျယ်မီးများပွင့်ရခြင်းနှင့်အတူ ပြင်းပြစွာသော ဝေဒနာခံစားလိုက်ရသော တစ်ခဏ၌ ဂျမဒါကိုကိုကြီးတည်းဟူသော ကျွန်တော်သည်ပင်လျှင် ရင်ထဲ၌ အကြီးအကျယ် လှုပ်ခုန်၍ 'ပြီးပြီဟ'ဟု မှတ်ထင်လိုက်မိပါတော့သည်။ ပထမ၌ ဓားသွားသည် မျက်လုံးမှဦးနှောက်ထဲသို့ စူးဝင်၍ ပွဲချင်းပြီးသေရတော့မည်ဟု လန့်တွေး တွေးလိုက်မိသော်လည်း ရုတ်တရက် မသေဘဲ လက်ခြေများကို လှုပ်ရှားနိုင်ကြောင်းသိရသည်နှင့်တစ်ပြိုင်နက် အားတက်ကြွခြင်းနှင့်အတူ ထိုလူ့အပေါ်၌ ပြန်ပြောမပြနိုင်လောက်အောင် ဒေါသအမျက် ဟုန်းဟုန်းထွက်လာ၍ ကျွန်တော်၏ လည်ကုပ်ပေါ်၌ ခွစီးထားသော ပေါင်နှစ်ချောင်းကို လက်နှစ်ဘက်ဖြင့် ကိုင်ဖမ်းကာ ဖြဲခွာ၍ နောက်သို့လှန်ချလိုက်ပြီးနောက် ယင်း၏ ရင်ဘတ်ပေါ်သို့ စစ်ဖိနပ်ကြီးနှင့် ခုန်တက်ကာ အကြိမ်ကြိမ်အဖန်ဖန် ဆောင့်နင်းလေတော့သည်။ ထိုလူက ခါးထဲမှ ဓားမြှောင်ကို ဆွဲထုတ်ပြန်သေး၏။ သို့သော် ကျွန်တော်က လက်ကောက်ဝတ်ကို စစ်ဖိနပ်ကြီးနှင့် ဆောင့်ကန်လိုက်သည်တွင် ဓားမြှောင်လွင့်



စဉ်ထွက်သွား၏။ ထိုနောက်တွင်မှ ကျွန်တော်သည် ယင်း၏ရင်ဘတ်ပေါ်တွင် ဒူးနှစ်ဘက်ထောက်၍ လည်ပင်းကို ခုတ်ပိုင်းမည်ဟု ထိုင်ခုံအောက်၌ ထိုးသွင်းထားသော ဓားကိုစမ်းသပ်ဆဲတွင် ဝုန်းခနဲမြည်သောအသံကြီး ကြားလိုက်ရ၍ လားလှည်းသည် လမ်းမပေါ်တွင် တိမ်းမှောက်သွားပါတော့သည်။

ကျွန်တော်သည် လှည်းထဲမှ ရုန်းထွက်ရန်အတွက် လူးလဲကာ ထမည်ပြုဆဲတွင် ခြေနှစ်ချောင်းဖြင့်ကိုင်ဆွဲကာ လမ်းပေါ်တွင် ရင်ဘတ်နှင့် ဒရွတ်တိုက်ဆွဲငင်သွားသည်ကို သိလိုက်ရပါတော့သည်။ ထိုအတောအတွင်း စကားပြောသံများလည်း ကြားရ၍ လှမ်းကြည့်လိုက်သည်တွင် တောပုန်းဓားပြ ၁၀ ယောက်ခန့်တို့၏အလယ်သို့ ရောက်နေခြင်းကို မြင်ရပါတော့သည်။ ထိုအခြင်းအရာကို မြင်ရခြင်းအတွက် ရုတ်တရက် ဝမ်းသာသွားသည်ဟုဆိုလျှင် အံ့သြကြပေမည်။ အမှန်မှာ ကျွန်တော့်၌မျက်စိနှစ်လုံး ရှိသည့်အနက် ဒဏ်ရာမရှိသော မျက်လုံးပေါ်တွင် ကက်ဦးထုပ်က ဖုံးအုပ်လျက်ရှိ၍ ထိုလူများကို ဒဏ်ရာရှိသောမျက်လုံးဖြင့် မြင်ရခြင်းဖြစ်ရကား ကန်းချေပြီဟု မှတ်ထင်ရာမှ မကန်းသေးခြင်းကို သိရ၍ ဝမ်းသာမိခြင်းဖြစ်ပါတော့သည်။ ဓားပြများလက်သို့ရောက်၍ သတ်ပစ်ခြင်းကားနောက်၊ လက်ငင်းချက်ချင်း မကန်းသေးခြင်းကား ဝမ်းသာစရာကြီး ဖြစ်နေပါတော့သည်။

စင်စစ်သော်ကား ဓားသွားသည် သူငယ်အိမ်ကို မထိခိုက်မိဘဲ မျက်လုံးနံဘေးမှချော်၍ အတွင်းသို့ အနည်းငယ်ဝင်ရောက်သွားရာတွင် ကျွန်တော်၏ အလန့်တကြား ရုန်းကန်မှုကြောင့် ဦးနှောက်သို့မရောက်မီ တန့်ရပ်သွားခြင်းဖြစ်၏။ သို့နှင့်ပင် ဓားသွားသည် အကြောတစ်ခုကို ခိုက်မိ၍ စစ်ပွဲများ၌ ကျွန်တော်ရရှိခဲ့သော ဒဏ်ရာပေါင်း ၁၇ ချက်အနက်တွင် ဤဒဏ်ရာသည် ကျွန်တော့်ကို တစ်သက်ပတ်လုံး ဒုက္ခအပေးဆုံး ဖြစ်ပါတော့သည်။ မျက်စိနာရသည်မှာ မကြာခဏ ဖြစ်တော့၏။

တောပုန်းဓားပြများသည် ကျွန်တော့်ကို လှည်းထဲမှဆွဲထုတ်၍ တစ်ယောက်တစ်ချက် ကန်ကျောက်ကြရင်း ခွေးသား၊ ဝက်သား စသည်များဖြင့် ပါးစပ်မှရေရွတ်ကြသေးသည်။ ကျွန်တော်ကမူ သတိလစ်မှောဟန်ဆောင်၍ ငြိမ်သက်စွာနေသော်လည်း ယင်းတို့၏မျက်နှာများကို မျက်စိမဖွင့်တဖွင့်ထား၍ မှတ်သားနေပါတော့သည်။ အကြောင်းမူကား ဤနယ်သားများသည် ရုံဖန်ရံခါ စစ်တပ်သို့ ချဉ်းကပ်၍ ပရိယာယ်ဟန်ဆောင်တတ်ကြပေရာ ဤလူစုပါဝင်က မှတ်မိနိုင်စေရန်ဖြစ်ပါသည်။

ဓားပြများသည် လမ်းကွေ့တစ်ခုတွင် ကျောက်တုံးကြီးနှစ်တုံးချထားခြင်းအားဖြင့် လားလှည်းကို မှောက်စေခြင်းဖြစ်သည်ဟု ကျွန်တော် ထွေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတောအတွင်း ဓားပြများသည် လှည်းထဲတွင်ကျန်နေသေးသော ကန်ထရိုက်တာကောင်ကို ဆွဲထုတ်၍ ယင်း၏အခြေအနေကို တွေ့မြင်ကြသောအခါ ကျွန်တော့်အပေါ်တွင် တိုး၍ဒေါသဖြစ်လာကြပြန်သည်။ စင်စစ်သော်လည်း ကန်ထရိုက်တာကောင်မှာ ယင်းတို့၏လူဖြစ်၍ ကျွန်တော့်ကို ဖြားယောင်းသွေးဆောင်လာခဲ့ခြင်းဖြစ်ရာ ကျွန်တော့်အား အစွယ်ချိုးသောအနေဖြင့် မျက်လုံးကို ဖောက်ထားနှင့်ခြင်း ဖြစ်ဟန်တူ၏။ ကန်ထရိုက်တာကောင်မှာမူ လူများက လှည်းထဲက ဆွဲထုတ်ပေးကြသော်လည်း ယင်း၏ခြေထောက်များမှာ ကျွန်တော်၏ စစ်ဖိနပ်ဒဏ်ကြောင့် ညက်ညက်ကြေ၍ မြေကြီးပေါ်တွင် ခြေမထောက်နိုင်ဘဲ ကျောက်တုံးတစ်ခုပေါ်တွင် တင်ထားသည့်အတိုင်း ငြိမ်သက်စွာ ထိုင်နေတော့၏။

နောက်ဆုံး၌ ဓားပြများလည်း ကန်ထရိုက်တာကောင်ကို လူနှစ်ယောက်၏ပခုံးပေါ်တွင် ထမ်းစေလျက် ကျွန်တော့်အားမူ မျက်လုံးမှ ယိုစီးကျသော သွေးများကို မထောက်ထားဘဲ တင်ပါးကို ခြေထောက်ဖြင့် တစ်ယောက်တစ်ချက် ကန်ကျောက်ကာ နှင်ပေးလျက် ကြမ်းတမ်းသော တောင်ကြားလမ်းတစ်လျှောက် ခေါ်ဆောင်သွားကြလေသည်။ လူနှစ်ယောက်၏ ပခုံးပေါ်မှ လိုက်ပါသော ကန်ထရိုက်တာကောင်သည် ကျွန်တော်နှင့်ယှဉ်မိသောအခါတိုင်း ကျွန်တော်၏မျက်နှာပေါ်သို့ တံတွေးဖြင့် တထွီးထွီး ထွေးသေး၏။ မျက်လုံးကို စူးနှင့် ထိုးသော သူ၏အပြစ်ကိုကား မမြင်။ ကျွန်တော်က စစ်ဖိနပ်ဖြင့် ဆောင့်ကန်ခြင်းကိုသာ မကျေမချမ်းနိုင် ဖြစ်နေဟန်တူသည်။

ချောင်းကလေးတစ်ခုကို ဖြတ်ကူး၍ သစ်ပင်များ ထူထပ်သော တောကလေးသို့ ရောက်လာကြသည်တွင် မြင်းဟီသံကြား၍ ကြည့်လိုက်သောအခါ ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွား၏။ သစ်ပင်တစ်ပင်၏ အမြစ်ရင်း၌ အင်္ဂလိပ်ကုန်းနှီးတင်ထားသည့် မြင်းတစ်စီးရှိရာ မြင်းမှာ နှာယောင်ကျားနှင့် လက်ယာလက်တစ်ဘက်ဖြူ၍ အနီရောင်ဖြစ်သောကြောင့် စစ်ဘာရီစီးသွားသောမြင်းပင် ဖြစ်သည်ဟု ကျွန်တော်သိနိုင်သည်။ ယင်းစင်ဘာရီသည် ကျွန်တော်က လုမည်ကို ကြောက်သောကြောင့် ကတိုက်ကရိုက် စိုင်းပြေးရှာသော်လည်း နောက်ဆုံးတွင် တောပုန်းဓားပြများလက်ဝယ်သို့ ရောက်နေရှာချေပြီတကား။

ပထမ၌ လူ၏ဒုက္ခကို သတိရသော်လည်း ထို့နောက်၌မူ မြန်မာလူမျိုးအချင်းချင်းဖြစ်၍ တိုင်တိုင်ပင်ပင် ဆောင်ရွက်ခွင့် ရပေတော့မည်ဆိုကာ အနည်းငယ် အားတက်မိသည်။

ယင်းသို့ အကြံဖြစ်ပေါ်လျက်ရှိစဉ် တောပုန်းဓားပြတစ်ယောက်က အသံပေးလိုက်၍ အခြားအရပ်မှ တုံ့ပြန်သော အသံဖြစ်ပေါ်လာသည်ကို ကြားရ၏။



အတန်ငယ် လျှောက်သွားကြသောအခါ တောင်ကမ်းပါးတွင် သစ်ပင်များရှင်းလင်းသုတ်သင်ထားသော ကွက်လပ်တစ်ခုကို မြင်ရ၍ လူလေးငါးယောက်က ဆီးကြိုကြသည်။ နောက်လာသော သူများသည် ပခုံးပေါ်မှ လိုက်ပါလာသော ကန်ထရိုက်ကောင်အနီးသို့ ချဉ်းကပ်၍ အကြောင်းခြင်းအရာများကို မေးမြန်းသဖြင့် သိရှိကြရာတွင် ကျွန်တော့်အား ဓားရှည်ဖြင့် ဝင့်ကာခုတ်မည်ပြုသူက ပြု၍ ခြေထောက်နှင့် ကန်ကျောက်သူက ကန်ကျောက်ကြသေးသည်။ ကျွန်တော်မှုကား သေရရုံပြင် မရှိနိုင်၊ အကယ်၍ သေရလျှင်လည်း မြန်မာသူရဲကောင်းယောကျ်ားတစ်ယောက်ပီပီ သေလိုက်မည်ဟု စိတ်ကိုတင်းလျက် ရင်ဘတ်ခပ်ကော့ကော့ရပ်နေစဉ် လူတစ်ယောက်၏ အမိန့်အရ ကျွန်တော့်ကို အခြားတစ်နေရာသို့ ခေါ်ဆောင်သွားကြသည်။

ကျဉ်းမြောင်းသော လမ်းကလေးတစ်လျှောက် လိုက်သွားကြ၍ တောင်ကမ်းပါးယံ၌ ထွင်းထားသည့် ဂူတစ်ခုသို့ ရောက်ကြသောအခါ နေဝင်စပြုနေ၍ ဂူထဲတွင် မီးရှူးတိုင်နှစ်တိုင်ထွန်းထားသဖြင့် လင်းနေသည်ကိုတွေ့ရ၏။ မီးရှူးတိုင်နှစ်တိုင်အကြား၌ စားပွဲတစ်ခုတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသူကား အခြားသူများ၏ ရိုသေကိုင်းရှိုင်းပုံကို ကြည့်ရခြင်းအားဖြင့် ဗိုလ်နှင့်တူပေ၏။

တောပုန်းဓားပြဗိုလ်ဆိုလျှင် နှုတ်ခမ်းမွေးထူထူ၊ မုတ်ဆိတ်ဖွားဖွား တုတ်တုတ်ပြဲပြဲ၊ ထောင်ထောင်မောင်းမောင်း ရှိလိမ့်မည်ဟု ထင်ခဲ့မိရာ မှားနေချေပြီ။ ဤလူမှာ ပိန်ပိန်ပါးပါး အသားအရည်နုထွတ်၍ ဆွတ်ဖြူသော အဝတ်များ ဝတ်ထားသည့်အပြင် မကြာခဏ ပြုံးခြင်းဖြင့် ဖွေးဖွေးဖြူလျက် အရောင်လက်သော သွားများကို ဖော်ပြခြင်းကြောင့် ယူနီဗာစီတီမှ ပရော်ဖက်ဆာတစ်ယောက်ပေလောဟူ၍ပင် မှတ်ထင်လောက်ပေ၏။ ထိုသူသည် လက်ထဲတွင် ကိုင်ထားသည့် ခဲတံတစ်ချောင်းဖြင့် ယင်း၏ကျယ်ပြန့်သော နဖူးပြင်ကို မကြာခဏခေါက်ကာ စဉ်းစားစိတ်ကူး၍ အကြံပေါ်သည်နှင့် တစ်ပြိုင်နက် စာရွက်တစ်ခုပေါ်တွင် ရေးခြစ်ကာ မှတ်တမ်းတင်လေသည်။ ထိုလူက ကျွန်တော့်ကို မြင်လျှင်မြင်ချင်း 'ဂွတ်ဒ်အီးဗနင်း ဂျမဒါကိုကိုကြီး' ဟု အင်္ဂလိပ်လို နှုတ်ဆက်လိုက်၍ လန့်သွားမတတ် အံ့သြမိပါတော့သည်။

ဗိုလ်။ ။(အင်္ဂလိပ်လို နှုတ်ဆက်၍) 'ဘာလဲဗျ၊ ကျုပ်က အင်္ဂလိပ်လိုပြောနိုင်လို့ ခင်ဗျားက အံ့သြသွားသလား။ ကျုပ်က ပန်ဂျပ် ယူနီဗာစီတီမှာ အင်တာရင်း စာမေးပွဲအောင်ခဲ့တဲ့ ကောင်ပါ။ စာရေးလုပ်ရတာထက် တောထဲမှာ လွတ်လပ်စွာ ကိုယ့်လူများနဲ့ကိုယ် နေထိုင်ရခြင်းက စိတ်ချမ်းသာတယ်ဆိုပြီး အတွင်းဝန်ရုံး စာရေးကြီးအလုပ်က နုတ်ထွက်ခဲ့တာပဲ။ ကျုပ်က အင်္ဂလိပ်လို

www.burmeseclassic.com

www.burmeseclassic.com



လက်ဘ်စပ်တတ်တယ်။ နေဦး၊ ကျုပ် စီကုံးနေတဲ့ လင်္ကာကို ဖတ်ပြဦးမယ်။ နားထောင်'ဟုဆို၍ ထိုသူသည် တောထဲ၌ မိမိတို့လူများ လွတ်လပ်စွာနေထိုင်၍ ရွာသူရွာသားများအပေါ်မှာ 'မိုက်ကြေး'ကောက်ခံရရှိသော ငွေဖြင့် အကောင်းဆုံး စားစရာနှင့် အရက်များ ဝယ်ယူစားသောက်ရခြင်း၏ ဇိမ်ရှိပုံအကြောင်းများကို ရေးစပ်စီကုံးထားသည့်လင်္ကာတစ်ပိုဒ်ကို ဖတ်ပြလေသည်။ ထို့နောက်

ဗိုလ်။ ။ဘယ့်နှယ်လဲ၊ ကျုပ်လင်္ကာကလေး သဘာဝမကျလား။

တော်။ ။ကောင်းပါ့ဗျာ၊ ခင်ဗျားတို့ အနေအထိုင်ကို ကျုပ်တောင်မှ သွားရည်ကျလာတယ်။

ဗိုလ်။ ။ဟာ၊ ဒီလူတော်တယ်ဟေ့၊ နေဦးဗျ၊ ရှေ့ပိုဒ်က ကာရန်ရွေးဖို့ ခက်နေတယ်။ 'ပန်ဂျပ်'ဆိုတဲ့ စကားလုံး ကာရန်တည့်အောင် ဘယ်ဒင်းကို ရွေးမလဲ။

တော်။ ။မံ(မ်) ဆပ်ပေါ့ဗျာ။

ဗိုလ်။ ။မံ(မ်) ဆပ်ဆိုတော့ အင်္ဂလိပ်စကားလုံးမဟုတ်ဘူးဗျ။

တော်။ ။မဟုတ်ပေမယ့် အင်္ဂလိပ်တွေ သုံးနေတဲ့ စကားလေးပဲဗျာ။

ထိုခဏ၌ လူနှစ်ယောက်သည် ကံထရိုက်တာကောင်ကို တွဲခေါ်လာ၍ ဗိုလ်ရှေ့၌ ရှိသော စည်ပိုင်းတစ်ခုပေါ်သို့ တင်ထားရာ ထိုသူသည် ကျွန်တော့်ကို ကြည့်၍ တံတွေးတပျစ်ပျစ် ထွေးလျက်ရှိ၏။ ကံထရိုက်တာက ဗိုလ်အား တိုင်ချက်ပေးသောစကားများကို ထောက်ခြင်းအားဖြင့် ထိုသူသည် ဓားပြအသင်းတွင် အရေးပါ အရာရောက်သော လူတစ်ယောက်ဖြစ်၍ ဘာသာစကား အမျိုးမျိုးတတ်ခြင်းအားဖြင့် ထိုသူသည် အင်္ဂလိပ်စစ်တပ်နှင့် နီးကပ်သော ရွာများသို့ဝင်ကာ သူလျှိုအဖြစ်နှင့် သတင်းပို့သော အလုပ်ကို ဆောင်ရွက်သူဖြစ်ကြောင်း သိရှိရသည်။ ကန်ထရိုက်တာသည် ကျွန်တော်နားမလည်သော ဘာသာတစ်မျိုးနှင့် တစ်ချက်တစ်ချက်တွင် ညှပ်သွင်းပြောဆိုသေးရာ အလွန် မုန်းတီးသော မျက်နှာထားနှင့် ကျွန်တော့်အား လှမ်းကြည့်ခြင်းကို ထောက်ခြင်းအားဖြင့် ကျွန်တော့် အကြောင်းကို ပြောခြင်းဖြစ်သည်ဟု သိရသည်။ နောက်ဆုံး၌ ဗိုလ်သည် ကန်ထရိုက်တာအား မည်သို့မျှ မပြောဘဲ ဦးခေါင်းငဲ့ယုံမျှ ငဲ့လိုက်သည်တွင် ကန်ထရိုက်တာလည်း ပြောမည့်စကားကိုပင် ဆုံးအောင် မပြောတော့ဘဲ အလယ်တွင် ရပ်၍ တစ်ခါတည်း စကားဖြတ်လိုက်တော့သည်။ ထို့နောက် ဗိုလ်သည် ကျွန်တော့်ဘက်သို့လှည့်၍

ဗိုလ်။ ။ခင်ဗျားနာမည်နဲ့ ရာထူးကိုတော့ ကျုပ်တို့ အစောကြီးကတည်းက သိပြီးသားပဲ။ ရွာကလေးမှာ လူနာဘယ်နှစ်ယောက်ရှိလို့ ဘယ်သူ



ရာထူးအကြီးဆုံးဆိုတာ ကျုပ်တို့မှာ စာရင်းရှိတယ်။ ခင်ဗျားက ဂျမဒါတွေထဲမှာ သတ္တိတယ်ကောင်းဆိုပါကလား။

တော်။ ။ဟုတ်ကဲ့၊ နာမည်ကောင်းလက်မှတ်တွေ ရဖူးပါတယ်။

ဗိုလ်။ ။ဒီလိုဆို နမြောစရာကြီးပေါ့လေ။ ကျုပ်တို့အဖို့မှာတော့ သတ္တိကောင်းတယ်ဆိုတဲ့လူ၊ နာမည်ကြီးတဲ့လူ၊ ရာထူးကြီးတဲ့လူ အဲဒီလိုလူတွေကို ဖြုတ်နိုင်မှ ဆုငွေများများရတာကိုဗျ။

တော်။ ။ခင်ဗျားတို့ကို ဘယ်သူက ခိုင်းလို့ ဘယ်သူက ဆုငွေပေးတာလဲ။

ဗိုလ်။ ။ခင်ဗျားသိလို့တော့ အကြောင်းမထူးပါဘူး။ တူရကီအစိုးရက ဆုပေးတယ်။

တော်။ ။ကျုပ်အပြင် ဒီမှာ ဘယ်သူတွေများ ရှိသေးသလဲ။

ဗိုလ်။ ။ရှိတုန်းကတော့ ရှိတယ်။ အခုတော့ မရှိကြဘူး။ နာမည်တွေတော့ စာရင်းထဲမှာရှိတယ်။ ကျုပ်ဖတ်ပြမယ်။

ဗိုလ်သည် စာအုပ်ကိုလှမ်းယူ၍ လှန်လှောကြည့်ပြီးနောက် –

ဗိုလ် ။လက်ဖတင်နင် ဂေါ်ဒွင်နဲ့ စစ်သားလေးယောက်၊ ဆူဗေဒါအာမက်၊ ဂျမဒါ နာဆာရူဒင်၊ ဆပွါးမိုင်းနား ထွန်းတင်။

တော်။ ။ထွန်းတင်ဆိုတာ မြင်းနီကြီးစီးလာတဲ့လူ မဟုတ်လား။

ဗိုလ်။ ။ခွာတစ်ဘက်အဖြူနဲ့လေ။ ဟုတ်ပါတယ်။

တော်။ ။သူဘယ်မှာလဲ။

ဗိုလ်။ ။သူ့အဖော်များ သွားရာလမ်းအတိုင်း လိုက်သွားလေရဲ့။

တော်။ ။သွားရာလမ်းဆိုတာ ဘယ်ကိုလဲ။

ဗိုလ်။ ။မေးမနေပါနဲ့။ တော်တော်ကြာတော့ ခင်ဗျား သိပါလိမ့်မယ်။ ခင်ဗျားလည်း လိုက်ရမှာပဲ။

ကျွန်တော်သည် ဆိုလိုသောအဓိပ္ပာယ်ကို သိသော်လည်း ကြောက်ရွံ့သော အမူအရာမပြဘဲ စီးကရက်တစ်လိပ်တောင်း၍ သောက်လိုက်သေးသည်။ ဗိုလ်က စီးကရက်ကို လှမ်းပေးစဉ် 'သောက် သောက်၊ ဝအောင်သောက်' ဟု ပြုံးစိစိ မျက်နှာနှင့် ပြောသေးသည်။

တော်။ ။ခင်ဗျားတို့က လူတွေကို ဘယ်လိုလုပ် သတ်သလဲ။

ဗိုလ်။ ။ဒုက္ခခံမနေရပါဘူး။ မြှုပ်လိုက်တာပါပဲ။

တော်။ ။မမြှုပ်ခင် ဘယ်လိုလုပ်သလဲ။

ဗိုလ်။ ။ဘယ်လိုမှ မလုပ်ဘူး။ မြှုပ်လိုက်တာပဲ။

တော်။ ။ခွေးမသား၊ အရှင်လတ်လတ် မြှုပ်လိုက်တာလားဟ။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကျွန်တော်သည် ဒေါသကို မချုပ်တည်းနိုင်သည်နှင့် နဖူးကို ခဲတံနှင့်ခေါက်ကာ စဉ်းစားစိတ်ကူးလျက်ရှိသော ဗိုလ်၏ကိုယ်ပေါ်သို့ ပစ်လှဲလျက် သူ၏လည်ပင်းကို ညှစ်သတ်မည်ပြုသော်လည်း အနီးမှ စောင့်ကြည့်နေကြသော ငယ်သားများ၏ လက်မြန်မှုကြောင့် လည်ပင်းသို့ လက်ရောက်ရုံမျှရောက်၍ လူနှစ်ယောက်က ကျွန်တော့်ကို ဆောင့်ဆွဲလိုက်ကြသည်။ သို့နှင့်ပင် ကျွန်တော်သည် လက်မလျှော့သေးဘဲ ငယ်သားနှစ်ယောက်၏ လက်မှ ရုန်းကန်ထွက်၍ ဗိုလ်ပေါ်သို့ ပစ်လှဲသေးရာ အခြားငယ်သားများ ပြေးလာ၍ လေးငါးယောက် ဝိုင်းကိုင်သောအခါမှ ကိုယ်ထိလက်ရောက် မလုပ်နိုင်တော့ဘဲ ပါးစပ်ဖြင့် ကြုံးဝါးနေရတော့သည်။ သို့နှင့်ပင် အင်္ဂလိပ်စစ်တပ်၏ အင်အားကြီးမားကြောင်း၊ ယခုချက်ချင်း မတတ်နိုင်သော်လည်း တစ်နေ့နေ့တွင် ယင်းတို့ လူယုတ်မာအားလုံးကို လက်ရဖမ်းဆီး၍ လည်ပင်းကို ကြိုးရှည်ရှည်တပ်ပြီး တိုင်မြင့်မြင့်ကြီးမှ ကြိုးဆွဲချသတ်လိမ့်မည့် အကြောင်းများနှင့် ကြုံးဝါးရေရွတ်နေသေးသည်။ ဒေါသသည် မျက်စိမရှိ။ တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ ကြုံးဝါးရခြင်းသည် အရသာတစ်ခုဖြစ်ရာ ဓားပြများက ပါးကိုရိုက်ကြသည့် အထဲမှပင် မဓောမချင်း ဆဲဆိုနေပါသေးသည်။

ဓားပြဗိုလ်ကမူ သူ့လက်တွင်းသို့ ရောက်ပြီးဖြစ်၍ သူလုပ်ချင်သောအခါတွင် လုပ်ချင်သလို လုပ်နိုင်သည်ဟု သဘောပိုက်ထားသောကြောင့်လေလား မပြောတတ်။ ကျွန်တော်က မည်မျှပင် ကြုံးဝါးခြိမ်းခြောက်စေကာမူ ဒေါသထွက်ဟန်မတူသည့်ပြင် ဖုတ်ဖက်ခါလျက် ထိုင်ခုံပေါ်တွင် ပြန်ထိုင်ပြီး နောက် နဖူးကို ခဲတံနှင့်ခေါက်ကာ စဉ်းစားစိတ်ကူးနေပြန်တော့သည်။ ကျွန်တော်မှုကား ဤဗိုလ်ကို စိတ်ဆိုးအောင်လုပ်ရမှ ကျေနပ်မည့်အနေမျိုး ဖြစ်နေသည်နှင့် 'ယော့ကောင်၊ လက်ဘစပ်တတ်တာနဲ့ ကိုယ့်ဟာကိုယ် သိပ်ပြီးအထင်ကြီးမနေနဲ့ကွ၊ မင်းစပ်တဲ့ လင်္ကာတွေဟာ ခွေးပေးလို့ ဝက်မစားဆိုတဲ့ အပေါစား လင်္ကာတွေပါကွ။ ငါတို့ ဆီမှာ သူတောင်းစားကတောင် ဒီဟာမျိုး ရေးတတ်တယ်' ဟု ပြောလိုက်ပါတော့သည်။

ဤတွင် ကျွန်တော်ဆဲချင်တိုင်း ဆဲစဉ်က မနာခဲ့သော ဗိုလ်သည် သူ၏ လင်္ကာအကြောင်းကို ချိုးချိုးဖဲ့ဖဲ့ ပြောသံကြားသည်နှင့်တပြိုင်နက် ထိုင်ရာမှ ငေါက်ခနဲထ၍ 'ယော့ကောင်၊ မင်းတယ်ပြီး စော်ကားပါလား။ ကောင်းပြီ၊ နင် သိစေ့မယ်။ သူတစ်ပါးနဲ့မတူအောင် သေခြင်းဆိုး သေရစေ့မယ်' ဟု ပြောလိုက်သည်တွင်မှ ကျွန်တော်မှာလည်း သူ့အား မခံချင်အောင် ပြောနိုင်ခြင်းအတွက် ကိုယ့်ဟာကိုယ် အကျေနပ်ကြီး ကျေနပ်လျက်ရှိသည်။ သေခြင်းဆိုး သေစေ့မည်ဆိုခြင်းမှာ မည်ကဲ့



သို့ ဆိုခြင်းဖြစ်သည်ဟု နားမလည်။ ကြောက်လည်း မကြောက်ချေ။ နောက်ဆုံး၌ ကျွန်တော်က 'သေရတာတော့ ရှိပါစေ ငါ့လူ၊ အဆန်းလည်း မဟုတ်ပါဘူး။ သို့သော်လည်း ငါသေတဲ့အကြောင်းကို မင်းက လင်္ကာတွေဘာတွေ ရေးလား စပ်လား၊ စီလား၊ ကုံးလားတော့ လုပ်မနေရစ်ပါနဲ့။ ဖြောင့်ဖြောင့်အသက်မထွက်နိုင်ဘဲ နေပါဦးမယ်' ဟု ပြောလိုက်ရကား ဗိုလ်မှာ စကားမပြောနိုင်အောင် ဒေါသလုံးဆို့ဟန်နှင့် လက်ပြရုံမျှ ပြနိုင်၍ ငယ်သားများသည် ကျွန်တော့်ကို ဆွဲထုတ်သွားကြလေတော့သည်။

ဂူပြင်၌ကား လသာလျက်ရှိရာ တောပုန်းများသည် မီးပုံများအနီးတွင် ချက်ပြုတ်ကြော်လှော် စားသောက်လျက်ရှိကြ၏။ တောပုန်းသုံးယောက်တို့သည် ကျွန်တော့်ကို တစ်နေရာတွင် ချထား၍ အနီး၌ ထိုင်ကာ 'ဟုက္ကာ' သောက်လျက်ရှိစဉ် ကျွန်တော်လည်း အခြေအနေကို ပြန်ပြောင်းဆင်ခြင်၏။ ဤလူစုသည် ကျွန်တော့်ကို တစ်နည်းနည်းဖြင့် သတ်ကြတော့မည်ကားမုန်၏။ သို့ရာတွင် မည်သည့်နည်းဖြင့် သတ်မည်ကိုမူ ကျွန်တော်မသိချေ။ ယခုကဲ့သို့ သေမင်း ခံတွင်းဝသို့ သေရချေတော့အံ့ဟု စိတ်အားမလျှော့ဘဲ ယခင်အကြိမ်များ၌ လွတ်မြောက်ခဲ့ဖူးသည့်နည်းတူ ယခုလည်း လွတ်မြောက်ဖို့ရာ နည်းလမ်းပေါ် ပေါက်လိမ့်ဦးမည် ဟူသော မျှော်လင့်ချက်ဖြင့် 'အားမငယ်ပါနဲ့ ကိုကိုကြီးရာ' မင်းလိုကောင် ဒီလို အညတြသေနည်းမျိုးနဲ့ မသေနိုင်ပါဘူးကွ' ဟု ကိုယ့်ကိုယ်ကို အားပေးကာ နားနှင့်မျက်စိများကိုလည်း ကျယ်လှအောင်ဖွင့်ထား၏။

တောပုန်းဓားပြများသည် ကျွန်တော်၏လက်နှင့် ခြေထောက်များကို ကြိုးများဖြင့် တုပ်နှောင်ထားရာ ကျွန်တော်သည် ခြေကျင်းဝတ်၌ ချည်တုပ်ထားသော ကြိုးများကို တဖြည်းဖြည်းလျှော့စမ်း၍ ထိုနောက်တွင် လက်ကောက်ဝတ်မှ ကြိုးကိုဖြေရင်း မည်သည့်နေရာမှ မည်သို့သော အခွင့်အရေးမျိုး ဖြစ်ပေါ်မည်ကို စောင့်ကြည့်နေ၏။ ဤလူစုလက်တွင်းမှ လွတ်မြောက်ဖို့ ဆိုလျှင်မည်သည့်နည်းနှင့်မျှ ခြေကျင်မဖြစ်နိုင်။ မြင်းနှင့်ပြေးနိုင်မှ ဖြစ်မည်ဟူသော စိတ်ကူးပေါ်ပေါက်ခြင်းနှင့်အတူ ခြေတစ်ဖက်ဖြူသော မြင်းနီကြီးကို မြင်ရ၍ အားတက်မိသည်။ မြင်းနှင့်ပြေးပါမှ ဖြစ်နိုင်မည်ဟူသော အကြံအစည် ဖြစ်ပေါ်လာသော အချိန်တွင် မြင်းတစ်စီးကို မြင်ရခြင်းသည် ကောင်းသောနိမိတ်တစ်ခု ဟူ၍ ကျွန်တော် ကောက်ယူသောကြောင့် ထိုကဲ့သို့ အားတက်မိခြင်းပေတည်း။ ထိုအချိန်၌ မြင်းနီကြီးသည် ကျွန်တော်နှင့် ကိုက် ၃၀ ခန့်မျှသာ ဝေးကွာ၏။

အခြားသော အခြင်းအရာတစ်ခု ကျွန်တော်တွေ့မြင်ရသည်ကား ကျွန်တော်တို့တက်လာခဲ့သော လမ်းသည် ကျဉ်းမြောင်းကြမ်းတမ်း၍ မြင်းစိုင်းရန်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်သော်လည်း အခြားဘက်၌မူ တောင်ခြေသို့ ခပ်ပြေပြေ ဆင်ခြေလျှော ဆင်းသွားသည်ဖြစ်၍ အကယ်တန္တု ကျွန်တော်၏လက်ထဲ၌ ဓားတစ်စင်းရှိ၍ မြင်းပေါ်သို့ ရောက်ပြီးခဲ့ပါလျှင် တောပုန်း ၅၀ မျှမက ၅၀၀ ပင်ရှိသော်ငြားလည်း လွတ်အောင် ပြေးနိုင်မည်ဖြစ်လေသည်။

ကျွန်တော်သည် ခြေထောက်မှ ကြိုးနှင့် လက်မှကြိုးတို့ကို တစ်လှည့်စီ ဖြေရင်း ဤအကြောင်းကို စိတ်ကူးလျက်ရှိစဉ် ဓားပြဗိုလ်သည် ဂူထဲမှထွက်လာ၍ ငယ်သားများအား ဘာပြောလိုက်သည်မသိ၊ ငယ်သားများသည် အလွန်ကျေနပ်အားရသော အမူအရာနှင့် လက်ခုပ်လက်ဝါးတီးကြလေသည်။ ထိုအချိန်၌ ကျွန်တော်၏ လက်ကောက်ဝတ်မှ အနှောင်အဖွဲ့သည် ပြေလုမတတ် ရှိနေသော်လည်း ခြေထောက်မှ ကြိုးမူကား အနည်းငယ် လျှော့ရုံမျှသာ ရှိသေး၏။ ဤနေရာတွင် အနာပေါင်းကလည်းရှိသောကြောင့် ဖွတ်အတင်း ဆောင့်ကန်ရုန်းထွက်ရန်လည်း မဖြစ်နိုင်ချေ။ သို့နှင့် ကျွန်တော်သည် ယင်းတို့ ပစ်ချထားသည့်အတိုင်း မြေကြီးပေါ်တွင် ခွေလျက် ငြိမ်ဝပ်စွာ အကဲခတ်နေသည်။

ဤအတောအတွင်း တောပုန်းများသည် လှုပ်လှုပ်ရှရှနှင့် အလုပ်လုပ်လျက်ရှိရာ ကျွန်တော်သည် ယင်းတို့၏ လုပ်ကိုင်ပုံ အဓိပ္ပာယ်ကို ပထမ၌ နားမလည်နိုင်အောင် ရှိတော့သည်။ ငယ်သားတစ်ယောက်သည် ပေါင်လုံးခန့် ပမာဏရှိသော သစ်ပင်ပျိုတစ်ပင်၏ထိပ်သို့တက်၍ ထိပ်ဖျားတွင် ကြိုးချည်ထားခဲ့၏။ ထို့နောက် အခြားသော ငယ်သားများသည် ကြိုးစကို ဆွဲခြင်းဖြင့် သစ်ပင်ကို နိမ့်ကြရာ သစ်ပင်ထိပ်ဖျားသည် ခါးလယ်ရောက်အောင် ကွေးညွတ် ပါလာသော အခါမှ ကြိုးစကို သစ်ငုတ်တစ်ခု၌ ချည်ထားကြ၏။ ယင်းနောက် အခြားသော သစ်ပင်ပျိုတစ်ပင်ကိုလည်း ဤနည်းအတူ ကြိုးဖြင့်ချည်၍ ကြိုးစကို ပထမသစ်ပင်ရှိရာဘက်သို့ ဆွဲညွှတ်ကြသည်။ သစ်ပင်နှစ်ပင်တို့၏ ထိပ်ဖျားများသည် ထိလုမတတ် ရှိနေ၏။ ထိုအခါ၌မူကား ယင်းတို့၏ အကြံအစည်ကို ရိပ်မိပြီဖြစ်၍ ကျောချမ်းမိပါတော့သည်။

ဓားပြဗိုလ်သည် စီးကရက်ဖွာရင်း ကျွန်တော့်အနီးသို့ ချဉ်းကပ်၍

ဗိုလ်။ ။ဘယ့်နှယ်လဲ ဂျမဒါကိုကိုကြီး၊ သစ္စာကောင်းသလောက် ခွန်အားဗလ ကောင်းပါရဲ့လား။

တော်။ ။ခွန်အားကောင်း မကောင်း သိရအောင် ကြိုးတွေကို ခဏ ဖြေပေးစမ်းပါလား။

ဗိုလ်။ ။ကြောက်ပါသတဲ့ဗျာ၊ လူနဲ့လူချင်းတော့ ခင်ဗျားကို အားမပြိုင်ဝံ့ပါဘူးတဲ့။ ဒါကြောင့် ခင်ဗျားကို သစ်ပင်နဲ့ အားပြိုင်စေရမှာပဲ။



တော်။ ။ခွေးမသားတွေ။

ဗိုလ်။ ။ဆဲပါလေ၊ အားရအောင်ဆဲပါ။ ကျုပ်က ခင်ဗျားနဲ့ သစ်ပင်နှစ်ပင်နဲ့ အားပြိုင်တာကြည့်ရရင် ဆဲရုံမကလို့ မအေ၊ နှမကိုင်တုတ်တောင် ရယ်နိုင်ပါတယ်။

တော်။ ။ ခွေးသား ဝက်မျိုးတွေ။

ဗိုလ်။ ။ဟား၊ ဟား၊ ဟား ဆဲနိုင်တုန်း ဆဲလိုက်ဦးဗျာ။ တော်တော်ကြာတော့ ဆဲနိုင်သေးလား ကြည့်ရအောင်။ ခင်ဗျား ဘယ်ဘက်ခြေထောက်ကို ဟောဟိုက ကြိုးတစ်စမှာချည်၊ ညာဘက်ခြေထောက်ကို ဟိုဘက်က ကြိုးတစ်စမှာချည်၊ နောက်ပြီးမှာ တစ်ပြိုင်နက်တည်း လွှတ်လိုက်မယ်။ ဒီအခါမှာ ခင်ဗျားက သစ်ပင်ထက် ခွန်အားကောင်းရင် သစ်ပင်တွေဟာ ညွှတ်မြဲအတိုင်း ညွှတ်နေမှာပဲ။ ဒီလိုမဟုတ်လို့ ခင်ဗျားထက် သစ်ပင်တွေက အားကောင်းရင် ဘုရားတသမလား။ ရှိုင်တန်တသ မလားတော့ မပြောတတ်ဘူး။ ပေါင်နှစ်ချောင်း တစ်ဘက်စီ ခွပြိပြီး ဟိုဘက်တစ်ပင်မှာတစ်ခြမ်း၊ ဒီဘက်အပင်မှာ တစ်ခြမ်း၊ တောစောင့်နတ်ကြီး ဖြစ်ပေဦးတော့ဗျာ။ ဟား၊ ဟား၊ ဟား၊ ဟား။

ဓားပြဗိုလ်သည် ကျွန်တော့်ကို ညှဉ်းလိုသော ရည်ရွယ်ချက်ဖြင့် သရုပ်ပေါ်အောင်ပြောရင်း ရယ်မောကြလေသည်။

လူသတ္တဝါသည် သေအံ့ဆဲဆဲရှိသော အချိန်၌ နားမျက်စိမှစ၍ အာရုံကြောများ စူးရှသည်ဆိုခြင်းမှာ အမှန်ဖြစ်တော့သည်။ ကျွန်တော်ကိုယ်တိုင် ဤအခြင်းအရာကို ကြိမ်ဖန်များစွာ ကြုံရဖူး၍ မှန်ကန်ကြောင်း သက်သေခံလိုက်ရပါတော့သည်။ ထိုခဏ၌ ထင်းကိုလောင်သော မီးခိုးနံ့သည် ကျွန်တော်၏ နှာခေါင်းတွင် ထင်ထင်ရှားရှားအနံ့ရ၍ သစ်ကိုင်းကိုလေတိုးသဖြင့် တချွတ်ချွတ်မြည်သော အသံသည်လည်း နားထဲတွင် ပီပီသသ ကြားရခြင်းနှင့်အတူ ထိုလူစု၏ မျက်နှာများသည်လည်း မျက်စိထဲတွင် အတွန့်အလိပ်မကျန် ထင်ရှားစွာ ပေါ်လာပါတော့သည်။ သို့ဖြစ်၍ အခြားလူများ အသံကြားဟန် မတူသေးမီ ကျွန်တော်၏ နားထဲ၌ မြင်းဇက်မှ တချွင်ချွင်မြည်သော သံကြိုးအသံများသည် ပီပီသသကြီး တိုးဝင်လာကြတော့သည်။ မြင်းများသည် တစ်ကောင်တည်းမဟုတ် အစုအအုပ်ဖြင့် လာကြခြင်းဖြစ်သည်ဟူ၍လည်း ကျွန်တော်ခွဲခြားနိုင်၏။ သို့ဖြစ်၍ တောပုန်းများသည် ကျွန်တော်၏ ခြေထောက်မှ ကြိုးများကိုဖြေ၍ သစ်ပင်ပျိုအနီးသို့ ခေါ်ဆောင်ကြမည်ပြုဆဲတွင် အသံကြားရသော မြင်းတပ်သည် ကျွန်တော်တို့၏ မြင်းတပ်ဖြစ်ရမည်ဟူသော ယုံကြည်ချက်ဖြင့် 'လာကြပါဟော့ ငါ့လူများ' ဟု အသံကုန် ဟစ်အော်လိုက်လေသည်။ တောပုန်းတစ်ယောက်သည် ကျွန်တော်၏ ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ဝါးဖြင့် ပိတ်၍ရိုက်သော်လည်း ကျွန်တော်သည် ရပ်စဲခြင်းမရှိဘဲ 'လာကြပါဟေ့ ငါ့လူများ၊ ဒီဘက်မှာဟေ့၊ ဒီမှာ ဒီမှာ ဂျမဒါကိုကိုကြီးဟေ့' ဟု ဆင့်ကာဆင့်ကာ ကုန်း၍အော်တော့သည်။

မြင်းခွာသံများသည် နီးကပ်လာ၍ သစ်ပင်များရှင်းထားသော ကွက်လပ်ကလေး၌ လရောင်တွင် ဘွားခနဲ ပေါ်လာသူမှာကား ကျွန်တော်မျှော်လင့်သည့် အင်္ဂလိပ်မြင်းတပ်မဟုတ်၊ တူရကီမြင်းတပ် စစ်ဗိုလ်တစ်ယောက် ဖြစ်နေပေတော့သည်။ ထိုနောက်မှလည်း မြင်းတပ်သား လေးယောက်တို့ ပေါ်လာကြပြန်ရာ စစ်ဗိုလ်သည် ရှေ့သို့တက်လာ၍ ပြင်ဆင်ထားသော အခြင်းအရာများကို မြင်သောအခါတွင် ရိပ်မိနားလည်သည့် လက္ခဏာနှင့်–

'ဘာလုပ်ကြတာလဲကွဲ့မင်းတို့၊ အော်တာဘယ်သူလဲ' ဟု မေးလိုက်၏။

တောပုန်းဓားပြဗိုလ်မှာ တူရကီစစ်တပ်နှင့် အဆက်အသွယ်ရှိ၍ ဗြိတိသျှကို ခုခံတိုက်ခိုက်ရာတွင် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းဖြစ်သော်လည်း ကျွန်တော့်အား ရက်စက်စွာသတ်ဖို့ စီမံခြင်း၏ မှုမမှန်သော အဖြစ်ကို သိသည်နှင့် ဦးခေါင်းလျှိုလျက် နှုတ်ဆိတ်နေလေသည်။ ဤတွင် စစ်ဗိုလ်က–

'ဟိုဟာ ဗြိတိသျှဘက်က စစ်သားမဟုတ်လား'

'ဟုတ်ပါတယ်'

'သူ့ကို ဘာလုပ်ကြမလို့လဲ'

အဖြေမပေးချေ။ သို့နှင့် တောပုန်းအားလုံးသည် ယောင်ချာချာ ဖြစ်နေကြစဉ် ကျွန်တော်၏ ခြေထောက်များမှာ ဖြေပြီးဖြစ်၍ အနည်းငယ်မျှသာ ကျန်သော လက်ကြိုးအနှောင်အဖွဲ့မှ ဆတ်ခနဲ ရုန်းထွက်ပြီးနောက် မီးပုံအနီး၌ ချထားသော ဓားတစ်လက်ကို ရုတ်တရက် ကောက်ယူ၍ မြင်းနီကြီးပေါ်သို့ လွှားခနဲ ပြေးတက်ကာ ကြိုးကိုဖြတ်တောက်၍ တူရကီစစ်ဗိုလ်အနီးသို့ ပြေးကပ်လိုက်တော့သည်။ စစ်ဗိုလ်သည် အံ့သြစွာနှင့် ငေးကြည့်နေစဉ် ကျွန်တော်က 'ကျုပ်အဖမ်းခံပါတယ်' ဟု အင်္ဂလိပ်လို ပြောလိုက်သည်ကို နားလည်သော အမူအရာနှင့် 'ဘဲရီးဂွတ်' ဟု ပြန်ပြောလေသည်။

ထိုခဏ၌ ဓားပြဗိုလ်သည် ပြုံးချိုသော မျက်နှာထားနှင့် တူရကီစစ်ဗိုလ်ထံသို့လျှောက်လာ၍ 'ဒီလူဟာ ကျွန်တော့်သုံ့ပန်းဖြစ်ပါတယ် စစ်ဗိုလ်'ဟု ပြော၏။

'အေးလေ၊ မောင်မင်းသုံ့ပန်းဖြစ်ရင် ကျုပ်လက်ကို အပ်လိုက်ပေါ့။ ဗိုလ်ချုပ်က ဆုငွေပေးမှာပေါ့'

'ကျွန်တော် စာရင်းနဲ့တကွ အပ်ပါ့မယ်။ အခုချက်ချင်း မအပ်ပါရစေနဲ့'

'နားမလည်ဘူး၊ ကျုပ် ခေါ်သွားမယ်'



ထိုအခါ ဓားပြဗိုလ်သည် ချိုပြုံးသောမျက်နှာထားနှင့်' ကျွန်တော် စကားတစ်ခွန်းပြောပါရစေ' ဟုဆိုကာ စစ်ဗိုလ်အနီးသို့ ချဉ်းကပ်၍ စကားတိုးတိုးပြောမည့်ဟန်ပြုပြီးမှ ကျွန်တော့်ဘက်သို့ ချာခနဲလှည့်ကာ မျက်နှာကို သေနတ်နှင့် ပစ်လိုက်သည်။ ကျည်ဆန်သည် ဦးခေါင်းကို ရှပ်၍ ဆံပင်လက်တစ်ဆုပ်ခန့် ပြတ်ပါသွားသော်လည်း ဦးခွံတွင် အရေအနည်းငယ် ပွန်းရုံမှတစ်ပါး ကိစ္စမရှိချေ။ ဓားပြဗိုလ်သည် နောက်တစ်ချက် ပစ်ဦးမည်ပြုသော်လည်း သေနတ်မီးမကျူးသည်နှင့် ကျွန်တော်၏မျက်နှာကို သေနတ်နှင့် ပေါက်လိုက်သေး၏။ ကျွန်တော်က ငုံ့ရှောင်ပြီး ဓားနှင့် ခုတ်ပိုင်းမည်ပြုဆဲတွင် တူရကီစစ်ဗိုလ်သည် သူ၏ရှေ့၌ ယင်းသို့စော်စော်ကားကား ပြုလုပ်ရမည်လောဟု ဒေါသထွက်သည်နှင့် ခါးမှ ခြောက်လုံးပူးကို ဆွဲထုတ်ကာ ဓားပြဗိုလ်၏ ရင်ဘတ်ကို ပစ်လိုက်ရာ ဓားပြဗိုလ်မှာ နောက်ထပ်၍ လက်ဘစ်ကုံးခွင့် မရှိတော့ချေ။

ဤတွင် ဓားပြတစ်သင်းလုံးသည် ဆူညံစွာ ဆဲဆိုရေရွတ်လျက် တူရကီမြင်းတပ်သား ငါးယောက်နှင့် ကျွန်တော့်ကို ဝိုင်းဝန်းတိုက်ခိုက်ကြ၏။ သို့ရာတွင် ခြေလျင်သမားနှင့် မြင်းတပ်သားဖြစ်သည့်ပြင် ကျွန်တော်တို့ကလည်း ဆက်လက်တိုက်ခိုက်ခြင်းထက် ဆုတ်ခွာခြင်းတည်းဟူသော နည်းပရိယာယ်ကို အားထားကြရကား အထူးနီးကပ်လာသော ဓားပြသုံးလေးယောက်ကိုမျှ ခုတ်ပိုင်းပြီးနောက် ဆင်ခြေလျှောဆင်းလာသော လမ်းအတိုင်း မြင်းစိုင်းလာကြလေတော့သည်။

တောင်ကြား၌ရှိသော စမ်းချောင်းကို ကျော်ဖြတ်ပြီးသောအခါတွင်မှ ကျွန်တော်တို့သည် မြင်းကို ဇက်သတ်၍ မည်သူ၌ ဒဏ်ရာအထိအခိုက်ရှိသည်ကို စစ်ဆေးကြည့်ရှုကြသည်။ ကျွန်တော့်အဖို့မှာ ဒဏ်ရာတစ်စုံတစ်ရာ မရှိသည့်အပြင် တောပုန်းဓားပြများ၏ လက်ဝယ်မှ လွတ်မြောက်လာခဲ့ရခြင်းအတွက် အကြီးအကျယ် ဝမ်းမြောက်လျက်ရှိ၏။ သေရမည့်နည်းမှာ အလွန်ဆိုးဝါး၍ အလောင်းကိုမျှ လုလုပပ ပြင်ဆင်ခြင်းမရှိနိုင်သည့်အပြင် 'လွမ်းသူ့ပန်းခွေ' ကလေးတစ်ခုတလေမျှ ချထားနိုင်မည်မဟုတ်သောကြောင့် လွတ်မြောက်ခြင်းအတွက် ကျွန်တော် ဝမ်းမြောက်ခြင်းကို နားလည်နိုင်ကြပေလိမ့်မည်။

ဒဏ်ရာများစစ်ဆေးရာတွင် လူတစ်ယောက်မျှ ထိခိုက်ခြင်းမရှိသော်လည်း စစ်သားတစ်ယောက်၏ မြင်းခြေထောက်တွင် ကျည်ဆန်ရှပ်၍မှန်သွားသည်နှင့် မြင်းမှာ အနည်းငယ် ခြေထောက်နာနေသည်ကို တွေ့ရ၏။ ဤတွင် တူရကီ စစ်ဗိုလ်သည် မြင်းစစ်သားသုံးယောက်တို့အား ကင်းလှည့်ခြင်းအလုပ်တွင် လာခဲ့ယာဘက်လမ်းသို့ လိုက်စေ၍ မြင်းခြေထောက်နာသောစစ်သားကိုမူ သူ့နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရန် အမိန့်ပေးလေသည်။ ထို့နောက်မှ ကျွန်တော်တို့ဘက်လှည့်လျက် 'ကိုင်း ရဲဘော်၊ ကိုယ့်ကိုယ်ကို အကျဉ်းသမားအဖြစ်နဲ့ ဝန်ခံတယ်မဟုတ်လား' ဟု မေး၍ ကျွန်တော်က ဝန်ခံကြောင်းပြောရ၏။ 'ကိုင်း၊ ဒါဖြင့် ကျွန်တော်တို့ စစ်တပ်ကို လိုက်ခဲ့ပေတော့'ဟု ပြောလေသည်။ လက္ခဏာမှာ စစ်ဗိုလ်သည် နောက်လိုက် စစ်သားတစ်ယောက်နှင့် ကင်းလှည့်စဉ် တောပုန်းဓားပြများနှင့်တွေ့၍ ကျွန်တော့် ကို ကယ်ခဲ့ခြင်းဖြစ်ဟန်တူ၏။ ထိုနယ်တစ် ဝိုက်တွင် ဗြိတိသျှစစ်တပ်နှင့် တူရကီ စစ်တပ်သည် သူ့နယ်ကိုယ့်နယ် သတ်မှတ်ပိုင်းခြားနိုင်သည်မဟုတ်ဘဲ ကင်းလှည့် သမားအချင်းချင်း မကြာခဏပင် တွေ့ဆုံခြင်းများလည်း ရှိတတ်သည်ဖြစ်ရာ ထိုအကြောင်းကြောင့် ကျွန်တော်နှင့် တူရကီကင်းတပ် တွေ့ဆုံမိကြခြင်း ဖြစ်လေသည်။

တူရကီစစ်ဗိုလ်သည် အင်္ဂလိပ်စကား အတော်အတန် တတ်သည်ဖြစ်၍ ကျွန်တော်နှင့် စကားတပြောပြော သွားကြစဉ် မြင်းစစ်သားတစ်ယောက်က နောက်မှလိုက်ပါလာခဲ့လေသည်။ တူရကီစစ်ဗိုလ်မှာ ကျွန်တော်နှင့် ရွယ်တူလောက် ပင်ရှိ၍ သူနှင့်စကားပြောကြည့်ခြင်းအားဖြင့် စိတ်နေသဘောထား မြင့်မြတ်၍ ဗဟုသုတ အတော်စုံလင်သည်ကို တွေ့ရသည်။ ကျွန်တော်မှာ လက်အောက်ခံ တိုင်းပြည်သားတစ်ယောက်မျှသာဖြစ်၍ ဗြိတိသျှစစ်တပ်တွင် ကော်မရှင်အရာရှိ မဖြစ်နိုင်ဘဲ ဂျမဒါရာထူးမျှသာရှိသော်လည်း ကျွန်တော်နှင့် ရွယ်တူဖြစ်သော တူရကီစစ်ဗိုလ်မှာကား ကိုယ့်မင်းကိုယ်ချင်း တိုင်းပြည်သားဖြစ်၍ ကော်မရှင်အရာရှိ တစ်ယောက်ဖြစ်သောကြောင့် ကျွန်တော့်ထက် ရာထူးကြီးမြင့်ပေသည်။ ကျွန်တော် သည် ဤအခြင်းအရာကို ဆင်ခြင်မိသောအခါ လက်အောက်ခံ တိုင်းပြည်သားဖြစ် ရခြင်း၏ အောက်ကျနောက်ကျရှိသော အဖြစ်ကို ဝမ်းနည်းမိပါသေးသည်။ ယခု လက်ထက်ဆိုပါမူကား ကျွန်တော်၏ ကြံရည်ဖန်ရည်နှင့် သူရသတ္တိများကြောင့် စစ်ဗိုလ်အစစ် ဖြစ်ရုံသာမက ကာနယ်အဆင့်အတန်းထက် နိမ့်ကျနိုင်မည်မဟုတ် ချေ။

ကျွန်တော်နှင့် တူရကီစစ်ဗိုလ်သည် ရှေ့မှ စကားတပြောပြောနှင့် သွား ကြ၍ တစ်ယောက်တည်းသော စစ်သားသည် နောက်မှလိုက်ပါလာရာ သူ၏ မြင်းခြေနှာသောအဖြစ်ကို စစ်ဗိုလ်ကို သတိမရဘဲ လမ်းကောင်းသော နေရာများ၌ တစ်လှည့်တစ်ပတ် မြင်းစိုင်းလာကြသည့်တိုင် နောက်မှလိုက်လာသော စစ်သားမှာ အတော်နောက်ကျကာ ကျန်ရစ်၍ မြင်ပင်မမြင်နိုင်တော့ချေ။

ထိုအခါ ကျွန်တော့်၌ စိတ်ကူးတစ်ခု ဖြစ်ပေါ်လာသည်ကား ကျွန်တော် သည် အဖမ်းခံခြင်းကို ဝန်ခံသော်လည်း ထွက်မပြေးပါဟူ၍ ကတိပေးခြင်း မရှိခဲ့



ချေ။ ဤနေရာတွင် တစ်ယောက်နှင့်တစ်ယောက်ချင်းဖြစ်နေသဖြင့် လွတ်မြောက် နိုင်ဖို့ ကြိုးစားရသော် အလွန်အခွင့်သာသည့်အပြင် ကတိပျက်ကွက်သော လူ တစ်ယောက်ဟူ၍ ကိုယ့်ကိုယ်ကို စွပ်စွဲရန်အကြောင်းလည်း မရှိချေ။

ယင်းအကြံ ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် တူရကီစစ် ဗိုလ်အား တီးခေါက်ကြည့်၏။

တော်။ ။ရဲဘော်။

ဗိုလ်။ ။ဘာလဲ။

တော်။ ။ခုနေအခါမှာ ကျုပ်ထွက်ပြေးရင် ခင်ဗျားဘာတတ်နိုင်သလဲ။

ဗိုလ်။ ။ခင်ဗျား ခေါင်းပြတ်သွားမှာပေါ့။

တော်။ ။ဒါကတော့ ကျုပ်မှာလည်း လက်နက်နဲ့ပဲ။ အပြန်အလှန်လုပ်နိုင်တဲ့ ကိစ္စမဟုတ်လား။

ဗိုလ်။ ။ဒီလိုဆို စမ်းကြည့်လေ။ ဘယ်သူက သာသလဲသိရအောင်။

စစ်ဗိုလ်သည် ဓားကို ဆွဲထုတ်၍ ကျွန်တော်လည်း ထိုနည်းအတူပြုသည်။

တော်။ ။ခင်ဗျား စဉ်းစားပါနော်၊ ဓားခုတ်၊ လှံထိုးဆိုတာ ကျုပ်က အရည် ကျိုသောက်လာခဲ့တဲ့ကောင်။ ခင်ဗျားစိတ်နေသဘောထားကို ကျုပ် သိရသလောက် ကျေနပ်လွန်းလို့ ခင်ဗျားနာသွားအောင် ကျုပ်မလုပ်ချင်ဘူး။

စစ်ဗိုလ်သည် ကျွန်တော်၏ စကားဆုံးအောင် မစောင့်ဘဲ မြင်းနှင့်ပြေး ဝင်ကာ ကျွန်တော်၏ ဦးခေါင်းကို ပိုင်းလိုက်ရာ ကျွန်တော်သည် ဓားချက်ကို တိမ်းရှောင်၍ သူ၏ ဦးခေါင်းပေါ်မှ ဦးထုပ်တစ်ပိုင်းကို ဓားနှင့် လှော်ချလိုက်သည်။ နောက်တစ်ကြိမ် ကျွန်တော်၏ ရင်ဘတ်ကို ချိန်၍ ဓားနှင့်ထိုးပြန်ရာတွင် ဓားသွား ချင်း ခံလိုက်ပြီးနောက် သူ၏ဦးထုပ်အခြားဘက်တစ်ခြမ်းကို လှော်ချလိုက်သည်။

တော်။ ။ကိုင်း၊ မြင်ပြီမဟုတ်လား။ ကျုပ်လုပ်ရင် ခင်ဗျားသေပြီ။ ကိုယ့်ကို မလုပ်ချင်တဲ့ လူတစ်ယောက်ကို ဘာကြောင့် ခင်ဗျားလုပ်ချင်သလဲ။

ဗိုလ်။ ။နားမလည်ဘူး၊ ခင်ဗျား ကျုပ်နဲ့ လိုက်ခဲ့ရမယ်။

တော်။ ။ဒီလိုခေါ်တမ်းဖြင့် ကျုပ်ကလည်း ခင်ဗျားကို လိုက်ဖို့လို့ ခေါ်နိုင်တာ ပေါ့။

ဗိုလ်။ ။နားမလည်ဘူး၊ မလိုက်ဘူးလား။

ယင်းသို့ပြောပြောဆိုဆိုနှင့် စစ်ဗိုလ်သည် ကျွန်တော့်ထံသို့ အတင်းပြေး ဝင်ကာ လည်ပင်းကို ခုတ်ပိုင်းလေရာ ဦးခေါင်းကိုငုံ့ပေးလိုက်သည်နှင့် ဓားသွား သည် ကျွန်တော်၏ နောက်စေ့အနီးမှ ဝိုးခနဲမြည်သွားတော့သည်။ သို့ဆိုလျှင် မဖြစ်နိုင်တော့။ ကျွန်တော်ကလည်း သူ့ကို နာအောင်မလုပ်ချင်။ သူကလည်း

www.burmeseclassic.com

www.burmeseclassic.com



မလျှော့သေးဘဲ ဖြစ်နေရကား ကျွန်တော့်မှာ အခြားနည်းလမ်းမရှိတော့သည်နှင့် ထွက်ပြေးရတော့သည်။ သို့ရာတွင် သူ၏မြင်းသည် ကျွန်တော်၏ မြင်းထက် လျင်မြန်လေရကား မကြာမီ မီလာ၍ ကျွန်တော့်ကိုခုတ်ပိုင်းရန် ကြိုးစားပြန်တော့သည်။

တော်။ ။ဟိုး ဆရာ၊ နေဦး။

ဗိုလ်။ ။ဘာလဲ။

တော်။ ။ခင်ဗျားနဲ့ကျုပ်နဲ့ ကစမ်းမလား။

ဗိုလ်။ ။ဘယ်လိုကစမ်းမှာလဲ။

တော်။ ။ခင်ဗျားနဲ့ကျုပ်နဲ့ အန်စာပစ်မယ်။ အပွင့်ကြီးကြီးပစ်နိုင်တဲ့လူက အနိုင်ယူကြစို့။ ဘယ့်နှယ်လဲ။

ဗိုလ်။ ။ကျုပ် နားမလည်ဘူး၊ ရှင်းပြပါဦး။

စစ်တပ်ထဲ၌ရှိသည့် ကျွန်တော်တို့ ကော်မရှင်အရာရှိမဟုတ်သော ဂျမဒါ၊ ဟာဗိလ်ဒါစသော ဗိုလ်ကလေးများသည် 'ပိုက်ကျူး' ဖဲကစားလေ့ရှိသည်။ ဖဲများကို လေးချပ်စီထပ်ပြီးနောက် လူတစ်ယောက်လျှင် နှစ်ချပ်စီကောက်ယူရပေရာ လေးယောက်ရှိသည့်အနက်တွင် မည်သူက ရှေးဦးစွာ ကောက်ယူရမည်ကို ဆုံးဖြတ်နိုင်ရန်အတွက် ယင်းအန်စာကို အသုံးပြုရသည်။ ကျွန်တော်သည် တောရွာကလေး၌ရှိသည့် လူနာအချင်းချင်း အပျင်းပြေ 'ပိုက်ကျူး' ဖဲကစားကြရာ ထိုနေ့က ကံအားလျော်စွာ ကျွန်တော်၏ ဘောင်းဘီအိတ်ထဲတွင် အန်စာသုံးလုံး ပါလာခဲ့လေသည်။ ဤသို့ပါလာခြင်းမှာလည်း ကျွန်တော်က အန်စာပစ်မည်လုပ်စဉ် ဆရာဝန် ဝင်လာသောကြောင့် ဖဲချပ်တွေကို ဝှက်သူကဝှက်၍ ကျွန်တော်က အန်စာသုံးလုံးကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

တော်။ ။အန်စာပစ်တယ်ဆိုတာ ဟောဒီမှာ အန်စာသုံးလုံးရှိတယ်။ တစ်ယောက်တစ်လှည့်စီ ပစ်ရမယ်။ အပွင့်ကြီးကြီးပစ်နိုင်တဲ့လူက အနိုင်ရတာပေါ့။

ဗိုလ်။ ။အနိုင်ရတော့ ဘယ့်နှယ်လဲ။

တော်။ ။ခင်ဗျားကနိုင်ရင် ခင်ဗျားနောက်ကို ကျုပ်လိုက်ရမယ်။ ကျုပ်က နိုင်ရင် ကျုပ်နောက်ကို ခင်ဗျားလိုက်ခဲ့ရမယ်။

ဗိုလ်။ ။ဟာ၊ ဒီလို ဘယ့်နှယ်ဖြစ်နိုင်မလဲ။ ကျုပ်က ဘာ့ကြောင့်လိုက်ရမှာလဲ။

တော်။ ။ကောင်းပြီ၊ ဒါဖြင့် ဒီလိုလုပ်မယ်။ ခင်ဗျားကနိုင်ရင် ကျုပ်က လိုက်မယ်။ ကျုပ်ကနိုင်ရင် ကျုပ်ကို အနှောင့်အယှက်မပေးရဘူး။ ကျုပ်



သွားလိုရာ သွားခွင့်ပြုရမယ်။

ဗိုလ်။ ။(အနည်းငယ်စဉ်းစားပြီးနောက်)ကောင်းပြီ။ သို့သော် တစ်ခါတည်း မလုပ်နဲ့။ သုံးခါစီပစ်ကြမယ်။ သုံးကြိမ်ပစ်တဲ့အနက် နှစ်ကြိမ်နိုင်တဲ့လူက အနိုင်ယူရမယ်။ ဘယ့်နှယ်လဲ။

တော်။ ။စိန်လိုက်ဗျာ။

ဤတွင် ကျွန်တော်တို့သည် မြင်းပေါ်မှဆင်းကြ၍ လက်ကိုင်ပဝါတစ်ထည် ခင်းပြီးလျှင် တစ်ယောက်တစ်လှည့်စီ အန်စာပစ်ကြလေ၏။ ရှေးဦးစွာ စစ်ဗိုလ်က ပစ်လိုက်ရာ အန်စာသုံးလုံးအနက် နှစ်၊ သုံး၊ လေး ဖြစ်နေ၍ ကိုးပွင့်ရလေ၏။ ထို့နောက် ကျွန်တော်က ပစ်လိုက်ရာ ငါး၊ နှစ်၊ တစ်ဖြစ်နေသဖြင့် ရှစ်ပွင့်သာ ရှိသောကြောင့် ပထမပွဲတွင် ကျွန်တော်ရှုံးလေ၏။ ဒုတိယပွဲတွင် ကျွန်တော်က ရှေးဦးစွာပစ်၍ သုံး၊ နှစ်၊ တစ် ကျသောကြောင့် ခြောက်မျှသာ ရှိနေရကား ကျွန်တော့်မှာ မျက်နှာ၌ သွေးမရှိတော့သလို ဖွေးခနဲ ဖြူသွားသည် ထင်လိုက်ရ၏။ အဘယ့်ကြောင့်ဆိုသော် အများဆုံး ခြောက်၊ ခြောက်၊ ခြောက်၊ တစ်ဆယ့်ရှစ်ဖြစ်နိုင်သည်တွင် ခြောက်ပွင့်တည်းသာ ရသောကြောင့် ရှုံးဖို့လမ်းများနေလေပြီ။ ဤတစ်လက်တွင် ကျွန်တော်ရှုံးလျှင်လည်း တတိယ အကြိမ်ပစ်ရန်ပင်မလို။ သုံးကြိမ်အနက် နှစ်ကြိမ်ရှုံးခြင်းဖြစ်ရာ တစ်ခါတည်း ရှုံးပြီး သူ့နောက်သို့ လိုက်သွားရန်သာ ရှိပေသောကြောင့်ပေတည်း။ တူရကီ စစ်ဗိုလ်လည်း ဤအကြောင်းကို နားလည်သည်နှင့် ပြုံးရွှင်သော မျက်နှာထား နှင့် အန်စာများကို ဦးထုပ်ထဲသို့ ထည့်ပြီး ကောင်းစွာပင် မခလောက်ဘဲ တော်ရိလျော်ရိ ပစ်လိုက်ရာ နှစ်၊ နှစ်၊ တစ် ငါးပွင့်မျှသာရှိ၍ ကျွန်တော်က နိုင်လေတော့သည်။

ဤတွင် တစ်ယောက်တစ်လှည့်စီနိုင်၍ တတိယအကြိမ် (ချွတ်လား) တက်ကြရလေတော့သည်။ ဤတစ်ကြိမ်တွင် တူရကီစစ်ဗိုလ်က ရှေးဦးစွာပစ်ရန် အလှည့်ကျသည်နှင့် အန်စာများကို ဦးထုပ်ထဲသို့ထည့်ကာ တရိတသေခလောက်ပြီးနောက် လက်ကိုင်ပဝါပေါ်သို့ ပစ်ချလိုက်ရာ ခြောက်၊ ခြောက်၊ ငါး တစ်ဆယ့်ခုနစ်ပွင့်ရရှိ၍ ထခုန်လေတော့သည်။ ကျွန်တော်ကား မျက်နှာတွင် ဒုတိယအကြိမ် သွေးဆုတ်သွားရပြန်လေသည်။ ကျွန်တော်သည် အန်စာသုံးလုံးကို ဦးထုပ်ထဲသို့ ကောက်ထည့်စဉ် လက်ချောင်းကလေးများ တုန်လျက်ရှိပါတော့သည်။ မတုန်ဘဲ နေမည်လော။ ဆယ့်ခုနစ်ပွင့်ကိုရှုံးရန် ဆယ့်ခုနစ်လမ်း ရှိ၍ နိုင်ဖို့မှာမူ ဆယ့်ရှစ်ပွင့် တစ်လမ်းတည်းသာ ရှိပေသကိုး။

ကျွန်တော်သည် နတ်သိကြားဆို၍ အယုံအကြည်မရှိခဲ့သော်လည်း ထိုအခါ၌မူ 'ရေနစ်သောသူသည် ကောက်ရိုးမျှင်ကိုဆွဲသေးသည်' ဆိုသော အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



စကားပုံအတိုင်း ဦးထုပ်ကို ဦးခေါင်းထက်သို့မြှောက်လျက် 'ရှင်သိကြားနှင့်နတ်များဒေဝါ ကူညီဝိုင်းလို့ မှိုင်းမတော်မူကြပါ' ဟု တတွတ်တွတ် ရွတ်ဆိုကာဖြင့် အန်စာများကို လက်ကိုင်ပဝါပေါ်သို့ လိမ့်ချ၍ ကြည့်သောအခါ နှလုံးသားသည် ရင်ဘတ်ကို ဒိုင်းခနဲ ဝင်ဆောင့်လေတော့၏။ အကြောင်းမူကား အန်စာသုံးလုံးအနက် နှစ်လုံးသည် တစ်လုံးပေါ်တွင် တစ်လုံးထပ်ဆင့်လျက် တည်နေ၍၊ မြင်ရသောအန်စာနှစ်လုံး၏ မျက်နှာများတွင်လည်း ခြောက် ခြောက် ဖြစ်နေသောကြောင့်ပေတည်း။ ထိုအခါ အခြားအန်စာအောက်သို့ ရောက်နေသဖြင့် မျက်နှာကို မမြင်ရသေးသော အန်စာတစ်လုံး ကျန်ရှိသေးရာ ကျွန်တော်သည် တုန်ယင်သော လက်ချောင်းများဖြင့် အပေါ်ယံ၌ တင်နေသော အန်စာကိုဖယ်ရှားလိုက်စဉ်တွင် တူရကီစစ်ဗိုလ်မှာ မြင်လိုလှသောဇောဖြင့် မြေကြီးပေါ်တွင် လေးဘက်ထောက်လျက် ကြည့်နေတော့သည်။ အောက်၌ ပေါ်လာသော အန်စာမျက်နှာတွင် အစက်ကလေးခြောက်ခုကို မြင်လိုက်ရရုံနှင့် ကျွန်တော်သည် ဝမ်းသာအားရနှင့် ထခုန်မည်လုပ်ဆဲတွင်–

'ဟော့လူတွေ ဘာလုပ်ကြတာလဲ'

ဟူသော အသံကို ကြားသည်နှင့် ကျွန်တော်နှင့် တူရကီစစ်ဗိုလ်တို့ အလန့်တကြား လှည့်ကြည့်လိုက်ရာတွင် တူရကီစစ်ဗိုလ်ကြီး လေးငါးယောက် မြင်းကိုယ်စီနှင့် ရောက်နေကြသည်ကို တွေ့မြင်ရလေတော့၏။ ယင်းတို့အနက် ရှေ့ဆုံးမှ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် အသက် ၅၀ ခန့်ရှိသောပုဂ္ဂိုလ်မှာ စစ်ဗိုလ်ချုပ်ကြီးနှင့် တူသည်ဟု ကျွန်တော်အကဲခတ်မိစဉ် ကျွန်တော့်အနီးမှ စစ်ဗိုလ်၏ ဒူးတုန်ခြင်းကို မြင်သဖြင့် ဟုတ်မှန်ကြောင်း သိရလေသည်။ ဗိုလ်ချုပ်က မေး၍ စစ်ဗိုလ်က ကျွန်တော်တို့၏ အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ပြောပြရာတွင် ဗိုလ်ချုပ်သည် အလွန်ခက်ထန် တင်းမာသော မျက်နှာထား ဖြစ်ပေါ်လာ၍ 'ကင်းလှည့်ရင်း ကြွေအန်ကစားတဲ့ လူပဲကွာ၊ ကောင်းပြီ၊ လာ လိုက်ခဲ့ကြ' ဟု ဆိုကာ လှည့်သွားလေသည်။ ကျွန်တော့်မှာလည်း ခြောက်သုံးလုံးကျ၍ အနိုင်ရပါလျက် လွတ်လပ်ခွင့်တောင်းရန်ပင်မဝံ့ပဲ တူရကီစစ်ဗိုလ်များနှင့်အတူ လိုက်ပါသွားရပါတော့သတည်း။

●

# ထောင်မှ ထွက်ပြေးခြင်း

ကျွန်တော်သည် ကြွေအန်ကစားခြင်း၌ အနိုင်ရပါလျက် တူရကီစစ်ဗိုလ်နှင့် ကံအားလျော်စွာ ပက်ပင်းပါတွေ့သဖြင့် လက်ရဖမ်းဆီး၍ အခြားသော စစ်သုံ့ပန်းများနှင့်အတူ ကွန်စတင်တီနိုပိုလ်မြို့တော်အနီး၌ရှိသော စစ်ထောင်ကြီးသို့ ပို့ဆောင်ကာ အချုပ်အနှောင်ခံရပါသည်။ စစ်ဟူသည်မှာ တစ်ဘက်က မည်မျှပင် အရေးသာနေစေကာမူ မတော်တဆ အဖမ်းခံခဲ့ရသော စစ်သုံ့ပန်းဟူသည်မှာ နှစ်ဘက်စလုံး၌ပင် ရှိစမြဲဖြစ်၏။ ကျွန်တော့်ကို လက်ရ ဖမ်းမိသော အချိန်အခါကမူ မဟာမိတ်တို့ဘက်မှ အရေးနိမ့်၍ ဂျာမနီနှင့် တူရကီတို့ဘက်မှ အရေးသာလျက်ရှိသောကြောင့် မဟာမိတ်တို့ လက်တွင်း၌ ရှိသော သုံ့ပန်းများထက် ရန်သူများဘက်၌ သုံ့ပန်းများက ပိုမိုများပြားလိမ့်မည် ထင်ပါသည်။

ကွန်စတင်တီနိုပိုလ် စစ်ထောင်သို့ ကျွန်တော်နှင့်အတူ တင်ပို့သော သုံ့ပန်းပေါင်း ၁၀၀ ကျော်ခန့်ရှိ၍ ယင်းတို့အနက်တွင် ပန်ချာပီစစ်သားများ၊ ဂေါ်ရခါးစစ်သားများ၊ ဗြိတိသျှဂေါ်ရာ အနည်းငယ်တို့ ပါဝင်၍ မြန်မာဆိုလျှင် ကျွန်တော်တစ်ယောက်တည်း ရှိနေ၏။ သို့ရာတွင် စစ်ထောင်သို့ ရောက်ကြသောအခါ၌မူကား သုံ့ပန်း သုံးထောင်ထက်မနည်း တွေ့ရ၍ မြန်မာလူမျိုး လေးငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



ပါရှိလေသည်။ ဗြိတိသျှသုံ့ပန်းများအနက် ကော်မရှင်အရာရှိခေါ် စစ်ဗိုလ်များမှာ ထွက်မပြေးပါဟု ကတိပေးခဲ့လျှင် မြို့ထဲ၌ နေထိုင်ခွင့် ရှိကြလေသည်။ ကျွန်တော်ကဲ့သို့သော ဂျမဒါ၊ ဆူဗဒါ စသည့်အောက်တန်း စစ်ဗိုလ်များမှုကား အဆိုပါ စစ်ထောင်အတွင်း၌ ချုပ်နှောင်ထား၏။ အချို့သော ဗြိတိသျှစစ်ဗိုလ်များမှာ မြို့တော်ကြီးထဲ၌ တခမ်းတနား နေထိုင်ကြစဉ် ယင်းမြို့သူများနှင့် ချစ်ကြိုက်၍ စစ်ပြီးသောအခါ၌ ထိမ်းမြားလက်ထပ်ကြခြင်းများပင် ကြားရဖူးလေသည်။

စစ်ထောင်ကြီးမှာ ကျောက်များဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံကြီးဖြစ်၍ ကျောက်တံတိုင်း နှစ်ထပ်ကာရံထား၏။ စစ်ထောင်ကြီးအတွင်း၌ အခန်းကြီး၊ အခန်းကလေးနှစ်မျိုးရှိလေရာ သာမန်စစ်သားများမှာ အခန်းကျယ်ကြီး၌ သုံးလေးဆယ်မျှ ရောနှောနေထိုင်ကြရ၏။ ကျွန်တော်ကဲ့သို့သော အောက်တန်းစား စစ်ဗိုလ်ကလေးများမှာမူ အခန်းကလေးများတွင် နှစ်ယောက်တစ်တွဲ နေထိုင်ကြရလေသည်။ ကျွန်တော့်တွင် အခက်အခဲကြုံတွေ့သောအခါများ၌ စိတ်နှလုံးကို ဒုန်းဒုန်းချ၍ လက်လျှော့တတ်သော ဝါသနာ မရှိသောကြောင့် ယင်းစစ်ထောင်သို့ ရောက်သည့်နေ့မှစ၍ ထွက်ပြေးလွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းများကို အစဉ်မပြတ် စိတ်ကူးထုတ် လျက်ရှိ၏။ သို့ရာတွင် အလွန်တောင့်တင်းခိုင်ခံ့သော ကျောက်တိုက်ကြီးအတွင်း ကျောက်တံတိုင်းနှစ်ထပ်ကာရံ၍ နေ့ညဥ့်မပြတ် လက်နက်ကိုင် စစ်သားများ စောင့်ကြပ်လျက်ရှိသည် ဖြစ်သောကြောင့် လွတ်မြောက်ရန်အရေးမှာ သေးကွေးသော ကိစ္စမဟုတ်ချေ။

သို့ရာတွင် ဂျမဒါကိုကိုကြီးသည် ဂျမဒါကိုကိုကြီးသာဖြစ်၍ မည်မျှလောက် ခဲယဉ်းသောကိစ္စပင်ဖြစ်စေကာမူ လွတ်မြောက်ရန် အကြံမထုတ်ဘဲ လည်စင်း၍ ခံလိမ့်မည်မဟုတ်ချေ။ အခန်းငယ်ကလေးအတွင်း၌ ကျွန်တော်နှင့် အတူနေရသော အကျဉ်းသမားမှာ ပန်ချာပီလူမျိုး နာတာဆင်းအမည်ရှိ ဂျမဒါ အရာရှိဖြစ်လေရာ အကျဉ်းထောင်သို့ ရောက်ပြီးနောက် နှစ်ရက်၊ သုံးရက်လောက် ရှိလျှင်ပင် ကျွန်တော်သည် ထိုသူကို တီးခေါက်စုံစမ်းလေတော့သည်။ နာတာဆင်းမှာ မှုန်တေတေ လူတစ်ယောက်ဖြစ်၍ ထိုသူနှင့် အဖော်ညှိရသည်မှာ မလွယ်ကူလှချေ။ ထွက်ပြေးဖို့ တိုင်ပင်သောအခါတွင် နာတာဆင်းသည် ပထမ၌ ပစ်ပစ်ခါခါ ငြင်းပယ်၏။ စစ်သုံ့ပန်းဆိုသည်မှာ အလုပ်ကြမ်းလုပ်ရသော ရာဇဝတ်ကောင် မဟုတ်။ သုံ့ပန်းချင်းလဲလှယ်သောတစ်နေ့၌ ဧကန်မုချ လွတ်ရမည်။ အကယ်၍ ထွက်ပြေးရန်ကြိုးစားခဲ့ပါမူ သေနတ်နှင့် ပစ်၍ သော်လည်းကောင်း ဖမ်းနိုင်သည်။ မတော်တဆ မိသွားပါလျှင်လည်း မြေတိုက်ထဲတွင် အမှောင်ချ၍ လှောင်ထားနိုင်သည်ဖြစ်၍ အလုပ်မလုပ်ဘဲ ထမင်းနပ်မှန်စားနေသောအဖြစ်မှ လွတ်မြောက်



အောင် ကြိုးစားရန် အလိုမရှိပြီဟု နာတာဆင်းက ပြော၏။ နာတာဆင်း အလိုမတူခဲ့လျှင် ကျွန်တော်တစ်ယောက်တည်း ဆောင်ရွက်ရန် မဖြစ်နိုင်သောကြောင့် ကျွန်တော်သည် ထိုသူအား နေ့ရောညဉ့်ပါ ကပ်၍နှူးရလေတော့သည်။ နာတာဆင်းသည် အတန်တန် ငြင်းပယ်ရာမှ တစ်နေ့တွင် ကျွန်တော်မျှော်လင့်ဘဲ သူ့အလိုအလျောက် ဝမ်းသာအားရ သဘောတူသည်ကို တွေ့ရသဖြင့် ဝမ်းသာမိပါသည်။ ထိုနေ့မှစ၍ ကျွန်တော်တို့သည် လွတ်မြောက်ရေးအတွက် အလုပ်လုပ်ကြလေတော့သည်။

ကျွန်တော်သည် နံရံကိုလည်းကောင်း၊ ကြမ်းကိုလည်းကောင်း၊ ခေါင်မိုးကိုလည်းကောင်း တီးခေါက်စုံစမ်းရာ အလွန်တရာ ခိုင်မာတောင့်တင်းသည်ကို တွေ့ရ၏။ တံခါးမှာ သံပန်းတံခါးဖြစ်၍ အပြင်မှ အစောင့်အကြပ်များက ချောင်းကြည့်နိုင်ရန်အတွက် ခြောက်လက်မခန့် ပတ်လည်ကျယ်ဝန်းသည့် အပေါက်ငယ်တစ်ခုရှိ၏။ စားစရာပေးသွင်းသော အချိန်မှတစ်ပါး အစောင့်အကြပ်များသည် အခန်းတွင်းသို့ မဝင်ဘဲ ယင်းအပေါက်ငယ်မှပင် ချောင်းကြည့်လေ့ရှိ၏။ အခန်းတွင်း၌ကား သံခုတင်နှစ်ခုနှင့် ထိုင်ခုံနှစ်ခုမှတစ်ပါး အခြားအိမ်ထောင်သုံးပစ္စည်း မရှိချေ။ နံရံတစ်ဖက်၌ကား ရေအိုးလုံးခန့်ကျယ်ဝန်းသော ပြတင်းပေါက်ဝိုင်းတစ်ခုရှိရာ အလယ်တွင် သံတိုင်တစ်ချောင်း စိုက်ထား၏။ ပြတင်းပေါက်သည်ပင်လျှင် လူတစ်ယောက်မထွက်သာအောင် အလွန်ကျဉ်းမြောင်းရသည့် အထဲတွင် အလယ်၌ သံတိုင်ရှိသေးသဖြင့် ထွက်ပေါက်အဖြစ်နှင့် မျှော်လင့်ရန် ခဲယဉ်းလှသည်။ သို့ရာတွင် အပေါက်လုံးဝမရှိဘဲ နပင်းပိတ် ဖြစ်နေသော အခြားသော နံရံများထက် အပေါက်ငယ်ရှိသော နံရံသည် မျှော်လင့်ဖွယ်ရှိသည်ဟု ကျွန်တော်စဉ်းစားမိ၏။ ထို့ပြင်လည်း တစ်ဘက်တစ်ချက်၌ ရှိသော အခြားနံရံများမှာ အခြားသော အကျဉ်းခန်းများနှင့် ခြားထားခြင်းများသာ ဖြစ်သောကြောင့် အကယ်၍ဖောက်ထွင်းကျော်ထွက်သွားနိုင်စေကာမူ အကျဉ်းထောင်တစ်ခန်းမှ အခြားတစ်ခန်းသို့ ရောက်သွားရုံသာ ရှိမည်ဖြစ်သဖြင့် အကြောင်းထူးလှမည် မဟုတ်ချေ။

သို့ဖြစ်၍ ကျွန်တော်သည် ဤထောင်မှထွက်လိုခဲ့လျှင် သံတိုင်စိုက်ထားသော ပြတင်းပေါက်ဝိုင်းမှတစ်ပါး အခြားနည်းလမ်းမရှိပြီဟူ၍ ဆုံးဖြတ်ချက်ချလိုက်၏။ ယင်းအပေါက်ဝိုင်းမှ ထွက်နိုင်သည့်နောက် ဆယ့်နှစ်ပေခန့်မြင့်သော အုတ်တံတိုင်းနှစ်ထပ်ရှိသေးသည်မှန်သော်လည်း နောင်ခါလာ နောင်ခါချေးဆို၍ အပေါက်ဝိုင်းမှ လွတ်မြောက်ရန်အတွက်ကိုသာ ရှေးဦးစွာ ကြိုးပမ်းလေတော့သည်။ ကျွန်တော်သည် သံခုတင်မှ တစ်မိုက်ခန့်ရှိသော သံနန်းစတစ်ခုကို ရှေးဦးစွာ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ယူ၏။ ဤအလုပ်သည်ပင်လျှင် သုံးရက်ခန့်ကြာရလေသည်။ ယင်းသံနန်းစကို ရရှိသောအခါ ပြတင်းပေါက်ဝိုင်းတွင် သံတိုင်၏ အထက်ပိုင်းနှင့် အောက်ပိုင်း၌ ရှိသော အင်္ဂတေများကို ခြစ်ကော်၍ထုတ်၏။ နာတာဆင်းမှာ စိတ်ပါလက်ပါ အလုပ်မလုပ်သောကြောင့် ကျွန်တော်သာလျှင် နေ့ရောညဉ့်ပါ ကြိုးစားပမ်းစား လုပ်ရသဖြင့် လက်ဖဝါးများ ပေါက်ပြဲကုန်လေပြီ။ ခြေသံကြားသောအခါများတွင် ထိုင်ခုံပေါ်၌ ငြိမ်ဝပ်စွာထိုင်၍ စားစရာပို့သောအချိန်များတွင်လည်း အင်္ဂတေမှုန့်များကို ကောက်ရိုးမွေ့ရာအောက်သို့ ထိုးသွင်းကာ ဝှက်ထားရ၏။ ဤသို့ဖြင့် ရက်ပေါင်းအတန်ကြာ အလုပ်လုပ်သောအခါ တစ်ညသ၌ သံတိုင်သည် တနဲ့နဲ့ လှုပ်ရာမှ တစ်ချက်ဆောင့်ဆွဲလိုက်သောအခါတွင် လက်ထဲသို့ ပါလာတော့သည်။

သံတိုင်ပြုတ်သော်လည်း ရေအိုးလုံးခန့်ရှိသော အပေါက်ဝိုင်းမှ မည်ကဲ့သို့ ထွက်နိုင်မည်နည်းဟု မေးဖွယ်ရာရှိ၏။ စင်စစ်မှာ ဤသံတိုင်ကို ရခြင်းသည် ကျွန်တော့်အဖို့ အသုံးနှစ်မျိုးဝင်၏။ လွတ်မြောက်ရေးအတွက် ကိရိယာ တန်ဆာ လည်းဖြစ်၍ ခုခံရန်အတွက် လက်နက်လည်းဖြစ်နိုင်သည်။ လွတ်မြောက်ရေး ဟူသည်မှာ ပြတင်းပေါက်ကို ချဲ့ရန်ဖြစ်၍ ခုခံရေးဟူသည်မှာ ဤအပေါက်မှ ထွက်ပြီးနောက် မတော်တဆ မိသွားခဲ့လျှင် သေသည့်အထိ ခုခံရန်ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်တော်သည် ပြတင်းပေါက်ဝိုင်းအောက်၌ရှိသော ကျောက်တုံးကို ရှေးဦးစွာ ကလော်၍ ထုတ်ရန် ကြိုးစားရလေတော့သည်။ ဤအလုပ်မှာ လွယ်ကူသည် မဟုတ်ချေ။ ဖရဲသီးလုံးခန့်ရှိသော ကျောက်တုံး၏ ပတ်ဝန်းကျင်၌ ကျောက်သဖွယ်ခိုင်မာသော အင်္ဂတေများ တွယ်ကပ်လျက်ရှိရာ ကျွန်တော်သည် သံတိုင်တစ်ဖက်တွင် ပါရှိသော အချွန်ဖြင့် အင်္ဂတေကို တူးခြစ်ရသည်။ နေ့ခင်း အချိန်၌ ခြေရာလက်ရာမပျက်အောင် ပြုလုပ်ထား၍ ညအချိန်များတွင် အထူး ကြိုးစားကာ လုပ်ကိုင်ရ၏။ ရက်သတ္တ သုံးပတ်ခန့်ကြာသောအခါ တစ်ညသ၌ ကျွန်တော်သည် ကျောက်တုံးကို ဆွဲနုတ်နိုင်သဖြင့် လူတစ်ကိုယ်ဆံ့သော အပေါက် တစ်ခု ဖြစ်လာခဲ့လေပြီ။

ယင်းအပေါက်မှ လျှိုးထွက်သည့်အခါ အပြင်ဘက်၌ရှိသော ဝင်းကြီးထဲသို့ ရောက်နိုင်တော့မည်ကား သေချာ၏။ သို့ရာတွင် ဝင်းကြီးထဲမှတစ်ဖန် တံတိုင်းနှစ်ထပ်အပြင်သို့ ကျော်ထွက်နိုင်ရန်ကိစ္စလည်း ရှိဦးမည်ဖြစ်၏။ ဤ အတွက်ကိုလည်း ကြိုတင်စိတ်ကူးပြီး ဖြစ်လေသည်။ စင်ဂစ်မှာ စစ်ထောင်ထဲ၌ အကြံဉာဏ်ထုတ်ရခြင်းသည် ကျွန်တော့်အဖို့ အခက်အခဲတစ်ခု ဖြစ်၏။ အဘယ် ကြောင့်ဆိုသော် ကျွန်တော်တို့ အကျဉ်းသမားများအား စားစရာလောက်သာ ပေး၍ ဉာဏ်ရွှင်စေတတ်သည့် ရမ်အရက်မျိုး မပေးသောကြောင့်ပေတည်း။



ဗြိတိသျှစစ်တပ်၌ အမှုထမ်းစဉ်ကမူ ကျွန်တော်သည် 'ရမ်'နှစ်ခွက်မျှ သောက် ပြီးသည့်နောက် စစ်ပရိယာယ်နှင့်ပတ်သက်၍ အကြံထုတ်လိုက်သည့်အခါများ တွင် ရန်သူ တူရကီနှင့် ဂျာမန်များကို နေ့ချင်းညချင်း ချေမှုန်းနိုင်လောက်သည့် စိတ်ကူးဉာဏ်သည် ကျွန်တော်၏ဦးနှောက်ထဲ၌ အညွန့်အညှောက် ပေါက်ခဲ့ဖူး ပါသည်။ ကျွန်တော့်အား ဂျမဒါရာထူး၌ မထားဘဲ လက်ဖတင်နင်ဂျင်နရယ်၊ သို့မဟုတ် ဂျင်နရယ်စစ်ဗိုလ်ချုပ်ရာထူး၌ ခန့်ထားပါမူ ကျွန်တော်သည် ထိုအချိန် များ၌ ဦးနှောက်ထဲမှ ပေါ်ပေါက်သည့် စိတ်ကူးဉာဏ် အညွန့်အညှောက်များ ဖြင့် ကမ္ဘာစစ်အခြေအနေကို တစ်လနှစ်လအတွင်း ပြောင်းလဲနိုင်မည် ဧကန်ဖြစ် ပါသည်။ ကျွန်တော်၏ တစ်သက်တာ၌ ကံဆိုးသောအချက်သည်ကား ကျွန်တော် ၏ ရဲစွမ်းသတ္တိလောက်ကိုသာ လူသိကြ၍ အညွန့်အညှောက်ပေါက်တတ်သော ကျွန်တော်၏ စိတ်ကူးဉာဏ်အကြောင်းကို ကမ္ဘာက မသိကြခြင်းပင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ထိုအချိန်၌မူ ကျွန်တော်သည် 'ရမ်'တည်းဟူသော ရေသွန်းမှု မရှိဘဲ ဉာဏ်ညွန့်ပေါက်အောင် ညှစ်ထုတ်ရပါတော့သည်။

အတွင်းဘက်၌ရှိသော ကျောက်တံတိုင်းမှာ ဖော်ပြခဲ့သည့်အတိုင်း ဆယ့် နှစ်ပေခန့်မြင့်၍ ထိပ်တွင် သံချွန်များ စိုက်ထောင်ထား၏။ အပြင်တံတိုင်းမှာမူ အတွင်းတံတိုင်းမှ တံခါးဖွင့်ထားသောအခါများ၌သာ မြင်ရသော်လည်း ဤ အတိုင်းမြင့်၍ ထိုနည်းတူ သံချွန်များ စိုက်ထောင်ထားသည်ဟု သိရ၏။ တံတိုင်း နှစ်ခု၏ အကြား၌ ပေနှစ်ဆယ်ခန့် ကွာခြား၍ တံခါးပေါက်များ၌ စန်ဒရီများ စောင့်လျက်ရှိလေသည်။ ကျွန်တော်၏ စိတ်ကူးမှာ ပန်ချာပီနာတာဆင်းသည် အရပ် ခြောက်ပေခန့် မြင့်သည်ဖြစ်၍ ယင်း၏ ပခုံးထက်မှ သံချွန်များကို လှမ်းဆွဲ နိုင်ခဲ့လျှင် ကျွန်တော့်အဖို့ တံတိုင်းပေါ်သို့ ရောက်ရန် ခဲယဉ်းမည်မဟုတ်ချေ။

သို့ရာတွင် တံတိုင်းပေါ်သို့ ကျွန်တော်ရောက်ပြီးနောက် နာတာဆင်း အတွက် မည်သို့ပြုချေမည်နည်း။ အရပ်ခြောက်ပေမြင့်၍ အရပ်နှင့်လိုက်အောင် ကိုယ်လုံးကြီးသော နာတာဆင်းကို တံတိုင်းပေါ်သို့ရောက်အောင် ဆွဲတင်နိုင်ပါ မည်လော။ နာတာဆင်းမှာ ချစ်ခင်ကြင်နာဖွယ် ကောင်းသူတစ်ယောက်မဟုတ်။ မှန်တေတေ လူစားမျိုးဖြစ်သော်လည်း ကျွန်တော်၏ ဝါသနာမှာ တံတိုင်းပေါ်သို့ ရောက်ပြီးသည့်နောက် နာတာဆင်း၏ လွတ်မြောက်ရေးအတွက် ကူညီရန် မတတ် နိုင်လျှင် ကျွန်တော်တစ်ယောက်တည်း ကိုယ်လွတ် ရုန်းလိမ့်မည်မဟုတ်။ တံတိုင်း ပေါ်မှ ပြန်ဆင်းလာမည်သာ ဖြစ်လေသည်။ သို့ရာတွင် နာတာဆင်းမှာမူ ဤ ကိစ္စအတွက် စိုးရိမ်ပူပန်သည့် လက္ခဏာမရှိသဖြင့် သူ့မှာလည်း စိတ်ကူးပြီး ရှိသည်ဟုပင် ကျွန်တော် မျှော်လင့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသော အခြားကိစ္စတစ်ခုမှာ ကျွန်တော်တို့၏ ပြတင်းပေါက်အောက်၌ ညတိုင်း စန်ဒရီစောင့်လျက်ရှိရာ မည်သည့်စန်ဒရီအလှည့်တွင် ထွက်ပြေးသင့်သည်ဟု ရွေးချယ်ရန်ဖြစ်၏။ စန်ဒရီများမှာ ပုံသေမရှိဘဲ ပြောင်းလဲနေခြင်းမရှိစေခြင်းငှာ နှစ်နာရီတိုင်း လူလဲလှယ်ပေးသည် ဟူ၍လည်း ကျွန်တော်သိရ၏။ ကျွန်တော်သည် ပြတင်းပေါက်အောက်၌ စောင့်သော စန်ဒရီများကို ညတိုင်း အကဲခတ်လေ့ရှိသောကြောင့် တစ်ယောက်နှင့်တစ်ယောက် မတူခြင်းကို သိရ၏။ အချို့သော စန်ဒရီများမှာ အလွန်ဖျတ်လတ်နိုးကြား၍ လူကိုမဆိုထားနှင့် ကြွက်တစ်ကောင် ဝင်လျှင်ပင် ယင်းဝင်းကြီးကို ထိုသူမမြင်အောင် ဖြတ်ကူးရန် ခဲယဉ်းပေလိမ့်မည်။ အချို့မှာလည်း သေနတ်ကို ထောက်ကာ နံရံကိုမှီလျက် စိတ်ချလက်ချ အိပ်လေ့ရှိ၏။ စန်ဒရီများအနက် ဝဝတုတ်တုတ်နှင့် ဝမ်းဗိုက်ပူသော စန်ဒရီတစ်ယောက်မှုကား နှစ်နာရီမျှသော အလှည့်အတွင်း နံရံကိုမှီကာ တခေါခေါနှင့် အိပ်မောကျတတ်သောကြောင့် ကျွန်တော်က ယင်း၏ ခြေရင်းသို့ အင်္ဂတေအစအနများ ပစ်ချစမ်းခြင်းကိုပင် ထိုသူမနိုးချေ။ ကျွန်တော်၏ ကံကောင်းခြင်းတစ်ချက်မှာကား ထွက်ပြေးရန် ရက်သတ်မှတ်ထားသည့် ည၌ဆယ်နာရီနှင့် နာရီပြန်နှစ်ချက်အတွင်း၌ ဗိုက်ပူသော စန်ဒရီ၏ အလှည့်ကျခြင်းပင်ဖြစ်လေသည်။

ကျွန်တော်လည်း ပြတင်းပေါက်မှ ကျောက်တုံးကို ထုတ်ကော်နိုင်သော်လည်း အချိန်မသင့်သေးသဖြင့် သန်းခေါင်တိုင်အောင် စောင့်နေရပေရာ ကျွန်တော်၏ တစ်သက်တာ၌ ထိုည၌တစ်ဝက်ကဲ့သို့သော ညတာရှည်ခြင်းကို တစ်ခါမျှ မကြုံဖူးချေ။ ကျွန်တော်၏ အဖော် နာတာဆင်းမှာမူ ကျွန်တော်ကဲ့သို့ ဖျပ်ဖျပ်လူးအမူအရာမျိုးမရှိဘဲ သူ၏ ခုတင်စွန်း၌ထိုင်ကာလက်သဲကို ကိုက်ရင်း ကျွန်တော့်အား တစ်ချက်တစ်ချက် လှမ်းကြည့်လျက် စိတ်ကူးတွေးတော နေလေတော့သည်။

တော်။ ။(သူ၏ပခုံးကိုကိုင်လျက်) ကြိတ်လိုက်ကွ သူငယ်ချင်း၊ တစ်လအတွင်း ကိုယ့်ဌာနီ ပြန်ရောက်တော့မယ်ဗျ။

ဆင်း။ ။ ဒါက ကိစ္စမရှိပါဘူး။ ထောင်ထဲက ထွက်ပြီး ခင်ဗျား ဘယ်ဘက်ပြေးမှာလဲ။

တော်။ ။ ဘယ်ဘက်ပြေးရမှာလဲ သူငယ်ချင်း၊ ကမ်းခြေဘက်ကို ပြေးမှာပေါ့။

ဆင်း။ ။ကမ်းခြေမရောက်ဘဲနဲ့ မြေတိုက်ထဲ ရောက်သွားပါဦးမယ် ခင်ဗျာ။

တော်။ ။စစ်သားဆိုတာမျိုးဟာ ကမ္ဘာသကာလပ်ရတဲ့အခါမှာ အကောင်းဘက်ကို တွက်မှပေါ့ဗျ။ လူညံ့များသာ အဆိုးဘက်လှည့်ပြီး တွက်လေ့ရှိတယ်။



နာတာဆင်းသည် သူ့အား လူညံ့ဆိုခြင်းအတွက် မျက်နှာပျက်သွား၏။ မှန်တေတေလူတစ်ယောက်အဖို့မှာ ဤကဲ့သို့ သွေးဆူခြင်းသည် ဖျတ်လတ်သွက်လတ်ခြင်းကို ဖြစ်စေသည်ဟု ကျွန်တော်ယူဆသည်နှင့် သဘောကျမိ၏။ နာတာဆင်းကမူ ကျွန်တော်၏ ဦးခေါင်းကို ရေချိုင့်ဖြင့် ရိုက်ခွဲတော့မည်ကဲ့သို့ လှမ်းကိုင်လိုက်ပြီးမှ လက်ကိုရုတ်သိမ်း၍ လက်သီးကိုကိုင်းကာ ကျွန်တော့်အား မျက်စောင်းထိုး ကြည့်လေသည်။

ကျွန်တော်တို့ထွက်ပြေးမည့်ည၌ လေတဟူးဟူး တိုက်ခတ်လျက်ရှိရာမှ ည၌နက်လေလေ ပြင်းထန်လေလေရှိပြီးလျှင် ကောင်းကင်တစ်ခုလုံးမှာလည်း အုံ့မှိုင်းလျက်ရှိ၏။ပြတင်းပေါက်မှ မျှော်ကြည့်လိုက်သောအခါ ကောင်းကင်ပြင်၌ကြယ်တစ်လုံးမျှ မမြင်ရဘဲ တိမ်ပုပ်များ ပြေးလွှားလျက်ရှိသည်ဟူ၍သာလျှင် ခန့်မှန်းနိုင်၏။ ယင်းနောက် မိုးပေါက်များကျလာ၍ မိုးရောလေပါ နံရံကို ပြင်းထန်စွာ ရိုက်ခတ်သဖြင့် တရှီးရှီး၊ တဗိုးဗိုးမည်သောအသံများကြောင့် ကျွန်တော်တို့မှာ စန်ဒရီများ လမ်းလျှောက်သည့် ခြေသံကို မကြားနိုင်ချေ။ သူတို့ကို ငါကမကြားနိုင်လျှင် ငါတို့ကိုလည်း သူတို့ ကြားနိုင်မည်မဟုတ်ဟု ကျွန်တော်စဉ်းစား၏။ အဆောက်အအုံအတွင်း၌ စောင့်သော ထောင်မှူးသည် ကျွန်တော်တို့၏ အခန်းအတွင်းသို့ သံတံခါးပေါက်မှာ နောက်ဆုံးအကြိမ် ချောင်းကြည့်ပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ထွက်ပြေးရန်အတွက် ပြင်ဆင်လေသည်။

ကျွန်တော်သည် ပြတင်းပေါက်မှ သံတိုင်ကိုဖြုတ်၍ ကျောက်တုံးကို ထုတ်ဖော်လိုက်သဖြင့် အပေါက်ကျယ်လာရာတွင် နာတာဆင်းအား ရှေ့မှ ထွက်ရန်ပြော၏။ နာတာဆင်းကမူ 'ခင်ဗျားရှေ့ကထွက်ပါ' ဟုဆိုကာ ငြင်းပယ်၏။ ဤတွင် ကျွန်တော်သည် သံတိုင်ကိုကောက်ယူ၍ ပြတင်းပေါက်သို့ ဦးခေါင်းလျှိုကာ အပြင်သို့ထွက်ရန် ကြိုးစားလေသည်။ ကျောက်တုံးတစ်တုံး ထုတ်နုတ်ထားသဖြင့် အတော်အတန် ကျယ်ဝန်းစေကာမူ ပေါင်ချိန် ၁၆၀ ကျော်သော ကျွန်တော့်ကိုယ်လုံးဖြင့် တိုးလျှိုးရန်မှာ လွယ်ကူသောကိစ္စ မဟုတ်သောကြောင့် ကိုယ်ကျုံ့ကာ တဖြည်းဖြည်း တွန့်လိမ်လျက် ထွက်ရလေသည်။ ဦးခေါင်း၊ ပခုံးနှင့်တကွ ကျွန်တော်၏ကိုယ်တစ်ပိုင်းသည် အပြင်သို့ ရောက်၍ အောက်ပိုင်းသာလျှင် အခန်းထဲ၌ ကျန်နေစဉ် ကျွန်တော်၏ ခြေနှစ်ဖက်ကို ဆတ်ခနဲ ကိုင်ဖမ်းလျက် 'လာကြပါ၊ လာကြပါ၊ လူတစ်ယောက် ထွက်ပြေးနေပါပြီ'ဟု နာတာဆင်းက ဟစ်အော်လိုက်တော့သည်။

ကျွန်တော်၏ ဦးနှောက်သည် အခါခပ်သိမ်း လျင်မြန်စွာ စဉ်းစားတတ်သည်ဆိုစေကာမူ အရေးကြုံသောအခါများတွင် သာ၍ လျင်မြန်စွာ စဉ်းစားတတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ နာတာဆင်း၏ အပြုအမူကို ကျွန်တော် သိရသည်နှင့် တစ်ပြိုင်နက် သူ၏ဉာဏ်ကိုလည်း ကျွန်တော် ရိပ်မိလေပြီ။ သူ၏စိတ်ကူးမှာကား ဤ အပေါက်မှ ထွက်ပြေးလျှင် လွတ်ချင်မှလွတ်မည်။ မတော်တဆ လူသိ၍ ပစ်လိုက်လျှင် သေလည်းသေနိုင်၏။ ဖမ်းမိလျှင်လည်း မြေတိုက်ထဲတွင် မှောင်ချ၍ လှောင်ထားမည်ဖြစ်၏။ အကျဉ်းသမားတစ်ယောက် ထွက်ပြေးခြင်းကို အချိန်မီ တိုင်တန်းခဲ့လျှင် ထိုကဲ့သို့ တိုင်ချက်ပေးသူအား လွတ်မြောက်ခွင့်ပေးမည်ဟု တူရကီအစိုးရက ကြေညာပြီးဖြစ်သဖြင့် လွယ်လွယ်နှင့် သေချာပေါက် လွတ်မြောက်သော နည်းလမ်းကို လိုက်တော့မည်ဟု နာတာဆင်း စိတ်ကူးခြင်းကို ကျွန်တော် တစ်ခါတည်း ရိပ်မိလေတော့သည်။

နာတာဆင်းသည် ကျွန်တော့်အကြောင်းကို မသိသေးချေ။ သူလွတ်မြောက်ဖို့မှာ ကျွန်တော် လွတ်မြောက်ဖို့ အရေးထက် ဝေးသည်ဆိုခြင်းကို သူ မရိပ်မိသေးချေ။ ကျွန်တော်၏ ခြေထောက်ကို ကိုင်ဆွဲလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကိုယ်ကို လိမ်တွန့်ကာ အတွင်းဘက်သို့ ပြန်ဝင်လိုက်ပြီး နာတာဆင်း၏ အင်္ကျီလည်ကုပ်ကို လက်တစ်ဘက်ဖြင့် ကိုင်ဖမ်းပြီးလျှင် သံတုတ်ဖြင့် ဦးခေါင်းကို နှစ်ချက်ဆင့်ရိုက်လိုက်ရာ ခဲမှန်သော ခွေးကဲ့သို့ ဂိန်ခနဲ မြည်ပြီးမှ ကြမ်းပေါ်သို့ ထိုးလဲသွားတော့သည်။ ထို့နောက်တွင်မူကား ကျွန်တော့်မှာ ထွက်ပြေးရန် မကြံဝံ့တော့ဘဲ နတင်ပေါ်၌ထိုင်ကာ အစောင့်အကြပ်များ ပြေးလာကြမည်ကို စောင့်နေလေတော့သည်။

တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ် ကြာသော်လည်း စန်ဒရီများ၏ ပြေးလာသော ခြေသံများကို မကြားရဘဲ ကြမ်းပေါ်မှ နာတာဆင်း အသက်ရှူသံကိုသာ ကြားပါသည်။ စင်စစ်သော်ကား မိုးရောလေပါ ပြင်းထန်စွာ တိုက်ခတ်ရွာသွန်းသောအသံများကြောင့် နာတာဆင်း၏ အော်သံကို အစောင့်အကြပ်များနှင့် စန်ဒရီများ ကြားဟန်မတူချေ။ နှစ်မိနစ်ခန့် ဆက်လက်ထိုင်စောင့်၍ တစ်စုံတစ်ရာ လှုပ်ရှားသောအသံများ မကြားရဘဲ ရှိသည်တွင် ကျွန်တော့်မှာ အားတက်လာ၍ လွတ်မြောက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပါတော့သည်။

ဤကိစ္စတွင် မည်သည့်နည်းနှင့်မဆို နာတာဆင်းကို သေအောင်သတ်မှဖြစ်မည်ဟု ရှေးဦးစွာ ဆုံးဖြတ်လိုက်၏။ နာတာဆင်းမှာ မူးလဲခြင်းမျှသာဖြစ်ရာ ကျွန်တော်ထွက်ပြေးသည့်နောက် သတိရ၍ အော်လိုက်လျှင် အစောင့်အကြပ်များပြေးလာ၍ အဖြစ်အပျက်ကိုသိကြပါက ကျွန်တော့်နောက်ကို လိုက်လာကြတော့မည် ဧကန်ဖြစ်၏။ သို့ဆိုလျှင် ကျွန်တော်၏ လွတ်မြောက်ရေးအတွက် မျှော်လင့်ချက် ရှိတော့မည် မဟုတ်ချေ။ သို့ဖြစ်၍ ကျွန်တော်သည် နာတာဆင်း၏



ဦးခေါင်းကို မှောင်မိုက်ထဲတွင် စမ်းသပ်၍ သံချောင်းကြီးဖြင့် သေအောင်ရိုက်ခွဲတော့မည်ဟု ရွယ်လိုက်ပြီးမှ လူတစ်ယောက်ကို သွေးအေးအေးနှင့် ရိုက်သတ်ရန် ခဲယဉ်းသဖြင့် မြှောက်ထားသောလက်သည် အောက်သို့ ဆင်းမလာဘဲ ရှိတော့သည်။ စစ်ပွဲများ၌ ကျွန်တော်သည် ရန်သူများကို ဘဲနက်ဖြင့် ထိုးသတ်ခဲ့ပေါင်းများလှချေပြီ။

နာတာဆင်းမှာ လူယုတ်မာတစ်ယောက် ဖြစ်စေကာမူ သွေးအေးအေးနှင့် ရိုက်သတ်ရန် မဖြစ်နိုင်ဘဲ ရှိ၏။ ခုခံနိုင်သော အခြေအနေရှိပါလျှင်လည်း တော်ပါသေး၏။ ကြမ်းပေါ်၌ မူးလဲနေသောလူကို ရိုက်သတ်ရန်မူကား နှလုံးနာသလို ဖြစ်သွားမိပါတော့သည်။ ထားလည်းမထားဝံ့၊ သတ်လည်း မသတ်ရက် ရှိနေဆဲတွင် ကျွန်တော့်ဦးနှောက်၌ စိတ်ကူးဉာဏ် အညွန့်အညှောက်တစ်ခု ပေါ်ပေါက်လာပါတော့သည်။ သို့ဖြစ်၍ ကျွန်တော်သည် ခေါင်းအုံးမှ မှို့နှင့် အဝတ်စများကို သူ၏ပါးစပ်သို့ ဆို့သွင်း၍ စောင်များဆုတ်ဖြကာ လက်ပြန်ကြိုး ချည်ပြီးနောက် နတင်တိုင်တွင် ချည်တုပ်ထားလိုက်၏။ သို့ရာတွင် အခြားအခက်အခဲတစ်ခု ပေါ်လာပြန်သည်ကား တံတိုင်းကို ကျော်တက်သောအခါ၌ နာတာဆင်းကို အသုံးချရန် အကြံပြုထားရာ ထိုသူမပါခဲ့လျှင် ဘယ်ကဲ့သို့ ကျော်တက်ရချေမည်နည်း။ ကျွန်တော်ဂျူမဒါကိုကိုကြီး၏ ဦးနှောက်သည် ဉာဏ် အညွန့်အညှောက် ပေါက်တတ်မြဲဖြစ်သည့်အတိုင်း နတင်ပေါ်၌ထိုင်ကာ တစ်မိနစ်မျှမစဉ်းစားရသေးမီ စိတ်ကူးတစ်ခု ပေါ်လာပါတော့သည်။

ကျွန်တော်သည် ကျွန်တော်၏ အိပ်ရာလွှမ်းနှင့် နာတာဆင်း၏ အိပ်ရာလွှမ်းတို့ကို လက်လေးသစ်ခန့်မျှစီ အလျားလိုက် ဆုတ်ဖြဲပြီးနောက် ကြိုး တစ်ချောင်းဖြစ်အောင် ကျစ်ပါတော့သည်။ ယင်းနောက် ကြိုးတစ်စကို ဖြုတ်ယူထားသော သံချောင်း၏ အလယ်၌ ချည်လိုက်သည်။ နောက်ဆုံး၌ ကျွန်တော်သည် ယင်းကိရိယာများကို ဆောင်ယူလျက် ပြတင်းပေါက်မှ လျှိုဆင်း၍ ဝင်းကြီးထဲသို့ ရောက်သောအခါ မိုးရောလေပါ အပြင်းအထန် ရွာသွန်းဆဲဖြစ်၍ မှောင်လိုက်ပုံမှာ ကျွန်တော်၏ လက်ကိုမျှ ကျွန်တော်မမြင်ရချေ။ ကျွန်တော်ကိုယ်တိုင်က စန်ဒရီတစ်ယောက်ယောက်ကို ဝင်၍မတိုက်သမျှ ကာလပတ်လုံး စန်ဒရီများသည် ကျွန်တော့်ကို မမြင်နိုင်သည်မှာ သေချာ၏။ ကျွန်တော်သည် ကျောက်တံတိုင်းကြီးရှိရာသို့ သတိနှင့် လျှောက်လာ၍ တံတိုင်းကို လက်နှင့် စမ်းမိသည်နှင့် တစ်ပြိုင်နက် တစ်ဖက်သော ကြိုးစကို လက်တွင် ကိုင်ထား၍ သံချောင်းကို တံတိုင်းပေါ်သို့ ပစ်တင်လိုက်၏။ ကံကောင်းထောက်မသည်ဖြစ်၍ တစ်ချက်ပစ်ကာမျှနှင့်ပင် သံချောင်းသည် တံတိုင်းထိပ်၌ရှိသော သံချွန်များတွင်

www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ချိတ်လျက်ရှိရာ ကျွန်တော်သည် ကြိုးစမှ ကိုင်ဆွဲ၍ တံတိုင်းပေါ်သို့ တက်လေတော့သည်။ အပေါ်သို့ ရောက်သောအခါ ကြိုးစကို ဆွဲတင်၍ သံတုတ်ကို အခြားတစ်ဘက်သို့ ပစ်ချပြီးလျှင် ခုန်ချလိုက်၏။ ယင်းနောက် ဒုတိယတံတိုင်းကိုလည်း ဤနည်းအတူ တက်၍အပေါ်သို့ရောက်သောအခါ ကျွန်တော့်ရှေ့တွင် ပြောင်လင်းသော အရာဝတ္ထုတစ်ခုကို မြင်ရ၏။ ဒုတိယတံတိုင်းမှာ ပထမတံတိုင်းထက် အနည်းငယ် နိမ့်ပေသည်။

ကျွန်တော်သည် လက်ခနဲ ဝင်းခနဲဖြစ်သွားသော အရာဝတ္ထုကို သေချာစွာကြည့်မိသောအခါ သေနတ်ကိုထမ်းကာ တံတိုင်းကိုမှီလျက် ရပ်နေသော စန်ဒရီတစ်ယောက်၏ သေနတ်ဖျားမှ ဘဲနက်ဖြစ်ခြင်းကို တွေ့ရပါသည်။ စန်ဒရီမှာ မိုးလေများကြောင့် ချမ်းအေးခြင်းမှ သက်သာစေရန် တေးချင်းတစ်ပုဒ်ကို တီးတိုးညည်းဆိုလျက်ရှိ၏။ ကျွန်တော်သည် စန်ဒရီ၏ ဦးခေါင်းကို သံတုတ်နှင့် ရိုက်ခွဲရလျှင် မီ မမီ မှန်းဆလျက်ရှိစဉ် သေကံရောက်ဟန်မတူသော စန်ဒရီသည် တံတိုင်းကိုမှီလျက် ရပ်နေရာမှ ရုတ်တရက်ခွာသွား၍ ထုံးစံအတိုင်း ခေါက်တုံ့ ခေါက်ပြန် စကြံလျှောက်လေတော့သည်။ စန်ဒရီဝေးသွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် အခြားဘက်သို့ လျှောဆင်း၍ ကြိုးတန်းလန်းထားခဲ့ပြီးလျှင် တံတိုင်းကို ကျောခိုင်းလျက် ထွက်ပြေးခဲ့ပါတော့သည်။

ကျွန်တော်ပြေးလိုက်ပုံက ဖဝါးနှင့်တင်ပါး တစ်သားတည်းဖြစ်၍ ခွေးလိုက်သော တောယုန်သည် ကျွန်တော့်ထက်ပို၍ ကြိုးစားအားထုတ်နိုင်မည် မထင်ချေ။ ကျွန်တော်သည် လေဆန်ပြေးလျက်ရှိသောကြောင့် မျက်နှာသို့ ရိုက်ခတ်သော မိုးပေါက်များသည် ကျွန်တော်ပြေးသောအဟုန်နှင့် လေဟုန်နှစ်ခု ပေါင်းလျက်ရှိသောကြောင့် ကျွန်တော့်မျက်နှာမှာ ကျောက်စရစ်ခဲများ မှန်သကဲ့သို့ နာကျင်လှပါသည်။ ကျင်းများ၊ ချိုင့်များ၊ ခလုတ်ကန်သင်းများနှင့် ချုံပုတ်ကလေးများကို တိုက်မိသည့်အခါတိုင်း ကျွမ်းပြန်၍ လဲသွားသော်လည်း ကျွန်တော်သည် နာကျင်ခြင်းကို ဂရုမစိုက်ဘဲ လဲရာမှ ချက်ချင်းထ၍ ဆက်လက်ပြေးသွားပါတော့သည်။ ထိုကဲ့သို့ လဲကျသဖြင့် တောင်မှန်းမြောက်မှန်း မသိရသောအခါများတွင် ကျွန်တော်သည် လေတိုက်ပုံကို စုံစမ်း၍ လေကို တည့်တည့်ကြီးဆန်ကာ ပြေးခဲ့ပါသည်။ ပွန်းပဲ့သော ဒဏ်ရာများ၊ ဆူးခြစ်သော ဒဏ်ရာများဖြင့် တစ်ကိုယ်လုံး ကျိန်းစပ်လျက်ရှိသော်လည်း ကျွန်တော်သည် ဘာကိုမျှ ပမာဏ မထားဘဲ ပြေးရင်း ဆက်ကာဆက်ကာ ပြေးလျက် ရှိပါတော့သည်။

ယင်းသို့ပြေးခဲ့သော်လည်း ကျွန်တော် အရမ်းပြေးခြင်း မဟုတ်ချေ။ ထောင်ထဲ၌ရှိစဉ် မည်သည့်ဘက်မှ တိုက်ခတ်သောလေဖြစ်သည်ကို ကျွန်တော် စုံစမ်းခဲ့



ပြီးဖြစ်၏။ နာတာဆင်းအားလည်း လွတ်မြောက်ခဲ့လျှင် ကမ်းခြေဘက်သို့ ပြေးမည်ဟု ပြောခဲ့ဖူး၏။ လေသည် ကမ်းခြေဘက်သို့ တိုက်လျက်ရှိသည် ဟူ၍လည်း ကျွန်တော်သိခဲ့၏။ နာတာဆင်း သတိရ၍ ထောင်အရာရှိများကို သတင်းပေးသည့်အခါ ကမ်းခြေဘက်သို့ ပြေးသွားလိမ့်မည်ဟု သတင်းပေးမည် ဖြစ်၏။ သို့ဖြစ်၍ လေကိုဆန်ပြေးခဲ့လျှင် နာတာဆင်းပေးသော သတင်းနှင့် ပြောင်းပြန်ဖြစ်စေခြင်းငှာ ကျွန်တော်သည် လေစုန်ကိုမလိုက်ဘဲ လေဆန်တည့်တည့် ပြေးခဲ့ရခြင်း ဖြစ်ပါတော့သည်။

အတန်ကြာ ပြေးခဲ့မိသောအခါ ရှေ့တည့်တည့်မှ မီးရောင်နှစ်ပွင့်ကို မြင်ရ၍ ရပ်တန့်စဉ်းစားမိ၏။ ကျွန်တော့်ကိုယ်၌ စစ်ယူနီဖောင်းဝတ်လျက်ရှိရာ မည်သူကပင် တွေ့သည်ဖြစ်စေ၊ စစ်သုံ့ပန်းဖြစ်သည်ကို သိနိုင်မည်ဖြစ်သောကြောင့် ဤအဝတ်ချွတ်လဲဖို့ လို၏။ မြင်ရသော မီးနှစ်ပွင့်သည် အိမ်တစ်ဆောင်ဆောင်မှ ဖြစ်ခဲ့လျှင် အလစ်ကိုချောင်း၍ အဝတ်တစ်စုံရအောင် တစ်နည်းနည်းဖြင့် သုတ်ပြေးမည်ဟု အကြံဖြစ်၏။ ဤတွင်မှ မီးရောင်လင်းရာသို့ ဆက်လက်လာခဲ့၍ အနီးသို့ ချဉ်းကပ်သောအခါ မီးရောင်မှာ အဆောက်အအုံ တစ်ခုမှ မဟုတ်ဘဲ လမ်းနံဘေး၌ ဆိုက်ရပ်ထားသော မြင်းရထားတစ်စီးမှ မှန်အိမ်နှစ်လုံး၏ အလင်းရောင်ဖြစ်ကြောင်း သိရ၏။ ကျွန်တော်သည် ချုံတစ်ခုနောက်မှ ချောင်းကြည့်သောအခါ မြင်းနှစ်ကောင်တပ်သော မြင်းရထား၏ ရှေ့မှ သူငယ်လေးတစ်ယောက်ရပ်လျက် ရထားဘီးတစ်ခုသည် ဝင်ရိုးမှ ကျွတ်ထွက်၍ လမ်းနံဘေး၌ လဲနေသည်ကို မြင်ရ၏။ ထိုခဏ၌ ဘီးသုံးခု ပေါ်တွင် တည်နေသော မြင်းရထားပြတင်းတံခါး ပွင့်လာ၍ မိန်းမတစ်ယောက်၏မျက်နှာ ပြူထွက်လာပြီးလျှင် 'နင့်သခင် မလာသေးဘူးလား၊ ဒုက္ခပါပဲဟယ်'ဟု ညည်းတွားသံကြားလိုက်ရ၏။ ကျွန်တော့်မှာ တူရကီဘာသာစကား လေးငါးဆယ်လုံး နားလည်ခြင်းကို အခြေခံပြု၍ ထောင်ထဲ၌ရှိစဉ် စကားသင်သော စာတစ်အုပ်ဖြင့် လေ့ကျင့်ထားသောကြောင့် ထမင်းစားရေသောက် ပြောတတ်ပါသည်။ ယင်းဘာသာစကားကို လေ့ကျင့်ခဲ့ရခြင်း၏ ရည်ရွယ်ချက်မှာလည်း ကျွန်တော့်၏ လွတ်မြောက်ရေးတွင် အသုံးဝင်ကောင်းဝင်လိမ့်မည်ဟူသော စိတ်ကူးဖြင့် လေ့ကျင့်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် အခြေအနေကို မြင်ရခြင်းအားဖြင့် အဖြစ်အပျက်ကို အကဲခတ်နိုင်ခဲ့ပြီ။ ဖြစ်ပျက်ဟန်ကား လင်မယားနှစ်ယောက် ခရီးသွားစဉ် ရထားဘီးကျွတ်ထွက်၍ သူငယ်ကို အစောင့်ထားခဲ့ပြီး လင်သည်ကိုယ်တိုင် အကူအညီရှာရန် ထွက်သွားခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော်သည် ထိုမိန်းမ၏ စကားကို နားလည်သော်လည်း ပြောနိုင်လောက်အောင် စကားမတတ်သေးချေ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



တူရကီပြည်၌ အထက်တန်းစား ယောကျ်ား၊ မိန်းမများသည် အင်္ဂလိပ်စာ တတ်သည်ဟု ကြားရဖူး၏။ စင်စစ်မှာ မည်သည့်တိုင်းပြည်မှ အထက်တန်းစားဖြစ်စေ၊ ဤခေတ်တွင် အင်္ဂလိပ်စာ တတ်ကျွမ်းကြသည်သာ များလေသည်။ သို့ဖြစ်၍ ကျွန်တော်သည် ရုတ်တရက် ချက်ချင်း ဘေးအန္တရာယ် မရှိနိုင်သေးသည့် အဖြစ်ကို ရိပ်စားမိသည်နှင့် မြင်းရထားအနီးသို့ ချဉ်းကပ်ကာ ထိုမိန်းမအား အင်္ဂလိပ်စကား တတ်လိုတတ်ငြား စမ်းသပ်ကြည့်လိုက်သည်။

တော်။ ။(အင်္ဂလိပ်ဘာသာဖြင့်) ကျွန်တော်အကူအညီ ပေးနိုင်ပါသလား ခင်ဗျာ။

မိန်းမ။ ။'အာလာ၏ ဂုဏ်ကျေးဇူးတော်' ဟု တူရကီဘာသာဖြင့် လွှတ်ခနဲ လန့်အော်လိုက်ပြီးနောက် အင်္ဂလိပ်ဘာသာဖြင့် 'ရှင်ဘယ်သူလဲ' ဟု မေးလိုက်၏။

ထိုမိန်းမမှာ လှပကျော့ရှင်းသည့် မျက်နှာမျိုး ရှိသည်ကို မီးရောင်တွင် မြင်ရသဖြင့် ကျွန်တော့်ရင်ထဲ၌ ကြင်နာသော စိတ်ဖြစ်ပေါ်ခဲ့လေပြီ။ အမှန်ကို ဆိုရလျှင် ကျွန်တော်သည် အင်္ဂလိပ်မ ဖြစ်စေ၊ ကုလားမ ဖြစ်စေ၊ မြန်မာမ ဖြစ်စေ၊ တူရကီမ ဖြစ်စေ ရုပ်ချောသော မိန်းမတစ်ယောက်အတွက်ဆိုလျှင် လူမျိုးမရွေး၊ အချိန်မရွေး၊ နေရာမရွေး အသက်ပေး၍ ဆောင်ရွက်ချင်သော စိတ်ဓာတ်လည်း ရှိပါသည်။

တော်။ ။'ဘယ်သူ ဘယ်ဝါဆိုတာ မမေးပါနဲ့။ အကူအညီလိုရင် ပေးပြီး ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်' ဟုဆိုကာ ဥရောပတိုက်သားများ ထုံးစံအတိုင်း ကျွန်တော်က ဦးညွှတ်လိုက်ပါသည်။

မိန်းမ။ ။ကျေးဇူးတင်ပါတယ်ရှင်၊ ရထားဘီးကျွတ်ထွက်လို့ကျွန်မယောကျ်ားဟာ ဟိုရှေ့က ရွာကလေးကို သွားပါတယ်။ သူ ပြန် မလာမီ ကျွန်မကို အကာအကွယ်ပေးရင် ကျေးဇူးကြီးလှပါတယ်။

ကျွန်တော်က 'စိတ်သာချ' ဟု ပြောပြောဆိုဆိုနှင့် မြင်းရထားနံဘေးသို့ ချဉ်းကပ်လိုက်သည်တွင် ထိုမိန်းမ၏နံဘေး၌ ပုံထားသော ယောကျ်ား လောင်းကွက် အကျီကို မြင်လိုက်ရ၏။ ဤပစ္စည်းသည်ကား ကျွန်တော့်အဖို့ ချက်ချင်း လက်ငင်း အရေးတကြီး အသုံးဝင်သော ဝတ္ထုဖြစ်သည်ဟု အကြံဖြစ်၍

တော်။ ။'အကျီဟာ ခင်ဗျားယောကျ်ားရဲ့ လောင်းကွက်ကြီးမှတ်တယ်။ ရှိင်းရာတော့ ကျတာပဲ၊ သို့သော်လည်း မတတ်နိုင်ပါဘူး။ ယူရတော့မှာပဲ။ နောက်တော့မှ ပြန်ပို့ပါ့မယ်' ဟု ဆိုကာ လောင်းကွက်ကြီးကို ဆွဲယူလိုက်ရသည်။ ထိုအခါ မိန်းကသည် အံ့သြသောအမူအရာနှင့် 'ရှင် ဘယ့်နှယ်လုပ်



လိုက်တာလဲ' ဟု ပြောသော်လည်း ကျွန်တော်က 'သည်းခံပါခင်ဗျာ၊ ကျွန်တော်သူခိုး၊ ဓားပြ မဟုတ်ပါဘူး။ နောက်တော့မှ ပြန်ပို့လိုက်ပါ့မယ်' ဟုပြောကာ လောင်းကွက်ကြီးကို ဝတ်စမ်းလိုက်သည်။ အမျိုးကောင်းအကျီဖြစ်၍ အလွန်နွေးသည့်ပြင် ကျွန်တော့်၏ ကိုယ်နှင့် တိုင်း၍ ချုပ်ထားသကဲ့သို့ အံကိုက်လျက်ရှိသည်တွင် ကျွန်တော်သည် ကိုယ့်ကိုယ်ကို အရိပ်ကြည့်၍ လူပျိုလှည့်ချင်သော စိတ်များ ဝင်လာတော့သည်။ သို့ဖြစ်၍ မြင်းရထားတံခါးကို ဆွဲဖွင့်ကာ ရထားပေါ်သို့ တက်ထိုင်ဦးမည် ပြုဆဲတွင် အဝေးမှ မီးအိမ်တစ်လက်လက်နှင့် လူသံများကြားသဖြင့် အခြေမလှသည်ကို သိသောကြောင့် လှပသော မိန်းမတစ်ယောက်ကို 'တစ်ဖုန်မှာ' ခံ၍ ခွဲခွာခဲ့ရပါတော့သည်။ အဝေးမှ ဟစ်ခေါ်ခြင်း၊ မြင်းရထားရှေ့မှ သူငယ်တစ်ယောက်က ပြန်ထူးခြင်း၊ ရထားပေါ်မှ မိန်းမက 'ရှင် ဘယ့်နှယ်လူလဲ သူခိုးလား၊ ဓားပြလား၊ ဘာလား၊ ညာလား' စသည်နှင့် ဟစ်အော်ကြိမ်းမောင်းသည့် အသံများကြားမှ ကျွန်တော်သည် လောင်းကွက်ကြီးကို ဝတ်ကာ ခပ်သုတ်သုတ် နှင်ခဲ့ရပြန်ပါတော့သည်။

ကျွန်တော့်အဖို့ လမ်းညွှန်ချက်ကား လေပင်ဖြစ်၏။ ကျွန်တော်သည် မျက်နှာကို လေတည့်တည့်ကြီး တိုက်ခတ်စေရန် ပုံပြင်ပေးခြင်းအားဖြင့် လေဆန်ဘက်သို့ လိုက်ကာ ပြေးလာခဲ့ရာတွင် လမ်းမကြီးအတိုင်းမဟုတ်ဘဲ ချုံကြိုချုံကြား၊ တောကြိုတောကြားမှ ဖြတ်သန်းခဲ့ရသည်။ မောဟိုက်လှရုံမက မောပန်းသည့်တိုင်အောင် ပြေးလာခဲ့၍ အလွန်အမင်း မောဟိုက်သောအခါ၌ ငါးမိနစ်ခန့်ရပ်ကာ အမောဖြေပြီးမှ လေကြောင်းကို သတိပြုလျက် ဆက်လက် ထွက်ပြေးခဲ့ပြန်၏။ ထိုစဉ်အခါက ကျွန်တော်မှာ အသက် ၃၀ မပြည့်သေးသည့်ပြင် အမောအပန်းခံနိုင်အောင် လေ့ကျင့်ထားသည်လည်း ဖြစ်သောကြောင့် တစ်ကြိမ်တည်းသာ ရပ်နား၍ လေးနာရီလုံးလုံး ပြေးခဲ့ရာတွင် မိုင်နှစ်ဆယ်ကျော် ခရီးပေါက်လိမ့်မည်ဟု ခန့်မှန်းမိပါသည်။ အရုဏ်တက်သောအချိန်တွင် ကျွန်တော်သည် ကုန်းမြင့်ကလေးတစ်ခုထိပ်၌ရှိသော ချုံကြီးတစ်ခုထဲသို့ လျှို၍ တစ်နေ့လုံး နားနေရန်အကြံနှင့် လှဲအိပ်လိုက်ပါတော့သည်။ လေတဟူးဟူး မိုးတဖွဲဖွဲ ရှိနေသော်လည်း လောင်းကွတ်အကျီကြီး၏ လုံနွေးခြင်းကြောင့် မကြာမီ အိပ်ပျော်သွားပါတော့သည်။

အိပ်ရာမှ နိုးလာ၍ ချုံထဲမှ ချောင်းမြောင်းကာ အရပ်လေးမျက်နှာသို့ ကြည့်လိုက်ရာတွင် ကျွန်တော်၏ ခြေရင်းဘက်၌ အဆောက်အအုံကြီးတစ်ခုကို တွေ့မြင်ရ၏။ အဆောက်အအုံထိပ်၌ တင်ထားသည့် လခြမ်းနှင့် ကြယ်အလံနှင့် တကွ အဆောက်အအုံကို ကျွန်တော်မြင်ဖူးပါသည်ဟု တွေးထင်မိ၏။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဓနစပ်စွာကြည့်ပြန်၍ တံတိုင်းနှစ်ထပ်ကာရံထားခြင်းနှင့်တကွ အခြားသော အခြင်းအရာများကို တွေ့မြင်ရသည်တွင် ကျွန်တော်မှာ အံ့သြဝမ်းနည်းသဖြင့် ပက်လက်လန်သွားပါတော့သည်။ အကြောင်းမူကား ယင်းအဆောက်အအုံမှာ ကျွန်တော် ထွက်ပြေးလာခဲ့သည့် စစ်ထောင်ကြီးဖြစ်သည်ကို သိရှိရသောကြောင့်ပေတည်း။

တစ်ညလုံး အပင်ပန်းခံ၍ ပြေးလာခဲ့ရလေသမျှ အချည်းနှီး ဖြစ်ခဲ့ချေပြီတကား။ အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကို ပြန်လှန်စဉ်းစားသည့်အခါ ချက်ချင်းရိပ်မိသဖြင့် နဖူးကို လက်ဝါးနှင့် ရိုက်မိပါသေးသည်။ ဖြစ်ရပုံမှာကား ကျွန်တော်သည် အကျီကို လှု၍ မှောင်မိုက်ထဲတွင် ထွက်ပြေးသောအခါ၌ မျက်နှာသို့ လေရိုက်ခြင်းကို သတိပြုကာ လေဆန်ဘက်သို့ ပြေးခဲ့ပါသည်။ ထို့နောက် မောလွန်းမက မောလာသဖြင့် ဆက်လက်ပြေးရန် မတတ်နိုင်သည်နှင့် ဆယ်မိနစ်ခန့် အနားယူ၍ နောက်တစ်ကြိမ် ဆက်လက်ပြေးသွားသော အခါတွင် လာခဲ့သောလမ်းအတိုင်း ပြန်ပြေးခဲ့ဟန်တူ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် နားနေခိုက်တွင် ရုတ်တရက် လေကြောင်းပြောင်းလဲသည်ကို မသိလိုက်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ကျွန်တော်မှာ အသွားဆယ်မိုင်ခန့် အပြန်ဆယ်မိုင်ခန့် ပြေးပြီးနောက် ဒုံရင်းသို့ တစ်ဖန်ပြန်ရောက်လျက် ရှိပါတော့သည်။ ပထမ၌ လွန်စွာစိတ်ပျက်သော်လည်း မောကြီးပန်းကြီး၊ အလဲလဲ အကွဲကွဲ၊ အပွန်းပွန်း အပဲ့ပဲ့ ပြေးခဲ့ရခြင်းများမှာ တစ်ခုသောလမ်းကြောင်းအတိုင်း အသွားအပြန် ပြေးခဲ့မိခြင်းဖြစ်သည်ကို စဉ်းစားမိသောအခါ ငိုအားထက်ရယ် အားသန်ဆိုသော စကားကဲ့သို့ ဗိုက်ကိုနှိပ်ကာ အားရပါးရ ရယ်မိပါသေးသည်။ နောက်ဆုံး၌ အူထဲမှ နာလာသည်နှင့် မရယ်ချင်စေခြင်းငှာ မြေကြီးပေါ်တွင် ပက်လက်လှန်လျက် ရှေ့အဖို့ မည်သို့ပြုရမည်ကို စိတ်ကူးရပါတော့သည်။

**ကျွန်တော်၏အတွေ့အကြုံများမှ ကောက်နုတ်ချက် ထုတ်ယူထားသည့် သင်ခန်းစာတစ်ရပ်မှာ တစ်ခုသောအဖြစ်အပျက်ကို အဆုံးသို့ မရောက်သေးမီ ဆိုးရွားလှချေသည်ဟု မဆုံးဖြတ်သေးရန်ပင် ဖြစ်လေသည်။ အဖြစ်အပျက်ဟူသမျှသည် နာရီတိုင်း၊ မိနစ်တိုင်း ပြောင်းလဲလျက်ရှိသည်ဖြစ်သောကြောင့် ယခုဆိုးသည်ဟု ထင်ရသော အခြင်းအရာ တစ်ခုသည်ပင်လျှင် နောက် တစ်နာရီတွင် အကောင်းဖြစ်ချင် ဖြစ်တတ်ပေသေးသည်။** ကျွန်တော် လမ်းမှားခြင်းမှာလည်း ကျွန်တော်ကောင်းစေဖို့ ဖြစ်ခဲ့ဟန်တူ၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ကို လိုက်လံရှာဖွေသော လူများသည် ထိုမိန်းမထံမှ လောင်းကွတ်လှယူခဲ့သောနေရာမှ ရှေ့သို့ဆက်လက် ရှာဖွေကြတော့မည်ဖြစ်၍ စစ်ထောင်



အနီးသို့ ကျွန်တော်ပြန်ရောက်လိမ့်မည်ဟူ၍ မည်သူကမျှ စိတ်ကူး ထည့်ကြမည် မဟုတ်သောကြောင့်ပေတည်း။ သို့ဖြစ်၍ ထောင်အရာရှိများသည် ကျွန်တော့်နောက်သို့ လိုက်လံကြစဉ် ကျွန်တော့်မှာ စစ်ထောင်အနီး တောင်ကုန်းကလေးအထက်၌ရှိသော ဤချုံထဲတွင် လုံခြုံစွာ ရှိနေခဲ့လေသည်။

ထိုနေ့တစ်နေ့လုံး ကျွန်တော်သည် ချုံထဲတွင်အိပ်၍ ထောင်အရာရှိများ ပြာလောင်ခတ်လျက် ရှိသည်ကို ပြုံးရယ်ကာ ချောင်းကြည့်နေမိပါတော့သည်။ ထွက်ပြေးဖို့ သေချာသော နေ့မှစ၍ ကျွန်တော်သည် ကျွန်တော့်အတွက် ပို့လာသော စားစရာများကို အားလုံးမစားဘဲ ကြာရှည်ခံမည့် မုန့်ခြောက်များကို စုဆောင်းထားခဲ့၏။ ယခုအချိန်တွင် ကျွန်တော်၏ ယူနီဖောင်းအိတ်နှစ်ဘက်၌ မုန့်ခြောက်အပြည့်ပါရှိသည်ဖြစ်၍ အဆာပြေစားသောက်ပါသည်။ ကျွန်တော် လုယူခဲ့သော လောင်းကွတ်အကျီမှ အိတ်များကို နှိုက်ကြည့်သောအခါ ခရီးရှည်သွားရန်အတွက် ရေဘူးတစ်ခု၊ စီးကရက်တစ်ဘူး၊ မီးခြစ်တစ်လုံးနှင့် စာအိတ်တစ်လုံးကို တွေ့ရသည်။ ရေဘူးမှာ ကျွန်တော့်အတွက် နတ်ဖန်ခြင်းဖြစ်သည်ဟု အောက်မေ့မိ၏။ စီးကရက်ကိုမူ မီးခိုးတလူလူထွက်မည်စိုးသည်နှင့် အောင့်အီးနေရ၏။ စာအိတ်မှာမူကား တူရကီအစိုးရတံဆိပ်ခတ်နှိပ်ထား၍ ကျွန်တော် နေခဲ့သော စစ်ထောင်ကို အုပ်ချုပ်ရသည့် ဂါဝါနာအရာရှိသို့ အင်္ဂလိပ်လို လိပ်တပ်ထားသည်ကို တွေ့ရသည်။

စစ်ထောင်ကြီးမှ ဂါဝါနာအရာရှိမှာ ကျွန်တော်တို့ စစ်သုံ့ပန်းများအပေါ်တွင် ကြင်နာသနားတတ်၍ သဘောကောင်းသော လူကြီးတစ်ယောက်ဖြစ်သောကြောင့် ကျွန်တော်သည် ယင်းထံသို့ပို့ရန်ဖြစ်သော ဤစာအိတ်ကို ယခုကဲ့သို့ သိမ်းယူထားရခြင်းအတွက် ဝမ်းနည်းမိပါသည်။ သို့ဖြစ်၍ ယင်းစာအိတ်ကို ကျောက်ခဲတစ်လုံးဖြင့်ဖိကာ မြင်နိုင်လောက်သောနေရာ၌ ချထားခဲ့ဖို့ စိတ်ကူးသေး၏။ သို့ရာတွင် ဤသို့ပြုပါက ကျွန်တော့်ကို ရှာဖွေရာ၌ သဲလွန်စရမည်စိုးသည်နှင့် စာအိတ်ကို ရင်ဘတ်ထဲသို့ ထိုးထည့်ကာ သိမ်းထားလိုက်ရပါသည်။

ချုံထဲတွင် တစ်နေ့လုံးအောင်းနေ၍ မှောင်မိုက်သည်နှင့်တစ်ပြိုင်နက် ခရီးထွက်ရန် ပြင်ဆင်ပါသည်။ ယမန်ညဉ့်က တစ်မိုးလုံးမှောင်၍ ကြယ်တစ်လုံးမျှ မထွက်သောကြောင့် လေကိုအားကိုး၍ ခရီးစဉ်ဆွဲမိရာ ယခုညဉ့်တွင်မူကား ဥတုရာသီသာယာ၍ ကြယ်တွေအပြည့်ထွက်နေသောကြောင့် ကျွန်တော်သည် ခုနစ်စဉ်ကြယ်၏ အမြီးတည့်တည့်သို့ မျက်နှာမူကာ ထွက်လာခဲ့ပါသည်။ တစ်ညလုံး ခရီးပြင်းသွား၍ မိုးလင်းချိန်၌ မိုင် ၂၀ ထက်မနည်းရောက်လာသောအခါ မြစ်ကမ်းပေါ်၌ရှိသော မြို့တစ်မြို့ကို မြင်ရပါသည်။ ကျွန်တော်၏ အကြံမှာကား

www.burmeseclassic.com

www.burmeseclassic.com



အဝတ်တစ်စုံရအောင် ရှေးဦးစွာရှာ၍ ကျွန်တော်၏ ယူနီဖောင်းအဝတ်ကို ချွတ်လဲရန်ဖြစ်၏။ အပေါ်ယံမှ လောင်းကွတ်ဝတ်ထားသော်လည်း ဗြိတိသျှယူနီဖောင်းကို မြင်ရသူတိုင်း စစ်သုံ့ပန်းဖြစ်သည်ဟု သိနိုင်မည်ဖြစ်၍ ကျွန်တော့်အဖို့မှာ အဝတ်ချွတ်လဲဖို့အရေးကြီး၏။ တူရကီပြည်၌ အိန္ဒိယတိုင်းသား အမြောက်အမြား ရှိသည့်ပြင် ကျွန်တော်၏မျက်နှာမှာ ကုလားဆင်ဖြစ်သောကြောင့် အဝတ်လဲလိုက်ရလျှင် လုံခြုံလိမ့်မည်ဟု ကျွန်တော် အားကိုးမိပါသည်။

ကျွန်တော်သည် မြို့ဘက်သို့ မျက်နှာမူလျက် လမ်းလျှောက်လာခဲ့၍ မြို့အစွန်အဖျားသို့ ရောက်သောအခါ သပ်ရပ်စွာဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးကို တွေ့ရ၏။ အနီးအပါး၌ အခြားသော အိမ်မရှိ၊ ဥယျာဉ်ကလေး ခြံရံကာ သီးသန့်တည်ရှိသော အိမ်ကလေးဖြစ်ပါသည်။ ဝင်းထရံအနီးရှိ ချုံကလေးအတွင်းမှ အိမ်ကလေးဆီသို့ မျှော်ကြည့်လိုက်သည့်အခါ လူအစအနမမြင်ရဘဲ တိတ်ဆိတ်စွာ ရှိနေလေ၏။ ကျွန်တော်၏ အကြံကား အိမ်ထဲသို့ဝင်၍ လိုအပ်သောအဝတ်နှင့် စားစရာရနိုင်သမျှကို လှူ၍သော်လည်းကောင်း၊ လစ်၍သော်လည်းကောင်း တစ်နည်းနည်းဖြင့် ရအောင်ယူရန် ဖြစ်လေသည်။ မီးဖိုချောင်ဘက်၌ အမဲဟင်းလျာများရှိကောင်းပါ၏ဟု တွေးမိရုံနှင့်ပင် သွားရည်ကျလာ၍ မျိုချရပါသေးသည်။

ချုံထဲမှ ချောင်းကြည့်နေစဉ် ခါးတွင် ရေချိုးအဝတ်စုံကို ဝတ်၍ အခြားအဝတ်များကို လက်ဖြင့်ပွေ့ကာ ထွက်လာသော လူတစ်ယောက်ကို မြင်ရ၏။ ထိုသူမှာ မြစ်ဆိပ်သို့ ရေချိုးဆင်းဟန်တူ၍ ထိုသူ၏ အလုံးအရပ်မှာ ကျွန်တော်နှင့် ရွယ်တူလောက်ဖြစ်သည်နှင့် ယင်း၏အဝတ်ကို လုယူရလျှင် နေရာကျလိမ့်မည်ဟု ကျွန်တော် စိတ်ကူးမိသည်။ ကျွန်တော့်အဖို့မှာ စိတ်ကူးပေါ်ခြင်းနှင့် ဆောင်ရွက်ခြင်းသည် မရှေးမနှောင်းဖြစ်တတ်သော ထုံးစံရှိသည့်အလျောက် ကျွန်တော်သည် ချုံထဲမှထွက်၍ ထိုသူ့နောက်သို့ ပြေးလိုက်၏။ ထိုသူသည် ကျွန်တော်ချဉ်းကပ်သည်ကို အံ့သြစွာနှင့် စောင့်ကြည့်နေရာ ကျွန်တော်က ပွေ့ထားသောအဝတ်များကို ကျွန်တော့်အားပေးဖို့ တောင်း၏။ ထိုသူသည် မပီကလာ ပီကလာနှင့်ပြောသော ကျွန်တော်၏တူရကီစကားကို နားလည်သည့်လက္ခဏာနှင့် ရယ်မောလေသည်။ ယင်းနောက် ထိုသူက 'ဘာကြောင့်ပေးရမည်နည်း'ဟု မေးရာ ကျွန်တော်က လိုချင်သောကြောင့် ပေးရမည်ဟု ပြန်ပြော၏။ ထိုသူက 'လိုချင်ရင် ရအောင်ယူလေ ရော့'ဟု ရယ်မောကာ ပြန်ပြောသည်တွင် ကျွန်တော်သည် သူ၏အဝတ်ထုပ်ကို လုရန် ပြင်ဆင်လေတော့သည်။



ကျွန်တော်က လောင်းကွတ်အင်္ကျီကြီးကို ချွတ်ချထားစဉ် ထိုသူကလည်း ပွေ့ထားသော အဝတ်များကိုချထား၍ ဘယ်လက်သီးကိုရှေ့သို့ဆန့်တန်းကာ လက်ဝှေ့ဟန်ခင်းလေသည်။ လုံးတူရပ်တူဖြစ်၍ မြန်မာလက်ဝှေ့အလေ့အကျင့်ရှိခြင်းကို အားကိုးလျက် ကျွန်တော်သည် ထိုသူ၏ရင်ဝသို့ ချိန်မှန်းကာ ဒူးပစ်၍ ဝင်လိုက်သည်။ ထိုသူသည် ကျွန်တော်၏ ရဲတင်းခြင်းအတွက် အံ့သြသော မျက်နှာထားနှင့်ကြည့်နေပြီးနောက် ခြေတစ်လှမ်းမျှ နံဘေးသို့တိမ်းရှောင်ကာ ကျွန်တော်၏ ဒူးကို ညာလက်သီးတစ်ချက်သွင်းလိုက်၍ ကျွန်တော်၏ ပါးချိပ်၌လည်း ပူခနဲဖြစ်သွားပြီးလျှင် ဒွေးက်နန်းတက်စဉ်က မီးပွဲကို စိတ်ထဲ၌ ပေါ်လာ၍ နောက်ထပ်ဘာမျှမသိရတော့ချေ။

သတိရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကျွန်တော့်မှာ အိမ်တစ်လုံးအတွင်း ကင့်ပ်ကော့ပေါ်သို့ ရောက်နေ၍ ကျွန်တော့်အနီးတွင် ယခင်လူနှင့် မျက်နှာဖြူတစ်ယောက် စကားပြောနေကြသည်ကို ကြားရပါသည်။ ယင်းတို့နှစ်ယောက်သည် အင်္ဂလိပ်ဘာသာဖြင့် မပီ့တပီပြောကြခြင်းဖြစ်သောကြောင့် ကျွန်တော်အလုံးစုံ နားလည်သည်။ မျက်နှာဖြူသည် ကျွန်တော်နှင့်ထိုးသတ်သော တူရကီအား တွေ့ကရာသူနှင့်ထိုးသတ်လျှင် ချန်ပီယံဖြစ်ဖို့ မမျှော်လင့်နိုင်ကြောင်း၊ ရက်ပေါင်း ၃၀ လေ့ကျင့်၍ ပြီးခါနီးတွင်မှ တွေ့ရာလူတစ်ယောက်နှင့် ထိုးသတ်သဖြင့် လက်သီးဖူးရောင်၍ ချန်ပီယံလုပွဲပျက်ရလျှင် ခဲလေသမျှ သဲရေကျဖြစ်တော့မည်ဟု ရေရွတ်ကာ ထိုသူ၏ လက်သီးတစ်ဖက်ကို ကြပ်စည်းနေလေသည်။ စင်စစ်သော်ကား မျက်နှာဖြူသည် ဂျာမန်လူမျိုး ထရိန်နာ တစ်ယောက်ဖြစ်၍ ချန်ပီယံဖိုလ်လုပွဲအတွက် လေ့ကျင့်လျက်ရှိသော တူရကီလက်ဝှေ့ချန်ပီယံအား ဤဌာနတွင် လေ့ကျင့်သင်ကြားပေးနေခြင်း ဖြစ်လေသည်။

လူနှစ်ယောက်တို့သည် ကျွန်တော် သတိရလာသည်ကို မြင်သောအခါ ကျွန်တော့်အနီးသို့ ချဉ်းကပ်လာကြသည်တွင် ယင်းတို့ အင်္ဂလိပ်စကားပြောတတ်သည်ကို သိသည်နှင့် ကျွန်တော်က အင်္ဂလိပ်လို ဆီးကြို၍နှုတ်ဆက်လိုက်၏။ ဤတွင် လက်ဝှေ့သမားသည် ကြပ်မစည်းသောလက်ဖြင့် ကျွန်တော့်အား နှုတ်ဆက်ကာ ကျွန်တော်၏သတ္တိကို ချီးကျူး၏။ ဂျာမန်ထရိန်နာကလည်း ကျွန်တော် နောက်ကောက်ကျရခြင်းသည် ကမ္ဘာတွင် ကျော်ကြားလျက်ရှိသော တူရကီချန်ပီယံ အီစတန်ဘူကမားလ်၏ လက်သီးချက်ကြောင့်ဖြစ်၍ သေသည်အထိ ဂုဏ်ယူနိုင်ဖို့ရှိကြောင်း ပြောပြ၏။ ကျွန်တော်ကလည်း အီစတန်ဘူးကမားလ် ဒဏ်ရာရသည်မှာ ဗြိတိသျှစစ်တပ်တွင် နာမည်အကြီးဆုံးဖြစ်သော ဂျမဒါကိုကိုကြီး၏ ဒူးချက်

www.burmeseclassic.com



ဖြစ်သည်ကို မသေမချင်း ဂုဏ်ယူနိုင်ပါသည်ဟု ပြန်ပြောလိုက်ချင်သော်လည်း မလျှော်သဖြင့်သာ ဆိတ်ဆိတ်နေလိုက်ရပါတော့သည်။

ကျွန်တော်သည် ကင့်ပ်ကော့ပေါ်မှထ၍ ကျွန်တော်၏ ခရီးစဉ်ကို ဆက်လက်သွားပါရစေတော့ဟု နှုတ်ဆက်ပြောဆိုသည်တွင် တူရကီလက်ဖွေ့သမားက ကျွန်တော့်အား စစ်ထောင်မှ ထွက်ပြေးလာသော စစ်သုံ့ပန်းတစ်ယောက်ဖြစ်ကြောင်း သိသည်နှင့် ဆိုင်ရာသို့အကြောင်းကြားလိုက်ပြီဖြစ်ကြောင်း ပြောလေသည်။ ကျွန်တော်က အသနားခံသော်လည်း လက်ဖွေ့သမားသည် ဦးခေါင်းယမ်းလျက်သာ ငြင်းပယ်နေလေ၏။ နောက်ဆုံးတွင် ကြံရာမရသည်နှင့် ကျွန်တော်သည် အခန်းထောင့်၌ထောင်ထားသော အိန္ဒိယ ယန်းကလပ်ခေါ် ကျန်းမာရေး ကိရိယာနှစ်ခုကိုဆွဲယူ၍ ‘ကျွန်တော့်ကိုဖမ်းရင် ချန်ပီယံဗိုလ်လုပွဲမသတ်နိုင်အောင် ရိုက်ခွဲမယ်’ဟု ဆိုကာ ရိုက်တော့မည်ပြု၏။ လက်ဖွေ့သမားလည်း ကြပ်စည်းမထားသော လက်သီးတစ်ဖက်နှင့် လက်ဖွေ့ဟန်ခင်းပြန်လေရာ ဂျာမန်ထရိန်နာသည် သတ်ပုတ်အုံ့ဆဲဆဲရှိနေကြသော အခြင်းအရာကို မြင်သည်နှင့် သူ့လူ၏ခါးကို စီစီပါအောင် ဖက်ထား၍ ကျွန်တော့်အား ‘ပြေးပြေး၊ မြန်မြန်ပြေး’ဟု မောင်းထုတ်တော့သည်။ ထရိန်နာ သိမြင်သည်ကား ကျွန်တော်တို့နှစ်ယောက် သတ်ပုတ်ကြလျှင် သူ့လူအတွက် လက်ဖွေ့ပွဲ ပျက်ချေတော့မည်ဆိုသောအရေးပင် ဖြစ်လေသည်။

ကျွန်တော်သည် လောင်းကွတ်ကြီးကို ကပျာကယာပင် ဆွဲဝတ်၍ အိမ်ပြင် ပြေးထွက်လာစဉ် မြင်းရွာသံများကြားရ၍ တူရကီစစ်သား လေးငါးယောက်နှင့် စစ်ဗိုလ်တစ်ယောက် ရောက်လာကြသည်ကို တွေ့မြင်ရလေသည်။ ရှေ့ဆုံးက စစ်ဗိုလ်သည် ပြုံးစိစိမျက်နှာထားနှင့် ကျွန်တော့်ကိုကြည့်လျက် “ဂျမဒါကိုကိုကြီး၊ ကျန်းမာပါစ”ဟု ပြောလိုက်သည်တွင် ကျွန်တော့်မှာ ဟိုက်ခနဲဖြစ်သွား၍ ပြန်မပြောနိုင်ဘဲ ရှိပါတော့သည်။ သို့ရာတွင် အံ့ဩခြင်း၊ စိတ်ပျက်ခြင်းတို့ ပြေပျောက်သောအခါ၌ ကျွန်တော်သည် အဆွဲမခံချင်သော ဝါသနာအတိုင်း ရင်ဘတ်ထဲမှစာကို ဆွဲထုတ်လျက် “ဂါဝါနာအရာရှိအတွက် စာတစ်စောင်ပါလာလို့ ကျွန်တော် ပြန်လာပါသည်”ဟုဆိုကာ ထိုစာကို ပေးအပ်လိုက်၏။ စစ်ဗိုလ်သည် စာကိုလှမ်းယူ၍ လိပ်စာကို ဖတ်ကြည့်သောအခါ “စစ်ရုံးက ကျွန်တော့်ဆီပို့လိုက်တဲ့စာပဲ”ဟု ပြောပြောဆိုဆိုနှင့် စာအိတ်ကို ဖောက်ကြည့်လေသည်။ စာကိုဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုသူသည် ဟက်ဟက်ပက်ပက် ရယ်မော၍ “လက်စသတ်တော့ နှစ်ညနဲ့ တစ်နေ့လုံး စိတ်ပူခဲ့သမျှတွေ အလကားဖြစ်တော့တာကိုး”ဟု ညည်းတွားသေးသည်။ ကျွန်တော့်မှာမူ အထက်တန်းစားစစ်ဗိုလ် မဟုတ်သဖြင့် မေးလား



မြန်းလား မလုပ်ဘဲ သူ့အား ငေးကြည့်နေရသည်။ နောက်ဆုံးတွင်မှ စစ်ဗိုလ်ကြီးက–

“ခင်ဗျား ထွက်ပြေးရတာလဲ အလကား၊ ကျွန်တော်တို့ လိုက်ရှာရတာလဲ အလကား၊ ဟောဒီမှာ အမိန့်စာ ရောက်လာတယ်။ စစ်သုံ့ပန်းချင်း လဲလှယ်တဲ့စာရင်း ပို့လိုက်တဲ့အခါမှာ ဂျမဒါကိုကိုကြီးရဲ့ နာမည် ပါတယ်။ ဒါကြောင့် တခြားသုံ့ပန်းတွေနဲ့အတူ ခင်ဗျားကို ကျွန်တော်တို့ ပြန်ပို့ပေးမယ်၊ လိုက်ခဲ့ပေတော့”ဟု ပြောလိုက်သောအခါ အကြောင်းခြင်းရာကို သိလို၍ လိုက်လာသော ဂျာမန်ထရိန်နာနှင့် တူရကီ လက်ဖွေ့သမား၊ စစ်သား လေးငါးယောက်နှင့် ကျွန်တော်တို့ အားလုံး ဝိုင်း၍ ရယ်မောကြပါတော့သတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

# သူ့ရဲကောင်းတံဆိပ်ရပုံ

ကျွန်တော်တို့၏စစ်တပ်သည် မက်ဆိုပိုတေးမီးယား စစ်မျက်နှာတစ်နေရာ၌ စခန်းချလျက်ရှိစဉ် စစ်ဗိုလ်ချုပ် မေဂျာဂျင်နရယ် မက္ကဒေါ်နယ်က ခေါ်သည်ဟု အော်ဒလီတစ်ယောက် လာပြောသည်နှင့် လိုက်သွားသောအခါ ဗိုလ်ချုပ်၏တဲဝတွင် ဒူဘိုင်းသား ဂျမဒါအလီခန်ဆိုသူနှင့် ဆုံမိကြသည်။ အိန္ဒိယဗိုလ်ချုပ် ခေါ်သည်ဆို၍ ရောက်လာခြင်းဖြစ်ရာ ဗိုလ်ချုပ်၏ မိုးကာတဲအပြင်စခန်းတွင် စောင့်လျက်ရှိသော မေဂျာကူးပါးသည် ကျွန်ုပ်တို့ ဂျမဒါနှစ်ယောက်ကို ဗိုလ်ချုပ်ရှိသော အတွင်းခန်းသို့ ခေါ်သွားလေသည်။

အတွင်းခန်းတွင် ဗိုလ်ချုပ် ဂျင်နရယ် မက္ကဒေါ်နယ်သည် ကာနယ်တစ်ယောက်နှင့်အတူ စားပွဲပေါ်တွင် ဖြန့်တင်ထားသော စစ်မြေပုံကြီးတစ်ခုကို မတ်တတ်ရပ်ကာ ကြည့်ရှုလျက် ရှိကြရာ ကျွန်ုပ်တို့ဝင်သွား၍ မေဂျာကူးပါးက ပြောပြလိုက်သောအခါ၌ ဗိုလ်ချုပ်သည် ကျွန်ုပ်တို့ ဂျမဒါနှစ်ယောက်ဘက်သို့ လှည့်လျက် 'မောင်မင်းတို့နှစ်ယောက် သူ့ရဲကောင်းတံဆိပ်ရပြီးပြီလား' ဟု မေးသဖြင့် မရသေးကြောင်း ပြန်ဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချုပ်။ ။'ကောင်းပြီ၊ မောင်မင်းတို့ တံဆိပ်ရဖို့ ကိစ္စတစ်ခုပေါ်လာပြီ။ ဟော ဒီမြေပုံမှာ ကြည့်ကြစမ်း၊ ဟောဒါက ကျွန်ုပ်တို့ ယခု စခန်းချတဲ့ နေရာပဲ၊ ဒီက မြောက်ကိုသွားလျှင် ဟောဒီ မာလ်ခန်းဆိုတဲ့ ရွာကို ရောက်မယ်။ ဒီရွာကနေပြီး အနောက်ဘက်ထွက်လမ်းတစ်လမ်း၊ အရှေ့ဘက်ထွက်တဲ့ လမ်း တစ်လမ်း ရှိတယ်။ ဒီနှစ်လမ်းစလုံးဟာ ဟိုမြောက်က ဒေလီယန်ဆိုတဲ့ မြို့ကို ရောက်တာချည်းပဲ။ အဲဒီဒေလီယန်မြို့မှာ ကျွန်ုပ်မဟာမိတ် အာဖဂန်စစ်တပ်ကြီး ရှိလေရဲ့။ ဗိုလ်ချုပ်အမည်က မေဂျာကျင်နရယ်နူးရ်အာမက်တဲ့။ ကျွန်ုပ်က မောင်တို့ နှစ်ယောက်ကို စာတစ်စောင်ရေးပေးလိုက်မယ်။ လမ်းတစ်လျှောက်လုံးမှာ တူရကီ စစ်တပ်တွေ ရှိလေရဲ့။ သို့သော် မောင်မင်းတို့က ရောက်အောင်သွားပြီး နူးရ်အာ မက်လက်ထဲကို ဟောဒီစာ ရောက်အောင်ထည့်ခဲ့ရမယ်။ နားလည်ကြလား'

'နားလည်ပါတယ် ဗိုလ်ချုပ်'

'ကောင်းပြီ၊ ဟောဒီ မာလ်ခန်းရွာအထိ အတူတူသွားနိုင်တယ်၊ ဟိုရောက် တော့ ကိုကိုကြီးက အရှေ့ဘက်လမ်းလိုက်၊ အလီခန်က အနောက်ဘက် လမ်းကို လိုက်။ တစ်ယောက်မရောက်လျှင် တစ်ယောက်ရောက်ပေါ့ကွယ်၊ ဟုတ်လား...'

'ရော့...ဟောဒါက ကိုကိုကြီး၊ ဟောဒါက အလီခန်၊ ကိုင်း သွားကြပေ တော့...'

မက္ကဒေါ်နယ်သည် ကျွန်ုပ်တို့နှစ်ယောက်အား စာတစ်စောင်စီပေး၍ လွှတ်လိုက်ရာ ကျွန်ုပ်တို့နှစ်ယောက်သည် ဗိုလ်ချုပ်ကို ဆလံပေး၍ မိုးကာတဲမှ ထွက်လာခဲ့ကြမည်ပြုစဉ်...

ခန်။ ။'အကယ်၍ သွားမည့်လမ်းတည့်တည့်ကြီးမှာ ရန်သူတွေရှိနေလျှင် ကျွန်တော်တို့ ရှောင်ကွင်းပြီးသွားနိုင်ခွင့်ရှိသလား ဗိုလ်ချုပ်'

'မရှောင်ကွင်းရဘူး။ လမ်းအတိုင်း လိုက်ကြရမယ်'

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သည် မိုးကာတဲမှ ထွက်လာကြလေ သည်။

ကျွန်ုပ်တို့စစ်တပ်၌ အရေးကိစ္စရှိသည့်အခါ အသုံးပြုရန် မြင်းလေးစီး ရှိရာ ကျွန်ုပ်သည် မြင်းအားလုံး၏ 'သဏ္ဌာန်'နှင့် အစွမ်းသတ္တိကို သိပြီးဖြစ်၍ အမြန်ဆုံးဖြစ် သော ဖလိုင်းဝင်း(လေပျံ)ခေါ်မြင်းကို ရွေးယူခဲ့သည်။ ဤမြင်းမှာ လေးပေ ငါး လက်မ ရှိသည့် မန်ကျည်းစေ့မွေး၊ ဒူးမည်းဖြစ်၍ ခရီးတွင်သလောက် အမော အပန်းခံနိုင်သော မြင်းတစ်စီးဖြစ်လေသည်။

အလီခန်၏မြင်းမှာ ကျယ်ပြန့်သော ကျောပြင်ကြီးနှင့် တုတ်ခိုင်သော ခြေချောင်းများရှိသည်ဖြစ်၍ ဖလိုင်းဝင်းထက် ၂ လက်မခန့် မြင့်သော်လည်း



အကြိတ်အနယ် နှံကြမည်ဆိုလျှင် ၅ မိုင်တွင် တစ်မိုင်ဖြတ်ထားနိုင်ခဲ့သည်ဖြစ် ၍ ကျွန်ုပ် ပြုံးမိသေးသည်။ ထိုသူသည် ကျွန်ုပ်ပြုံးသောအဓိပ္ပာယ်ကို ရိပ်မိဟန် တူ၍ တုံ့ပြန်ပြောဆိုမည်ပြုပြီးမှ တစ်နည်းတစ်ဖုံ ပြုံးလိုက်ပြီးလျှင် ဆိတ်ဆိတ် နေလိုက်လေသည်။

ကျွန်ုပ်တို့သွားရမည့်ခရီးမှာ (မြေပုံအမြင်အားဖြင့်) မိုင် ၃၀ ထက်မနည်း ကွာလှမ်းသည်ဖြစ်ရာ ကျွန်ုပ်တို့နှစ်ယောက်သည် မြင်းကိုယ်စီနှင့် တပ်စခန်းမှ ထွက်လာကြသောအခါ၌ နေအတော် စောင်းခဲ့လေပြီ။ ကျွန်ုပ်အဖော် အလီခန် မှာ နှုတ်နည်းသောလူတစ်ယောက်ဖြစ်၍ မေးနိုင်မှပြောသူဖြစ်၏။ ကျွန်ုပ်ကား စကားတပြောပြောနှင့် ရောက်မှန်းမသိရောက်အောင် ခရီးသွားလိုသူဖြစ်၏။ ဤတွင် ကျွန်ုပ်တို့နှစ်ယောက်သည် အစပ်မတည့်သော အဖော်နှစ်ယောက်ဖြစ် သည်နှင့် ကျွန်ုပ်က ရှေ့မှခပ်သုတ်သုတ်နှင်သွားရာ 'နေဦးလေဗျာ' 'နေပါဦးလေ ဗျ'ဟူ၍ မကြာခဏ ကျွန်ုပ်ကိုခေါ်ယူတားဆီးလေသည်။ နောက်ဆုံး၌ ကျွန်ုပ် သည် မာလ်ခန်ရွာရောက်အောင် အတူသွားပါတော့မည်ဟု ဆုံးဖြတ်၍ ဒူးချင်း ယှဉ်လျက် မြင်းစီးလာကြစဉ်...

ခန်။ - ။'ကျွန်ုပ်တို့ သွားရမည့်ကိစ္စကို စဉ်းစားတာပေါ့ဗျာ'

ကျွန်ုပ်။ ။'ဘာစဉ်းစားစရာရှိလဲဗျ၊ အရေးဆိုသွားပေါ့...'

ခန်။ ။'ဟုတ်ပါ့မလားဗျ...'

ခန်။ ။'နို့ဗျာ...လမ်းကရွာတွေမှာ ရန်သူတူရကီစစ်တပ်တွေ ရှိနေလျှင် ဘယ့်နှယ်လုပ်မလဲ'

ကျွန်ုပ်။ ။'ဘယ့်နှယ်မှမလုပ်ဘူး၊ အတင်းတိုးသွားမှာပဲ'

ခန်။ ။'အများနဲ့တစ်ယောက်နဲ့ဆို ခင်ဗျားသေမှာပေါ့'

ကျွန်ုပ်။ ။'သေလည်း စောစောအိပ်ရတာပေါ့'

ထိုအခါ၌ ကျွန်ုပ်တို့သည် မာလ်ခန်ရွာသို့ ဆိုက်ရောက်လာကြပြီဖြစ်ရာ ရွာသူရွာသားများသည် ကျွန်ုပ်တို့ကို ထွက်၍ကြည့်ကြ၏။ အမှန်မှာ ရွာသားများ အနက်တွင် မိန်းမပျိုကလေးများ ပါသည်ဖြစ်၍ ၎င်းတို့သည် မြင်းချောကို လူ ချောစီး၍ တရှူးရှူးတဆတ်ဆတ်ဖြစ်နေသော ဖလိုင်းဝင်းနှင့် ကျွန်ုပ်ကို ကြည့်ကြ ခြင်းဖြစ်ပါလျက် မြင်းဘုတ်ထိုင်းကို လူဘုတ်ထိုင်းစီးသည့် အလီခန်ကမူ သူ့ကို ကြည့်သည်အထင်နှင့် နှုတ်ခမ်းမွှေးသပ်လိုက်ရသည်များမှာ လက်ညောင်းစရာ ကောင်းတော့သည်။

ရွာကို ဖြတ်ကျော်၍ လမ်းဆုံအနီးသို့ ရောက်ကြသောအခါ–

ကျွန်ုပ်။ ။'ကိုယ့်လူက နှုတ်ခမ်းမွှေးသပ်လိုက်ရတာ လက်မညောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



ခန်။ ။'နှုတ်ခမ်းမွေးသပ်ဆို ဒီတစ်ဝိုက်မှာ ဒီရွာဟာ နာမည်ကြီးပေါ့ဗျ'

ကျွန်ုပ်။ ။'ဘာနာမည်ကြီးတာလဲ'

ခန်။ ။'အပျိုချောတာလေ...ခင်ဗျား မမြင်ခဲ့ဘူးလား...ကြည့်လိုက်ကြတာ မျက်လုံးတောင် ပေါက်ထွက်မတတ်ပဲ'

ကျွန်ုပ်။ ။'ဘယ်သူ့ကိုကြည့်ကြတာလဲ ခင်ဗျားကိုလား၊ ကျွန်ုပ်ကိုလား'

ခန်။ ။'ဒီအရပ်ကမိန်းကလေးတွေက ပါးမြိုင်းမွေးမရှိတဲ့ ခင်ဗျားလိုလူကို ကြည့်ဖို့မပြောနဲ့ လူရှိတယ်တောင်မထင်ဘူး'

ကျွန်ုပ်သည် ဒေါသတကြီးနှင့် ရန်ဖြစ်ဦးမည့်အကြံနှင့် လှည့်ကြည့်လိုက်သည်တွင် အလီခန်သည်မြင်းကို ခြေဆောင့်လျက် အနောက်ဘက်လမ်းချိုးသို့ စိုင်းသွားသည်နှင့် ကျွန်ုပ်လည်း အရှေ့ဘက်လမ်းချိုးသို့ လိုက်လာခဲ့ရပါတော့သည်။ အလီခန်သည် အထက်ပါစကားကို ငါးမိနစ် စောစောပြောခဲ့လျှင် စစ်ကိစ္စကို နောက်ထား၍ ကျွန်ုပ်နှင့်ရေးဦးစွာ သက်ဘရင်းရပေဦးမည်။ ကျွန်ုပ်တစ်ယောက်တည်း မြင်းစီးလာခဲ့၍ နေဝင်ရီသရောအချိန်တွင် တောင်ပူစာတစ်ခု အနီးစမ်းချောင်းကလေးသို့ ရောက်လာသည်တွင် ကျွန်ုပ်သည် မြင်းကို ရေတိုက်၍ ခေတ္တအမောဖြေရင်း ပေါင်မုန့်၌ အမဲသားညှပ်ထားသည့် 'ဆင်းဒွတ်ချ်' သုံးလေးခုကို ရေနှင့်ကျိုက်ချရ၏။ ထို့နောက် မော့်မိုက်လာ၍ သွားရမည့်လမ်းသို့ မျှော်ကြည့်လိုက်သော် တောတစ်ဝိုက်တွင် စစ်တပ်ကြီးစခန်းချထားသည့် လက္ခဏာနှင့် ဖိုထားသောမီးပုံများ၏ အလင်းရောင်တဝင်းဝင်းရှိသည်ကို မြင်ရသည်။ စစ်တပ်ဟူသည်မှာ ရန်သူစစ်တပ်ဖြစ်ရမည်ဟု ကျွန်ုပ်က တွက်မိသော်လည်း ရှောင်ကွင်း၍မသွားရ၊ တောက်လျှောက်ဖြတ်သွားရမည်ဟု ဗိုလ်ချုပ် ပြောလိုက်သောစကားကို သတိရ၍ ရင်ဘတ်ထဲ၌ ထိုးထည့်ထားသော စာကလေးကို စမ်းသပ်ကြည့်မိသေး၏။

ကျွန်ုပ်သည် မြင်းပေါ်သို့ပြန်တက်၍ တောခရီးတစ်လျှောက် ခပ်သုတ်သုတ်နှင်လာခဲ့သည်တွင် ခါး၌ထိုးထားသော ခြောက်လုံးပူးနှင့် ဓားလွယ်တို့ကို မကြာခဏ စမ်းကြည့်မိ၏။ ချွတ်ခနဲမြည်သံကြားတိုင်း လက်နက်ကိုသတိရ၏။ ဤသည်ကား စစ်သားကောင်းတစ်ယောက်၏ ဂုဏ်အင်္ဂါပေတည်း။ တဲကုပ်ကလေး သုံးလေးလုံးအနီး ချောင်းတစ်ခု၌ ရေခပ်နေသော မိန်းကလေးတစ်ယောက်က ရှေ့တွင် ရန်သူရှိသည်ဟု ကျွန်ုပ်အား သတိပေးရှာ၏။ သနားကမားရှိ၍ စစ်ဗိုလ်ပီပီ ခန့်ညားသောကျွန်ုပ်၏ ရုပ်လက္ခဏာကြောင့် ကျွန်ုပ်အတွက် ပူပန်သောကရောက်ပုံရ၏။ သို့ရာတွင် ကျွန်ုပ်သည် မိန်းကလေး စိတ်အေးအောင် ပြောနေဖို့ အချိန်မရဘဲ ဗိုလ်ချုပ်၏အမိန့်အတိုင်း ရှေ့သို့ဖွတ်တိုးရပါတော့သည်။



၁၀ မိနစ်ခန့်မြင်းစိုင်းလာခဲ့သော် ရွာတစ်ရွာ၏ တံခါးဝသို့ ဆိုက်ရောက်လာခဲ့ရာ တူရကီမြင်းစစ်သား သုံးယောက်တို့သည် မြင်းများကို ချိတ်ထား၍ မီးပုံတစ်ခုအနီးတွင် စစ်သားများထုံးစံအတိုင်း စကားဖျင်းပြောလျက် ရယ်မောနေကြသည်။ ကျွန်ုပ်ကိုမြင်သောအခါ တူရကီစစ်သားများသည် ထိုင်ရာမှ ရုတ်တရက်ထပြေးလာပြီး လက်ရဖမ်းဖို့ ကြိုးစားကြရာ တစ်ယောက်ကို မြင်းနှင့်တိုက်၍ အခြားတစ်ယောက်ကို ဓားနှင့်ခုတ်ပိုင်းချ၏။ သို့ရာတွင် ပထမလူကို ဝင်တိုက်ရသည်နှင့် မြင်းခြေချော်သွား၍ ကျွန်ုပ်၏ ဓားချက်သည် ချိန်သားမရဘဲ လွဲချော်သွားခဲ့သည်။ ဤအတောအတွင်း၌ အနီးအပါးတစ်ဝိုက်ရှိ တူရကီစစ်သားများလည်း ဝိုင်းအုံပြေးလာကြရာ ကျွန်ုပ်သည် မညီသူ့ကိုမှု ဂရုမစိုက်ဘဲ ရွာလည်လမ်းမကြီးအတိုင်း ကဆုန်စိုင်းလာခဲ့သည်။ ထိုခဏ၌ 'ဒိုင်း...ဒိုင်း' မြည်သော သေနတ်သံနှစ်ချက် ကြားလိုက်၍ ရှိခနဲမြည်သော ကျည်ဆန်များလည်း နားရွက်နားမှ ပွတ်သီသွားကြသည်။ သို့ရာတွင် ကျွန်ုပ်ကိုလည်းကောင်း၊ မြင်းကိုလည်းကောင်း မထိမှန်ချေ။ နောက်တစ်ခဏ၌ စစ်သားတစ်ယောက်သည် လမ်းတွေ့မှ ချောင်းနေ၍ ကျွန်ုပ်၏မြင်းဇက်ကြိုးကို တစ်ဟုန်ထိုး ခုန်ဆွဲလိုက်၏။ သို့သော် ကျွန်ုပ်က လက်မောင်းကို ခုတ်ချလိုက်သည်နှင့် ငူးငူးဝါးဝါးအော်ကာ ကျန်နေရစ်ခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် မြင်းပေါ်၌ ပြားပြားဝပ်လျက် အတင်းနှင်တော့သည်တွင် ဖလိုင်းဝင်းသည် ခွေးများလိုက်သော ယုန်ကလေးကဲ့သို့ မြေကြီးပေါ်တွင် ခြေလေးဘက်တစ်ပြိုင်နက်တည်းကားလျက် ပြားပြားဝပ်နေသည် ထင်ရအောင် ပြေးရှာလေရကား ဤစာပိုဒ်ကို ဖတ်ရှုရသလောက်မျှ မကြာမီ လူရောမြင်းပါ ရွာပြင်သို့ ရောက်ခဲ့ကြလေပြီ။

သို့ရာတွင် ကျွန်ုပ်သည် မြင်းကိုအနည်းငယ်မျှ အရှိန်မသတ်ဘဲ ၁၀ မိနစ်ခန့် ခြေကုန်နှင်ပြီးသည့်နောက်မှ ဇက်သတ်၍ အခြေအနေကို စောင့်ကြည့်သေး၏။ သို့သော် မြင်းခွာသံလုံးဝမကြားရသည်နှင့် ကျွန်ုပ်နောက်မှ ရန်သူများ လိုက်လာခြင်းမရှိဟု သိရပေသည်။ တစ်နာရီခန့် ဆက်လက်နှင်ခဲ့ပြန်သော် ချောင်းတစ်ခုသို့ရောက်လာ၍ မြင်းကိုရေတိုက်ခြင်း၊ ချွေးများကို သပ်ချခြင်း စသည်ဖြင့် အမောပြေအောင် လုပ်ပေးပြီးမှ သကြားခဲကလေး နှစ်လုံး ဆုပေးလိုက်သည်။ ကျွန်ုပ်၏ ဝါသနာကား မြင်းနှင့်ခရီးသွားရတိုင်း လူအတွက်သာမဟုတ် မြင်းအတွက်လည်း ယုတ်စွအဆုံး အမောပြေစရာ အချိုခဲကလေး အနည်းငယ် ဆောင်ယူလာတတ်လေရာ သကြားခဲကလေးနှစ်လုံးမှာ ပြောပလောက်သော အာဟာရမဟုတ်သော်လည်း မြင်းပေါ်သို့ ပြန်တက်၍ ခရီးဆက်ကြသည်တွင် ခြေလှမ်းပုံနှင့် ရှုလာပုံကိုကြည့်ခြင်းအားဖြင့် မြင်းမှာအတော် လန်းဆတ်လာသည်ဟု သိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညဉ့်မှာ လဆန်း ၁၀ ရက်ဖြစ်နေ၍ လမင်းသည် ကောင်းကင်၌ အတော်ကြီးနေသည့်အလျောက် တောလမ်းတစ်လျှောက်မှာလည်း ထိန်ဝင်းလျက်ရှိ၏။ ထိုနေရာတစ်ဝိုက်၌ စစ်သားများ စခန်းချနေဟန်ဘူ၍ ခပ်မှုန်မှုန်နှင့် ခပ်ကြမ်းကြမ်းသီဆိုသော တေးသံများကြားရသော်လည်း လမ်းနှင့် တော့ကပ်နေသည် မဟုတ်သောကြောင့် ကျွန်ုပ်ကလည်းကောင်း၊ သူတို့ကလည်းကောင်း မမြင်ကြရချေ။ သို့သော် တစ်နေရာသို့ရောက်၍ မြေကမူကြီးတစ်ခုကို ကျော်လွန်သည်နှင့် တစ်ပြိုင်နက် မီးပုံအနီးတွင် မီးလှုံနေကြသော တူရကီစစ်သား လေးငါးယောက်တို့နှင့် ပက်ပင်းပါတွေ့ဆုံမိလေသည်။

ကျွန်ုပ်သည် (ကျွန်ုပ်ကိုယ် ကျွန်ုပ် ချီးကျူးသည်ဆို၍ မယုံမကြည်မရှိလေနှင့်)အလွန်တော်သော စစ်သားကောင်းတစ်ယောက်ဖြစ်သည့်အလျောက် အရေးကိစ္စကြုံသည့်အခါတိုင်း အလွန်လျင်မြန်စွာ စိတ်ကူးနိုင်၏။ ၎င်းတို့အနီးတွင် မြင်းများရှိနေသည်ကို မြင်ရခြင်းအားဖြင့် ဤလူစုကား ကျွန်ုပ်ကို လိုက်ဖမ်းနေတော့မည်ဟု ကျွန်ုပ်သိ၏။ သို့ဆိုလျှင် ရှေ့သို့တက်မည်လော၊ နောက်သို့ ဆုတ်ပြေးမည်လော၊ မည်သည့်ဘက်သို့ ပြေးကြတော့မည့်အတူတူ ကျွန်ုပ်သည် နောက်သို့လှည့်မပြေးခင် ရှေ့သို့တိုးမည်ဟု တစ်ခဏခြင်းအတွင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

ကျွန်ုပ်အဖို့မှာ ဆုံးဖြတ်ခြင်းနှင့် ဆုံးဖြတ်သည့်အတိုင်း လုပ်ခြင်းသည် 'ဒိုးဒေါက်'ကိစ္စမျှသာ ဖြစ်သည့်အတိုင်း ကျွန်ုပ်သည် ဖလိုင်းဝင်း၏ နံဘေးကို ခြေဖနောင့်နှင့်ဆောင့်လျက် ဇက်ကြိုးကိုတွန်းကာ ကိုယ်လုံးကုန်းပေးလိုက်ရာတွင် ဖလိုင်းဝင်းဆိုသည့်အတိုင်း နားထဲသို့ လေများ တဝိုးဝိုးတိုးဝင်သည့်တိုင်အောင် ပြေးလေတော့သည်။ ဒိုင်း...ဒိုင်း...ဒိုင်း မြည်သော သေနတ်သံ သုံးချက်ကြားရ၍ ကုန်းနီးတွင် တောက်ခနဲမြည်သွားပြီး ဖလိုင်းဝင်း၏ ကိုယ်လုံးလည်း ယိုင်သွားသည် ထင်လိုက်ရ၏။ သို့သော် အပြေးမပျက်သည့်ပြင် တိုး၍ လျင်မြန်သေးသကဲ့သို့ ထင်ရသည်။ များမကြာမီ နောက်မှ မြင်းခွာသံများ ကြားရ၍ မြင်းသုံးစီးလိုက်လာသည်ဟု သိရ၏။ မြင်းခွာသံများ ကြားရသည့်အခါ နှစ်စီးမှ ငါးစီးအထိ မှန်ကန်အောင် ပြောနိုင်ခြင်းမှာလည်း ကျွန်ုပ်၏ ထူးခြားချက်တစ်ခုဖြစ်သည်။

ထိန်ထိန်လင်းနေသော လရောင်တွင် နောက်သို့လှည့်ကြည့်လိုက်သောအခါ ကျွန်ုပ်ထင်သည့်အတိုင်း မြင်းသုံးစီးလိုက်လာကြသည့်အနက် တစ်စီးမှာ စစ်ဗိုလ်ကလေးစီး၍ ရှေ့ဆုံးမှရောက်နေပြီး ကျန်နှစ်စီးမှာ အနည်းငယ်ကွာ ကျန်ရစ်သည်။ ဖလိုင်းဝင်း လတ်ဆတ်စွာရှိပါလျှင် မြင်းသုံးစီးသာမက မြင်းတပ်တစ်တပ်လုံးလိုက်သော်လည်း မှုစရာမဟုတ်ချေ။ ယခုမှာ တစ်နေ့လုံးခရီးပန်း



လာခဲ့၍ အသည်းကောင်းလှသောမြင်းဖြစ်၍သာ ပြေးနိုင်ရှာသည်။ သို့နှင့်ပင် ရှေ့ဆုံးမှ စစ်ဗိုလ်ကလေးစီးသော မြင်းတစ်စီးတည်းသာ တဖြည်းဖြည်းမီလာ၍ ကျန်နှစ်စီးမူကား ကြာလေဝေးလေ ကျန်ရစ်ခဲ့လေပြီ။

ဤနည်းအတိုင်း တစ်မိုင်ကျော်ကျော် ပြေးခဲ့ကြ၍ နောက်မြင်းနှစ်စီးသည် ဝေးသည်ထက်ဝေးကျန်ရစ်ခဲ့သည်တွင် ကျွန်ုပ်သည် စိတ်ကူးတစ်ခုရလာ၏။ သို့ဖြစ်၍ ဖလိုင်းဝင်းကို မသိမသာ ဇက်ထိန်းပေးသဖြင့် သေနတ်တစ်ပစ် အတွင်းသို့ချဉ်းကပ်လာရာတွင် ကျွန်ုပ်သည် စစ်ဗိုလ်ကလေး၏အကြံကိုသိလို၍ နောက်သို့လှည့်ကြည့်လိုက်၏။ အမှန်မှာ ဤနေရာတွင် ကျွန်ုပ်အား သေနတ်ပစ်ဖို့သာရှိ၏။ ဤကဲ့သို့မပြုဘဲ ဓားဝင့်ကာဆက်လက်စိုင်းလာခြင်းကို ထောက်ခြင်းအားဖြင့် သူ၏မြင်းကုန်းနှီးမှ သေနတ်ဖြုတ်ထား၍ မပါလာကြောင်း ကျွန်ုပ် ရိပ်မိလေပြီ။ သို့ဆိုလျှင် ကျွန်ုပ်ပြုသမျှ သူခံရချေတော့မည်ဟု သိရလေပြီ။

ကျွန်ုပ်သည် ဖလိုင်းဝင်းကို ဇက်ထိန်းပေးသည်ထက် ထိန်းပေးလိုက်စဉ် စစ်ဗိုလ်ကလေး၏မြင်းနှာခေါင်းဖျားသည် ဖလိုင်းဝင်း၏ အမြီးနှင့် တစ်လံကျော်ကျော်မျှသာ ဝေးကွာတော့သည်။ သူကမူ 'ဆာရင်းဒါး'(လက်နက်ချ)ဟူ၍ ကျယ်လောင်စွာ ဟစ်အော်ရင်း ဓားကိုလည်း ယမ်းပြ၏။ ပထမ၌ ကျွန်ုပ်သည် သူ၏မျက်နှာသို့ တည့်တည့်ကြီးချိန်၍ ခလုတ်ဖြုတ်တော့မည်လုပ်ပြီးမှ တစ်ဖက်သတ်အနေ ပစ်သတ်ရာကျတော့မည်ဆို၍ ပြောင်းဝကို အောက်သို့နှိမ့်ပြီးလျှင် မြင်းပခုံးကို ပစ်လိုက်ပါတော့သည်။ မြင်းရောလူပါ ဒလိမ့်ခေါက်ကွေး ကျရခြင်းသည် မသက်သာလှသော်လည်း ဤမျှထက်သက်သာအောင် ကျွန်ုပ် မတတ်နိုင်တော့ချေ။ ဖုံတွေ ထောင်းခနဲ ထသွားသည်ကိုသာ မြင်ရပြီးနောက် ကျွန်ုပ်သည် လှည့်၍မကြည့်တော့ဘဲ ဖလိုင်းဝင်းကိုသာ နှင်ရပါတော့သည်။

အတန်ကြာလတ်သော် နောက်မှလိုက်လာသော မြင်းခွာသံများမှာ ကြားမြဲတိုင်းကြားရ၍ ဤလူနှစ်ယောက်သည် သူတို့၏ စစ်ဗိုလ်ကလေးကို ပစ်ထားခဲ့ပြီး ကျွန်ုပ်နောက်သို့ လိုက်နေသေးကြောင်း သိရ၏။ ဤတွင် ကျွန်ုပ်မှာ ဖလိုင်းဝင်းကို အနားပေးလိုသော်လည်း မဖြစ်တော့ဘဲ နှင်မြဲတိုင်း ဆက်လက် နှင်ရပြန်ပါတော့သည်။

နှစ်မိုင်ခန့် ဆက်လက်ပြေးမိလတ်သော် ကျွန်ုပ်၏ရှေ့၌ လမ်းပေါ်တွင် ရန်သူမြင်းတပ်ကြီး ပိတ်ဆီးနေသည်ကို မြင်ရပြန်သည်။ နောက်၌ကား ရန်သူနှစ်ယောက်၊ ရှေ့၌ကား ရန်သူတစ်တပ်လုံးရှိနေရာ မည်ကဲ့သို့ ပြုရချေမည်နည်း။ ထိုခဏ၌ အကြံအစည်တစ်ခု ပေါ်လာသည်မှာကား ရန်သူနှစ်ယောက်၏ လက်သို့ အရှုံးပေးအပ်နံ ရခြင်းထက် တပ်ကြီးတစ်တပ်လုံးသို့ အပ်နံ လိုက်ရခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အဖို့ ဂုဏ်ရှိမည်ဟု စဉ်းစားမိသည်။ ဤတွင် ကျွန်ုပ်သည် အနည်းငယ်မျှ ဆိုင်းတွနှောင့်နေးခြင်းမရှိဘဲ ရှေ့သို့ဆက်လက်၍ နှင်လာခဲ့သည်။

အနီးသို့ချဉ်းကပ်သောအခါ၌ 'ဂေါ့ဒမ်ဘလယ်ဒီဖူး'စသော ဂေါ်ရာသံများ ကြားရ၍ အသေအချာကြည့်လိုက်ရာတွင် ဖြူလီစီယာဂေါ်ရာစစ်တပ်ကြီး ဖြစ်နေခြင်းကို အံ့သြဝမ်းမြောက်စွာ တွေ့မြင်ရသည်။ သို့သော် ရန်သူလိုက်၍ ပြေးခဲ့ရခြင်း မဟုတ်လေဟန်ဖြင့် 'ကျွန်ုပ်နောက်တွင် သုံ့ပန်းနှစ်ယောက် ဖမ်းခေါ်လာခဲ့ပါတယ်' ဟု စစ်ဗိုလ်အား ဖိန်းစမ်းပါသေး၏။ သို့သော် တူရကီနှစ်ယောက်တို့မှာ ကျွန်ုပ်ထက် မျက်စိစူးသူများဖြစ်၍ ကျွန်ုပ် မသိရသေးမီကပင် လှည့်ပြန်ပြေးကြကုန်လေ၏။

ဖြူလီစီယာစစ်တပ်ထဲတွင် မြန်မာပြည်၌ ကျွန်ုပ်နှင့်လက်ဝှေ့ထိုးသတ်ခဲ့ဖူးသည့် ဆာဂျင်ဘွတ်ချားဆိုသူတစ်ဦး ပါရှိ၏။ မျက်နှာဖြူများသည် ဤခေတ်တွင် နယ်ချဲ့သမားဆို၍ နာမည်ပျက်ကြသော်လည်း စင်စစ်အားဖြင့် နယ်ချဲ့အလုပ်သည် ခနရှင်ကုမ္ပဏီသူဌေးကြီးများ၏ အလုပ်မျှသာဖြစ်၏။ အောက်တန်းစားနှင့် လူလတ်တန်းစားမှုကား ချစ်ဖွယ်ကောင်းသည့် ထူးခြားချက်များ ရှိကြပါပေသည်။ ကျွန်ုပ်သည်မြန်မာပြည်လက်ဝှေ့ပွဲတွင် ဆာဂျင်ဘွတ်ချားကို အလဲထိုးခဲ့ဖူးသော်လည်း ထိုသူသည် ကျွန်ုပ်အပေါ် ရန်ငြိုးမထားရုံသာမက သူကနိုင်ဖူး၍ ကျွန်ုပ်ရှုံးခဲ့ဖူးသည်ထင်ရလောက်အောင် ကျွန်ုပ်ကို တမ်းတမ်းတတ ခင်မင်လျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်က အဖြစ်အပျက်ကို ပြောပြလိုက်သည်တွင် ဘွတ်ချားသည် ကျွန်ုပ်အတွက် စစ်ဗိုလ်ကြီးတာဝန်ယူ၍ ဧည့်ခံ ကျွေးမွေးပါပေသည်။

နောက်ဆုံး၌ ကျွန်ုပ်က ဒေရီယန်မြို့တွင် စခန်းချလျက်ရှိသော အာဗဂန် စစ်ဗိုလ်ချုပ်လက်သို့ စာတစ်စောင်ပေးဖို့ ပါလာကြောင်း ပြောပြသောအခါ

ချား။ ။'ခင်ဗျားသွားရမည့် လမ်းတစ်လျှောက်လုံးမှာ တူရကီတွေရှိတယ်'

ကျွန်ုပ်။ ။'ရှိချင်ရှိ မတတ်နိုင်ဘူး၊ ကျုပ်သွားရမှာပဲ'

ချား။ ။'သို့သော် ရှေ့မှာရှိတဲ့ မာလိကောက်ရွာအထိတော့ ကျုပ်တို့နဲ့အတူ လိုက်ခဲ့နိုင်တယ်။ ကျုပ်တို့ စစ်ဗိုလ်က အဲဒီကို သွားမလို့'

ကျွန်ုပ်။ ။'ဒီလိုဆို ကောင်းတာပေါ့'

ကျွန်ုပ်သည် ဖြူစီလီယာဂေါ်ရာ စစ်တပ်ကလေးနှင့်အတူ လိုက်သွား၍ မာလ်ကောက်ရွာအနီးသို့ ချဉ်းကပ်မိကြလျှင်ပင် ထင်းခွေသမားတစ်ယောက်နှင့် တွေ့၍ မာလိကောက်ရွာသို့ တူရကီစစ်သားများ ဝင်သွားထားကြောင်း၊ သို့ သော် ၎င်းတို့စစ်တပ်မှာ စစ်သားသုံးလေးဆယ်ထက် ပိုလိမ့်မည်မထင်ကြောင်း ပြော



လေသည်။ ဖြူစီလီယာစစ်တပ်မှာ အဝေးကြီးမှရောက်လာခြင်းဖြစ်၍ မာလ်ကောက်ရွာကို စီးထားသောတူရကီများသည် မိမိတို့အနီးအပါးတွင် ရန်သူ ရှိနိုင်မည်မဟုတ်ဟု တစ်ထစ်ချ ယုံကြည်ထားသည့်လက္ခဏာနှင့် ကင်းစောင့် အနံ့အပြားချထားခြင်းမပြုဘဲ ခပ်ပေါ့ပေါ့ နေလိုက်ကြသည်။ သို့ဖြစ်၍ ဖြူစီလီယာစစ်တပ်က တံခါးစောင့်နှစ်ယောက်ကို ရုတ်တရက်ဝင်အုပ်လိုက်ရာတွင် ရွာအတွင်းမှ တူရကီစစ်သားများ မနိုးကြားဘဲ ရွာထဲသို့ ခပ်ချောင်ချောင် ဝင်နိုင်ကြသည်။

မာလ်ကောက်ရွာအတွင်း၌ အကောင်းဆုံးအဆောက်အအုံမှာ ရွာသူကြီးနေသော အုတ်တိုက်ကြီးဖြစ်ရာ တူရကီစစ်ဗိုလ်မှာ ၎င်းအုတ်တိုက်တွင်ရှိသည်ဟု သတင်းအရ ဖြူစီလီယာစစ်သားများသည် အုတ်တိုက်ကိုဝိုင်း၍ လက်နက်ချခိုင်းခြင်းဖြင့် တူရကီဘက်မှ စစ်သားခြောက်ယောက်၊ ဖြူစီလီယာဘက်မှ စစ်သားတစ်ယောက် ကျဆုံးရုံမျှဖြင့် အတိုက်အခိုက် ပြီးဆုံးကာ မာလ်ကောက်ရွာကို အုပ်စီးနိုင်ကြလေသည်။

ကျွန်ုပ်ကား ဤရွာတွင် တစ်ညနား၍ နံနက်လင်းကာနီးမှ ခရီးဆက်မည်အကြံနှင့် ဆာဂျင်ဘွတ်ချား၏ ဖိတ်မန္တကပြုချက်အရ ၎င်းအုတ်တိုက်ကြီးတွင် စားစရာရှိသမျှ မွှေနှောက်ရှာဖွေကာ စားပွဲထိုင်ရန် ပြင်ဆင်ကြလေသည်။ ဖလိုင်းဝင်းအတွက်မူ မြက်ခြောက်နှင့် ရေတစ်ပုံးရှာ၍ မြင်းဇောင်းတွင် နေရာချထားခဲ့လေပြီ။

ကျွန်ုပ်နှင့် ဆာဂျင်ဘွတ်ချားသည် ဖြူစီလီယာစစ်တပ်နှင့် အတူပါလာသော ပေါင်မုန့်ခြောက်နှင့် ငါးသေတ္တာမျှလောက်နှင့် မကျေနပ်နိုင်ကြဘဲ သူကြီးအိမ်ဆိုလျှင် စားစရာသောက်စရာ ရှိရဦးမည်ဆိုကာ အနှံ့အပြား လိုက်လံရှာဖွေကြရာမှ မြေတိုက်ကိုသတိရ၍ ဆင်းသက်ရှာဖွေကြသည်။ ဘွတ်ချားသည် ဖယောင်းတိုင်တစ်တိုင်တောင်း၍ ကျွန်ုပ်နှင့်အတူ မြေတိုက်ထဲ၌ ရှာဖွေကြရာတွင် စွန်ပလွန်သီးခြောက်၊ သကြားစသော စားစရာများအပြင် ချက်အရက် စဉ့်အိုးတစ်လုံးကိုလည်း တွေ့ကြသည်။

'ကော်တာပဲကွ'ဟု အောက်မေ့၍ စွန်ပလွန်သီးခြောက်ကိုဝါးရင်း အရက်ခပ်ယူရန် သံဘူးလွတ်တစ်ခုကို ရှာလျက်ရှိစဉ် အပေါ်ထပ်မှ သေနတ်သံ အမြောက်အများနှင့်တကွ အော်သံတစ်သံ၊ အမိန့်ပေးသံများ ကြားရသည်။ တစ်ချက်တဒေါ ပီသစွာပေါ်ထွက်လာသောအသံကို ကြားရခြင်းအားဖြင့် အင်္ဂလိပ်လည်းမဟုတ်၊ တူရကီလည်းမဟုတ်၊ ဂျာမန်အသံဖြစ်သည်ဟု ကျွန်ုပ် တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘွတ်ချားမှုကား အသံကြားသည်နှင့်တစ်ပြိုင်နက် သူ၏တာဝန်ဖြစ်သည်ဆို၍ မြေတိုက်ပေါ်သို့ တက်ပြေး၍ ကျွန်ုပ်မှုကား ဖြူစီလီယာတပ်သား မဟုတ်သောကြောင့် တာဝန်ဟူ၍မရှိ၊ ကိုယ့်ဟာကို အလွတ်ရုန်းဖို့သာ အလုပ်ရှိသူဖြစ်၍ ဘွတ်ချားသည် မြေတိုက်ပေါ်သို့ တက်ပြေးစဉ် ဖယောင်းတိုင်ကို ပစ်ချခဲ့သဖြင့် ကျွန်ုပ်မှာ မှောင်ကြီးထဲတွင် ရှိနေရစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်၏ ပထမဦးဆုံး အလုပ်မှာ ဖယောင်းတိုင်ကိုတွေ့အောင် ရှာရန်ဖြစ်၏။ အိတ်ထဲ၌ မီးခြစ်ဆံလေးငါးချောင်းပါသော မီးခြစ်ဘူးတစ်လုံးရှိ၍ တစ်ဆံပြီးတစ်ဆံခြစ်ကာ ရှာပါသော်လည်း ဖယောင်းတိုင်ကို မတွေ့ရချေ။ နောက်ဆုံးတွင် မီးခြစ်ဆံ တစ်ဆံတည်းသာ ကျန်တော့သည်နှင့် မခြစ်တော့ဘဲ မှောင်ထဲတွင် လက်ဖြင့် စမ်းသပ်ရသည်။ ဖယောင်းတိုင်တိုမှာ စည်တစ်လုံး၏ အဟိုက်အောက်တွင် ညပ်နေသည်ကိုစမ်းမိကာ လက်ဖြင့်စမ်းရှာသောကြောင့် တွေ့ရသည်။ မီးခြစ်ဆိုလျှင် မျက်စိလျှံဦးမည်ဟု စဉ်းစားမိသေးသည်။

တစ်ဆံတည်းကျန်သော မီးခြစ်ဖြင့် ဖယောင်းတိုင်ကို ထွန်းညှိလိုက်သောအခါ တစ်ဖက်သောနံရံ၌ တံခါးတစ်ခု တွေ့ရသည်။ တွန်းကြည့်ရာ၌ကား လုံးဝမရွေ့ချေ။ အားကုန်ညှစ်၍ တွန်းသည့်အခါ အနည်းငယ်ရွေ့သည်ကို တွေ့ရ၏။ ဤအတောအတွင်း၌ မြေတိုက်အထက်မှ ကြားရသောအသံများသည် ကြောက်မက်ဖွယ်ရာ ကျယ်လောင်လာ၍ မြေတိုက်ထဲသို့ ၎င်းတို့ဆင်းမလာမီ ပုန်းအောင်းဖို့ နေရာရှာရန် အရေးကြီးသည်ထက် ကြီးလာလေပြီ။ နောက်ဆုံး၌ ကျွန်ုပ်သည် စည်ကြီးတစ်လုံးကို ခြေဖြင့်ကန်လျက် တံခါးကို ကျောနှင့်တွန်းပြီး အားကုန်ညှစ်လိုက်ရာတွင်မှ ဖြုန်းခနဲ ပွင့်သွား၏။

သို့ရာတွင် ကျွန်ုပ်မှာ အခြားဘက်သို့ ဖြည်းညင်းစွာ ရောက်ခြင်းမဟုတ်ဘဲ ကျောနှင့်ကျသွားသည်ဖြစ်၍ ဖယောင်းတိုင်ငြိမ်းသွားပြီး မှောင်ကြီးထဲ၌ ကျန်ရစ်လေတော့သည်။ သို့သော် လူးလဲ၍ထပြီးနောက် အထက်က ကြမ်းကြားတစ်ခုမှ တိုးဝင်လာသော အလင်းရောင်ဖြင့် အခြေအနေကို ကြည့်လိုက်သည့်အခါ နံရံတစ်လျှောက်၌ အစီအရီ ထောင်ထားသည့်စည်ကြီးများကို တွေ့ရသည်တွင် မည်သည့်နည်းနှင့်မဆို ကျွန်ုပ်ပုန်းအောင်းရန်အတွက် အကောင်းဆုံးနေရာတစ်ခုဟူ၍ သဘောကျမိသည်။ သို့ဖြစ်၍ ကျွန်ုပ်ဝင်လာခဲ့သော တံခါးကို ပြန်ပိတ်မည်ပြုဆဲတွင် ထူးဆန်းသော အခြင်းအရာတစ်ခုကို ကြုံတွေ့ရလေသည်။

ယခင်ဖော်ပြခဲ့သည့်အလင်းရောင်ထဲမှ ဖြတ်၍ လူတစ်ယောက် ပုန်းလျှိုးသည့်အမူအရာနှင့် ကုန်းကုန်း...ကုန်းကုန်းသွားလျက် နံရံအနီး၌ရှိသော စည်ကြီးတစ်လုံးထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသည်။ ၎င်း၏အဝတ်အစားမှာ တူရကီ



စစ်ဗိုလ်တစ်ယောက်၏ ယူနီဖောင်းဖြစ်သည်ဟူ၍ နောက်တစ်ခဏတွင် ကျွန်ုပ်စဉ်းစားမိသည်။ ထိုသူသည် ကျွန်ုပ်ဝင်လာသည်ကိုသိ၍ ကြောက်သောကြောင့် ပုန်းအောင်းခြင်းဖြစ်သည်ဟူ၍လည်း ချက်ချင်းပင် ရိပ်မိသည်။ ဤတွင် ကျွန်ုပ်သည် တတ်သရွေ့မှတ်သရွေ့ တူရကီစကားဖြင့် ခက်ထန်တင်းမာသော လေသံမျိုးဖြစ်စေလျက်...

နုပ်။ ။'ဟေ့လူ မောင်မင်း ပုန်းလို့ဘာရမလဲ၊ လာခဲ့၊ လာခဲ့ ခုချက်ချင်းထွက်ခဲ့'

ထိုသူသည် ရုတ်တရက်ထွက်မလာဘဲ ပုန်းနေသေး၏။

နုပ်။ ။'ထွက် မထွက်ဘူးလား၊ ပစ်သတ်လိုက်ရမလား'

လူ။ ။'(ဦးခေါင်းပြူလျက်)ကျုပ်ကို ကတိပေးမလား'

နုပ်။ ။'ဘာကတိလဲ'

လူ။ ။'မသတ်ပါဘူးလို့ ကတိထားပါ။ နို့မို့ရင် ကျွန်ုပ်က ခံတိုက်မှာပဲ'

နုပ်။ ။'ကောင်းပြီ၊ ကတိပေးတယ်။ လက်နက်ချလိုက်ပါ'

ထိုသူသည် ၎င်း၏ဓားကောက်ကြီးကို ပစ်ပေးလိုက်သည်။

နုပ်။ ။'ခင်ဗျား ဒီအထဲ ဘယ့်နှယ်ရောက်နေသလဲ'

လူ။ ။'စားစရာများ ရှိသလားလို့ ဆင်းရှာတုန်း ခင်ဗျားတို့လူစု ရောက်လာလို့ ပုန်းနေရပါတယ်'

ဤလူကား ဖြူစီလီယာစစ်တပ်ရောက်လာခြင်းကိုသာသိ၍ ဂျာမန်စစ်တပ်က တစ်ဖန်ပြန်သိမ်းခြင်းကိုကား မသိချေ။

ထို့နောက် ကျွန်ုပ်က ၎င်း၏ရာထူးကို မေးမြန်းရာ ဗြိတိသျှစစ်တပ်တွင် ကပ္ပတိန်ရာထူးနှင့် ညီမျှသော အဆင့်အတန်းရှိသည်ဟု သိရသည်။

ဤအတောအတွင်း ကျွန်ုပ်၏ ဦးနှောက်သည် လျင်မြန်စွာ အလုပ်လုပ်လျက်ရှိသည်။ အခြေအနေကို အမှန်အတိုင်း သူသိရလျှင် ကျွန်ုပ်က သူ့ကို ဖမ်းရန်မဟုတ်။ သူကသာ ကျွန်ုပ်ကို ဖမ်းချေမည်ဟူသော စိတ်ကူးမှအစပြု၍ ဆက်လက်ပြီး အကြံတစ်ခုသည် လျှပ်ပစ်သကဲ့သို့ ကျွန်ုပ်၏ ဦးနှောက်ထဲတွင် လက်ခနဲပေါ်လာတော့သည်။ ဤတွင်...

ကျွန်ုပ်။ ။'ခင်ဗျားတော့ ဒုက္ခပဲဗျို့'

လူ။ ။'အလိုလေး ဘာကြောင့်လဲဗျ'

ကျွန်ုပ်။ ။'ကျွန်ုပ်တို့စစ်တပ်က စစ်သားတွေက ခင်ဗျားတို့ တူရကီဆိုရင် သိပ်မုန်းကာပဲ။ မြင်မြင်ချင်း ဆွဲဆုတ်ရမလားချည်းပဲ။ စစ်ဗိုလ်က

www.burmeseclassic.com

www.burmeseclassic.com



ဟန့်နိုင်တားနိုင်လွန်းလို့သာ၊ သူတိုသဘောအတိုင်းဆိုရင် သုံ့ပန်းတစ်ယောက်မှ ထားမှာမဟုတ်ဘူး'

လူ။ ။'အမယ်လေး ဟုတ်ကဲ့လားဗျ'

ကျွန်ုပ်။ ။'ဟုတ်တာပေါ့၊ ခင်ဗျားကို ဒီအတိုင်းခေါ်သွားရင် ကျုပ်က ဘာမှ မပြောခင် ဘဲ့နက်နဲ့ ထိုးသူကထိုး၊ သေနတ်နဲ့ ပစ်သူကပစ် လုပ်ကြတော့မှာပဲ'

လူ။ ။'ဒီလိုဆို ခက်ချေလားဗျ'

ကျွန်ုပ်။ ။(ဦးခေါင်းကုပ်ကာ စဉ်းစားနေဟန်နှင့်)သို့သော် ဒီလိုလုပ်ကြစို့လား၊ ခင်ဗျားနဲ့ ကျုပ်နဲ့ အဝတ်ချင်း လဲလှယ်ဝတ်ထားရင် သက်သာမလားမဆိုနိုင်ဘူး။

လူ။ ။'ဒီလိုဆို ခင်ဗျားကို ဝိုင်းပြီးမလုပ်ကြပေဘူးလားဗျ'

ကျွန်ုပ်။ ။'ကျုပ်ကိုတော့ လူတိုင်းကသိနေလို့ တော်သေးတယ်။ ယူနီဖောင်းကိုမြင်လို့ ဘဲ့နက်နဲ့ပြေးလာပေမယ့် ဟော့ကောင်၊ ငါပါကွဆိုလိုက်ရင် တန့်သွားနိုင်တယ်။ ခင်ဗျားဆိုတော့ လက်လွန်ပြီးမှ ကျုပ်က တားရတော့ ခင်ဗျားဗိုက်ပေါက်တာက အရင်ဖြစ်လိမ့်မယ်'

လူ။ ။'ကောင်းပါပြီဗျ၊ ဒီလိုဆိုလည်း လဲဝတ်ကြတာပေါ့'

ကျွန်ုပ်နှင့် တူရကီစစ်ဗိုလ်တို့သည် ယူနီဖောင်းချင်း လဲလှယ်ဝတ်ကြသည်။ မက္ကဒေါနယ်စာကိုမူ မေ့လိမ့်မည်မဟုတ်။ အိတ်ချင်းပြောင်းထည့်ရသည်။

ကျွန်ုပ်။ ။'ခင်ဗျားကို မယုံကြည်လို့တော့ မဟုတ်ဘူးဗျာ။ ဝတ္တုရားအတိုင်းတော့ လုပ်ဦးမှဖြစ်မယ်'ဟုပြော၍ ကျွန်ုပ်သည် ထိုလူအား မြေတိုက်ထဲတွင်တွေ့သော ကြိုးတစ်ချောင်းဖြင့် စည်ကြီးတစ်လုံးတွင် ပူးကပ်ချည်တုပ်ထားခဲ့ရသည်။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်တွန်း၍ဖွင့်သောတံခါးကို ပိတ်ထားခဲ့၍ မြေတိုက်ပေါ် တက်လာခဲ့သည်။

အုတ်တိုက်ထဲ၌ကား ဂျာမန်စစ်သားများ ရှုပ်ယှက်ခတ်ရှိနေသည့်အထဲတွင် တူရကီစစ်ဗိုလ်များလည်း ပြောက်ကျားပါရှိသည်။ ကျွန်ုပ်မှာ မတော်၍မိသွားလျှင် သူလျှိုဆို၍ ချက်ချင်းပစ်သတ်ခြင်းခံရမည်ဟု သိသော်လည်း အပွဲပွဲနွှဲခဲ့သော ဂျမဒါကိုကိုကြီးဖြစ်သည့်အလျောက် လူအုပ်ကြီးတွင် ခါးထောက်ကာ အေးအေးဆေးဆေး ဖြတ်လာခဲ့သည်။ ဂျာမန်စစ်ဗိုလ်တစ်ယောက်က လက်မောင်းကို ဆွဲလှည့်ကာ ဝမ်းသာအားရစကားပြောသော်လည်း ကျွန်ုပ်က 'ကင်းမရဒ်'(ရဲဘော်)ဟု တစ်ခွန်းတည်းပြော၍ တိုက်ရှေ့သို့ ထွက်လာခဲ့သည်။ တူရကီစစ်ဗိုလ်တစ်ယောက်က ဝမ်းသာအားရပြေးလာ၍ စကားပြောမည်လုပ်



ပြန်ရာ ကျွန်ုပ်က ကိစ္စအရေးကြီးဟန်နှင့် မြင်းတွေကို လက်ညှိုးညွှန်လျက် စကားပြောဖို့ အချိန်မရှိလေဟန်ဆောင်ခဲ့ရသည်။ တိုက်ရှေ့ရှိ မြင်းဇောင်းထဲမှ ဖလိုင်းဝင်းကိုဆွဲထုတ်၍ လှားတက်မည်ပြုရာတွင် တူရကီစစ်သားတစ်ယောက်က တစ်စုံတရာ အော်ဟစ်ပြောသည်နှင့် နားထိုင်းဟန်လုပ်၍ နားကို လက်ညှိုးညွှန်ပြလိုက်ရသည်။ အရေးထဲတွင် ဖလိုင်းဝင်းသည် ကျွန်ုပ်ကိုမြင်၍ ဝမ်းသာသော အထိမ်းအမှတ်နှင့် ဟီသေးရာ လူတွေဝိုင်းကြည့်ကြသဖြင့် ကျောရိုးထဲမှ စိမ့်တက်သွားပါတော့သည်။

ရွာဦးမှ ထွက်လာသောအခါ တူရကီစစ်ဗိုလ်တစ်ယောက်သည် ရွာဘက်သို့ မြင်းစိုင်းလာသည်ကို ခပ်လှမ်းလှမ်းတွင် မြင်ရ၏။ ရွာပေါက်တွင်လည်း ဂျာမန်စစ်သား သုံးလေးယောက်ရှိကြ၍ ကျွန်ုပ်ကို မသင်္ကာသည့်လက္ခဏာနှင့် ရပ်ခိုင်းမည်လုပ်ကြ၏။ သို့သော် ကျွန်ုပ်က ရွာဘက်သို့ မြင်းစိုင်းလာသော တူရကီစစ်ဗိုလ်သို့ လက်ညှိုးညွှန်ပြလိုက်သည်။ အရေးကြီးသောကိစ္စနှင့် စကားပြောစရာရှိသည်အထင်နှင့် ကျွန်ုပ်ကို လွှတ်ပေးလိုက်ကြသည်။ ကျွန်ုပ်ကို ရင်ဆိုင်၍ လာနေသော တူရကီစစ်ဗိုလ်အနီးသို့ ချဉ်းကပ်မိသောအခါ ဤသူသည် ကျွန်ုပ်အား မည်သည့်အချက်တွင် မသင်္ကာစရာတွေ့သည်မသိ၊ ၎င်း၏မြင်းကို အရှိန်သတ်၍ ဓားကိုဆွဲထုတ်ပြီး ကျွန်ုပ်ကို ခုတ်ပိုင်းပါတော့သည်။ သို့သော် ကျွန်ုပ်ကားဓားဖြင့်ခံထိုး ထိုးလိုက်သည်နှင့် တူရကီစစ်ဗိုလ်မှာ ရင်ဝတွင် ဓားဒဏ်ရာနှင့် မြင်းပေါ်မှ ထိုးကျသွားလေတော့သည်။

ဤတွင် ရွာပေါက်မှ ရပ်ကြည့်နေကြသော ဂျာမန်စစ်သားများသည် အုတ်အော်သောင်းနင်းဖြစ်သွား၍ ခြေကျင်ပြေးသူကပြေးလာပြီး မြင်းရှာကြသူက ရှာကြလေရာ ကျွန်ုပ်ကမူ ဓားကိုမြှောက်ကာ ဆလံပေးပြီး ဖလိုင်းဝင်းကို ခရီးပြင်းနှင်ခဲ့ရပါတော့သည်။ ဂျာမန်များသည် တူရကီစစ်ဗိုလ်တစ်ယောက် ကျဆုံးခြင်းကို အရေးကြီးသည်မထင်သောကြောင့်ပေလော၊ သို့တည်းမဟုတ် ဤထက်အရေးကြီးသောကိစ္စရှိသေး၍ပေလော မဆိုနိုင်။ ကျွန်ုပ်က တလှည့်ကြည့်ကြည့်နှင့် မြင်းစိုင်းသွားရပါသော်လည်း တစ်ကောင်တစ်မြီးမျှ မပေါ်လာကြတော့ချေ။

ထိုနေရာမှစ၍ ကျွန်ုပ်သည် ရန်သူမတွေ့ရတော့ဘဲ ဒေရိယန်မြို့သို့ ချောမောစွာ ဆိုက်ရောက်ခဲ့ပါသည်။ သို့ရာတွင် မြို့တံခါးဝသို့ ရောက်သောအခါ၌ ကံကောင်း၍သာ ဦးခေါင်းနှင့်ကိုယ် အိုးစားမကွဲသည့်အဖြစ်အပျက်တစ်ခု ကြုံရပါသေးသည်။ မြို့တံခါးအနီး၌ ဗြိတိသျှမဟာမိတ်ဖြစ်သော အာဖဂန် မြင်းစစ်သည်တော် သုံးလေးယောက်တို့သည် မြင်းကိုယ်စီနှင့် ပတ်တရောင် လှည့်နေ

www.burmeseclassic.com



ကြရာ ကျွန်ုပ်သည် မဟာမိတ်၏ စစ်သားအချင်းချင်းဆို၍ ဝမ်းသာအားရနှင့် ဓားကိုမြှောက်ကာ နှုတ်ဆက်လိုက်သည်။ မြင်းစစ်သားများသည် အံ့သြသော မျက်နှာထားများနှင့် ကျွန်ုပ်အား ကြည့်နေကြရာမှ စစ်သားတစ်ယောက်သည် ကျွန်ုပ်ထံသို့ မြင်းစိုင်းလာပြီးလျှင် အမှတ်မထင်ငေးကြည့်နေသော ကျွန်ုပ်အား ဓားရှည်နှင့် ခုတ်ပိုင်းလိုက်သည်။ ကျွန်ုပ်မှာ ဖျတ်လတ်လျင်မြန်သူဖြစ်၍ မြင်းလည်ဆံမွေးထဲသို့ နှာခေါင်းရောက်သွားအောင် ငုံ့ပေးလိုက်သဖြင့် နောက်စေ့ပေါ်မှ ရှိုးခနဲ ဝဲသွားသောဓားသံကို ကြားလိုက်ရပါသေးသည်။ စစ်သားသည် နောက်တစ်ကြိမ် ခုတ်ပိုင်းဦးမည်ဟု လှည့်လာသည်တွင် ကျွန်ုပ်၏ ယူနီဖောင်းကြောင့် အထင်လွဲနေခြင်းဖြစ်မည်ဟု ရိပ်မိပါတော့သည်။ အာဖဂန်စစ်သားသည် ကျွန်ုပ်ဝတ်ထားသည့် တူရကီယူနီဖောင်းကြောင့် ထိုကဲ့သို့ ပြုလုပ်ခြင်းဖြစ်ရာ အာဖဂန်စစ်ဗိုလ်ချုပ် နူးရ်အာမက်ရှေ့သို့ရောက်ကာမှ ရှင်းလင်းပြောပြရပါတော့သည်။ အာဖဂန်စစ်ဗိုလ်သည် ကျွန်ုပ်ပေးသောစာကို ဖတ်ကြည့်လိုက်သောအခါ အံ့သြသောမျက်နှာထားဖြစ်ပေါ်လာသည်ကို ကျွန်ုပ် ထင်မိသည်။ အနီး၌ရှိသော စစ်ဗိုလ်တစ်ယောက်က...

'ခင်ဗျားတစ်ယောက်တည်းလား'

'ဒီပြင်တစ်ယောက်ကိုလည်း ဒီစာမျိုးနဲ့အတူ လွှတ်ပါသေးတယ်'

'သူ မရောက်လာဘူး'

'ဘယ်ရောက်နိုင်မှာလဲ သူ့မြင်းက ခြေထောက်ကြီးတွေ ခုတင်တိုင်လိုပဲ'

'ဒါကြောင့်ချည်း ဟုတ်မထင်ပေါင်ဗျာ'

ဤသို့ပြောပြီးနောက် အာဖဂန်ဗိုလ်ချုပ်နှင့် ၎င်း၏စစ်ဗိုလ်သည် ပြုံးစိစိ မျက်နှာထားနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်ဟု ကျွန်ုပ် ထင်မိသည်။ သို့သော် ကျွန်ုပ်မှာ မြန်မာလူမျိုးဖြစ်၍ အာဖဂန်ပြည်သားများ၏ မျက်နှာကို အကဲမခတ်တတ်၊ လူတစ်မျိုးလျှင် မျက်နှာထားတစ်မျိုးစီ ရှိ၍ အလွန် ရှုပ်မည်ဟု ဆုံးဖြတ်မိသည်။ ထို့နောက် ကျွန်ုပ်သည် ဗိုလ်ချုပ်၏ မိုးကာတဲမှ ထွက်လာခဲ့၍ အော်ဒလီတစ်ယောက် ခေါ်သွားသည့်နောက်သို့ လိုက်သွားပြီးလျှင် စားစရာများကို ဗိုက်တင်းအောင်စား၍ အမောအပန်း ဖြေရပါတော့သည်။

နောက်တစ်နေ့၌ ကျွန်ုပ်သည် စာကို ပေးအပ်ခဲ့ပြီးဖြစ်ပါသောကြောင့် ရန်သူကင်းရှင်းသည့်လမ်းအတိုင်း ကျွန်ုပ် ရွေးချင်သလိုရွေး၍ ရှောင်ချင်သလို ရှောင်ကွင်းလာခဲ့ရာ ညမတိုင်မီ ဗိုလ်ချုပ်မက္ကဒေါ်နယ်ရှိသော စခန်းသို့ ပြန်ရောက်လာခဲ့သည်။ မြင်းကို ဆိုက်ကုလားလက်သို့ အပ်ခဲ့၍ ကျွန်ုပ်သည် ဗိုလ်ချုပ်၏ ချီးကျူးစကား ကြားလိုလှပြီဖြစ်သောကြောင့် ဗိုလ်ချုပ်၏ မိုးကာတဲသို့



ပျာယီးပျာယာသွားသည်တွင် မေဂျာကူးပါးနှင့် ထိုနေ့က ကာနယ်တို့လည်း ရှိနေကြသည်။

ကျွန်ုပ် ဝင်သွားသောခဏ၌ ဗိုလ်ချုပ်သည် ကာနယ်နှင့် စကားပြောရင်း ကာဖီသောက်လျက်ရှိရာ ကျွန်ုပ်ကိုမြင်သောအခါ၌ ကာဖီပန်းကန် လွှတ်ကျလု မတတ် ဆတ်ခနဲဖြစ်အောင် အံ့သြသွားသည်။

ချုပ်။ ။(စိတ်ဆိုးသော မျက်နှာထားနှင့်)'ဟေ့လူ...မင်း ဘာလာလုပ်တာလဲ'

ကျွန်ုပ်။ ။'အာဖဂန်စစ်ဗိုလ်ချုပ် နူးရ်အာမက်လက်ထဲ စာပေးပြီးလို့ အစီရင်ခံဖို့ ဝင်လာပါတယ် ဗိုလ်ချုပ်ခင်ဗျား'

ချုပ်။ ။'ဝှပ်(တ)' ဆို၍ ဝေါက်လိုက်ရာ ကျွန်ုပ်မှာ ကျောင်းသားဖြစ်ခဲ့လျှင် သေးဖျန်းဖျန်းပါကောင်းပါလိမ့်မည် ထင်သည်။ ဤမျှအထိ ကြောက်သွားပါ၏။ မထင်မှတ်ဘဲနှင့် ဝေါက်ခြင်းခံရ၍ လန့်သွားခြင်းလည်း ပါပါလိမ့်မည်။ တကယ် ကြောက်တတ်သူမဟုတ်ခြင်းကိုကား စာဖတ်သူတို့ သိလောက်ပါပြီ။

ချုပ်။ ။'နို့၊ အလီခန်ကော'

ကျွန်ုပ်။ ။'ကျွန်တော် မသိပါ'

ဤတွင် ကာနယ်က ဖမ်းသွားသည်ဟု သတင်းကြားကြောင်း ဝင်ပြောပါသည်။

ချုပ်။ ။'ဘယ်သူက ဖမ်းသလဲ'

နယ်။ ။'တူရကီ ဖမ်းပါသည်'

ချုပ်။ ။'တူရကီ ဘယ်နှစ်ယောက် ဖမ်းသလဲ'

နယ်။ ။'တူရကီစစ်သား တစ်ယောက်တည်းက ဖမ်းတယ်ကြားပါတယ်'

ချုပ်။ ။'မခုခံဘူးပေါ့'

နယ်။ ။'မခုခံဘူး ဆိုပါသည်'

ချုပ်။ ။အလီခန် စာတတ်တယ်၊ ဒီကောင်ဟာ ဘာမှ နားမလည်ဘူး၊ အလီခန်ကို တံဆိပ်ပေးရမယ်၊ သွားတော့ မောင်မင်း'

ကျွန်ုပ်မှာ အလွန်စိတ်ပျက်ဝမ်းနည်းစွာနှင့် ထွက်လာမည်ပြုသည်တွင် ဗိုလ်ချုပ်က ပြန်ခေါ်လိုက်သည်။

ချုပ်။ ။'ဟေ့ လာခဲ့ဦး'

ကျွန်ုပ် လှည့်ကာ ပြန်လာ၍ ရပ်နေသည်။

ချုပ်။ ။'မောင်မင်း တော်တော်ထိုင်းတဲ့လူတစ်ယောက်ပဲ၊ မြန်မာများပါး တယ်ဆို၊ မောင်မင်းတစ်ယောက်တော့ ထူလှချည်တကား၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက် အရေးကြီးတဲ့စာကို ရန်သူတွေနေတဲ့ လမ်းအတိုင်း ဖွတ်ဖြတ်သွားရမယ် ဆိုကတည်းက အဖမ်းခံစေချင်လို့ဆိုတာ မောင်မင်းရိပ်မိဖို့ကောင်းတယ်။ စာထဲမှာ မဟုတ်မဟတ်တာတွေရေးပြီး သူတို့တတွေ လမ်းချော်ကုန်အောင် လွှဲပေးလိုက်တာကို မောင်မင်းမရိပ်မိဘဲကွာ။ သွား၊ သွား၊ သွား ကျွန်ုပ်ပြောတာ ဆိုတာတွေကို ဗွေမယူနဲ့။ သူရဲကောင်းတံဆိပ် ဒီကောင့်အတွက်ပါ စာရင်း ထည့်လိုက်ကာနယ်'။

●

# စစ်ဗိုလ်ချုပ်ကြီးကို ကယ်ဆယ်ပုံ

၁၉၁၄ ခုနှစ်၊ ဩဂုတ် ၄ ရက်နေ့တွင် ပထမကမ္ဘာစစ်ကြီး စတင် တိုက်ခိုက်ခဲ့သည်။ နောက်တစ်နှစ်ကျော် နှစ်နှစ်ခန့်မျှသော အချိန်မှာ ဗြိတိသျှနှင့်တကွ မဟာမိတ်တို့ဘက်မှ တစ်ရှုံးတည်းရှုံး၊ တစ်ဆုတ်တည်းဆုတ်ခွာနေရသော အချိန်ဖြစ်လေရာ ၁၉၁၅ ခုနှစ် ကုန်ဆုံးကာနီး၌ မက်ဆိုပိုတေးမီးယား စစ်မျက်နှာတွင် တူရကီများနှင့် တိုက်ခိုက်ရသည့် နာလန္ဒာစစ်ပွဲမှာလည်း ဗြိတိသျှတို့အဖို့ အနစ်နာဆုံးသော စစ်ပွဲဖြစ်လေသည်။ ၎င်းစစ်ပွဲမှာ ဗြိတိသျှစစ် ဗိုလ်ချုပ်ကြီး လက်ဖတောင်နင်ဂျင်နရယ် ဆာဝီလျံဂွိုက်ဟတ်ကိုယ်တိုင် ရန်သူများလက်တွင်းသို့ ကျရောက်တော့မည့်ဆဲဆဲရှိရာမှ ကမ္ဘာ့အမြင်အားဖြင့် အနည်ာတ အညတရခေါ်ဆိုလောက်သည့် ကျွန်ုပ်ဂျမဒါကိုကိုကြီး၏ ဦးနှောက်နှင့် သူရသတ္တိကြောင့် လက်မတောင်ကလေး လွတ်မြောက်ခဲ့ရခြင်းဖြစ်လေသည်။ ဗြိတိသျှစစ်ရာဇဝင်မှတ်တမ်းများ၌ လက်အောက်ခံမျက်နှာမည်း အနုတ်စုတ်ဂုတ်စုတ် တိုလီမိုလီအရာရှိငယ် တစ်ယောက်၏ အမည်ကို ဖော်ပြမည်မဟုတ်သော်လည်း ကျွန်ုပ်သည် ထိတ် ထိတ်ကြဲကော်မရှင်အရာရှိကြီးတွေ မကြံနိုင်၍ လက်မှိုင်ချရသော ညကိုမှု၌

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကဲ့သို့ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်များကို အပိုအလိုမရှိ ဟုတ်တိုင်းမှန်ရာ အရင်းအတိုင်း ထုတ်ဖော်ရေးသားလိုက်ရပေဦးမည်။

၁၉၁၅ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့ညနေမှာ ခရစ္စမတ်အီဗ် ဖြစ်သည့်အလျောက် ကျွန်ုပ်တို့စစ်သားများသည် သူတစ်ပါးကိုလည်း ရန်မူဖို့ စိတ်ကူးမထည့်သည့်နည်းတူ မိမိတို့အားလည်း ရန်သူတူရကီစစ်တပ်က ရန်မူလိမ့်မည် မထင်သည့် လက္ခဏာနှင့် လွတ်လပ်စွာ သောက်စားပျော်ပါးခဲ့ကြသည်။ များစွာသော စစ်သားအဖို့မှာ ၎င်းပျော်ပွဲသည် နောက်ဆုံးသော ပျော်ပွဲဖြစ်တော့၏။ သို့သော် ထိုအခြင်းအရာကို မည်သူမှ မစဉ်းစားမိကြသည်မှာ ကြက်သည်အိမ်၌ မွေးမြူထား၍ ညနေဈေးမီအောင် ထုတ်သယ်မည့် ကြက်များနှင့် တူဘိသည်ဟု စိတ်ကူးရမိပါတော့သည်။

သို့သော် ကျွန်ုပ်အဖို့မှုကား ထူးခြားသော အရိပ်နိမိတ်တစ်ခု ကြုံရပါ၏။ ဘေးအန္တရာယ်အကြီးအကျယ် တွေ့ရတော့မည့်ဆဲဆဲရှိသည့်အခါတိုင်း မိခင်ကြီး၏ မျက်နှာသည် ကျွန်ုပ်၏မျက်စိထဲတွင် ကွက်ခနဲ ပေါ်လာတတ်၏။ သန်းခေါင်ကျော်သည့်တိုင်အောင် သောက်စားမူးယစ်ကြ၍ အိပ်ရာသို့ ဝင်တော့မည့်ဆဲဆဲတွင် ကျွန်ုပ်မိခင်က 'သတိထားကွယ် ငါ့သားကလေး'ဟု ပြောလိုက်သောအသံကို နားထဲတွင် ဆတ်ဆတ်ကြားလိုက်ရပါတော့သည်။

ဤတွင် ကျွန်ုပ်မှုကား အရာရာတိုင်း၌ သတိရှိစေတော့သည်။ သို့ရာတွင် ဤသို့ဆိုခြင်းဖြင့် စွန့်စားခြင်းအရာဌာနတွင် တစ်ရွေးသားမျှ လျော့ပေါ့သည် မဟုတ်ချေ။ ဒီဇင်ဘာလ ၂၅ ရက် ခရစ္စမတ်နေ့နံနက်စောစောတွင် ကင်းထောက်များ အပြေးအလွှားရောက်လာကြ၍ တူရကီစစ်တပ်ကြီး ချီတက်လာကြောင်း သတင်းပို့ကြသည်တွင် ကျွန်ုပ်တို့၏ စစ်တပ်ကြီးမှာ ရုတ်တရက် လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ ဤသို့သော နေ့ကြီးရက်ကြီးတွင် တိုက်ခိုက်လိမ့်မည် မထင်သည်နှင့် စစ်သားများသည် ညဥ့်နက်အောင် သောက်စားပျော်ပါးကြပြီးနောက် ချမ်းချမ်းစီးစီးနှင့် မီးပုံများအနီးတွင် ကွေးလျက်အိပ်ပျော်နေကြရာမှ ဤတပ်စိတ် ထိုတပ်စိတ်တို့မှ ဘျူဂဲလ်မှုတ်၍ အချက်ပေးနိုးဆော်သည်နှင့် သုတ်သီး သုတ်ပျာလူးလဲထကာ လက်နက်များ ကောက်ယူပြင်ဆင်ကြခြင်းကြောင့် တစ်တပ်လုံး အုတ်အုတ်ကျက်ကျက် ရှိနေတော့သည်။

ကျွန်ုပ်မှာ ကာနယ်ဂရေဟမ်နှင့် ကပ်လျက်စစ်ဗိုလ်ချုပ်ကြီး ဆာဝီလျံဝိုက်ဟတ်ရှိနေသော ကုန်းမြင့်သို့ လိုက်ပါသွားရလေရာ ဗိုလ်ချုပ်အနီး၌ သက်တော်စောင့်များနှင့် ကိုယ်ရံတော်အရာရှိများ ရှုပ်ယှက်ခတ်နေကြသည်။ ဗိုလ်ချုပ်သည် တောင်ဘက်မျက်နှာသို့ မှန်ပြောင်းနှင့် မျှော်ကြည့်စဉ် အခြားသော စစ်ဗိုလ်



များလည်း ဗိုလ်ချုပ်ကြည့်ရာသို့ မှန်ပြောင်းများနှင့် လှမ်းကြည့်၍ တစ်ယောက်တစ်ခွန်း ထင်မြင်ချက်ပေးလျက်ရှိကြ၏။ ကျွန်ုပ်မှာ မှန်ပြောင်းကိုင်ဆောင်ရသောအဆင့်အတန်းမဟုတ်သည်နှင့် မျက်စိအားကိုးဖြင့် မျှော်ကြည့်စဉ် ကျွန်ုပ်တို့ဘက်သို့ ချီတက်လာသည့် နှစ်မိုင်ကျော်သုံးမိုင်ခန့်ရှည်သော စစ်မျက်နှာတန်းကြီးကို အဝေးတွင် ရေးရေးမြင်ရသည်။ ဝါရင့်ပြီးဖြစ်သော စစ်သားတစ်ယောက်၏ မျက်စိ၌ ရန်သူစစ်တပ်ကြီးတွင် ခြေကျင်တပ်၊ မြင်းတပ်၊ အမြောက်တပ် စသည်ဖြင့် အပြည့်အစုံပါရှိခြင်းကိုလည်း မြင်နိုင်ပေသည်။

ထိုအချိန်၌ ကျွန်ုပ်တို့၏ စစ်တပ်မှာ စုစုပေါင်းစစ်သားဦးရေ တစ်သောင်းခန့်ရှိသည်ဖြစ်ရာ ရန်သူစစ်တပ်ကြီးမှာ အနည်းဆုံး နှစ်သောင်းခန့် ရှိလိမ့်မည်ဟု ကျွန်ုပ်ခန့်မှန်းမိသည်။ စစ်ဗိုလ်များသည်လည်း ကျွန်ုပ်နည်းတူ ခန့်မှန်းကြသည့် လက္ခဏာနှင့် မိမိတို့ထက် အရေအတွက် နှစ်ဆမြောက်မြားသော ရန်သူစစ်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်ရမည့်အရေးကြောင့် စိုးရိမ်မကင်းသော မျက်နှာထားများ ဖော်ပြလျက်ရှိကြသည်။ ဗိုလ်ချုပ်က ကိုယ်ရံတော်များထံမှ ထင်မြင်ယူဆချက်တောင်းရာ တစ်သောင်းငါးထောင်မှ နှစ်သောင်းအထိ အမျိုးမျိုး ထင်မြင်ချက်ပေးကြလေသည်။ ဗိုလ်ချုပ်က အရေအတွက် ပိုမောက်ခြင်းကို မကြောက်သော်လည်း၊ ရက်သတ္တတစ်ပတ်ကျော်မျှ ခရီးပြင်းချီတက်ခဲ့ကြသော စစ်သားဖြစ်၍ ခရီးပန်းခြင်းကြောင့် စိုးရိမ်ဟန်တူသည်။ အမှန်မှာ ဗြိတိသျှစစ်တပ်သည် စေလွှတ်သော စစ်သားငါးထောင်တပ်နှင့် ပေါင်းဆုံပြီးသည့်အခါမှ ရန်သူကို တိုက်ခိုက်ရန် အစီအစဉ်ရှိရာ ထိုကဲ့သို့ မပူးပေါင်းရသေးမီ ရန်သူအားကို ကြောင့်ကြစိုးရိမ်ပုံရသည်။ သို့သော် ဆုတ်ခွာရန်လည်း မဖြစ်နိုင်။ ရန်သူကို ရင်ဆိုင်ရတော့မည် ဖြစ်လေသည်။

ကျွန်ုပ်တို့ ရောက်သွားသည့်နောက် ၁၅ မိနစ်ခန့်ကြာသည်တွင် ရန်သူစစ်တပ်ဘက်မှ အမြောက်တစ်ချက်ပစ်စမ်းလိုက်ရာ အမြောက်ဆန်သည်ကျွန်ုပ်တို့ စစ်တပ်ရှေ့၌ မိုင်တစ်ဝက်ခန့် ပေါက်ကွဲ၍ မီးခိုးများ လုံးတက်သွားသည်ကို မြင်လိုက်ရသည်နှင့် ပြောင်လှောင်သောသဘောဖြင့် ကျွန်ုပ်တို့၏ စစ်သားများက ညာသံပေးလိုက်ကြသည်။ ဒုတိယတစ်ချက်မှုကား ကျွန်ုပ်၏ စစ်တပ် အလယ်တည့်တည့်၌ ပေါက်ကွဲလေရာ ထိုအခါမှစ၍ ဤဘက်ဟိုဘက်မှ အပြန်အလှန် အမြောက်ဆန်များ ပစ်ခတ်ခြင်းကြောင့် တစ်တောလုံး ဆူညံလျက် ရှိတော့သည်။ ယင်းသို့ရှိစဉ် ဗိုလ်ချုပ်သည် မှန်ပြောင်းတယမ်းယမ်းနှင့် ပတ်ဝန်းကျင်အရပ်တို့ကို မျှော်ကြည့်နေရာမှ 'ဟိုဟာဘာလဲ ကာနယ်ဂရေဟမ်'ဟု မေးလိုက်သည်နှင့် ကာနယ်ဂရေဟမ်ကလည်း မိမိ၏မှန်ပြောင်းကို အနောက်ဘက်သို့ ခပ်ယွန်းယွန်း

www.burmeseclassic.com

www.burmeseclassic.com



ထိုးချိန်ကြည့်လိုက်သည်။ ကျွန်ုပ်လည်း ၎င်းနည်းအတူ ထိုမျက်နှာသို့ မျှော်ကြည့်လိုက်သည်တွင် အောက်ပါအခြင်းအရာကို တွေ့မြင်ရသည်။

ကျွန်ုပ်တို့ရှိနေသော ကုန်းမြင့်မှသည် သစ်ပင်များအတော်အတန် ထူထပ်သည့်တောကလေးတစ်ခု လျှောဆင်းသွားရာ တော၏အဆုံး၌ ကွက်လပ်ကြီးတစ်ခုရှိ၍ ကွက်လပ်အဆုံးတွင် ပထမတောထူထပ်သော သစ်တောတစ်ခု ရှိ၏။ အဆိုပါတောနှစ်ခုအကြား၌ရှိသော ကွက်လပ်ကြီးပေါ်တွင် မိုးကောင်းကင်မှ တိမ်ရိပ်ကျသကဲ့သို့ အနက်ကွက်ကြီးတစ်ခုသည် တရွေ့ရွေ့လှုပ်ရှားနေသည်ကို မြင်ရသည်။

ချုပ်။ ။'တရွေ့ရွေ့လှုပ်နေတာ ဘာလဲ ဂရေဟမ်'

ဟမ်။ ။(မှန်ပြောင်းနှင့်ကြည့်လျက်)'တိမ်ရိပ်တော့ မဖြစ်နိုင်ဘူး။ ဟာ.. စစ်တပ်ကြီးပဲ ဗိုလ်ချုပ်'

ချုပ်။ ။'ဟုတ်ပြီ၊ ကျွန်ုပ်မျှော်လင့်တဲ့အတိုင်း ဖြစ်နေပြီ'

ဟမ်။ ။'နောက်ထပ်ပို့လိုက်တဲ့ စစ်ကူတပ်ကြီးလား ဗိုလ်ချုပ်'

ချုပ်။ ။'အစစ်ပဲ၊ မေဂျာဂျင်နရယ်တောင်ဆင်ရဲ့ စစ်တပ်ဖြစ်ရမယ်'

ဟမ်။ ။'ဒီလိုဆို ကျွန်တော်တို့ ဟန်တာပေါ့ ဗိုလ်ချုပ်'

ကျွန်ုပ်တို့သည် မေဂျာဂျင်နရယ် ဦးစီးအုပ်ချုပ်သည့် စစ်ကူတပ်ကြီးကို နေ့ချင်းညချင်း မျှော်လင့်လျက်ရှိကြရာ ရန်သူတူရကီစစ်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်ရမည့်ဆဲဆဲတွင် ဆိုက်ရောက်လာခြင်းဖြစ်၍ ယခင်က ခွန်အားမညီမျှသဖြင့် စိုးရိမ်မကင်းဖြစ်ခဲ့ကြသော စစ်ဗိုလ်ကြီးများသည် ရတ်ချည်းရွှင်ပြုံးလာကြ၍ တူရကီစစ်တပ်ကို ချေမှုန်းလိုက်မည်ဟု ကြုံးဝါးလျက်ရှိကြလေသည်။ ထို့နောက် ဗိုလ်ချုပ်သည် အနီးရှိ စစ်ဗိုလ်များကို လှမ်းကြည့်၍ ကာနယ်ဂရေဟမ်အား...

ချုပ်။ ။မေဂျာဂျင်နရယ်တောင်ဆင်ဆီကို လူတစ်ယောက်လွှတ်ပြောချင်တယ် ကာနယ်၊ ဟိုသူငယ်ဟာ ကာနယ်ပြောဖူးတဲ့ ဂျမဒါကိုကိုကြီး မဟုတ်လား'

ဟမ်။ ။'ဟုတ်ပါတယ် ဗိုလ်ချုပ်'

ချုပ်။ ။'လာခဲ့စမ်း ကိုကိုကြီး၊ မောင်မင်းမြင်း တော်တော်ကောင်းရဲ့လား'

ဤတွင် ကာနယ်ဂရေဟမ်က ရသမျှလခကို မြင်းကျွေးပြီးမွေးထားသူဖြစ်၍ ကျွန်ုပ်မြင်းမှာ စစ်တပ်တွင် အကောင်းဆုံးတစ်ကောင် ဖြစ်ပါသည်ဟု ပြောပြလေသည်။

ချုပ်။ ။'ကောင်းပြီ ဟောဟိုက ချီတက်လာတဲ့ စစ်ကူတပ်ကို မြင်တယ် မဟုတ်လား'



ကျွန်ုပ်။ ။'မြင်ပါတယ် ဗိုလ်ချုပ်'

ချုပ်။ ။'မေဂျာဂျင်နရယ်တောင်ဆင် အုပ်ချုပ်ပြီး ချီတက်လာတယ်၊ မေဂျာဂျင်နရယ်တောင်ဆင်ကိုပြောချေ။ တူရကီစစ်တပ်ရဲ့ လက်ဝဲဘက်အစွန်းကို လှည့်တိုက်ပါလို့။ ကျွန်ုပ်တို့က ရှေ့တည့်တည့် တိုက်မယ်လို့ နားလည်လား'

ကျွန်ုပ်။ ။'နားလည်ပါတယ် ဗိုလ်ချုပ်'

ချုပ်။ ။'ကိုင်း ပြန်ပြောစမ်း'

ဤလူကြီး၏ဝါသနာမှာ တစ်စုံတစ်ခု စေခိုင်းလျှင် အမှားအယွင်းမရှိစေခြင်းငှာ စေခိုင်းသူအား ၎င်း၏စကားလုံးအတိုင်း ပြန်ပြောစေ၏။ ကျွန်ုပ်လည်း သူ၏အတိုင်း စကားလုံးတိကျစွာ ပြန်ပြောရသည်။

ချုပ်။ ။'ကောင်းပြီ၊ အမြန်ဆုံးရောက်အောင် မြင်းစိုင်းလိုက်စမ်း'

ကျွန်ုပ်လည်း ဤမျှလောက် အရေးကြီးသော ကိစ္စတစ်ခုအတွက် စေခိုင်းခြင်းခံရသောကြောင့် ဝမ်းမြောက်စွာ ဆလံပေးပြီး ထွက်လာခဲ့သည်။ ပထမ၌ ကျွန်ုပ်သည် လက်ဝဲအစွန်း၌ရှိသော မြင်းတပ်ကို မထိမဲ့မြင်ပြု၍ နီးကပ်စွာ ဖြတ်သွားပြီး အလျင်အမြန်ကိစ္စပြီးအောင် ဆောင်ရွက်ဖို့ စိတ်ကူးမိ၏။ သို့သော် မတော်တဆ ကျွန်ုပ်ဒဏ်ရာရချေသော် စေခိုင်းသောကိစ္စမပြီးဆုံးဘဲ ဗိုလ်ချုပ်၏ အစီအစဉ်တစ်ခုလုံး ပျက်ပြားချေတော့မည်ဟု သတိရသည်နှင့် ရန်သူမြင်းတပ်ကြီးကို အဝေးမှ ကွင်းရှောင်ကာ မေဂျာဂျင်နရယ်တောင်ဆင်၏ စစ်ကူတပ်ဆီသို့ လေအဟုန်ဖြင့် ဝဲရမန်းကြမ်း မြင်းစိုင်းသွားပါတော့သည်။ ထိုအချိန်၌ နှစ်ဘက်သော စစ်တပ်မှ ပစ်ခတ်ကြသော မော်တာအမြောက်သံများသည် ခြိမ့်ခြိမ့်သဲ နားကွဲမတတ် ဆူညံစွာ ရှိပါတော့သည်။

ကျွန်ုပ်မြင်းစိုင်းလျက်ရှိသော လမ်းခရီးမှာ အောက်တွင်သစ်ပင်များ ချုံပင်များ၊ ပေါင်းပင်များဖြင့်လည်းကောင်း၊ အထက်တွင် သစ်ကိုင်းသစ်ခက်များဖြင့်လည်းကောင်း ထူထပ်စွာရှိနေသည်ဖြစ်၍ အတော်အတန် မြင်းစီးသမားဆိုပါလျှင် 'လမ်းတိုး'သာသာထက် လျင်မြန်အောင် ခရီးသွားဖို့ တွန့်ဆုတ်ခြင်းဖြစ်ရပေမည်။ ကျွန်ုပ်မှုကား လူနှင့်မြင်းမည်သည် စိတ်ရောကိုယ်ပါ တစ်သားတည်းရှိနေမတတ်၊ တစ်ယောက်၏ ဓာတ်ကိုတစ်ယောက် သိကြသဖြင့် ကုပ်ကြိုးမတင်းရဘဲ ကိုယ်ဟန်နှဲ့လိုက်ကာဖြင့် ရှောင်သင့်သော အရာကိုရှောင်၊ ကွင်းသင့်သောအရာကိုကွင်း၊ ခုန်သင့်သောအရာကို ခုန်သွား၍ လွှားခနဲ စိုင်းလာခဲ့သည်။ အတန်ကြာအောင် စိုင်းမိသောအခါ အမြောက်သံများသည် ကျွန်ုပ်နောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့၍ ကျွန်ုပ်ရှေ့၌ တိတ်ဆိတ်လျက်ရှိတော့သည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သည့် ပထမတောအုပ်ကို ကျော်လွန်ခဲ့သေးသည် မဟုတ်ချေ။

ဆက်လက်၍ နှင်သွားပြန်သော် ဗြိတိသျှစစ်ကူတပ်ကြီး၏ ရှေ့ပိုင်းစစ်သားများနှင့် ကျွန်ုပ်တို့ တွေ့ဆုံမိကြလေပြီ။ သို့သော် လူချင်းကား တွေ့ဆုံမိသည်မဟုတ်၊ ကျွန်ုပ်၏ လက်ဝဲလက်ယာတို့မှ တပ်စိတ်ကလေးများ ချီတက်သွားကြသောအသံများ ကြားရသည့်ပြင် စစ်တပ်ကြီးတစ်တပ် ချီတက်သောအခါ၌ ကြားရတတ်သည့် သိမ့်သိမ့်သဲသဲ အသံကြီးကိုလည်း ကျွန်ုပ်ကြားရသည်။ ငါကား စစ်ကူတပ်ကြီးထဲသို့ ရောက်လာချေပြီတကားဟု သိလိုက်ရသည်။ မည်သည့်နေရာတွင် မေဂျာဂျင်နရယ်တောင်ဆင်ပါသော ကိုယ်ရံတော်အရာရှိအဖွဲ့နှင့် ဘွားခနဲ တိုးဝင်မိချေမည်လောဟု ကျွန်ုပ် စဉ်းစားမိသေးသည်။

ဆက်လက်၍ မြင်းစိုင်းလတ်သော် တော၏အဆုံးသို့ရောက်လာ၍ သစ်သားအိမ်တစ်ဆောင်ကို မြင်သည်နှင့် အနီးသို့ချဉ်းကပ်ကာ ရပ်တန့်ပြီး အခြေအနေကို အကဲခတ်နေ၏။ ကျွန်ုပ်၏ရှေ့၌ကား ဗိုလ်ချုပ်တို့နှင့်အတူ ကုန်းမြင့်ပေါ်မှ မျှော်ကြည့်စဉ်အခါက မြင်ခဲ့ရသည့် ကွက်လပ်ကြီးရှိနေ၍ ကွက်လပ်၏ အခြားဘက်၌ ယခင်ဖော်ပြခဲ့သည့် ဒုတိယတောကြီးကိုလည်း မြင်ရ၏။ ကွက်လပ်ကြီးဟူသည်မှာ မြေပြင်ရိုးရိုးမဟုတ်ဘဲ ချောက်ကြီးတစ်ခု ဖြစ်နေပေရာ ၎င်းချောက်ကြီးကို ဆင်းကြတက်ကြရသည့်အတွက်ကြောင့် ကျွန်ုပ်တို့ မြင်ခဲ့သော စစ်တပ်ကြီးသည် တောအုပ်သို့ရောက်အောင် ဤမျှလောက် အချိန်ကြန့်ကြာစွာ လာခဲ့ရခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် အိမ်ရှေ့မှရပ်လျက် ချောက်ကြီးကိုဖြတ်ကျော်လျက်ရှိသော စစ်တပ်ကြီးကို မျှော်ကြည့်နေစဉ် ၎င်းတို့ဝတ်ထားသည့် ယူနီဖောင်းများမှာ ဗြိတိသျှယူနီဖောင်းဟုတ်ပါလေ၏လောဟု ယုံမှားသံသယစိတ် ရုတ်တရက် ဖြစ်ပေါ်လာ၏။ ထိုခဏ၌ အမြောက်တပ်ကြီးတစ်တပ်သည် ချောက်ကိုဖြတ်ကျော်၍ မြင်းများသည် အမြောက်ကြီးတစ်ခုကို ပင်ပန်းကြီးစွာ ရုန်းတင်လျက်ရှိရာ မြင်းများကို ဆွဲတင်သော အမြောက်တပ်သား၏ ယူနီဖောင်းသည် ဗြိတိသျှယူနီဖောင်းဟုတ်ပါလေစဟု စဉ်းစားမိသည်။ ထိုမှတစ်ဖန် ကျွန်ုပ်လက်ဝဲ လက်ယာတို့၌ ချီတက်နေကြသော စစ်သားများကို လှမ်းကြည့်ပြန်၍ သို့လော သို့လော ဖြစ်နေစဉ်မှာ တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်၏ပေါင်ကို လက်နှင့်တို့လိုက်သဖြင့် ငုံ့ကြည့်လိုက်သည်။

သူ။ ။'ဟေ့လူ အရူးလား၊ ဘာလုပ်နေတာလဲ'

ကျွန်ုပ်။ ။'ဗြိတိသျှစစ်ကူ တပ်မချုပ်ကို တွေ့ချင်လို့ ရှာနေတာဗျ'



သူ။ ။'ကိုးတူဟဲလ် ဘယ်က ဗြိတိသျှလဲ၊ ဒီဟာ ဂျာမန်စစ်ကူတပ်။ ပြေး ပြေး၊ မြန်မြန်ပြေး'

ကျွန်ုပ်။ ။'ဟုတ်ရဲ့လားဗျာ၊ ဗိုလ်ချုပ်က...'

သူ။ ။'ခင်ဗျားဗိုလ်ချုပ် မှားပြီ။ ခံကြပေတော့။ ဒီဟာက ဂျာမန်တပ်အစစ်ဗျ။ ပြေးလေ၊ ဘာလုပ်နေလဲ၊ မြင်သွားလိမ့်မယ်'

ကျွန်ုပ်။ ။'တောထဲမှာ အသံတွေကြားခဲ့တာ ဂျာမန်စစ်သားတွေလား'

သူ။ ။'အစစ်ပေါ့ ဒီလမ်းက တက်သွားကြတာပဲ'

ကျွန်ုပ်။ ။'ဗြိတိသျှစစ်တပ် ရောက်မယ်လို့ ပြောပါတယ်'

သူ။ ။'ဒါဖြင့် နောက်မှာ ကျန်ရစ်ခဲ့ဟန်တူတယ်၊ ဂျာမန်စစ်တပ်က အရင်ရောက်နေပြီ'

ကျွန်ုပ်။ ။'ဒီလိုဆို ဂျာမန်စစ်တပ်ကို ကျော်နိုင်လျှင် ဗြိတိသျှစစ်ကူတပ်နဲ့ တွေ့မှာပေါ့'

သူ။ ။'ဘယ့်နှယ်လုပ်ပြီး ကျော်နိုင်မလဲ'

ကျွန်ုပ်။ ။'နောက်ပြန်ဆုတ်လို့လည်း လွယ်ကူမှာမဟုတ်ဘူးဗျ။ ကျုပ်ကိုပေးလိုက်တဲ့အမိန့်က ဗြိတိသျှစစ်ကူတပ် ဗိုလ်ချုပ်ကို တွေ့ရအောင် ရှာရမှာ'

သူ။ ။'ကိုင်း...ဒါဖြင့် ကျုပ်ပြမယ်၊ လာလိုက်ခဲ့'

ကျွန်ုပ်ကို ခေါ်သွားသောသူမှာ ဗြိတိသျှကိုကြည်ညိုသော မုဆိုးတစ်ယောက်ဖြစ်၍ သိုး၊ နွား အမြောက်အမြားမွေးမြူခြင်းဖြင့် ဤဒေသနတွင် ဝမ်းစာထိန်းကျောင်းသူတစ်ယောက်ဖြစ်ကြောင်း သိရ၏။ ထိုသူသည် ကျွန်ုပ်၏ မြင်းကို ချုံတစ်ချုံထဲတွင် ဝှက်ထားပြီးနောက် ကျွန်ုပ်အား မီးဖိုချောင်ထဲသို့ ခေါ်သွားရာ ၎င်း၏မယားသည် မီးဖိုချောင်တွင် ချာပါတီများ ကင်လျက်ရှိသည်။

မိန်းမ။ ။(ကျွန်ုပ်ကို မနှစ်မြို့သော မျက်နှာထားဖြင့်ကြည့်လျက်)'ဘာလုပ်တာလဲ၊ ဘယ်ကလူ ခေါ်လာတာလဲ၊ ဒုက္ခဖြစ်ကုန်မယ်'

လင်။ ။'ဗြိတိသျှစစ်သားပါကွဲ့၊ ငါတို့ဘက်သားပါ'

မိန်း။ ။'မလိုချင်ဘူး၊ ဂျာမန်တွေ တက်လာပြီ။ အားလုံးသတ်ပစ်လိမ့်မယ်'

ဤတွင် ကျွန်ုပ်က ဗြိတိသျှစစ်တပ်ကြီးသည် ဂျာမန်စစ်တပ်ထက် သုံးဆမက မြောက်မြား၍ မကြာမီစစ်သားအားလုံးချေမှုန်းမည့်အကြောင်း၊ ကျွန်ုပ်ကို ကယ်ဆယ်လျှင် ကျေးဇူးဆပ်မည်။ မကယ်လျှင် ဗြိတိသျှဗိုလ်ချုပ်က လက်တုံ့ပြန်လိမ့်မည့်အကြောင်းများနှင့် မျက်နှာချိုသွေးချည်တစ်ခါ၊ မျက်လုံးပြူး ခြောက်ချည်တစ်လှည့်ဖြင့် ပြောသည်တွင်မှ မိန်းမဆိုလျှင် နှစ်ခွန်းပြောရမှုးသည်မရှိသော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဂျမဒါကိုကိုကြီး၏ စကားကိုနားဝင်၍ ကြည်ဖြူလွန်းအားကြီးသောကြောင့် လင်ဖြစ်သူကပင် မျက်မှောင်ကြုတ်လာသည်နှင့် ပါးစပ်ကို ဘရိတ်အုပ်လိုက်ရပါသေးသည်။ နောက်ဆုံး၌ လင်မယားနှစ်ယောက်တို့သည် ကျွန်ုပ်ကို ဝှက်ထားရန် စီစဉ်ကြသည်။

ဤအဆောက်အအုံမှာ အိမ်ခေါ်ရသော်လည်း စင်စစ်အားဖြင့် တဲကြီးမျှသာဖြစ်၍ နွားကျွေးသော ကောက်ရိုးများကို အထပ်ခိုးပေါ်တွင် တင်ထား၏။ အထပ်ခိုးပေါ်သို့မူကား ကြိုးလှေကားဖြင့် တက်ရ၍ အသုံးမရှိသောအခါ၌ လှေကားကို နံရံတွင် ဆွဲချိတ်ထားသည်။ လင်မယားနှစ်ယောက်သည် ကျွန်ုပ်အား ကြိုးလှေကားဖြင့်တက်စေ၍ လှေကားကို ဖယ်ထားလိုက်ကြသည်။

ကျွန်ုပ်သည် အထပ်ခိုးပေါ်သို့ချောင်းကြည့်လိုက်သောအခါ တစ်ဘက်တွင် ကောက်ရိုးများနှင့် အခြားတစ်ဘက်တွင် တိုလီမိုလီပစ္စည်းများ မြင်ရ၏။ အမိုးမှာသက်ငယ်ဖြစ်၍ ပတ်ဝန်းကျင်အရပ်များသို့ချောင်းမြှော် ကြည့်နိုင်သည့်ပြင် ဖရိုဖရဲကျနေသော ကြမ်းများအကြားမှ အောက်သို့လည်း ချောင်း၍ကြည့်နိုင်သည်။ သို့ဖြစ်၍ အိမ်တွင်းသို့သာမက အိမ်သို့ချဉ်းကပ်လာကြသူများကိုပါ ကျွန်ုပ် မြင်နိုင်သည်။

ကောက်ရိုးပုံကိုမှီလျက် ကျွန်ုပ်စိတ်ကူးထုတ်ရာတွင် နောက်ဆုံးချမှတ်သော ဆုံးဖြတ်ချက်မှာ ဂျာမန်စစ်တပ်ကြီးကျော်လွန်သွားသည့်တိုင်အောင် ဤနေရာမှစောင့်၍ ၎င်းတို့ကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် ဆက်လက်ခရီးသွားပြီး ဗိုလ်ချုပ်အမိန့်ကို မေဂျာဂျင်နရယ်တောင်ဆင်အား ပြောကြားရန်ဖြစ်လေသည်။ ဂျာမန်များကား စည်းကမ်းသေဝပ်သူများဖြစ်ကြပါပေသည်။ ဤအိမ်အနီးမှ ကပ်၍ချီတက်သွားကြစဉ် တစ်ဦးတစ်ယောက်သော စစ်သားကမျှ အိမ်ထဲသို့ဝင်၍ ရေတစ်ခွက်တောင်းသောင်းခြင်း၊ ဆေးလိပ်မီးညှိခြင်းစသည်ဖြင့် ပြုလုပ်သည်ကို မတွေ့ရချေ။ ၎င်းတို့ချီတက်သွားကြသည့်ဒေသမှမူ တိုက်ခိုက်ကြသော အသံကြီးသည် ရေတံခွန်ကြီး ၁၀ ခုတစ်ပြိုင်တည်းကျဆင်းခြင်းဖြစ်သကဲ့သို့ ရပ်စဲခြင်းမရှိဘဲ တဝေါဝေါတသောသောဖြင့် ဒလဟောမြည်ဟိန်းလျက် ရှိလေသည်။

ကျွန်ုပ်သည် သက်ငယ်အကြားမှ ချောင်းကြည့်၍ စစ်သားများ တဖြည်းဖြည်း နည်းပါးသွားသည်ကို မြင်ရသဖြင့် စစ်တပ်ကြီးကုန်လုနီးပြီဟု မှန်းဆကာ ခရီးဆက်ရတော့မည်ဟု မျှော်လင့်ဆဲတွင် မီးဖိုချောင်ဆီမှ အိမ်ရှင်မအသံကို ကြားလိုက်ရသည်။ မီးဖိုထဲ၌ကား မတော်တဆ ထိခိုက်ခြင်းကြောင့် ရတ်တရက် ခရီးမဆက်နိုင်သေးသော စစ်သားသုံးလေးယောက်တို့အား စစ်ဆရာဝန်တစ်ယောက်က ကြပ်မတ်ကုသလျက်ရှိ၏။ နာကျင်သူများအနက် တစ်ယောက်မှာ ဦးခေါင်း



တွင် ဒဏ်ရာရရှိ၍ ကြမ်းပေါ်တွင် ကောင်းစွာမအိပ်နိုင်သောကြောင့် ဆရာဝန်က ထိုလူအတွက် အထပ်ခိုးပေါ် ကောက်ရိုးအနည်းငယ် တက်ယူပေးမည်ပြုသည်တွင် အိမ်ရှင်က မတက်ပါနှင့်ဟု တားဆီးနေခြင်းဖြစ်ကြောင်း ကျွန်ုပ်သိရသည်။ ဆရာဝန်က နံရံ၌ ချိတ်ထားသော ကြိုးလှေကားကို ဖြုတ်မည်ပြုစဉ် အိမ်ရှင်မကား ကျွန်ုပ်အတွက် ကျက်စီကျက်စီဖြစ်နေ၏။ အိမ်ရှင်မကား ကျွန်ုပ်အတွက် တားဆီးနေခြင်း ဖြစ်ပေမည်။ သစ္စာရှိပေစွတကား။ သို့သော် ယောကျ်ားနှင့်မိန်းမဖြစ်၍ ဗွတ်တက်လျှင် တက်နိုင်မည်ဖြစ်သောကြောင့် ကျွန်ုပ်အဖို့ အသည်းထိတ်စရာဖြစ်နေလေပြီ။ လင်ယောကျ်ားကား ဘယ်သို့ရောက်နေသည်မပြောတတ်ချေ။

ကျွန်ုပ်သည် ကြမ်းပေါ်မှချောင်းကြည့်နေစဉ် မိန်းမသည် ဆရာဝန်၏လက်ကို အတင်းဆွဲထားသည်နှင့် ဆရာဝန်သည်လည်း အားနာပါးနာဖြင့် ဗွတ်မရုန်းကန်လိုပဲ ဖြစ်နေ၏။ သို့ရာတွင် ခြေထောက်၌ ခလုတ်တိုက်မိသော ဒဏ်ရာကို ဆေးထည့်ပြီးသည့် စစ်သားတစ်ယောက်သည် မိန်းမ၏လက်ကို အတင်းထ၍ ဆွဲထားလိုက်သည်နှင့် ဆရာဝန်သည် အလွယ်တကူပင် လွတ်လာ၍ နံရံ၌ ချိတ်ထားသော ကြိုးလှေကားကို ဖြုတ်ချကာ အထပ်ခိုးပေါ်သို့ တက်လာတော့သည်။ ခက်ချေစွတကား။ ထပ်ခိုးမှာ ကျယ်ဝန်းလှသည်မဟုတ်သောကြောင့် လူတစ်ယောက်လုံခြုံအောင် ပုန်းအောင်းရန် နေရာမရှိချေ။ ကောက်ရိုးပုံရှိ၍ ပုန်းအောင်းနိုင်သော်လည်း ကောက်ရိုးယူသောအခါတွင် ဧကန်မုချ မြင်ချေတော့မည်။ ဟယ်...တတ်နိုင်ပါဘူး၊ 'ကြောက်လွှဲ၊ ရဲ မင်းဖြစ်' ဆိုသော စကားအတိုင်း ရဲရဲဝံ့ဝံ့ လုပ်နိုင်မှ တော်ချေမကိုးဟု ဆုံးဖြတ်ကာ တစ်ချက်ရှိန်း နည်းလမ်းကို သုံးရတော့သည်။ ဂျာမန်ဆရာဝန်သည် (လူငယ်မျှသာဖြစ်သည်) ကြိုးလှေကားမှ တက်လာစဉ် ကျွန်ုပ်သည် ကောက်ရိုးပုံ၌ ဝပ်နေ၍ အနီးသို့ ရောက်လာသည်တွင်မှ ဓားကိုင်လျက် ဘွားခနဲခုန်ထလိုက်ရကား သူ့ခမျာမှာ ကြက်သေသေလျက် ငေးကြည့်နေရှာတော့သည်။ ထိုသူ၌ လက်နက်ဆို၍ ဆေးထိုးအပ်မှတစ်ပါး တစ်စုံတစ်ရာမျှ မပါချေ။ ထိုနောက်မှ ကျွန်ုပ်၏ယူနီဖောင်းကို မြင်၍–

'ဗြိတိသျှစစ်တပ်ကလား' ဟု အင်္ဂလိပ်လို မေးသည်။

'ဟုတ်တယ်၊ တိုးတိုးပြောပါ၊ ကျယ်ကျယ်ပြော ဟောဒါကြည့်၊ သတ်လိုက်မယ်'

'ကျွန်ုပ် လက်နက်ကိုင် စစ်သားတစ်ယောက်မဟုတ်ပါဘူး။ ဆရာဝန်ပါ'

'ကျွန်ုပ်ကို ရန်မမူလျှင် ဘယ့်နှယ်မှမလုပ်ပါဘူး၊ စိတ်ချပါ'

'ခင်ဗျား သူလျှိုလား'

'သူလျှိုဖြစ်ရင် ယူနီဖောင်းဝတ်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



'နို့ ဘာလုပ်နေတာလဲ'

'ဘာပဲလုပ်လုပ် ကျွန်ုပ်ကို အန္တရာယ်မပြုရင် ဘယ့်နှယ်မှမလုပ်ပါဘူး'

'ဘာလုပ်စေချင်သလဲ'

'ကျွန်ုပ်ဒီမှာရှိကြောင်းကို ဘယ်သူ့မှ မပြောပါဘူးလို့ သစ္စာပြုပါ'

ဆရာဝန်ကလေးသည် အတန်ငယ်စဉ်းစားနေပြီးနောက်–

'ကောင်းပါပြီ၊ သစ္စာပြုပါတယ်'

'ကိုင်း ဒါဖြင့် ခင်ဗျားလိုချင်တဲ့ ကောက်ရိုးယူသွားပေတော့'

ဆရာဝန်သည် ကောက်ရိုးတစ်ပွေ့ကိုဆွဲယူ၍ ကျွန်ုပ်ကိုလှည့်မကြည့်ဘဲ လှေကားမှဆင်းသွားသည်ကို မြင်ရသဖြင့် သစ္စာတည်သောလူတစ်ယောက် ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်အကဲဖြတ်လိုက်သည်။ ဤအတိုင်းလည်း မှန်ပါပေသည်။ အောက်သို့ရောက်သောအခါ အိမ်ရှင်မသည် ဆရာဝန်၏မျက်နှာကို လှမ်းကြည့်သေး၏။ သို့ရာတွင် ဆရာဝန်မှုကား လုံးဝဂရုမစိုက်နိုင်ဘဲ လူနာ၏ ဦးခေါင်းအောက်တွင် ကောက်ရိုးခင်းပေးခြင်းမှစ၍ မိမိ၏ အလုပ်ဝတ္တရားကိုသာ ဆောင်ရွက်နေသဖြင့် စိတ်ချရမည့် လူတစ်ယောက်ပေတည်းဟု ကျွန်ုပ် ဆုံးဖြတ်လိုက်သည်။

ဤအတောအတွင်း ကျွန်ုပ်သည် သက်ငယ်အကြားမှ အပြင်သို့ မကြာခဏချောင်းကြည့်ရာ ပထမဦး စစ်သားများ နည်းပါးသွားခြင်းကြောင့် ကုန်တော့မည်ထင်မိရာ တစ်ဖန်များသည်ထက် မြောက်မြားစွာ ချီလာကြပြန်သည်ကို မြင်ရသဖြင့် 'အာမီကိုး'တပ်က တပ်မက တစ်တပ်ပြီးတစ်တပ် ချီတက်လာကြခြင်းဖြစ်ကြောင်း သိရသည်။ သို့ဆိုလျှင် လက်ဖတင်နှင်ဂျင်နရယ်ဆာဝီလျံ ဝိုက်ဟတ်၏ စစ်တပ်မှာ လူဦးရေသုံးလေးဆမက မြောက်မြားသော စစ်တပ်ကြီးဖြင့် ဖိညှပ်တိုက်ခိုက်ခြင်းခံရ၍ ပြုတ်ပြုတ်ပြုန်းမျှ ရှုံးနိမ့်ရချေတော့မည်တကားဟု စဉ်းစားမိ၍ ရင်လေးမိပါသည်။ သို့သော် စစ်တပ်ကြီးပြုတ်ပြုတ်ပြုန်းရခြင်းကား နောက်၊ လက်ငင်းချက်ချင်း ကျွန်ုပ်အဖို့ မည်သို့ပြုရချေမည်နည်း။

ရောက်သွားသော ဂျာမန်စစ်သားများသည် ဆာဝီလျံ၏ စစ်တပ်နှင့် မျက်နှာချင်းဆိုင်မိကြပြီဖြစ်၍ ပစ်ကြခတ်ကြသော အမြောက်သံများနှင့် ညာသံပေးကြသော ကြွေးကြော်သံများသည် ကျွန်ုပ်လာခဲ့သောအရပ်ဆီမှ ကျက်ကျက်ညံလျက်ရှိလေပြီ။ ဤတွင် အောက်မှလူပ်လှုပ်ရှရှ အသံများကြားသည်နှင့် အောက်သို့ ငုံ့ကြည့်လိုက်ရာ ဂျာမန်စစ်ဗိုလ်ကြီးနှစ်ယောက်သည် အိမ်ထဲတွင် စတည်းချနေကြသည့် လက္ခဏာနှင့် မြေပုံကြီးတစ်လိပ်ကို ရှေ့၌ဖြန့်ကာ စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်ကို မြင်ရသည်။ ၎င်းတို့ပြောသောစကားများကို



ကျွန်ုပ် နားမလည်သော်လည်း ဝိုက်ဟတ်ဆိုသောနာမည်။ ရော်မဲလ်ဆိုသောနာမည်များကို မကြာခဏပြောသံကြားရ၏။ ဝိုက်ဟတ်ဆိုသည်မှာ ကျွန်ုပ်တို့၏ စစ်ဗိုလ်ချုပ်ဖြစ်၍ ရော်မဲလ်ဟူသော အမည်မှာ ဂျာမန်စစ်ဗိုလ်ချုပ်၏ နာမည်ဖြစ်ကြောင်း ကျွန်ုပ်ကြားရဖူးသည်။ နာလန္ဒာမူကား ယခုတိုက်ခိုက်လျက်ရှိသော စစ်ပွဲ၏အမည်ဟူ၍ ကျွန်ုပ် ခန့်မှန်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နာလန္ဒာရွာနှင့် နီးကပ်စွာ တည်ရှိပေသောကြောင့်တည်း။

ကျွန်ုပ်သည် ကြမ်းပေါက်မှ ချောင်း၍ ဂျာမန်စစ်ဗိုလ်ကြီးနှစ်ယောက်တို့ တိုင်ပင်ကြခြင်းကို ကြည့်လျက်ရှိစဉ် အိမ်ရှေ့မှမြင်းတစ်စီးဆိုက်ရောက်သံ ကြားရ၍ စစ်ဗိုလ်ကလေးတစ်ယောက်ဝင်လာသည်ကို မြင်ရသည်။ ထိုသူ၏ ယူနီဖောင်းကိုကြည့်ခြင်းအားဖြင့် တူရကီလက်ဖတင်နင်စစ်ဗိုလ်ကလေးဖြစ်ကြောင်း သိရ၏။ စစ်ဗိုလ်ကလေးသည် အကြီးအကဲဖြစ်သော ဂျာမန်စစ်ဗိုလ်အား စာတစ်စောင်ပေး၍ ဂျာမန်စစ်ဗိုလ်ကြီးက ဖတ်ပြီးသောအခါ မေးခွန်းများ ထုတ်လျက်ရှိသည်။ တူရကီဗိုလ်ကလေးနှင့် ဂျာမန်စစ်ဗိုလ်ကြီးတို့သည် အင်္ဂလိပ်လိုပင် စကားပြောကြသည်ဖြစ်၍ ၎င်းတို့ပြောစကားများကို ကျွန်ုပ် အားလုံး နားလည်ပါသည်။ အဓိပ္ပာယ် အကျဉ်းချုပ်မှာကား တူရကီစစ်တပ်ကြီးသည် ဗြိတိသျှစစ်တပ်ကြီးကို နာလန်မထူနိုင်အောင် ချေမှုန်းပြီးဖြစ်ကြောင်း၊ အရေးကြီးသော ကိစ္စတစ်ခုမှာ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးဖြစ်သော လက်ဖတင်နင် ဂျင်နရယ်ဆာဝီလျံဝိုက်ဟတ်ကို လက်ရဖမ်းဆီးရန်ဖြစ်ကြောင်း၊ နာလန္ဒာစစ်ပွဲတွင် ဗြိတိသျှတို့ ရှုံးပြီးနောက် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးထွက်ပြေးခဲ့လျှင် ဘတ်စရာမြို့သို့ ပြေးမည်ဖြစ်၍ ဂျာမန်စစ်တပ်က ဆီးကြိုဖမ်းဆီးလျှင် လွယ်ကူမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီးကို ဖမ်းဆီးရန်အတွက် အစီအစဉ်များ ကြိုတင်စီမံထားပါက တူရကီစစ်ဗိုလ်ချုပ်က ဂျာမန်စစ် ဗိုလ်ချုပ်သို့ မှာထားလိုက်ပါကြောင်း စသည်ဖြင့် ပြောကြဆိုကြသည်ကို ကျွန်ုပ် ကြားလိုက်ရပေသည်။

ခက်ချေပြီ။ ကျွန်ုပ်မှာ ရန်သူများအလယ်သို့ ရောက်နေရုံသာမက ကျွန်ုပ်တို့ ဗြိတိသျှစစ်တပ်ကြီး ရှုံးလုဆဲဆဲရှိနေ၍ စစ်ဗိုလ်ချုပ်ကြီးကို လက်ရဖမ်းဆီးဖို့ စီမံလျက်ရှိကြလေပြီ။ ဤတွင် စစ်တပ်ကြီးရှုံးရခြင်းအတွက် ကျွန်ုပ် တစ်စုံတစ်ရာ မတတ်နိုင်ခဲ့လျှင် စစ်ဗိုလ်ချုပ်ကို ဖမ်းဆီးကြမည့်ကိစ္စ၌ ကျွန်ုပ် ဘယ်ကဲ့သို့ ကာကွယ်နိုင်ပါမည်နည်း။ ပြေးခြင်းပြေးရလျှင် ဘတ်စရာမြို့ဘက်သို့ မပြေးဘဲ အခြားဘက်သို့ ပြေးစေရန် ကျွန်ုပ်က ဘယ်ကဲ့သို့ ကြိုတင်သတိပေးနိုင်ပါမည်နည်း။ ဂျမဒါဗိုလ်စုတ်ကလေးတစ်ယောက်က စစ်ဗိုလ်ချုပ်ကြီးတစ်ယောက် လွတ်မြောက်မှု၌ တစ်နေရာရာမှ တစ်နည်းတစ်ဖုံ ကူညီနိုင်သည်ဆိုလျှင် ကျွန်ုပ်အတွက် ရာထူး

www.burmeseclassic.com

www.burmeseclassic.com



တက်ခြင်းထက် မြန်မာလူမျိုး၏ ရာဇဝင် တောက်ပြောင်စေတော့ဟူ၍လည်း စိတ်ကူးမိပါသည်။

ထို့နောက် ဂျာမန်စစ်ဗိုလ်ချုပ်နှင့် တူရကီစစ်ဗိုလ်ကလေးတို့ ဆက်လက် စီမံကြသည်မှာ တူရကီစစ်ဗိုလ်ကလေးသည် 'နယ်ကျွမ်း'သူဖြစ်၍ ဗြိတိသျှစစ်ဗိုလ်ချုပ်ကို ဖမ်းဆီးသောကိစ္စတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ ဤကိစ္စအတွက် ဂျာမန်စစ်ဗိုလ်တစ်ယောက်နှင့် မြင်းတပ်စစ်သား ၁၀ ယောက် ရွေးချယ်ပြီးလျှင် တူရကီစစ်ဗိုလ်ကလေးနှင့် ဂျာမန်စစ်ဗိုလ်တို့ တိုင်တိုင်ပင်ပင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် စစ်ဗိုလ်ချုပ်က အမိန့်ပေးလိုက်လေသည်။

ထို့နောက် ဂျာမန်စစ်ဗိုလ်ချုပ်သည် အော်ဒလီတစ်ယောက်ကို ခေါ်၍ အမိန့်ပေးလိုက်ရာ မကြာမီဂျာမန်ကပ္ပတိန်စစ်ဗိုလ်တစ်ယောက်ကိုခေါ်လာခဲ့သည်။ ဗိုလ်ချုပ်က ဂျာမန်စစ်ဗိုလ်အား တူရကီစစ်ဗိုလ်ကလေးနှင့် မိတ်ဆက်ပေး၍ ကိစ္စကိုပြောပြရာ နောက်ဆုံးတွင် စစ်ဗိုလ်နှစ်ယောက်သည် ဗိုလ်ချုပ်အား ဆလုပေး၍ အိမ်ပြင်သို့ ထွက်သွားကြလေသည်။

ကျွန်ုပ်သည် အိမ်မိုးသက်ငယ်အကြားမှ အပြင်သို့ လှမ်းကြည့်လိုက်သော အခါ တူရကီစစ်ဗိုလ်ကလေးသည် ရှေ့လက်ဖြူသော မြင်းညိုကြီးကိုလည်းကောင်း၊ ဂျာမန်စစ်ဗိုလ်သည် ဖောင်းဝတ်စိမ်းရောင်မြင်းကြီးကိုလည်းကောင်း အသီးသီးစီး၍ ထွက်သွားကြသည်ကို မြင်လိုက်ရသည်။ ထိုအချိန်မှာ ညနေ ၃ နာရီခွဲရှိလေပြီ။

ဂျာမန်စစ်ဗိုလ်ကြီးနှစ်ယောက်တို့သည် မြေပုံကို ၅ မိနစ်ခန့် ဆက်လက်ကြည့်ကြပြီးနောက် တစ်ယောက်ကမြေပုံကိုခေါက်ပြီး အိတ်ထဲသို့ ထိုးသွင်း၍ နှစ်ယောက်လုံး ထွက်သွားကြရာ မီးဖိုထဲမှ ဆရာဝန်နှင့် လူနာ ၃ ယောက်တို့မှတစ်ပါး အိမ်ထဲတွင် လူမရှိတော့ချေ။ ထိုအခါတွင် ဗြိတိသျှစစ်ဗိုလ်ချုပ်အား လက်ရဖမ်းဆီးကြမည့်အကြံအစည်ကို တစ်နည်းနည်းနှင့် ပျက်အောင်ဖျက်ပြီး နာမည်ကြီးအောင် လုပ်လိုသောစိတ်ဆန္ဒသည် ကျွန်ုပ်ရင်ထဲတွင်ပြင်းထန်လျက် ရှိလေပြီ။

မီးဖိုချောင်သို့ လှမ်းကြည့်လိုက်သောအခါ လူနာတစ်ယောက်သည် ကောက်ရိုးကိုခေါင်းအုံး၍ အိပ်ပျော်လျက်သော်လည်းကောင်း၊ ဒုတိယလူနာမှာ စစ်ဗိုလ်ဖြစ်၍ လောင်းကွတ်ကြီးကိုချွတ်ကာ ဆေးတံသောက်လျက်လည်းကောင်း၊ တတိယလူနာမှာ ဆရာဝန်၏ ပြင်ဆင်ကျပ်စည်းပေးခြင်းကို ငြိမ်သက်စွာ ခံနေလျက်လည်းကောင်း ရှိနေကြသည်။ ဤတွင် ကျွန်ုပ်၏ ဦးခေါင်းထဲ၌ အကြံတစ်ခု ဖျတ်ခနဲပေါ်လာ၏။ ဂျမဒါကိုကိုကြီးတည်းဟူသော ကျွန်ုပ်အဖို့မှာ မည်မျှလောက်



ဘေးအန္တရာယ်ထူထပ်သော အကြံဖြစ်စေကာမူ ဦးခေါင်းထဲ၌ ပေါ်လာခြင်းနှင့် ၎င်းအတိုင်း ဆောင်ရွက်ခြင်းတို့သည် မရှေးမနှောင်း ရှိရသည်ချည်း ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဓားကိုကိုင်လျက် ကြိုးလှေကားမှ ဆင်းပြီးလျှင် မီးဖိုချောင်သို့ ဖျတ်ခနဲ ဝင်သွား၏။

နိုးနေသော လူနာနှစ်ယောက်သည် ကျွန်ုပ်၏ ယူနီဖောင်းကို မြင်သည်နှင့်တစ်ပြိုင်နက် မျက်လုံးပြူးမျက်ဆံပြူးလျက် ရှိကြရာ ဆရာဝန်တစ်ယောက်တည်းသာလျှင် မတုန်မလှုပ် ကြည့်နေ၏။

ကျွန်ုပ်။ ။'ငြိမ်ငြိမ်နေ၊ လှုပ်ရင် ခုတ်ပိုင်းဖြတ်လိုက်မယ်။ မလှုပ်ရင် ဘယ့်နယ်မှ မလုပ်ဘူး'

ပြောပြောဆိုဆိုနှင့် စစ်ဗိုလ်ချွတ်ထားသော လောင်းကွတ်အကျႌကြီးကို ဆွဲယူလိုက်သည်။

ထို့နောက် ကျွန်ုပ်သည် ယူနီဖောင်းတစ်ခုလုံးကို လုံခြုံအောင် ဖုံးအုပ်စေသည့် လောင်းကွတ်အကျႌကြီးကို ထပ်ဝတ်လိုက်ရာ ပိုင်ရှင်စစ်ဗိုလ်က အိတ်ထဲမှ ပစ္စည်းများကို တောင်းနေသည်နှင့် ငွေစီးကရက်ဘူးတစ်ခု၊ အရက်ဘူးတစ်ခုနှင့် လေးထောင့်သေတ္တာကလေးတစ်လုံးကို သူ၏အကျႌအိတ်ထဲမှ နှိုက်ထုတ်ပေးလိုက်သည်။

စစ်ဗိုလ်သည် ကျေးဇူးတင်သော အမူအရာနှင့် ပစ္စည်းများကို လှမ်းယူ၍ လေးထောင့်သေတ္တာကိုဖွင့်ကြည့်စဉ် ကျွန်ုပ်လန့်သွား၏။ သို့သော် နောက်ကျခဲ့လေပြီ။

စစ်ဗိုလ်သည် သေတ္တာထဲမှ ပစ္စတိုသေနတ်ကလေးကို ထုတ်၍ ကျွန်ုပ်၏ ရင်ဝကို ချိန်ထားလေပြီ။

'ဓားကိုချလိုက်ပါ'

ကျွန်ုပ်လည်း ပေကပ်ကပ်လုပ်နေ၏။ စွန့်စွန့်စားစားလုပ်ခဲ့ရ၍ အောင်မြင်လုဆဲဆဲရှိသည်တွင်မှ သူ့လက်တွင်းသို့ရောက်ရမည်ဆိုလျှင် နစ်နာလွန်းအားကြီးလှသည်။

'ဓားကိုချလိုက်၊ မချဘူးလား၊ ပစ်လိုက်မယ်နော်'

စစ်ဗိုလ်သည် အံကြိတ်လျက် ခလုတ်ကိုဖြုတ်တော့မည်ဟန်ပြင်နေသဖြင့် ကျွန်ုပ်က မှောက်လှဲလိုက်ရလျှင် တော်မည်လောဟု စိတ်ကူးဆဲ၌ပင် စစ်ဗိုလ်တစ်ကိုယ်လုံးမှာ ကောက်ရိုးများအောက်၌ မြုပ်သွား၍ ခြေကားယားလက်ကားယားဖြင့် ရုန်းကန်ဖယ်ရှားနေသည်ကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမူကား အိမ်ရှင်မသည် ကောက်ရိုးတစ်ပွေ့ကို အထပ်ခိုးပေါ်မှ စစ်ဗိုလ်၏ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးပစ်ချလိုက်သောကြောင့်ပေတည်း။

ပြောချင်ရာပြောကြစေ၊ စစ်သားချင်းတူသော်လည်း ပါးသိုင်းမွေး စိမ်းစိမ်းနှင့် သနားကမားရှိသောစစ်သားသည် အကျဉ်းအကျပ်တွင် ဣတ္ထိယ မိန်းမသားများ၏ သနားကြင်နာခြင်းခံရ၍ ကူညီစောင်မခြင်း ခံရတတ်သည်ကား အမှန်ဖြစ်တော့သည်။

ကျွန်ုပ်သည် အခွင့်အခါကောင်းပေါ်သည့်အချိန်၌ ဘယ်သို့ဘယ်ညာ ဘယ့်နှယ်ပါလိမ့်ဟု တွေးတောနေတတ်သူ မဟုတ်။ ခြေကားယားလက်ကားယား ဖြစ်နေသော ဂျာမန်စစ်ဗိုလ်ဦးခေါင်းထက်သို့ ကောက်ရိုးများတစ်ပွေ့ပြီးတစ်ပွေ့ ကျလာစဉ်အတွင်း အိမ်နောက်ဖေးသို့ပြေး၍ ချုံထဲ၌ဝှက်ထားသော ကျွန်ုပ်၏မြင်းကို ဆွဲထုတ်ကာ လွှားတက်ပြီး တစ်ချက်လွှတ် စိုင်းပြေးရပါတော့သည်။

❖

ကျွန်ုပ်သည် ကွက်လပ်ကြီးအလယ်၌ရှိသော လျှိုကြီးကိုဖြတ်ကျော်၍ ဒုတိယတောအုပ်ထဲသို့ ဝင်သွားသောအခါ နာလန္ဒာစစ်ပွဲဘက်သို့ ချီတက်လျက်ရှိသော ဂျာမန်စစ်သားများရှိသော်လည်း အကြွင်းအကျန်မျှသာဖြစ်၍ တောင်တစ်ယောက် မြောက်တစ်ယောက် ကျိုးတိုးကျဲတဲမျှသာ ရှိတော့သည်နှင့် ကွင်းရှောင်ကာ မြင်းစိုင်းသွားနိုင်လေသည်။

ဂျာမန်စစ်သားများသည် နေဝင်လုဆဲဆဲရှိသော ဤအချိန်တွင် ကျွန်ုပ်ကို ခပ်လှမ်းလှမ်းမှ ရိပ်ခနဲမြင်လိုက်ကြရသော်လည်း ဂျာမန်စစ်ဗိုလ်များဝတ်သော လောင်းကွတ်အင်္ကျီကြီးသည် ကျွန်ုပ် ယူနီဖောင်းကို လုံခြုံစွာ ဖုံးအုပ်ထားသည်ဖြစ်၍ ဂျာမန်စစ်ဗိုလ်တစ်ယောက်ဟူ၍ပင် မှတ်ထင်ကြဟန်တူ၏။

မည်သို့ပင်ဖြစ်စေ ဂျာမန်စစ်တပ်ကြီးထဲသို့ ဗြိတိသျှစစ်သားတစ်ယောက် ရောက်နေရန်မှာ မဖြစ်နိုင်သောအလုပ်ဖြစ်၍ တစ်ယောက်တလေ ဇဝေဇဝါ ဖြစ်ဟန်တူသော်လည်း မဟုတ်တန်ရာဟု အမှတ်မဲ့နေလိုက်ကြဟန် တူလေသည်။

သို့သော် တစ်နေရာ၌ ကျွန်ုပ်သည် ဂျာမန်တပ်စိတ်ကလေးနှင့် အပြွတ်လိုက်ရင်ဆိုင်တိုးမိ၍ မရှောင်ကွင်းနိုင်ဘဲရှိနေရာ ကျွန်ုပ်၏ပါးစပ်မှ 'ဂျင်နရယ်ရော်မဲလ်၊ ဂျင်နရယ်ရော်မဲလ်'ဟု မပြတ်အောင် တရစပ်ရွတ်ဆိုရင်း မြင်းစိုင်းပြေးသည်နှင့် အချို့သော စစ်သားများက ဂျာမန်စစ်ဗိုလ်ကြီး ဂျင်နရယ်ရော်မဲလ် ရှိသောနောက်ပိုင်းဆီသို့ ညွှန်ကြားလိုက်ကြလေသည်။



ဂျင်နရယ်ရော်မဲလ်ဟူသော အမည်မှာ ဂျာမန်စစ်ဗိုလ်ကြီးများပြောသံကို အထပ်ခိုးပေါ်မှ ကြားခဲ့ခြင်းဖြစ်၏။ ဤသည်ကား စစ်သားများအဖို့ အလွန် အသုံးဝင်သည့် ကျွန်ုပ်၏ တန်ဆာပွတ္တိဉာဏ်စွမ်းပေတည်း။

ဂျာမန်စစ်တပ်ကို ကျော်ဖြတ်ပြီးသည့်နောက် ကျွန်ုပ်သည် စစ်ဗိုလ်ချုပ် ဆာဝီလျံဝိုက်ဟတ်အား ရန်သူများက လက်ရဖမ်းဆီးရန် စီမံထားသောအကြံကို ပျက်အောင်ဖျက်ဖို့အတွက် လုံ့လပြုရပါတော့သည်။

ထိုအချိန်၌ ဗြိတိသျှစစ်တပ်ကြီး ရှုံးလောက်ပြီဖြစ်ရာ ကျွန်ုပ်သည် လက်ယာဘက်သို့ကွင်း၍ ဘတ်စရာဘက်သို့သွားသော လမ်းဆီသို့ရောက်အောင် တရမန်းကြမ်းစိုင်းလာ၏။ ကျွန်ုပ်၏အကြံကား ဘတ်စရာမြို့ဘက်သို့ ထွက်ပြေးမည့် ဗြိတိသျှစစ်ဗိုလ်ချုပ် ဆာဝီလျံဝိုက်ဟတ်အား ထိုလမ်းအတိုင်း မပြေးဘဲ ဆန့်ကျင်ဘက်မျက်နှာသို့ ထွက်ပြေးပါရန် သတိပေးဖို့ ဖြစ်လေသည်။

အကယ်၍ ထိုလမ်းအတိုင်း ပြေးခဲ့သော် အထပ်ခိုးပေါ်မှ ကျွန်ုပ်ကြားခဲ့ရသည့်အတိုင်း ရန်သူများစီစဉ်ထားသည့် ထောင်ချောက်ထဲသို့ တိုးဝင်ရာတော့မည်ဖြစ်ပေသောကြောင့်တည်း။

လက်ယာဘက်သို့ကွင်း၍ ခရီးပြင်းနှင်လာခဲ့စဉ် ဗြိတိသျှစစ်တပ်ကြီး ရှုံးသည်ဆိုခြင်းမှာ သေချာလေပြီ။ ရှေ့ကပြေးသူကပြေး၍ နောက်ကလိုက်သူများက လိုက်ကြသဖြင့် တသောသောတဝေါဝေါ မြည်သောအသံများသည် တစ်တောလုံးဟိန်းလျက် ရှိတော့သည်။

လူသတ္တဝါသည် ရဲစရာရှိလျှင် ရဲချင်တတ်၍ ကြောက်စရာရှိလျှင် မိုး မမြင်လေမမြင် ကြောက်ချင်တတ်၏။ တစ်ဘက်က အရေးသာသည်ဟု သိရ၍ ညိတ်ခနဲဖြစ်သွားသည်ဆိုလျှင်ပင် စစ်သားတိုင်းသည် နောက်ပြန်လှည့်ဖို့သာ ဆန္ဒပြင်းထန်၍ ဖြည်းဖြည်းသာသာလည်း မဆုတ်လို။ ဒလဟော နင်းကန်ပြေးလိုက်ချင်တတ်၏။ တစ်နေရာတွင် ဖဝါးနှင့်တင်ပါး တစ်သားတည်းနေအောင် ပြေးနေကြသော ကျွန်ုပ်တို့၏ စစ်သားတစ်စုနှင့်တွေ့၍ စစ်ဗိုလ်ချုပ်ရှိသော နေရာကို စုံစမ်းရာ သတ္တိနာလန်ထလာသော စစ်သားတစ်ယောက်က ကျွန်ုပ်၏ လောင်းကွတ်ကြီးကို မြင်သည်နှင့် ဂျာမန်စစ်သားထင်၍ ခုတ်ပိုင်းမည်ပြုသေး၏။ သို့သော် ကျွန်ုပ်၏ ယူနီဖောင်းကို လှစ်ပြ၍ ဗိုလ်ချုပ်ရှိလောက်သော နေရာသို့ စိုင်းလာခဲ့ရ၏။ သန်းခေါင်ကျော်အချိန်တွင်မှ ဗိုလ်ချုပ်နှင့်ကိုယ်ရံတော် စစ်ဗိုလ်ကလေး လေးငါးယောက်တို့ကို လမ်းပေါ်တွင် မီလာခဲ့ပါတော့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်သည် ကျွန်ုပ်ကိုမြင်သောအခါ ကျွန်ုပ်အား နိုင်းစေလိုက်သော ကိစ္စကိုသတိရ၍ မေးသေး၏။ ကျွန်ုပ်က မေကျာဂျင်နရယ်တောင်ဆင်၏ စစ်ကူတပ်ကြီးကို မတွေ့ရဘဲ ဂျာမန်စစ်တပ်ကြီးနှင့် ရင်ဆိုင်တိုးမိ၍ ခက်ခဲစွာ ကိုယ်လွတ်ရုန်းထွက်လာကြောင်း ပြောပြသည်တွင် ကိုယ်ရံတော် အရာရှိများက 'ဝဲလ်ဒန်း'(တော်ပါပေသည်)ဟု ချီးမွမ်းကြ၏။ ဗိုလ်ချုပ်မှုကား စစ်ရှုံးသည့်အတွက်ကြောင့် စိတ်ထိခိုက်သည့်လက္ခဏာနှင့် မည်သို့မျှ ပြန်မပြောချေ။

ထို့နောက် ကျွန်ုပ်က ဘတ်စရာသို့သွားသည့် ဤလမ်းအတိုင်း လိုက်ကြပါမူ ဗိုလ်ချုပ်ကို လက်ရဖမ်းဖို့ အစီအစဉ်လုပ်ထားကြောင်း သိခဲ့ရသည်ဟု ပြောပြသော်လည်း 'ထတ်တရီ'ဟု မထေမဲ့မြင် ပြန်ပြော၍ ဤလမ်းအတိုင်း ဆက်လက်နှင်လာကြသည်။

နံနက်လင်း၍ ကုန်းမြင့်တစ်ခုပေါ်သို့ ကျော်တက်လိုက်သည်နှင့်တစ်ပြိုင်နက် မြင်းစီးသမား ၁၀ ယောက်ခန့်တို့သည် ကျွန်ုပ်ဆီသို့ ရင်ဆိုင်ဝိုင်းလိုက်ကြသည်ကို မြင်ရ၏။ ကိုယ်ရံတော်များက ဘတ်စရာမြို့မှ ဗိုလ်ချုပ်ကြိုရန် စေလွှတ်လိုက်သော လူများဖြစ်လိမ့်မည်ဟု တွေးကြ၏။ ကျွန်ုပ်ကမူ ရှေ့ဆုံးမှ စိုင်းလာသည့် ရှေ့လက်နှစ်ဘက်ဖြူသော မြင်းညိုကြီးကိုမြင်ရ၍ တူရကီစစ်ဗိုလ်ကို သတိရပြီး ဗိုလ်ချုပ်ကိုဖမ်းဆီးရန်လာသော လူများဖြစ်လိမ့်မည်ဟု သတိပေးပါသေးသည်။

ဤတွင် ကိုယ်ရံတော်တစ်ယောက်က 'ဒီလူဘာဖြစ်နေတာလဲ။ ရန်သူတွေ နောက်မှာနေရစ်ပြီ၊ ရှေ့မှာ ဘတ်စရာမြို့ရှိတာ မသိဘူးလား' ဟု ကျွန်ုပ်အား ငေါက်သေး၏။

ဗိုလ်ချုပ်ကိုဖမ်းမည့်လူများသည် လက်မလွတ်နိုင်စေခြင်းငှာ လိုလိုမယ်မယ် ရှေ့မှပန်း၍ ဆီးကြိုနေကြခြင်းကို မသိရှာကြသဖြင့် ကျွန်ုပ်ကို ငေါက်ငန်းကြခြင်း ဖြစ်လေသည်။

ဤအချိန်သည် ကျွန်ုပ်နာမည်ကြီးစေဖို့ အခွင့်ကောင်းပေါ်လာသော အချိန်ဖြစ်သည်ဟု ကျွန်ုပ်စိတ်ထဲတွင် ဘွားခနဲပေါ်လာ၏။ သို့ဖြစ်၍ ကျွန်တော်သည် ဗိုလ်ချုပ်အနီးသို့ ချဉ်းကပ်၍ ဗိုလ်ချုပ်ဆောင်းထားသော လက်ဖတင်နင် ဂျင်နရယ်ဦးထုပ်နှင့် ယူနီဖောင်းကို တောင်းယူဝတ်ဆင်ရာ ပါးနပ်သောဗိုလ်ချုပ်သည် ကျွန်ုပ်၏ အကြံအစည်ကိုရိပ်မိ၍ အလွယ်တကူ ချွတ်ပေးသည်။

ကျွန်ုပ်တို့၏ဗိုလ်ချုပ် လက်ဖတင်နင်ဂျင်နရယ်ဆာဝီလျံဗိုက်ဟတ်မှာ စစ်ပွဲတစ်ခုတွင် လက်ယာပခုံး၌ ကျည်ဆံထိမှန်ဖူးသော ဒဏ်ရာကြောင့် မြင်းစီးသောအခါ၌ လက်ဝဲဘက်သို့ ခပ်ငိုက်ငိုက်စောင်းစောင်း ထိုင်တတ်ကြောင်းကို စစ်တပ်



တစ်တပ်လုံးသာမက ရန်သူများပင် သိ၏။ ထို့ကြောင့်လည်း (သူ့ကွယ်ရာတွင်) ပခုံးစောင်းဂျင်နရယ်ဟု စစ်သားများက နာမည်ပေးထားကြလေသည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်၏ ယူနီဖောင်းအင်္ကျီနှင့် ဦးထုပ် ယူဝတ်ပြီးနောက် ပခုံးကို ခပ်ငိုက်ငိုက်စောင်းလျက် လမ်းမကြီးမှ ဖဲ့ဆင်း၍ တောအုပ်ဆီသို့ မြင်းစိုင်းပြေးခဲ့သည်။

ရှေ့သို့မျှော်ကြည့်လိုက်သောအခါ လမ်းမကြီးပေါ်မှ တည့်တည့်ကြီး စိုင်းလာကြသော မြင်းစီးသမားအုပ်ကြီးသည် လမ်းနံဘေးသို့ ဖဲ့ဆင်း၍ညာသံပေးကာ ကျွန်ုပ်နောက်သို့ ဝိုင်းပြုလိုက်ကြသည်ကို မြင်ရသဖြင့် ကျွန်ုပ်၏အကြံအောင်ပြီဟု ဝမ်းမြောက်မိသည်။

ထိုအခါ၌မူ ကျွန်ုပ်သည် ဓားကိုမြှောက်၍ ဝမ်းမြောက်စွာကြွေးကြော်လိုသော ဆန္ဒဖြစ်ပေါ်လာသေး၏။ သို့သော် လက်ဖတင်နင်ဂျင်နရယ်စစ်ဗိုလ်ချုပ်ဟန်ဆောင်နေခိုက်တွင် ဂျမဒါဗိုလ်ကလေးတစ်ယောက် အမူအရာမျိုး မဖော်ပြသင့်ဟု သတိရသည်နှင့် ချုပ်တည်းထားလိုက်ရပါတော့သည်။

ဤအတောအတွင်း၌ ဗိုလ်ချုပ်နှင့် ကိုယ်ရံတော်များသည် ဘတ်စရာမြို့ဘက်သို့ မြင်းစိုင်းပြေးကြခြင်းကိုလည်း ကျွန်ုပ် ဝမ်းမြောက်စွာ မြင်လိုက်သည်။

ကျွန်ုပ်သည် လမ်းမကြီးနှင့် မြှောင်၍မပြေးဘဲ 'ထောင့်မှန်'ထောင်တက်၍ တောအုပ်ဘက်သို့ တည့်တည့်ကြီး တန်းပြေး၏။ အကယ်၍ ကျွန်ုပ်ကို ဖမ်းမိစေကာမူ ဗိုလ်ချုပ်တို့လူစုနှင့် တတ်နိုင်သမျှ ခရီးကွာလှမ်းစေရန် ဖြစ်လေသည်။

အတန်ငယ်ပြေးမိသောအခါ ကျွန်ုပ်နောက်မှ လိုက်လာသောသူများ၏ အခြေအနေကို သိလိုလှ၍ လှည့်ကြည့်ချင်လှပြီ။ သို့သော် တည့်တည့်လှည့်ကြည့်ပါက ကျွန်ုပ်မျက်နှာကိုမြင်ကြ၍ ဗိုလ်ချုပ်မဟုတ်ကြောင်း သိသွားမည် စိုးသည်နှင့် ပခုံးအောက်လက်မောင်းအကြားမှ ချောင်းကြည့်ရသည်။ ထိုအခါတွင် လက်နှစ်ဘက်ဖြူသော မြင်းညိုကြီးသည် ရှေ့ဆုံးမှတက်လာ၍ အခြားမြင်းများသည် နှစ်ကောင်တစ်တွဲ၊ သုံးကောင်တစ်တွဲဖြင့် အဆင့်ဆင့် ပြတ်ကျန်ကြလေပြီ။

ဤလူများသည်လည်း ကျွန်ုပ်ကိုမီလာကြပါမူ ၎င်းတို့၏ အမှားအတွက် ရှက်ရှက်နှင့်ဒေါပွပြီး ကျွန်ုပ်ကို မိရာနေရာတွင် ခုတ်သတ်ကြတော့မည် ဧကန္တပေတည်း။

ကျွန်ုပ်မြင်းကား ကာနယ်ဂရေဟမ်ပြောဖူးသည့်အတိုင်း တစ်တပ်လုံးတွင် အမြန်ဆုံးပြေးနိုင်သော မြင်းတစ်ကောင်ဖြစ်၏။ သို့သော် ခရီးပန်းနေလေပြီ။ သို့ရာတွင် ကျွန်ုပ်နောက်သို့လိုက်ဖမ်းကြသော မြင်းများသည်လည်း တစ်ညဉ့်ပတ်လုံး

www.burmeseclassic.com



ရှေ့မှပန်း၍ ဝိုင်းထားကြရသောကြောင့် အနည်းဆုံး ကျွန်ုပ်၏မြင်းတမျှ ခရီးပန်းထားကြခြင်းဖြစ်၍ ကျွန်ုပ်အဖို့ မျှော်လင့်ချက်ရှိပေသည်။

ဤသို့ဖြင့် တလှည့်ကြည့်ကြည့်နှင့် စိုင်းလာ၍ ချောင်းတစ်ခုသို့ ရောက်သောအခါ ရှေ့သုံးမိုင်ခန့်တွင် တံတားတစ်ခုကို မြင်ရ၏။ ကျွန်ုပ်၏ မြင်းကား ရေကူးသန်သော မြင်းဖြစ်၍ ချောင်းကို ကူးဖြတ်လျှင် နောက်မှလိုက်လာသော မြင်းအချို့ကို ဖြတ်ထားခဲ့နိုင်လိမ့်မည်ဟု မျှော်လင့်၏။

ကျွန်ုပ်အဖို့ကား အကြံရခြင်းနှင့် လုပ်ခြင်းသည် 'ဒိုးဒေါက်' ဖြစ်သည့်အတိုင်း မြင်းကို ချောင်းသို့ဆင်းစေ၏။ ချောင်းမှာ ကမ်းစပ်တွင် တိမ်သော်လည်း အလယ်တွင်နက်၍ ၅ ကိုက်ခန့်မျှ ရေကူးရ၏။

ကမ်းတစ်ဘက်သို့ ကျွန်ုပ်ရောက်သောအခါမှ မြင်းအုပ်ကြီးရောက်လာရာ အချို့မြင်းများသည် ရေနက်တွင် လှည့်ပြန်ကြ၍ လက်ဖြူကြီးနှင့် အခြားသော မြင်းနှစ်ကောင်သာလျှင် ကမ်းတစ်ဘက်သို့ ရောက်လာကြသည်။

ဤတွင် ရေကူးဖို့ငြင်းဆန်သော မြင်းများသည် တံတားဆီသို့ စိုင်းသွားကြရာ ကျွန်ုပ်သည် တံတားဘက်သို့ မပြေးဘဲ ဆန့်ကျင်ဘက်ပြေးခြင်းအားဖြင့် လူလေးငါးယောက်ကို ဖြတ်ထားနိုင်ခဲ့၏။ သို့သော် ရေကူးသန်သော မြင်းသုံးလေးစီးမှုကား ကျွန်ုပ်နောက်မှ ထပ်ချပ်မကွာ လိုက်လာကြသည်။

ဆက်လက်ပြေးပြန်သော် ကိုယ်လုံးခပ်သေးသေးရှိသော စစ်သားတစ်ယောက်သည် ထွားကျိုင်းသော မြင်းနက်ကြီးကို စီးလျက် ရှေ့သို့ တဖြည်းဖြည်းတက်လာပြီး ကျွန်ုပ်ကို မီလုမတတ်ဖြစ်၏။

သူ၏ကိုယ်အလေးချိန်ပေါ့သည့်အတွက်ကြောင့် အခြားလူများကို ဖြတ်ထားနိုင်ဟန်ရှိ၏။ ကျွန်ုပ်သည် သူ၏မြင်းကိုလွတ်အောင် မပြေးနိုင်တော့ဘဲ တဖြည်းဖြည်းနီးကပ်၍လာတော့၏။ လက်မောင်းအကြားမှ ချောင်းကြည့်လိုက်ရာတွင် သူ၏မျက်နှာကို ကောင်းစွာမြင်နိုင်ရုံသာမက သူ၏မြင်းကြီး အသက်ရှူသောအသံကိုပင် ကျွန်ုပ် ကြားနိုင်လေပြီ။

ကျွန်ုပ်တို့မြင်းစိုင်းနေကြသော နေရာမှာ ကျောက်စရစ်ကုန်းဖြစ်၍ ကျောက်ခဲများကို မြင်းခွာဖြင့် ခတ်သောအသံသည် တဂျုံးဂျုံးတဂွမ်းဂွမ်း ဆူညံလျက်ရှိ၏။ မြင်းကြီးသမားလည်း နီးကပ်လာသည်ထက် နီးကပ်လာရာ ကျွန်ုပ်သည် ကျောက်စွန်းတစ်ဘက်သို့ ကွေ့လိုက်သည်တွင် ထိုသူသည် ကျွန်ုပ်ကို မမြင်ဘဲ ကျောက်စွန်းကွယ်လျက်ရှိ၏။ ထိုနေရာတွင်မူ ကျွန်ုပ်သည် မြင်းကို ဖင်ထိုင်သွားသည်တိုင်အောင် ရုတ်တရက်ဇက်သတ်၍ နံဘေးသို့လှည့်ကာ စောင့်နေ၏။ မြင်း



ကြီးသမားလည်း အစဉ်လိုက်စိုင်းလာ၍ ကျောက်အစွန်းကို ကျော်ကာမှ ကျွန်ုပ်ကို ဘွားခနဲမြင်လေရကား အချိန်မီ ဇက်ကိုသတ်ရန် မဖြစ်နိုင်တော့ချေ။

ဤနေရာ၌ ထိုသူသည် ကျွန်ုပ်ကို တည့်တည့်ကြီးဝင်၍ဆောင့်ကာ မြင်းလုံးချင်း ရိုက်လိုက်ပါမူကား ကျွန်ုပ်သော်လည်းကောင်း၊ ကျွန်ုပ်၏မြင်းသော်လည်းကောင်း တစ်ခုခုဖြစ်၍ ကျွန်ုပ်ကို မီတော့မည်မလွဲချေ။

သို့ရာတွင် ထိုလူသည် မြင်းလုံးချင်း ဝင်ဆောင့်မည့်အစား ကျွန်ုပ်၏လက်ယာဘက်မှကပ်လျက် ရှောင်ကွင်းပြေးရာ ဓားကိုင်ပြီး အသင့်စောင့်နေသော ကျွန်ုပ်က ခြေနင်းကွင်းကို အားပြုလျက် သူ၏နံဘေးသို့ အားကုန် ထိုးနှစ်လိုက်လေသည်။

ထိုလူသည် အင့်ခနဲမြည်လျက် ဆက်လက်စိုင်းသွားသေး၏။ သို့ရာတွင် မြင်းဆယ်ခုန်မျှပင် မခုန်ရသေးမီ တစ်ဘက်သို့စောင်း၍ မြင်းပေါ်မှ ထိုးကျသွားတော့သည်။ ကျွန်ုပ် ရောက်သွားသောအခါ ပါးစပ်ကြီးဟလျက် အသက်ငင်နေသည်ကို မြင်ခဲ့ရလေသည်။

နောက်မှလိုက်လာသော လူများသည် ကျောက်စွန်းကွေ့ကိုကျော်လွန်၍ သူတို့၏ လူတစ်ယောက် သေကျန်ရစ်သည်ကိုမြင်ရသောအခါ ကြိမ်းမောင်းသံများဖြင့် ဆူညံလျက် ကျွန်ုပ်နောက်သို့ လိုက်လာကြပြန်သည်။

ဆက်လက်ပြေးပြန်သောအခါ လမ်းနှစ်ခွကိုတွေ့၍ ကျယ်ဝန်းသော လက်ယာလမ်းအတိုင်း လိုက်ပြေးသည်တွင် ဝင်းကြီးတစ်ဝင်းထဲ ပိတ်လှောင်မိနေသည်ကို တွေ့ရ၏။

လာခဲ့သောလမ်းမှတစ်ပါး ထွက်ရန်အပေါက်မရှိဘဲ လာလမ်းမှာလည်း ရန်သူများ လိုက်လာကြလေပြီ။ 'သေပေတော့ဟဲ့ ငကိုကြီး' ဟုအောက်မေ့မိသည်။

ဝင်းကြီးအတွင်း လှည့်ပတ်ပြေးလွှားနေစဉ် သိုး၊ ဆိတ်၊ ဝက်များ သိုလှောင်မွေးမြူသော ဝင်းကြီးဖြစ်သည်ဟု သိရ၏။ ရန်သူသုံးယောက်တို့လည်း ရောက်လာကြ၍ လက်နှစ်ဖက်ဖြူသော မြင်းကြီးလည်း ပါလာခဲ့သည်။

တစ်နေရာ၌ အုတ်နံရံသည် အခြားနေရာများထက် နိမ့်၍ နံရံအနီးတွင် ဝက်ခြံတစ်ခုရှိ၏။ ကျွန်ုပ်သည် ဤနေရာမှ နံရံကို ခုန်ကျော်ထွက်မည်အကြံနှင့် ရှေးဦးစွာ ဝက်ခြံထဲသို့ ခုန်ဝင်လိုက်ရာ ဝက်တစ်ကောင်ကို နင်းမိ၍ မြင်းကြီး ဒူးထောက်သွားပြီး ကျွန်ုပ်ကား အုတ်နံရံပေါ်သို့ အရှိန်နှင့် ပါသွားတော့၏။

ကျွန်ုပ်မြင်းနှင့် ကျွန်ုပ်သည် အုတ်နံရံတစ်ဖက်စီ၌ ရှိနေကြ၍ ကျွန်ုပ်လက်ထဲ၌ကား ဇက်ကြိုးရှိနေပါ၏။ ကျွန်ုပ်၏မြင်းကား အကြိမ်ကြိမ်ဖော်ပြခဲ့ဖူးသည့်အတိုင်း တစ်တပ်လုံးက ချီးမွမ်းရသည့် မြင်းလိမ္မာပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဘွိုင်တွန်မစ္စ၏မြင်းသည် ကျွန်ုပ်မြင်းထက် သာလိမ့်မည် မထင်ပေ။ မြင်းသည် သခင်၏ အခက်အခဲကို နားလည်ဟန်နှင့် အုတ်နံရံတစ်ဖက်မှ နားရွက်တစွင့်စွင့်နှင့် ကြည့်နေရာ ကျွန်ုပ်က ဖက်ကို အနည်းငယ်တုပ်ပေးပြီး လက်ဖျောက်တီးလိုက်သည်နှင့် အုတ်နံရံကို လွှားခနဲခုန်ထွက်လာပေတော့သည်။

ကျွန်ုပ်သည် မြင်းပေါ်သို့ ခုန်တက်ပြီးနောက် အကြံကြီးတစ်ခု ပေါ်လာ၏။ ရန်သူများသည် ဝက်ခြံအနီးသို့ရောက်လာကြပြီဖြစ်ရာ ကျွန်ုပ်နောက်သို့ လိုက်လိုခဲ့လျှင် ကျွန်ုပ်ခုန်ထွက်ခဲ့သော အုတ်နံရံတစ်နေရာတည်း၌သာ ခုန်ထွက်နိုင်မည်ဖြစ်၏။ ဤနေရာ၌ တစ်ကြိမ်တည်း နှစ်ယောက်ပြူး ခုန်ထွက်ရန်လည်း မဖြစ်နိုင်ချေ။

သို့ဖြစ်၍ ကျွန်ုပ်က အပြင်မှ စောင့်နေခဲ့လျှင် တစ်ယောက်ချင်း ခုန်ထွက်လာသော ရန်သူများကို တစ်ယောက်ပြီးတစ်ယောက် ခုတ်ပိုင်းချပါက ငှက်ပျောပင်ကို ခုတ်ပိုင်းရသကဲ့သို့ လွယ်ကူပေလိမ့်မည်။ ဤသို့သော အကြံဖြင့် ကျွန်ုပ်သည် ဓားကိုဓားအိမ်မှ ဆွဲထုတ်မည်ပြုရာ ဓားရိုးကိုမစမ်းမိဘဲ ဓားအိမ်တွင် ခပ်ချောင်ချောင်ဖြစ်နေသည်နှင့် ဝက်ပေါ်၌ ကျွန်ုပ်၏ မြင်း ဒူးထောက်၍ ဟပ်ထိုးဖြစ်သွားသောအချိန်တွင် ဓားအိမ်ကျွတ်ထွက်ကာ ကျကျန်ရစ်ခဲ့လေပြီ။

ထိုအချိန်တွင် ရန်သူများသည် ဝက်ခြံသို့ရောက်လာကြရာ ကျွန်ုပ်ခုန်ထွက်သည့်အတိုင်း ခုန်ထွက်ရန် ဟန်ပြင်လျက်ရှိကြပြီဖြစ်ရာ ကျွန်ုပ်သည် ဓားမရှိသည့်အတွက်ကြောင့် အခွင့်ကောင်းတစ်ခုကို စွန့်လွှတ်၍ ထွက်ပြေးခဲ့ရပါတော့သည်။

အတန်ငယ်စိုင်းလာ၍ လှည့်ကြည့်လိုက်သောအခါ ရန်သူ သုံးယောက် လိုက်လာကြသည်ကို လက်မောင်းအကြားမှ မြင်ရ၏။ ဆက်လက်၍ သုံးမိနစ်ခန့် ပြေးပြန်သည်တွင် ကျွန်ုပ်၏မြင်းသည် ကျောက်ခဲတစ်လုံးကိုနင်းမိ၍ ခြေထောက်နဲ့သွားပြီး မပြေးနိုင်ဘဲ ဖြစ်နေ၏။

'ငါကား ရန်သူတွေ မီလာ၍ အသတ်ခံရချေတော့မည်'ဟု စိတ်ထဲ၌ နွေးခနဲဖြစ်သွားလေပြီ။

မြင်းသည် ခြေတစ်ဘက်နာ၍ ထောက်နဲ့ထောက်နဲ့ ပြေးနေရသည့်အတွင်း ပြေးရသောလမ်းမှာလည်း ကုန်းအတက်ကြီးဖြစ်၍ သူ့ခမျာမှာ ခရုပမာ နေးကွေးလှသည်ဟု ကျွန်ုပ်ထင်မိလေပြီ။ လှည့်ကြည့်လိုက်သောအခါ ရန်သူများသည် ဆယ်ကိုက်ထက် ဝေးတော့သည်မဟုတ်ချေ။

နောက်ဆုံးသော ခွန်အားဖြင့် ကုန်းမြင့်ကိုတက်၍ ထိပ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် မြင်းစီးစစ်သား ၁၀ ယောက်တို့နှင့် ဘွားခနဲ ဝင်တိုးမိကြသည်။



၎င်းတို့ကား နာလန္ဒာစစ်ပွဲမှ ရှုံး၍ပြေးလာကြသော ကျွန်ုပ်တို့ ဗြိတိသျှစစ်တပ်မှ မြင်းစီးစစ်သားများတည်း။

ထိုသူတို့သည် ကျွန်ုပ်၏ ယူနီဖောင်းနှင့် ဦးထုပ်ကိုမြင်ကြ၍ အံ့အားသင့်လျက်ရှိစဉ် နောက်မှလိုက်လာသော ရန်သူသုံးယောက်ကိုလည်း ကုန်းထိပ်ကိုကျော်တက်ပြီးနောက် အရှိန်မသတ်နိုင်ဘဲ စစ်သားထုအလယ်သို့ ပက်ပင်းပင်တိုးဝင်မိကြလေသည်။


ဤတွင် စစ်ရှုံးနေသူ ဆယ်ယောက်နှင့် အကြံမအောင်၍ စိတ်ဆိုးနေသော ရန်သူသုံးယောက်တို့ အကြိတ်အနယ် ထိုးခုတ်တိုက်ခိုက်ကြတော့သည်။

ကျွန်ုပ်မှုကား လက်နက်မရှိ၍ ပွဲကြည့်မျှသာဖြစ်နေတော့သည်။ ပွဲကောင်းတစ်ခုဖြစ်သော်လည်း တိုတောင်းလှ၏။ ကမ္ဘာက မျှော်လင့်သည့် ဂျိုးလူစီနှင့် ဂျာမန်လူမျိုး ရှိလ်မင်တို့ ထိုးသတ်ရာတွင် တစ်ချီတည်းနှင့် ရှိလ်မင် နောက်ကောက်ကျသော လက်ဝှေ့ပွဲနှင့် နှိုင်းယှဉ်ရပေတော့မည်။

ဤပွဲတွင် ဗြိတိသျှစစ်သားတစ်ယောက်ကျ၍ ရန်သူစစ်သားသုံးယောက်လုံး ကျဆုံးရာ တစ်ယောက်မှာ လက်နှစ်ဖက်ဖြူသော မြင်းညိုကြီးကို စီးသည့် တူရကီစစ်ဗိုလ်ကလေးပင် ဖြစ်ပါသတည်း။ ။

ရွှေဥဒေါင်း

ဂျမဒါကိုကိုကြီး(အစ-အဆုံး ပေါင်းချုပ်) ပြီး၏။


www.burmeseclassic.com
BURMESE CLASSIC .com



## ဆရာကြီး ရွှေဥဒေါင်း
(၁၈၈၉ - ၁၉၇၃)

အမည်ရင်းမှာ ဦးဖေသိန်း ဖြစ်၍ ၁၈၈၉ အောက်တိုဘာ ၂၄ ရက် (ကြာသပတေးနေ့)တွင် မန္တလေးမြို့၊ ချိုင့်(ဝါးတန်း)ရပ်ကွက်၌ ဦးဇရာနှင့် ဒေါ်ရွှေတို့မှ ဖွားမြင်၏။ လေးနှစ်သားအရွယ်တွင် သီလရှင်ကျောင်း၊ ငါးနှစ်သားအရွယ်တွင် လူကျောင်း၊ ခုနစ်နှစ်သားအရွယ်တွင် မန္တလေး 'ဘိတ်'ကျောင်း၊ ထို့နောက် အေဘီအမ်ကျောင်းတို့တွင် ပညာသင်ကြား၊ ၁၉၀၈ တွင် ကာလကတ္တားယူနီဗာစီတီ အသိအမှတ်ပြုဝင်ခွင့်စာမေးပွဲကို အောင်မြင်ပြီးနောက် ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းတို့၌ ကျောင်းဆရာအလုပ်၊ ရွှေဘိုမြို့ အရေးပိုင်ရုံး၌ အကူစာရေးအလုပ် စသည်တို့လုပ်ခဲ့။

၁၉၁၀ တွင် လက်ထပ်ခဲ့သော မလှမှုနှင့် ၁၉၁၄ တွင် အိမ်ထောင်ကွဲကာ ဒုတိယအိမ်ထောင်ပြုခဲ့၊ ဒုတိယအိမ်ထောင်နှင့်လည်းကွဲပြီး ၁၉၂၀ တွင် မစိုး (ဒေါ်ကြီးစိုး) နှင့်တတိယအိမ်ထောင်ပြု၊ ကွယ်လွန်ချိန်ထိပေါင်းသင်းခဲ့။

၁၉၁၅ ခု၊ နိုဝင်ဘာလ ၈ ရက်တွင် 'ရန်ကြီးအောင်' ဝတ္ထုကို စတင်ရေးသားရာ စာရေးဆရာအဖြစ်သို့ ရောက်ခဲ့၊ ဆရာကြီးသည် မြန်မာပြည်ရှိ ထင်ရှားသောစာနယ်ဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ပညာပေးဆောင်းပါး၊ ဘာသာရေးနှင့်နိုင်ငံရေးဆောင်းပါးတို့ကို အဆက်မပြတ်ရေးသားခဲ့၊ အချစ်ဝတ္ထုများသာအရေးများသော ထိုခေတ်တွင် လျှို့ဝှက်ခန်း၊ စွန့်စားခန်းများကိုပါ ဝတ္ထုများတွင် ထည့်သွင်းရေးသားခဲ့။

သူရိယသတင်းစာတိုက် အယ်ဒီတာ (၁၉၁၇)၊ မြတောင် ကမ်းနီရှာ အင်္ဂလိပ်အလွတ်ပညာသင်ကျောင်းဆရာ (၁၉၂၂)၊ နယူးဘားမားသတင်းစာ စက္ကရီတေရီ (၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယန်စာပေအသင်း ဘာသာပြန်ဆရာ (၁၉၃၀)၊ သူရိယသတင်းစာတိုက် အယ်ဒီတာ (၁၉၃၆)၊ မန်ကျည်းတဲ့ရွာတွင် စစ်ခိုလျက်ကုန်သည် (၁၉၄၂-၄၄)၊ မန္တလေးလူထုသတင်းစာ အယ်ဒီတာချုပ် (၁၉၄၆)၊ စာရေးဆရာအသင်း အတွင်းရေးမှူး (၁၉၄၈) တို့ကို ဖြတ်သန်းခဲ့။ ၁၉၅၂ ၌ ပီကင်းမြို့တွင်ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးအစည်းအဝေးကြီးသို့ မြန်မာအဖွဲ့၏ဒုတိယခေါင်းဆောင်အဖြစ် သွားရောက်။

ဆရာကြီးသည် ၁၉၅၂ ခုနှစ်တွင် 'မျှော်တလင့်လင့်' ဝတ္ထုဖြင့် စာပေဗိမာန်ဘာသာပြန်ဆုကိုလည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် 'သွေးစုပ်မြေ' ဝတ္ထုဖြင့် စာပေဗိမာန် ဘာသာပြန်ဆုကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် 'ဘဝတစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ' စာအုပ် (၄ တွဲ)ဖြင့် စာပေဗိမာန် သုတပဒေသာဆုကိုလည်းကောင်း ရရှိခဲ့။

၁၉၅၆ တွင် ဖဆပလအစိုးရလက်ထက် ပြူစောထီးဆုဝေဖန်မှုဖြင့် ထောင်ကျ။ ၁၉၆၄ မှ ၁၉၆၈ ထိ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး အငြိမ်းစားယူ။

၁၉၇၃ ခု၊ ဩဂုတ်လ ၁၀ ရက်၊ သောကြာနေ့ ည ၇ နာရီအချိန်တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်

# ပထမတွဲ (ဂျူမဒါကိုကိုကြီးဝတ္ထုများ)



BURMESE CLASSIC .com

www.burmeseclassic.com